http://www.dhammadownload.com

http://www.dhammadownload.com

မဟာသမယသုတ်ဗျား



http://www.dhammadownload.com

ပခုက္ကူမြို့

မဟာဝိသုတာရာမ တိုက်အုပ်ဆရာတော်

အသျှင်နန္ဒိယထေရ်

ရေးသားစီရင်တော်မူအပ်သော

မဟာသမယသုတ်များ

ပါဠိတော်နိဿယနှင့် အဓိပ္ပါယ်ဖွင့်ကျမ်း

ပြုစေတီ

ဦးလှမောင် M.A., M.S., B.L.

B.A. (Hons), B.Ed.

ကြည့်တိုက်

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၀ ကောဇာ ၁၁၂၇ ခရစ် ၁၉၆၇



http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်—ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအမွှဲ
ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင်
M.A., M.S., B.L. (မှတ်ပုံတင်အမှတ်—၀၇၇၉/၀၅၂၂) က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



မဟာသမယသုတ် အဋ္ဌုပ္ပတ်နိဒါန်း

ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့၏ အကြားဌ ရောဟိဏီမြစ် ရှိသည်။ ထိုရောဟိဏီမြစ်ငယ်သည် ငါးကြင်း၏အမြီးကဲ့သို့နှစ်ဖြာကဲ့ထွက်၍စီးသွားသည်။ မြစ်လက်တက်တခုမှာ ကောလိယပြည်တွင်းသို့ စီးဝင်၍ ကျန်မြစ်လက်တက် တခုမှာမူ ကပိလဝတ်ပြည်တွင်းသို့ စီးဝင်လေသည်။ ထိုမြစ်လက်တက် အသီးသီးသို့ စီးဝင်သောရေကို အမှီပြု၍ ကောလိယမြို့သားလယ်သမားများနှင့် ကပိလဝတ်မြို့သား လယ်သမားတို့သည် စပါးပင်ကောက်ပင်တို့ကို စိုက်ပျိုးကြရသည်။

အချိန်ကား နယုန်လဖြစ်သည်၊ ရောဟိဏီမြစ်ဌလည်း ရေနည်းနေသည်။ ကောက်ပင်စပါးပင်တို့သည်လည်း ရေမရကြသဖြင့် ညှိုးနွမ်းကြသည်။ မြစ်လက်တက်နှစ်ခုတွင် တခုကိုပိတ်ထားပါက ကျန်မြစ်လက်တက်တခုဌ ရေများစွာစီးဝင်နိုင်၍ ထိုဘက်ဌရှိသော လယ်များအတွင်းရှိ ကောက်ပင် စပါးပင်တို့သည် ရှင်သန်နိုင်ပေမည်။ ထိုနည်းတူပင် အခြားမြစ်လက်တက်တခုကို ပိတ်ထားပါက ကျန်မြစ်လက်တက်ပတ်ဝန်းကျင်ဌ ရှိသော ကောက်ပင်စပါးပင်တို့သည် ရေလုံလောက်စွာရ၍ ရှင်သန်အောင်မြင်နိုင်ပေမည်။

ထိုသို့ ကောက်ပင်များ ညှိုးသောအချိန်တွင် နှစ်ပြည်ထောင်သား လယ်သမားတို့သည် မြစ်လက်တက်နှစ်ခု ဖြာထွက်သည့်မြစ်ဆုံနေရာသို့ လာရောက်စည်းဝေးကြသည်။ ထိုအစည်းအဝေးကြီးဌ ကောလိယမြို့သား လယ်သမားကြီးများနှင့် ကပိလဝတ်ပြည်သား လယ်သမားကြီးတို့သည် ချစ်ခင်ညီညွတ်မှုကို ပျက်ပြယ်စေသည့်စကားများကို အောက်ပါအတိုင်း ပြောဆိုကြသည်။

ကောလိယပြည်သားလယ်သမားတို့က စတင်၍ ဤသို့ပြောဆိုသည်၊ "ယခုအခါ ရောဟိဏီမြစ်ဌ ရေနည်းနေသည်၊ ဤရေကို နှစ်ဘက်စလုံးက အညီအမျှခွဝေ၍ ယူကြမည်ဆိုလျှင် မည်သူ့ အတွက်မျှ အကျိုးရှိမည် မဟုတ်၊ ကောလိယပြည်ဘက်ဌရှိသည့် ကောက်ပင်စပါးပင်တို့အတွက်လည်း ရေလုံလောက်အောင် ရမည်မဟုတ်၊ ကပိလဝတ်ပြည်ဘက်ဌရှိသော ကောက်ပင် စပါးပင်တို့အတွက်လည်း ရေလုံလောက်စွာ ရမည်မဟုတ်ခေါ့။ ကျွန်ုပ်တို့ ကောလိယနယ်ဘက်မှာရှိကြသည့် ကောက်ပင်တို့၏အခြေအနေမှာ တကြိမ်မျှလောက် ရေဝေသောက်လိုက်ရလျှင် ရှင်သန်အောင်မြင်လာနိုင်ပါသည်။ ထို့ကြောင့် ကပိလဝတ်

http://www.dhammadownload.com

ပြည်ဘက်မှ မြစ်လက်တက်ကိုပိတ်ပြီးလျှင် ကျွန်ုပ်တို့ ကောလိယပြည်ဘက်သို့သာ ရေလွှတ်စေချင်ပါသည်။ ဤရေကို ကျွန်ုပ်တို့အား ပေးပါ"ဟု ကောလိယပြည်သား လယ်သမားကြီးတို့က ပြောဆိုလေသည်။

ကောလိယပြည်သားတို့၏စကားကိုကြားသောအခါကပိလဝတ်ပြည်သားလယ်သမားကြီးတို့က ဤသို့ တုံ့ပြန်ပြောဆိုကြသည်၊ "အသင်ကောလိယပြည်သားတို့ ပြောဆိုသောစကားမှာ မိမိတို့အတွက်တခုသာ ကြည့်၍ပြောသည့် တဘက်သတ် စကားဖြစ်သည်၊ သင်တို့ ရေရဘို့အတွက် ကျွန်ုပ်တို့ဘက်က ရေကို ပိတ်ပေးလိုက်လျှင် သင်တို့၏စပါးပင်ကောက်ပင်များ ရှင်သန်အောင်မြင်ကြမည်၊ ကောက်ရိတ်သိမ်းပြီးခါနီ၌ သင်တို့၏ကျီကြများမှာ စပါးအပြည့်အနှက် ရှိနေပေမည်၊ ထို့အခါ ကျွန်ုပ်တို့ ကပိလဝတ် ပြည်သူပြည်သားများက ရှေ့တို့ ငွေစ အသပြာကြေးငွေတို့ကို ယူ၍ သင်တို့၏ အိမ်တံခါးဝသို့ လာပြီးလျှင် သူတောင်းစားများကဲ့သို့ တောင်း ပလုံး စသည်တို့ကို လက်ဝယ်စွဲကာ လှည့်လည်တောင်းခံဝယ်ခြမ်းရပေမည်။ ငါတို့သည် မျက်နှာငယ်ငယ်ဖြင့် အောက်ကျ နောက်ကျခံ၍ သင်တို့ထံသို့ မလာနိုင်ပါ၊ ငါတို့၏ ကောက်ပင်စပါးပင်တို့သည်လည်း တကြိမ်လောက်မျှ ရေသောက်ရလျှင် ရှင်သန်အောင်မြင်မည်ဖြစ်သည်၊ ထို့ကြောင့် ရေကို ငါတို့အား သာ ပေးရမည်"ဟု ကပိလဝတ်ပြည်သား လယ်သမားကြီးတို့က တုံ့ပြန် ပြောဆိုလေသည်။

ထိုအခါ ကောလိယလယ်သမားကြီးတို့ကလည်း ရေကို သူတို့သာယူမည်၊ ကပိလဝတ်ပြည်သားတို့အား မပေးနိုင်ဟု ငြင်းဆိုသည်။ ကပိလဝတ်လယ်သမားကြီးတို့ကလည်း ကောလိယလယ်သမားတို့အား ရေကို မပေးနိုင်ဟု ငြင်းဆိုပြန်သည်။

ဤသို့နှင်နှင် အချင်းဖြစ်ပွား စကားများကြပြီးလျှင် တဘက်နှင့် တဘက် တယောက် တပေါက် အချိုအချ ပြောဆိုကြရာမှ လက်ဖြင့် ကျူးလွန်မှုများ ဖြစ်ပွားလာကြသည်။ တယောက်ကထ၍ တယောက်ကို ထိုးသတ်လေသည်၊ ထို့သို့ တယောက်ကစ တရာဆိုသကဲ့သို့ တဦးနှင့်တဦး ထိုးကြိတ်ပုတ်ခတ်ကြရာ နှုတ်လွန်လက်လွန်မှုများ ဖြစ်လာကြတော့သည်။ မိမိတို့အချင်းချင်း ငယ်ကျိုးငယ်နာများကို ထုတ်ဖော်ကာ ဆဲရေးကြရုံမျှမက အုပ်ချုပ်သောမင်းများကိုပါ ထိပါးပုတ်ခတ်၍ ပြောဆိုဆဲရေးကြလေသည်။

ကောလိယပြည်သား လယ်သမားများက ကပိလဝတ်မင်းမျိုးတို့ကို ထိခိုက်ပုတ်ခတ်၍ ဤသို့ ဆဲရေးတော့သည်၊ "သင်တို့ ကပိလဝတ်ပြည်သားတို့သည် သင်တို့၏ ကပိလဝတ် မင်းမျိုးတွေကို အားကိုးတခု ဂုဏ်တင်းပြုပြီး ငါတို့ကို

http://www.dhammadownload.com

ကြုံးဝါးကြသည်။ သင်တို့အားကိုးသည့် သင်တို့၏ အရှင်သခင် ကပိလဝတ် သာကီဝင် မင်းမျိုးတို့သည် ခွေးများ ဝက်များတို့ကဲ့သို့ မိမိတို့၏ နှစ်မအရင်းများနှင့် အိမ်ထောင်ပြုကြသည်။ ဤကဲ့သို့ တိရစ္ဆာန်နှင့်တူသည့် ကပိလဝတ် မင်းမျိုးတို့၏ ဆင်အား မြင်းအား စစ်သည် ဗိုလ်ခြေ လက်နက်အင်အားလောက်ကို ငါတို့က အမှုမထား ဂရုမစိုက်လောက်ချေ" ဟု ကောလိယလယ်သမားများက ဆဲရေးကြသည်။

ထိုအခါ ကပိလဝတ်ပြည်သား လယ်သမားများက ကောလိယမင်းတို့၏ ငယ်ကျိုးငယ်နာများကိုထုတ်ဖော်၍ ဤသို့ ပြန်လှန်၍ ဆဲရေးကြသည်၊ "အသင် ကောလိယပြည်သားတို့၏ အရှင်သခင်ဖြစ်သည့် ကောလိယမင်းတို့သည်လည်း အနူအရွဲမျိုးဖြစ်ကြသည်။ ရှေးအခါက သင်တို့၏အရှင်သခင် ကောလိယမင်းတို့သည် တိုင်းပြည်ထဲ၌ နေရန်လက်သင့်မခံသဖြင့် အနူရောဂါကြောင့် တောထဲသို့ ထွက်၍ သစ်ခေါင်းတွင်း၌ ပုန်းအောင်းနေကြရသည်၊ ခိုကိုးရာမဲ့ဖြစ်သော အနူမင်းတို့သည် တိရစ္ဆာန်များကဲ့သို့ ကလောပင်အခေါင်းမှာ နေခဲ့ကြရသည်။ ထိုအနူမင်းမျိုးမှ ပေါက်ဖွားသည့် အနူကလေးတွေဖြစ်သော ကောလိယမင်းမျိုးတို့၏ ဆင်မြင်း ဗိုလ်ခြေ လက်နက်တို့ကိုလည်း ငါတို့က ဂရုစိုက်စရာမလို" ဟု နှုတ်လှံထိုးကာ ဆဲရေးကြသည်။

ထိုသို့ အပြန်အလှန်ဆဲရေးကြပြီးနောက် ကောလိယပြည်သား လယ်သမားများနှင့် ကပိလဝတ်ပြည်သား လယ်သမားတို့သည် အသီးအသီး မိမိတို့၏ လယ်ယာများကို ကြီးကြပ်အုပ်ချုပ်သောအမတ်တို့အား အကြောင်းမျိုးစုံကို သွားရောက်တိုင်တန်းကြသည်။

ကောလိယအမတ်တို့သည်လည်း ကောလိယမင်းမျိုးတို့အား တဆင့်လျှောက်ထားပြန်သည်။ ကပိလဝတ်အမတ်တို့သည်လည်း ကပိလဝတ်မင်းမျိုးတို့အား တဆင့်လျှောက်ထားကြပြန်သည်။ ကောလိယမင်းနှင့် ကပိလဝတ်မင်းတို့သည် မိမိတို့၏အမတ်များစကားကိုကြားလျှင် ဒေါသအမျက် ခြောင်းခြောင်းထွက်၍ မထိန်းသိမ်းနိုင်ကြတော့ပေ။

သာကီဝင်မင်းများစစ်ချီကြခြင်း

ကပိလဝတ်မင်းတို့သည် ယမ်းပုံမီးကျ အမျက်ဒေါသဖြင့် "နှစ်မအရင်းများနှင့် အိမ်ထောင်ပြုကြသည့် ငါတို့၏စွမ်းအားကို ပြကုန်အံ့" ဟု ကြုံးဝါးပြီး၍ စစ်မက်အင်္ဂါလေးပါး စီမံပြီးလျှင် မြစ်ဆုံနေရာသို့ ချီတက်လာကြသည်။ ကောလိယမင်းတို့သည်လည်း အမျက်ဒေါသဖြင့် "ကလောပင်ခေါင်း၌ ခိုအောင်းလာခဲ့

http://www.dhammadownload.com

ကြသည့် အနှုမျိုးကဆင်းသက်လာသော ငါတို့၏အင်အားကို ပြကြကုန်အံ့”ဟု ကြိမ်းဝါးကာ စစ်မက်အင်္ဂါလေးပါး ပြင်ဆင်ပြီးလျှင် မြစ်ဆုံနေရာသို့ ဦးတည်၍ ချီတက်လာခဲ့ကြသည်။

ဘုရားရှင်ကြွတော်မူလာခြင်း

ကပိလဝတ်မင်းမျှားနှင့် ကောလိယမင်းတို့ စစ်အင်ခင်းကျင်း၍ ချီတက်သောနေ့ မိုးသောက်ထအခါ၌ ဗုဒ္ဓရှင်တော်ဘုရားသည် မဟာကရုဏာသမာပတ်မှထ၍ ရွှေဉာဏ်တော်ကွန်ရက်ကို ဖြန့်ကြက်ကာ လောကကြီးကို ကြည့်ရှုတော်မူရာတွင် စစ်တိုက်ရန်ထွက်လာကြသည့် ဆွေတော်မျိုးတော်တို့ကို မြင်တော်မူသည်။ ထိုသို့မြင်တော်မူသောအခါ ရှင်တော်မြတ်ဘုရားသည် ဤသို့ ဆင်ခြင်သိမြင်တော်မူသည်၊ “ငါဘုရား ထွက်တော်မူ၍ မင်းမျိုးတို့ကို ရန်ငြိမ်းစေခြင်းအကျိုးငှါ ဖန္ဒနဇာတ်, ဒဒ္ဒုဘဇာတ်, လဋ္ဌကိဇာဘ်, ဤသုံးဇာတ်ဘို့ကို ဟောကြားခဲ့ဆုံးမလျှင် ရန်သည် ငြိမ်းလတ္တံ့၊ ထိုနောက်တဖန် ရုက္ခဓမ္မဇာတ်, ဝဋ္ဋကဇာတ်, ဤနှစ်ဇာတ်ကို ဟောကြားလျှင် မင်းအပေါင်းတို့သည် ညီညွတ်ကြလတ္တံ့၊ အတ္တဒဏ္ဍသုတ်ကို ဟောကြားလျှင် မင်းမျိုးတို့သည် မိမိတို့ကိုယ်ကို မိမိတို့ သိမ်းဆည်းဆုံးမကြလတ္တံ့။ ထိုအခါ နှစ်ဘက်သောမင်းတို့က နှစ်ရာ့ငါးဆယ်စီသော မင်းသားတို့ကို ငါ့အားပေး၍ ထိုသာကီဝင်မင်းသား ငါးရာတို့ ရဟန္တာဖြစ်ကြလတ္တံ့၊ ထိုအခါ အလွန်ကြီးကျယ်သော နတ်ဗြဟ္မာအစည်းအဝေးသဘင် ‘မဟာသမယ’ကြီးဖြစ်၍ အတိုင်းမသိ များလှစွာသောနတ်ဗြဟ္မာတို့ ကျတ်ဘမ်းဝင်ကုန်လတ္တံ့”ဟု မြင်တော်မူသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် မည်သူတစုံတယောက်ကိုမျှ မပြောကြား မသိစေပဲ ကိုယ်တော်မြတ်ဘပါးတည်းသာ သပိတ် သင်္ကန်းကိုယူ၍ ကြွသွားတော်မူပြီးလျှင် စစ်တပ်နှင်ခုတို့၏ အလယ်ကောင်းကင်၌ ထက်ဝယ်ဘွဲ့ခွေ နေတော်မူလျက် ရောင်ခြည်တော်ခြောက်ပါးတို့ကို လွှတ်၍ စံနေတော်မူသည်။

ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်ကွန့်မြူး ကြည်နူးဘွယ် စံပယ်နေတော်မူသော မြတ်ဗုဒ္ဓရှင်ဘော်ဘုရားကို နှစ်ဖက်သော မင်းမျိုးတို့သည် ဖူးမြင်ကြရလေသည်။ ထိုအခါ ကပိလဝတ်မင်းမျိုးတို့က ဤသို့ ကြံဆ ဆုံးဖြတ်ကြသည်၊ “ငါတို့၏ ဆွေမျိုးမြတ်ဖြစ်တော်မူသော ဗုဒ္ဓရှင်တော်ဘုရားသည် ငါတို့ခိုက်ရန်ဖြစ်ပွါး၍ စစ်တိုက်မည် ပြင်ဆင်နေသည်ကို သိမြင်တော်မူ၍ ကြွတော်မူလာသည် ဖြစ်မည်၊ မြတ်စွာဘုရား၏ ရွှေတော်မှောက်၌ ငါတို့သည် သူတပါးတို့အား လက်နက်ဖြင့် ပုတ်ခတ်သတ်ဖြတ်ရန် မပြုစကောင်းပေ၊ တဘက်ရန်သူဖြစ်သော ကောလိယမင်းမျိုးတို့က ငါတို့ကို သတ်လိုလျှင်လည်း သတ်ပေစေ၊

http://www.dhammadownload.com

နင်းနယ်နှိပ်စက်လိုလျှင်လည်း နင်းနယ်နှိပ်စက်ကြပေစေတော့"ဟု ပြောဆိုကြပြီးလျှင် မိမိတို့စွဲကိုင်ထားသော လက်နက်တို့ကို စွန့်လွှတ်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးဝပ်တွားကာ ထိုင်နေကြသည်။ ကောလိယမင်းမျိုးတို့သည်လည်း ကပိလဝတ်မင်းမျိုးတို့နည်းတူ စိတ်၌ အကြံဖြစ်ပြီးလျှင် လက်နက်များကို စွန့်ပစ်ကြ၍ ဘုရားရှင်ကို ရှိခိုးလျက် ဝပ်တွားကာ ထိုင်နေကြသည်။

တရားဟောတော်မူခြင်း

ထိုစဉ်အခါ ရှင်တော်မြတ်ဘုရားသည် နှစ်ဘက်သောမင်းတို့အား အဘယ်အကြောင်းကြောင့် ဤအရပ်သို့စည်းဝေးလာရောက်ကြကုန်သနည်းဟု သိတော်မူလျက်သာလျှင် မေးတော်မူသည်။ ထိုအခါ နှစ်ဘက်သောမင်းတို့က ဤသို့လျှောက်ထားကြသည်၊ "အရှင်ဘုရား တပည့်တော်တို့သည် ဤမြစ်ဆုံအရပ်သို့ လာကြခြင်းမှာ ရေဆိပ်၌ ရေကစားရန် လာကြသည်မဟုတ်ပါ၊ မြစ်ကြောင်း၌ လှေသဘင် ဆင်ယင်ကျင်းပ၍ မြူးတူးပျော်ပါးကစားရန် လာကြသည်လည်း မဟုတ်ပါ၊ တောင်တက်ပွဲသဘင် ပျော်ရွှင်မြူးတူးရန် လာရောက်ကြသည်လည်း မဟုတ်ပါ၊ အမှန်စင်စစ်မှာ ဤနေရာသို့ တပည့်တော်တို့သည် တဘက်နှင့်တဘက် အနိုင်အထက် စစ်တိုက်သတ်ဖြတ်ရန် လာရောက်ကြပါသည်ဘုရား"ဟု လျှောက်ထားကြသည်။ ထိုနောက် ရှင်တော်မြတ်ဘုရားသည် အောက်ပါအတိုင်း ဆက်လက်မေးမြန်းတော်မူသည်။

(ဘုရားရှင်) အို—ရေမြေရှင်တို့ သင်တို့သည် အဘယ်အရာကို အကြောင်းပြု၍ ရန်ပွဲဆင်ယင်ကြသနည်း။

(မင်းများ) အရှင်ဘုရား တပည့်တော်တို့သည် ရေကို အကြောင်းပြု၍ စစ်တိုက်ရန် ပြင်ဆင်ကြခြင်း ဖြစ်ပါသည်ဘုရား။

(ဘုရားရှင်) အို-မင်းမြတ်တို့ ရေသည် အဘယ်မျှလောက် အဘိုးထိုက်တန်ပါသနည်း။

(မင်းများ) အရှင်ဘုရား ရေသည် မဖြစ်စလောက် အနည်းငယ်မျှသာ အဘိုးထိုက်တန်ပါသည်ဘုရား။

(ဘုရားရှင်) အို-မင်းမြတ်တို့ မြေကြီးသည် အဘယ်မျှလောက် အဘိုးထိုက်တန်ပါသနည်း။

(မင်းများ) အရှင်ဘုရား မြေကြီးသည် အဘိုးများစွာ ထိုက်တန်ပါသည်ဘုရား။

http://www.dhammadownload.com

(ဘုရားရှင်) မင်းမြတ်တို့ မင်းမျိုးတို့သည် အဘယ်မျှလောက် အဘိုး ထိုက်တန်ပါသနည်း။

(မင်းများ) အရှင်ဘုရား မင်းမျိုးတို့သည် အဘိုးမဖြတ်နိုင်အောင် ထိုက် တန်ပါသည်ဘုရား။

ထိုအခါ မြတ်စွာဘုရားက နှစ်ဘက်သောမင်းတို့အား "အဘိုးအနည်းငယ်သာ ထိုက်တန်သည့်ရေကို အကြောင်းပြု၍ အဘိုးအနဂ္ဃ မရေမတွက်နိုင်အောင် ထိုက် တန်သော မင်းမျိုးတို့ကို ဖျက်ဆီးသတ်ဖြတ်ရန် မသင့်ချေ" ဟု ဆုံးမဟောကြား တော်မူသည်။ "ဒေါသကြီးမား ခိုက်ရန်ဖြစ်ပွါးသည်မှာ အမှားသာ ဖြစ်၍ သာယာဘွယ်မဟုတ်ချေ" ဟု မိန့်တော်မူပြီးလျှင် မင်းအပေါင်းတို့ ခိုက်ရန်ငြိမ်း၍ ညီညွတ်ချစ်ခင်စေရန် အောက်ပါဇာတ်တော်များကို ဟောကြားတော်မူသည်။

ရှေးအခါက မပြောပလောက်သည့် အကြောင်းကြောင့် ဝက်ဝံနှင့်ရဂ္ဂစိုး တို့သည် ရန်ငြိုးဖွဲ့မှား၍ နှစ်ဦးစလုံး ပျက်စီးကြရာ ဘဒ္ဒကပ်ကမ္ဘာပတ်လုံး ရန်ငြိုးမပြေနိုင်ဘဲ ရှိခဲ့ကြောင်း တရသနိပါတ် ဖန္ဒနဇာတ်ကို အကျယ် ဟော တော်မူသည်။ (ဆဋ္ဌမူ ဇာတကပါဠိတော်-ပ စာမျက်နှာ ၂၅၉-ရှ)

အထူးသဖြင့် ကြီးကြပ်အုပ်ချုပ် မင်းလုပ်သူများသည် အခြားသူများပြော တိုင်း မယုံကြည်အပ်ကြောင်း, သူတပါးတို့၏စကားကို ယုံကြည်မိ၍ အသက် ပျက်စီးသေဆုံးကြဘူးကြောင်း, မဆင်မခြင်ပြောသော ယုန်တကောင်၏စကား ကို ယုံကြည်မိသောကြောင့် ယူဇနာသုံးထောင်ကျယ်သော ဟိမဝန္တာတော၌ နေသည့် အခြေလေးချောင်းရှိသော တောတိရစ္ဆာန်တို့သည် မဟာသမုဒ္ဒရာသို့ ပြေးဝင်ကြဘူးပြီဟု အစချီ၍ စတုကနိပါတ် ဒုဒ္ဒုဘဇာတ်ကို ဟောကြားတော် မူသည်။ ၎င်းဇာတ်ကို အဋ္ဌကထာ၌ ပထဝီဥန္ဒြိယဇာတ်ဟု ပြဆိုသည်။ (ဆဋ္ဌမူ ဇာတကပါဠိတော်-ပ စာမျက်နှာ ၁၀၄-ရှ)

လောက၌ တခါတရံ အားနည်းသူသည် အားကြီးသူ၏ ချုတ်ယှင်းချက်, ချို့တဲ့ချက်များကို မြင်နိုင်သည်၊ တခါတရံ၌ အားကြီးသူက အားနည်းသူ၏ ချုတ်ယှင်းချက်, ချို့တဲ့ချက်များကို မြင်တတ်ပြန်သည်။ အင်အားကို ကြီးသည် ငယ်သည်ဟု တထစ်ချမမှတ်သင့်ပေ၊ အားနည်းသည့် ဗီလုံးငှက်ငယ်မကလေး သည်ပင် ဆင်ပြောင်ကြီးကို သေစေခဲ့ဘူးပြီဟု မိန့်တော်မူ၍ ပဉ္စကနိပါတ် လဋ္ဌကိကဇာတ်ကို အကျယ်ဟောကြားတော်မူသည်။ (ဆဋ္ဌမူ ဇာတကပါဠိတော်-ပ စာမျက်နှာ ၁၂၄-ရှ)

http://www.dhammadownload.com

ဤသုံးဇာတ်ကို ဟောပြီးသောအခါ နှစ်ဘက်သောမင်းတို့၏ ခိုက်ရန်သည် ပြေငြိမ်းသွားတော့သည်။ ထို့နောက် တဦးနှင့်တဦး ချစ်ခင်ညီညွတ်ကြလျှင် ဘေးရန်ကင်း၍ အချင်းချင်း မညှဉ်းမညွတ် ခိုက်ရန်ဖြစ်ပွါးကြလျှင် ဘေးဒုက္ခ ရောက်တတ်ကြောင်း ဆက်လက်၍ အောက်ပါဇာတ် နှစ်ဇာတ်ကို ဟောတော်မူပြန်သည်။

အသက်ရှိသည့် ညီညွတ်သောသူတို့ကို မဆိုထားဘီဉီး တစုတဝေးတည်း ညီညွတ်စွာပေါက်ရောက်နေသော အသက်မဲ့သစ်ပင်တို့သည်ပင်လျှင် ဘေးရန်မှ ကင်းလွတ်နိုင်သည်ဟု ဧကနိပါတ် ရက္ခဓမ္မဇာတ်ကို ဟောကြားတော်မူသည်။ (ဆဋ္ဌမ ဇာတကပါဠိတော်-ပ စာမျက်နှာ ၁၇-ရှ)

အချင်းချင်း ညီညွတ်နေသည့်အခါ ဘေးရန်မှကင်းလွတ်၍ အချင်းချင်း မညှဉ်းမညွတ် ခိုက်ရန်ဖြစ်ပွါးကြသည့်အခါ ငုံးငှက်တသိုက်တို့သည် မုဆိုးလက်၌ အသက်သေဆုံးဘူးပြီဟု အစချီကာ ဧကနိပါတ် သမ္မောဒမာနဇာတ်ကို အကျယ် ဟောကြားတော်မူသည်။ ထိုဇာတ်ကို အဋ္ဌကထာ၌ ဝဋ္ဋကဇာတ်ဟု ခေါ်ဝေါ်ပြဆိုလေသည်။ (ဆဋ္ဌမ ဇာတကပါဠိတော်-ပ မျက်နှာ ၉-ရှ)

ဤကဲ့သို့ ခိုက်ရန်ဖြစ်ခြင်း၏ အပြစ်နှင့် ညီညွတ်ခြင်း၏ အကျိုးကို ပြဆိုရာ ဖြစ်သောဇာတ် ငါးရပ်တို့ကို ဟောကြားတော်မူပြီးနောက် မိမိတို့ကိုယ်ကို မိမိတို့ ထိန်းသိမ်း ဆုံးမကြစေရန် အတ္တဒဏ္ဍသုတ်ကို ဟောကြားတော်မူပြန်သည်။ (မဟာနိဒ္ဒေသပါဠိတော် အတ္တဒဏ္ဍသုတ်၌ အကျယ်ရှုပါလေ)။

သာကီဝင်မင်းသားငယ်ငါးရာ ရဟန်းဖြစ်ကြခြင်း

ဇာတ်တော်ခြောက်ခုကို ဟောကြားပြီးသောအခါ နှစ်ဘက်သော မင်းမျိုးတို့သည် မြတ်စွာဘုရားရှင်ကို အထူးကြည်ညိုကြ၍ ဤသို့စိတ်၌ကြံစည်ကြကုန်၏၊ "အကယ်၍ မြတ်စွာဘုရားသည် ဤအရပ်သို့ မကြွလာခဲ့ပါမူ ငါတို့သည် အချင်းချင်းသတ်ဖြတ်၍ သွေးချောင်းစီးကာ သေဆုံးကြရတော့မည်။ ငါတို့၏ သားမယား ညီအကိုတို့ကို အိမ်တံခါးဝ၌ တွေ့မြင်ကြရတော့မည် မဟုတ်ပေ၊ မြတ်စွာဘုရားရှင်ကိုသာ အမှီပြု၍ ငါတို့သည် အသက်မသေ ချမ်းသာရာ ရပေသည်၊ အကယ်၍ မြတ်စွာဘုရားသည် အိမ်ယာထောင်သော လူ့ဘောင်၌ နေခဲ့ပါမူ ကျန်းငယ်နှစ်ထောင် အခြံအရံရှိသော ကျန်းကြီးလေးကျန်းကို ပိုင်သအုပ်စိုးသည့် စကြဝတေးမင်းကြီး ဖြစ်ပြီးလျှင် လှည့်လည် သွားလာသောအခါ မင်းမျိုးအခြံအရံတို့ဖြင့်သာ ခမ်းနားတင့်တယ်စွာ လှည့်လည်ပေမည်၊ ထိုကဲ့သို့သော စည်းစိမ်မျိုးကို စွန့်တော်မူ၍ တောထွက်ပြီးလျှင် ဘုရားအဖြစ်သို့

http://www.dhammadownload.com

ရောက်အောင် ကျင့်တော်မူခဲ့ပေသည်။ ယခုအခါ၌လည်း မင်းမျိုး အခြံအရံ ရှိ၍သာလျှင် လှည့်လည်တော်မူသင့်ပေသည်'' ဟု ကြံစည်ကာ နှစ်ဘက်သော မင်းမျိုးတို့သည် တဘက်လျှင် ပျိုမျစ်သော မင်းသားငယ် နှစ်ရာ့ငါးဆယ်စီ (နှစ်ရပ်ပေါင်း ငါးရာ) တို့ကို မြတ်စွာဘုရားအား အပ်နှင်းကြလေသည်။

ထိုအခါ ဘုရားရှင်တော်မြတ်သည် မင်းသားငယ် ငါးရာတို့ကို ရဟန်း ပြုပေးပြီးလျှင် အတူ ခေါ်တော်မူ၍ မဟာဝုန် တောသို့ ကြွတော်မူသည်။ မင်းသားငယ် ငါးရာတို့သည် ရဟန်းပြုလိုသော ဆန္ဒ မရှိပါဘဲလျက် ဘုရားရှင်ကို ရိုသေ လေးစားသော အားဖြင့် သာလျှင် ရဟန်း ပြုကြရသော ကြောင့် ရဟန်း အဖြစ်၌ မပျော်မွေ့ကြပေ၊ ထို့ပြင် မီးလောင်ရာ လေပင့် သကဲ့သို့ ၎င်းတို့၏ အိမ်သူ ကြင်ရာဟောင်းများက ဖြားယောင်း သွေးဆောင်သော သတင်းစကားများ ပေးပို့ပြီးလျှင် လူထွက်စေရန် မှာကြားကြသဖြင့် အလွန်ပင်ငြီးငွေ့ရှာကြသည်။

သာကီဝင်မင်းသား ရဟန်းငါးရာနှင့်အတူ ကုဏ္ဍာလအိုင်သို့ကြွတော်မူခြင်း

ရှင်တော်ဘုရားသည် သာကီဝင်မင်းသားငါးရာတို့ ရဟန်းဘဝ၌ ငြီးငွေ့ကြသော အဖြစ်ကို သိတော်မူ၍ ဤရဟန်းတို့သည် ငါကဲ့သို့သော ဘုရားရှင်နှင့်အတူ နေရပါလျက် ငြီးငွေ့နေကြပေသည်။ ၎င်းတို့အား ဟိမဝန္တာဌ်၌ရှိသော ကုဏ္ဍာလ အိုင်၏ သာယာကြည်နူးဘွယ် အုံ့ဩဘွယ် ဂုဏ်များကို ဟောကြားပြီးလျှင် ထို အိုင်ရှိရာသို့ ကိုယ်တော်တိုင် ခေါ်ဆောင်သွားပြီးနောက် ၎င်းတို့၏ ငြီးငွေ့၍ မမွေ့လျော် မပျော်ပိုက်ခြင်းကို ပယ်ဖျောက်တော်မူအံ့ဟု ကြံစည်တော်မူပြီးလျှင် ရဟန်းငါးရာတို့အား ကုဏ္ဍာလအိုင်ကြီး၏ ကြည်နူးအုံ့ဩဘွယ်ရာဂုဏ်တို့ကို ဟော ကြားတော်မူလေသည်။ ရဟန်းတို့၌လည်း ကုဏ္ဍာလအိုင်ကြီးကို ကြည့်ရှုလိုသည့် စိတ်များ ပေါ်လာကြသည်။ ထိုအခါ ရှင်တော်မြတ်ဘုရားက ရဟန်းတို့အား ကုဏ္ဍာလအိုင်ကို ကြည့်ရှုလိုကြသလောဟု မေးတော်မူရာ ရဟန်းတို့က ကြည့်ရှုလိုကြောင်း ပြန်ပြောင်းလျှောက်ထားကြသည့်အခါ ယခုပင်သွားကြအံ့ဟု မိန့်တော်မူသည်။ ထိုအခါ ရဟန်းတို့က တန်းခိုးရှိသောသူတို့သာ သွားနိုင်သည့် အရပ်သို့ တပည့်တော်တို့သည် မည်သို့သွားနိုင်ပါမည်နည်းဟု ပြန်ကြားလျှောက် ထားလတ်သော် မြတ်စွာဘုရားရှင်က သင်တို့မှာ သွားလိုသောဆန္ဒကိုသာ ဖြစ် စေကြကုန်လော့၊ ငါသည် သင်တို့အား ငါ၏ တန်းခိုး အာနုဘော်ဖြင့် ဆောင် ယူသွားအံ့ဟု မိန့်တော်မူသည်။

http://www.dhammadownload.com

မြတ်စွာဘုရားသည် တန်းခိုးတော်ဖြင့် ငါးရာသောရဟန်းတို့ကို ကုဏာလအိုင် ကြီးဆီသို့ ကောင်းကင်ခရီးဖြင့် ခေါ်ဆောင်၍ သွားတော်မူသည်။ ကုဏာလ အိုင်သို့ရောက်သောအခါ မြတ်စွာဘုရားက ရဟန်းတို့အား ဤသို့ မိန့်တော်မူ၏၊ "ရဟန်းတို့ ကုဏာလအိုင်၌ရှိသော ရေသတ္တဝါတို့၏ အမည်များကိုငှင်း, သစ်ပင် ပန်းပင်တို့၏ အမည်များကိုငှင်း, တောင်ခြေ၌နေသော ခြေနှစ်ချောင်း ခြေလေး ချောင်းရှိကုန်သော သားငှက်တို့၏ အမည်များကိုငှင်း မေးကြကုန်လော့" ဟု ခွင့်ပြုတော်မူသည်။ ရဟန်းတို့မေးတိုင်းမေးတိုင်းလည်း ဘုရားရှင်က ပြန်လည် ဖြေကြားတော်မူသည်။ ရဟန်းငါးရာတို့သည် ကုဏာလအိုင်၏ သာယာကြည်နူး ဘွယ်တို့ကို တွေ့မြင်ရသဖြင့် စိတ်ကြည်လင် ပျော်ရွှင်ကြသည်။

ထိုသို့ အိုင်၏ ကြည်နူးဘွယ်တို့ကို ကြည့်ရှုနေစဉ် ဥသြငှက်နှစ်ကောင်က အစွန်းတဘက်စီကို နှုတ်သီးဖြင့် ကိုက်ချီ၍ ပျံသန်းယူဆောင်လာသော တုတ် ချောင်းအလယ်၌ နား၍ အခြံအရံများနှင့်လာသော ဥသြငှက်မင်းကို မြင်ကြ လေသည်။ ရဟန်းတို့က "ဤဥသြငှက်ကား ငှက်မင်းဖြစ်ဟန်တူ၍ အခြားငှက် များမှာ အခြံအရံများဖြစ်ဟန် တူပါသည်" ဟု မေးမြန်းလျှောက်ထားရာ ဘုရား ရှင်က "သင်တို့ လျှောက်ထားသည့်အတိုင်း မှန်ပေသည်၊ ဤဥသြငှက်မင်း၏ အမျိုးအနွယ်သည် ငါဘုရား၏ နုစဉ်က အမျိုးအနွယ်ဖြစ်ခဲ့သည်။ ငါဘုရားသည် နုစဉ်အခါက ဤကုဏာလအိုင်အရပ်၌ ဥသြငှက်မင်းဖြစ်ခဲ့ဘူးသည်" ဟု စကား ပျိုးတော်မူလိုက်ရာ ရဟန်းတို့က ရှင်တော်ဘုရား၏ နုစဉ်ဘဝဖြစ်ခဲ့ပုံကို ဟော ကြားတော်မူပါဟု တောင်းပန်ကြသဖြင့် ဂါထာတရာရှိသည့် အသီတိနိပါတ် ကုဏာလဇာတ်တော်ကို ဟောကြားတော်မူသည်။ ထိုအခါ အိမ်သူကြင်ယာ တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်သော ရဟန်းတို့၏မမ္မေလျော်ခြင်းတို့မှာ လုံးဝ ပြေပျောက်သွားလေတော့သည်။ ထို့နောက် သစ္စာလေးပါးတရားကို ဟောကြား တော်မူလေရာ ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် သောတာပန် ဖြစ်ကြလေသည်။ ထိုရဟန်းငါးရာတို့သည် သောတာပတ္တိမဂ်ကိုရသည်နှင့် တပြိုင် နက် တန်းခိုးအဘိညာဉ်တို့သည်လည်း ဖြစ်လာကြသည်။

ရဟန်းငါးရာတို့ ရဟန္တာဖြစ်ကြခြင်း

ထို့နောက် မြတ်စွာဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည်အနီးရှိ မဟာ ဝုန်တောသို့ ပြန်လည်ကြွတော်မူသည်။ ထိုအခါ သောတာပန် ရဟန်းငါးရာတို့ သည်လည်း မိမိတို့တန်းခိုးဖြင့်ပင် ကောင်းကင်ထက်ဝယ် ရှင်တော်ဘုရားကို ခြံရံ၍ လိုက်ပါလာကြသည်။

http://www.dhammadownload.com

မဟာပုန်တောသို့ရောက်သောအခါ မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် ကြွင်းကျန်သော ကိလေသာတို့ကို ပယ်သတ်ရန်အလို့ငှါ အထက်မဂ်သုံးပါးအတွက် ကမ္မဋ္ဌာန်းကို ပေးသနားတော်မူသည်။ ရဟန်းတို့လည်း ကမ္မဋ္ဌာန်းကို ကြားနာကြပြီးလျှင် ခြေတော်စုံကို ရှိခိုးပြီးနောက် ဘုရားရှင်၏ ထံတော်မှောက်မှ ထလာခဲ့ကြ၍ ဆယ်သီးအသီး တောင်ခေါင်း သစ်ပင်ရင်းမျှားရှိရာသို့ သွားရောက်ကာ ကမ္မဋ္ဌာန်း တရား ပွါးများကြသည်။

ရဟန်းများထွက်ခွါသွားကြပြီးနောက် မြတ်စွာဘုရားသည် ဤသို့ ဆင်ခြင် သိမြင်တော်မူသည်၊ “ဤရဟန်းတော်အားလုံးတို့သည် ရဟန္တာ ဖြစ်ပြီးလျှင် မိမိတို့ရရှိသည့် တရားထူးကို အသီးအသီး လျှောက်ထားကြရန် ကြံရွယ်၍ ငါထံသို့လာကြလိမ့်မည်။ ထိုအခါ စကြဝဠာတသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ စည်းဝေးလာရောက်သည့်အခါ ကြီးစွာသော အစည်းအဝေး‘မဟာသမယ’ ကြီး ဖြစ်လတ္တံ့” ဟု ကြိုတင်သိမြင်တော်မူသဖြင့် ဆိပ်ငြိမ်ရာအရပ်၌ နိသီဒိုင် (နေရာခင်း) ကို ခင်းကာ တပါးတည်း ထိုင်နေတော်မူသည်။

ရှေးဦးစွာ ကမ္မဋ္ဌာန်းကိုယူ၍သွားသော ရဟန်းသည် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန္တာဖြစ်၏။ ထို့နောက် တဖြေးပြီး တပါး ရဟန္တာအဖြစ်သို့ရောက်ကြ၏။ ဤသို့ ငါးရာသောရဟန်းတို့သည် ပဒုမ္မာကြာရုံ၌ ပဒုမ္မာပန်းတို့ကဲ့သို့ တညီတညာတည်း ပွင့်ကြကုန်သည်။ ရှေးဦးစွာ ရဟန္တာ ဖြစ်သောရဟန်းသည် မိမိရရှိသောတရားထူးကို ရှင်တော်ဘုရားအား လျှောက်ထားရန်အကြံဖြင့် ဘုရားရှင်ရှိရာသို့ ကြွတော်မူလာသည်။ အခြားရဟန်းများသည်လည်း တပါးပြီး တပါး တဆက်တည်း ထို့နည်းတူ ရှင်တော်ဘုရားထံသို့ ကြွလာတော်မူကြသည်။ ရှင်တော်ဘုရားရှေ့တော်သို့ ရှေးဦးစွာရောက်သော ရဟန်းသည် ဘုရားရှင်ကို ရှိခိုးပြီးနောက် သင့်လျော်ရာအရပ်၌ နိသီဒိုင်ကိုခင်း၍ ထိုင်နေပြီးလျှင် မိမိရရှိသော တရားထူးကို လျှောက်ကြားလိုသဖြင့် အနီးအနား၌ အခြားရဟန်းရှိမရှိသိရန် လာခဲ့သည့်လမ်းကို ပြန်ကြည့်လိုက်ရာ မိမိနည်းတူ လာနေသောရဟန်းကို မြင်ရသောကြောင့် ထို့ရဟန်းအား ရှက်နိုးသဖြင့် မလျှောက်တင်ဝံ့တော့ချေ။ ဤနည်းအတူပင် ဒုတိယရဟန်းသည် တတိယရဟန်းကို ရှက်နိုးသဖြင့် မိမိရသည့် တရားထူးကို မလျှောက်တင်ဝံ့ချေ။ ဤနည်းအတိုင်းပင် ရဟန်းငါးရာတို့သည် အချင်းချင်းရှက်နိုးကြ၍ မိမိတို့အသီးသီး ရရှိသည့် တရားထူးကို ဘုရားရှင်အား မလျှောက်ထားဝံ့တော့ချေ။

ရဟန္တာတို့မည်သည် (၁) မိမိတို့ရရှိသော တရားထူးကို သတ္တဝါအားလုံး လျှင်စွာ ထိုးထွင်း၍ သိမြင်ပါစေဟူသော စိတ်ရှိ၏။

http://www.dhammadownload.com

(၂) အဘိုးထိုက်တန်သော ရွှေအိုးကို ကောက်ရသော ယောကျ်ားကဲ့သို့ မိမိရရှိသော တရားထူးကို သူတပါးတို့အား ပြန်လည်ပြောကြားရန်လည်း အလိုမရှိချေ။ (ရဟန္တာတို့၏ အခြင်းအရာနှစ်မျိုးကို သုတ်မဟာဝါ အဋ္ဌကထာ ဆဋ္ဌမ္မ ၂၇၁-၌ ဖွင့်ပြခဲ့သည်။)

မဟာသမယ နတ်ဗြဟ္မာတို့အစည်းအဝေးကြီး

အသက်အရွယ် ပျိုမျစ်နုနယ်သော ပဉ္စင်သစ်စ ရဟန္တာငါးရာတို့သည် ဘုရားရှင်၏ထံတော်မှောက်သို့ လာရောက်၍ ဝန်းခ ခြံရံမိသည်နှင့် တပြိုင်နက် အရွှေလောကဓာတ်မှ လပြည့်ဝန်းကြီးသည်လည်း ထိန်ညီးပေါ်ထွန်းလာလေသည်။

အချိန်ကာလကား နယုန်လပြည့်နေ့ ညနေရီနေဝင်စအခါဖြစ်သည်။ လမင်းကြီးသည် အရွှေလောကဓာတ် ကောင်းကင်ပြင်၌ ချထားအပ်သော ငွေသားကြေးမုံဝန်းကြီးကဲ့သို့ရင်း၊ ငွေလှည်းဘီးကြီးကဲ့သို့ရင်း၊ အကွပ်အနား၌ ကိုင်ယူ၍လှည့်အပ်သော စကြာရတနာကဲ့သို့ရင်း၊ ဖြူစင်တင့်ရွန်း ယုဂန်တောင်စွန်းဆီမှ ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး တည်းဟူသော ရန်ငါးမျိုးတို့ ကင်စင်လွတ်မြောက်၍ ကြည်လင် သန့်ရှင်းစွာ တက်ရောက် ပေါ်ထွန်းလာရာ မြတ်ဗုဒ္ဓရှင်တော်ဘုရား ထင်ရှား ပဉ္စင်တော်မူလာခြင်းအားဖြင့် တန်းဆာဆင်အပ်သော လောကကြီး၏ ကြည်နူး ပျော်မွေ့ဘွယ်ကောင်းသည့် အဖြစ်ကို ခင်းကျင်းဖော်ပြလျက်နေပေတော့သည်။

ဤသို့လျှင် ဆီးနှင်းမြူတိမ် အညစ်အကြေးကင်းစင်သော ကောင်းကင်ပြင်ဝယ် ငွေစန္ဒာလပြည့်ဝန်းကြီး ထိန်ညီးထွက်ပေါ်လာချိန် အခိုက်အတန့်အခါ၌ ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်ပြီးသော ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်ခါစ သစ်လွင်ပျိုမျစ်သော ရဟန္တာအရှင်မြတ်ပေါင်း ငါးရာတို့ ခြံရံကာ သီတင်းသုံး စံပါယ်နေတော်မူသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် မဟာသမ္မတမင်းမျိုး၏ အနွယ်၌ ဖြစ်တော်မူသည်။ ပျိုမျစ်သစ်လွင်သော ရဟန္တာအရှင်မြတ်ငါးရာတို့သည်လည်း မဟာသမ္မတမင်းမျိုးမင်းနွယ် ဖြစ်ကြပေသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် မင်းမျိုး၌ဖြစ်သော မိဖုရား၏ဝမ်းတိုက်၌ ဖြစ်တော်မူခဲ့သည်။ ပျိုမျစ်သစ်လွင်သည့် ရဟန္တာအရှင်မြတ် ငါးရာတို့သည်လည်း မင်းမျိုးဖြစ်သော မိဖုရားတို့၏ဝမ်းတိုက်၌ ဖြစ်ခဲ့ကြလေသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ထီးဖြူအုပ်ချုပ်မင်းလုပ်ပြီးမှ ရဟန်းပြုတော်မူပေသည်၊ ပျိုမျစ်သစ်လွင်သည့် ရဟန္တာအရှင်မြတ် ငါးရာတို့သည်လည်း ထီးဖြူအုပ်ချုပ်မင်းလုပ်ပြီးမှ ရဟန်းပြုကြပေသည်။

http://www.dhammadownload.com

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ထီးဖြူတော်ကို ပယ်ရှားကာ လက်တော်သို့ ရောက်ပြီးဖြစ်သော စကြဝတေးမင်းစည်းစိမ်ကို စွန့်လွှတ်၍ ရဟန်းပြုတော်မူပေသည်။ ပျိုမျစ်သစ်လွင်သည့် ရဟန္တာအရှင်မြတ် ငါးရာတို့သည်လည်း ထီးဖြူကို စွန့်ကာ လက်တွင်းသို့ရောက်ပြီးဖြစ်သော တိုင်းနိုင်ငံမင်းစည်းစိမ်ကိုစွန့်၍ ရဟန်းပြုတော်မူကြပေသည်။

ဤသို့လျှင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် စင်ကြယ်သန့်ရှင်းသောအရပ်၌ စင်ကြယ်သောညဉ့်အချိန်ယံဝယ် ကိုယ်တော်တိုင်လည်း စင်ကြယ်တော်မူသည်ဖြစ်၍ စင်ကြယ်သော ရဟန်းတော်အပေါင်း ငါးရာ ခြံရံလျက် ရှိတော်မူသည်။

ရှင်တော်ဘုရား ကိုယ်တော်တိုင်ကလည်း တပ်မက်မှုရာဂ ကင်းစင်တော်မူပြီးဖြစ်၍ တပ်မက်မှုရာဂကင်းစင်တော်မူပြီးဖြစ်သော ရဟန်းတော်အပေါင်း ငါးရာခြံရံလျက် ရှိပေသည်။

ရှင်တော်ဘုရား ကိုယ်တော်တိုင်ကလည်း ဒေါသကင်းစင်တော်မူပြီးဖြစ်၍ ဒေါသ ကင်းစင်တော်မူပြီးဖြစ်သော ရဟန်းတော်အပေါင်း ငါးရာ ခြံရံလျက် ရှိတော်မူပေသည်။

ရှင်တော်ဘုရား ကိုယ်တော်တိုင်ကလည်း မောဟ ကင်းစင်တော်မူပြီးဖြစ်၍ မောဟ ကင်းစင်တော်မူပြီးဖြစ်သော ရဟန်းတော်အပေါင်း ငါးရာ ခြံရံလျက် ရှိတော်မူပေသည်။

ရှင်တော်ဘုရား ကိုယ်တော်တိုင်ကလည်း တဏှာကင်းစင်တော်မူပြီးဖြစ်၍ တဏှာ ကင်းစင်တော်မူပြီးဖြစ်သော ရဟန်းတော်အပေါင်း ငါးရာ ခြံရံလျက် ရှိတော်မူပေသည်။

ရှင်တော်ဘုရားကိုယ်တော်တိုင်ကလည်း ကိလေသာကင်းစင်တော်မူပြီးဖြစ်၍ ကိလေသာကင်းစင်တော်မူပြီးဖြစ်သော ရဟန်းတော်အပေါင်း ငါးရာ ခြံရံလျက် ရှိတော်မူပေသည်။

ရှင်တော်ဘုရား ကိုယ်တော်ဘိုင်ကလည်း ငြိမ်သက်တည်ကြည်တော်မူ၍ ငြိမ်သက်တည်ကြည်သည့် ဣန္ဒြေရှိသော ရဟန်းတော်အပေါင်း ငါးရာ ခြံရံလျက် ရှိတော်မူပေသည်။

ရှင်တော်ဘုရားကိုယ်တော်တိုင်ကလည်း နှူးညံ့သိမ်မွေ့ယဉ်ကျေးတော်မူသည်ဖြစ်၍ နှူးညံ့သိမ်မွေ့ယဉ်ကျေးသော ရဟန်းတော်အပေါင်း ငါးရာ ခြံရံလျက် ရှိတော်မူပေသည်။

http://www.dhammadownload.com

ရှင်တော်ဘုရား ကိုယ်တော်တိုင်ကလည်း ဝဋ်ဆင်းရဲမှ ကင်းလွတ်တော်မူပြီး ဖြစ်၍ ဝဋ်ဆင်းရဲမှ ကင်းလွတ်တော်မူပြီးဖြစ်သော ရဟန်းတော်အပေါင်း ငါးရာ ခြံရံလျက် ရှိတော်မူလေသည်။

ဤသို့လျှင် အညစ်အကြေးကင်းစင်သော လပြည့်ဝန်းကြီး ပေါ်ထွက်ရာ စင်ကြယ်သောအချိန်အခါ၌ အညစ်အကြေးကင်းစင်သော နုနယ်ပျိုမျစ် ဖြစ်သစ်စ စင်ကြယ်သည့် ရဟန္တာအပေါင်း ငါးရာ ခြံရံလျက် အညစ်အကြေးမှ စင်ကြယ်တော်မူသော မြတ်စွာဘုရားသည် သန့်ရှင်းစင်ကြယ်သော မဟာဝုန်တောကြီး၌ အလွန်တရာ တင့်တယ်တော်မူလှပါပေသည်။

ဤသို့ တင့်တယ်ပုံ အလုံးစုံ အခြင်းအရာတို့ကို ရှေးဦးစွာ ဖူးတွေ့ကြရသော မဟာဝုန်တောကြီးတခွင် ထက်ဝန်းကျင်ရှိ နတ်အပေါင်းတို့သည် အုတ်အုတ် ကျက်ကျက်ဖြစ်ကြ၍ ဤသို့ ကြွေးကြော်ကြသည်၊ "အို – အချင်းနတ်အပေါင်းတို့ လာကြပါကုန်လော့၊ မြတ်စွာဘုရားဆံတော်သို့ သွားကြပါကုန်အံ့၊ ဘုရားရှင်ကို ဖူးမြင်ခြင်းသည် ကျေးဇူးများလှပေသည်၊ တရားတော်ကို ကြားနာရခြင်းသည်လည်း အလွန်ကျေးဇူးများပါပေသည်၊ သံဃာတော်ကို ဖူးမြင်ရခြင်းသည်လည်း အလွန်ကျေးဇူးများပါပေသည်။ အို—နတ်များတို့ လာကြပါကုန်လော့၊ ယခုပင် သွားကြပါအံ့" ဟု ဟစ်အော်ကြွေးကြော်ကြကာ ပြောဆိုလှုံ့ဆော်လျက် ဘုရားရှင်တော်နှင့် သစ်လွင်ပျိုမျစ် ဖြစ်သစ်စ ရဟန္တာငါးရာတို့ ထံသို့ လာရောက်ပြီးလျှင် ရှိခိုး၍ လျောက်ပတ် သင့်တင့်သောနေရာတို့၌ နေကြလေသည်။

မဟာဝုန်တောမှ နတ်တို့၏ ကြွေးကြော်သံကို တဆင့်တဆင့် ကြားကြလေသောကြောင့် တဂါဝုတ်အတွင်း၌ ရှိသော နတ်များ၊ ယူဇနာခွဲအတွင်း၌ရှိသော နတ်များ၊ တယူဇနာ စသည်ဖြင့် ယူဇနာသုံးထောင်ရှိသော ဟိမဝန္တာတော်၌ နေသောနတ်များ အားလုံးတို့သည်လည်း ကြွေးကြော်လှုံ့ဆော်ကာ ဘုရားရှင် ရှိတော်မူရာသို့ ရောက်လာကြသည်။ ဤနည်းအတိုင်းပင် ထိုထိုနတ်တို့၏ ကြွေးကြော်လှုံ့ဆော်ဘိတ်ခေါ်သံကို အဆင့်ဆင့် ကြားကြရသောကြောင့် မြို့ကြီးများသို့ အခွန်ဆက်ရသည့် ကျေးလက်ပေါင်း ကိုးသန်းကိုးသိန်းတို့၌ရှင်း၊ သဘော်ဆိပ်ပေါင်း ကုဋေကိုးသန်းခြောက်သိန်းတို့၌ရှင်း၊ ဘုရားစသော ရတနာတို့၏ တည်ထွန်းရာဖြစ်သည့် သီဘိုင်္ဂကျန်းအစရှိသော ငါးဆယ့်ခြောက်ပြည်တို့၌ရှင်း၊ ကျန်းငယ်နှင်းထောင်တို့၌ရှင်း၊ ဤစကြဝဠာမှစ၍ စကြဝဠာတသောင်းတို့၌ရှင်း ရှိကြကုန်သောနတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားရှင်ရှိတော်မူရာ မဟာဝန်တောသို့ စည်းဝေးရောက်လာကြလေသည်။ ဤစကြဝဠာ မြေမျက်နှာပြင်မှ ပဌမစျာန် ဗြဟ္မာ့ဘုံအထိ အလွန်ကျယ်ပြန့်သောနေရာ၌ နတ်ဗြဟ္မာတို့ဖြင့်

http://www.dhammadownload.com

အပြည့်ဖြစ်သည်။ ဤစကြဝဠာတတိုက်လုံးသည် အပ်အပြည့်တည့်ထားသော ကျည်တောက်ကဲ့သို့ အကြားမလပ် ကျပ်၍နေလေသည်။ သားမြီးဖျားမျှသော နေရာဌာပင် နတ်ပေါင်းတကျိပ်မှ ခြောက်ကျိပ်အထိ ဖန်ဆင်း၍နေရလေသည်။

မြတ်စွာဘုရားသည် စည်းဝေးရောက်လာကြသော နတ်ငြဟ္မာအပေါင်းတို့ကို ကြည့်တော်မူ၍ ဤနတ်ငြဟ္မာအစည်းအဝေးကြီးကား အလွန်ကြီးကျယ်များပြားလှပေသည်၊ ဤမျှလောက် နတ်ငြဟ္မာအစည်းအဝေး၏ ကြီးကျယ်များပြားပုံကို ရဟန်းများ သိကြမည်မဟုတ်ချေ။ ယခုပင်လျှင် ထိုရဟန်းများသိအောင် ဟောကြားပေအံ့ဟု ကြံစည်တော်မူသည်။

ထိုသို့ ရှင်တော်ဘုရား ကြံစည်တော်မူသည်ကို နတ်ငြဟ္မာတို့က သိလေရာ ဤမျှလောက် များပြားကြီးကျယ်လှသော နတ်ငြဟ္မာတို့ အစည်းအဝေးဝယ် ရှင်တော်ဘုရားသည် တန်းခိုးကြီးသောနတ်ငြဟ္မာတို့၏ အမည်အနွယ်ကိုသာ ထုတ်ဖော်၍ ဟောကြားတော်မူပေလိမ့်မည်၊ တန်းခိုးငယ်သောနတ်ငြဟ္မာတို့၏ အမည်အနွယ်များကိုမူ ထုတ်ဖော်၍ ဟောကြားမည်မဟုတ်ဟု ထင်မှတ်ကြသည်။ ထိုနတ်ငြဟ္မာတို့၏ စိတ်အကြံကို ဘုရားရှင်သိတော်မူ၍ စကြဝဠာတသောင်းမှ လာရောက်ကြကုန်သော နတ်ငြဟ္မာအားလုံးတို့၏ အမည်အနွယ်ကို ထုတ်ဖော်၍ ဟောကြားရန် ကြံစည်ဆုံးဖြတ်တော်မူပြီးလျှင် ဖြစ်သစ်စ ရဟန္တာငါးရာတို့အား ဤသို့ မိန့်တော်မူ၏ "ရဟန်းတို့ ယခုအခါ အလွန်ကြီးကျယ်များပြားသော နတ်ငြဟ္မာအစည်းအဝေး 'မဟာသမယ' ကြီးသည် ဖြစ်လေပြီ၊ ဤသို့သော နတ်ငြဟ္မာအစည်းအဝေးကြီးသည် ရှေးဘုရားများပွင့်တော်မူစဉ်ကလည်း ဖြစ်ခဲ့လေပြီ၊ နောင် ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ မျက်မှောက်၌လည်း ဤမျှကြီးကျယ်များပြားသော နတ်ငြဟ္မာအစည်းအဝေးကြီးသည် ဖြစ်လတ္တံ့၊ ဤအစည်းအဝေးကြီးသို့ လာရောက်ကြကုန်သော နတ်ငြဟ္မာအပေါင်းတို့၏ အမည်အနွယ်တို့ကို သင်တို့အား ဟောကြားပေအံ့"ဟု မိန့်တော်မူပြီးလျှင် မဟာသမယသုတ်တော်ကို ဟောကြားတော်မူလေသည်။

မဟာသမယသုတ်နှင့် သုတ်တော်ခြောက်ခု

ရှင်တော်ဘုရားသည် အစည်းအဝေးကြီးသို့လာရောက်ကြသည့် နတ်ငြဟ္မာအပေါင်းတို့၏ အမည်အနွယ်တို့ကို ထုတ်ဖော်မြွက်ကြားကာ မဟာသမယသုတ်ကို ဟောတော်မူသည်။ ထိုမဟာသမယသုတ်တော်ကို ကြားနာကြရသော နတ်ငြဟ္မာအားလုံးတို့၏စိတ်သည် နူးညံ့ပျော့ပျောင်းကာ ရှင်တော်ဘုရားကို လွန်စွာကြည်ညိုကြလေသည်။

http://www.dhammadownload.com

မြတ်စွာဘုရားသည် ထိုအစည်းအဝေးသို့လာရောက်ကြသော ဗြဟ္မာတို့ကို ကြည့်ရှုတော်မူပြီးသော် ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်နှင့် မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်တို့ကို ရှေးရှုတော်ဖြင့် ခဲခြားသိမြင်တော်မူသည်။

ကျွတ်ထိုက်သော နတ်ဗြဟ္မာတို့တွင်လည်း စရိုက်ခြောက်ပါးနှင့်အညီ ပိုင်းခြားပြီးလျှင်—

(၁) ရာဂစရိုက်အားကြီးသော နတ်ဗြဟ္မာများ၊
(၂) ဒေါသစရိုက်အားကြီးသော နတ်ဗြဟ္မာများ၊
(၃) မောဟစရိုက်အားကြီးသော နတ်ဗြဟ္မာများ၊
(၄) သဒ္ဓါစရိုက်အားကြီးသော နတ်ဗြဟ္မာများ၊
(၅) ပညာစရိုက် (ဗုဒ္ဓိစရိုက်) အားကြီးသော နတ်ဗြဟ္မာများ၊
(၆) ဝိတက်စရိုက်အားကြီးသော နတ်ဗြဟ္မာများ—
ဟု ရှေးရှုတော်ဖြင့် သိမြင်တော်မူသည်။

ထိုနောက်မှ ကျွတ်ထိုက်သော နတ်ဗြဟ္မာတို့အတွက် ထိုပုဂ္ဂိုလ်တို့၏ စရိုက်နှင့်လျော်သော တရားဒေသနာတော်တို့ကို ဟောကြားချေချွတ်တော်မူရန် ရှေးရှုတော်ဖြင့် ဆင်ခြင်တော်မူပြီးလျှင် အောက်ပါအတိုင်း ပိုင်းခြားသတ်မှတ်တော်မူသည်။

(၁) ရာဂစရိုက်အားကြီးသော နတ်ဗြဟ္မာတို့အား သမ္မာပရိဗ္ဗာဇနီယသုတ်တော်ကို ဟောကြားပေအံ့၊
(၂) ဒေါသစရိုက်အားကြီးသော နတ်ဗြဟ္မာတို့အား ကလဟဝိဝါဒ သုတ်တော်ကို ဟောကြားပေအံ့၊
(၃) မောဟစရိုက်အားကြီးသော နတ်ဗြဟ္မာတို့အား မဟာဗျူဟသုတ်တော်ကို ဟောကြားပေအံ့၊
(၄) ဝိတက်စရိုက်အားကြီးသော နတ်ဗြဟ္မာတို့အား စူဠဗျူဟသုတ်တော်ကို ဟောကြားပေအံ့၊
(၅) သဒ္ဓါစရိုက်အားကြီးသော နတ်ဗြဟ္မာတို့အား တုဝဋ္ဋကသုတ်တော်ကို ဟောကြားပေအံ့၊
(၆) ပညာစရိုက်(ဗုဒ္ဓိစရိုက်)အားကြီးသော နတ်ဗြဟ္မာတို့အား ပုရာဘေဒသုတ်တော်ကို ဟောကြားပေအံ့ဟု ပိုင်းခြားသတ်မှတ်တော်မူသည်။

http://www.dhammadownload.com

နိဗ္ဗိတရုပ်ပွားဖန်ဆင်းတော်မူ၍ တရားဟောတော်မူခြင်း

မြတ်စွာဘုရားသည် နတ်ဗြဟ္မာပရိသတ်ကြီးကို ကြည့်ရှုတော်မူပြီးလျှင် မည်သို့မည်ပုံ တရားဟောကြားရမည်ကို ကျိုးသို့တဖန် ဆင်ခြင်တော်မူပြန်သည်။

တရားဟောကြားရာ၌—

(၁) အတ္တအဇ္ဈာသယ=ရှင်တော်ဘုရား ကိုယ်တော်မြတ်၏ အလိုဆန္ဒအတိုင်း ဟောကြားတော်မူခြင်း။

(၂) ပရအဇ္ဈာသယ=တရားနာကြသည့် သူတပါး၏ အလိုဆန္ဒအတိုင်း ဟောကြားတော်မူခြင်း။

(၃) အင်္ဂုပ္ပတ္တိက=အကြောင်းအရာတခုခု ဖြစ်ပေါ်လာသောကြောင့် ဟောကြားတော်မူခြင်း၊

(၄) ပုစ္ဆာဝသိက=သူတပါးလာရောက်မေးမြန်းခြင်းကို ဖြေဆိုသည့် နည်းမျိုးဖြင့် ဟောကြားတော်မူခြင်း—

ဟူ၍ ဟောကြားနည်း လေးမျိုးရှိရာတွင် မည်သည့်နည်းဖြင့် ဟောကြားမှသာ နတ်ဗြဟ္မာတို့ နားလည်မည်နည်းဟု ဆင်ခြင်တော်မူလေသော် အမေး အဖြေနည်းအားဖြင့် ဟောကြားမှသာ နားလည်နိုင်ကြမည်ကို သိမြင်တော်မူသည်။

ထို့နောက် မြတ်စွာဘုရားသည် မိမိဟောကြားမည့် တရားတော်မျှားကို နတ်ဗြဟ္မာတို့၏ စရိုက်အားလျော်စွာ ကြိုက်နှစ်သက်လောက်အောင်နှင့် တရားသဘောအနက်အဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှား သိနားလည်လွယ်အောင် အမေးပုစ္ဆာပြဿနာပြု၍ မေးနိုင်သူပုဂ္ဂိုလ်ကို ကြည့်ရှုရှာဖွေတော်မူသည်။ ထို့သို့ ကြည့်ရှုတော်မူလေသော် ဖြစ်သစ်စ ရဟန္တာငါးရာအနက်မှလည်း တပါးမျှ မေးစွမ်းနိုင်မည် မဟုတ်ကြောင်းကို သိမြင်တော်မူသည်။ ထို့နောက် မဟာသာဝက တပည့်ကြီးရှစ်ဆယ်တို့ကိုလည်း၊ အဂ္ဂသာဝကကြီး နှစ်ပါးတို့ကိုလည်း အမေး ပြဿနာ ပြုနိုင်မည် မပြုနိုင်မည်ကို ဆင်ခြင်၍ကြည့်ပြန်ရာ ပြုနိုင်မည်မဟုတ်ကြောင်းကို သိမြင်တော်မူပြန်သည်။ ထို့နောက်ဘဖန် အကယ်၍ ပစ္စေကဗုဒ္ဓါ ရှိခဲ့လျှင် အမေးပြဿနာ ပြုစွမ်းနိုင် မစွမ်းနိုင်မည်ကို ဆင်ခြင်တော်မူပြန်ရာ အရှင် ပစ္စေကဗုဒ္ဓါသည်ပင်လျှင် အမေးပြဿနာ ပြုနိုင်မည်မဟုတ်ကြောင်းကို သိမြင်တော်မူပြန်သည်။ သို့ကြောင့် ဗြဟ္မာ စသည်တို့သည်လည်း ထိုနည်းတူပင် အမေးပြဿနာ ပြုနိုင်မည်မဟုတ်ကြောင်းကို သိမြင်တော်မူသည်။

http://www.dhammadownload.com

နောက်ဆုံး၌ "ငါကဲ့သို့သော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်မျှားသည်သာလျှင် နတ်ဗြဟ္မာတို့၏ စရိုက်နှင့် လျော်ညီစွာ ထိုးထွင်း၍ သိနားလည်အောင် အမေးပြဿနာကို ပြုနိုင်ပေရာသည်" ဟု သိမြင်တော်မူသဖြင့် အဆုံးမရှိ မရေမတွက်နိုင်အောင် မျှားလှစွာသော လောကဓာတ်တို့၌ အခြားဘုရား ရှိမရှိကို ကြည့်ရှုတော်မူရာ တဆူသော ဘုရားရှင်ကိုမျှ မြင်တော်မမူပေ။ (စင်စစ်အားဖြင့် စကြဝဠာအနန္တတို့၌ တကြိမ်လျှင် သမ္မာသမ္ဗုဒ္ဓဘုရား တဆူသာပွင့်မြဲဖြစ်သည်။) ထိုအခါ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဤသို့ ဆင်ခြင်တော်မူပြန်သည် " ငါတပါးတည်းသာ ငါကိုယ်တော်တိုင် မေး၍ ငါကိုယ်တော်တိုင် ဖြေဆိုဟောကြားတော်မူလျှင်လည်း နတ်ဗြဟ္မာတို့မှာ ငါ၏တရားတော်ကို ထိုးထွင်း၍ သိမြင်နိုင်ကြမည်မဟုတ်။ အခြားဘုရားတဆူက အမေးပြဿနာပြု၍ ငါဘုရားက ဖြေဆိုဟောကြားကာ ဘုရားနှစ်ဆူ အမေးအဖြေပြုကြမှသာလျှင် နတ်ဗြဟ္မာတို့အတွက် ရင်သပ်ရှုမော အံ့သြကြည်ညိုဘွယ် ဖြစ်မည်၊ ထို့ပြင် ကုဋေခြောက်သိန်းသောနတ်ဗြဟ္မာတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ မရေမတွက်နိုင်အောင် များပြားသည့် နတ်ဗြဟ္မာတို့သည် အရိယာဖြစ်ပြီးလျှင် ကျွတ်တမ်းဝင်ကြပေမည်။ ထို့ကြောင့် ငါဘုရားနှင့်အသင့်တူသည့် နိမ္မိတရုပ်ပွါး ကိုယ်စားတော် ဘုရားတဆူကို ဖန်ဆင်းတော်မူပြီးလျှင် အမေးပြဿနာကို ပြုစေအံ့" ဟု ကြံစည်တော်မူသည်။

ထိုသို့ ကြံစည်တော်မူပြီးနောက် မြတ်စွာဘုရားသည် အာဘိဉာဉ်၏ အခြေခံဖြစ်သော စတုတ္ထစျာန်သမာပတ်ကို ဝင်စားတော်မူပြီးလျှင် ထိုစျာန်မှ ထ၍ "ငါဖန်ဆင်းအပ်သော နိမ္မိတဘုရားရှင်၏ သပိတ်သင်္ကန်းကိုင်ပုံ, ရှေးရှုတူရှုကြည့်ပုံ, ခေါင်းငဲ့၍ကြည့်ရှုပုံ, လက်ခြေတို့ ကွေးပုံ ဆန့်ပုံ စသည့် အလုံးစုံအမူအရာသည် ငါဘုရားနှင့် တူစေသတည်း" ဟု ကာမာဝစရကြိုယာစိတ်ဖြင့် ပရိကမ်အစီအမံကို ပြုတော်မူပြီးလျှင် အရှေ့ယုဂန္ဓိုရ်တောင်စွန်းမှ ပေါ်ထွန်းလာသော လ-ဝန်းကြီးအတွင်းမှ ဖောက်ခဲ့ ထွက်ပြုလာသကဲ့သို့ နိမ္မိတဘုရားရှင်သည် ကွလာစေသတည်းဟု အဓိဋ္ဌာန်ပြုကာ ဖန်ဆင်းတော်မူသည်။

နတ်ဗြဟ္မာတို့သည် ပြိုးပြိုးပြက်ပြက် တဖိတ်ဖိတ်လက်သော ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် ပေါ်ထွက်လာသော နိမ္မိတရုပ်ပွါး ဘုရားရှင်ကို မြင်တော်မူကြသည်။ ထိုအခါ ပုထုဇဉ်ဖြစ်သော နတ်ဗြဟ္မာတို့၏စိတ်၌ လ-နှစ်စင်းပင် ထွက်ပေါ်လာလေသလော, သို့မဟုတ် ဝင်သွားပြီးသောနေသည်ပင် တဖန်ပြန်ထွက်လာလေသလော, နတ်ဗိမာန်တခုပင် ဖြစ်လေသလော, တန်းခိုးကြီးသော နတ်သားတဦးပင် ဖြစ်လေသလော, မဟာဗြဟ္မာကြီးပင် ဖြစ်လေသလော ဟု

http://www.dhammadownload.com

ကြံစည်တွေးတောခြင်း ဖြစ်ကြသည်။ အနီးသို့ရောက်သောအခါ၌လည်း အခြားစကြဝဠာမှ ဘုရားရှင်တဆူ ကြွတော်မူလာသည်ဟု ထင်မြင်တွေးတောကြလျက် ဘုရားရှင်တဆူတည်းသော်မှ ဤမျှလောက် များပြားသည့် နတ်ဗြဟ္မာအစည်းအဝေးကြီး ဖြစ်ခဲ့လျှင် နှစ်ဆူသော ဘုရားရှင်တို့အတွက်မှာမူ အဘယ်မျှလောက်ကြီးကျယ်သည့် အစည်းအဝေးကြီး ဖြစ်လေမည်နည်းဟု တအံ့တသြ ပြောဆိုချီးကျူး၍ မကုန်နိုင်ကြတော့ပေ။

အရိယာနတ်ဗြဟ္မာတို့ကမူ လောကဓာတ်တခုထဲ၌ တကြိမ်လျှင် ဘုရားနှစ်ဆူ ပွင့်မြဲမဟုတ်၊ ယခု ကြွလာသောဘုရားတဆူမှာ ရှင်တော်ဂေါတမဘုရား ဖန်ဆင်းတော်မူသည့် နိမ္မိတရုပ်ပွါး ဘုရားသာ ဖြစ်သည် ဟု ကြံစည်တွေးတော သိမြင်ကြသည်။

နိမ္မိတဘုရားရှင်သည် နတ်ဗြဟ္မာတို့ ကြည့်ရှုနေစဉ်ပင် ကြွလာတော်မူ၍ ဘုရားရှင်ကို ရှိမခိုးပဲ ရှေ့တည့်တည့်အရပ်၌ သီတင်းသုံး ထိုင်နေတော်မူသည်။

ဘုရားရှင်၌ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ရှိသကဲ့သို့ နိမ္မိတဘုရား၌လည်း ရှိသည်။

ဘုရားရှင်၌ ပြိုးပြိုးပြက်ပြက် တဖိတ်ဖိတ်လက်သော ရောင်ခြည်တော်ခြောက်ပါးရှိသကဲ့သို့ နိမ္မိတဘုရား၌လည်း ပြိုးပြိုးပြက်ပြက် တဖိတ်ဖိတ်လက်သော ရောင်ခြည်တော်ခြောက်ပါး ရှိသည်။ ဘုရားတဆူမှ ထွန်းလင်း ထွက်ပေါ်လာသော ရောင်ခြည်တော်တို့သည် အခြားဘုရားတဆူကို ထိခိုက်လေသည်။ ဘုရားနှစ်ဆူတို့မှ ထွန်းလင်းထွက်ပေါ်လာသော ရောင်ခြည်တော်တို့သည် ပေါင်းယှက်ကာ အကနိဋ္ဌဗြဟ္မာဘုံသို့ ဆိုက်ရောက်အောင် ကွန့်မြူးပြီးလျှင် ထိုဘုံမှ တဖန် ဖြာကျလာ၍ နတ်ဗြဟ္မာတို့ ဦးခေါင်းပေါ်သို့ သက်ဆင်းကာ စကြဝဠာ အနားရေး၌ ရစ်ပတ်၍ တည်လေသည်။ စကြဝဠာတိုက်ကြီးတခုလုံးသည် ရွှေသားအခြင်ဖြင့် မြွေးရစ် ပတ်ဖွဲ့ထားသော စေတီအိမ်ကဲ့သို့ တင့်တယ်လှပေသည်။ စကြဝဠာတသောင်းမှ မဟာသမယအစည်းအဝေးကြီးသို့ လာရောက်ကြသော နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားနှစ်ဆူတို့၏ ရောင်ခြည်တော်အတွင်း၌ တည်ရှိနေကြသည်။

ထို့နောက် နိမ္မိတရုပ်ပွါးဘုရားရှင်သည် နတ်ဗြဟ္မာအသီးသီးတို့၏ စရိုက်နှင့်လျော်သော သုတ်တော်ခြောက်ခုကို အမေးပြဿနာပြု၍ လျှောက်ထားရာ ပကတိရှင်တော်ဘုရားက ဖြေဆိုဟောကြားတော်မူလေသည်။

http://www.dhammadownload.com

ရဟန္တာ ကုဋ္ဌေတသိန်းစီ ဖြစ်ခြင်း

မဟာသမယအစည်းအဝေးကြီးသို့ လာရောက်ကြသော နတ်ဗြဟ္မာအပေါင်းတို့၏ အမျိုးအနွယ်, အမည်စသည်တို့ကို ထုတ်ဖော် ဟောကြားတော်မူသည့် မဟာသမယသုတ်တော်ကြီးနှင့် စရိုက်ခြောက်ပါးအားလျော်စွာ ဟောကြားတော်မူသော သုတ်တော်ခြောက်ခုတို့ကို ကြားနာရသဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်ကြသော အရိယာ နတ်ဗြဟ္မာတို့ကား မရေမတွက်နိုင်အောင် များပြားလှပေသည်။စရိုက်အလိုက် ဟောကြားတော်မူသည့်သုတ်တော်ခြောက်ခုတို့အတွက် သုတ်တခုတခုအပြီးတွင် နတ်ဗြဟ္မာပေါင်း ကုဋ္ဌေတသိန်းစီမျှ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။ ဤမဟာသမယ ဒေသနာတော်မြတ်ကို နတ်ဗြဟ္မာတို့သည် အစဉ်မပြတ် ကြည်ညိုလေးမြတ်စွာ ကြားနာလိုကြပေသည်။

မာရ်နတ် နှောက်ရှက်ခြင်း

ဤ မဟာသမယသုတ်တော်နှင့် စရိုက်ခြောက်ပါးအားလျော်သော သုတ်တော်ခြောက်ခုတို့ကို ဟောကြားသောအခါ နမုစိမည်သောမာရ်နတ်သည်လည်း ဝေပစိတ္တိအသုရာ, သုစိတ္တိအသုရာတို့နှင့် အတူပူးပေါင်း၍ လိုက်ပါလာသည်။

မာရ်နတ်သည် နတ်ဗြဟ္မာတို့၏ အကြားအကြား၌ မိမိ၏ စစ်သည်တပ်သားများကို စေလွှတ်ပြီးလျှင် "မလစ်မလပ် ဝိုင်းထားကြရမည်၊ တယောက်မျှမလွှတ်ကြစေနှင့်"ဟု အမိန့်ပေးထားသည်။

မာရ်နတ်၏ စစ်သည်များသည် နတ်ဗြဟ္မာတို့၏အကြားအကြား၌ ထိတ်လန့်ဖွယ်,ကြောက်မက်ဖွယ်များကို ပြ၍ ဘုရားတရားတော်၌ ထိုးထွင်း၍ အသိဉာဏ်မသက်ဝင်နိုင်အောင် ချောက်လှန့်ကြလေသည်။ မာရ်နတ်သည် မိမိပြုမြဲအစဉ်အလာအတိုင်း သစ္စာလေးပါးသိမှု၏အန္တရာယ်ကို ပြုခြင်းပင်ဖြစ်သည်။ ဘုရားရှင်တို့၏ဓမ္မတာမှာလည်း သစ္စာလေးပါးကို ထိုးထွင်းသိမြင်မည့်ပရိသတ်ကို ဘေးရန်အားလုံးမှ ကင်းလွတ်အောင် ကာကွယ် စောင့်ရှောက်မြဲဖြစ်သည်။ ထို့ကြောင့် မာရ်နတ်နှင့် ၎င်း၏စစ်သည်များ ချောက်လှန့်ပြသသော အဆင်း,အသံတို့ကို နတ်ဗြဟ္မာတို့ မမြင်မကြားစေရန် အဓိဋ္ဌာန်ပြု၍ တားဆီးကာကွယ်တော်မူသည်။

ထို့ပြင် နုနယ်ပျိုမျစ် ဖြစ်သစ်စရဟန္တာအရှင်မြတ်တို့ကိုလည်း မာရ်မင်း၏ရန်မှ ကာကွယ်ရန် ဖလသမာပတ်ကို ဝင်စားစေတော်မူသည်။ မာရ်နတ်လည်း အရိယာအရှင်တို့နှင့်တကွ နတ်ဗြဟ္မာပရိသတ်ကြီးကို မွေးညှင်းတပင်မျှ တုန်လှုပ်အောင်မတတ်နိုင်သဖြင့် အကြံမအောင်ဘဲ လက်မှိုင်ချကာ ၎င်း၏ စစ်သည်များနှင့်တကွ ဖဲခွါပြန်သွားရလေသည်။

http://www.dhammadownload.com

နတ်တို့ ချစ်နှစ်သက်ပုံ

နတ်ဗြဟ္မာတို့သည် မဟာသမယသုတ်တော်ကို အဘယ်မျှလောက် ကြားနာလိုကြသည်, နှစ်သက်ကြသည်, မြတ်နိုးကြသည် ဟူသော အကြောင်းကို—

"ဣဒံ ပန မဟာသမယသုတ္တံ နာမ ဒေဝတာနံ ပိယံ မနာပံ၊ ဒေဝတာ ကိရ ဣဒံ သုတ္တံ သုဏိဿာမာတိ ဩဟိတသောတာ ဝိစရန္တီ"

ဟူ၍ပင် ပြဆိုတော်မူသည်။

အနက်။ ။ဣဒံ ပန မဟာသမယသုတ္တံ နာမ = ဤမဟာသမယသုတ် အမည်ရှိသောဒေသနာတော်ကို။ ဒေဝတာနံ = နတ်တို့သည်။ ပိယံ = ချစ်နှစ်သက်အပ်၏။ မနာပံ = နှလုံးကိုပွါးစေအပ်၏။ ဣဒံ သုတ္တံ = ဤမဟာသမယသုတ် ဒေသနာတော်ကို။ သုဏိဿာမာတိ = နာကြားကြမည်ဟူ၍။ ဒေဝတာ = နတ်တို့သည်။ ဩဟိတ သောတာ = ထောင်သောနား ရှိကုန်သည်ဖြစ်၍ (နားထောင်ကြ၍)။ ဝိစရန္တိ ကိရ = သွားလာလှည့်လည် နေကြကုန်သတတ်။

ထို့ကြောင့်ပင် ဒဋ္ဌရိနိကာယ အာဒိကမ္မိကပုဂ္ဂိုလ် အုတ်ဖိုဆရာတော် ဘုရားကြီးကလည်း ဤမဟာသမယသုတ်တော်ကို "ဒေဝတာ ပိယသုတ္တံ"ဟု အမည်ထူး ပေးတော် မူခဲ့ပေသည်။

နတ်တို့ ချစ်နှစ်သက်ပုံ သက်သေ

မဟာသမယသုတ်တော်ကို နတ်တို့သည် အထူးသဖြင့် ကြည်ညိုလေးမြတ်နှစ်သက်ကြကုန်သည်။ ဤသုတ်ကို ကြားနာကုန်အံ့ဟု မပြတ် လှည့်လည်စူးစမ်းကြသည်။ ဤသုတ်ကို မင်္ဂလာနှင့်စပ်လျဉ်းသော နေရာဌာန ကိစ္စတို့ဌိုင်ရင်း၊ အိမ်သစ် ရွာသစ် မြို့သစ် အစရှိသော အသစ်ဖြစ်သော နေရာဌာနတို့ဌိုင်ရင်း ဟောကြားအပ်, ရွတ်ဖတ်အပ်ပေသည်။ မဟာသမယသုတ် ဟောကြားရွတ်ဖတ်ရာအရပ်သို့ တန်းခိုးကြီးသော နတ်တို့ အမြဲ ရောက်လာကြသဖြင့် လူတို့အား နှိပ်စက်ညှဉ်းပန်းတတ်သော မြေဘုတ်ဘီလူးစသည်တို့သည် ဖဲခွါသွားကြရသည်။

ဤ မဟာသမယသုတ်တော်ကို နတ်တို့ မည်မျှ ချစ်ခင်နှစ်သက်ကြောင်း သက်သေသာဓက ဝတ္ထုတခုကို အဋ္ဌကထာဌ ဤသို့ ဖော်ပြတော်မူသည်။

သီဟိုဠ်ကျွန်းဌ ကောဋိပဗ္ဗတမည်သော ကျောင်းတိုက်အတွင်းဝယ် နာဂလေဏမည်သော လိုဏ်ဂူကြီးတခုရှိသည်၊ ထိုလိုဏ်ဂူတံခါးဝဌ ပေါက်ရောက်နေသော ကုံကော်ပင်ဝယ် နတ် သုံး ကလေးတဦး နေသည်။ တနေ့သဌ် ရဟန်းငယ်ကလေးတပါးသည် ထိုလိုဏ်ဂူအတွင်းဌ မဟာသမယသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်၍

http://www.dhammadownload.com

နေတော်မူရာ ကုံကော်ပင်စောင့် နတ်သမီး ကလေးသည် အားရဝမ်းသာ ကြည်ညိုစွာ တရားနာ၍ နေလေသည်။ ရှုတ်ဖတ်သရဇ္ဈာယ်၍ပြီးသည်နှင့်တပြိုင်နက် နတ်သမီးကလေးသည် အသံထွက်၍ ကောင်းချီးပေးလေသည်။ နတ်သမီး၏ အသံကိုကြားသောအခါ ရဟန်းငယ်က စတင်မေးမြန်းရာမှ နတ်သမီးကလေးနှင့် အောက်ပါအတိုင်း အခေျ အတင် ပြောဆိုကြလေသည်။

(ရဟန်းငယ်) ယခုကောင်းချီးပေးသူသည် မည်သူနည်း။

(နတ်သမီး) တပည့်တော်မ ကုံကော်ပင်စောင့်နတ်သမီး ဖြစ်ပါသည် ဘုရား။

(ရဟန်းငယ်) အဘယ့်ကြောင့် ကောင်းချီးပေးပါသနည်း။

(နတ်သမီး) တပည့်တော်မသည် မဟာသမယသုတ်ကို မဟာဝုန်တော၌ မြတ်စွာဘုရား ဟောတော်မူသည်ကို ကြားနာရပြီးသည့်နောက် ယခုတဖန် ကြားနာရခြင်း ဖြစ်ပါသည် ဘုရား။ ယခု အရှင်ဘုရား ရှုတ်ဖတ်သရဇ္ဈာယ်တော်မူသော မဟာသမယသုတ်သည် မြတ်စွာဘုရားရှင် ဟောတော်မူချက်နှင့် တလုံးတလေမျှ သော်မှ ကဲလွဲခြင်းမရှိဘဲ မှန်ကန်လှပါသည် ဘုရား။

(ရဟန်းငယ်) မဟာသမယသုတ်ကို ဘုရားရှင်ဟောကြားတော်မူစဉ် အခါတုန်းက လာရောက်ကြသည့် နတ်ပြဟ္မာတို့မှာ အလွန် များပြားလွန်းသဖြင့် ကျည်တောက်ထဲ၌ အပ်တွေအပြည့်အကျပ်ထည့်ထားသကဲ့သို့ ဖြစ်သည်ဟု ကြားသိ မှတ်သားရသည်။ ထို တရားနာ နတ်ပြဟ္မာ အစည်းအဝေးပွဲမှာ အသင်နတ်သမီးကလေးသည် မည်သည့်နေရာကနေ၍ မဟာသမယသုတ်တော်ကို နာယူလိုက်ရပါသနည်း။

(နတ်သမီး) ထိုအခါက ဘုရားတပည့်တော်မသည် မဟာဝုန်တော၌ နေသည့် နတ်သမီး ဖြစ်ပါသည်။ သို့သော်လည်း မဟာသမယတရားသဘင်သို့ တန်းခိုးကြီးသည့် နတ်ပြဟ္မာများ လာရောက်ကြသည်မှာ များလွန်းလှသဖြင့် ဇမ္ဗူဒီပါကျွန်းမှာ တပည့်တော်မအတွက် နေရာ မရနိုင်ပါ။ ထို့ကြောင့် တပည့်တော်မသည် ဤသီဟိုဠ်ကျွန်းသို့ လာပြီးလျှင် ဇမ္ဗူကောလပဋ္ဋ သဘော်ဆိပ်၌ နေ၍ တရားနာရန် ကြိုးစားပါသည်။

http://www.dhammadownload.com

သို့ရာတွင် တန်းခိုးကြီးသော နတ်များ ထပ်မံ ရောက်လာပြန်သောကြောင့် ရှောင်ရှားပေးခဲ့ရ ပြန်ပါသည်။ နောက်ဆုံး၌ တပည့်တော်မသည် ရောဟဏ ဇနပုဒ် မဟာဂါမရွာကြီး၏ အနောက်ဘက်၌ ရှိသော သမုဒ္ဒရာရေစပ်မှာ လည်ပင်းထိအောင် ဆင်းပြီးလျှင် တရားတော်ကို နာရပါသည် ဘုရား။

(ရဟန်းငယ်) အို–နတ်သမီး၊ အသင် တရားနာသော နေရာသည် မြတ်စွာဘုရား တရားဟောတော်မူသည့် မဟာဝုန်တောမှ အလွန်ကွာဝေးလှသည်။ အသင်၏နေရာက နေ၍ ဘုရားရှင်ကို ဖူးမြင်နိုင်ပါ၏လော။

(နတ် သမီး) အရှင်ဘုရား၊ အဘယ့်ကြောင့် ဤသို့ မေးတော် မူလိုက်ဘိသနည်း၊ ထိုစဉ်အခါက မဟာဝုန်တောဌာန၌ မဟာသမယသုတ်ကို ဟောကြားနေတော်မူသော မြတ်စွာဘုရားသည် ဘုရားတပည့်တော်မကိုသာ မပြတ်ကြည့်ပြီး ဟောနေတော်မူသည်ဟု ထင်မှတ်ရပါသည် ဘုရား။ ထို့ကြောင့်ပင် ဘုရား တပည့်တော်မသည် ရံဖန် ရံခါ၌ လှိုင်းတံပိုးတို့၏ အကြား၌ ပုန်းကွယ်၍ နေရပါသည် ဘုရား။

(ရဟန်းငယ်) အို — နတ်သမီး၊ မဟာသမယ သုတ်ကို ဟောကြား တော်မူပြီးသောအခါ ကုဋေတသိန်းလောက်စီသော နတ်ဗြဟ္မာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြသည်။ အသင်နတ်သမီးသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ရပါသလား။

(နတ်သမီး) မပြုခဲ့ရပါဘုရား။

(ရဟန်းငယ်) သို့ဖြစ်လျှင် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခဲ့ရပါသလား။

(နတ်သမီး) မပြုခဲ့ရပါဘုရား။

(ရဟန်းငယ်) သို့ဖြစ်လျှင် သကဒါဂါမိဖိုလ်ကိုမျက်မှောက်ပြုခဲ့ရပါသလား။

(နတ်သမီး) မပြုခဲ့ရပါဘုရား။

(ရဟန်းငယ်) မဟာသမယသုတ်ကို ဟောကြားပြီးသောအခါ အောက်မဂ် အောက်ဖိုလ်ကို မျက်မှောက်ပြုကြရသည့် နတ်ဗြဟ္မာတို့သည် မရေမတွက်နိုင်အောင်များပြားကြသည်ဟု ကြားဘူးသည်။

http://www.dhammadownload.com

အသင် နတ်သမီးကလေးသည် သောတာပတ္တိဖိုလ်လောက်ကို တော့ မျက်မှောက်ပြုခဲ့ရသည် မဟုတ်ပါလော။

(နတ်သမီး) (နတ်သမီးသည် ထိုမဟာသမယသုတ် ဟောကြားတော်မူသော နေ့၌ သောတာပတ္တိဖိုလ်သို့သာ ရောက်သောကြောင့် ရှက်စနိုးသော အသံဖြင့်) အရှင်ဘုရားသည် မမေးသင့်သော အရာကို ထပ်ခါတလဲလဲ မေးပါဘိသည်။

(ရဟန်းငယ်) အသင်နတ်သမီး အသင်နတ်သမီးကလေး၏ ကိုယ်ကို ကျွန်ုပ် မြင်အောင် ပြနိုင်ပါသလား။

(နတ်သမီး) တကိုယ်လုံးကိုပြခြင်းငှါ မတတ်ကောင်းပါ၊ လက်တဆစ်လောက်မျှကိုသာ ပြနိုင်ပါမည်။

အထက်ပါအတိုင်း လျှောက်ထားပြီးလျှင် ကံ့ကော်ပင်စောင့် နတ်သမီးသည် လိုဏ်ဂူတံခါး၏သံကောက်ပေါက်မှ လက်ချောင်းကလေးကိုသွင်း၍ပြလိုက်သည်။ ထိုလက်ချောင်းကလေးမှ ထွန်းတောက်သောအရောင်သည် လ-ပေါင်းတထောင် နေပေါင်းတထောင် ထွန်းလင်းသကဲ့သို့ တောက်ပသည်။ ထို့နောက် နတ်သမီးကလေးက "အရှင်ဘုရား ရဟန်းတရားကို မမေ့မလျော့ မပေါ့မဆ အားထုတ်၍ နေတော်မူပါဘုရား" ဟု လျှောက်ထားပြီးလျှင် ပျောက်ကွယ်သွားလေသည်။

မဟာသမယသုတ်နှင့် သုတ်တော် ခြောက်သုတ်

မဟာသမယသုတ်=[မဟာသမယ=ကြီးကျယ်သော အစည်းအဝေး၊ သုတ္တ= ဟောကြားတော်မူသော စကားတော်အစဉ်။]

=နယုန်လပြည့်နေ့ လပြည့်ဝန်းကြီးထွက်ပေါ်လာစအချိန်ဝယ် စကြဝဠာတသောင်းမှ လာရောက်ကြသည့် နတ်ဗြဟ္မာတို့ အစည်းအဝေးကြီး၌ မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာအားလုံးတို့၏ အမည်အနွယ်တို့ကို ထုတ်ဖော်မြွက်ကြားကာ နှုတ်ခွန်းဆက်စကား မိန့်ကြားတော်မူသည်၊ ရှင်တော်ဘုရား၏ နှုတ်ခွန်းဆက် မိန့်ကြားသည့် စကားတော်များကိုပင် "မဟာသမယသုတ်" ဟု ခေါ်သည်။

သုံးလူ့ထွတ်ထား ရှင်တော်မြတ်ဘုရားက အမည် အနွယ်တို့ကို ထုတ်ဖော်မြွက်ကြားကာ နှုတ်ခွန်းဆက်စကား မိန့်ကြားတော်မူသဖြင့် အစည်းအဝေးကြီးသို့ လာရောက်ကြသည့် နတ်ဗြဟ္မာအားလုံးတို့၏ စိတ်သည် နူးညံ့ပျော့ပျောင်း

http://www.dhammadownload.com

ကာ ရှင်တော်ဘုရားကို လွန်စွာ ညှတ်ကိုင်းကြည်ညိုကြသည်၊ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူလတ္တံ့သော တရားမျှားကို နာကြားခံယူကြရန် စိတ် ညှတ်ကိုင်းနေကြလေပြီ။

ရှင်တော်မြတ်ဘုရားသည် စရိုက်ခြောက်ပါးနှင့်လျော်စွာ သုတ်တော်ခြောက် သုတ်ကို ဟောကြားတော်မူသည်၊ ထိုသုတ်တို့ကိုဟောကြားရာ၌ နိမ့်မိတရုပ်ပွါး ဘုရားရှင်က ပြဿနာပြု၍ မေးမြန်းလျှောက်ထားသည်ကို ပကတိ ဂေါတမ ဘုရားရှင်က ဖြေဆိုဟောကြားတော်မူသည်၊ နတ်ဗြဟ္မာတို့ သိနားလည်လွယ် စေရန် အမေး-အဖြေနည်းအားဖြင့် ဟောခြင်းပင် ဖြစ်သည်။ ထိုခြောက်သုတ် တို့ကို သိသာရုံမျှ အကျဉ်းချုပ် ဖော်ပြပါအံ့။

သုတ်တော်ခြောက်ခု အကျဉ်းချုပ်

(၁) သမ္မာပရိဗ္ဗာဇနီယသုတ်

(သုတ္တနိပါတ်၊စူဠဝဂ်၊သုတ်အမှတ်စဉ်-၁၃၊မြန်မာပြန် နှာ-၃၁၃၊ပါဠိ နှာ-၃၃၂)

သမ္မာပရိဗ္ဗာဇနီယသုတ်=[သမ္မာ=ကောင်း+ပရိဗ္ဗာဇနီယ(ပရိ+ဝဇ+အနီယ) =အလုံးစုံကို စွန့်ပစ် ထွက်ခွါသွား၍ ကျင့်ခြင်း+ သုတ္တ=ဟောတော်မူသော စကားတော်အစဉ်။]

= အိမ်ရာထောင်သည့် လူ့ဘောင်မှ စွန့်ခွါ ထွက်သွား သည့် ပုဂ္ဂိုလ်တို့ကျင့်အပ်သော အကျင့်ကို ဟောပြ တော်မူသောသုတ် ဖြစ်သည်။

ဤသုတ်ကို ရှင်တော်ဘုရားသည် တပ်မက်မှု ရာဂစရိုက်မျှားသော နတ် ဗြဟ္မာတို့ ကျွတ်တမ်းဝင်ရန်အတွက် ဟောကြားတော်မူသည်၊ အိမ်ရာထောင် သည့် လူ့ဘောင်မှ စွန့်ခွါရှောင်ထွက်သွားသည့် ရဟန်းပုဂ္ဂိုလ်တို့သည် လောက နှင့် လောကီအာရုံတို့အပေါ်၌ စဲလမ်းကပ်ငြိတွယ်တာမှု မရှိအောင် မည်ကဲ့သို့ ကျင့်ရမည်ကို နည်းဆယ့်ငါးမျိုးဖြင့် အကျယ်တဝင့် ဖြေဆိုဟောကြားတော်မူ ခဲ့သည်။

နိမ့်မိတဘုရားရှင် – မေး အရှင်ဘုရား အိမ်ရာထောင်သည့် လူ့ဘောင်မှ ထွက် ထွက်ခွါသွားသော ရဟန်းတို့သည် လောကကြီး အပေါ်၌ ကပ်ငြိတွယ်တာခြင်း မရှိအောင် မည်သို့ ကျင့်ရပါမည်နည်း။

ပကတိဘုရားရှင် – ဖြေ လောကကြီးနှင့် လောကီအာရုံတို့အပေါ်၌ တပ်မက် ခြင်းကင်းအောင် ကျင့်ကြံသည့်ပုဂ္ဂိုလ်တို့မှာ—

http://www.dhammadownload.com

(၁) ဒိဋ္ဌမင်္ဂလာစသော နိမိတ်ယူခြင်းများ, လက္ခဏာဗေဒင်များ, အိပ်မက်ကျမ်းစသည်တို့၌ အားကိုးယုံကြည်ခြင်း မရှိ။

(၂) ကာမဂုဏ်ငါးပါးတို့၌ တပ်မက်မှု မရှိ။

(၃) ကုန်းတိုက်ခြင်း, ဝန်တိုခြင်း, အမျက်ထွက်ခြင်း, တပ်မက်တတ်ခြင်း မရှိ၊ တဏှာဖြင့် ချစ်ဖွယ်ရာလည်း မရှိ၊ ဒေါသဖြင့် မုန်းဖွယ်ရာလည်း မရှိ။

(၄) မည်သည့်အရာမျိုးကိုမျှ စွဲလမ်းခြင်းမရှိပဲ သံယောဇဉ်၏ အာရုံတရားတို့မှ လွတ်ကင်းသည်။

(၅) ကိုယ်ခန္ဓာတို့ကို အနှစ်သာရဟု မစွဲလမ်း၊ သူတပါးတို့က မဆဲဆောင့်နှိုင်အောင် စိတ်ဓာတ်ရင့်သန်သည်။

(၆) ကိုယ်နှုတ်နှလုံး သုံးပါးလုံး စင်ကြယ်သန့်ရှင်း၍ သစ္စာလေးပါးကိုသိမြင်ကာ မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်ကို ရလိုသည်။

(၇) ငါ့ကို ရိုသေကြသည်,ရှိခိုးကြသည်ဟူ၍ တက်ကြွ မောက်မာ စိတ်ကြီးဝင်ခြင်း မရှိ၊ ဆဲရေးသဖြင့်လည်း ရန်ငြိုးမထား၊ သူတပါးတို့ပေးလှူသည့် ပစ္စည်းတို့ကြောင့် ငါမူကား လာဘ်လာဘမျှားသူဟု မာန်မာန မရှိ။

(၈) အလွန်အကြူး တပ်မက်ခြင်း,သတ်ဖြတ်ခြင်းတို့ကို ရှောင်ကြဉ်၍ ယုံမှားခြင်းကင်းပြီး ဖြစ်သည်။

(၉) မိမိ ပြုလုပ်အပ်သောအကျင့်ကို ကျင့်ဆောင်၍ သူတပါးအား မညှဉ်းဆဲ။

(၁၀) မကောင်းမှု အကုသိုလ် အနုသယတရား အားလုံးကို အကြွင်းမဲ့ ပယ်ထားပြီး ဖြစ်သည်။

(၁၁) တပ်မက်မှုရာဂနှင့် ထောင်လွှားမှု မာန်မာနတို့ကို ပယ်ပြီး၍ ယဉ်ကျေးတည်ငြိမ်သောစိတ် ရှိသည်။

(၁၂) မိစ္ဆာဒိဋ္ဌိအယူမှ စင်ကြယ်၍ ရတနာသုံးပါး၌ မဖောက်မပြန်ကြည်လင်မှု သဒ္ဓါ ရှိသည်၊ အကြားအမြင်ပြည့်စုံ၍ မင်ရသည်။

(၁၃) အရဟတ္တာမင်္ဂဖြင့် သံယောဇဉ်အားလုံးကို ပယ်ပြီး ဖြစ်သည်။

http://www.dhammadownload.com

(၁၄) လွန်ပြီးသော ခန္ဓာတို့၌ရင်း, ဖြစ်လတ္တံ့သော ခန္ဓာတို့၌ရင်း "ငါ, ငါ့ဥစ္စာ"ဟု ကြံစည်မှု တဏှာဒိဋ္ဌိ မရှိမူ၍ အလွန်စင်ကြယ်သော ပညာရှိ ဖြစ်သည်။

(၁၅) ဒုက္ခအပေါင်း၏တည်ရာ ဖြစ်ခြင်းကြောင့် ဥပဓိဟု ခေါ်သော ခန္ဓာ ငါးပါး, ကာမဂုဏ်ငါးပါး, ကိလေသာဆယ်ပါး, အဘိသင်္ခါရသုံးပါး တို့ကို ကုန်ဆုံးစေပြီးလျှင် သစ္စာလေးပါးကို မဂ်ပညာဖြင့် သိပြီးဖြစ်သည်။

အထက်ဖော်ပြပါ အကျင့်တို့နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်တို့သည် လောကကြီးနှင့် လောကီအာရုံတို့အပေါ်၌ တပ်မက်ခြင်းကင်းအောင် ကျင့်ကြံကြသည့်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

(၂) ပုရာဘေဒသုတ်

(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ သုတ်အမှတ်စဉ်-၁၀၊ မြန်မာပြန် နှာ-၃၈၈။ ပါဋ္ဌိတော် နှာ-၄၁၁)

ပုရာဘေဒသုတ်=[ပုရာ=ရှေး + ဘေဒ=ပျက်စီးခြင်း။ ပုရာဘေဒ=မပျက်စီးမီ။]

=ယခုဘဝ ကိုယ်ခန္ဓာ မပျက်စီးမီ မသေမီ ကျင့်ကြံ အားထုတ် ပြည့်စုံရမည့်တရားတို့ကို ဟောကြားသောသုတ်။

မြတ်စွာဘုရားသည် ဤသုတ်ကို ပညာ(ဗုဒ္ဓိ)စရိုက်များသော နတ်ဗြဟ္မာတို့အတွက် ဟောကြားတော်မူသည်၊ ပညာစရိုက်များသော နတ်ဗြဟ္မာတို့သည် ယခုမျက်မှောက်ဘဝ မသေမီကာလအတွင်း မည်သို့သောတရားများကို ကျင့်ကြံအားထုတ် ပြုလုပ်သင့်သနည်းဟု ဉာဏ်ကွန့်မြူးကာ ဆင်ခြင်စဉ်းစားကြလေသည်၊ ထိုနတ်ဗြဟ္မာတို့၏ စိတ်အကြံကို ရှင်တော်ဘုရား သိတော်မူ၍ ဤပုရာ-ဘေဒသုတ်ကို ဟောတော်မူသည်။

နိမ္မိတဘုရားရှင်–မေး အရှင်ဘုရား—အဘယ်သို့သော ဉာဏ်အမြင် ရှိသူနှင့် အဘယ်သို့သော သီလရှိသူကို ကိလေသာတို့မှ ငြိမ်းပြီးသောသူဟူ၍ ဆိုအပ်ပါသနည်း။

ပကတိဘုရားရှင်–ဖြေ ကိလေသာ ငြိမ်းပြီးသူဟု ခေါ်ဆိုအပ်သော သူတို့ကား—

http://www.dhammadownload.com

(၁) မသေမီ တဏှာကင်းပြီးသူ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် အာရုံတို့ကို တပ်မက်ခြင်း မရှိသူ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလတို့၌ ယုံမှားခြင်း မရှိသူ။

(၂) သီလစသည်ဖြင့် မဝါကြွား၊ နှုတ်စောင့်စည်း၍ အမြော်အမြင်ပညာဖြင့် ပြောဆိုတတ်သူ၊ ကုက္ကုစ္စ အမျက်ဒေါသ ကင်းသူ။

(၃) နောင်ကာလအတွက် တပ်မက်ခြင်းမရှိ၊ လွန်ခဲ့ပြီးအတိတ်ကိုလည်း ပြန်၍မစိုးရိမ်၊ ဖြစ်ဆဲပစ္စုပ္ပန်အတွက်လည်း အတွေအစဲမရှိ၊ မိစ္ဆာဒိဋ္ဌိ ကင်းသူ။

(၄) ကုန်းတိုက်ချောပစ်မှု မရှိ၊ ဝန်တိုမှုကင်း၍ ကိုယ်အမူအရာ ကြမ်းတမ်းစက်ဆုပ်ဖွယ် မရှိသူ။

(၅) ကာမဂုဏ်တို့၌ သာယာမှုမရှိသူ၊ မာန်မာနထောင်လွှားခြင်းမရှိသူ၊ ကိုယ်အမူအရာစသည် နူးညံ့၍ သာသနာတော်မှတပါး အခြားအယူဝါဒကို မယုံကြည်သူ။

(၆) လာဘ်လာဘကို လိုချင်သဖြင့် ပရိယတ်စာပေကို မသင်ယူ၊ လာဘ်မရ၍လည်း ဝမ်းမနည်း အမျက်မထွက်၊ တဏှာဖြင့် အရသာကို မမက်မောသူ။

(၇) သာယာဖွယ်အာရုံ, မသာယာဖွယ်အာရုံ အလုံးစုံတို့၌ လျစ်လျူရှုနိုင်၍ မာန်မာနကင်းမဲ့သူ၊ အခါခပ်သိမ်း သတိရှိသူ။

(၈) ခန္ဓာပြတ်စဲသည်ဟူသော ဥစ္ဆေဒဒိဋ္ဌိနှင့် ခန္ဓာတည်မြဲသည်ဟူသော သဿတဒိဋ္ဌိတို့မှ ကျွတ်လွတ်ထွက်မြောက်သူ။

(၉) ဝဋ်ဆင်းရဲ၌ ဆက်စပ်ထုံးဖွဲ့တတ်သော 'ဂန္ထ'ဟူးတို့မှ ကင်းလွတ်၍ ကာမဂုဏ်ငါးပါး ကိလေသာတရားတို့၌ ငဲ့ကွက်ခြင်းမရှိသူ။

(၁၀) သား သို့မဟုတ် ကျွန်း စပါး လယ်မြေ အိမ်ရာ မြေယာ စသော ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာမရှိသော ရဟန်းဖြစ်သူ၊ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ မရှိသူ။

(၁၁) စွပ်စွဲကဲ့ရဲ့သော စကားတို့ကြောင့် မတုန်လှုပ်သူ။

(၁၂) ဝန်တိုမှု မရှိသူ၊ ရုပ်နာမ်တို့ကို ပိုင်းခြားသိပြီးဖြစ်၍ မာန်မာနမရှိသူ။

http://www.dhammadownload.com

(၁၃) မိမိကိုယ်ပိုင် ပစ္စည်းဥစ္စာဟု သိမ်းဆည်းမှု မရှိသော ရဟန်းဖြစ်သူ၊ ပျက်စီးသွားသော ဝတ္ထုပစ္စည်းကြောင့် စိုးရိမ်ခြင်းမရှိသူ၊ မျက်နှာလိုက်ခြင်း တံစိုးယူခြင်းစသော အဂတိတရားလေးပါးကို မလိုက်စားသူ။

အထက်ပါ ပုဂ္ဂိုလ်တို့သည် ကိလေသာမီး ငြိမ်းပြီးသူများ ဖြစ်ကြသည်၊ ထို ပုဂ္ဂိုလ်တို့၏အကျင့်များမှာ မသေမီ ကျင့်ကြံအားထုတ်ပြည့်စုံရမည့် တရားများ ဖြစ်သည်။

(၃) ကလဟ ဝိဝါဒသုတ်

(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ သုတ်အမှတ်စဉ်-၁၁၊ မြန်မာပြန် နှာ-၃၉၀၊ ပါဠိ နှာ-၄၁၃)

ကလဟဝိဝါဒသုတ်=[ကလဟ = ခိုက်ရန် ဖြစ်ခြင်း။ ဝိဝါဒ = ငြင်းခုံခြင်း။]
= ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်းစသော မကောင်းမှုတရားဆိုး တို့ကို ပယ်နှိုင်ရန် ဟောကြားသောသုတ်။

မြတ်စွာဘုရားသည် ဤသုတ်ကို ဒေါသ စရိုက်များသော နတ် ဗြဟ္မာတို့ အတွက် ဟောကြားတော်မူသည်၊ ဒေါသစရိုက်များသော နတ်ဗြဟ္မာတို့သည် ခိုက်ရန်ဖြစ်ခြင်း, ငြင်းခုံခြင်းစသော မကောင်းမှုတရားဆိုးတို့သည် အဘယ် အကြောင်းကြောင့် လောက၌ ဖြစ်ပေါ်လာရသနည်းဟု ကြံစည် စိတ်ကူးကြသည်၊ ထိုနတ်ဗြဟ္မာတို့၏ စိတ်အကြံကို ရှင်တော်ဘုရား သိတော်မူ၍ ဤ ကလဟဝိဝါဒသုတ်ကို ဟောတော်မူသည်။

နိမ္မိတရုပ်ပွါးဘုရားရှင် – မေး (၁) ခိုက်ရန်ဖြစ်မှု၊ (၂) ငြင်းခုံမှု၊ (၃) ဝန်တိုမှု၊ (၄) ဒိုင်းကြွေးမြည်တမ်းမှု၊ (၅) ပူဆွေးစိုးရိမ်မှု၊ (၆) ကုန်းတိုက်ချောပစ်မှု၊ (၇) မာန်မူမှု၊ (၈) အလွန်ထောင်လွှားမာန်မူမှုတို့သည် အဘယ် အကြောင်းကြောင့် ဖြစ်ပေါ်လာကြပါသနည်း။

ပကတိဘုရားရှင် – ဖြေ ဖော်ပြပါ တရားဆိုး (၈)ပါးတို့သည် ချစ်နှစ်သက်အပ်သော သတ္တဝါနှင့် သာယာဖွယ်အာရုံငါးပါးတို့ကြောင့် ဖြစ်ပေါ်လာရသည်၊ ခိုက်ရန်ဖြစ်မှုနှင့် ငြင်းခုံမှုတို့သည် ဝန်တိုမှုကြောင့် ဖြစ်ပေါ်ကုန်သည်၊ ငြင်းခုံမှုကြောင့် ကုန်းတိုက်မှုတို့ ဖြစ်တတ်သည်။

နိမ္မိတရုပ်ပွါးဘုရားရှင် – မေး အဘယ်ကြောင့် သတ္တဝါနှင့် အာရုံငါးပါးတို့ကို ချစ်နှစ်သက်ကြပါသနည်း၊ လူသားတို့၏ တပ်

http://www.dhammadownload.com

မက်မှု လောဘသည်လည်း အဘယ့်ကြောင့် ဖြစ်ပေါ်လာပါသနည်း၊ လူတို့သည် လာဘ်ရမှုစသော ချမ်းသာမှုတို့ကို တောင့်တကြပါသည်၊ ပြည့်စုံလိုကြပါသည်၊ ထိုသို့ဖြစ်ခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း။

ပကတိဘုရားရှင် – ဖြေ ကာမဂုဏ်တို့၌ တပ်မက်သော သဘော 'ကာမစ္ဆန္ဒ' တရားကြောင့် ဖြစ်ချေသည်။

နိမ္မိတရုပ်ပွါးဘုရားရှင် – မေး ကာမဂုဏ်တို့၌ တပ်မက်မှု 'ကာမစ္ဆန္ဒ' သည် အဘယ်အကြောင်းကြောင့်ဖြစ်ပေါ်ပါသနည်း၊ အမျက်ထွက်မှု, မုသားပြောဆိုမှု, ယုံမှားမှု တို့သည် အဘယ့်ကြောင့် ဖြစ်ပေါ်ကြပါသနည်း။

ပကတိဘုရားရှင် – ဖြေ ထိုတရားတို့သည် သာယာဖွယ်, မသာယာဖွယ် တရားနှစ်ပါးတို့ကြောင့် ဖြစ်ပေါ်ကြရသည်။

နိမ္မိတရုပ်ပွါးဘုရားရှင် – မေး တပ်မက်မှု 'တဏှာ' အမြင်မှားမှု 'ဒိဋ္ဌိ' တို့ဖြင့် ဆုံးဖြတ်ခြင်းတို့သည် အဘယ် အကြောင်းကြောင့် ဖြစ်ကုန်သနည်း။

ပကတိဘုရားရှင် – ဖြေ လောကဌ် သတ္တဝါတို့သည် ရုပ်တရားတို့၏ ဖြစ်မှု, ပျက်မှုတို့ကို "ငါ၏ရုပ်အဆင်းစသည်တို့သည် ဖြစ်ကုန်၏၊ ငါ၏ ရုပ်အဆင်းစသည်တို့သည် ပျက်ကုန်၏"ဟုသာ မြင်ကြသည်ဖြစ်၍ တဏှာဒိဋ္ဌိတို့ဖြင့် ဆုံးဖြတ်ကြသည်။

နိမ္မိတရုပ်ပွါးဘုရားရှင် – မေး သာယာဖွယ်, မသာယာဖွယ် သဘောတရားတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်ကြပါသနည်း၊ အဘယ်တရား မရှိလျှင် သာယာဖွယ်, မသာယာဖွယ်တို့ မဖြစ်ပါကုန်သနည်း၊ အစဉ်အမြဲ ဖြစ်တည်နေသည် ဟူသော အယူ 'သဿတဒိဋ္ဌိ'နှင့် ပြတ်စဲသွားသည်ဟူသော အယူ 'ဥစ္ဆေဒဒိဋ္ဌိ' တို့သည် အဘယ့်ကြောင့် ဖြစ်ပါသနည်း။

ပကတိဘုရားရှင် – ဖြေ ထိုတရားတို့သည် တွေ့ထိမှုဖဿကြောင့် ဖြစ်ကြသည်။

နိမ္မိတရုပ်ပွါးဘုရားရှင် – မေး တွေ့ထိမှု ဖဿသည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း၊ သိမ်းဆည်းမှု တဏှာဒိဋ္ဌိတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း၊ ငါ့ဟာ ငါ့ဥစ္စာဟု စွဲလမ်းသော တဏှာဒိဋ္ဌိတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း၊ အဘယ်တရားများ မရှိမှ ဖဿနှင့်တဏှာဒိဋ္ဌိတို့ ကွယ်ပျောက်နိုင်ပါသနည်း။

http://www.dhammadownload.com

ပကတိဘုရားရှင် – ဖြေ နာမ်ရုပ်ကြောင့် တွေ့ထိမှုဖဿ ဖြစ်သည်၊ အလိုက္ကစ္ဆာကြောင့် သိမ်းဆည်းမှု တဏှာဒိဋ္ဌိ ဖြစ်သည်၊ တဏှာတည်းဟူသော အလိုက္ကစ္ဆာမရှိလျှင် စွဲလမ်းမှုမရှိခဲ့၊ ရုပ်တရားကို လွန်မြောက်နိုင်လျှင် ဖဿ ကွယ်ပျောက်သည်။

နိမိတ္တရုပ်ပွါးဘုရားရှင် – မေး ရုပ်ကို လွန်မြောက်အောင် မည်သို့ ကျင့်ရပါမည်နည်း၊ မည်ကဲ့သို့ကျင့်သူအား ချမ်းသာရုပ်, ဆင်းရဲရုပ် မဖြစ်ပါသနည်း။

ပကတိဘုရားရှင် – ဖြေ ရူပါဝစရစတုတ္ထစျာန်ကို ရပြီးသူသည် အာကာသာနဉ္စာယတနစျာန် ရရန် ကျင့်နေပါလျှင် ရုပ်ကို လွန်မြောက်နိုင်သည်၊ ယင်းသို့ ရုပ်ကို လွန်မြောက်နိုင်သော်လည်း နာမ်သညာရှိနေသေးသည့်အတွက် ထိုသူ့မှာ သံသရာခဲ့တတ်သော တဏှာ မာန ဒိဋ္ဌိတို့ ရှိနေသေးသည်။

နိမိတ္တရုပ်ပွါးဘုရားရှင် – မေး ဤလောက၌ ပညာရှိဟု အခေါ် ခံနေရသော အချို့ ပုဂ္ဂိုလ်တို့က အရူပစျာန်ကိုပင် လောကုတ္တရာ နိဗ္ဗာန်ဟု ပြောဆိုနေကြပါသလော၊ သို့မဟုတ် အရူပစျာန်မှတပါး အခြားသော အရာကို နိဗ္ဗာန်ဟု ပြောဆိုနေကြပါသလော။

ပကတိဘုရားရှင် – ဖြေ 'အချို့မှာ တည်မြဲ၍ အချို့ မတည်မြဲ'ဟူသောအယူ 'ကေစ္စသဿတဝါဒဒိဋ္ဌိ' ရှိသော ပညာရှိ အခေါ်ခံ ပုဂ္ဂိုလ်တို့သည် အရူပစျာန်ကိုပင် နိဗ္ဗာန်ဟု ယူဆနေကြသည်၊ 'ဘဝပြတ်စဲသည်' ဟူသောအယူ 'ဥစ္ဆေဒဒိဋ္ဌိ' ရှိသူ ပညာရှိအခေါ် ခံပုဂ္ဂိုလ်တို့ကမူကား အရူပစျာန် ရပြီး၍ သေသည့်အခါ ယခုဘဝ မိမိလက်ရှိ ရုပ်နာမ်တို့ ကင်းချုပ်ပြီးနောက် တစုံတခုသောဘဝသို့ မရောက်ရပဲ ဘဝပြတ်စဲချုပ်ငြိမ်းမှုတည်းဟူသော နိဗ္ဗာန်တမျိုးကို တွေ့ရသည်ဟု ယူဆ ပြောဆိုကြသည်။

သဗ္ဗညုတဉာဏ်ရှင် ငါဘုရားသခင်သည် ထိုမိစ္ဆာအယူမှားမျှားကို သိပြီးဖြစ်ရုံမျှမက ထိုအယူမျှား၏ အနိစ္စစသောသဘောမျှားကိုလည်း သိမြင်ပြီးဖြစ်၍ မည်သူနှင့်မျှငြင်းခုံစရာမလိုတော့ချေ၊ (အမှန်တရားကို ထင်ရှားသိသူသည် ငြင်းခုံခြင်းမရှိတော့ချေ)။

http://www.dhammadownload.com

၄-စူဋ္ဌဗျူဟသုတ်

(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ သုတ်အမှတ်စဉ်-၁၂၊ မြန်မာပြန် နှာ-၃၉၂၊ ပါဠိတော် နှာ-၄၁၅)

စူဋ္ဌဗျူဟသုတ်=[စူဋ္ဌ=ငယ်သော၊ ဗျူဟ (ဝိဦဟ+အ) = အမျိုးမျိုး ကြံစည်ခြင်း။ ဗျူဟ=စစ်ဆင်ခင်းကျင်းခြင်း၊ စုရုံးခြင်း။]

=အမျိုးမျိုး ကြံစည်စိတ်ကူးကြသဖြင့် ဖြစ်ပေါ်လာသော အယူအဆများကို ရုံးစု၍ ဖော်ပြပြီးလျှင် ထိုအယူဝါဒတို့၌ စွဲလမ်းခြင်း ပျောက်အောင် ဟောသော တရားတော်။

မဟာသမယအစည်းအဝေးကြီးသို့ လာရောက်ကြသော နတ်ဗြဟ္မာတို့အနက် ဝိတက်စရိုက် အားကြီးသော နတ်တို့အတွက် ဤစူဋ္ဌဗျူဟသုတ်ကို ရှင်တော် ဘုရား ဟောကြားတော်မူသည်၊ ဝိတက်စရိုက်အားကြီးသော နတ်တို့သည် ဤသို့ ကြံစည်မိကြသည်၊ "ဤလောက၌ အယူအဆဝါဒ အသီးသီး ရှိကြသော သတ္တဝါတို့သည် အားလုံးပင် စိတ်ကောင်း သဘောကောင်း ရှိကြကုန်သလော၊ အမှားအမှန်ကို မဝေဖန်ပဲ မိမိဝါဒကိုသာ တယူသန် စွဲလမ်းကြကုန်သလော၊ သို့မဟုတ် အခြားသူတို့၏ အယူဝါဒကိုလည်း စဉ်းစားဆင်ခြင်၍ လက်ခံကြကုန်သေးသလော" ဟု တွေးတော ကြံစည်ကြသည်၊ ထိုနတ်တို့၏ အကြံအစည်ကို ဘုရားရှင်သိတော်မူ၍ ဤသုတ်ကို ဟောကြားတော်မူ၏။

နိမ္မိတရုပ်ပွါးဘုရားရှင်–မေး ပညာရှိ အခေါ်ခံ တယူသန်ဝါဒ အစွဲသမားတို့သည် ဤသို့ အချင်းချင်း ပြောဆိုငြင်းခုံနေကြပါသည်၊ "ငါတို့ ယူထားသော အယူမျိုးကို သိနားလည်သူမှသာ အမှန်တရားကိုသိသူ ပညာရှိဖြစ်သည်၊ ငါတို့၏ အယူကို နားမလည်သူ မနှစ်သက်သူတို့သည် လူနုံ,လူအ,လူ့အန္ဓ,လူ့ဗာလ,လူမိုက်များသာ ဖြစ်သည်၊ ငါတို့အယူသာ မှန်သည်၊ အခြားသူတို့၏ အယူသည် မှားသည်" ဟု တဖက်သတ် တယူသန် ပြောဆိုငြင်းခုံနေကြပါသည်၊ ထိုသူတို့၏အယူဝါဒတို့တွင် အဘယ်အယူဝါဒသည် မှန်ကန်ပါသနည်း။

ပကတိဘုရားရှင်–ဖြေ သူတပါး၏ အယူအဆကို နားမလည် မနှစ်သက်ရုံမျှဖြင့် လူနုံ, လူအ, လူ့ဗာလ ဖြစ်သည်ဟု ဆိုလျှင် အားလုံးပင် လူနုံ,လူအ,လူ့ဗာလချည်း ဖြစ်ကုန်ရာသည်၊ အကြောင်းမှာမူကား ထိုသူအားလုံးတို့သည် မိမိတို့၏အယူကိုသာ မှန်သည်ဟု စွဲယူပြီးလျှင် အခြားသူတပါးတို့၏ အယူဝါဒများကို မနှစ်သက်ကြသောကြောင့်တည်း။

http://www.dhammadownload.com

မိမိအယူကိုသာ မှန်သည်ဟု စွဲယူထားသူတိုင်းပင် အမှန်တရားသိသူ ပညာရှိများဖြစ်သည်ဟု ဆိုလျှင်လည်း အယူဝါဒသမားအားလုံးပင် ပညာရှိများသာ ဖြစ်ရာချေသည်၊ အကြောင်းမှာမူကား မည်သူမဆို မိမိ၏အယူကို မှန်သည်ဟု စွဲယူထားခြင်းကြောင့်ပင် ဖြစ်သည်။

မိမိအယူဝါဒနှင့် မတူသူဟူသမျှကို လူနုံ, လူအ, လူ့ဗာလ, လူမိုက်ချည်းသာ ဖြစ်သည်ဟူ၍ ပြောဆိုချက်များကို မှန်သည်ဟု ငါဘုရား မဟောပေ၊ အဘယ့်ကြောင့်ဆိုသော် ငြင်းခုံသူတိုင်းပင် မိမိတို့အယူဝါဒကို မှန်သည်ဟု တယူသန် စွဲလမ်းကြသောကြောင့် ပေတည်း။

နိမ္မိတရုပ်ပွါးဘုရားရှင် – ၈မး အချို့က မှန်သည်ဟု ဆိုကြသည့် အယူကိုပင် အခြားသူတို့က မမှန်ဟု ငြင်းခုံ ပြောဆိုကြပြန်ပါသည်၊ ကိုလေသာငြိမ်းအေးကြောင်းဖြစ်သော အယူဝါဒသည် တသောတည်း, တခုတည်းသာ ဖြစ်သင့်ပါသည်၊ ထိုသို့ဖြစ်သင့်ပါလျက် အဘယ့်ကြောင့် ကိုလေသာငြိမ်းအေးပြီးသူ ပညာရှိအခေါ်ခံ ပုဂ္ဂိုလ်တို့က အကွဲကွဲ အပြားပြား ပြောဆိုနေကြပါသနည်း။

ပကတိဘုရားရှင် – ဖြေ အမှန်တရားသည် တသောတည်း, တမျိုးတည်းသာ ဖြစ်သည်၊ ကိုလေသာ ငြိမ်းပြီးသူ အရိယာတို့သည် အမှန်တရားကိုသော်ငင်း, အမှန်တရားနှင့် စပ်လျဉ်းသည့် အကျင့်ကိုသော်ငင်း အကွဲကွဲအပြားပြား ပြောဆို ငြင်းခုံခြင်း မရှိကြချေ၊ အမှန်တရားကို အကွဲကွဲအပြားပြား ပြောဆို ငြင်းခုံနေကြခြင်းသည် အရိယာအစစ် မဟုတ်သေးသဖြင့် စိတ်ကူးအတိုင်း ပြောဆိုနေကြခြင်းသာ ဖြစ်သည်။

နိမ္မိတရုပ်ပွါးဘုရားရှင် – မေး မိမိကိုယ်ကို ပညာရှိဉာဏ်ကြီးရှင်ဟု ဂုဏ်တင်ပြောဆိုနေကြသူတို့သည် အဘယ့်ကြောင့် အမှန်တရားကို အကွဲကွဲအပြားပြား အမျိုးမျိုး ပြောဆိုနေကြပါသနည်း၊ ဆရာသမားများထံမှ ကြားနာမှတ်သားရ၍ ပြောဆိုနေကြခြင်းလော၊ (သို့မဟုတ်) မိမိတို့ စိတ်ကူးကြံစည်ခြင်းအရ ပြောဆိုနေကြခြင်းလော။

ပကတိဘုရားရှင် – ဖြေ "သဿတဒိဋ္ဌိ" တည်မြဲအယူမှား ရှိသူတို့က မိမိတို့အယူမှတပါး အခြား အမှန်တရားမရှိဟု ပြောဆိုကြသည်၊ အခြားအယူမျှားမှာ စိတ်ကူးအရ ပြောဆိုကြသော အမျိုးအစားများသာ ဖြစ်သည်ဟုလည်း ပစ်ပယ်ကြသည်၊ ထိုနည်းတူပင် မိစ္ဆာအယူရှိသူများသည် မိမိတို့၏အယူသာ အမှန်တရားဖြစ်၍ သူတပါးတို့၏ အယူမှာ စိတ်ကူးအရ ပြောဆိုကြသည့် အမျိုးအစားသာ ဖြစ်သည်ဟု ပစ်ပယ်ကြသည်။

http://www.dhammadownload.com

မိမိနှင့် အယူဝါဒ မတူသည့် အခြားသူကို လူနုံ, လူအ, လူမိုက်ဟု ထင်မှတ်နေသူသည် မိမိကိုယ်ကို လူလိမ္မာဟု ဆိုလိုရာရောက်သည်၊ မိမိကိုယ်ကို လူလိမ္မာဟု ထင်နေသူသည် အခြားသူများကို အထင်မကြီးနိုင်, မမြတ်နိုးနိုင်ချေ။

၆၂-ပါးသော မိစ္ဆာအယူရှိသူသည် မာန်မာနထောင်လွှားကာ ဂုဏ်ကြီးရှင်ပညာရှိတယောက်ဟု မိမိကိုယ်ကို မိမိ အထင်ကြီးသည်၊ အဘယ်ကြောင့်ဆိုသော် ထိုသူသည် မိမိအယူ၌ ပြင်းစွာ စွဲလမ်းသောကြောင့်တည်း။

မိမိအယူကိုသာ စင်ကြယ်သည်ဟု စွဲလမ်းနေသူသည် မိမိနှင့် အယူဝါဒ မတူသော အခြားသူများကို လူနုံ, လူအ, လူမိုက်ဟုသာ ပြောဆိုသည်။

လောက၌ မိစ္ဆာအယူဝါဒ ရှိသူတို့သည် မိမိတို့ အယူဝါဒသာလျှင် သူတပါးတို့ အယူထက် ကောင်းမွန်စင်ကြယ်သည်ဟု အချင်းချင်း ငြင်းခုံလေ့ရှိကြသည်၊ သူတော်ကောင်းဖြစ်သော အရိယာပုဂ္ဂိုလ်တို့မူကား မှားသော မိစ္ဆာဒိဋ္ဌိ အယူဝါဒ အားလုံးတို့ကို စွန့်ပယ်ပြီးဖြစ်၍ အချင်းချင်း ငြင်းခုံခြင်း မပြုကြချေ။

၅-မဟာဗျူဟသုတ်

(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ သုတ်အမှတ်စဉ်-၁၂၊ မြန်မာပြန် နှာ-၃၉၄။
ပါဠိတော် နှာ-၄၁၈)

မဟာဗျူဟ=[မဟာ= ကြီးသော။ ဗျူဟ = အမျိုးမျိုး ကြံစည်ခြင်း
=စစ်ဆင်ခင်းကျင်းခြင်း၊ စုရုံးခြင်း]

=အမျိုးမျိုး ကြံစည်စိတ်ကူးကြသဖြင့် ဖြစ်ပေါ်လာသော အယူအဆများကို ရုံးစု၍ ဖော်ပြပြီးလျှင် ထိုအယူဝါဒတို့၌ စွဲလမ်းခြင်းပျောက်အောင် ဟောသော တရားတော်။ (စူဠဗျူဟသုတ်ထက်ရှည်သဖြင့် မဟာဗျူဟသုတ်ဟု ခေါ်သည်။ ဤသုတ်နှစ်ခုစလုံးပင် မိစ္ဆာအယူဝါဒများကို ဖော်ထုတ်ပြီးလျှင် ထိုမိစ္ဆာဝါဒများ ကင်းပျောက်အောင် ဟောသော သုတ်များ ဖြစ်သည်။)

မဟာသမယအစည်းအဝေးကြီးသို့ လာရောက်ကြသော နတ်ပြဟ္မာတို့တွင် ဓမ္မာဟစရိုက်အားကြီးသော နတ်ပြဟ္မာတို့အတွက် ဤ မဟာဗျူဟသုတ်ကို ဟောကြားတော်မူသည်၊ မောဟ၏သဘောမှာ အမှန်တရားကို ဖုံးလွှမ်းခြင်း အမှန်တရား၌ တွေဝေခြင်း ဖြစ်သည်၊ ထိုမောဟစရိုက် ထူပြောသော နတ်တို့

http://www.dhammadownload.com

သည် ဤသို့ ကြံစည်မိကြသည် "မှားသော မိစ္ဆာအယူရှိသူအပေါင်းတို့သည် ပညာရှိတို့၏ ကဲ့ရဲ့ရွှတ်ချခြင်းကိုသာ အမြဲ ခံနေကြရကုန်သလော၊ သို့မဟုတ် တရံတခါ၌ ချီးမွမ်းခြင်းကိုလည်း ခံကြရပါသေးသလော၊ ထိုသူတို့၏အယူအားလုံးပင် ကဲ့ရဲ့ဘွယ်ချည်း ဖြစ်သလော၊ သို့မဟုတ် ချီးမွမ်းဘွယ်များလည်း အနည်းငယ် စိုးစဉ်းမျှ ရှိပါသေးသလော" ဟူ၍ ကြံစည်စိတ်ကူးကြသည်၊ ထိုနတ်တို့၏ အကြံအစည်ကို ဘုရားရှင် သိတော်မူ၍ ဤမဟာဗျူဟသုတ်ကို ဟောကြားတော်မူသည်။

နိဗ္ဗိတရုပ်ပွါးဘုရားရှင် – မေး မှားသော မိစ္ဆာအယူရှိသည့် တယူသန်ဝါဒသမားတို့သည် မိမိတို့၏ အယူသာလျှင် မှန်သည်ဟု တဖက်သတ် ပြောဆိုငြင်းခုံနေကြပါသည်၊ ထိုသူတို့၏ အယူအားလုံးပင် ကဲ့ရဲ့ရွှတ်ချခြင်း ခံရပါသလော၊ သို့မဟုတ် တခါတရံ ပညာရှိတို့၏ ချီးမွမ်းမှုကိုလည်း ခံကြရပါသေးသလော။

ပကတိ ဘုရားရှင် – ဖြေ တယူသန်သမားတို့၏ဝါဒများမှာ တခါတရံ၌ ပညာရှိတို့၏ ချီးမွမ်းခြင်းကို ခံကြရပါ၏၊ သို့သော်လည်း အနည်းငယ်မျှသာ ဖြစ်ပါသည်၊ ထိုချီးမွမ်းခြင်းခံရသော အချက်တို့သည်ပင် ရာဂစသော မကောင်းမှုတို့ကို ချုပ်ပျောက်ငြိမ်းအေးရန် မစွမ်းနိုင်ကြပါ။

မိမိတို့၏ အယူဝါဒကို တယူသန် စွဲလမ်းပြီးလျှင် ငြင်းခုံကြခြင်း၏ အကျိုးသည် အနိုင်, အရှုံးစသော ကောင်း, မကောင်း လောကဓံအကျိုး နှစ်မျိုးသာ ဖြစ်နိုင်သည်၊ ငြင်းခုံခြင်း၏ အပြစ်ကို သိမြင်ပြီးဖြစ်သော သူတော်ကောင်းတို့သည် ငြင်းခုံခြင်းမှ ရှောင်ရှားပြီးလျှင် ချမ်းသာရာ စင်စစ်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကျင့်ကြံကြသည်။

အယူဝါဒကို စွဲမှီ၍ ငြင်းခုံမှုမရှိသော ငါဘုရား၏ တပည့်များသည် ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိအယူမှားဝါဒတို့ကို မသုံးသပ်တော့ချေ၊ ထို့ပြင် ကောင်းမြတ်သော မင်္ဂလာဟု သမုတ်အပ်သော အဆင်းရှုပါရုံစသည့် အာရုံငါးပါးကို ခံစားရရုံမျှဖြင့် ကိုလေသာစင်ကြယ်သည်ဟူသော အယူဝါဒအမှားတို့ကိုလည်း မနှစ်သက်တော့ချေ၊ အာရုံငါးပါး ခန္ဓာငါးပါးတို့ကို စွဲလမ်းကပ်ငြိခြင်း မရှိတော့ပေ။

အခြို့သော တယူသန် ဝါဒသမားတို့သည် ရမ်းဆကြ၍ မိမိတို့စိတ်ကူးဖြင့် ထင်ရာမြင်ရာ အလေ့မျှားကို စောင့်ထိန်းမှု "သီလ" ဟု သမုတ်ထားကြသည်၊ ထိုတယူသန်ဝါဒသမားတို့က အဝတ်မဝတ်ခြင်း, ရေအေးမသောက်ခြင်း

http://www.dhammadownload.com

စသည်တို့ကို "သီလ"ဟု ခေါ်ဆိုကြသည်။ ထို့ပြင် နှားခွေးစသည်တို့၏ အကျင့်မျိုးကိုလည်း "ဝတ"ဟု ခေါ်ဆိုကြပြန်သည်၊ ထိုအလေ့အကျင့်တို့ကို ကျင့်လျှင် ကိလေသာတို့မှ စင်ကြယ်သည်ဟု ယူဆကြသည်၊ ထို အလေ့အကျင့်မျိုးကို မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် ပယ်စွန့်ပြီးဖြစ်သည်။

အဝတ်မဝတ်ပဲကျင့်မှ ကိလေသာ စင်ကြယ်၍ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်သည်ဟု အယူရှိသူ တိတ္ထိများနှင့် ကောင်းမြတ်သော အဆင်း အသံ စသည့် အာရုံတို့ကိုမှီဝဲကြရမှသာ နိဗ္ဗာန်ရနိုင်သည်ဟု အယူရှိသူများကိုယ်တိုင်ပင် တဏှာဒိဋ္ဌိမကင်းပဲနှင့် နိဗ္ဗာန်စကား ပြောနေကြသည်၊ စင်စစ်မှာ မိမိတို့ကိုယ်ကို စင်ကြယ်နေပြီဟု ထင်မှတ်နေသူ တိတ္ထိများကား တဏှာ မကင်းသေးသည့် အတွက် တွေ့သမျှသောအာရုံတို့၌ တုန်လှုပ်ကြသည်သာဖြစ်သည်။ စုတိပဋိသန္ဓေ ကင်းပြီးသော ရဟန္တာများမှာမူကား ကာမ ရာဂ စသည်တို့ဖြင့် တုန်လှုပ်မှု လုံးဝ မရှိတော့ချေ။

နိမိတရုပ်ပွါးဘုရားရှင် – မေး အယူဝါဒတခုကို အချို့က မှား၏, ယုတ်၏ဟု ပြောဆိုကြသည်၊ ထိုအယူကိုပင် အချို့က မှန်၏, မြတ်၏ဟု ပြောဆိုကြပါသည်၊ ဤကဲ့သို့ ငြင်းခုံပြောဆိုကြရာ၌ အဘယ်ပုဂ္ဂိုလ်၏ စကားသည် မှန်သောစကား ဖြစ်ပါသနည်း၊ ၎င်းတို့အားလုံးကပင် မိမိတို့သည် ပညာရှိသူများ ဖြစ်သည်ဟုလည်း ဝန်ခံ ပြောဆိုနေကြပါသည်။

ပကတိဘုရားရှင် – ဖြေ မိမိ၏အယူဝါဒသာလျှင် မှန်ကန်ပြည့်စုံသည်ဟု ယူဆ၍ သူတပါးတို့၏ အယူဝါဒကား ယုတ်ညံ့သော အယူဝါဒ ဖြစ်သည်ဟု ပြောဆိုသူတို့သည် တယူသန်အားဖြင့် ငြင်းခုံသူများသာ ဖြစ်ကြသည်၊ မိမိအယူဝါဒမှတပါး အခြားသူတို့၏ အယူဝါဒအားလုံးသည် မှားယွင်း ယုတ်ညံ့၏ဟု တဖက်သတ်ငြင်းခုံသူများသည် မကောင်းမှုအကုသိုလ်တရားကို ပွါးများကျူးလွန်ကြခြင်းသာ ဖြစ်သည်။

အယူဝါဒတခုသည် သူတပါးတို့က ရှုတ်ချ ကဲ့ရဲ့ကာမျှဖြင့် ယုတ်ညံ့သော အယူဝါဒ ဖြစ်ရမည်ဟု ဆိုလျှင် လောက၌ မည်သည့်အယူဝါဒမှ မြတ်သောအယူဝါဒ ဖြစ်နိုင်တော့မည် မဟုတ်ချေ၊ အဘယ့်ကြောင့်ဆိုသော် တဖက်သတ် တယူသန်ဝါဒသမားတို့သည် သူတပါးတို့၏ အယူဝါဒကို ကဲ့ရဲ့၍ မိမိတို့၏ အယူဝါဒကိုသာ ချီးမွမ်းမြဲဖြစ်သောကြောင့်တည်း။

မိမိအယူကို မိမိတို့ချီးမွမ်းတိုင်းသာ မှန်ကန်, မြင့်မြတ်ရမည်ဟု ဆိုလျှင်လည်း လောက၌ အယူဝါဒ အားလုံးပင် မှန်ကန်, မြင့်မြတ်သော အယူဝါဒချည်းသာ

http://www.dhammadownload.com

ဖြစ်ရာသည်၊ ထိုသူတို့၏ အယူဝါဒအသီးသီးတို့၌ ဆင်းရဲဒုက္ခမှ အခိုက်အတန့် လွတ်မြောက်ဖွယ်ရာ အကျင့်များနှင့် အသင့်အတင့်မျှ ချီးမွမ်းဖွယ်ရာ အကျင့်များ အနည်းငယ်စီ ရှိကြသည်။ သို့ရာတွင် ထိုအကျင့်တို့မှာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းများ မဟုတ်ကြချေ။ (ထိုအချက်များကို အောက်ပါ အတိုင်း ထပ်မံ ရှင်းလင်း၍ ဟောကြားပြန်သည်။)

ရဟန္တာပုဂ္ဂိုလ်တို့၌ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူဝါဒ စဲယှဉ်မှု မရှိတော့ချေ၊ ထို့ကြောင့် အယူဝါဒကို မှီ၍ ငြင်းခုံခြင်း, ခိုက်ရန်ဖြစ်ပွါးခြင်းတို့ကို ကျော်နင်းလွတ်မြောက်ပြီး ဖြစ်သည်၊ ရဟန္တာပုဂ္ဂိုလ်သည် မြတ်စွာဘုရား ဟောကြားအပ်သော သတိပဋ္ဌာန်အစရှိသည့် ဝဋ်မှထွက်မြောက်ကြောင်း ကောင်းမြတ်သော အကျင့်တရားတို့ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ပြီးပြီ၊ ထို့ကြောင့် သတိပဋ္ဌာန်စသည်မှတပါး အခြားသော မိစ္ဆာဝါဒကရားတို့ကို အမြတ်ထား၍ မရှုတော့ပြီ။

လောကီအဘိညာဉ်ရသော ရသေ့ပရိဗိုဇ်တို့သည် ပရစိတ္တဝိဇာနနအဘိညာဉ် ဖြင့် သူတပါးတို့၏စိတ်ကိုလည်း သိကြသည်၊ ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ကမ္ဘာ လေးဆယ်တိုင်အောင် ရှေးရှေးဘဝဖြစ်စဉ်ကိုလည်း သိနိုင်ကြသည်၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် လူ့ဘုံ, နတ်ဘုံ, ငရဲဘုံတို့ကိုလည်း မြင်နိုင်ကြသည်၊ ထိုသို့မြင်မှု လောကီအဘိညာဉ်တို့ကို စဲလမ်း၍ ထိုအမြင်တို့ဖြင့် ဘဝသံသရာမှ လွတ်မြောက် စင်ကြယ်နိုင်ပြီဟု မှားမှား ယွင်းယွင်း ပြောဆိုကြသည်၊ ထို့ပြင် လောကီ အဘိ-ညာဉ်ရသည့် ပုဂ္ဂိုလ်တို့သည် သဿတစသည့် မိစ္ဆာအယူဝါဒတို့၌လည်း သက်ဝင် ယုံကြည်ကြသေးသည်၊ အဘိညာဉ်ဉာဏ်ရှင် ဖြစ်ကြပါလျက် အဘယ့်ကြောင့် မှား မှားယွင်းယွင်း ဆုံးဖြတ်ပြီးလျှင် လွဲမှားစွာ ဘဝ လွတ်မြောက် စင်ကြယ်ရေးကို ယုံကြည်ကြပါကုန်သနည်း ဆိုသော် လောကီအဘိညာဉ်ဖြင့် သစ္စာလေးပါးကိုလည်း ပိုင်းခြားမသိနိုင်, နာမ်ရုပ်တို့၏ မမြဲသောသဘောတို့ကိုလည်း မသိနိုင်သောကြောင့်ပေတည်း၊ လောကီဈာန်အဘိညာဉ်ရရှိနေစဉ် အခိုက်အတန့် အခါ ကာလအတွင်း ကာမတဏှာ, ဒေါသ စသည့် နီဝရဏတရားတို့မှ လွတ်မြောက် စင်ကြယ်၍ မျက်မှောက်ချမ်းသာမှုကို ရနိုင်ပေသည်၊ သို့သော်ငြားလည်း ဈာန် အဘိညာဉ်တို့သည် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်၍ သံသရာဘဝမှ အပြီး ပိုင် ထွက်မြောက်စင်ကြယ်စေနိုင်သည့်တရားများ မဟုတ်ချေ။

လောကီအဘိညာဉ်ရသော ရသေ့ပရိဗိုဇ်တို့သည် မိမိတို့အဘိညာဉ်ဖြင့် သိမြင် မှုတည်းဟူသော ဝိသေသဂုဏ်ထူးကို စဲ၍ ထောင်လွှားပြီးလျှင် မိမိတို့ကြုံဆအပ်

http://www.dhammadownload.com

သော အယ္ယဝါဒကိုသာ တံခွန်စိုက်လျက် ပြိုင်ဘက်မမြင်အောင် မှတ်ထင်နေတတ်ကြသည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် သခ်ါရတရားတို့၏မမြဲသောသဘော အစရှိသည်တို့ကို မျက်မှောက်ထင်ထင် သိမြင်ပြီး ဖြစ်သည်၊ ထို့ကြောင့် ရုပ်နာမ်ခန္ဓာတို့ကို တဏှာဖြင့် တပ်မက်နှစ်သက်ခြင်းလည်း မရှိတော့ပြီ၊ ငါ သူတပါး ယောကျ်ား မိန်းမ စသည်အားဖြင့်လည်း မှားသော ကြံစည် စိတ်ကူးမှု မရှိပြီ၊ တိတ္ထိတို့၏ အယ္ယဝါဒခြောက်ဆယ့်နှစ်ပါးတို့ကိုလည်း အရေးမယူ လျစ်လျူရှုတော့သည်။

ငါဘုရား၏ တပည့်သာဝကဖြစ်သော အရိယာရဟန်းသည် "ငါ့အယူသာမှန်၏၊ သူတပါး၏အယူတို့ကား အားလုံးမှား၏" စသော တဖက်သတ် အယ္ယဝါဒအဖွဲအထုံးမှ ထွက်မြောက်စင်ကြယ်ပြီး ဖြစ်သည်၊ ထို့ကြောင့် ငြင်းခုံနေသူ, ခိုက်ရန်ပြုနေသူ မဟုတ်တော့ပြီ၊ ထိုမှတပါး မိမိကိုယ်တိုင်ကလည်း ကိလေသာအပူဘေးမှ ငြိမ်းအေးပြီးဖြစ်၍ အပူဘေးမှ မအေးသေးသောသူတို့ကို ကဲ့ရဲ့သမှုရန်ဘက်မပြုဘဲ လျစ်လျူရှုနိုင်ကြပေသည်။

အရိယာဖြစ်သော ရဟန်းသည် ရုပ်နာမ်ခန္ဓာတို့ကို စွဲ၍ တပ်မက်မှု, စွဲလမ်းမှု, တွေဝေမှုမျှား မရှိတော့ပြီ၊ လောကုတ္တရာမဂ်ပညာနှင့် ပြည့်စုံပြီး ဖြစ်၍ ခြောက်ဆယ့်နှစ်ပါးသော အယူမှား, အမြင်မှားတို့မှ အလုံးစုံ လွတ်မြောက်ပြီး ဖြစ်သည်၊ နောင်တ တဖန်ပူပန်မှုတို့မှလည်း လွတ်မြောက်စင်ကြယ်ပြီး ဖြစ်ပေပြီ။

၆-တုဝဋ္ဋကသုတ်

(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ သုတ်အမှတ်စဉ်-၁၄၊ မြန်မာပြန် နှာ-၄၉၇၊ ပါဠိတော် နှာ-၄၂၁)

တုဝဋ္ဋက=[၁-အကျင့်။ ၂-အလျင်အမြန်။ ၃-ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း]

=ဝဋ်ဆင်းရဲမှ အလျင်အမြန် ထွက်မြောက်၍ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်။

မဟာသမယအစည်းအဝေးကြီးသို့ လာရောက်ကြသော နတ်ဗြဟ္မာတို့တွင် သဒ္ဓါစရိုက်လွန်ကဲသော နတ်ဗြဟ္မာတို့အတွက် ဤတုဝဋ္ဋကသုတ်ကို မြတ်စွာဘုရား ဟောကြားတော်မူသည်၊ ထိုသဒ္ဓါစရိုက်လွန်ကဲသော နတ်ဗြဟ္မာတို့သည် ဤသို့ကြံစည်စဉ်းစားကြသည်၊ "မြတ်စွာဘုရားသည် အရဟတ္တဖိုလ်သို့ရောက်ပြီးသော ပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးတို့ကို အံ့မခန်းနိုင်လောက်အောင် ကျယ်ပြန့်

http://www.dhammadownload.com

စ္စာ ချီးကျူးဟောကြားမိန့်မြွက်တော်မူသည်၊ ထိုအရဟတ္တဖိုလ်သို့ရောက်အောင် မည်သို့ ကျင့်ရပါသနည်း၊ အရဟတ္တဖိုလ်သို့ရောက်ကြောင်းအကျင့်ကား အဘယ် ပါနည်း ”ဟု ကြံစည်စဉ်းစားကြသည်၊ ထိုနတ်ဗြဟ္မာတို့၏ စိတ်အကြံကို ဘုရား ရှင်သိတော်မူ၍ ဤတုဝဋ္ဋကသုတ်ကို ဟောကြားတော်မူသည်။

အထူးမှတ်ချက် (ဤတုဝဋ္ဋကသုတ်သည် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရန်, ရရန် အားထုတ်တော်မူကြသည့် ပုဂ္ဂိုလ်အားလုံးတို့အတွက် ဖြစ်သော်လည်း အထူးသဖြင့် ရဟန်းသံဃာတော်တို့ မည်သို့ မည်ပုံ ကျင့်ကြံနေထိုင်ရမည်ကို ဦးစားပေး၍ ဟောကြားတော်မူသည့်တရားတော် ဖြစ်သည်)။

နိမိတ္တရုပ်ပွါးဘုရားရှင် – မေး အရှင်ဘုရား ကိလေသာမှ ကင်းဆိတ် ထွက် မြောက်ရန် မည်သို့သောအကျင့်ကို ကျင့်ရပါ မည်နည်း၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းရာဖြစ်၍ မျက်မှောက်ပြုထိုက်သော နိဗ္ဗာန်တရားကား အဘယ်ပါနည်း၊ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကား အဘယ်ပါနည်း၊ တဏှာဒိဋ္ဌိတို့ဖြင့် ပြင်းပြင်းထန်ထန် မြဲမြံစွာ မစဲလမ်းတော့ဘဲ ကိလေသာအပူဘေးမှ အဘယ်သို့ ငြိမ်းအေးရပါမည်နည်း။

ပကတိဘုရားရှင် – ဖြေ ဝဋ်ဆင်းရဲကို ရှည်ကြာအောင် သံသရာတခွင်၌ ဘဝခန္ဓာစဉ်ကို ခဲ့ဖူတတ်သောကြောင့် ပပဉ္စတရားဟု ခေါ်သည့် တဏှာ မာန ဒိဋ္ဌိ တည်းဟူသော အကုသိုလ်တရား သုံးပါးရှိသည်။

ထိုပပဉ္စဟူသော တဏှာ ဒိဋ္ဌိ နှစ်ပါး ဖြစ်ပွါးရခြင်း၏ အကြောင်းရင်း မျှားမှာ—

၁။ အမှန်ကိုမသိမှု ‘အဝိဇ္ဇာ’၊

၂။ မသင့်မတင့်သော နှလုံးသွင်းမှု ‘အယောနိသောမနသိကာရ’၊

၃။ ရုပ်နာမ်ခန္ဓာ ငါဖြစ်သည်ဟု မှတ်ထင်မှု ‘အသ္မိမာန’၊

၄။ မကောင်းမှု ဒုစရိုက်ပြုရန် မရှက်မှု ‘အဟိရိက’၊

၅။ မကောင်းမှု ဒုစရိုက်ပြုရန် မကြောက်မှု ‘အနောတ္တပ္ပ’၊

၆။ စိတ်ပျံ့လွင့်မှု ‘ဥဒ္ဓစ္စ’—

ဟူ၍ ခြောက်ပါး ဖြစ်သည်။

ထိုသံသရာခဲ့သည့် ပပဉ္စတရားတို့၏ အကြောင်းရင်းခြောက်ပါး အကုသိုလ် တရားတို့ကို အရဟတ္တမဂ်ဖြင့်သာ အကြွင်းမဲ့ ပယ်ဖျက်ချုပ်ငြိမ်းစေနိုင်သည်၊

http://www.dhammadownload.com

အာရုံခြောက်ပါးကို တပ်မက်မှု တဏှာကိုလည်း အရဟတ္တမဂ်ဖြင့် ပယ်ဖျောက်ချုပ်ငြိမ်းစေနိုင်သည်၊ ထိုသို့ တဏှာနှင့်တကွ ပပဉ္စမူလတရားတို့ကို ပယ်ဖျောက်ချုပ်ငြိမ်းစေခြင်းငှါ အရဟတ္တမဂ်ဉာဏ်တည်းဟူသော လက်နက်ကောင်းကို ရှာဖွေရမည် ဖြစ်သည်။

ထိုအရဟတ္တမဂ်ဉာဏ်တည်းဟူသော လက်နက်ကောင်းကို ရရန် အကျင့်မှာ သီလ သမာဓိ ပညာတည်းဟူသော သိက္ခာသုံးပါးတို့ကို မြဲမြံသောသတိဖြင့် ကျင့်ရမည် ဖြစ်သည်၊ စင်စစ်မှာ နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကမ္မဋ္ဌာန်းနှင့် ယှဉ်သော သတိရှိသည် ဖြစ်၍ သမထ, ဝိပဿနာ-ဘာဝနာတို့ကို ပွါးများကျင့်ကြံ အားထုတ်ရမည် ဖြစ်သည်၊ သို့မှသာ ကိလေသာအပူဘေးမှ ထွက်မြောက် ငြိမ်းအေးကြပေမည်။

အထူးသဖြင့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတို့သည် မိမိတို့၏အမျိုး ဇာတိဂုဏ်, လာဘ်ပေါများခြင်း အခြွေအရံများခြင်းစသောဂုဏ်, ပညာဂုဏ်, အကျင့်စင်ကြယ်ခြင်း၏ဂုဏ်, မိမိ၏ဆရာသမားဂုဏ်တို့ကို စွဲမှီ၍ မာနထောင်လွှားခြင်း မရှိအပ်ချေ၊ ထိုသို့ မာနထောင်လွှားခြင်းသည် ကိလေသာအပူဘေးမှ ငြိမ်းအေးကြောင်းဟူ၍ ဘုရားရှင်တို့ မဟောခဲ့ချေ။

အရဟတ္တဖိုလ်သို့ ရောက်လိုသော ပုဂ္ဂိုလ်သည် မိမိ၏စိတ်အစဉ်၌ ဖြစ်ပေါ်နေသည့် ရာဂ ဒေါသအစရှိသော ကိလေသာအားလုံးကို ပယ်ဖျောက်ချုပ်ငြိမ်းစေရန် ကြိုးပမ်းအားထုတ်ရမည်၊ ထိုသို့ ကိလေသာကို ချုပ်ငြိမ်းအောင် ပယ်သတ်ရာဝယ် သတိပဋ္ဌာန်စသော ကမ္မဋ္ဌာန်းတရားကို အားထုတ်ပွါးများရမည်၊ သတိပဋ္ဌာန်စသော ကမ္မဋ္ဌာန်းတရား ပွါးများခြင်းမှ တပါး ကိလေသာငြိမ်းအောင် ပယ်သတ်သည့်နည်း မရှိတော့ချေ၊ ကိလေသာငြိမ်းပြီးသော ရဟန်း၌ တည်မြဲအယူဖြစ်သော သဿတဒိဋ္ဌိ, ပြတ်စဲအယူဖြစ်သော ဥစ္ဆေဒဒိဋ္ဌိတို့ မရှိတော့ပြီ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းတွယ်တာမှုလည်း မရှိတော့ချေ။

ကိလေသာငြိမ်းပြီးသော ရဟန်းသည် လောကဓံတို့ကြောင့် တုန်လှုပ်ခြင်း မရှိချေ၊ သံသရာဝဋ်ဆုတ်ခန်း၌ ကျင်လည်စေတတ်သည့် ကုသိုလ်ကံ, အကုသိုလ်ကံဟူသမျှကို အကြွင်းမဲ့ သုတ်သင်ရှင်းလင်းပြီး ဖြစ်သည်။

နိဗ္ဗိတရုပ်ပွါးဘုရားရှင် – မေး အရှင်မြတ်ဘုရား အရှင်ဘုရားသည် ကိလေသာဘေးရန်ခပ်သိမ်း ကင်းငြိမ်းရာဖြစ်၍ မျက်မှောက်ပြုထိုက်သော နိဗ္ဗာန်တရားတော်မြတ်နှင့် အရဟတ္တဖိုလ်တရားတော်ကို ဟောပြတော်မူသဖြင့် သိရပါပြီ။

http://www.dhammadownload.com

နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသောအကျင့်ကို ဟောပြတော်မူပါဦးလော့၊ ထို့ပြင် စောင့်ထိန်းသူသီလဝန္တပုဂ္ဂိုလ်တို့ကို သံသရာဝဋ်မှ လွှတ်စေတတ်သော သီလအကျင့်ကိုဎင်း, စိတ်ကို အာရုံ၌ တည်ကြည်စွာ ထားနိုင်သော သမာဓိကိုဎင်း ဟောပြတော်မူပါဦးလော့။

ပကတိဘုရားရှင် – ဖြေ ဆင်းရဲမှုကို တဏှာလောဘက ဖြစ်ပေါ်ပွါးများစေသည်၊ တဏှာလောဘ ကင်းပျောက်မှ အစစ်အမှန် ချမ်းသာကို ရသည်၊ အစစ်အမှန် ချမ်းသာကို လိုသဖြင့် တဏှာလောဘ ကင်းပျောက်ပျက်စီးအောင် ကျင့်သူသည်သာလျှင် (သမဏ ဘိက္ခု) ရဟန်း မည်၏၊ ထိုသို့ ကျင့်သူမဟုတ်က အယောင်ဆောင် အတုအပသာ ဖြစ်သည်။

ထို့ကြောင့် ချမ်းသာစစ်ကို ရလိုသော ရဟန်းသည် မျက်စိလော်လီမှုကို စောင့်ထိန်းရမည်၊ တပ်မက်မှုရာဂ, အမျက်ထွက်မှုဒေါသ ဖြစ်စေမည့် အဆင်းအာရုံတို့ကို လှည့်လည် မကြည့်အပ်ချေ၊အကယ်၍ မျက်စိရှေမှောက် ရောက်လာလျှင်မူ ပညာဖြင့် ဆင်ခြင်ထိန်းသိမ်းရမည်၊ (မျက်စိကွန်ဒြေ ရှိရမည်ဟု ဆိုလိုသည်)။

ကုသိုလ် မဂ် ဖိုလ်တရားတို့နှင့် ဆန့်ကျင်ဘက် ဖီလာ ဖြစ်သဖြင့် တိရစ္ဆာန်ကထာဟု ဆိုအပ်သော စကားတို့ကို ကိုယ်တိုင် ပြောဆိုခြင်းကို မဆိုထားဘိဦး နားဖြင့်မကြားရအောင် ရှောင်ကြဉ်ရမည်၊ "နားမထောင်ရ၊ နား၏ လော်လီမှုကို စောင့်ထိန်းရမည်၊ (နားကွန်ဒြေ ရှိရမည်ဟု ဆိုလိုသည်)။

အစားအသောက်၌လည်း လော်လီခြင်း မရှိအပ်၊ ရသမျှဖြင့်သာ တင်းတိမ်ရောင့်ရဲရမည်၊ ရသတဏှာကို ပိတ်ဆို့ရမည်၊ လျှာလော်လီမှုကို စောင့်ထိန်းရမည်၊ (လျှာကွန်ဒြေ ရှိရမည်ဟု ဆိုလိုသည်)။

ရုပ်နာမ်ခန္ဓာတို့ကို ငါဖြစ်သည်, ငါ၏ ရုပ်နာမ်တို့တည်းဟု တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းတပ်မက်ခြင်း မရှိအပ်ချေ။

ကိုယ်ခန္ဓာ၌ အနာရောဂါဆင်းရဲတို့ ကျရောက်တွေ့ထိသည့် အခါ၌လည်း သည်းခံနိုင်ရမည်၊ အလွန်အမင်း ပြင်းထန်စွာ တုန်လှုပ်ခြင်း မရှိရ၊(ကာယိကွန်ဒြေ ရှိရမည်ဟု ဆိုလိုသည်)။

နှစ်သက်ဖွယ်,မနှစ်သက်ဖွယ် အနံ့တို့နှင့် စပ်လျဉ်း၍လည်း တပ်မက်မှု, တုန်လှုပ်မှု မရှိရ၊ မိမိစိတ်ကို တည်ငြိမ်စွာ ထိန်းသိမ်းရမည်၊ (ဃာနိကွန်ဒြေ, မနိကွန်ဒြေတို့ ရှိရမည်)။ (အချုပ်မှာ ဣန္ဒြိယသံဝရသီလ ရှိရမည်ဟု ဆိုလိုသည်)။

http://www.dhammadownload.com

ရဟန်းသည် တရားသဖြင့် ရအပ်သော ဆွမ်း အဖျော် ခဲဘွယ်စသည်တို့နှင့် သက်နှံးအဝတ်အထည်စသည့် ပစ္စည်းတို့ကို များပြားစွာ ရ၍ ပိုလှုံကြွင်းကျန်နေခဲ့သော် တပ်မက်သောစိတ်ဖြင့် သိုမှီးသိမ်းဆည်းခြင်း မပြုအပ်၊ ပေးကမ်းစွန့်ကြဲရမည်၊ တခါတရံ ဆွမ်း ခဲဘွယ် သက်နှံးစသည်တို့ကို လုံလောက်အောင် မရငြားလည်း ထိတ်လန့်ပူပန်ခြင်း မရှိအပ်ချေ၊ (ပစ္စယသန္နိဿိတသီလ ရှိရမည်ဟု ဆိုလိုသည်)။

ရဟန်းဟူသည် လောကီစျာန်, လောကုတ္တရာစျာန်တို့ကို ရအောင် ကျင့်ကြံအားထုတ်ရမည်၊ နှုတ်အမူအရာ, ကိုယ်အမူအရာများ သိမ်မွေ့ရမည်၊ သမထဝိပဿနာ ဘာဝနာတရားတို့ကို ပွါးများရမည်၊ လာဘ်လာဘ ပေါများမည်ဟူသော မြော်လင့်ခြင်းဖြင့် ဟိုရွာ ကောင်းနိုးနိုး, သည်ကျောင်း ကောင်းနိုးနိုး ထင်မှတ်ကာ ပြောင်းရွှေ့သွားလာ လှည့်လည်ခြင်း မပြုအပ်။

အရဟတ္တဖိုလ်သို့ ရောက်လိုသော ရဟန်းသည် နိုးနိုး ကြားကြား သတိနှင့်နေရမည်၊ နေ့ရောညဉ့်ပါ တရက်လုံးကို ခြောက်ပုံ ပုံပြီး တပုံထက်ပိုလွန်၍ မအိပ်သင့်၊ အချိန်ရှိသမျှ ကာလပတ်လုံး ကိလေသာတို့မှ ကင်းစင်အောင် သတိနှင့်နေသော ရဟန်းသည် နိုးကြားခြင်းရှိသောရဟန်း ဖြစ်သည်၊ ရဟန်းသည် ပျင်းရိခြင်း မရှိရ၊ အသွေးအသား ခန်းခြောက်၍ အရိုးအရေမျှပင် ကြွင်းကျန်သော်လည်း မလျော့သော လုံ့လရှိသူ ဖြစ်ရမည်၊ ထို လုံ့လမျိုးရှိသူသာလျှင် အရဟတ္တဖိုလ်နှင့် ထိုက်တန်သည်၊ အရဟတ္တဖိုလ်ကို ရလိုသော ပုဂ္ဂိုလ်သည် ထိုလုံ့လမျိုး ရှိရမည်၊ အပျင်းကြီးခြင်း, မာယာများခြင်း, ရယ်ရွှင် မြူးထူးပျော်ပါးလိုခြင်း, မေထုန်ကြီး မေထုန်ငယ်တို့ကို မှီဝဲခြင်း, တန်းဆာဆင်ခြင်းတို့မှ ရှောင်ကြဉ်ကင်းရှင်းရမည်။

ရဟန်းသည် ဗေဒင်ဟောခြင်း, ယတြာချေခြင်း, အခါပေးခြင်း, အိပ်မက်ကျမ်း တိပ်ထုံကျမ်း လက္ခဏာကျမ်း နက္ခတ်ကျမ်းတို့ကို သင်ကြားခြင်း, အတိတ်နိမိတ်တို့ကို ဟောကြားခြင်း, စုန်းပယောဂ စသည်တို့ကို ကုစားခြင်း, ကိုယ်ဝန်တည်အောင်ကုစားခြင်း, ဆေးကုခြင်းစသည်တို့ကို မပြုရ။

ရဟန်းသည် မိမိ၏ အမျိုးဇာတိကို အကြောင်းပြု၍သော်၎င်း, မိမိ၏ ရုပ်ဆင်းအင်္ဂါကို အကြောင်းပြု၍သော်၎င်း, ကျောင်း ပစ္စည်း စသော ပရိက္ခရာအသုံးအဆောင်တို့ကို အကြောင်းပြု၍သော်၎င်း, ပရိယတ္တိ အတတ်ပညာကို အကြောင်းပြု၍သော်၎င်း အခြားသူတို့က ကဲ့ရဲ့သော် တုန်လှုပ်ဘွယ် မဟုတ်ချေ၊ (ထိုအကြောင်းတို့ကြောင့် သူတပါးတို့ကဲ့ရဲ့လျှင် ဂရုစိုက်စရာမလိုဟုဆိုလိုသည်)။

http://www.dhammadownload.com

သို့သော်ငြားလည်း အကျင့်ပဋိပတ်ကို အကြောင်းပြု၍ ကဲ့ရဲ့ခြင်းမျိုးကိုမူကား လုတ်အောင်ရှောင်ရှားရမည်၊ (ရဟန်းတော်များသည် မြတ်စွာဘုရား၏ ဆုံးမအပ်သော ဝိနည်းတော်အရ ကဲ့ရဲ့ခြင်းကင်းလွတ်အောင် ကျင့်ကြံနေထိုင်ရမည်ဟု ဆိုလိုသည်)။

အထက်ပါအကြောင်းတို့ကိုစဲ့၍ သူတပါးတို့က ချီးမွမ်းလျှင်လည်း မာန်မာန ထောင်လွှား ကြွားဝါခြင်း မပြုအပ်ချေ၊ ဝန်တိုခြင်း တပ်မက်ခြင်း အမျက်ထွက်ခြင်း ကုန်းတိုက်ခြင်းအမှုတို့ကိုလည်း ရှောင်ရှားရမည်။

ရဟန်းတို့သည် စေးဝယ်ခြင်း, စေးရောင်းခြင်းကိစ္စတို့ကို မပြု၍၊ သီတင်းသုံးဖော်တို့နှင့် သင်္ဃန်းသပိတ် ပရိက္ခရာတို့ကို လဲလှယ်ရာ၌လည်း အမြတ်အစွန်းရလို၍ မလုပ်ရ၊ လာဘ်လာဘကို မြော်ကိုးတောင့်တ၍ ဒါယကာ ဒါယိကာမတို့နှင့် ရောယှက်ပေါင်းသင်းခြင်း မပြုရ၊ လာဘ်လာဘကို လိုချင်၍ ဒါယကာဒါယိကာမတို့ကို မြှောက်ပင့်၍သော်၎င်း, နှိမ်ချကဲ့ရဲ့၍သော်၎င်း ပြောဟောခြင်းမပြုရ၊ ဆွေမျိုးမတော်သူ, မပင့်ဘိတ်သူတို့အထံ၌ ပစ္စည်းလေးပါးကို နှုတ်မြွက်၍မတောင်းရ၊ လှူချင်လာအောင်လည်း သွယ်ဝိုက်၍မပြောရ၊ ပစ္စည်း လာဘ်လာဘကို ငဲ့၍ တရားမဟောရ။

"ငါသည် သီလနှင့်ပြည့်စုံသည်၊ ဓုတင်အကျင့်ကိုဆောက်တည်ကျင့်သုံးသည်၊ သမထ, ဝိပဿနာတရားပွါးများနေသူ ဖြစ်သည်၊ပရိယတ္တိကျမ်းဂန်များကို တတ်မြောက်သူ ပညာရှိကြီး ဖြစ်သည်" စသည်အားဖြင့် မိမိ၏ ဂုဏ်အရည်အချင်းတို့ကို ထုတ်ဖော်ပြီးလျှင် ကြွားဝါခြင်းမပြုရ၊ မိမိထက် သိက္ခာ ဝါ ကြီးသည့် မထေရ်ကြီးတို့ကို မရိုမသေမပြုရ၊ မိမိ၌မရှိသောအရည်အချင်းတို့ကို ရှိလေဟန် မပြောရ။

အဘယ့်ကြောင့်ဆိုသော် ကိုယ် နှုတ် စိတ်တို့ကို မစောင့်စည်းသူ၏စိတ်သည် ဘာဝနာသမာဓိမှ ဝေးကွာသည်၊ သမာဓိမရှိသူ၏ ဝိပဿနာပညာသည်လည်း အကျိုးပြီးအောင်မဆောင်နိုင်ချေ၊ဝိပဿနာဉာဏ်မထက်မြက်လျှင် မဂ်ဖိုလ်တို့ကို မရနိုင်ချေ။

ရဟန်းသည် ရယ်ရွှင်မြူးထူးလိုသော သဘောဖြင့်ပင်သော်လည်း မမှန်စကား မုသားမပြောရ၊ မိမိက ခြိုးခြံစွာ ကျင့်ပြီးလျှင် ပညာရှိပုဂ္ဂိုလ်ကြီးဖြစ်သဖြင့် အခြားသော သီလအကျင့်မရှိသူ ပညာမဲ့သူတို့ကို မထေမဲ့မြင် မပြုအပ်ချေ။

ရဟန်းသည် တခါတရံ၌ တပါးသောသူတို့၏ ကဲ့ရဲ့စဉ်စဲ့ ဆဲရေးခြင်းကို ခံရတတ်သည်၊ ထိုအခါ ဆဲရေးစဉ်စဲ့ကဲ့ရဲ့သူကိုတုံ့ပြန်၍ စဉ်စဲ့ကဲ့ရဲ့ဆဲရေးခြင်း မပြုရ၊

http://www.dhammadownload.com

ရှုနှုန်ရင်းကြမ်းကြုတ်သော စကားဖြင့် မချေပပဲ သိမ်မွေ့ နူးညံ့သော စကားဖြင့်သာ ချေပသင့်သောအရာ၌ ချေပရမည်၊ အတုံ့အပြန် ကဲ့ရဲ့စပ်စဲ့ဆဲရေးမှုနှင့် ရန်မူမှုတို့သည် ကိလေသာငြိမ်းအောင်ကျင့်သူတို့၏ အမူအရာ မဟုတ်ချေ။

အရဟတ္တဖိုလ်သို့ ရောက်ရန် ရည်မှန်းသောရဟန်းသည် ဟောပြအပ်ပြီးသော ရှောင်သင့်သည့် အကုသိုလ်တရားတို့နှင့် ဆောင်သင့်သည့် ကုသိုလ်တရားတို့ကို အလုံးစုံသိပြီးနောက် သခ်ါရတရားအားလုံးတို့ကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ တည်းဟူသော လက္ခဏာရေးသုံးပါးသို့ တင်လျက် ဝိပဿနာဘာဝနာကို ပွါးများအားထုတ်ရမည်၊ အခါခပ်သိမ်း မြဲမြံသော သတိပဋ္ဌာန်အကျင့်ကို ကျင့်ပြီးလျှင် သီလ သမာဓိ ပညာ တည်းဟူသော သတိဖြင့် အကျင့်သိက္ခာ သုံးပါးတို့ကို ပွါးများရမည်၊ မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒအားလုံးတွင် အမှန်မြတ်ဆုံးဖြစ်သော နိဗ္ဗာန် ငြိမ်းချမ်းမှုသန္တိသုခကို ရနိုင်, ရောက်နိုင်, မျက်မှောက်ပြုနိုင်အောင် အပွမာဒတရား (မမေ့မလျော့ခြင်း)ကို လုံ့လကြီးစွာဖြင့် ပွါးများရမည်။

လုံ့လကြီးစွာဖြင့် သမထဝိပဿနာတို့၌ မမေ့မလျော့မပေါ့သောရဟန်းသည် ကာမဂုဏ်တို့၌ တပ်မက်မှုကို မိမိက လွှမ်းမိုးနှိမ်နင်းနိုင်သည်၊ ထိုရဟန်းသည် ကာမဂုဏ်တို့၏ လွှမ်းမိုးနှိပ်စက်ခြင်းကို မခံရပြီ၊ ကာမဂုဏ်တို့၏ နှိပ်စက်ခြင်းမှ လွတ်ကင်းပြီဖြစ်၍ ဘာဝနာအဆင့်ဆင့်အားဖြင့် ကိုယ်တွေ့မျက်မှောက် ရောက်အပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ပေပြီ။

ထို့ကြောင့် ဘုရားရှင်၏ အဆုံးအမ ဩဝါဒဖြစ်သော သမထဘာဝနာ, ဝိပဿနာဘာဝနာတို့၌ မမေ့မလျော့ပဲ ဓမ္မာနုဓမ္မပဋိပတ်ကို ကျင့်လျက် ဓမ္မပူဇာအားဖြင့် ဘုရားရှင်ကို ပူဇော်ရမည်။

သိက္ခာသုံးပါး ကျင့်စဉ်တရားတို့မှာ သီလကိုအစ, သမာဓိကို အလယ်, ပညာကို အဆုံး ထား၍ ကျင့်ကြံကြိုးကုတ် အားထုတ် မှီဝဲ ပွါးများကြရမည်။

http://www.dhammadownload.com

ပဌမမူလနိဒါန်း

မဟာသမယသုတ်များနိဿယ

နိဒါန်း

"ဘဝတု သဗ္ဗမင်္ဂလံ"

"မဟာသမယသုတ်ကို ရွတ်ဖတ်လျှင် နတ်ချစ်သည်"ဟု လူပြော ရှင်ဟော အတော်များခဲ့သောကြောင့် ငယ်ငယ်ကပင် မဟာသမယသုတ်ကို အရဆောင်၍ ရွတ်ဖတ်ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အမျိုးမျိုးသော အန္တရာယ်တို့နှင့် ရင်ဆိုင်ခဲ့ရသော်လည်း ခလုတ်မထိ ဆူးမငြိဘဲ ဘေးကင်းရန်ကွာ ချမ်းသာရာရခဲ့သည်မှာ ဤမဟာသမယသုတ်ကို နေ့စဉ်ရွတ်ဖတ်သောကြောင့်ဟု ယုံကြည်ပါသည်။

တခါတရံ "ဂြိုဟ်စီးဂြိုဟ်နင်းမကောင်း၍ မည်သို့မည်ပုံ ဖြစ်တတ်သည်"ဟု ဝေဒဆရာတို့က ဟောကြစေကာမူ ဟောသလောက် အန္တရာယ်နှင့် မတွေ့ခဲ့ရသည်မှာလည်း "ဤမဟာသမယသုတ်ကို အားကိုးတခုပြု၍ နေ့စဉ်ရွတ်ဖတ်ခဲ့သောကြောင့်လေလော"ဟု ယူဆမိပါသည်။

အသက် ၃၈-နှစ်လောက်ကစ၍ စားဝတ်နေရေးအတွက် အတော်အတန် ထောက်တည်ရာ ရလာ၍ ငယ်ငယ်က ဆရာသမားတို့ သင်ကြားပေးလိုက်သော ပိဋကစာပေများကို ပြန်လည်လေ့လာခွင့်ရသောအခါ မိမိနှုတ်တက်ရထားသော မဟာသမယသုတ်၏ အဖွင့် အဌကထာများကို ဦးစွာ လေ့လာမိပါသည်။

ဗုဒ္ဓဘုရားသည် မဟာသမယနေ့၌ စကြဝဋ္ဌာတိုက်တသောင်းမှ လာရောက်ကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား ဤမဟာသမယသုတ် တသုတ်တည်းကိုသာ ဟောကြားခဲ့သည်မဟုတ်၊ သမ္မာပရိဗ္ဗာဇနီယစသော မဟာသမယသုတ် ၆-သုတ်တို့ကိုလည်း ဆက်လက်ဟောကြားတော်မူခဲ့ကြောင်း သိရပါသည်။

အများသူငါ ရွတ်ဖတ်နေကြသော မဟာသမယသုတ်ကို ဗုဒ္ဓဘုရား ဟောကြားတော်မူခြင်းမှာ နတ်ဗြဟ္မာတို့ စိတ် နူးညံ့ ချမ်းသာစေရန်အလို့ငှါ (ဒေဝတာနံ စိတ္တကလ္လတာဇနနတ္ထံ) ရှေးဦးပရိကံ အနေအားဖြင့် ရဟန်းပရိသတ်နှင့်

http://www.dhammadownload.com

နတ် ဗြဟ္မာ ပရိသတ်ကို မိတ်ဆက်ပေးသည့်အလား ဟောကြားတော်မူခြင်း ဖြစ်ကြောင်း၊ နတ်ဗြဟ္မာအပေါင်းတို့ ကျွတ်တမ်းဝင်ရေးအတွက်ကိုမူ လေးလေး နက်နက် ရှုဆင်ခြင်တော်မူပြီးလျှင် နတ်ဗြဟ္မာအပေါင်းတို့ကို လွန်ကဲသော စရိုက်အားဖြင့် ခြောက်စုခွဲတော်မူ၍ —

၁။ ရာဂစရိုက် လွန်ကဲသော နတ်ဗြဟ္မာတို့အား သမ္မာပရိဗ္ဗာဇနီယသုတ် ကိုဎင်း,

၂။ ဒေါသစရိုက်လွန်ကဲသော နတ်ဗြဟ္မာတို့အား ကလဟဝိဝါဒသုတ်ကိုဎင်း,

၃။ မောဟစရိုက်လွန်ကဲသော နတ်ဗြဟ္မာတို့အား မဟာဗျူဟသုတ်ကိုဎင်း,

၄။ ဝိတက်စရိုက် လွန်ကဲသော နတ်ဗြဟ္မာတို့အား စူဠဗျူဟသုတ်ကိုဎင်း,

၅။ သဒ္ဓါစရိုက် လွန်ကဲသော နတ်ဗြဟ္မာတို့အား တုဝဋ္ဋကသုတ်ကိုဎင်း,

၆။ ပညာ(ဗုဒ္ဓိ)စရိုက် လွန်ကဲသော နတ်ဗြဟ္မာတို့အား ပုရာဘေဒသုတ် ကိုဎင်း—

ဟောကြားတော်မူခဲ့ကြောင်း၊ သုတ် တသုတ်တသုတ်ကို ဟောကြားပြီးသည်၏ အဆုံးဌ် ရဟန္တာဖြစ်သော နတ်ဗြဟ္မာပေါင်း တကုဋေစီ ရှိကြ၍ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်ကြသော နတ်ဗြဟ္မာတို့မှာ မရေတွက်နိုင်အောင် များပြားကြောင်း သိရပါသည်။

ဤသို့ သိရသည့်အချိန်မှ စ၍ ကုဋေပေါင်းများစွာ ကျွတ်တမ်းဝင်ကြကုန်သော နတ်ဗြဟ္မာတို့ ကြားနာလိုက်ကြရသည့် စရိုက် ၆-ပါးနှင့် လျော်သော မဟာသမယသုတ် ခြောက်သုတ်ကိုပါ ရွတ်ဆိုလိုစိတ်, လေ့လာပွါးများလိုစိတ်များ ဖြစ်လာပါသည်။

နတ်ဗြဟ္မာတို့၏ အမည်မျှသာ ပါသော "မူလ မဟာသမယသုတ်ကို ရွတ်ဆို ကာမျှဖြင့် နတ်တို့ ချစ်ကြ ခင်ကြ စောင့်ရှောက်ကြသည် ဟု ဆိုလျှင် ဎင်းတို့ ကျွတ်တမ်းဝင်သွားကြသော နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း များဖြစ်သော သမ္မာပရိဗ္ဗာဇနီယစသော မဟာသမယသုတ် ခြောက်သုတ်ကိုပါ ရွတ်ဆိုပွါးများပါက နတ်ဗြဟ္မာအပေါင်းတို့သည် သာ၍ ချစ်ကြ, ခင်ကြ, စောင့်ရှောက်ကြပေမည်။ တရားအထူးတို့ကိုလည်း ရရှိ သိမြင်နိုင်ပေမည်" ဟု ယုံကြည်ပါသည်။

http://www.dhammadownload.com

ထို့ကြောင့်ပင် ၎င်းမဟာသမယသုတ်များပါသော သုတ္တန်ပါတ်ပါဠိတော်ကို ရှာဖွေလေ့လာသောအခါ အနက်ထင်ဘို့ရာ ခက်ခဲလှသော ပါဠိတော်တို့ကို ဖတ်ရှုရ၍ မှီရာနိဿယကို ရှာဖွေရပြန်ပါသည်။

နိဿယတဆူ တွေ့ပြန်ပါသော်လည်း စကားအသုံးအနှုန်းတို့မှာ လွန်စွာ ရှေးကျသည်လည်းတကြောင်း, တဆင့်တဆင့် ကူးယူခဲ့သောကြောင့် အလွဲလွဲ အချော်ချော် ဖြစ်နေသည်လည်း တကြောင်းတို့ကြောင့် ပါဠိနှင့်နိဿယ စပ်ဟပ်၍မရနိုင်အောင် တွေ့ကြုံရပြန်ပါသည်။

ဤသို့သော အကြောင်းတို့ကြောင့် နိဿယကောင်းတဆူ ရဘို့ရန် ၁၃၁၄-ခုနှစ်က ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ် ဂဏဝါစက (မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ဂဏ ဘာရနိတ္ထာရက)ဆရာတော်ဖြစ်တော်မူသော (မိမိ၏ဆရာရင်း) အသျှင်နန္ဒိယဓေရ်အား သမ္မာပရိဗ္ဗာဇနိယ စသော မဟာသမယသုတ် ခြောက်သုတ်တို့၏ နိဿယကို ရေးသားချီးမြှင့်တော်မူပါမည့် အကြောင်း ရိုသေစွာ လျှောက်ထားတောင်းပန်ခဲ့ပါသည်။

ဆရာတော်သည် ၁၃၁၇-ခုနှစ် ဝါဆိုလဆန်းပင် ရေးသားပြီးစီးစေတော်မူ၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အသျှင်နန္ဒဝံသ မဟာဓေရ်မြတ်သို့ ဆက်ကပ်တော်မူခဲ့ရာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကလည်း စိတ်ပါဝင်စားစွာဖြင့် တည်းဖြတ်ပေးသနားတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးက "သာသနာတော်၌ သမ္မာပရိဗ္ဗာဇနိယ စသော သုတ်များမှာ နိဿယစာမူကောင်း မရှိသေး၊ ဤစာမူသစ်သည် သာသနာတော်၌ ကျေးဇူးများမည့် စာမူဖြစ်သည်၊ စာအုပ်ဖြစ်အောင် ဆောင်ရွက်သင့်သည်"ဟု (ပြန်လွန်တော်မမူမီ) နိဒါန်းရေးသူအား မိန့်ကြားတော်မူခဲ့လေသည်။

ဆဋ္ဌသံဂါယနာတင်စဉ်အတွင်းက ရုံးကိစ္စများပြားခဲ့၍ ဤနိဿယစာမူကို ပုံနှိပ်ရန် မလုံးပန်းနိုင်ခဲ့ဘဲရှိနေစဉ် နိဿယ ရေးသား ချီးမြှင့်တော်မူသော ဆရာတော်က "ထပ်မံ တည်းဖြတ်လိုသေးသည်"ဟု မိန့်ကြားတော်မူကာ စာမူကို ပြန်လည်ယူသွားခဲ့ရာမှ ၁၃၂၃-ခုနှစ် ဝါဆိုလပြည့်နေ့တွင် စာမူပြန်လည် ရောက်ရှိလာပါသည်။

လွန်ခဲ့သော ၁၃၂၂-ခုနှစ်လောက်က နေ့တနေ့၌ ရန်ကုန်သတင်းစာတိုက် ပိုင်ရှင် ဆရာဦးအောင်မြင်နှင့် နိဒါန်းရေးသူတို့ မဟာသမယသုတ်များ နိဿယ အကြောင်းကို ဆွေးနွေးခဲ့ဘူးကြပါသည်။ ဆရာဦးအောင်မြင်က နိဿယများ

http://www.dhammadownload.com

ရောက်လာသည့်အခါ ကြည့်လိုပါကြောင်း မှာထားဘူး၍ စာမူများ ရောက်လျှင် ရောက်ချင်း သွားရောက်ပြသခဲ့ပါသည်။

ဆရာဦးအောင်မြင်က "သူသည် မဟာသမယသုတ် (၇) သုတ်ကို နေ့စဉ် ရွတ်ဖတ်လာခဲ့သည်မှာ (၁၁)နှစ်ခန့် ရှိပြီဖြစ်ကြောင်း၊ ဤသို့ နေ့စဉ် မှန်မှန် ရွတ်ဖတ်ခဲ့ခြင်းကြောင့် ပြောမပြနိုင်လောက်အောင်ပင် အကျိုးကျေးဇူး များခဲ့ကြောင်း၊ မူလမဟာသမယသုတ်၏ နိဿယကိုပါ ရေးသားရန် တိုက်တွန်း ပါကြောင်း၊ ၎င်းမဟာသမယသုတ်များပါဠိနှင့် နိဿယများကို စက်တင်ပုံနှိပ်ရန် မိမိကပင် ဒါယကာခံမည်ဖြစ်ကြောင်း" ပြောကြားလိုက်ပါသည်။

ထို့ကြောင့် မူလမဟာသမယသုတ်၏ နိဿယကိုပါ ရေးသားချီးမြှင့်ပါရန် (ဆရာဦးအောင်မြင်၏ ကိုယ်စား) မိမိကပင် ဆရာတော်ထံ လျှောက်ထားရာ ဆရာတော်ကလည်း လွယ်ကူစွာပင် ရေးသား ချီးမြှင့်တော်မူခဲ့ပါသည်။

ဆရာဦးအောင်မြင်သည် ကတိပြုခဲ့သည့်အတိုင်းပင် "မဟာသမယသုတ်များ ပါဠိတော်နိဿယနှင့် အဓိပ္ပါယ်ဖွင့်ကျမ်း" စာအုပ်ရေ ၂၀၀၀-ကို ပုံနှိပ်စေ၍ စာအုပ် ၁၀၀၀-ကို ဓမ္မဒါနပြုပါသည်၊ ကျန်စာအုပ် ၁၀၀၀ ကို နိဒါန်းရေးသူအား ရောင်းစားရန် ချီးမြှင့်ပါသည်။

ဤသည်လျှင် "မဟာသမယသုတ်များ ပါဠိတော်နိဿယနှင့် အဓိပ္ပါယ် ဖွင့်ကျမ်း"ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းနိဒါန်း ဖြစ်ပါသတည်း။

စက်တင်ပုံနှိပ်ခြင်း

ဤကျမ်းကိုပုံနှိပ်ရာ၌ ပါဠိတော်များကို ဆရာတော်၏တပည့်များဖြစ်ကြသော—

၁။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဂဏဝါစက, ဓမ္မာစရိယနှင့် ဆဋ္ဌသံဂါယနာ သြဿာနသောဓက (ကျမ်းညွှန်း) အရှင်ကေလာသ၊

၂။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဂဏဝါစက, ဓမ္မာစရိယနှင့် ဆဋ္ဌသံဂါယနာ သြဿာနသောဓက အရှင်ဝေပုလ္လသာမိ၊

၃။ သက္ကသီဟဓမ္မာစရိယ ဝဋ္ဌသကာနှင့် သိရောမဏိ, ဆဋ္ဌသံဂါယနာ သြဿာနသောဓက အရှင်ကုမာရ တို့က—

ဆရာတော်၏ နိဿယစာမူနှင့်ဂဏ်း, ဆဋ္ဌသံဂါယနာစာမူနှင့်ဂဏ်း ညှိနှိုင်းတည်းဖြတ် ပေးတော်မူသည့်အပြင် နောက်ဆုံးစက်တင်(ပရူ)ကိုပါ စာတည်းပေးတော်မူကြပါသည်။

http://www.dhammadownload.com

နွေစဉ် ရွတ်ဖတ်လိုသူများအား

မဟာသမယသုတ် (၇) သုတ်လုံးကို နွေစဉ် ရွတ်ဖတ်လိုကြသူတို့သည် နှုတ်တက်အာဂုံ ရသည်အထိ စောင့်ဆိုင်းမနေသင့်ပါ။ ဤစာအုပ်ကို ရသည့်နှေ့၌ပင် ပုဒ်ပါဠိမှန်ကန်စွာ ဖတ်တတ်သော ပညာရှိထံ နည်းခံသင်ယူ၍ ဖတ်တတ်သည့် နေ့၌ပင် စတင်၍ စာအုပ်ကိုကြည့်ကာ တနေ့တခေါက်ကျ ရွတ်ဖတ်သင့်ပါသည်။

တနေ့ တခေါက်ကျ မှန်မှန် ရွတ်ဖတ်သွားပါလျှင် ဉာဏ်ကောင်းသူများအဘို့ ၃-လခန့်ရှိလျှင် ရသလောက်ဖြစ်လာနိုင်ပါသည်၊ ဉာဏ်နုံ့သူများအဘို့ ခြောက်လ လောက်ရှိလျှင် ရသလောက်ဖြစ်လာနိုင်ပါသည်။ တနှစ်လောက်ရှိလျှင် ကျေကျေပြန်ပြန် ရသလောက် ဖြစ်လာနိုင်ပါသည်။

တနေ့ တမျက်နှာ, တရွက် စသည်အားဖြင့် အရကျက်လိုသူများအဘို့ မိမိတနေ့တာအတွက် ကျက်ခဲ့သောစာများကို စာရေးစက္ကူ၌ အလွတ်ရေးကြည့်သင့်ပါသည်၊ ကော်ပီစာအုပ်၌ အလွတ်ရေးသောစာများ မှန်ကန်လျှင် မမေ့နိုင်သော နှုတ်တက်ရခြင်းအဖြစ်သို့ ရောက်ပါလိမ့်မည်။

ရွတ်ဆိုရန်အစီအစဉ်

မဟာသမယသုတ်များကို ရွတ်ဆိုသည့်အခါ အောက်ပါအစီအစဉ်အတိုင်း ရွတ်ဆိုသင့်ပါသည်။

၁။ သီလဆောက်တည်ခြင်း

လူဖြစ်လျှင် ငါးပါး, ရှစ်ပါးစသော ဆောက်တည်နေကျ သီလကို ဆောက်တည်ပါ၊ ဆောက်တည်ပြီးဖြစ်လျှင် ပြန်လည်ဆင်ခြင်ပါ၊ ရှင်ရဟန်းဖြစ်လျှင် မိမိစောင့်ထိန်းအပ်သောသိက္ခာပုဒ်တို့ကို ပြန်လည်ဆင်ခြင်ပါ၊ ဤသို့ ဦးစွာ သီလကို ဆင်ခြင်သောကြောင့် သီလာနုဿတိလည်း ဖြစ်ပါသည်။ မပြည့်စုံသေးသော သီလလည်း ပြည့်စုံလာပါမည်၊ အကျင့်သီလနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်အဖြစ်သို့လည်း ရောက်လာပါမည်၊ အကျင့်သီလပြည့်စုံသူ၏ ရှုတဲ့ဖတ်အပ်သော တရားဒေသနာသံသည် လေးနက် ထယ်ဝါ သုတိမဂ်လာ ဖြစ်ပါသည်။

၂။ နတ်ဘိတ်ခြင်း

"သမန္တာ စက္ကဝါဠေသု" မှ "ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ" တိုင်အောင် ရွတ်ဆို၍ နတ်များကို တရားနာဘိတ်ရန် ဖြစ်ပါသည်၊ ဤသို့ ဘိတ်ကြားလိုက်

http://www.dhammadownload.com

ခြင်းကြောင့် တရားနာရန် စောင့်မျှော်နေကြသော နတ်မျှားအဘို့ အခွင့်ကောင်းရကြပါသည်။ နတ်ကောင်းနတ်မြတ်တို့ တရားနာလာကြခြင်းကြောင့် မဟာသမယသုတ်မျှား ရွတ်ဆိုသူ၏ အဆောက်အဦပတ်ဝန်းကျင်၌ လူတို့ကို အန္တရာယ်ပြုတတ်သော မကောင်းမိစ္ဆာ,ဖုတ်,ပြိတ္တာတို့လည်း မနေနိုင်ကြတော့ဘဲ ဝေးရာသို့သွားကြပါလိမ့်မည်၊ နတ်ကောင်း နတ်မြတ်တို့လည်း တရားနာကြရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မဟာသမယသုတ်မျှား ရွတ်ဆိုသူအားလည်း ကျေးဇူးတုံ့ပြန်သောအားဖြင့် အစောင့်အရှောက်တို့ကို ပေးကြပေလိမ့်မည်။

၃။ မဟာသမယသုတ်မျှားကို ရွတ်ဖတ်ရန်

မဟာသမယသုတ် ၇-သုတ်လုံးကို ရွတ်ဖတ်ရန်ဖြစ်ပါသည်၊ ၇-သုတ်လုံးကို မရွတ်ဖတ်နိုင်လျှင် "မိမိသည် မည်သည့်စရိုက်၌ လွန်ကဲသူဖြစ်သလဲ" ဟု ပြဿနာထုတ်၍ အဖြေရှာသင့်ပါသည်၊ အဖြေတွေ့သောအခါ စရိုက်အားလျော်သော မဟာသမယသုတ် တသုတ်သုတ်ကိုသာပင် ရွတ်ဆိုသင့်ပါသည်။

ရွတ်ဆိုသည့်အခါမှာ ဖြေးဖြေးနှင့် လေးလေး ရွတ်ဆိုပါ၊ နိဿယနှင့် အဓိပ္ပါယ်မျှားကို ကြိုတင်လေ့လာပြီးဖြစ်ပါက ရွတ်ဆိုဆဲပါဠိတော်၏ အနက်အဓိပ္ပါယ်မျှားကိုလည်း ထင်လာမြင်လာပါလိမ့်မည်။ အနက်အဓိပ္ပါယ်မျှားကို နားလည်လေ ရွတ်ဆို၍ ကောင်းလေလေ ဖြစ်ပါသည်၊ ရွတ်ဖတ်ဖန်မျှားသော အခါ ၎င်းသိနားလည်သောတရားတို့ကို ကျင့်သုံးသူဖြစ်လာ၍ တရားကျင့်သူကို တရားက ကေန် ပြန်၍ စောင့်ရှောက်ပါလိမ့်မည်။

၄။ သစ္စာပြုခြင်း

"ကျွန်ုပ်သည် ဤမဟာသမယသုတ်မျှားကို နေ့စဉ်မှန်မှန် တနေ့တခေါက်ကျ ရွတ်ဖတ်ပါ၏၊ ဤသို့မှန်သောစကားကို ဆိုခြင်းကြောင့် ကျွန်ုပ်သည် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးနှင့် ပြည့်စုံသောသူ ဖြစ်ပါစေသား" ဤသို့ သစ္စာပြုပါ။

၅။ အမျှဝေခြင်း

"အကျွန်ုပ်သည် ဤမဟာသမယသုတ်မျှားကို ရွတ်ဆိုဖတ်ရသော ကုသိုလ်ကို မိဘ ဆရာသမား ဆွေသင်္ဃာတို့အားလုံး, သာသနာတော်စောင့် နတ်တို့အားလုံး, ကျွန်ုပ်တို့ကိုစောင့်သော နတ်တို့အားလုံး, တရားနာလာရောက်ကြသော နတ်တို့အားလုံး, သိကြားမင်း ယမမင်းနှင့်တကွ နတ်အပေါင်းအားလုံး,

http://www.dhammadownload.com

သုံးဆယ့်တဘုံ၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းအားဌင်း အမျှပေးဝေပါ၏၊ အမျှရ၍ ချမ်းသာကြပါစေသော်” ဟု အမျှ ပေးဝေပါ။

ဤစာအုပ်ကို ရရှိကြသူတိုင်း မဟာသမယသုတ်များကို နေ့စဉ် ရွတ်ဖတ်နိုင်ကြ၍ မဟာသမယသုတ်များ လာ တရားတော်များကို လိုက်နာကျင့်သုံးနိုင်ကြပါစေသော်။

၁၃၂၃-ခုနှစ်၊ တပို့တွဲလဆုတ် ၁၁-ရက်နေ့

(၂-၃-၆၂)

မင်္ဂလာ အောင်မြင့်

အမှတ် ၅-၆

စိန်မေတ္တာလမ်း၊

သာသနာ့ရိပ်သာအနီး၊

ကုက္ကိုင်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com



မဟာသမယသုတ်များ
မာတိကာ
၁၃၅၃-ခုနှစ်

အကြောင်းအရာ ဇာမျက်နှာအမှတ်

မဟာသမယသုတ်ပါဠိတော်	၁
ဒေဝတာသန္နိပါတ	၃
သမ္မာပရိဗ္ဗာဇနီယသုတ္တ	၁၀
ပုရာဘေဒသုတ္တ	၁၃
ကလဟဝိဝါဒသုတ္တ	၁၅
စူဠဗျူဟသုတ္တ	၁၈
မဟာဗျူဟသုတ္တ	၂၁
တုဝဋ္ဌကသုတ္တ	၂၅
မဟာသမယသုတ်များနိဿယ	၂၉
ပဏာမ	၂၉
မဟာသမယသုတ်နိဿယ	၃၁
အရှင်အာနန္ဒာ၏ ဧဝံ မေ သုတံ	၃၁
ပဌမသံဂါယနာတင်ပုံ	၃၁
မင်းနှစ်ပါးတို့၏ ရေပြဿနာ	၃၂
သာကီဝင်မင်းမျိုးတို့ အချင်းချင်း ဆဲရေးကြပုံ	၃၂
ရန်ငြိမ်းကြောင်း ဓမ္မဒေသနာ	၃၃
ရဟန်းပြုပေမဲ့ တရားမရှုနိုင်	၃၅
ကုဏာလအိုင်နှင့် သာသနမဏ္ဍိုင်	၃၆
ပြည်မြတ်ဝေသာ မဟာဝန ပြန်ကာကြွ	၃၇

ဓမ္မစေတီ
ဦးလှမောင် M.A., M.S., B.L.
ဒေါ်တင်တင်မြင့် B.A. (Hons), B.Ed.
အိမ်တွင်းစာကြည့်တိုက်

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာအမှတ်
မဂ်အဆင့်ဆင့် တက်ခွင့်မိန့်မှာ ဒေသနာ	၃၇
ရောင့်ရဲတတ်မှ ချမ်းသာရ	၄၉
ကိုးကွယ်တတ်မှ အမြတ်ရ	၄၉
နဂါး ၄-မျိုး	၆၆
ဂဋ္ဌုန် ၄-မျိုး	၆၆
ဂဋ္ဌုန်မချီနိုင်သည့် နဂါး ၇-မျိုး	၆၇
ဝလာဟကနတ် ၅-မျိုး	၇၂
မဟာသမယသုတ်ဟူသည်	၈၄
နှုတ်ခွန်းဆက်သုတ်	၈၅
နတ်ချစ်သောသုတ်	၈၅
ဝတ္ထုကြောင်းသာဓက	၈၅
သမ္မာပရိဗ္ဗာဇနီယသုတ် နိဿယ	၈၈
ပဏာမနှင့်ပဋိညာဉ်	၈၈
အနုသန္ဓေ	၉၀
ပုစ္ဆာဝသိကဒေသနာ....	၉၁
နိမ္မိတရုပ်ပွား ကိုယ်စားတဆူ အသွင်တူ	၉၂
အချစ်အမုန်းကင်းကြောင်း အကျင့် ၃-ပါး	၉၉
မာန်ကိုးပါး	၁၀၇
မိစ္ဆာဒိဋ္ဌိ ၆၂-ပါး	၁၀၉
ပဋိစ္စသမုပ္ပါဒ် အဓွန့် ၃-ပါး	၁၁၃
သစ္စဝဝတ္ထာပနဉာဏ် ၅-ပါး	၁၁၅
ဥပဓိ ၄-ပါး	၁၁၆

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာအမှတ်

ပုရာဘေဒသုတ် နိဿယ ၁၁၈

အမျက်ထွက်ခြင်းအကြောင်း ၉-ပါး ၁၂၀

ကုဟနဝတ္ထု ၃-ပါး ၁၂၅

မစ္ဆေရ ၅-ပါး ၁၂၆

ဥပေက္ခာ အင်္ဂါ ၆-ပါး ၁၃၁

မာန် ၃-ပါး ၁၃၁

အဖွဲ့အထုံး ၄-ပါး ၁၃၃

ကလဟဝိဝါဒသုတ် နိဿယ ၁၃၈

တရားဆိုး ၈-ပါး ၁၃၈

ဆန္ဒ (တဏှာလောဘ) ၅-ပါး ၁၄၃

ဝိနိစ္ဆယ(ဆုံးဖြတ်မှု) ၄-ပါး ၁၄၃

တဏှာအမျိုးမျိုးနှင့် အဓိပ္ပါယ် ၁၄၄

သာယာနှစ်သက်ဖွယ် ၄-ပါး ၁၄၇

မသာယာ မနှစ်သက်ဖွယ် ၄-ပါး ၁၄၈

စည်းစိမ်ပျက်ကြောင်း ၆-ပါး ၁၄၉

သိက္ခာသုံးပါးနှင့် ဝိသုဒ္ဓိခုနစ်ပါး တဲ့ပုံ ၁၅၁

ရုပ်တို့ ကျော်လွန်ပျောက်ကွယ်ခြင်း ၄-ပါး ၁၅၆

ပပဉ္စ ၃-ပါးမလွတ်က ဝဋ်ဒုက္ခမကျွတ် ၁၆၀

စူဠဋီကာသုတ် နိဿယ.... .... ၁၆၄

လောကအဆုံး အမှန်တရား ၁၇၀

စန္ဒဘပုဏ္ဏားအကြောင်း ၁၇၄

ကောရဝတ္တိယ ပရိဗိုဇ်အကြောင်း ၁၇၄

http://www.dhammadownload.com

အကြောင်းအရာ				စာမျက်နှာအမှတ်
မဟာဗျူဟသုတ် နိဿယ	....	....	....	၁၀၄
သီလနှင့်ဝတ ခွဲခြားပြဆိုချက်	....	....	....	၁၀၇
နွားအကျင့်နှင့် ခွေးအကျင့် ကျင့်သူနှစ်ဦး	....		...	၁၀၈
သန္ဓိ ၃-ပါး	....	....	....	၁၉၂
ဗြာဟ္မဏ(ရဟန္တာ)တို့ အပပြုအပ်သောတရား ၇-ပါး			....	၁၉၉
တုဝဋ္ဋကသုတ် နိဿယ	....	....	....	၂၁၀
ပပဉ္စတရား ၂-ပါး(တဏှာဒိဋ္ဌိ)တို့၏ အကြောင်း ၆-ပါး			....	၂၁၁
ပပဉ္စတရား (မာန) အကြောင်း	....	....	....	၂၁၃
မျက်စိ ၅-မျိုး	....	....	....	၂၁၇
ယောဂီရဟန်း အိပ်ရမည့်အချိန်	....	....	....	၂၂၁
ကိလေသာ ၃-မျိုး	....	....	....	၂၂၅
ဝိတက် (စိတ်ကူး) ၆-မျိုး	....	....	....	၂၂၅

http://www.dhammadownload.com

မဟာသမယသုတ်များ

မဟာသမယသုတ် ပါဋ္ဌိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ * ဧဝံ မေ သုတံ = ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ **ကပိလဝတ္ထုသ္မိံ မဟာဝနေ** မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိ-တာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ ဘိက္ခုသံဃဉ္စ။ အထ ခေါ စတုန္နံ သုဒ္ဓါဝါသကာယိကာနံ ဒေဝတာနံ ဧတဒဟောသိ "အယံ ခေါ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ ဘိက္ခု-သံဃဉ္စ။ ယံနူန မယမ္ပိ ယေန ဘဂဝါ တေနုပသင်္ကမေယျာမ၊ ဥပ-သင်္ကမိတ္ဝာ ဘဂဝတော သန္တိကေ ပစ္စေကံ ဂါထံ ဘာသေယျာ-မာ"တိ။

---

* သုတ်မဟာဝါ ပါဋ္ဌိတော် ၂၀၃-သဂါထာဝဂ္ဂ သံယုတ် ပါဋ္ဌိတော်-၂၄ စာမျက်နှာ။

http://www.dhammadownload.com

၂။ အထ ခေါ် တာ ဒေဝတာ သေယျထာပိ နာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ ဝါ ဗာဟံ ပသာရေယျ, ပသာရိတံ ဝါ ဗာဟံ သမိဉ္ဇေယျ၊ ဧဝမေဝ သုဒ္ဓါဝါသေသု ဒေဝေသု အန္တရဟိတာ ဘဂဝတော ပုရတော ပါတုရဟောသုံ။ အထ ခေါ် တာ ဒေဝတာ ဘဂဝန္တံ အဘိဝါဒေတွာ ကေမန္တံ အဋ္ဌသု။ ကေမန္တံ ဌိတာ ခေါ် ကော ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ—

“မဟာသမယော ပဝနသ္မိံ၊
ဒေဝကာယာ သမာဂတာ။
အာဂတ’မှ ဣမံ ဓမ္မသမယံ၊
ဒက္ခိတာယေ အပရာဇိတသံဃ”န္တိ။

အထ ခေါ် အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ—

“တတြ ဘိက္ခဝေါ် သမာဒဟံသု၊
စိတ္တ’မတ္တနော ဥဇုကံ အကံသု။
သာရထိဝ နေတ္တာနိ ဂဟေတ္ဝာ၊
ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာ”တိ။

အထ ခေါ် အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ—

“ဆေတ္ဝာ ဒိလံ ဆေတ္ဝာ ပလိဃံ၊
ဣန္ဒခီလံ ဥိဟစ္စ မနေဇာ။
တေ စရန္တိ သုဒ္ဓါ ဝိမလာ၊
စက္ခုမတာ သုဒန္တာ သုသုနာဂါ”တိ။

အထ ခေါ် အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ—

“ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။

http://www.dhammadownload.com

ပဟာယ မာနသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တီ”တိ။

ဒေဝတာသဒ္ဒပါဠိ

၃။ အထ ခေါ ဘဂဝါ ဘိက္ခူ။ အာမန္တေသိ “ယေဘုယ္ယေန ဘိက္ခဝေ ဒဿသု လောကဓာတူသု ဒေဝတာ သဒ္ဒမ်ပတိတာ ဟောန္တိ တထာဂတံ ဒဿနာယ ဘိက္ခုသံဃဿ။ ယေဝိ တေ ဘိက္ခဝေ အဟေသုံ အတီတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ်ိ၊ ဘဂဝန္တာနံ ဧတံပရမာယေဝ ဒေဝတာ သဒ္ဒမ်ပတိတာ အဟေသုံ သေယျထာပိ မယ်ံ ဧတရဟိ။ ယေဝိ တေ ဘိက္ခဝေ ဘဝိဿန္တိ အနာဂတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ်ိ ဘဂဝန္တာနံ ဧတံပရမာယေဝ ဒေဝတာ သဒ္ဒမ်ပတိတာ ဘဝိဿန္တိ သေယျထာပိ မယ်ံ ဧတရဟိ။ အာစိက္ခိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ကိတ္တယိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ဒေသေဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ တံ သုဏာထ သာဓုကံ မနသိ ကရောထ ဘာသိဿာမ်ိ”-တိ။ “ဧဝံ ဘန္တေ”တိ ခေါ တေ ဘိက္ခူ။ ဘဂဝတော ပစ္စဿောသုံ။

၄။ ဘဂဝါ ဧတဒဝေါစ–

သိလောကမနုကဿာမိ၊ ယတ္ထ ဘုမ္မာ တဒဿိတာ။
ယေ သိတာ ဂိရိဂဗ္ဘရံ၊ ပဟိတတ္တာ သမာဟိတာ။

ပုထူ သီဟာဝ သလ္လီနာ၊ လောမဟံသာဘိသမ္ဘုနော။
ဩဒါတမာနသာ သုဒ္ဓါ၊ ဝိပ္ပသန္နမနာဝိလာ။

ဘိယ်ျော ပဇ္ဇသတေ ဥတ္တာ၊ ဝနေ ကာဝိလဝတ္ထဝေ။
တတော အာမန္တယိ သတ္ထာ၊သာဝကေ သာသနေ ရတေ။

ဒေဝကာယာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေ စ အာတပ်’မကရုံ၊ သုတ္တာ ဗုဒ္ဓသ သာသနံ။

http://www.dhammadownload.com

တေသံ ပါတုရတု ဉာဏံ၊ အမနုဿာန ဒဿနံ။
အပ္ပေကေ သတ'မဒ္ဒက္ခုံ၊ သဟသံ အထ သတ္တရိ။

သတံ ဧကေ သဟဿာနံ၊ အမနုဿာန'မဒ္ဒသုံ။
အပ္ပေကေ'နန္တ'မဒ္ဒက္ခုံ၊ ဒိသာ သဗ္ဗာ ဖုဋာ အဟုံ။

တဋ္ဆ သဗ္ဗံ အဘိညြာယ၊ ဝဝတ္ထိတ္ဝာန စက္ခုမာ။
တတော အာမန္တယိ သတ္ထာ၊သာဝကေ သာသနေ ရတေ။

ဒေဝကာယာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
ယေ ဝေါ'ဟံ ကိတ္တယိဿာမိ၊ ဂိရာဟိ အနုပုဗ္ဗသော။

၅။ သတ္တာသဟဿာ တေ ယက္ခာ၊ ဘူမ္မာ ကာဠိလဝတ္ထဝေါ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

ဆသဟဿာ ဟေမဝတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

သာတာဂိရာ တိသဟဿာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

ဣဿရေတေ သောဠသသဟဿာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

ဝေဿာမိတ္တာ ပဗ္ဗသတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

http://www.dhammadownload.com

ကုမ္ဘီရော ရာဇဂဟိကော၊ ဝေဗုလ္လ'သဲ နိဝေသနံ။
ဘိယ္ယော နံ သတသဟဿံ၊ ယက္ခာနံ ပယိရုပါသတိ။
ကုမ္ဘီရော ရာဇဂဟိကော၊ သော့ပါဂါ သမိတိ ဝနံ။

၆။ ပုရိမဒ္ဓ ဒိသံ ရာဇာ၊ ဓတရဋ္ဌော ပသာသတိ။
ဂန္ဓဗ္ဗာနံ အဓိပတိ၊ မဟာရာဇာ ယသဿီ သော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဇ္ဈန္ဒနာမာ မဟဗ္ဗလာ။
ဇ္ဈဋ္ဌိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

ဒက္ခိဏဒ္ဓ ဒိသံ ရာဇာ၊ ဝိရူဠ္ဟော တံ ပသာသတိ။
ကုမ္ဘဏ္ဍာနံ အဓိပတိ၊ မဟာရာဇာ ယသဿီ သော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဇ္ဈန္ဒနာမာ မဟဗ္ဗလာ။
ဇ္ဈဋ္ဌိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

ပစ္ဆိမဒ္ဓ ဒိသံ ရာဇာ၊ ဝိရူပက္ခော ပသာသတိ။
နာဂါနဒ္ဓ အဓိပတိ၊ မဟာရာဇာ ယသဿီ သော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဇ္ဈန္ဒနာမာ မဟဗ္ဗလာ။
ဇ္ဈဋ္ဌိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

ဥတ္တရဒ္ဓ ဒိသံ ရာဇာ၊ ကုဝေရော တံ ပသာသတိ။
ယက္ခာနဒ္ဓ အဓိပတိ၊ မဟာရာဇာ ယသဿီ သော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဇ္ဈန္ဒနာမာ မဟဗ္ဗလာ။
ဇ္ဈဋ္ဌိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

ပုရိမံ ဒိသံ ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠ္ဟကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

http://www.dhammadownload.com

စတ္တာရော တေ မဟာရာဇာ၊ သမန္တာ စတုရော ဒိသာ။
ဒဒ္ဒဋ္ဌမာနာ အင်္ဌံသု၊ ဝနေ ကာပိလဝတ္ထဝေ။

၇။ တေသံ မာယာဝိနော ဒါသာ၊ အာဂုံ ဝဉ္ဇနိကာ သဌာ။
မာယာ ကုဋေဏ္ဍု ဝိဋေဏ္ဍု၊ ဝိဋုစ္စ ဝိဋုဋော သဟ။

စန္ဒနော ကာမသေဋ္ဌော စ၊ ကိန္ဒိဃဏ္ဍု နိဃဏ္ဍု စ။
ပနာဒေါ ဩပမညော စ၊ ဒေဝသူတော စ မာတလိ။

စိတ္တသေနော စ ဂန္ဓဗ္ဗော၊ နဋ္ဌော ရာဇာ ဇနေသဘော။
အာဂါ ပဉ္ဇသိခေါ စေဝ၊ တိမ္ဗရူ သူရိယဝစ္ဆသာ။

ဧတေ စညေ စ ရာဇာနော၊ ဂန္ဓဗ္ဗာ သဟ ရာဇုဘိ။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၈။ အထာဂုံ နာဂသာ နာဂါ၊ ဝေသာလာ သဟတစ္ဆကာ။
ကမ္ပလဿတရာ အာဂုံ၊ ပါယာဂါ သဟ ဉာတိဘိ။

ယာမုနာ ဓတရဋ္ဌာ စ၊ အာဂူ နာဂါ ယသဿိနော။
ရောဝဏော မဟာနာဂေါ၊ သောပါဂါ သမိတိံ ဝနံ။

ယေ နာဂရာဇေ သဟသာ ဟရန္တိ၊
ဒိဗ္ဗာ ဒိဇာ ပက္ခိ ဝိသုဒ္ဓစက္ခု။
ဝေဟာယသာ တေ ဝန'မဇ္ဈပတ္တာ၊
စိတြာ သုပဏ္ဏာ ဣတိ တေသ နာမံ။

အဘယံ တဒါ နာဂရာဇာန'မာသိ၊
သုပဏ္ဏတော ခေမ'မကာသိ ဗုဒ္ဓေါ။
သဏ္ဌာဟိ ဝါစာဟိ ဥပဝှယန္တာ၊
နာဂါ သုပဏ္ဏာ သရဏ'မကံသု ဗုဒ္ဓံ။

၉။ ဇိတာ ဝဇိရဟတ္ထေန၊ သမုဒ္ဒံ အသုရာ သိတာ။
ဘာတရော ဝါသဝသေတေ၊ ဣဒ္ဓိမန္တော ယသဿိနော။

http://www.dhammadownload.com

ကာလကဥ္ဇာ မဟာဘိသ္မာ၊ အသုရာ ဒါနဝေဃသာ။
ဝေပစိတ္တိ သုစိတ္တိ စ၊ ပဟာရာဒေါ နမုစီ သဟ။
သတဥ္ဇ ဗလိပုတ္တာနံ၊ သဗ္ဗေ ဝေရောစနာမကာ။
သန္နယ္ဟိတ္ဝာ ဗလိသေနံ၊ ရာဟုဘဒ္ဒ' မုပါဂမုံ။
သမယော'ဒါနိ ဘဒ္ဒန္တေ၊ ဘိက္ခူနံ သမိတိ ဝနံ။

၁၀။ အာပေါ စ ဒေဝါ ပထဝီ၊ တေဇော ဝါယော တဒါဂမုံ။
ဝရုဏာ ဝါရဏာ ဒေဝါ၊ သောမော စ ယသသာ သဟ။
မေတ္တာကရုဏာကာယိကာ၊
အာဂုံ ဒေဝါ ယသဿိနော။

ဒသေတေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတီမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

ဝေဏ္ဍု ဒေဝါ သဟလိ စ၊ အသမာ စ ဒုဝေ ယမာ။
စန္ဒဿူ'ပနိသာ ဒေဝါ၊ စန္ဒမာဂုံ ပုရက္ခတ္ဝာ။
သူရိယဿူ'ပနိသာ ဒေဝါ၊ သူရိယမာဂုံ ပုရက္ခတ္ဝာ။
နက္ခတ္တာနိ ပုရက္ခတ္ဝာ၊ အာဂုံ မန္ဒဝလာဟကာ။
ဝသူနံ ဝါသဝေါ သေဋ္ဌော၊ သက္ကောပါဂါ ပုရိန္ဒဒေါ။

ဒသေတေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတီမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိ ဝနံ။

အထာဂုံ သဟဘူ ဒေဝါ၊ ဇလ'မဂ္ဂိသိခါရိဝ။
အရိဋ္ဌကာ စ ရောဇာ စ၊ ဥမာပုပ္ပနိဘာသိနော။

ဝရုဏာ သဟဓမ္မာ စ၊ အစ္စုတာ စ အနေဇကာ။
သူလေယျရစိရာ အာဂုံ၊ အာဂုံ ဝါသဝနေသိနော။

http://www.dhammadownload.com

ဒဿေတေ ဒဿဓာ ကာယာ၊ သဗ္ဗေ နာနတ္တာဝဏ္ဏိနော။
ဋ္ဌိဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

သမာနာ မဟာသမာနာ၊ မာနုသာ မာနုသုတ္တမာ။
ခိဋ္ဌာပဒေါသိကာ အာဂုံ၊ အာဂုံ မနောပဒေါသိကာ။

အထာဂုံ ဟရယော ဒေဝါ၊ ယေ စ လောဟိတဝါသိနော။
ပါရဂါ မဟာပါရဂါ၊ အာဂုံ ဒေဝါ ယဿသိနော။

ဒဿေတေ ဒဿဓာ ကာယာ၊ သဗ္ဗေ နာနတ္တာဝဏ္ဏိနော။
ဋ္ဌိဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

သုက္ကာ ကရမ္ဘာ အရုဏာ၊ အာဂုံ ဝေဃနသာ သဟ။
ဩဒါတဂယှာ ပါမောဇ္ဇာ၊ အာဂုံ ဒေဝါ ဝိစက္ခဏာ။

သဒါမတ္တာ ဟာရဂဇာ၊ မိဿကာ စ ယသဿိနော။
ထနယံ အာဂ ပဇ္ဇုန္နော၊ ယော ဒိသာ အဘိဝဿတိ။

ဒဿေတေ ဒဿဓာ ကာယာ၊ သဗ္ဗေ နာနတ္တာဝဏ္ဏိနော။
ဋ္ဌိဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ခေမိယာ တုသိတာ ယာမာ၊ ကဋ္ဌကာ စ ယသဿိနော။
လမ္ဗီဘကာ လာမသေဋ္ဌာ၊ ဇောတိနာမာ စ အာသဝါ။
နိမ္မာနရတိနော အာဂုံ၊ အထာဂုံ ပရနိမ္မိတာ။

ဒဿေတေ ဒဿဓာ ကာယာ၊ သဗ္ဗေ နာနတ္တာဝဏ္ဏိနော။
ဋ္ဌိဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

သဗ္ဗေတေ ဒေဝနိကာယာ၊ သဗ္ဗေ နာနတ္တာဝဏ္ဏိနော။
နာမန္တယေန အာဂစ္ဆုံ၊ ယေ စညေ သဒိသာ သဟ။

http://www.dhammadownload.com

ပဝုဋ္ဌော'တိ'မဒိလံ၊ ဩဃတိဏ္ဏော'မနာသဝံ။
ဒက္ခေမော'ဃတရံ နာဂံ၊ စန္ဒံဝ အသိတာတိဂံ။

၁၁။ သုဒ္ဓြဟ္မာ ပရမတ္တော စ၊ ပုတ္တာ ဇုဠ္ဍိမတော သဟ။
သနင်္ကုမာရော တိဿော စ၊ သောပါဂ သမိတိ ဝနံ။
သဟသိံ ဒြဟ္မလောကာနံ၊ မဟာဒြဟ္မာ'ဘိတိဋ္ဌတိ။
ဥပပန္နော ဇုတိမန္တော၊ ဘိသ္မာကာယော ယသဿိ သော။
ဒသေတ္ထ ဇုသရာ အာဂုံ၊ ပစ္စေကဝသဝတ္တိနော။
တေသဉ္စ မစ္ဆရော အာဂ၊ ဟာရိတော ပရိဝါရိတော။

၁၂။ တေ စ သဗ္ဗေ အဘိက္ကန္တေ၊ သဇုန္နေ ဒေဝေ သဒြဟ္မကေ။
မာရသေနာ အဘိက္ကာမိ၊ ပဿ ကဏှသ မန္ဒိယံ။
ဧထ ဂဏှထ ဗန္ဓထ၊ ရာဂေန ဗဒ္ဓ'မတ္ထု ဝေါ။
သမန္တာ ပရိဝါရေထ၊ မာ ဝေါ မုဉ္စိ'တ္ထ ကောစိ နံ။
ဇုတိ တတ္ထ မဟာသေနော၊ ကဏှော သေနံ အပေသယိ။
ပါဏိနာ တလ'မာဟစ္စ၊ သရံ ကတ္ဝာန ဘေရဝံ။
ယထာ ပါဝုသကော မေဃော၊ ထနယန္တော သဝိဇ္ဇုကော။
တဒါ သော ပစ္စုဒါဝတ္တိ၊ သင်္ကုဒ္ဓေါ အသယံဝသေ။

၁၃။ တဉ္စ သဗ္ဗံ အဘိညာယ၊ ဝဝတ္ထိတ္ဝာန စက္ခုမာ။
တတော အာမန္တယိ သတ္ထာ၊ သာဝကေ သာသနေ ရတေ။
မာရသေနာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေ စ အာတပ်'မကရုံ၊ သုတ္ဝာ ဗုဒ္ဓဿ သာသနံ။
ဝိတရာဂေဟိ ပက္ကာမုံ၊ နေသံ လောမာပိ ဇုဉ္ဇယုံ။
သဗ္ဗေ ဝိဇိတသင်္ဂါမာ၊ ဘယာတီတာ ယသဿိနော။
မောဒန္တိ သဟ ဘူတေဟိ၊ သာဝကာ တေ ဇနေ သုတာတိ။

မဟာသမယသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com

သမ္မာပရိဗ္ဗာဇနီယသုတ္တ

၁။ *ပုစ္ဆာမိ မုနိံ ပဟူတပညံ၊
တိဏ္ဏံ ပါရင်္ဂတံ ပရိနိဗ္ဗုတံ ဌိတတ္တံ။
နိက္ခမ္မ ဃရာ ပနုဇ္ဇ ကာမေ၊
ကထံ ဘိက္ခု သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၂။ ယဿ မင်္ဂလာ သမူဟတာသေ၊ (ဣတိ ဘဂဝါ၊)
ဥပ္ပါတာ သုပိနာ စ လက္ခဏာ စ။
သော မင်္ဂလဒေါသဝိပ္ပဟီနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၃။ ရာဂံ ဝိနယေထ မာနုသေသု၊
ဒိဗ္ဗေသု ကာမေသု စာပိ ဘိက္ခု။
အတိက္ကမ္မ ဘဝ် သမေစ္စ ဓမ္မံ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၄။ ဝိပိဋ္ဌိကတ္ဝာန ပေသုဏာနိ၊
ကောဓံ ကဒရိယံ ဇဟေယျ ဘိက္ခု။
အနုရောဓဝိရောဓဝိပ္ပဟီနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၅။ ဟိတ္ဝာန ပိယဉ္ဇ အပ္ပိယဉ္ဇ၊
အနုပါဒါယ အနိဿိတော ကုဟိဉ္ဇိ။
သံယောဇနိယေဟိ ဝိပ္ပမုတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

---

* သုတ္တနိပါတပါဋ္ဌိ ၃၃၂-စာမျက်နှာ။

http://www.dhammadownload.com

၆။ နော သော ဥပဓိသု သာရ'မေတိ၊
အာဒါနေသု ဝိနေယျ ဆန္ဒရာဂံ။
သော အနိဿိတော အနညနေယျော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၇။ ဝစသာ မနသာ စ ကမ္မုနာ စ၊
အဝိရဇ္ဈေါ သမ္မာ ဝိဒိတ္ဝာ ဓမ္မံ။
နိဗ္ဗာနပဒါဘိပတ္ထယာနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၈။ ယော ဝန္ဒတိ မဉ္ဇိ နုန္နမေယျ၊
အက္ကုဇ္ဈော ပ နာ သန္ဒိယေထ ဘိက္ခု။
လဒ္ဓါ ပရဘောဇနံ နာ မဇ္ဇေ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၉။ လောဘဉ္စ ဘဝဉ္စ ဝိပ္ပဟာယ၊
ဝိရတော ဆေဒနဗန္ဓနာ စ ဘိက္ခု။
သော တိဏ္ဏကထံကထော ဝိသလ္လော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၀။ သာရုပ္ပံ အတ္တနော ဝိဒိတ္ဝာ၊
နော စ ဘိက္ခု ဟိ ံသေယျ ကဿိ လောကေ။
ယထာတထိယံ ဝိဒိတ္ဝာ ဓမ္မံ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၁။ ယဿ'နုသယာ နာ သန္တိ ကေစိ၊
မူလာ စ အကုသလာ သမူဟတာသေ။
သော နိရာသော အနာသိသာနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

http://www.dhammadownload.com

၁၂။ အာသဝဒိဏ္ဏော ပဟီနမာနော၊
သဗ္ဗံ ရာဂပထံ ဥပါတိဝတ္တော၊
ဒန္တော ပရိနိဗ္ဗုတော ဠိတတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၃။ သဒ္ဓေါ သုတဝါ နိယာမဒဿီ၊
ဝဂ္ဂဂတေသု န ဝဂ္ဂသာရီ ဓိရော။
လောဘံ ဒေါသံ ဝိနေယျ ပဋိဃံ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၄။ သံသုဒ္ဓဇိနော ဝိဝဋ္ဋဆဒေါ၊
ဓမ္မေသု ဝသီ ပါရဂူ အနေဇော။
သဒ္ဓါရနိရောဓဉ္ဉာကုသလော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၅။ အတီတေသု အနာဂတေသု စာပိ၊
ကပ္ပါတီတော အတိစ္ဆ သုဒ္ဓိပညော။
သဗ္ဗာယတနေဟိ ဝိပ္ပမုတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၆။ အညာယ ပဒံ သမေစ္စ ဓမ္မံ၊
ဝိဝဋံ ဒိဿာန ပဟာန'မာသဝါနံ။
သဗ္ဗုပဓိနံ ပရိက္ခယာနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၇။ အဒ္ဓါ ဟိ ဘဂဝါ တထေဝ ဧတံ၊
ယော သော ဧဝံဝိဟာရီ ဒန္တော ဘိက္ခု။
သဗ္ဗသံယောဇနယောဂဝိတိဝတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျာတိ။

သမ္မာပရိဗ္ဗာဇနိယသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com

ပုရာဘေဒသုတ္တ

၁။*ကထံဒဿီ ကထံသီလော၊ ဥပသန္တောတိ ဝုစ္စတိ။
တံ မေ ဂေါတမ ပဗြူဟိ၊ ပုစ္ဆိတော ဥတ္တမံ နရံ။

၂။ ဝီတတဏ္ဏော ပုရာ ဘေဒါ၊ (ဣတိ ဘဂဝါ၊)
ပုဗ္ဗမန္တ' မနိဿိတော။
ဝေမဇ္ဈေ နု' ပသခ်ေယျော၊
တဿ နတ္ထိ ပုရက္ခတံ။

၃။ အက္ကောဓနော အသန္တာသီ၊ အဝိကတ္ထီ အကုက္ကုစော။
မန္တဘာဏီ အနုဒ္ဓတော၊ သ ဝေ ဝါစာယတော မုနိ။

၄။ နိရာသတ္တိ အနာဂတေ၊ အတီတံ နာနုသောစတိ။
ဝိဝေကဒဿီ ဖဿေသု၊ ဒိဋ္ဌီသု စ နနီယတိ။

၅။ ပတီလီနော အကုဟကော၊ အပိဟာလု အမစ္ဆရီ။
အပ္ပဂဗ္ဘော အဇေဂုစ္ဆော၊ ပေသုဏေယျေ စ နောယုတော။

၆။ သာတိယေသု အနဿာဝီ၊ အတိမာနေ စ နောယုတော။
သဏ္ဏော စ ပဋိဘာနဝါ၊ နသဒ္ဓေါ နဝိရဇ္ဇတိ။

၇။ လာဘကမျာ နသိက္ခတိ၊ အလာဘေ စ နကုပ္ပတိ။
အဝိရုဒ္ဓေါ စ တဏ္ဏာယ၊ ရသေသု နာနုဂိဇ္ဈတိ။

၈။ ဥပေက္ခကော သဒါသတော၊ နလောကေ မညတေ သမံ။
နဝိသေသီ နနီစေယျော၊ တဿ နောသန္တိ ဥဿဒါ။

၉။ ယဿ နိဿယနာ နတ္ထိ၊ ဥတ္ဒာ ဓမ္မံ အနိဿိတော။
ဘဝါယ ဝိဘဝါယ ဝါ၊ တဏ္ဏာ ယဿ နဝိဇ္ဇတိ။

---

*သုတ္တနိပါတပါဋ္ဌိ ၄၁၁-မဟာနိဒ္ဒေသပါဋ္ဌိ ၁၆၁-စာမျက်နှာ။

http://www.dhammadownload.com

၁၀။ တံ ဗြူမိ ဥပသန္တောတိ၊ ကာမေသု အနပေက္ခိနံ။
ဂန္ထာ တဿ နဝိဇ္ဇန္တိ၊ အတရိ သော ဝိသတ္တိကံ။

၁၁။ နာ တဿ ပုတ္တာ ပသဝေါ၊ ခေတ္တံ ဝတ္ထု စ ဝိဇ္ဇတိ။
အတ္တာ ဝါဝိ နိရတ္တာ ဝါ၊ နာ တသ္မိံ ဥပလဗ္ဘတိ။

၁၂။ ယေန နံ ဝဇ္ဇုံ ပုထုဇ္ဇနာ၊ အထော သမဏာဗြာဟ္မဏာ။
တံ တဿ အပုရက္ခတံ၊ တသ္မာ ဝါဒေသု နေ'ဇတိ။

၁၃။ ဝိတဂေဓော အမစ္ဆရီ၊ နာ ဥဿေသု ဝဒတေ မုနိ။
နာ သမေသု နာ ဩမေသု၊ ကပ္ပံ နေ'တိ အကပ္ပိယော။

၁၄။ ယဿ လောကေ သကံ နတ္ထိ၊ အသတာ စ နာ သောစတိ။
ဓမ္မေသု စ နာ ဂစ္ဆတိ၊ သ ဝေ သန္တောတိ ဝုစ္စတိတိ။

ပုရာဘေဒသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com

ကလဟဝိဝါဒသုတ္တံ

၁။* ကုတောပဟူတာ ကလဟာ ဝိဝါဒါ၊
ပရိဒေဝသောကာ သဟမစ္ဆရာ စ။
မာနာတိမာနာ သဟပေသုဏာ စ၊
ကုတောပဟူတာ တေ တဒိဃ် ဗြူဟိ။

၂။ ပိယပဟူတာ ကလဟာ ဝိဝါဒါ၊
ပရိဒေဝသောကာ သဟမစ္ဆရာ စ။
မာနာတိမာနာ သဟပေသုဏာ စ၊
မစ္ဆေရယုတ္တာ ကလဟာ ဝိဝါဒါ။
ဝိဝါဒဇာတေသု စ ပေသုဏာနိ။

၃။ ပိယာ သု လောကသ္မိံ ကုတောနိဒါနာ၊
ယေ စာပိ လောဘာ ဝိစရန္တိ လောကေ။
အာသာ စ နိဋ္ဌာ စ ကုတောနိဒါနာ၊
ယေ သမ္ပရာယာယ နရဿ ဟောန္တိ။

၄။ ဆန္ဒာနိဒါနာနိ ပိယာနိ လောကေ၊
ယေ စာပိ လောဘာ ဝိစရန္တိ လောကေ။
အာသာ စ နိဋ္ဌာ စ ဇုတောနိဒါနာ၊
ယေ သမ္ပရာယာယ နရဿ ဟောန္တိ။

၅။ ဆန္ဒော နု လောကသ္မိံ ကုတောနိဒါနော၊
ဝိနိစ္ဆယာ စာပိ ကုတောပဟူတာ။
ကောဓော မောသဝဇ္ဇဉ္စ ကထံကထာ စ၊
ယေ ဝါပိ ဓမ္မာ သမဏေန ဝုတ္တာ။

---

*သုတ္တနိပါတပါဠိ ၄၁၃-မဟာနိဒ္ဒေသပါဠိ ၁၉၆-စာမျက်နှာ။

http://www.dhammadownload.com

၆။ သာတံ အသာဂန္တ္မိ ယမာဟု လောကေ၊
တ'မ္ဟုပနိသာယ ပဟောတိ ဆန္ဒော။
ရူပေသု ဒိသ္မာ ဝိဘဝံ ဘဝဉ္စ၊
ဝိနိစ္ဆယံ ကုဗ္ဗတိ ဇန္တု၊ လောကေ။

၇။ ကောဓော မောသဝဇ္ဇဉ္စ ကထံကထာ စ၊
တေဝိ ဓမ္မာ ဒ္ဝယမေဝ သန္တေ။
ကထံကထီ ဉာဏပထာယ သိက္ခေ၊
ဥတ္တာ ပဝုတ္တာ သမဏေန ဓမ္မာ။

၈။ သာတံ အသာတဉ္စ ကုတောနိဒါနာ။
ကိသ္မိံ အသန္တေ နု ဘဝန္တိ ဟေတေ။
ဝိဘဝံ ဘဝဉ္စာဝိ ယ'မေတ'မတ္ထံ၊
ဧတံ မေ ပဗြူဟိ ယတောနိဒါနံ။

၉။ ဖဿနိဒါနံ သာတံ အသာတံ၊
ဖဿေ အသန္တေ နု ဘဝန္တိ ဟေတေ။
ဝိဘဝံ ဘဝဉ္စာဝိ ယ'မေတ'မတ္ထံ၊
ဧတံ တေ ပဗြူမိ ဣတောနိဒါနံ။

၁၀။ ဖဿော နု လောကသ္မိံ ကုတောနိဒါနော၊
ပရိဂ္ဂဟာ စာပိ ကုတောပဟူတာ။
ကိသ္မိံ အသန္တေ နု မမတ္တ'မတ္ထိ၊
ကိသ္မိံ ဝိဘူတေ နု ဖုသန္တိ ဖဿာ။

၁၁။ နာမဉ္စ ရူပဉ္စ ပဋိစ္စ ဖဿော၊
ဣဆ္ဃာနိဒါနာနိ ပရိဂ္ဂဟာနိ။
ဣဆ္ဃာယ'သန္တျာ နု မမတ္တ'မတ္ထိ၊
ရူပေ ဝိဘူတေ နု ဖုသန္တိ ဖဿာ။

http://www.dhammadownload.com

၁၂။ ကထံ သမေတဿ ဝိဘောတိ ရူပံ၊
သုခံ ဒုခဉ္ဇာပိ ကထံ ဝိဘောတိ။
ဧတံ မေ ပဗြူဟိ ယထာ ဝိဘောတိ၊
တံ ဇာနိယာမာတိ မေ မနောဿ အဟု။

၁၃။ နဿ သညသညီ နဝိသညသညီ၊
နောပိ အသညီ နဝိဘူတသညီ။
ဧဝံ သမေတဿ ဝိဘောတိ ရူပံ၊
သညာနိဒါနာ ဟိ ပပဉ္ဇသင်္ခါ။

၁၄။ ယံ တံ အပုစ္ဆိမှ အကိတ္တယီ နော၊
အညံ တံ ပုစ္ဆာမ တဒိဃ် ဗြူဟိ။
တ္တောဝတ'ဂ္ဂံ နု ဝဒန္တိ ဟေကေ၊
ယက္ခဿ သုဒ္ဓိံ ဗုဓ ပဏ္ဍိတာသေ၊
ဥဒါဟု အညမ္ပိ ဝဒန္တိ ဧတ္တော။

၁၅။ တ္တောဝတဂ္ဂ'မ္ပိ ဝဒန္တိ ဟေကေ၊
ယက္ခဿ သုဒ္ဓိံ ဗုဓ ပဏ္ဍိတာသေ။
တေသံ ပနေကေ သမယံ ဝဒန္တိ၊
အနုပါဒိသေသေ ကုသလာဝဒါနာ။

၁၆။ ဧတေ စ ဥတ္ဆာ ဥပနိဿိတာတိ၊
ဥတ္ဆာ မုနီ နိဿယေ သော ဝိမံသီ၊
ဥတ္ဆာ ဝိမုတ္တော နဝိဝါဒ'မေတိ၊
ဘဝါဘဝါယ နသမေတိ မီရောတိ။

ကလဟဝိဝါဒသုတ္တံ နိဋ္ဌိတံ။

---

http://www.dhammadownload.com

စုဋ္ဌမျှုဟသုတ္တ

၁။ *သကံသကံဒိဋ္ဌိပရိဗ္ဗသာနာ၊
ဝိဂ္ဂယှ နာနာ ကုသလာ ဝဒန္တိ။
ယော ဧဝံ ဇာနာတိ သ ဝေဒိ ဓမ္မံ၊
ဣဒံ ပဋိက္ကောသ'မကေဝလီ သော။

၂။ ဧဝမ္ပိ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊
ဗာလော ပရော အက္ကုသလောတိ စာဟု။
သစ္စော နု ဝါဒေါ ကတမော ဣမေသံ၊
သဗ္ဗေဝ ဟီမေ ကုသလာဝဒါနာ။

၃။ ပရဿ စေ ဓမ္မ'မနာနုဇ်ာနံ၊
ဗာလော မဂေါ ဟောတိ နိဟီနပညော။
သဗ္ဗေဝ ဗာလာ သုနိဟီနပညာ၊
သဗ္ဗေဝိမေ ဒိဋ္ဌိပရိဗ္ဗသာနာ။

၄။ သန္ဒိဋ္ဌိယာ စေဝ နဝေဝဒါတာ၊
သံသုဒ္ဓပညာ ကုသလာ မုတီမာ။
နတေသံ ကောစိ ပရိဟီနပညော၊
ဒိဋ္ဌီ ဟိ တေသမ္ပိ တထာ သမတ္တာ။

၅။ နဝါဟမေတံ တထိယန္တိ ဗြူမိ၊
ယ'မာဟု ဗာလာ မိထု အညမညံ။
သကံ သကံ ဒိဋ္ဌိ' မကံသု သစ္စံ။
တသ္မာ ဟိ ဗာလောတိ ပရံ ဒဟန္တိ။

---

* သုတ္တနိပါတပါဋိ ၄၁၅-မဟာနိဒ္ဒေသပါဋိ ၂၂၀-စာမျက်နှာ။

http://www.dhammadownload.com

၆။ ယ'မာဟု သစ္စံ တထိယန္တိ ဧကေ၊
တ'မာဟု အညေပိ တုစ္ဆံ မုသာတိ။
ဝေမ္ပိ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊
ကသ္မာ နု ဧကံ သမဏာ ဝဒန္တိ။

၇။ ဧကံ ဟိ သစ္စံ နု ဒုတီယ'မတ္ထိ၊
ယသ္မိံ ပဇာ နော ဝိဝဒေ ပဇာနံ။
နာနာ တေ သစ္စာနိ သယံ ထုနန္တိ၊
တသ္မာ နု ဧကံ သမဏာ ဝဒန္တိ။

၈။ ကသ္မာ နု သစ္စာနိ ဝဒန္တိ နာနာ၊
ပဝါဒိယာသေ ကုသလာဝဒါနာ။
သစ္စာနိ သူတာနိ ဗဟူနိ နာနာ၊
ဥဒါဟု တေ တက္ကဲ'မနုဿရန္တိ။

၉။ နဟေဝ သစ္စာနိ ဗဟူနိ နာနာ၊
အညတြ သညာယ နိစ္စာနိ လောကေ။
တက္ကဥ္ဇ ဒိဋ္ဌီသု ပကပ္ပယိတ္ဝာ၊
သစ္စံ မုသာတိ ဒ္ဝယမ္မေ' မာဟု။

၁၀။ ဒိဋ္ဌေ သုတေ သီလဝတေ မုတေ ဝါ၊
ဧတေ စ နိဿာယ ဝိမာနဒဿီ။
ဝိနိစ္ဆယေ ဌတ္ဝာ ပဟံသမာနော၊
ဗာလော ပရော အက္ကုသလောတိ စာဟ။

၁၁။ ယေနေဝ ဗာလောတိ ပရံ ဒဟာတိ၊
တေနာ'တုမာနံ ကုသလောတိ စာဟ။
သယ'မတ္တနာ သော ကုသလာဝဒါနော၊
အညံ ဝိမာနေတိ တဒေဝ ပါဝ။

http://www.dhammadownload.com

၁၂။ အတီသာရဒိဋ္ဌိယာဝ သော သမတ္တော၊
မာနေန မတ္တော ပရိပုဏ္ဏမာနီ။
သယမေဝ သာမံ မနသာဘိသိတ္တော၊
ဒိဋ္ဌိ ဟိ သာ တဿ တထာ သမတ္တာ။

၁၃။ ပရဿ စေ ဟိ ဝစသာ နိဟီနော၊
တုမော သဟာ ဟောတိ နိဟီနပညော။
အထ စေ သယံ ဝေဒဂူ ဟောတိ ဓီရော၊
န ကောစိ ဗာလော သမဏေသု အတ္ထိ။

၁၄။ အညံ ဇုတော ယာ'ဘိဝဒန္တိ ဓမ္မံ၊
အပရဒ္ဓါ သုဒ္ဓိ'မကေဝလီ တေ။
ဇေမ္မိ တိတ္ထျာ ပုထုသော ၁၃န္တိ၊
သန္နိဋ္ဌိရာဂေန ဟိ တေ'ဘိရတ္တာ။

၁၅။ ဇုဓေဝ သုဒ္ဓိ ဇုတိ ဝါဒယန္တိ၊
နာညေသု ဓမ္မေသု ဝိသုဒ္ဓိ'မာဟု။
ဇေမ္မိ တိတ္ထျာ ပုထုသော နိဝိဋ္ဌာ၊
သကာယနေ တတ္ထ ဒဠ္ဎံဝဒါနာ။

၁၆။ သကာယနေ ဝါဒိ ဒဠ္ဎံဝဒါနော၊
က'မေတ္ထ ဗာလောတိ ပရံ ဒဟေယျ။
သယံဝ သော မေဓဂ'မာဝဟေယျ၊
ပရံ ဝဒံ ဗာလ'မသုဒ္ဓိမမ်ံ။

၁၇။ ဝိနိစ္ဆယေ ဌတ္ဝာ သယံ ပမာယ၊
ဥဒ္ဓံ သ လောကသ္မိ ဝိဝါဒ'မေတိ။
ဟိတ္ဝာန သဗ္ဗာနိ ဝိနိစ္ဆယာနိ၊
န မေဓံ ကုဗ္ဗတိ ဇန္တု လောကေတိ။

စူဠဗျူဟသုတ်ံ နိဋ္ဌိတံ။

http://www.dhammadownload.com

၁။ *ယေ ကေစိမေ ဒိဋ္ဌိပရိဗ္ဗသာနာ၊
ဇာဒမေဝ သစ္ဆိကာ ဝိဝါဒယန္တိ။
သဗ္ဗေဝ တေ နိန္ဒ'မန္တာနယန္တိ၊
အထော ပသံသမ္ပိ လဘန္တိ တတ္ထ။

၂။ အပ္ပံ ဟိ တေသံ နု အလံ သမာယ၊
ဒုဝေ ဝိဝါဒသ္မာ ဖလာနိ ဇြ။ူမိ။
တေမ္ပိ ဒိသ္ဝာ နု ဝိဝါဒယေထ၊
ခေမာ'ဘိပသ္သံ အဝိဝါဒဘူမိံ။

၃။ ယာ ကာစိမာ သမ္မုတိယော ပုထုဇ္ဇာ၊
သဗ္ဗာဝ တော နု ဥပေတိ ဝိဒ္ဓါ၊
အနူပယော သော ဥပယံ ကိမေယ္ယ၊
ဒိဋ္ဌေ သုတေ ခန္တိ'မကုဗ္ဗမာနော။

၄။ သီလုတ္တမာ သညမေနာဟု သုဒ္ဓိံ၊
ဝတံ သမာဒါယ ဥပဋ္ဌိတာသေ။
ဇာဓေဝ သိက္ခေမ အထဿ သုဒ္ဓိံ၊
ဘဝူပနီတာ ကုသလာဝဒါနာ။

၅။ သစေ စုတော သီလဝတတော ဟောတိ၊
ပဓေဓတိ ကမ္မ ဝိရာဓယိတ္ဝာ။
ပဇပ္ပတိ ပတ္ထယတိ စ သုဒ္ဓိံ၊
သတ္ထာဝ ဟီနော ပဝသံ ဃရမ္မာ။

---

* သုတ္တနိပါတပါဠိ ၄၁၈-မဟာနိဒ္ဒေသပါဠိ-၂၃၆-စာမျက်နှာ။

ကခဂနာစဆဇ်ဈဉ်းဃးဇြဉ်ဋ္ဌားစရးဍိုးဇိုးဏာန
စဝဇြဍ်ထိုဏ်
ဗဠစားး-ရန်ဏုန်း

http://www.dhammadownload.com

၆။ သီလမ္ဘတံ ဝါဝိ ပဟာယ သမ္ဘံ၊
ကမ္မဉ္စ သာဝဇ္ဇံနဝဇ္ဇံမေတံ။
သုဒ္ဓိံ အသုဒ္ဓိန္တိ အပတ္ထယာနော၊
ဝိရတော စရေ သန္တိ'မနုဂ္ဂဟာယ။

၇။ တမ္ဟပနိဿယ ဇိဂုစ္ဆိတံ ဝါ၊
အထ ဝါပိ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ။
ဥဒ္ဓံသရာ သုဒ္ဓိ'မနုဏ္ဍုနန္တိ၊
အဝိတတဏှာသေ ဘဝါဘဝေသု။

၈။ ပတ္ထယမာနဿ ဟိ ဇပ္ပိတာနိ၊
ပဝေဓိတံ ဝါဝိ ပကပ္ပိတေသု။
စုတူပပါတော ဇ္ဈ ယဿ နတ္ထိ၊
သ ကေန ဝေဓေယျ ကုဟိံ ဝ ဇပ္ပေ။

၉။ ယ'မာဟု ဓမ္မံ ပရမန္တိ ဧကေ၊
တမေဝ ဟီနန္တိ ပနာဟု အညေ။
သဗ္ဗော နု ဝါဒေါ ကတမော ဇ္ဈမေသံ၊
သဗ္ဗေဝ ဟိမေ ကုသလာဝဒါနာ။

၁၀။ သကဉ္စိ ဓမ္မံ ပရိပုဏ္ဏမာဟု၊
အညဿ ဓမ္မံ ပန ဟီနမာဟု။
ဧဝမ္ပိ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊
သကံ သကံ သမ္မုတိ'မာဟု သစ္စံ။

၁၁။ ပရဿ စေ ဝမ္ဘယိတေန ဟီနော၊
န ကောစိ ဓမ္မေသု ဝိသေသိ အဿ။
ပုထူ ဟိ အညဿ ဝဒန္တိ ဓမ္မံ၊
နိဟီနတော သမ္မိ ဒဋ္ဌံဝဒါနာ။

http://www.dhammadownload.com

၁၂။ သဒ္ဓမ္မပူဇာပိ နေသံ တထေဝ၊
ယထာ ပသံသန္တိ သကာယနာနိ။
သဗ္ဗေဝ ဝါဒါ တထိယာ ဘဝေယျုံ၊
သုဒ္ဓိ ဟိ နေသံ ပစ္စတ္တမေဝ။

၁၃။ နဖြာဟ္မဏသ ပရနေယျ'မတ္ထိ၊
ဓမ္မေသု နိစ္ဆေယျ သမုဂ္ဂဟီတံ။
တသ္မာ ဝိဝါဒါနိ ဥပါတိဝတ္တော၊
နဟိ သေဋ္ဌတော ပဿတိ ဓမ္မ'မည်။

၁၄။ ဇာနာမိ ပဿာမိ တထေဝ ဧတံ၊
ဒိဋ္ဌိယာ ဧကေ ပစ္စေန္တိ သုဒ္ဓိံ။
အဒ္ဒက္ခိ စေ ကိဉ္ဂိ တုမဿ တေန၊
အတိသိတ္ဆာ အညေန ဝဒန္တိ သုဒ္ဓိံ။

၁၅။ ပဿံ နရော ဒက္ခတိ နာမရူပံ၊
ဒိသ္ဆာန ဝါ ဥဿတိ တာနိမေဝ။
ကာမံ ဗဟုံ ပဿတု အပ္ပကံ ဝါ၊
နဟိ တေန သုဒ္ဓိံ ကုသလာ ဝဒန္တိ။

၁၆။ နိဝိဿဝါဒီ နဟိ သုဗ္ဗိနာယော၊
ပကပ္ပိတံ ဒိဋ္ဌိ ပုရက္ခရာနော။
ယံ နိဿိတော တတ္ထ သုဘံဝဒါနော၊
သုဒ္ဓိံဝဒေါ တတ္ထ တထ'ဒ္ဒသာ သော။

၁၇။ နဖြာဟ္မဏော ကပ္ပ'မုပေတိ သခ်ါ၊
နဒိဋ္ဌိသာရီ နပိ ဥဏ္ဍဗန္ဓု။
ဥတ္ဆာ စ သော သမ္မုတိယော ပုထုဇ္ဇာ၊
ဥပေက္ခတီ ဥဂ္ဂဟဏ္ဍန္တိ မညေ။

http://www.dhammadownload.com

၁၈။ ဝိသဲဇ္ဇ ဂန္ဆာနိ မုနိဓ လောကေ၊
ဝိဝါဒဇာတေသု နဝဂ္ဂသာရီ။
သန္တော အသန္တေသု ဥပေက္ခကော သော၊
အနုဂ္ဂဟော ဥဂ္ဂဟက္ခန်မီ မညေ။

၁၉။ ပုဗ္ဗာသဝေ ဟိတ္ဝာ နဝေ အကုဗ္ဗံ၊
နာ ဆန္ဒဂူ နောပိ နိဝိသဝါဒီ။
သ ဝိပ္ပမုတ္တော ဒိဋ္ဌဂတေဟိ ဓိရော၊
နာ လိမ္ပတိ လောကေ အနတ္တဂရဟိ။

၂၀။ သ သဗ္ဗဓမ္မေသု ဝိသေနိဘူတော၊
ယံ ကိဉ္စိ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ။
သ ပန္နဘာရော မုနိ ဝိပ္ပမုတ္တော၊
နာ ကပ္ပိယော နူပရတော နာ ပတ္ထိယောတိ။

မဟာဗျူဟသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com

တုဝန္ဒုကသုတ္တ

၁။ *ပုစ္ဆာမိ တံ အာဒိစ္စဗန္ဓု၊
ဝိဝေကံ သန္တိပဒဉ္ဇ မဟေသိ။
ကထံ ဒိသ္ဝာ နိဗ္ဗာတိ ဘိက္ခု၊
အနုပါဒိယာနော လောကသ္မိံ ကိဉ္ဇိ။

၂။ မူလံ ပပဉ္ဇသင်္ခါယ၊ (ဣတိ ဘဂဝါ၊)
မန္တာ အသ္မီတိ သဗ္ဗ'မုပရုန္ဓေ။
ယာကာစိ တဏ္ဟာ အဇ္ဈတ္တံ၊
တာသံ ဝိနယာ သဒါ သတော သိက္ခေ။

၃။ ယံကိဉ္ဇိ ဓမ္မ'မဘိဇညာ၊
အဇ္ဈတ္တံ အထ ဝါပိ ဗဟိဒ္ဓါ။
နေ တေန ထာမံ ကုဗ္ဗေထ၊
နေ ဟိ သာ နိဗ္ဗုတိ သတံ ဝုတ္တာ။

၄။ သေယျော နေ တေန မညေယျ၊
နီစေယျော အထ ဝါပိ သရိက္ခော။
ဖုဋ္ဌော အနေကရူပေဟိ၊
နာတုမာနံ ဝိကပ္ပယံ တိဋ္ဌေ။

၅။ အဇ္ဈတ္တမေဝု'ပသမေ၊
နေ အညတော ဘိက္ခု သန္တိ'မေသေယျ။
အဇ္ဈတ္တ ဥပသန္တဿ၊
နတ္ထိ အတ္တာ ကုတော နိရတ္တာ ဝါ။

---

* သုတ္တနိပါတပါဋိ ၄၂၁-မဟာနိဒ္ဒေသပါဋိ ၂၆၃-စာမျက်နှာ။

http://www.dhammadownload.com

၆။ မဇ္ဈေ ယထာ သမုဒ္ဒဿ၊
ဦမိ နော ဇာယတီ ဌိတော ဟောတိ။
ဧဝံ ဌိတော အနေဇဿ၊
ဥဿဒံ ဘိက္ခု နှ ကရေယျ ကုဟိဉ္ဇိ။

၇။ အကိတ္တယီ ဝိဝဋစက္ခု၊
သက္ခိမ္မံ ပရိဿယဝိနယံ။
ပဋိပဒံ ဝဒေတိ ဘဒ္ဒ'န္တေ၊
ပါတိမောက္ခံ အထ ဝါပိ သမာဓိံ။

၈။ စက္ခူဟိ နေဝ လောလ'ဿ၊
ဂါမကထာယ အာဝရယေ သောတံ။
ရသေ စ နာနုဂိဇ္ဈေယျ။
နှ စ မမာယေထ ကိဉ္ဇိ လောကသ္မိံ။

၉။ ဖဿေန ယဒါ ဖုဋ္ဌဿ၊
ပရိဒေဝံ ဘိက္ခု နှ ကရေယျ ကုဟိဉ္ဇိ။
ဘဝဉ္ဇ နာဘိဇပ္ပေယျ၊
ဘေရဝေသု စ နှ သမ္ပဝေဓေယျ။

၁၀။ အန္ဓာန'မထော ပါနာနံ၊
ခါဒနီယာနံ အထောပိ ဝတ္ထာနံ။
လဒ္ဓါ နှ သန္ဓိဓိံ ကယိရာ၊
နှ စ ပရိတသေ တာနိ အလဘမာနော။

၁၁။ ဈာယီ နှ ပါဒလောလ'ဿ၊
ဝိရမေ ကုက္ကုစ္စာ နပ္ပမဇ္ဇေယျ။
အထာသနေသု သယနေသု၊
အပ္ပသဒ္ဒေသု ဘိက္ခု ဝိဟရေယျ။

http://www.dhammadownload.com

၁၂။ နိဒ္ဒံ နု ဗဟုလိကရေယျ၊
ဇာဂရိယံ ဘဇေယျ အာတာပီ။
တန္ဒိံ မာယံ ဟာသံ ခိဍ္ဍံ၊
မေထုနံ ဝိပ္ပဇဟေ သဝိဘူသံ။

၁၃။ အာထဗ္ဗဏံ သုဝိနံ လက္ခဏံ၊
နော ဝိဒဟေ အဃောပိ နက္ခတ္တံ။
ဝိရုတဉ္စ ဂဗ္ဘကရဏံ၊
တိကိစ္ဆံ မာမကော နု သေဝေယျ။

၁၄။ နိန္နာယ နုပ္ပဝေဓေယျ၊
နု ဥဏ္ဏမေယျ ပသံသိတော ဘိက္ခု။
လောဘံ သဟ မန္ဆရိယေန၊
ကောဓံ ပေသုဏိယဉ္စ ပနုဒေယျ။

၁၅။ ကယဝိက္ကယေ နု တိဋ္ဌေယျ၊
ဥပဝါဒံ ဘိက္ခု နု ကရေယျ ကုဟိဉ္စိ။
ဂါမေ စ နာဘိသဇ္ဇေယျ၊
လာဘကမ္မာ ဇနံ နု လပယေယျ။

၁၆။ နု စ ကတ္ထိတာ သိယာ ဘိက္ခု၊
နု စ ဝါစံ ပယုတ္တံ ဘာသေယျ။
ပါဂဗ္ဘိယံ နု သိက္ခေယျ၊
ကထံ ဝိဂ္ဂါဟိကံ နု ကထယေယျ။

၁၇။ မောသဝဇ္ဇေ နု နိယေထ၊
သမ္ပဇာနော သဒ္ဒါနိ နု ကယိရာ။
အထ ဇိဝိတေန ပညာယ၊
သီလဗ္ဗတေန နာညဲ့မတိမညေ။

http://www.dhammadownload.com

၁၈။ သုတ္ဝာ ရုသိတော ဗဟုံ ဝါစံ၊
သမဏာနံ ဝါ ပုထုဇနာနံ။
ဖရုသေန နေ န ပဋိဝဇ္ဇာ၊
န ဟိ သန္တော ပဋိသေနိံ ကရောန္တိ။

၁၉။ ဇေဋ္ဌ ဓမ္မ'မညာယ၊
ဝိဓိနံ ဘိက္ခု သဒါ သတော သိက္ခေ။
သန္တိတိ နိဗ္ဗုတိံ ဥတ္တာ၊
သာသနေ ဂေါတမသ န ပမဇ္ဇေယျ။

၂၀။ အဘိဘူ ဟိ သော အနဘိဘူတော၊
သက္ခိဓမ္မ'မနိတိဟ'မဒဿိ။
တဿာ ဟိ တဿ ဘဂဝတော သာသနေ၊
အပ္ပမတ္တော သဒါ နမဿ'မနုသိက္ခေတိ။

တုဝဋ္ဋကသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com

မဟာသမယသုတ်များနိသယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာဒ

၁။ သမယံ ယော သမယတိ၊ မဟိဘော မဟာသာမယော။
သမယေ ဒေဝဒေဝါနံ၊ သန္တဿ တဿ မေ နမော။

၂။ နတ္ထာ **မဟာသမယဿ**၊ ကဿံ နိဿာယ နိဿယံ။
ဓမ္မာဘိသမယေသိနံ၊ သာဓူနံ သာဓုယာစနာ။

၁။ မဟိတော၊ သုံးတိုက်ဘုံသူနတ်နှင့်လူဝှေ့ကြည့်ဖြူဦးခိုက် ပူဇော်ထိုက်သော။ မဟာသာမယော၊ မှန်မြဘ်သောအယူ မှန်မြဘ်သော အခွင့်ကောင်း အခါကောင်း မှန်မြဘ်သောပဋိဝေဓာဏ် မှန်မြဘ်သော ပါရမီစာဂ စရိယ အပေါင်း အကြောင်းထူးရှိတော်မူသော၊ ဝါ၊ များသော ဓမ္မပဋိဂ္ဂါဟက ဝေနေယျ အပေါင်းရှိဘော်မူသော။ ယော နာထော၊ ရှိသေလေးမြတ် ကိုး စားအပ်သည့် အကြင်နတ်မင်းသည်။ ဒေဝဒေဝါနံ၊ ကျတ်ထိုက်သော နတ်ဗြဟ္မာ မကျတ်ထိုက်သော နတ်ဗြဟ္မာဘို့၏။ သမယေ၊ အပေါင်းဌ် (အစည်း အဝေးဌ်)။ ပရိယာပန္နာနံ၊ အကျုံးဝင်ကုန်သော။ (ထည့်) ဒေဝဒေဝါနံ၊ သာကိယဇာတ် မြတ်သော ရဟန္တာဝငါးရာဘည်းဟူသော သမ္မုတိနတ် ဝိသုဒ္ဓိ နတ်ဘို့နှင့်တကွ စကြဝဠာ ကမ္ဘာဘိုက်ပေါင်း သောင်းလောကဓာတ်မှ ရုံးပေါင်းညီညာ လာရောက်ကြကုန်သော နတ်ဗြဟ္မာဘို့၏။ (နှစ်ကြိမ်စပ်) သမယံ၊ သစ္စာလေးချက် လေးဉာဏ်မဂ်နှင့် ပေါင်းဘက်ယှဉ်ဘဲ့ ကျတ်ပဲ့ဝင်ရ ခြင်းကို။ သမယဘိ၊ အာသယာနုသယ ဣန္ဒြိယပရောပရိယတ္တ ဗုဇ္ဈာဇ်တော်ဘို့ဖြင့် ယထာရဟ သမ္ဘာရအလျောက် ထုင်းဖောက် သိမြင်တော်မူပါပေ၏။ သန္တဿ၊ ပူပန်မလိမ်း ငြိမ်းအေးသောစိတ် ရှိတော်မူသော။ တဿ နာထဿ၊ ရှိသေလေးမြတ် ကိုးစားအပ်သည့် ထိုနတ်မင်းကြီးအား။

http://www.dhammadownload.com

မေ၊ အကျွန်ုပ်၏။ နမော၊ ကာယတလီ ဝစီမန သုံးဒွါရဖြင့် ညွှတ်ခကိုင်းရှိုင်းခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။

၂။ နတ္ဒာ၊ ညွှတ်ခကိုင်းရှိုင်းပြီး၍။ မဟာသမယသ၊ စကားရှည်သွယ် နိကာယ်အတွင်း သတင်းပျံမွှေး နတ်ချစ်ဆေးဟု လေးမြတ်ကြည်ယုံ နှုတ်ဝယ် ငုံလျက် ဥုံဖွမခံ သင်ရွတ်အံသည့် မန္တန်ပရိတ်တော်ကြီး၏။ နိဿယံ၊ ငြမ်းကြီးပမာ မှီရာဆင့်ဆင့် အဘွင့်သံဝဏ္ဏနာ ဆိုင်ရာကျမ်းစုကို။ ဝါ၊ ဝိသုတာရုံ တိုက်ရွှေဘုံဝယ် ပဉ်,သုန်,နန်,လျှင် ကျေးဇူးရှင်တို့၏ သွန်သင်ပြသသဲလွန်စကို။ နိဿာယ၊ မှီရာတခု အားကိုးပြု၍။ နိဿယံ၊ မြန်မာ့ဘာသာ မှီရာသိပ်သည်း နိဿယည်းကို။ (နှစ်ကြိမ်စပ်) ဓမ္မာဘိသမယေသိနံ၊ သစ္စာလေးပါး တရားအာရုံ ဉာဏ်ကြေးမုံတို့ တွေ့ကြုံဆုံစည်း ကျွတ်ဆုကြီးကို ရှာမှီးတောင့်တကြကုန်သော။ သာဓူနံ၊ သူကျိုး ကိုယ်ကျိုး သည်ပိုးမပြတ် ပြီးစေတတ်သော (ရန်ကုန်သတင်းစာတိုက်ရှင် ဦးအောင်မြင်စသော) သူတော်ကောင်းတို့၏။ သာဓုယာစနာ၊ ဓမ္မဒါန ပြုပါရအောင် ခယညွှတ်ပျောင်းတောင်းပန်ခြင်းကြောင့်။ ဓမ္မာဘိသမယေသိနံ၊ နိဗ္ဗာန်နှင့်မဂ် ငါးထန်းရွက်သို့ ပေါင်းဘက်ယှဉ်တွဲ ဝဋ္ဌထွက်ပွဲကို အားခဲကြိုးစား လိုလားတောင့်တသူတို့၏။ (နှစ်ကြိမ်စပ်) အတ္ထာယ၊ အကျိုးငှါ။ ကဿံ-ကရိဿာမိ၊ ဂန္ထဓုရကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုပြင် စီရင်ပါအံ့သတည်း။

ပဏာမပြီး၏။

http://www.dhammadownload.com

မဟာသမယသုတ်များ

မဟာသမယသုတ်နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဘန္တေ၊အသျှင်ဘုရား။ ဣဒံ သုတ္တံ၊ဤမဟာသမယသုတ်ကို။ (၂-ပုဒ်ထည့်) မေ၊ အကျွန်ုပ်သည်။ ဧဝံ၊* ဤသို့ ဤပုံ ဤအခြင်းအရာအားဖြင့် သာလျှင်။ သုတံ၊ မြတ်စွာဘုရား အထံမှ ကြားနာ သင်မှတ် ဆောင်ထား

အရှင်အာနန္ဒာ၏ ဧဝံ မေ သုတံ

* ရာဇဂြိုဟ်ပြည်အနီး ဝေဘာရတောင်ခါးပန်းဝယ် စရည်းပင်ခေါ်သော တောင်မရိုးပင်ရောက်ရာ သတ္တပဏ္ဏိ လိုဏ်ဂူတော်မုခ်ဝ၌ အဇာတသတ်မင်းဖန်ဆင်း တည်ဆောက်အပ်သည်ဖြစ်၍ ဗြဟ္မာ့ဗိမာန်သဖွယ် ဆန်းကြယ်လှစွာသော ပဌမ သင်္ဂါယနာ မင်္ဂလာမဏ္ဍပ်တော်အတွင်း အလည်ဗဟိုတည့်တည့်၌ စီရင်ခင်းထားအပ်သော ဓမ္မာသနပလ္လင်တော်ထက်၌ အရှင်အာနန္ဒာမထေရ်မြတ်သည် ဆင်စွယ်ယပ်ကို ကိုင်လျက် အရှေ့သို့ မျက်နှာမူကာ ငြိမ်သက်စွာ ထိုင်တော်မူလျက်ရှိ၏။ ။မဏ္ဍပ်တော်၏ အတွင်း တောင်ဘက်ပိုင်း နံရံအနီး၌ မြောက်သို့ မျက်နှာမူလျက် ခင်းထားအပ်သော ထေရာသနပလ္လင်တော်ထက်၌ သံဃာ့ထေရ်ကြီး ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်သည် တင့်တယ်စွာ ထိုင်တော်မူလျက် ရှိ၏။

သင်္ဂီတိ ကာရက သံဃာတော်(၄၉၈)ပါးတို့သည် ထေရ်စဉ်ဝါစဉ်အားဖြင့် မဏ္ဍပ်တော်အတွင်း ခင်းထားအပ်သော အလွန်မွန်မြတ် လျောက်ပတ်သော ခင်းနှီးထက်၌ ငြိမ်သက်သော ဣန္ဒေတို့ဖြင့် ထိုင်တော်မူလျက် ရှိကြ၏။

ထိုအခါ သံဃနာယက အရှင်မဟာကဿပ က မေးတော်မူ၍ အရှင်အာနန္ဒာ က ဧဝံ မေ သုတံ·အစရှိသည်ဖြင့် ဖြေဆိုတော်မူပြီ။

http://www.dhammadownload.com

အပ်ပါပြီ။ (ကထံ သုတံ၊ ဘယ်ပုံ ကြားနာ သင်မှတ် ဆောင်ထားအပ်ပါသနည်း။) ကေ သမယံ၊ ကရုဏာ၏ ကိစ္စကို ပြုတော်မူရာ အခါတပါး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သက္ကေသု၊ သာကီဝင်မင်းသားဝို့၏ အုပ်စိုးရာ ဖြစ်၍သက္ကအမည်ရှိသောဇနပုဒ်၌။ကပိလဝတ္ထုသို့ *၊ ကပိလမုနေ့ရသေ့စံရာ

မင်းနှစ်ပါးတို့၏ ရေပြဿနာ

* တတိယမြောက် သြက္ကာကမင်း၏ အဆက်အနှယ်ဖြစ်၍ ဆွေရင်းမျိုးရင်းဖြစ်ကြသော ကောလိယမင်းမျိုးနှင့် သာကိယမင်းမျိုးတို့သည် ကပိလဝတ်မြို့တော်နှင့် ကောလိယမြို့တော်တို့၏ အလယ်အကြား၌ စီးသွားသော ရောဟိနီမြစ်ကို ပိတ်ဆို့ဆီးကာ၍ တာတမံတခုတည်းဖြင့် လယ်ယာစိုက်ပျိုးမှု ပြုကြရာ အခါတပါး၌ မိုးယံးရေနည်းပါးသဖြင့် ကောက်ပင်တို့ ညှိုးခြောက်လုဆဲဆဲတွင် ရေကို အလုအယက်ယူကြသော လုပ်သား လယ်သမားအချင်းချင်း အငြင်းပွါးကြရာမှ အစပြု၍ ဆွေချင်းမျိုးချင်း နှင်းပြည်ထောင်မင်းတို့ စစ်ခင်းရသော အခြေသို့ ဆိုက်ရောက်လေ၏။

ဆိုက်ရောက်ပုံမှာ—ဤတဘက်ဆည်ကန်ရှိ အနည်းငယ်သော ရေကို နှစ်ဦးနှစ်ဘက် ခွဲဝေယူကြလျှင် သင်တို့ ငါတို့ နှစ်ဦးလုံး၏ ကောက်ပင်များ အောင်မြင်သည်အထိ လုံလောက်သည့်ရေကို ရမည်မဟုတ်ပါ၊ ငါတို့၏ ကောက်ပင်များကား တကြိမ်မျှ ရေကို သောက်ရလျှင် အောင်မြင်နိုင်လိမ့်မည်၊ သို့အတွက် ဆည်တွင်းရှိ ရေကို ငါတို့အား ပေးကြလော့ဟူ၍ ကောလိယမင်းတို့၏ လယ်သမားတို့က ပြောဆို၏။

သာကီဝင်မင်းတို့၏ လယ်သမားတို့ကလည်း သင်တို့ကပါးကိုဒေါင်တေ့ စပါးဖြင့် ပြည့်နေသည့်အခါ ရွှေ, ငွေ, အသပြာတို့ကို ဆောင်ယူကာ အိတ်ခွံ တင်းတောင်း ကြီးငယ်တို့ကို လက်ဝယ်ကိုင်စဲလျက် သင်တို့၏ အိမ်ပေါက်စေ့ လှည့်လည်၍ မဝယ်ယူနိုင်ပါ၊ ငါတို့၏ ကောက်ပင်များလည်း ဤတကြိမ်ရေကိုရလျှင် အောင်မြင်လောက်သည်၊ ဤရေကို ငါတို့အားသာ ပေးကြလော့ ဟု ပြောဆို ကြကုန်၏။

ထိုအခါ မပေးနိုင်ကြသဖြင့် အချင်းချင်းစကားများ၍ ရိုက်နှက် ပုတ်ခတ်ကြရာမှစ၍ မင်းတို့၏ အမျိုးဇာတ်ကို ထိခိုက်ရှုတ်ချသောစကားတို့ဖြင့် ဆဲရေးတိုင်းထွာကြကုန်၏။ သင်တို့သည် သာကီဝင်မင်းတို့ကို အားကိုးတခု အမှီပြု၍

http://www.dhammadownload.com

သခ်မ်းသာ၌တည်ထောင်ဖန်ဆင်းအပ်သည်ဖြစ်၍ကပိလဝတ္ထုအမည်ရှိသော မြို့တော်အနီး၌။မဟာဝနေ၊ဟိမဝန္တာနှင့်တစပ်တည်းကြီးစွာသောတောအုပ်

ကြုံးဝါးကြသော်လည်း ခွေးမြေခွေးများနှင့် မခြားနားဘဲ မိမိ၏နှမရင်းများနှင့် အိမ်ထောင်ဘက်ပြုကြသော မင်းယုတ်မာတို့၏ ဆင်, မြင်း, ရထား, စစ်လက်နက်များသည် ငါတို့အား ဘာများ ပြုလုပ်နိုင်စွမ်းမည်နည်းဟု ကောလိယမင်းတို့၏ လယ်သမားတို့က ပြောဆို ဆဲရေးကုန်၏။

သာကီဝင်မင်းတို့၏ လယ်သမားတို့ကလည်း ရောဂါကြီးစွဲသူ အနူကလေးတွေကို လက်ကိုင်ထားပြီး သင်တို့က ယခုကြုံးဝါးနေကြပြန်သည်။ တိုင်းပြည်မှ အနှင်ခံရသဖြင့် ကိုးကွယ် အားထားစရာမရှိဘဲ တိရစ္ဆာန်တို့လို သစ်ခေါင်းထဲ နေခဲ့ရတဲ့ ကောလိယမင်းတို့၏ ဆင်, မြင်း, ရထား, စစ်လက်နက်များသည်လည်း ငါတို့အား ဘာများ ပြုလုပ်ခြင်းငှါ စွမ်းနိုင်မည်နည်းဟု အညွှံမခံ တုံ့ပြန်ပြောဆိုကြကုန်၏။ (ကောလိယမင်းတို့၏အနွယ်၌ အဦးအစဖြစ်သော မင်းမိဖုယားတို့ကား ကုဋ္ဌရောဂါစွဲကပ်၍ တောအုပ် သစ်ခေါင်းတွင်း၌ နေခဲ့ရသူများ ဖြစ်ကုန်၏။) ထိုသို့ အချင်းချင်း ထိခိုက် ပုတ်ခတ် ပြောဆိုအပ်သော စကားတို့ကို စိုက်ပျိုးရေးဆိုင်ရာ အမတ်ကြီးတို့အား တိုင်ကြားသဖြင့် မင်းတို့၏ နားအထိ ပေါက်ရောက်စေကြရာတို့ နှမနှင့် အိမ်ထောင်ဘက်ပြုကြသော ငါတို့၏ စွမ်းရည်နှင့် အင်အားများကို ပြကြကုန်အံ့-ဟု သာကီဝင်မင်းတို့ စစ်ဆင်လျက် ထွက်ကြကုန်၏။

သစ်ခေါင်းတွင်း နေသူတို့၏ စွမ်းရည် အင်အားများကို ပြကြကုန်အံ့-ဟု ကောလိယမင်းတို့လည်း စစ်ဆင်လျက် ထွက်ကြကုန်၏။

ရန်ငြိမ်းကြောင်း ဓမ္မဒေသနာ

ထိုအခြင်းအရာကို မဟာကရုဏာသမာပတ်မှ ထတော်မူသော မြတ်စွာဘုရားသည် မြင်တော်မူရ၍ စူးစမ်း ဆင်ခြင်တော်မူလတ်သော် "ဤရန်ပွဲကို စဲစေခြင်းငှါ ဖန္ဒနဇာတ် ပထဝီဥန္ဒိယဇာတ် လဋ္ဌကိကဇာတ်တို့ကို ဟောတော်မူရလိမ့်အံ့၊ ညီညွတ်ခြင်း၏အကျိုးကို ပြခြင်းငှါ ရုက္ခဓမ္မဇာတ် ဝဋ္ဌကဇာတ်တို့ကို ဟောတော်မူပြီးနောက် အတ္တဒဏ္ဍသုတ်ကို ဟောတော်မူအံ့၊ ထိုအခါ တရားနာရသော နှစ်ပြည်ထောင် မင်းတို့သည် မင်းဆီ မင်းသွေး ဖြစ်သော မင်းသား လုလင်ပျို (၂၅၀) စီတို့ကို ငါဘုရားအား ပေးလှူကုန်လတ္တံ့၊ ထိုငါးရာသော မင်းသား လုလင်တို့ကို ရဟန်းပြုပေးရလတ္တံ့၊ ထိုအခါ များစွာ

http://www.dhammadownload.com

၌။ မဟာတာ၊ အရေအတွက်အားဖြင့်လည်းမျှား ဂုဏ်အားဖြင့်လည်း မြတ်သော။ ဘိက္ခုသံဃေန၊ ရဟန်းတော်အပေါင်းနှင့်။ သဗ္ဗေဟေဝ-အရဟန္တေ-သော နတ်ဗြဟ္မာတို့၏ အစည်းအဝေးကြီး ဖြစ်လတ္တံ့"ဟု သဗ္ဗညုတ ရှေးဥာဏ်တော် ကွန်ရက်၌ ထင်မြင်တော်မူလေသည်။ ။ဤသို့ ထင်မြင်တော်မူသည် အားလျော်စွာ မြတ်စွာဘုရားသည် ကိုယ်တော်တပါးတည်း သပိတ် သင်္ကန်းကို ယူတော်မူကာ စစ်သည် နှစ်ဘက်တို့၏ အလယ်အကြား ကောင်းကင်ထက်၌ ရောင်ခြည်တော် ခြောက်သွယ်ဖြင့် ထက်ဝယ်ဖွဲ့ခွေ တင့်တယ်စွာ ထိုင်နေတော်မူပြီ။

နှစ်ဘက်သော မင်းဘို့သည် မြတ်စွာဘုရားကို မြင်ကြလျှင် သတိ သံဝေဂ ရကြ၍ ငါတို့ကို ရန်သူတို့ သတ်လိုမူသည်း သတ်ပလေစေ၊ အမျိုးအနွယ်၌ အကြီးအမြတ်ဖြစ်တော်မူသော ဘုရားရှင် မျက်မှောက်၌ ထိုးခုတ် သတ်ဖြတ် ခြင်းသည် မသင့်မလျော်ချေဟု နှလုံးသွင်း ဆင်ခြင်ကြပြီးလျှင် လက်နက်တို့ကို ချထားကာ ဘုရားရှင်ကို ဦးနှိမ်ဝပ်လျှိုး ရှိခိုး၍ ထိုင်နေကြကုန်လေပြီ။

မြတ်စွာဘုရားသည် သိတော်မူလျက် ဤသို့ မေးတော်မူ၏။

မေး။ အဘယ့်ကြောင့် လာကြသနည်း။

ဖြေ။ အခြားကိစ္စ မဟုတ်ပါ၊ စစ်ဘိုက်ရန်ကိစ္စဖြင့် လာပါသည်။

မေး။ အဘယ့်ကြောင့် စစ်တိုက်လိုကြသနည်း။

ဖြေ။ ရေ-ဟူသောအကြောင်းကြောင့် စစ်တိုက်လိုကြပါသည်။

မေး။ ရေသည် အဘယ်မျှလောက် တန်ဘိုးရှိသနည်း။

ဖြေ။ နည်းသော တန်ဘိုး ရှိပါသည်။

မေး။ မြေကြီးသည် အဘယ်မျှလောက် တန်ဘိုးရှိသနည်း။

ဖြေ။ အဘိုးမပြတ်နိုင်အောင် တန်ဘိုး ရှိပါသည်။

မေး။ မြေကြီးကို အဝိုးရသော မင်းတို့သည် အဘယ်မျှ တန်ဘိုးရှိသနည်း။

ဖြေ။ တန်ဘိုး မပြတ်နိုင်ပါ။

မေး။ အဘိုးမဘန်သော ရေ ဟူသော အကြောင်းကြောင့် တန်ဘိုးမပြတ်နိုင်သော မင်းတို့ကို အဘယ့်ကြောင့် ဖျက်ဆီးလိုကြသနည်း။

ဤသို့ စသည်အားဖြင့် မေးကာ မေးကာ မိန့်ကြားတော်မူလျက် ခိုက်ရန် ဖြစ်ခြင်း၌ သာယာဘွယ် မရှိပုံကို ပြခြင်းငှါ ဖန္ဒနဇာတ်ကို ဟောတော်မူလေသည်။

http://www.dhammadownload.com

ဟိ၊ အလုံးစုံရဟန္တာချည်းသာ ဖြစ်ကုန်သော။ ပဥ္စမတွေ့ဟိ ဘိက္ခုသတေ့ဟိ၊ ငါးရာအတိုင်းအရှည်ရှိကုန်သော ရဟန်းတော်ဝှိန့်။ သဒ္ဒိ ၊ တက္ခ။ ဝိဟရတိ၊ ခနဘော်မူ၏။

ထို့နောက် သူတပါးစကားကို အကြောင်းမဲ့ မယုံကြည်သင့်ပုံကိုပြခြင်းငှါ ပထဝီဥန္ဒြိယဇာတ်ကို ဟောတော်မူသည်။

ထို့နောက် အင်အားမဲ့သူတို့သော်လည်း တရုံတခါ၌ အင်အားကြီးသူတို့ကို အောင်မြင်နိုင်သော အခွင့်ရှိပုံကို ပြခြင်းငှါ လဋ္ဌကိကဇာတ်ကို ဟောတော်မူသည်။

ထို့နောက် သင့်မျှညီညွတ်ခြင်း၏အကျိုးကို ပြခြင်းငှါ ရွက္ခဓမ္မဇာတ်ကို ဟောတော်မူသည်။ ထို့နောက် မညီညွတ် မသင့်မျှဘဲ ခိုက်ရန်ပွါးခြင်း၌ အပြစ်ကိုပြခြင်းငှါ ဝဋ္ဋကဇာတ်ကို ဟောတော်မူသည်။

ထို့နောက် သံဝေဂကို ဖြစ်စေခြင်းငှါ (အတ္တဒဏ္ဍာ ဘယံ ဇာတံ) စသော အတ္တဒဏ္ဍသုတ်ကို ဟောတော်မူသည်။

သာကီဝင်မင်း ကောလိယမင်းတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်၍ အကယ်၍ မြတ်စွာဘုရား ကြွလာတော်မမူလျှင် အချင်းချင်းသတ်၍ သွေးချောင်းစီးမျှ ဖြစ်လောက်ပြီ၊ မြတ်စွာဘုရားကိုမှီ၍ အသက်ချမ်းသာကြရပေသည်။

မြတ်စွာဘုရားသည် ရဟန်းပြုတော်မမူဘဲ မင်းစည်းစိမ်ကို ခံစားတော်မူခဲ့ငြားအံ့၊ လေးကျွန်းသေဋ္ဌနင်း စကြာမင်း စည်းစိမ်ကို ရတော်မူနိုင်သည်၊ တထောင်မကမျှားသော သားရတနာမျှား ထွန်းကား၍ ခတ္တိယဇာတ်ရှိသော မင်းသားပေါင်းမျှားစွာ ခြံရုံလျက် လှည့်လည်စံစားတော်မူနိုင်သည်။

ရဟန်းပြုပေမဲ့တရားမရှုနိုင်

ထိုစည်းစိမ် အခြံအရံတို့ကို စွန့်ပယ်၍ ရဟန်းပြုလျက် ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဤအခါ၌လည်း ခတ္တိယဇာတ်ရှိသော ရဟန်းအခြံအရံဖြင့် လှည့်လည်ကြွချီတော်မူပါစေဟု တိုင်ပင်ဆုံးဖြတ်ကြကာ တဘက်တဘက်လျှင် (၂၅၀) စီ ငါးရာသောမင်းသားလုလင်တို့ကို အခြံအရံအလို့ငှါ ပေးလှူကြကုန်သည်၊ ဘုရားရှင်သည်လည်း ထိုမင်းသားငါးရာတို့ကို ဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြုစေပြီးလျှင် မဟာဝုန်တောသို့ ပြန်ကြွတော်မူသည်။

http://www.dhammadownload.com

ရဟန်းပြုလိုသော ဆန္ဒမရှိသော်လည်း ဘုရား၌ ရှိသေ လေးစားသော အားဖြင့် ရဟန်းပြုကြရကုန်သော ထိုမင်းသားငါးရာတို့သည် ရဟန်းအဖြစ်၌ မပျော်ပိုက်ကြကုန်။ အိမ်၌ ကျန်ရစ်သော ပျိုမျစ်နုနယ် ချစ်စဘွယ်သော ကြင်ရာဟောင်းတို့က ဖြားယောင်း သွေးဆောင်သော သဘင်းစကားတို့ကို မပြတ် ပေးပို့ခြင်းကြောင့်လည်း အားနည်းသော ယခင် မမ္မေမလျော်ခြင်းတို့ သည် မီးလောင်ရာလေပင့်သကဲ့သို့ အဆင့်ဆင့်အားရှိလာကုန်သည်။

ကုဏာလအိုင်နှင့် သာသနမဏ္ဍိုင်

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ မမ္မေမလျော်ခြင်းကို သိတော်မူ၍ ငါဘုရားနှင့်တကွ ဘတူနေရလျက် အဘယ်ကြောင့် ပျင်းရိစေရအံ့နည်း၊ ယခုပင်လျှင် ကုဏာလ ရေအိုင်ကြီး၏ အုံ့ဩစဘွယ် ဂုဏ်သတင်းနှင့် စပ်သော အကြောင်းဝတ္ထုများကို ဟောပြော၍ ကုဏာလရေအိုင်သို့ ကိုယ်တော်တိုင် လိုက်ပို့တော်မူပါက အပျင်းပြေကြလိမ့်အံ့ ဟု ကြံတော်မူလျက် ကုဏာလရေအိုင်၏ဂုဏ်သတင်းများကို ချီးကျူးဟောပြောတော်မူလေသည်။ အိမ်၌ကျန်ရစ်သူ ချစ်ဇနီးအပေါင်း တည်းဟူသော စိတ်လမ်းကြောင်း၌ ပြေးသွားလျက်ရှိသော စိတ်ရထားကြီးတို့ကို ကုဏာလရေအိုင် တည်းဟူသော အာရုံလမ်းသစ်ကြီး အပေါ် ၌ မောင်းနှင်လျက် ပြေးသွားစေကုန်၏။ ထိုအခါ မြတ်စွာဘုရားက သင်တို့ ကုဏာလရေအိုင်ကို ရှုကြည့်လိုကြသလော၊ ရှုကြည့်လိုလျှင် ငါဘုရား လိုက်ို့မည်၊ ယခုလာကြ သွားကြစို့ မိန့်တော်မူ၏။ ။“တန်ခိုးရှင်တို့၏သာ သွားရောက်နိုင်ရာ ဖြစ်ပါသည်၊ အကျွန်ုပ်တို့ အဘယ်သို့ သွားရောက်နိုင်ပါအံ့ နည်း”ဟု ရဟန်းတို့က ပြန်လျှောက်ရာ “သင်တို့သွားရောက်လိုသည့် စိတ်ကို သာ ဖြစ်စေကြကုန်၊ ငါဘုရား၏ အာနုဘော်ဖြင့် သင်တို့ကို ခေါ်ဆောင်တော်မူမည်”ဟု မိန့်တော်မူပြီးလျှင် ဈာန်ယာဉ်စီး၍ ကောင်းကင်ခရီးဖြင့် ရဟန်းငါးရာနှင့်တကွ ကုဏာလရေအိုင်သို့ ကြွတော်မူကြ၏။ ကုဏာလရေအိုင်ကြီးသို့ ရောက်ကြသောအခါ မြတ်စွာဘုရားက “ဤရေအိုင်၌ ရှိသမျှသော ငါးတို့၏ အမျိုးအမည်များကို သင်တို့ မသိကြလျှင် ငါ့အား မေးလျှောက်ကြ”ဟု ခွင့်ပြုတော်မူ၏။ ရဟန်းတို့က မေးတိုင်း မေးတိုင်းလည်း မဆိုင်းမတွ ဖြေပြတော်မူ၏။ ရေအိုင်အနီး ကြီးစွာသောတောအုပ်တွင်း၌ရှိသော ထူးဆန်းသော သစ်ပင်တို့၏ အမျိုးအမည်နှင့်တကွ တောင်ခြေ အနီးအပါး ကျက်စားသော အခြေနှစ်ချောင်း အခြေလေးချောင်း သတ္တဝါအပေါင်း၏ အမျိုးအမည်တို့ကို လည်း မေးတိုင်း ဖြေဆိုတော်မူ၏၊ ထိုအခိုက်၌ ဥဩငှက် နှစ်ကောင်က အစုန်း

http://www.dhammadownload.com

တဘက်စီကို အညီအညာ နှုတ်သီးဖြင့်ကိုက်ချီ၍ ဆောင်အပ်သော တုတ်ချောင်းပေါ်၌ နားနေသော ဥသြဋ္ဌက်မင်းသည် ရှေနောက်ဝဲယာ ဥသြဋ္ဌက်များစွာ ခြံရုံလျက် ကောင်းကင်၌ ပျံသန်းကူးသွားလေ၏။ ထိုအခါ ရဟန်းတို့က "အလည်တုတ်ချောင်းပေါ်၌ နားလျက်လိုက်သော ဥသြဋ္ဌက်သည် ၎က်တို့၏မင်းဖြစ်ဟန်တူပါသည်၊ ကြွင်းသော၎က်တို့သည် အခြံအရံများ ဖြစ်ဟန်တူပါသည်"ဟု လျှောက်ရာ "သင်တို့ မှတ်ထင်သည့်အတိုင်း ဟုတ်မှန်ပေ၏၊ ဤဥသြဋ္ဌက်မင်း၏ အမျိုးအနွယ်သည် ငါဘုရား၏ အမျိုးအနွယ်ပင်ဖြစ်သည်"ဟု မိန့်တော်မူပြီးလျှင် ဂါထာသုံးရာတို့ဖြင့် တန်ဆာဆင်အပ်သော ကုဏာလဇာတ်တော်ကို ဟောတော်မူလျက် ရဟန်းတို့၏ သာသနာတော်၌ မမ္မေမလျော် မပျော်ပိုက်ခြင်းကို ပြေပျောက်စေတော်မူပြီ။

အလုံးစုံသော ရဟန်းငါးရာတို့သည် သောတာပတ္တိဖိုလ်၌တည်လျက် စျာန်အဘိညာဏ်ရသော ဣဒ္ဓိမန္တ သောတာပန်ပုဂ္ဂိုလ်ဘို့ချည်းဖြစ်ကုန်ပြီ။

ပြည်မြတ်ဝေသာ မဟာဝန ပြန်ကာကြွ

မြတ်စွာဘုရားသည် ဤရဟန်းတို့အား ဤမျှလောက် သောတာပန်အဖြစ်သို့ ရောက်ခြင်းဖြင့် တော်လောက်သေးပြီ၊ မယားဟောင်းတို့က ဖြားယောင်းသွေးဆောင်သော်လည်း သာသနာတော်မှ ရွှေလျှောနိုင်တော့မည် မဟုတ်ဟု ဆုံးဖြတ်တော်မူပြီးလျှင် မဟာဝုန်တောသို့ ပြန်ကြွတော်မူပြီ။

ရဟန်းငါးရာတို့လည်း အပြန်ခရီး၌ ကိုယ်ပိုင်တန်ခိုးဖြင့် ပြန်ကြွ လာနိုင်ကြကုန်ပြီ။

မဂ်အဆင့်ဆင့် တက်ခွင့်မိန့်မှာ ဒေသနာ

မဟာဝုန်တောသို့ ပြန်ရောက်ရာအခါ အထက်မဂ်သုံးပါးအလို့ငှါ အားထုတ်သင့်သော ကမ္မဋ္ဌာန်းကိုဆက်၍ ဟောတော်မူပြီ။

ရဟန်းတို့လည်း ဤသို့ ဆင်ခြင်စဉ်းစားကြကုန်၏။ "မြတ်စွာဘုရားသည် ငါတို့၏ မမ္မေမလျော်ခြင်းကိုသိ၍ ကုဏာလအိုင်သို့ လိုက်ပို့လျက် မမ္မေမလျော်ခြင်းကို ဖြေဖျောက်တော် မူပါပေသည်၊ ထိုကုဏာလ ရေအိုင်အနီး၌ သောတာပန်အဖြစ်သို့ ရောက်အောင် ကြိုးကြိုးစားစား တရားဟောကြားတော် မူပါပေသည်၊ ယခုလည်း ဤမဟာဝုန်တော၌ အထက်မဂ်သုံးပါးအလို့ငှါ ကမ္မဋ္ဌာန်းကို ပေးသနားတော်မူပြန်သည်၊ ထို့ကြောင့် သောတာပန် ဖြစ်လေပြီ၊ အပါယ်ဘေးမှ ကင်းဝေးလေပြီဟူသော ရောင့်ရဲတင်းတိမ်မှုဖြင့် ငါတို့ ကြောင့်ကြမဲ့

http://www.dhammadownload.com

မနေသင့်၊ ယောကျ်ားတို့၏ အားအစွမ်းကို ပွါးစေသဖြင့် ရှေးရှေးသူဟောင်း သူတော်ကောင်းတို့နှင့်တူစွာ ယောကျ်ားကောင်းပီပီ မဆုတ်မနစ် အားထုတ်သင့်ပေ၏"ဟု ဆင်ခြင် စဉ်းစားကြကုန်သည်။

ထို့နောက် အသီးအခြားစီ ဆိတ်ငြိမ်ရာ တောင်ခေါင်း သစ်ပင်ရင်း စသည်တို့သို့ ချဉ်းကပ်လျက် ယူခဲ့သောကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်ကြကုန်၏။

မြတ်စွာဘုရားသည်လည်း "ဤရဟန်းတို့သည် သောတာပန် ဖြစ်ပြီးသည်မှ နောက်၌ ရဟန်းကိစ္စ၌ မေ့လျော့ ပေါ့ဆမှုမရှိပြီ၊ အထက်မဂ်တို့သို့ တက်ရန် လမ်းမှန်ကျင့်စဉ်ကို ငါဘုရားထံမှ ရရှိပြီးသည်ဖြစ်၍ အထက်မဂ်အတွက် ဆင်းရဲပင်ပန်းလောက်သော အကြောင်းမရှိ၊ ဝိပဿနာကို ပွါးစေသဖြင့် လျင်မြန်စွာ အရဟတ္တဖိုလ်သို့ ရောက်ကြပေတော့မည်၊ အသီးအသီး မိမိတို့ ရပြီးသော အရဟတ္တဖိုလ်ဂုဏ်ကို ငါဘုရားအား လျှောက်ခြင်းငှါ လာကြလိမ့်ဦးမည်၊ ထို အခါ တသောင်းသော စကြဝဠာမှ နတ်ဗြဟ္မာတို့သည်လည်း လာရောက် စည်းဝေးကြလိမ့်မည်၊ အလွန်ကြီးမား မျှားလှစွာသော နတ်ဗြဟ္မာအစည်းအဝေးကြီး မုချဖြစ်လိမ့်မည်၊ ငါဘုရားသည် လူရှင်ရဟန်း မရောပြွမ်းသော နေရာရပ်ကွက်၌ အဆင်သင့်နေတော်မူနှင့်မှ သင့်လျော်ပေမည်"ဟု သိတော်မူသည့်အတိုင်း ဆိတ်ငြိမ်ရာအရပ်၌ ဘုရားရှင်တို့အား လျော်သောနေရာ၌ အသင့်စောင့်ဆိုင်းလျက် နေတော်မူနှင့်ပြီ။

ဘုရားအထံတော်မှ ကမ္မဋ္ဌာန်းယူသွားပြီး၍ မကြာမီ ပဋိသမ္ဘိဒါ(၄)ပါးနှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူကြ၍ ပဒုမ္မာကြာအိုင်အတွင်း၌ ကားကား စင့်စင့်ပွင့်သော ပဒုမ္မာကြာပန်းတို့ကဲ့သို့ လွန်စွာတင့်တယ် ဂုဏ်ပြည့်ကြွယ်လျက် ရှိကုန်ပြီ။

ရှေးဦးစွာ အရဟတ္တဖိုလ်သို့ရောက်သော ရဟန်းသည် မိမိ၏အရဟတ္တဖိုလ်ဂုဏ်ကို မြတ်စွာဘုရားအား လျှောက်ထားခြင်းငှါ ဘုရားအထံတော်သို့ ရှေးရှု ချဉ်းကပ်လာ၏။

ဤနည်းနှင်နှင် ဒုတိယရဟန်း တတိယရဟန်းစသည်တို့လည်း မြတ်စွာဘုရား အထံသို့ ရှေးရှုချဉ်းကပ်လာကြ၏။ ဤသို့လျှင် ငါးရာသော ရဟန်းတို့သည် ဆုမ်းခံဝင်သော သံဃာတော်အစဉ်အတန်းကဲ့သို့ စဉ်ပြီးတန်းပြီးဖြစ်၍လာရောက်ကြကုန်၏။ ။မိမိတို့၏ အရဟတ္တဖိုလ်ကို ထုတ်ဖော်လျှောက်ထားကြရန် လာကြသော်လည်း ထိုခဏ၌ စဉ်ပြီးတန်းပြီး အနီးသို့ရောက်နေကြသဖြင့် အချင်းချင်း

http://www.dhammadownload.com

ဒသဟိ စ လောကဓာတူဟိ၊*ထောင်ပေါင်းဆယ်ထွေ အရေအတွက် ရှိသော စကြဝဋ္ဌာလောကဓာတ်ဘို့မှလည်း။ ဝါ၊ တပေါင်းသော စကြ-

---

မြတ်စွာဘုရားအထံတော်၌ ဂုဏ်ဖော်ခြင်းမှ ရှက်သည်ဖြစ်၍ အရဟတ္တဖိုလ်ဂုဏ်ကို ထုတ်ဖော်၍ မလျှောက်ကြတော့ကုန်။

ရဟန္တာငါးရာတို့၏ ဘုရားအထံသို့ ချဉ်းကပ်ရောက်မိသည်နှင့် တပြိုင်နက် အရှေ့မှ ထွက်ပြူလာသော လပြည့်ဝန်းသည်လည်း တိမ်,ဆီး,မီးခိုး,မြူမျိုး,ရာဟု တည်းဟူသော အညစ်အကြေး ဘေးရန်တို့မှ ကင်းလွတ်သည်ဖြစ်၍ ဗုဒ္ဓုပ္ပါဒ နဝမခေတ်ဖြင့် တန်ဆာဆင်အပ်သော လောကကြီး၏ မွေ့လျော်ဘွယ် ကောင်း သည့်အဖြစ်ကို ခင်းကျင်းဖော်ပြလျက် ရှိလေပြီ။

ထိုသို့ အညစ်အကြေးကင်းသော လဗိမာန်ကြီး ပေါ်ထွက်ရာ အချိန်အခါ၌ အညစ်အကြေးကင်းသော ရဟန္တာအပေါင်း ခြံရံလျက် အညစ်အကြေး ကင်း တော်မူသော မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၏အနီး မဟာဝုန်တောကြီး၌ အလွန် တင့်တယ်စွာ နေတော်မူလေသည်။

မဟာဝုန်တောကြီးတခွင် ထက်ဝန်းကျင် ပတ်ပတ်လည်၌ တည်ရှိသမျှ နတ်အ ပေါင်းတို့သည် အစစွာ လှုပ်လှုပ်ရှားရှား ဖြစ်လာကုန်၏။ "အို နတ်အပေါင်းတို့ လာကြပါကုန်လော့၊ ဘုရားအထံ သွားကြပါကုန်စို့၊ ဘုရားဖူးခြင်း တရားနာခြင်း သံဃာတော်ကို ဖူးမြင်ရခြင်းသည် များသော အကျိုးကျေးဇူးရှိ၏၊ လာကြ ကုန်လော့၊ သွားကြကုန်စို့"ဟု ဟစ်အော် ကြွေးကြော်ကာ လာကြကုန်၍ ဘုရားကိုငှင်း, ရဟန္တာဖြစ်သစ်စ ရဟန်းငါးရာကိုငှင်း ရှိခိုးပြီး၍ လျောက်ပတ် သောနေရာ၌ မတ်တတ်ရပ်တည်ကြကုန်ပြီ။ (နတ်တို့သည် များသောအားဖြင့် ဘုရားအထံတော်သို့ ချဉ်းကပ်ရာ၌ မတ်တတ်ရပ်လျက်သာ နေကုန်သည်၊ အာဋ္ဌာနာဋ္ဌိယပရိတ်ကို ဟောရန် လျှောက်ရာအခါ၌သာ ထိုင်လျက်နေကြောင်း လာရှိသည်)။

ဤနည်းနှင်နှင် နတ်တို့၏ အဆင့်ဆင့် ကြွေးကြော်သံကို ကြားရ၍ ယူဇနာ (၃၀၀၀)ကျယ်သော ဟိမဝန္တာတော ဇမ္မူဒိပ်ကျွန်း ပုဗ္ဗဝိဒေဟကျွန်း အပရ ဂေါယာနကျွန်း ဥတ္တရကုရုကျွန်းနှင့်တကွ ကျွန်းငယ် နှစ်ထောင်ရှိသော ဤ စကြဝဋ္ဌာမှစ၍ တသောင်းသော စကြဝဋ္ဌာတိုက်တွင်းရှိ နတ်ဗြဟ္မာတို့ လာ ရောက် စုဝေးမိကြကုန်ပြီ။

*စကြဝဋ္ဌာပေါင်း တထောင်သည် သဟဿီလောကဓာတ်တခုမည်၏။ ထို သဟဿီလောကဓာတ်ပေါင်း (၁၀)ခုကို ရည်ရွယ်၍ ပါဋ္ဌိတော်၌ "ဒသဟိ စ

http://www.dhammadownload.com

ဝဋ္ဌာလောကဓာတ်တို့မှလည်း။ (အာဂန္ဆာ၊ လာကြကုန်၍။ ထည့်) ယေ-ဘုဒ္ဓယျန၊ များသောအားဖြင့်။ ဝါ၊ များစ့ဉာကုန်သော။ ဒေဝတာ၊ နတ်ဖြ ဘွာဘို့သည်။ ဘဂဝန္တံ စ၊ မြဝ်စ့ဉာဘုရား ဘိုရင်း။ ဘိက္ခုသံဃံ စ၊ ရဟန်း အပေါင်း ဘိုရင်း။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ သန္နိပတိတာ၊ စည်းဝေးကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

လောကဓာတူဟိ”ဟု ဟောတော်မူသည်။ (အပ်ကျည်) အပ်ထည့်ရာ ဗူးဌ် အကြားအလပ်မရှိ အပြည့်ထည့်အပ်သော အပ်တို့ကဲ့သို့ ဤစကြဝဠာတိုက်ဌ် ဖြ ဘွာပြည်တိုင်အောင် နတ်ဖြဘွာတို့ဖြင့် အကြားအလပ်မရှိ ပြည့်ကျပ်လျက် ရှိ၏။

သီဘိုဋ္ဌကျန်း လောဟပါသာဒ ကျောင်းတော်ဌ် ခုနစ်ခုသော အထုဋ် ထုပိကာဝမဟာဏရှိသော ကျောက်တုံးကြီးကို အောက်ဆုံး ပဌမစျာန်ဖြဘွာဘုံမှ အောက်သို့ ပင်ချလိုက်လျင် လေးလကြာမှ အောက်မြေသို့ ရောက်၏၊ ဤမျှ လောက် အစောက်အဝန်းကျယ်သော လဟာပြင်အတွင်းဌ် အောက်မှ ပစ်လွှင့် သော ပန်းပွင့်နှင့် လွှင့်တက်သော အခိုးအငွေ့များသည် အထက်သို့ ရောက်ခြင်း ငှါငင်း အထက်မှချသော မုန်ညင်းစေ့သည် အောက်သို့ သက်ရောက်ခြင်းငှါငင်း အကြားအလပ် မရနိုင်လောက်အောင် နတ်ဖြဘွာတို့ဖြင့် ပြည့်ကျပ်လျက် ရှိ၏။

သို့သော်လည်း စကြာမင်း၏ နေရာအရပ်သည် ကျယ်ဝန်းသကဲ့သို့ မြတ်စ့ဉာ ဘုရား၏ ထိုင်နေရာအရပ်သည်လည်း ကျယ်ဝန်း၏၊ နောက်နောက်မှ လာသော တန်ခိုးကြီးသော မင်းတို့သည် စကြာမင်းအနီးဌ် နေရာရကုန်သကဲ့သို့ နောက် နောက်မှလာသော တန်ခိုးကြီးသော နတ်တို့သည်လည်း မြတ်စ့ဉာဘုရားအနီးဌ် နေရာရကြကုန်၏။

မြတ်စ့ဉာဘုရား၏ အနီးအနား ရပ်ကွက်တိုင်းတွင် သားမြီးဖျားဖြင့် ထိုးနှိုင် လောက်ရာဌာနဌ် နတ်(၁၀)ယောက် အယောက်(၂၀) အယောက် (၄၀) စသည်ဖြင့် သေးငယ်သော အတ္တဘောကို ဖန်ဆင်းလျက် ရပ်တည်ရကုန်၏။

အလုံးစုံတို့၏ နောက်ဆုံးဌ် သားမြီးဖျားပမာဏဌ် (၆၀)စီ (၆၀)စီ တည် နေကုန်၏။

http://www.dhammadownload.com

အထ၊ နတ်ပြဟ္မာတို့၏ စည်းဝေးကြရာ ထိုအခါ၌။ (ဓါ-အနက်မရှိ) စတုန္နံ၊ * လေးယောက်ကုန်သော။ သုဒ္ဓါဝါသကာယိကာနံ၊ သုဒ္ဓါဝါသဘုံ၌ နေကြကုန်သော။ ဒေဝတာနံ၊ ဗြဟ္မာတို့အား။ ဧတံ ပရိဝိတက္ကံနံ၊ ဤသို့ ကြံစည်ခြင်းသည်။အဟောသိ၊ ဖြစ်ပြီ။ ကိံ ပရိဝိတက္ကံနံ၊ အဘယ်သို့ကြံစည်ခြင်းသည်။ အဟောသိ၊ ဖြစ်သနည်း။ (၂-ပုဒ်ထည့်) အယံ ဘဂဝါ၊ ဤမြတ်စွာဘုရားသည်။ သက္ကေသု၊ (သာကီဝင်မင်းသားတို့၏ အုပ်စိုးရာဖြစ်၍) သက္က အမည်ရှိသောဇနပုဒ်၌။ ကပိလဝတ္ထုသ္မိံ၊ (ကပိလမုနေ့ ရသွေ့စံရာ သန်မ်းသာ၌ တည်ထောင် ဖန်ဆင်းအပ်သည်ဖြစ်၍) ကပိလဝတ္ထု အမည်ရှိသော မြို့တော်အနီး၌။ မဟာဝနေ၊ ဟိမဝန္တာနှင့် တစပ်တည်း ကြီးစွာသော တောအုပ်၌။ မဟတာ၊ အရေအတွက်အားဖြင့်လည်းများ ဂုဏ်အားဖြင့် လည်းမှန်မြဲသော။ ဘိက္ခုသံဃေန၊ ရဟန်းဓတော်အပေါင်းနှင့်။သင်္ဃေဟေဝ အရဟန္တေဟိ၊ အလုံးစုံ ရဟန္တာချည်းသာ ဖြစ်ကုန်သော။ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ ငါးရာအတိုင်းအရှည်ရှိကုန်သော ရဟန်းတော်တို့နှင့်။သဒ္ဓိံ၊ တကွ။ ဝိဟရတိ၊ နေတော်မူ၏။

---

*လေးယောက်သော သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် သမာပတ်ဝင်စား၍ နေကြစဉ် မဟာဝုန်တော၌ နတ်ပြဟ္မာ အစည်းအဝေးကြီး ဖြစ်သည်ကို မသိလိုက်ကြကုန်သဖြင့် ပိုင်းခြားအပ်တိုင်းသော ကာလဖြင့် သမာပတ်မှ ထရာအခါ (ညနေချမ်းကာလ၌ ရဟန်းတို့၏ ဆွမ်းစားကျောင်းသည် ရဟန်းတို့မှ တိတ်ဆိတ်သကဲ့သို့) ဗြဟ္မာတို့မှ တိတ်ဆိတ်သော ဗြဟ္မာဘုံကို တွေ့မြင်ကြကုန်၍ အဘယ်သို့ သွားကြကုန်သနည်းဟု ဆင်ခြင်သည်ရှိသော် မဟာဝုန်တော၌ နတ်ပြဟ္မာအစည်းအဝေးကြီး ဖြစ်လျက်ရှိသည်ကို သိကြရ၍ ဤအစည်းအဝေးကား အလွန်ကြီးကျယ်ခမ်းနားလှ၏၊ ငါတို့ကား သမာပတ် ဝင်စားနေခြင်းကြောင့် ကျန်ရစ်ခဲ့ကြကုန်ပြီ၊ နောက်ကျကျန်ရစ်သော ငါတို့အား နေရာရရန် ခဲယဉ်းလှသည်၊ ထို့ကြောင့် ယခုနောက်ကျမှ အစည်းအဝေးသို့ လိုက်သွားကြသော ငါတို့သည် အချည်းနှီးသောလက်ရှိသူ မဟုတ်အောင် လက်ဆောင် အဖြစ်ဖြင့် ဤအစည်းအဝေးသို့ မိမိတို့ လာရောက်ကြသည့် အကြောင်းကို သိစေခြင်း မြတ်စွာဘုရား၏ ကျေးဇူးဂုဏ်ကို ချီးကျူးထောမနားခြင်း ဟူသော အကျိုးနှစ်ပါးကို ပြီးစေနိုင်လောက်သောဂါထာ တခုစီ တခုစီကို စီရင်ဖွဲ့နွဲ့၍ သွားကြ

http://www.dhammadownload.com

ဒသဟိ စ လောကဓာတူဟိ၊ ထောင်ပေါင်းဆယ်ထွေ အဓရအတွက် ရှိသောစကြဝဠာ လောကဓာတ် တို့မှလည်း (တသောင်းသော စကြဝဠာ လောကဓာတ်တို့မှလည်း)။ အာဂန္ဆာ၊ လာကြကုန်၍။ (ထည့်) ယေ-ဘုယျေန၊ များသောအားဖြင့်။ ဝါ များကုန်သော။ ဒေဝတာ၊ နတ်ပြဟ္မာ တို့သည်။ ဘဂဝန္တံ စ၊ ့မြတ်စွာဘုရားကိုဌင်း။ ဘိက္ခုသံဃံ စ၊ ရဟန်းတော် အပေါင်းကိုဌင်း။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။သန္နိပတိတာ၊စည်းဝေးကြကုန် သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မယမ္ပိ၊ ငါဘို့သည်လည်း။ ယေန-(ဌာနေန)၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန-(ဌာနေန) ထိုမြတ်စွာဘုရား ရှိဓတော်မူရာ အရပ်သို့။ ဥပသင်္ကမေယျာမ၊ ချဉ်းကပ်ရပါ့ကုန်မူကား။ ယံနူန၊ ကောင်းလေစ္။ ဝါ၊ ကောင်းပေရာ၏။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်ပြီး၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အနီးထံပါး ကြားလောက်ရာအရပ်၌။ ပစ္စေကံ၊ အသီးအခြား တပါးစီသော။ ဂါထံ၊ ဂါထာကို။ ဘာသေယျာမ၊ ရွတ်ဆိုရပါ့ကုန်မူကား။ ယံနူန၊ ကောင်း လေစ္။ ဝါ၊ ကောင်းပေရာ၏။ ဣတိ (ဣဒံ ပရိဝိတက္ကနံ) ဤသို့ ကြံစည်ခြင်း သည်။ အဟောသိ၊ ဖြစ်ပြီ။

ကုန်အံ့ဟု ကြံစည်ကုန်၏။ ဗြဟ္မာပြည်၌ပင် အသီးအသီး တဂါထာစီ ဖွဲ့နဲ့ သီကုံး ပြီး၍ တဦးသော ဗြဟ္မာကြီးသည် အရွှေဘက် စကြဝဠာ တောင်ထိပ်ပေါ်၌ သက်ဆင်းရပ်နားပြီးလျှင် (တပါးတခြားသောနေရာကို မရနိုင်သောကြောင့် စကြဝဠာတောင်ထိပ်ကို နေရာယူရ၏) နိလကသိုးဖား ဟူသော အကြောင်းရင်း ရှိသော စတုတ္ထစျာန်သမာပတ်ကို ဝင်စားလျက် ညှိုသောအဆင်းရှိသော ရောင် ခြည်တို့ကို လွှတ်သောအားဖြင့် အစည်းအဝေးရောက် နတ်ဗြဟ္မာအပေါင်းတို့ကို ပတ္တာမြားညှိဖြင့် ပြီးသည့် ချပ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်စေသကဲ့သို့ပြု၍ ဤ အစည်းအဝေးသို့ မိမိလာရောက်သည့်အဖြစ်ကို သိစေ၏။

ထိုသို့ သိစေပြီးမှ ဘုရားရှင်အထံ ချဉ်းကပ်ရန်ဖြစ်သော လမ်းခရီးဖြင့် (ဗုဒ္ဓဝီထိ-ခေါ်သော မည်သူတဦးတယောက်မျှ ပိတ်ဆို့ခြင်းငှါ မစွမ်းနိုင်သော ခရီးဖြင့်) ဘုရားအထံသို့ ချဉ်းကပ်၍ ရှိသေစွာရှိခိုးပြီးလျှင် သင့်လျော်သော နေရာ၌ ရပ်တည်ခါ မိမိစီရင်ခဲ့သော ဂါထာကို ရွတ်ဆိုလျှောက်ထားပြီ။ ။

http://www.dhammadownload.com

၂။ အထ၊ ကြံစည်ပြီးသည်မှ နောက်၌။ (ခေါ်-အနက်မရှိ) တာ ဒေဝ-တာ၊ ထိုလေးယောက်သော သုဒ္ဓါဝါသဗြဟ္မာတို့သည်။ သေယျထာပိ နာမ၊ ကိုယ်တော်မျက်မြင် နှိုင်းရှည့်ဘွယ်ရာ ဥပမာမည်သည်။ ဗလဝါ၊ အားရှိသော။ ပုရိသော၊ ယောကျ်ားသည်။သမိဉ္ဇိတံ၊ကွေးအပ်ပြီးသော။ဗာဟံ၊လက်မောင်း ကို။ ပသာရေယျ သေယျထာပိ ဝါ၊ ဆန့်တန်းရာသကဲ့သို့ဌင်း။ ပသာရိတံ၊ ဆန့်ဘန်းအပ်ပြီးသော။ ဗာဟံ၊ လက်မောင်းကို။ သမိဉ္ဇေယျ သေယျထာပိ ဝါ၊ ကွေးရာသကဲ့သို့ဌင်း။ ဧဝမေဝ၊ ဤနည်းအတူသာယျင်။ သုဒ္ဓါဝါသေသု ဒေဝေသု၊ သုဒ္ဓါဝါသဗြဟ္မာဝန်၌ (သုဒ္ဓါဝါသ ဗြဟ္မာဘုံဝန်၌) ။ အန္တရဟိတာ၊ ကွယ်ပျောက်ခဲ့ကုန်သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ (ထည့်)ဘဂဝတော၊ မြတ်စွာဘုရား၏။ ပုရတော၊ ရှေတော်မှောက်၌။ ပါတုရဟေသုံ၊ ထင်ရှားဖြစ်ကြကုန်ပြီ။

ထိုနောက် တဦးသော ဗြဟ္မာသည်လည်း တောင်ဘက်စကြဝဠာ တောင်ထိပ်ပေါ်၌ သက်ဆင်းရပ်နားပြီးလျှင် ပီတကသိုက်းလျှင်အာရုံရှိသော စတုတ္ထစျာန် သမာပတ်ကို ဝင်စားလျက် ဝါသောအဆင်းရှိသော ရောင်ခြည်တို့ကို လွှတ်သောအားဖြင့် အစည်းအဝေးရောက် နတ်ဗြဟ္မာတို့ကို ရှေ့ပုဆိုးကို ဝတ်ရုံစေသကဲ့သို့ပြု၍ မိမိလာရောက်သည့်အဖြစ်ကို သိစေပြီးမှ ပဌမ ဗြဟ္မာ ကဲ့သို့ ဘုရားအထံသို့ ချဉ်းကပ်ရှိခိုးပြီးလျှင် သင့်လျော်သောအရပ်၌ ရပ်တည်ကာ မိမိ စီရင်ခဲ့သော ဂါထာကို ရွတ်ဆို လျှောက်ထားပြီ။ ထိုနောက် တဦးသော ဗြဟ္မာသည်လည်း အနောက်ဘက် စကြဝဠာတောင်ထိပ်၌ သက်ဆင်းရပ်နားပြီးလျှင် လောဟိတကသိုက်းလျှင် အာရုံရှိသော စျာန်ကိုဝင်စားလျက် နီသော အဆင်းရှိသော ရောင်ခြည်တို့ကို လွှတ်သောအားဖြင့် အစည်းအဝေးရောက် နတ်ဗြဟ္မာတို့ကို စေ့းစေ့းနီသော ကမ္မလာဖြင့် လွှမ်းကာသကဲ့သို့ပြု၍ မိမိလာရောက်သည့်အဖြစ်ကို သိစေပြီးမှ ရှေးဗြဟ္မာတို့နည်းတူ ရွတ်ဆိုလျှောက်ထား၏။

ထိုနောက် တဦးသော ဗြဟ္မာသည်လည်း အနောက်ဘက် စကြဝဠာတောင်ထိပ်၌ သက်ဆင်းရပ်နားပြီးလျှင် လောဟိတကသိုက်းလျှင် အာရုံရှိသော စျာန်ကိုဝင်စားလျက် နီသော အဆင်းရှိသော ရောင်ခြည်တို့ကို လွှတ်သောအားဖြင့် အစည်းအဝေးရောက် နတ်ဗြဟ္မာတို့ကို စေ့းစေ့းနီသော ကမ္မလာဖြင့် လွှမ်းကာသကဲ့သို့ပြု၍ မိမိလာရောက်သည့်အဖြစ်ကို သိစေပြီးမှ ရှေးဗြဟ္မာတို့နည်းတူ ရွတ်ဆိုလျှောက်ထား၏။

ထိုနောက် တဦးသော ဗြဟ္မာသည်လည်း မြောက်ဘက်စကြဝဠာ တောင်ထိပ်၌ သက်ဆင်းရပ်နားပြီးလျှင် ဩဒါတ ကသိုက်းစျာန်ကို ဝင်စားလျက် ဖြူသော ရောင်ခြည်တို့ကိုလွှတ်သောအားဖြင့် အစည်းအဝေးရောက် နတ်ဗြဟ္မာတို့ကို မြတ်လေးပန်း ပုဆိုးတို့ကို လွှမ်းခြုံစေသကဲ့သို့ ပြု၍ မိမိလာရောက်သည့်

http://www.dhammadownload.com

အထ၊ ရွှေဘော်မှောက်သို့ ဆိုက်ရောက်ပြီးသည်မှ နောက်၌။ တာ ဒေ-
ဝတာ၊ ထိုဖြဟ္မာကြီးဒလေးဦးဝို့သည်။ ဘဂဝန်တို၊ မြတ်စွာဘုရားကို။ အဘိ-
ဝါဒေဘွာ၊ ရှိသေလေးမြတ်စွာ ရှိခိုးကုန်ပြီး၍။ ဧကမန္တံ၊ ဝေး,နီး, လည်ာ,
မြင့်ရာ, တူရွှ,နောက်ကွယ်ဟူသည့် ဒနသူပြစ်ဆာ လွတ်လောက်ရာ တခုဒသာ
အရပ်၌။ အဋ္ဌံသု၊ ရပ်တည်ကြကုန်၏။ ဧကမန္တံ၊ ၌။ ဌိဘာ၊ ရပ်တည်ပြီး
သော။ ဧကာ ဒေဝတာ၊ တဦးသောဖြဟ္မာသည် (အရွှောဘက် စကြဝဠာ
ဘောင်ထိပ်၌ သက်ဆင်းသောဖြဟ္မာ)။ ဘဂဝတော သန္တိကေ၊ ဘုရားအထံ
တော်၌။ ဣမံ ဂါထံ၊ ဤဂါထာကို။ အဘာသိ၊ ရွတ်ဆိုပြီ။ ကိံ အဘာသိ၊
အဘယ်သို့ ရွတ်ဆိုသနည်း။ (ထည့်)

ဘန္တေ၊* မြတ်စွာဘုရား။ (ထည့်) ပဝနသို့၊ ကြီးလှစွာသော ဤ
မဟာဝုန်တောဘ၌။ အဇ္ဈ၊ ဤနေ့၌။ (ထည့်) မဟာသမယော၊ များစွာဒသာ
နတ်ဖြဟ္မာဘို့၏ အစည်းအဝေးသည်။ အဟောသိ၊ ဖြစ်ပါပြီ။ (ထည့်) ဒေဝ-
ကာယာ၊ နတ်ဖြဟ္မာအပေါင်းဘို့သည်။ အပရာဇိတသံဃံ၊ တစုံတယောက်

အဖြစ်ကို သိစေပြီးမှ ရှေးဖြဟ္မာတို့အတူ ရွတ်ဆိုလျှောက်ထား၏။ ဤသို့
အစဉ်အားဖြင့် တဦးပြီးမှတဦးလာရောက် လျှောက်ထားကြသည်၊ တပြိုင်နက်
ချည်း တပေါင်းတည်းလာရောက်ကြသည် မဟုတ်ကုန်။

*အိုမြတ်စွာဘုရား ဤမဟာဝုန်တောမှစ၍ ဤစကြဝဠာကမ္ဘာကြီးတခုလုံး၌
စကြဝဠာကမ္ဘာတိုက်ပေါင်း တသောင်းမှ စုပေါင်း လာရောက်သော နတ်ဖြဟ္မာ
တို့ဖြင့် အကြားအလပ်မရှိ ပြည့်ကျပ်နေအောင် ကြီးမားလှစွာသော ကမ္ဘာ့
အစည်းအဝေးကြီးဖြစ်လျက် ရှိနေပါပြီ၊ ဤအစည်းအဝေးကြီး ဖြစ်ရခြင်း၏
အကြောင်းရင်းမှာ အာဘိသခ်ါရမာရ် ဒေဝပုတ္တမာရ် ကိလေသမာရ်တည်းဟူ
သော ရန်သူစစ်သည်ဘို့နှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင် အောင်မြင်တော်မူကြ
သဖြင့် အောင်ပဲ့သဘင် အောင်ပန်းဆင်တော်မူကြသော အရိယာပုဂ္ဂိုလ်ကျော်
တို့ကို ပူးမြှော်လိုခြင်း ဂုဏ်ပြုလိုခြင်းကို အရင်းမူသဖြင့် နတ်ဖြဟ္မာတို့၏
လာရောက်စည်းဝေးခြင်းပင် ဖြစ်ပါသည်။

အကျွန်ုပ်သုဒ္ဓါဝါသဘုံသား ဖြဟ္မာများလည်း ထိုနည်းအတူ ဤအစည်း
အဝေးကြီးသို့ လာရောက်ပါကုန်၏ဟု လျှောက်၏။ လျှောက်ပြီးနောက် မိမိ
သက်ဆင်းရာ အရွှောဘက် စကြဝဠာတောင်၏ အထက်နှုတ်ခမ်း ထိပ်ဖျား

http://www.dhammadownload.com

သော ရန်သူသည် အောင်နိုင်အပ်သည် မဟုတ် ယနေ့ပင် မာရ်သုံးပါးကို အောင်နိုင်တော်မူပြီးသော ရဟန်းတော်အပေါင်းကို။ ဒကွေတာယော၊ ဖူးမြင်ခြင်းငှါ၊ သမာဂတာ၊ အညီအညာ လာရောက်နှင့်ကြပါကုန်ပြီ။ မယံပိ၊ အကျွန်ုပ်တို့သည်လည်း။ (ပိ-ကျေ) အပရာဇိတသံဃံ၊ တစုံတယောက်သော ရန်သူသည် အောင်နိုင်အပ်သည်မဟုတ် ယနေ့ပင် မာရ်သုံးပါးကို အောင်နိုင်တော်မူပြီးသော ရဟန်းတော်အပေါင်းကို။ ဒကွေတာယော၊ ဖူးမြင်ခြင်းငှါ။ ဝါ၊ ဖူးမြင်လိုခြင်းကြောင့်။ ဣမံ ဓမ္မသမယံ၊ ဘရာနာရာ ဤနတ်ဗြဟ္မာ အစည်းအဝေးသို့။ အာဂတာ အမှ၊ အများနည်းဘူ ကြည်ဖြူဝမ်းမြောက် လာရောက်ကြပါကုန်၏။ ဣတိ အဘာသိ၊ ဤသို့ ရွတ်ဆိုပြီ။

အထ ခေါ၊ပဌမဗြဟ္မာလျှောက်ပြီးရာ နောက်အခါ၌။ အပရာ ဒေဝတာ၊ တဦးသော ဗြဟ္မာကြီးသည် (တောင်စကြဝဠာတောင်ထိပ်၌ သက်ဆင်းသောဗြဟ္မာ)။ ဘဂဝတော သန္တိကေ၊ ဘုရားအထံတော်၌။ ဣမံ ဂါထံ၊ ဤဂါထာကို။ အဘာသိ၊ ရွတ်ဆိုပြီ။ ဂါ ံ အဘာသိ၊ အဘယ်သို့ရွတ်ဆိုသနည်း။

ဘန္တေ၊ * မြတ်စွာဘုရား။ (ထည့်) တကြွ၊ ထိုစည်းဝေးရာ အရပ်၌။ ဘိက္ခဝေါ၊ရဟန်းတော် ငါးရာ ဘို့သည်။ အတ္တနော၊ မိမိ မိမိ၏။ စိတ္တံ၊ စိတ်ကို။ သမာဒဟံသု၊ ငြိမ်သက်ဘည်းကြည်စွာ ထားနိုင်ကြပါပေကုန်၏။ အတ္တနော၊ မိမိ မိမိ၏။ စိတ္တံ၊ စိတ်ကို။ (နှစ်ကြိမ်ထပ်၍ ယောဇနာ) ဥဇုကံ၊ ဖြောင့်စင်း

အရပ်သို့ပြန်သွားတည်နေရလေ၏။ (သုတ္တန်ပါတ်အဋ္ဌကထာ၌ မိမိသက်ဆင်းရာ အရှေဘက်စကြဝဠာတောင်၏ အထက်နှုတ်ခမ်းထိပ်ဖျားဒေသ၌ ရပ်တည်၍ ဤဂါထာကို ရွတ်ဆို၏။ အသံကို အနောက်ဘက် စကြဝဠာနခမ်းမှကြား၏ ဟု ဆို၏)။

*အို ရှင်တော်မြတ်ဘုရား ဤအစည်းအဝေးကြီးတွင် ပါဝင်တော်မူသော အရှင်ရဟန်းတော် ငါးရာတို့သည် လောကုတ္တရာသမာဓိဖြင့် တည်ကြည် ငြိမ်သက် မလှုပ်ရှက်ဘဲ မြင့်မိုရ်မကြိုင်ကဲ့သို့ ကြံခိုင်တည့်မတ် အာရုံတခုတည်း၌ ရပ်တည်သော စိတ်လည်း ရှိပါကုန်၏။

http://www.dhammadownload.com

ပုထုဇဉ်သာမန်တို့၌ ဖြစ်တတ်သော (ဂေါမုဟ္တဝက်) ခေါ်သော စိတ်၏ ကောက်ကွေးမှု (စန္ဒလေခါ) ခေါ်သော စိတ်၏ ကောက်ကွေးမှု (နဂ်လကောဋ္ဌိ) ခေါ်သော စိတ်၏ ကောက်ကွေးမှုအားဖြင့် သုံးပါးသော စိတ် ကောက်ကွေးခြင်းတို့မှ လွတ်ကင်းသည်ဖြစ်၍ မြဲကဲ့သို့ ဖြောင့်စင်းသောစိတ် လည်း ရှိပါကုန်၏။

(အကျယ်အားဖြင့်) သွားဆဲဘဲစွန့်သောနွားဇာ၏ ကျင်းယ်လမ်းကြောင်းကဲ့သို့ အစမှ အဆုံးတိုင်အောင် တသက်လုံး ဒုစရိုက် ကိလေသာ၏ အစွမ်းအားဖြင့် အစဉ်မှောက်မှားနေသော စိတ်သည် (ဂေါမုဟ္တဝက်) စိတ်ကောက် မည်၏။ လရေးသဏ္ဌာန်ကဲ့သို့ အလယ်မှအဆုံးတိုင်အောင် ဒုတိယအရွယ် တတိယအရွယ် ပတ်လုံး ဒုစရိုက် ကိလေသာ၏ အစွမ်းအားဖြင့် အစဉ် မှောက်မှားနေသော စိတ်သည်(စန္ဒလေခါ) စိတ်ကောက်မည်၏။ထွန်တုံးစွန်း ထယ်ဒူးစွန်းကဲ့သို့ အဆုံး ဖြစ်သော တတိယအရွယ်ပတ်လုံး ဒုစရိုက်ကိလေသာတို့၏ အစွမ်းအားဖြင့် မှောက်မှားဖောက်ပြားနေသော စိဘ်သည် (နဂ်လကောဋ္ဌိ)စိတ်ကောက်မည်၏။ ထိုအကောက်သုံးပါးမှလွတ်၍ တသက်လုံး ဒုစရိုက်ကိလေသာတို့မှ ၎င်ကြယ်သည် ဖြစ်၍ အဖုအထစ် အဆစ်အကွေးမရှိ စင်လုံးချောဖြောင့်သောစိတ် ရှိပါကုန်၏။ ။ ခွန်အားဗလ စသည်တို့ဖြင့် တူသည်ဖြစ်၍ လမ်းချောချောဌ အညီအမျှ ဝန်ကို ဆောင်ကာ မှန်မှန်ပြေးသွားလျက်ရှိသော သိန္ဓောမြင်းနှစ်ကောင်တို့ဖြင့် ကယ္ခဉ် အပ်သည့် ရထားကို မောင်းနှင်ရသော ရထားစီးသူရဲသည် နှင်တံကိုချထား လျက် ဇက်ကြိုးတို့ကို ကိုင်ရုံသာကိုင်ရသကဲ့သို့(ဆဲလည်း ဆဲမထားရ ပြေးအောင် လည်း မမောင်းနှင်ရဘဲ လျစ်လျူပြုကာ လိုက်ပါရသကဲ့သို့)ထိုနည်းတူစွာ စက္ခု အဇရှိသော ဣန္ဒြေခြောက်ပါးဌ စိဘ်ရထား ခြောက်စီးတို့ကို တက်စီးမောင်းနှင် ရသော အရိယာထေရ်ကျော် ရဟန်းတော်ငါးရာတို့သည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့ ကြောင့် ဝမ်းမြောက်မှု ဝမ်းနည်းမှုသို့ မရောက်အောင် အထူးကြိုးပမ်း၍ ထိန်းသိမ်းရခြင်းလည်းမရှိ၊ ဆဋ္ဌဂုံပေကွာတည်းဟူသော လမ်းမှန်ခရီးသို့တက် ရောက်ရအောင် အထူးကြိုးပမ်း၍ မောင်းနှင်တင်ပေးရခြင်းလည်း မရှိ၊ သတိ တည်းဟူသော ဇက်ကြိုးကိုကိုင်ရုံမျှဖြင့် လိုရာတိုင်ရောက်လမ်းဆုံးပေါက်တော် မူကြပါပေသည်၊ ထိုရဟန်းတော်တို့ကို ဖူးမြင်ပါရခြင်းငှါ အကျွန်ုပ်တို့လည်း ဤအစည်းအဝေးသို့ လာရောက်ကြပါ၏ဟု လျှောက်၏။ လျှောက်ပြီးနောက် တောင်ဘက် မိမိသက်ဆင်းရာ စကြဝဠာတောင်၏ အထက်နှုတ်ခမ်း ထိပ်ဖျား အရပ်သို့ပြန်သွားတည်နေလေပြီ။

http://www.dhammadownload.com

သည်ကို (ဖြောင့်စင်းအောင်)။ အကံသု၊ ပြုနိုင်ကြပါပေကုန်၏။ သာရထိ၊ ညီညာသော သိန္ဓောမြင်းတို့ဖြင့် ကယ္ယဉ်အပ်သော ရထားကို မောင်းနှင်သော ရထားထိန်းသည်။ နေတ္တာနိ၊ မြင်းဇက်ကြိုးတို့ကို။ ဂဟေတ္ဝာ၊ ကိုင်ရုံသာကိုင်၍ (နှင်လည်းမနှင် ဆဲလည်းမဆဲဘဲ)။ တိဋ္ဌတိ ဣဝ၊ တည်ရသကဲ့သို့။ တထာ၊ ထိုရထားထိန်းနှင့် အလားတူစွာ။ ပဏ္ဍိတာ၊ ဖြစ်သောမင်္ဂလာရှိကုန်သော ငါးရာသော ရဟန်းတော်တို့သည်။ ဣန္ဒြိယာနိ၊ မျက်စိနားနှာလျာကိုယ်စိတ် ပိတ်သင့်သော ဣန္ဒြေလမ်းပေါက်တို့ကို။ ရက္ခန္တိ၊ သတိတည်းဟူသော အစောင့်အရှောက်ဖြင့် ကိလေသာ ရန်သူမဝင်လာအောင် စောင့်ရှောက်တော်မူနိုင်ကြပါပေကုန်၏။

ဘဂဝါ၊ ဒိုးအရှင်မြတ်ဘုရား။ မယံပိ၊ အကျွန်ုပ်တို့သည်လည်း။ ဧတေ ဘိက္ခဝေ၊၊ ဤ သို့ဂုဏ်နှင့်ပြည့်စုံတော်မူသော ရဟန်းတော်တို့ကို။ ဒက္ခိတာယေ၊ ဖူးမြင်ရခြင်းငှါ။ ဝါ၊ ဖူးမြင်လိုခြင်းကြောင့်။ ဣမံ ဓမ္မသမယံ၊ ဤတရားနာရာနတ်ပြုဘမှာ အစည်းအဝေးသို့။အာဂတာ အမှ၊ အမျှားနည်းတူ ကြည်ဖြူဝမ်းမြောက် လာရောက်ကြပါကုန်၏။ဣဘိ အဘာသိ၊ဤသို့ ရှင်ဆိုပြီ။ (ထည့်)

အထ ခေါ၊ ဒုဘိ်ယပြုဘမှာ သျှောက်ပြီးရာ နောက်အခါ၌။ အပရာ ဒေဝဘာ၊ တဦးသောပြုဘမှာကြီးသည် (အနောက်ဘက် စကြဋ္ဌာတောင် ထိပ်၌ သက်ဆင်းသောပြုဟ္မာ)။ဘဂဝတော သန္တိကေ၊ဘုရားအထံတော်၌။ ဣမံ ဂါထံ၊ ကို။ အဘာသိ၊ ရှင်ဆိုပြီ။ (ကိ ံအဘာသိ၊ အဘယ်သို့ ရှင်ဆိုသနည်း။)

ဘန္တေ၊ မြတ်စွာဘုရား။ (ထည့်)ယေ သုသုနာဂါ၊ အရှယ်နုပျို အကြင် ရဟန္တာပုဂ္ဂိုလ်တို့သည်။ စက္ခုမတာ၊ ဗုဒ္ဓ,ဓမ္မ,သမန္တ,နှင့် ဉာဏ, ဒိဗ္ဗာ ငါးဖြာသော ဉာဏ်စက္ခုရှိတော်မူသော အရှင်မြတ်စွာဘုရားသည်။ ဒမိတာ၊ ဆုံးမအပ်ကုန်သည်ဖြစ်၍။ သုဒန္တာ၊ မျက်စိ,နား,နှာ,လျှာ, ကိုယ်စိတ် မယိုဖိတ်အောင် ဆို့ပိတ်စောင့်စည်း အလွန်ယဉ်ကျေးပြီး ဖြစ်ပါကုန်၏။ တေ သုသုနာဂါ၊ အရှယ်နုပျို ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ ခီလံ၊ ရာဂ, ဒေါသ, မောဟ-

http://www.dhammadownload.com

တည်းဟူသော* ငြောင့်ခလုတ်ကို။ ဆေတွာ၊ မဂ်လေးပါးဖြင့်ပယ်ရှားခုတ်ဖြတ်တော်မူကြကုန်၍။ ပလိဃံ၊ ရာဂ,ဒေါသ,မောဟ တည်းဟူသော တံခါးကျည်မင်းတုပ်ကို။ ဆေတွာ၊ မဂ်လေးပါးဖြင့် ပယ်ရှားခုတ်ဖြတ်တော်မူကြကုန်၍။ ဣန္ဒခီလံ၊ ရာဂ, ဒေါသ, မောဟတည်းဟူသော တံခါးခုံ တံခါးတိုင်ကို။ ဦဟစ္စ၊ နုတ်တော်မူကြကုန်၍။ အနေဇာ၊ စိတ်ကို တုန်လှုပ်စေတတ်သော တဏှာလောဘ မရှိကြကုန်သည်ဖြစ်၍။ သုဒ္ဓါ၊ ကိလေသာ အန္တရာယ်မှ စင်ကြယ်သန့်ရှင်းကုန်သည်ဖြစ်၍။ ဝိမလာ၊ ကိလေသာ အညစ်အကြေးမှ ကင်းဝေးကုန်သည်ဖြစ်၍။ စရန္တိ၊ အပိတ်အဆီးမထင် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့၌ လှည့်လည်တော်မူနိုင်ကြပါပေကုန်၏။

ဘဂဝါ၊ အိုအရှင်မြတ်ဘုရား။ မယမ္ပိ၊ အကျွန်ုပ်တို့သည်လည်း။ ဧတေ သုသုနာဂေ၊ နုနုပျိုပျိုထိုရဟန္တာပုဂ္ဂိုလ်တို့ကို။ ဒက္ခိတာယေ၊ ဖူးမြင်ပါရခြင်းငှါ။ ဝါ၊ ဖူးမြင်လိုခြင်းကြောင့်။ ဣမံ ဓမ္မသမယံ၊ ဤတရားနာရာ နတ်ဗြဟ္မာ အစည်းအဝေးသိ။ အာဂတာ အမှ၊ အများနည်းတူ ကြည်ဖြူ ဝမ်းမြောက်လာရောက်ကြပါကုန်၏။ ဣတိ အဘာသိ၊ ဤသို့ရွတ်ဆိုပြီ။ (ထည့်)

(ဤဂါထာကို ရွတ်ဆိုပြီးနောက်၌ အနောက်ဘက် မိမိသက်ဆင်းခဲ့ရာ စကြဝဋ္ဌာဘောင်၏ အထက်နှုတ်ခမ်း တောင်ထိပ်အရပ်သို့ ပြန်သွားတည်နေလေပြီ)။

အထ ခေါ၊ တဘိယဗြဟ္မာ လျှောက်ထားပြီးရာ နောက်အခါ၌။ အပရာ ဒေဝဘာ၊ တဦးသောဗြဟ္မာကြီးသည် (မြောက်ဘက် စကြဝဋ္ဌာတောင်ထိပ်၌ သက်ဆင်းသောဗြဟ္မာ)။ ဘဂဝတော သန္တိကေ၊ ဘုရားအထံတော်၌။ ဣမံ ဂါထံ၊ ကို။ အဘာသိ၊ ရွတ်ဆိုပြီ။ (ကိုံ အဘာသိ၊ အဘယ်သို့ရွတ်ဆိုသနည်း။) ယေကေစိ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဗုဒ္ဓံ၊ မြတ်စွာ

---

* နံရံ၌ဖြစ်စေ မြေပေါ်၌ဖြစ်စေ စိုက်မြှုပ်၍ ထားအပ်သော ငြောင့်ခလုတ် တံသင်းငုတ်များနှင့် မြေ၌ နက်လှစွာစိုက်မြှုပ်အပ်သော တံခါးခုံ တံခါးတိုင်တို့သည် မြေနံရံမှ အထုတ်အနုတ် ခက်ခဲသကဲ့သို့ ရာဂ, ဒေါသ, မောဟ တို့သည်လည်း သတ္တဝါတို့၏ ခန္ဓာအစဉ်မှ ထုတ်နုတ်ခြင်းငှါ လွန်စွာ ခက်ခဲသောကြောင့် (ခီလ) တံသင်းငုတ် ငြောင့်ခလုတ် (ဣန္ဒခီလ) တံခါးခုံ တံခါးတိုင်တို့မည်ကုန်၏။

http://www.dhammadownload.com

ဘုရားကို။သရဏံ၊ ကိုးကွယ်ရာဟူ၍။ဂတာသေ၊ *လောကုတ္တရာ သရဏကုမ်
ဖြင့် ယုံကြည်လေးမြတ်ဆည်းကပ်ကုန်ပြီ။ ဧတေ သတ္တာ၊ ထိုသတ္တဝါဝို့သည်။
အပါယဘူမိ၊အပါယ်ဘုံသို့။နဂမိဿန္တိ၊ပုံသေမသွားရမလားရကုန်လိမ့်အံ့။
မာနုသံ ဒေဟံ၊သူ့အတ္တဘောကို(လူ့ဘဝကို)။ပဟာယ၊ ကောန်မူချစွန့်ပယ်
ကြကုန်၍။ ဒေဝကာယံ၊ နတ်အပေါင်းကို (နတ်ပြည်ကို)။ ပရိပူရေဿန္တိ၊
မူချပုံသေ ပြည့်စေကြပါ့ကုန်လိမ့်အံ့။ ဣဿိ အဘာဝသိ၊ ဤသို့ရှိတ်ဆိုပြီ။
(ရှေးနည်းဘူ မြောက်ဘက်စကြဝဠာဘောင်ထိပ်သို့ ပြန်သွားတည်နေပြီ။)

ရောင့်ရဲတတ်မှ ချမ်းသာရ

မြို့၏တံခါးကျည်မင်းတုပ်သည် မြို့တွင်းသို့ ဝင်ခြင်းကို တားမြစ်နိုင်သကဲ့သို့
ရာဂ ဒေါသ မောဟတို့သည်လည်း နိဗ္ဗာန်တည်းဟူသော မြို့သို့ဝင်ခြင်းကို
တားမြစ်တတ်သောကြောင့် (ပလိဃ)တံခါးကျည်မင်းတုပ် မည်၏။ ဉာဏ်မျက်စိ
ငါးသွယ်ဖြင့် အမြင်ကျယ်သော ဥပဇ္ဈာယ်အထံမှ အဆုံးအမကို ရသဖြင့်
ယဉ်ကျေးသော ဣန္ဒြေ ရှိတော်မူကြသော အရိယာ ရဟန္တာပုဂ္ဂိုလ်တို့သည်
ထိုသည့် ဆူးငြောင့် ခလုတ် တံခါးတိုင် မင်းတုပ်တို့ကို ဆဲနုတ်ပယ်ချင်းပြီး ဖြစ်ပါ
ကုန်ပြီ၊ ရရသမျှ သင့်လျော်ရုံမျှဖြင့် တင်းတိမ်ရောင့်ရဲခြင်းဟူသော(ပရမသန္တုဋ္ဌိ)
ဂုဏ်နှင့် ပြည့်စုံပြီးဖြစ်ရကား စား ဝတ် နေရေး မြေဝတ္ထုကြောင့်ကြခြင်း မရှိ
သဖြင့် အရပ်လေးမျက်နှာ သွားလိုရာအရပ်သို့ သွားနိုင်ကုန်၏၊ အတားအဆီး
မရှိ အမြဲဟင်းလင်းပွင့်လျက် ရှိကုန်၏ဟု ဆိုလို၏။

ကိုးကွယ်တတ်မှ အမြတ်ရ

*လောကုတ္တရာ သရဏကုမ်ဖြင့် ဆည်းကပ်ကိုးကွယ်သူတို့သည် အပါယ်
လေးပါးသို့ မလားရခြင်း ဘဝမဆုံးသေးလျှင် လူ့အတ္တဘောကိုစွန့်၍ နတ်
အတ္တဘောကို ရခြင်းဟူသော အကျိုးနှစ်ပါးကို မချွတ်မယွင်း ပုံသေရလတ္တံ့။
လောကီသရဏကုမ်ဖြင့် ဆည်းကပ်ကိုးကွယ်သူတို့ကား အပါယ်သို့မလားရခြင်း
အကျိုးကို ပုံသေရနိုင်သော်လည်း လူ့အတ္တဘောကိုစွန့်၍ နတ်အတ္တဘောကို
ရခြင်းဟူသော အကျိုးကိုမူကား ရသည်လည်းရှိ၏၊ မရသည်လည်းရှိ၏၊ ပုံသေ
မဟတ်။

ဗုဒ္ဓသရဏကုမ်ကိုဆိုသဖြင့် ဓမ္မသရဏကုမ် သံဃသရဏကုမ်အကျိုးပြနှစ်ဂါထာ
ကိုလည်း ဆိုပြီးဖြစ်လေ၏။ ထို့ကြောင့် ၎င်းနှစ်ဂါထာကို ဖော်ပြလျက် အနက်
ယောဇနာအံ့။

http://www.dhammadownload.com

အထ ခေါ၊ နတ်ဗြဟ္မာတို့၏ စည်းဝေးပေါင်းဆုံရာ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ *မိန့်တော်မူပြီ။ ကိံ အာမန္တေသိ၊ အဘယ်သို့ မိန့်တော်မူသနည်း။ (ထည့်)။

ယေ ကေစိ ဓမ္မံ သရဏံ ဂတာသေ၊ နတေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

ယေကေစိ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဓမ္မံ၊ တရားတော်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာဇသ၊ လောကုတ္တရာသရဏဂုမ်ဖြင့် ယုံကြည်လေးမြတ် ဆည်းကပ်ကုန်ပြီ။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပါယဘူမိံ။ အပါယ်ဘုံသို့။ နဂမိဿန္တိ၊ ပုံသေမလားရကုန်လိမ့်အံ့။ မာနုသံ ဒေဟံ၊ လူ့အတ္တဘောကို။ ပဟာယ၊ ဧကန်မုချ စွန့်ပယ်ကြကုန်၍။ ဒေဝကာယံ၊ နတ်ပြည်ကို။ ပရိပူရေဿန္တိ၊ မုချပုံသေ ပြည့်စုံစေကုန်လိမ့်အံ့။

ယေ ကေစိ သံဃံ သရဏံ ဂတာသေ၊ နတေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။

ယေကေစိ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သံဃံ၊ သံဃာတော်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာသေ၊ လောကုတ္တရာသရဏဂုမ်ဖြင့် ယုံကြည်လေးမြတ် ဆည်းကပ်ကုန်ပြီ။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အပါယဘူမိံ၊ အပါယ်ဘုံသို့။ နဂမိဿန္တိ၊ ပုံသေမလားရကုန်လိမ့်အံ့။ မာနုသံ ဒေဟံ၊ လူ့အတ္တဘောကို။ ပဟာယ၊ ပုံသေမုချ စွန့်ပယ်ကြကုန်၍။ ဒေဝကာယံ၊ နတ်အပေါင်းကို (နတ်ပြည်ကို)။ ပရိပူရေဿန္တိ၊ မုချပုံသေ ပြည့်စေကြကုန်လိမ့်အံ့။

*မြတ်စွာဘုရားသည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုတော်မူရာအခါ အောက်မြေအပြင်မှ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် အပြည့်အကျပ်ဖြစ်သော နတ်ဗြဟ္မာအပေါင်းကို မြင်တော်မူ၍ ဤရဟန်းတို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်ရှိသော်လည်း ၎င်းဉာဏ်ကို အသုံးမပြုကြသေးသဖြင့် ဤမျှလောက်ကြီးမားသော နတ်ဗြဟ္မာ အစည်းအဝေးကို မသိမမြင်ကြကုန်သေး၊ ယခုသိရအောင် (ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်ကို အသုံးပြုမိအောင်) ငါဘုရားညွှန်ကြားတော်မူအံ့ဟု ကြံစည်တော်မူလျက် ရဟန်းတို့ကိုခေါ်၍ ယေဘုယျေန ဘိက္ခဝေဒသသု လောကဓာတူသုစသည်ဖြင့် မိန့်တော်မူပြီ။

http://www.dhammadownload.com

၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒဿသု လောကဓာတူသု၊ ထောင်ပေါင်းဆယ်ထွေ အရေအတွက်ရှိသော လောကဓာတ်တို့၌။ ဝသန္တိယော၊ နေကုန်သော။ (ထည့်) ယေဘုယျေန၊ များသောအားဖြင့်။ ဝါ၊ များစွာကုန်သော။ ဒေဝတာ၊ နတ်ဗြဟ္မာဘို့သည်။ တထာဂတဿ၊ ငါဘုရားကိုဂုဏ်း။ ဘိက္ခုသံဃဿ၊ သင်ဝို့ရဟန်းအပေါင်းဘို့ဂုဏ်း။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ အာဂန္တွာ၊ ဤမဟာဝုန်တောသို့ လာရောက်ကုန်၍။ သန္နိပတိတာ၊ ပေါင်းစုစည်းဝေးကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းဝို့။ အတီဘံ၊ ခရှး လွန်လေပြီးသော။ အဒ္ဓါနံ၊ အခါကာလ၌။ အရဟန္တော၊ ကိလေသာ အညစ်အကြေးမှ ဝေးကွာတော်မူကြကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ မတ်ောက်မပြန် အမှန်ပိုင်ပိုင် ကိုယ်တော်ဘိုင် သိတော်မူကြကုန်သော။ ယေပိ ဘေ-ဘဂဝန္တော၊ ထိုသို့ ဂုဏ်ထူး ကျေးဇူးရှိတော်မူကြကုန်သော အကြင်ဘုရားရှင်တို့သည်လည်း။ အဟေသုံ၊ ငါဘို့ဘမူ ပဋ္ဌင့်တော်မူဘူးကုန်ပြီ။ တေသမွိ ဘဂဝန္တာနံ၊ ထိုဘုရားရှင်တို့၏လည်း။ ကာလေ၊ ခရှးလက်ထက်ဘော်အခါ၌။ (ထည့်) မယှံ၊ ငါဘုရား၏။ တေရဟိ၊ ယခု မဟာဝုန်တောဝယ် သီတင်းသုံးတော်မူရာ ဤအခါ၌။ ဒေဝတာ၊ နတ်ဗြဟ္မာတို့သည်။ သန္နိပတိတာ၊ ပေါင်းစု စည်းဝေးကုန်သည်။ ဟောန္တိ သေယျထာပိ၊ ဖြစ်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ (ထည့်) ဧတံပရမာယေဝ၊ ဤငါတို့ မျက်မှောက် လာရောက် စည်းဝေးသော နတ်ဗြဟ္မာတို့၏ အဝိုင်းအရှည်မျှ ပမာဏပင် ရှိကုန်သော။ ဒေဝတာ၊ နတ်ဗြဟ္မာတို့သည်။ သန္နိပတိတာ၊ ခပေါင်းစု စည်းဝေးခဲ့ကြကုန်သည်။ အဟေသုံ၊ ဖြစ်ဘူးကုန်ပြီ။

၁၂။ သဗ္ဗန္ဒေ၊ အကြီးအမှူး ဦးစီးခေါင်းဆောင်ပြုအပ်သော သိကြား မင်းနှင့်တကွ ဖြစ်.ကုန်၍။ အဘိက္ကန္တေ၊ ဤမဟာဝုန်တောသို့ ရွေးရှု လာရောက် ကုန်သော။ တေ သဗ္ဗေ ဒေဝေ စ၊ ထိုဆိုအပ်ပြီးသော အလုံးစုံသော နတ်ဝို့သို့ ၎င်း။ ဝါ၊ နတ်ဘို့.ကိုဌင်း။ သဗြဟ္မကေ၊ အကြီးအမှူး ဦးစီးခေါင်းဆောင် ပြုအပ်သော ဟာရိဘဗြဟ္မာကြီးနှင့်တကွ ဖြစ်ကုန်၍။ အဘိက္ကန္တေ၊ ဤမဟာ ဝုန် တောသို့ ရွေးရှုလာရောက်ကုန်သော။ ဘေ သဗ္ဗေ ဒေဝေ စ၊ ထိုဆိုအပ်ပြီး သော အလုံးစုံသော ဗြဟ္မာဘို့.ဌင်း။ ဝါ၊ ဗြဟ္မာဝို့ကိုဌင်း။ မာရသေနာ၊ မာရ်မင်း(နှင့်တကွ)မာရ်မင်း၏ စစ်သည်ရဲမက် အပေါင်းသည်။ အဘိက္ကာမိ၊ ရွေးရှု လာရောက်လေပြီ။ ဝါ၊ လွှမ်းမိုးနိုပ်စက် တိုက်ဖျက်ခြင်းငှါ လာရောက် လေပြီ။ ဘော၊ အိုအချင်းဝို့။ (ထည့်) ကဏ္ဍသ၊ *မည်းနက်ညစ်စုတ် ယုတ်

---

* ဤစကားပိုဒ်ကား အို ပရိသတ်အပေါင်းတို့ မာရ်နတ်လုပ်ပုံကို ကြည့်ကြ စမ်းပါ၊ ဘယ်လောက်ယုတ်မာသလဲ၊ သူနှင့်ဘာမျှ မစပ်ဆိုင်ဘဲလျက် အကျိုးမဲ့ အားထုတ်နေပုံကို ငါဘုရား ဟောပြတော်မူမည်-ဟု ကြားညှပ်၍ စကားချပ် အနေဖြင့် ဟောသော စကားပိုဒ်တည်း။

http://www.dhammadownload.com

သော သဘောရှိသော မာရ်နတ်၏။ မန္ဒိယံ၊ မိုက်မဲနုံ့နှေး သဘောသေး သည်၏အဖြစ်ဟု။ ဝါ၊ မိမိအရာမဟုတ်သည်၌ အချည်းနှီး အကျိုးမဲ့ လုံ့လ ပြုပုံဟု။ ပဿ-ပဿထ၊ စဉ်းစားဆင်ခြင် ရှုမြင်လှည့်ပါဟုန်။

မဟာသေနော၊ များသော စစ်သည်ရဲမက်ရှိသော။ ကဏ္ဍော၊ မည်းနက် ညစ်စုတ် ယုတ်မာသော မာရ်နတ်သည်။ ဘော၊ ဒိုရဲဘက်ရဲဘော် စစ်သည် ဘော်အပေါင်းဘို့။ တုမ္မေ၊ သင်ဘို့သည်။ (၂-ပုဒ်ထည့်) ဇေ၊ လာကြကုန်လော့။ ဣဒံ ဒေဝမဏ္ဍလံ၊ ဤစည်းဝေးနေသည့် နတ်ပြဟ္မာအပေါင်းဟု။ ဂဏှထ၊ လက်ရမိအောင် ဖမ်းကြကုန်လော့။ ဗန္ဓထ၊ မပြေးနိုင်အောင် တုတ် နှောင် ဖွဲ့ချည်ကြကုန်လော့။ ဣဒံ ဒေဝမဏ္ဍလံ၊ ဤစည်းဝေးနေသည့် နတ် ပြဟ္မာအပေါင်းသည်။ (အတ္ထု-၌စပ်) ဝါ၊ ဤစည်းဝေးနေသည့် နတ်ပြဟ္မာ အပေါင်းဟု။ (ဗန္ဓံ-၌စပ်) ဝေါ၊ သင်ဝို့သည်။ ဝါ၊ သင်ဝို့၏။ ရာဂေန၊ ရာဂ တည်းဟူသော ကျော့ကွင်းနှောင်ကြိုးဖြင့်။ ဗန္ဓံ၊ မြဲမြံတင်းကြပ် ဖွဲ့ချည် အပ်သည်။ အတ္ထု၊ ဖြစ်ပေစေလော့။ သမန္တာ၊ သင်းဘို့၏ ထက်ဝန်းကျင် ပတ်ပတ်သည်မှု။ ပရိဝါရေဆ၊ ညီညာဖြဖြ ဝိုင်းကြ ဆီးကြ ကုန်လော့။ ဝေါ၊ ရဲဘက် ရဲဘော် သင် စစ်သည်တော်ဘို့တွင်။ ဟောစိ၊ တစုံဘယောက်

မာရ်နတ်သည် အလွန်ကြီးမားသော နတ်ပြဟ္မာတို့၏ တရားနာ အစည်း အဝေးပွဲကြီးကို တွေ့မြင်ရသောအခါ သတ္တဝါတွေ့ မက်ပေါက် ဖိုလ်ပေါက် ဝင်ရှုမှု လွတ်မြောက်သွားကြမည်ကို အလွန်စိုးရိမ်လှသဖြင့် (အဘိသမယ) ခေါ်သော သစ္စာလေးပါး တရားသိမှု၏ အန္တရာယ်ကို ပြုခြင်းငှါ နတ်ပြဟ္မာပရိသတ် အတွင်းသို့ မိမိ၏ ရဲမက်စစ်သည် အပေါင်းတို့ကို စေလွှတ်လျက် ကြောက်မက် စဘွယ် အကြီးအကျယ် ချောက်လှန့်လျက်ရှိနေ၏။ သစ္စာလေးပါးကို သိလတ္တံ့ မဟုတ်သော တရားနာပရိသတ်၌ မာရ်နတ်၏ ခြိမ်းချောက် နှောင့်ယှက်မှု ပေါ် လာလျှင် ၎င်းခြိမ်းချောက်မှုကို ဘုရားရှင်တို့ တားမြစ်ကွယ်ကာရိုး ရှိတော်မမူ ကုန်။ သစ္စာလေးပါးကို သိနိုင်မည့် တရားနာ ပရိသတ်၌သာ အဓိဋ္ဌာန်အား ဖြင့် တားမြစ် ကာကွယ်ရိုး ရှိတော်မူကုန်၏။ ထို့ကြောင့် ဤကျတ်တမ်းဝင်မည့် နတ် ပြဟ္မာ ပရိသတ်သည် ဘုရားရှင်၏ အဓိဋ္ဌာန် အကွယ်အကာကြောင့် ကြောက်မက်ဘွယ် အဆင်းအသံ စသည်ကို စိုးစဉ်းမျှ မသိမမြင်ကကုန်၊ ထို့ ကြောင့် မာရ်နတ် ချောက်လှန့်နေသည်ကို ထုတ်ဖော် ဟောပြတော်မူရသည်။

http://www.dhammadownload.com

သည်သော်လည်း။ ဇတ္ထ၊ ဤ နတ်ပြဟ္မာ အပေါင်းတွင် (ဤ နတ်ပြဟ္မာထည်းက)။ ကိုဠို၊ တစုံတယောက်မျှကုံသော်လည်း။ မာ မုဠို၊ မလွှတ်လိုက်ပါလင့်။ (မုစ္စိတ္ထ ဟု စ- ဒ္ဒဘော် မရှိသင့်၊ မုဠိတ္ထ ဟု စဝဂ္ဂန္တ ရှိသင့်၏၊ မုဠိ ဇတ္ထ ဟု ပဒစ္ဆေဒပြု။ ကောစိကို ကမ္မတ္ထင့်ခိုက် ကဠို ဟု ဝိဘတ်တို ဝိပရိဏာမပြု၊ (နံ) ဟူသော ပုဒ်ကို နိပါတမတ္တ ကြံသင့်၏။ ထို့ကြောင့် အဋ္ဌကထာ၌ မာ ဝေါ မုဠိတ္ထ ကောစိ နန္တိ တုမှာကံ ဧကောပိ ဧတေသု ဧကမိပိ မာ မုဠိ၊ မာ ဝေါ မုဠ္ဆေတ္ထာတိပိ ပါဌေ၊ ဧသေဝတ္ထော-ဟု ဖွင့်ပြ၏)။ ။ ဤဘိ၊ ဤ ဠို။ ပါ-အိန၁၊လ-က်ဖြင့်။တသံ၊မြေအပြင်ကို။ အာဟာစ္ဆ၊ပုဝ်ခဝ်၍။ ဘေရဝံ၊ကြာ-က်သန့်စေဘဘ်သော။ဝါ၊ ကြာက်လန့်လောင်ရာဖြစ်သော။ သရံ၊ ကြုံးဝါးသံကြီးကို။ ကတ္ဝာန၊ ပြု၍။

(ဘယ်ကဲ့သို့ ကြီးကျယ်သော အသံကြီးပါနည်း ဟူမူ) ပါဝုဿကော၊ မိုးယံဦးကျကာလ၌ လေနှင့်တကွ ပြင်းပြစွာ ရွာသွန်းသော။ သဝိဇ္ဇုကော၊ ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်သော လျှပ်စစ်နှင့် တကွ ဖြစ်သော။ မေဃော၊ မိုးသည်။ ထနယတိ ယထာ၊ ကြာက်မက်ဘွယ် ထင်ချုန်း ခြိမ်းဟိန်းသကဲ့သို့။ တထာ၊ ထိုမိုးခြိမ်းသံနှင့်တူစွာ။ ထနယန္တော၊ ကြုံးဝါးသံဖြင့် ဆူညံခြိမ်းဟိန်းလျက်။ တတ္ထ-ဘသ္မိံ မဟာသမယေ၊ ထိုဘုရားရဟန္တာနာဂ်ဖြဟ္မာဘို့၏ အစည်းအဝေးကြီး၌။ ဝါ၊ အစည်းအဝေးကြီးသို့။ သေနံ၊ မိမိ၏ ရဲဘက်ရဲဘော်စစ်သည်ဘော်အပေါင်းကို။အပေသယိ၊ စေလွှတ်လေပြီ။ တဒါ၊ ညာသံပေးလျက် စစ်ချီတက်ရာ ထိုအခါ၌။ သော ကတ္တော၊ မည်းနက်ညစ်စုတ် ထိုမာရ်ယုဒ်သည်။ အသယံဝသေ၊ တစုံတယောက်သောသူကို မိမိအလို့ငှါ မသိုက်စေနိုင်သည်။ ဝါ၊ မိမိ၏အလို၌ မိမိပင် မတည်နိုင်တော့သည်။ ဟုဘွာ၊ ဖြစ်၍။ (ထဉ့်-ဘပုဒ်) သက်ုံဒ္ဓါ၊ ဒေါသအမျက် ခြောင်းခြောင်း ထွက်သျှက်။ ပစ္စုဒါဝတ္တိ၊ စစ်ကိုပြန်နှာ ဆုတ်ခွါရလေပြီ။ ဤသံ အာမန္တယိ၊ ဤ ဠို သိစေတော်မူပြီ။ (ဤဘိ-ကျေ)။

၁၃။ စက္ခုမာ၊ ဗုဒ္ဓ,ဓမ္မ,သမန္တန်နှင့်,ဉာဏ,ဒိဗ္ဗာ ငါးဖြာသော စက္ခုရှိတော်မူသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တဉ္စ သဗ္ဗံ၊ထိုမာရ်နတ်လုပ်ပုံ အလုံးစုံကိုလည်း။ အဘိညာယ၊ ထူးသော ဉာဏ်ဖြင့် သိတော်မူ၍။ ဝဝတ္ထိတ္ဝာန၊

http://www.dhammadownload.com

လက်ဝါးအပြင် ရေးကြောင်းထင်သို့ မျက်မြင်တပ်အပ် သတ်မှတ်ပိုင်းခြား တော်မူပြီး၍ (အဝေကို့ဘွာန ရှိလျှင် ဉာဏ်စက္ခုဖြင့် ရှုကြည့် သုံးသပ် ဆုံးဖြတ်တော်မူ၍ဟု ပေး၊ဋီကာ) ။တဘော-တဒါ၊ သတ်မှတ် ပိုင်းခြားတော် မူပြီးရာထိုအခါ၌။သာသနေ၊ ဆုံးမပဲ့ပြင်ရာ သီလ သမာဓိ ပညာသိက္ခာသုံး ပါး၌။ ရဘေ၊ မွေ့လျော်ကြကုန်သော။ သာဝကေ၊ ဘုရားစကားကိုလိုက်နာ ပြုကျင့်တတ်ကုန်သော ရဟန်းဘို့ကို။ အာမန္တယိ၊ သိစေတော်မူပြန်ပြီ။ ။ ကထံ အာမန္တယိ၊ အဘယ်သို့ သိစေတော်မူပြန်သနည်း။

ဘိက္ခဝေါ၊ ရဟန်းဘို့။ မာရသေနာ၊ မာရ်နတ် (နှင့်တကွ) မာရ်နတ်၏ ရဲမက်စစ်သည်တို့သည်။ အဘိက္ကန္တာ၊ ဤအစည်းအဝေးကြီးသို့ ရှေးရှုတူယူ မျက်နှာမူလျက်လာကုန်ပြီ။တုမှေ၊သင်တို့သည်။ဘေ သဗ္ဗေ၊ထိုအလုံးစုံသော မာရ်နတ်(နှင့်တကွ) မာရ်နတ်၏ရဲမက်စစ်သည်တို့ကို။ ဝိဇာနာထ၊ သိကြ ကုန်လော (သိကြပြီး၍ ဖလသမာပတ် ခံတပ်အကွယ်အကာလုံလောက်စွာ ရှိကြစေကုန်လော့)။ ဣတိ အာမန္တယိ၊ ဤသို့ သိစေတော်မူပြီ (သတိပေး နှိုးဆော်တော်မူပြီ)။တေ စ ဘိက္ခူ၊ထိုရဟန်းတို့သည်လည်း။ဗုဒ္ဓဿ၊ မြတ်စွာ ဘုရား၏။ သာသနံ၊ နှိုးဆော်သောအား ညွှန်ကြားဆုံးမကြောင်း စကား တော်ကို။ သုဘွာ၊ ကြားကြရကုန်၍။ တာဝဒေဝ၊ ကြားလျှင်ကြားခြင်း ထို ခဏအဘွင်း၌သာလျှင်။ တဒတ္ထာယ၊ ထိုဖလသမာပတ် ခံတပ်အကွယ်အကာ ယူနိုင်ခြင်းအကျိုးငှါ။(၂-ပုဒ်ထည့်) အာတပ္ပမကရုံ၊လုံ့လပြုကုန်ပြီ။ ။မာရ-သေနာ၊ မာရ်နတ်(နှင့်တကွ) မာရ်နတ်၏ ရဲမက်စစ်သည်တို့သည်။ (ထည့်) ဝီဘရာဂေဟိ၊ ရာဂကျော့ကွင်းမှ လွှတ်ကင်းပြီးသော ငါးရာကျော်သော အရိယာပုဂ္ဂိုလ်တို့မှ။ ဝါ၊ ရာဂကျော့ကွင်းမှလွှတ်ကင်းပြီးသော ငါးရာကျော် အရိယာပုဂ္ဂိုလ်တို့လျှင် အကြီးအမှူး ဦးစီးခေါင်းဆောင်ရှိသော နတ်ဗြဟ္မာ တို့မှ။ ပက္ကာမုံ၊ ဝေးရာရှောင်ရှားဖဲသွားကြရကုန်ပြီ။ ဧသံ ဝီတရာဂါနံ၊ ထို ရာဂကျော့ကွင်း လွှတ်ကင်းပြီးသော ငါးရာကျော် အရိယာပုဂ္ဂိုလ်တို့၏။ ဝါ၊ ထိုရာဂကျော့ကွင်း လွှတ်ကင်းပြီးသော ငါးရာကျော်အရိယာပုဂ္ဂိုလ်တို့ လျှင် အကြီးအမှူး ဦးစီးခေါင်းဆောင်ရှိသော နတ်ဗြဟ္မာတို့၏။ လောမာပိ-လောမာနိပိ၊ မွေးညှင်းတို့ကိုသော်လည်း။ နဲ ဣဋ္ဌယုံ၊ မတုန်လှုပ်စေနိုင် ကြကုန်။

http://www.dhammadownload.com

အထ-ဘသို့ ကာလေ၊ စစ်ကိုပြန်နုတ်ဆုတ်ခွါလေရာ ထိုအခါ၌။ မာရော၊ မာရ်နတ်သည်။ ဘိက္ခုသံဃံ၊ ဖောက်ခွဲ ဖျက်ဆီးအပ်ပြီးသော ကိလေသာရှိသော ရဟန်းဘော်အပေါင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အဘာသိ၊ ချီးကျူးမြွက်ဆိုတော်မူပြီ။

ကထံ-အဘာသိ၊ အဘယ်သို့ချီးကျူး မြွက်ဆိုတော်မူသနည်း။ (ပြည့်စုံအောင် အနုသန္ဓေထည့်၍စပ်) သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘေ သာဝကာ၊ ထိုမြတ်စွာဘုရား၏ တပည့်သားကျော် ရဟန်းတော်ဟို့သည်။ ပိဇိတ-သင်္ဂါမာ၊ အောင်ပွဲသတင် ဆင်အပ်ပြီးသော စစ်မြေပြင် ရှိကြပါပေကုန်၏။ ဘယာဘီဘာ၊ လွန်မြောက်အပ်ပြီးသောကြောက်ခြင်း ရွံ့ခြင်း ထိတ်လန့်ခြင်း ရှိကြပါပေကုန်၏။ ယသသိနော၊ များသောကျေးဇူးသတင်း ကျော်စောခြင်းလည်း ရှိကြပါပေကုန်၏။ ဘူဘေဟိ၊ ဘုရားရှင်သြဝါဒ ဒေသနာဓမ္မကြောင့် ဖြစ်ကုန်သော အရိယာဂိုဏ်းဝင် အရှင်ဟို့နှင့်သာလျှင်။ သဟ၊ အဘူဘဘွ။ မောဒန္တိ၊ တရားကိုမြီကာ လွန်စွာ ဝမ်းမြောက် နိုင်ကြပါပေကုန်၏။ ဇနေ၊ လူရောနတ်ပါ ဗြဟ္မာမကြွင်း လောကကြီးအတွင်း၌။ သုတာ၊ ကျေးဇူးပြန့်ပြော ကျော်စောဘော်မူကြပါပေကုန်၏။ ဣဟိ အဘာသိ၊ ဤသို့ ချီးကျူးမြွက်ဆိုပြီ။ *ဣဟိ၊ ဤသို့ ဤပုံ ဤအခြင်းအရာအားဖြင့် သာလျှင်။ မေ၊ အကျွန်ုပ်သည်။ သုတံ၊ မြတ်စွာဘုရားအထံမှ ကြားနာသင်မှတ် ဆောင်ထားအပ်ဘူးပါပြီ။

---

* ဤကား ပဌမသင်္ဂါယနာ မင်္ဂလာမဏ္ဍပ်တော်အတွင်း ခင်းထားအပ်သော ဓမ္မာသနပလ္လင်တော်ထက်၌ ထက်ဝယ်ဘွဲ့ခွေ ထိုင်နေတော်မူသော အရှင်အာနန္ဒာ မဟာထေရ်မြတ်၏ ဖြေဆိုဟန်တည်း။

မဟာသမယသုတ်ဟူသည်

ဤ "မဟာသမယသုတ်"သည်ကား အစည်းအဝေးရောက် နတ်ဗြဟ္မာတို့၏ ထိုအချိန်၌ ဖြစ်ပေါ်လျက်ရှိသော အလိုဆန္ဒကို ပြည့်စေခြင်းဖြင့် နောက်၌ ဟောအပ်လတ္တံ့သော သမ္မာပရိဗ္ဗာဇနီယသုတ် အစရှိသော (စရိတာနုရူပ) သုတ္တန်ဒေသနာတို့၏ တည်ရာဖြစ်လောက်အောင် စိတ်ကိုနူးညံ့စေရန် ဟောပြအပ်သော သုတ္တန်မျှသာ ဖြစ်၏။

http://www.dhammadownload.com

နှုတ်ခွန်းဆက်သုတ်

နတ်ဗြဟ္မာတို့၏ အမျိုးတူ အမည်မျှားကိုသာ ထုတ်ဖော် ဟောပြလျက် "နှုတ်ခွန်းဆက်" အနေအားဖြင့် ဘုရားရှင်၏ ပဋိသန္ဓေရပြုသော သုတ်ဟု ဆိုလို၏။

နတ်ချစ်သောသုတ်

ထို့ကြောင့် ဤသုတ်ကို နတ်ဗြဟ္မာတို့သည် လွန်စွာချစ်မြတ်နိုးကုန်၏၊ လွန်စွာ ကြားနာလိုကုန်၏၊ အဘယ်မှာ ကြားနာရပါအံ့နည်း ဟု အမြဲနှားစိုက်လျက် လှည့်လည်စုံစမ်းကုန်၏။ ထို့ကြောင့် အိမ်သစ် ရွာသစ် မြို့သစ် စသည် တည်ရာ ဌာနတို့၌ မင်္ဂလာနှင့်စပ်သော ပရိတ်တရားများကို ဟောရွတ်လိုသော ပုဂ္ဂိုလ်သည် ဤမဟာသမယသုတ်ကိုသာ ပဓာနအားဖြင့် ဟောရွတ်ထိုက်၏။ သရဇ္ဈယ်ထိုက်၏။ ဘေးရန်အန္တရာယ်ကို ကာကွယ်နိုင်သော တန်ခိုးကြီးသော နတ်တို့၏လာရောက်ကြားနာခြင်း ရှုနှုရင်းကြမ်းထမ်းသော နတ်တို့၏ စိတ်နှူးညံ့ခြင်း အစရှိသော အကြောင်းကိုအမှီပြု၍ အန္တရာယ်ကင်းခြင်းစသော အကျိုးများကို မျှရနိုင်၏။

ဝတ္ထုကြောင်းသာဓက

"ကောဋိပဗ္ဗတ" ခေါ်သော တောင်စွန်းကျောင်းတိုက်ကြီးအနီး၌ (နာဂလေဏ) ခေါ်သော ကန့်ကော်ပင် လိုဏ်ဂူသည်ရှိ၏၊ နတ်သမီးတယောက်သည် ထိုလိုဏ်ဂူ၏ တံခါးမုခ်ဝ၌ပေါက်သော ကန့်ကော်ပင်ကို အမှီပြု၍နေ၏။ ရဟန်းငယ် တပါးသည် ကန့်ကော်လိုဏ်တွင်း၌ နေလျက် ဤမဟာသမယသုတ်ကို ရွတ်ဘာသ် သရဇ္ဈာယ်၏၊ သရဇ္ဈာယ်ပြီးသည်အဆုံး၌ နတ်သမီးသည် ကျေယ်သော အသံဖြင့် သာဓုခေါ်လေ၏၊ သာဓုခေါ်သံကို ကြားရသော ရဟန်းငယ်သည် ဤသို့မေး၍ နတ်သမီးက ဤသို့ဖြေ၏။

မေး။ သင်အဘယ်သူနည်း။

ဖြေ။ အကျွန်ုပ်နတ်သမီးပါဘုရား။

မေး။ အဘယ့်ကြောင့် သာဓုခေါ်သနည်း (ကောင်းချီးပေးသနည်း)။

ဖြေ။ မဟာဝုန်တော၌ မြတ်စွာဘုရား ဟောတော်မူရာအခါ တကြိမ်ကြားနာရပြီးနောက် ယနေ့တကြိမ်သာ ဤသုတ်ကို ကြားနာရပါတော့သည်၊ အခြင်ဘုရားသည် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း တလုံးတပါဒမျှ မချွတ်ယွင်းအောင် ကောင်းစွာ သင်ယူအပ်ပါပေ၏၊ ထို့ကြောင့် သာဓုခေါ်ရပါသည်။

http://www.dhammadownload.com

မေး။ မြတ်စွာဘုရားဟောတော်မူစဉ်က သင်ကိုယ်တိုင် ကြားနာခဲ့ရသလား။

ဖြေ။ ကိုယ်ဘိုင် ကြားနာခဲ့ရပါသည်။

မေး။ နတ်ဗြဟ္မာ အစည်းအဝေးကြီး အလှန်ကြီးမား များပြားသတဲ့၊ သင် အဘယ်အရပ်ကနေ၍ ကြားနာခဲ့ရသနည်း။

ဖြေ။ အကျွန်ုပ်သည် မဟာဝုန်တောင်ခွနေသော နတ်သမီးဖြစ်ပါသည်၊ သို့သော်လည်း တန်ခိုးကြီးသော နတ်တို့လာရောက်ရာအခါ ဆုတ်ဖယ်ပေးရပါသည်၊ ထို့ကြောင့် ဇမ္ဗုဒိပ်ကျွန်းတွင် နေရာမရတော့ဘဲ အရှင်ဘုရားတို့၏ ဤသီဟိုဠ်ကျွန်းသို့ လာရောက်၍ ဇမ္ဗုကောလသင်္ဘောဆိပ်၌နေ၍ တရားနာယူရန် အားထုတ်ဆဲတွင် တန်ခိုးကြီးသောနတ်တို့ လာရောက်ပြန်သဖြင့် အစဉ်အတိုင်းဆုတ်၍ ဆုတ်၍ လာခဲ့ပြန်ရာ ရောဟဏ ဇနပုဒ် မဟာဂါမရွာကြီး၏ နောက်ကျောဘက် သမုဒ္ဒရာအတွင်း၌ လည်ပင်းတိုင်အောင်သော ရေသို့ သက်ဆင်းလျက် ရေထဲမှနေ၍ နာယူရပါသည်။

မေး။ အိုနတ်သမီး သင်နေရာအရပ်နှင့် မြတ်စွာဘုရား၏ သီတင်းသုံးတော်မူရာ အရပ်သည် အလှန်ဝေးကွာလှ၏၊ မြတ်စွာဘုရားကို သင်မြင်ရပါသေး၏လော။

ဖြေ။ အို မြင်ရတာပေါ့၊ (ကိုးကထေထ) ဘယ်နှယ် အမိန့်ရှိတော်မူပါစ၊ (မပြောပါနှင့်တော့) ထိုတရားနာစဉ်က မဟာဝုန်တောင်ခွနေလျက် တရားဟောတော်မူသော ခမည်းတော် (ဘ) ဘုရားသည် အကျွန်ုပ်၏ မျက်နှာကို စိုက်စိုက်ကြည့်လျက် ဟောနေသည်ဟု မှတ်ထင်ပါသည်၊ အကျွန်ုပ်မှာ သက်ဝင်ယုံကြည်မှု (သြကပ္ပ) သဒ္ဓါတရားဖြင့် အလှန်ကြည်ညိုလျက် သမုဒ္ဒရာလိုင်းတံပိုးထဲမှာ တငြိမ့်ငြိမ့် တအိအိ ပီတိဖြစ်လျက်ရှိပါသည်။

မေး။ ထိုမဟာသမယသုတ်ဟောသည့်နေ့က ကုဋေတသိန်းမျှသော နတ်ဗြဟ္မာတို့ အရဟတ္တဖိုလ်သို့ ရောက်ကြသတဲ့၊ ထိုအခါက သင်နတ်သမီးလဲ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပြီးရောပေါ့။

ဖြေ။ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပြီး မဟုတ်သေးပါ။

မေး။ သို့ဖြစ်လျှင် အနာဂါမိဖိုလ်သို့ ရောက်မည်ထင်၏၊ ရောက်ခဲ့ပါသလော။

ဖြေ။ အနာဂါမိဖိုလ်သို့လည်း မရောက်ရပါ။

မေး။ သို့ဖြစ်ပြန်လျှင် သကဒါဂါမိဖိုလ်သို့ ရောက်မည်ထင်၏၊ ရောက်ပါသလော။

http://www.dhammadownload.com

ဖြေ။ သကဒါဂါမိဖိုလ်သို့လည်း မရောက်ရပါ။

မေး။ ထိုစဉ်က အောက်မဂ်သုံးပါးသို့ရောက်သော နတ်ငြဟ်မာတို့သည် ဤရွှေ့ ဤမျှဟု ရေတွက်ခြင်းငှါ မစွမ်းနိုင်သတဲ့၊ သင်နတ်သမီးတို့သည် အယုတ်ဆုံး သောတာပန်အဖြစ်လောက်တော့ ရောက်ခဲ့ဟန်ရှိ၏၊ ရောက်ခဲ့သည် မဟုတ်ပါလော။

ဖြေ။ အို....အရှင်ဘုရားကလဲ မမေးသင့်ရာတွေ့ကို မေးနေဘိ၏၊ ကပ်ကပ် သပ်သပ်လိုက်ပြီး မေးမနေပါနှင့်။ [ထိုမဟာသမယသုတ်နာစဉ်က သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့သော်လည်း မိမိ၏အဓိဂမဂုဏ်ကို ဖော်ပြခြင်းအားဖြင့် မိမိရရောက်ပြီးသော ဇလာကုတ္တရာတရားနှင့်စပ်၍ အလိုနည်းမှုဟူသော (အဓိဂမအပ္ပိစ္ဆတာ)ဂုဏ်မှ ယုတ်လျော့မည်ကို ရှက်ခြင်းစက်ဆုပ်ခြင်းကြောင့် ရောက်ခဲ့ခြင်းကို မလျှောက်လိုသည့်အတွက် (မမေးသင့်ရာတွေ့ကို အရှင်ဘုရား မေးနေဘိသည်၊ မမေးချင်ပါနှင့်ဟု) ဖြေဆိုလေ၏။]

မေး။ အိုနတ်သမီး သင်၏ (အတ္တဘော) ကိုယ်ကို ငါတို့အားမြင်အောင် ပြခြင်းငှါ စွမ်းနိုင်ပါသလော၊ (စွမ်းနိုင်လျှင် ပြစမ်းပါ)။

ဖြေ။ တကိုယ်လုံးကိုပြခြင်းငှါ မစွမ်းနိုင်ပါ အရှင်ဘုရား၊ လက်ဆစ်တဆစ်မျှကို အရှင်ဘုရားအား မြင်အောင်ပြပါမည်။

ဤသို့ဝန်ခံ၍ တံခါးရွက် သံကောက်ပေါက်(သော့ပေါက်)မှ လက်ချောင်းတချောင်းကို လိုဏ်တွင်းသို့သွင်းလျက် ပြလေရာ နေ့တထောင် လ့တထောင် အရောင်ထွက်သကဲ့သို့ ထိန်လင်းလျက် ရှိလေ၏။

တကိုယ်လုံးကိုပြခြင်းငှါ စွမ်းနိုင်သော်လည်း တကိုယ်လုံးကိုပြလိုက်ခြင်းဖြင့် ရဟန်းငယ်အား သာသနာတော်၏အန္တရာယ် ဖြစ်ဘွယ်ရှိသောကြောင့် ထို အန္တရာယ်ကို ပယ်လိုသည့်အတွက် တကိုယ်လုံးကိုပြခြင်းငှါ မစွမ်းနိုင်ပါဟု နတ်သမီးကလျှောက်ခဲ့၏။ ။ထို့နောက် နတ်သမီးသည်(အို အရှင်မြတ်) အရှင်မြတ်တို့သည် ဘုရားရှင်သာသနာတော်၌ မမေ့မလျော့ မပေါ့မဆဘဲ သတိမြဲမြံဖြင့် နေတော်မူပါကုန်ဘုရားဟု လျှောက်ပြီးနောက် ရဟန်းငယ်ကို ငါးပါးသောတည်ခြင်းရှိသော (ပဥ္စပတိဋ္ဌိတဝန္ဒနာ) ရှိခိုးခြင်းဖြင့် ရိုသေစွာရှိခိုးပြီး၍ ဖဲခွါပျောက်ကွယ်သွားလေ၏။

ဤကား နတ်တို့၏ချစ်မြတ်နိုးခြင်း၌ ပုံစံသက်သေတည်း။

မဟာသမယသုတ်နိဿယ ပြီး၏။

http://www.dhammadownload.com

သစ္ဆာပရိဇ္ဇာဒနိယသုတ် နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာမနှင့် ပဋိညာဉ်

၁။ သယဉ္ဇာပိ သုဝိသုဒ္ဓေါ၊ ဝိသုဒ္ဓိပရိဝါရိတော။
ပရိသုဒ္ဓေ ရဉ္ဇိဘာဂေ၊ ဩကာသေ ယော ဝိရောစယိ။

၂။ မဟန္တံ ဒေဝသမိဝံ၊ ဒိသွာ ဘာဂဂ ဒုဝေ အကာ။
တတ္ထ သတ္ထေ ပရိဂ္ဂယ္ဟ၊ ဆ ဘာဒဂ ဝိဘာဇီ ပုန။

၃။ နေသံ စရိတသပ္ပါယံ၊ ဒေသနံ ဥပဓာရယိ။
သမ္မာပရိဗ္ဗာဇနီယံ၊ ရာဂရဇ္ဇာန ဒေသယိ။

၄။ ကလဟံ ဒေါသစာရိနံ၊ မူဠ္ဟာနံ မာဟဗျူဟကံ။
စူဠံ ဝိတက္ကစာရိနံ၊ သဒ္ဓါနံထ တုဝဋ္ဋကံ။

၅။ ဗုဒ္ဓိမဘံ ပုရာဘေဒံ၊ အဇ္ဈာသယာနုရူပကံ။
နိမ္မိဒတန ကဘံ ပဉ္ဉံ၊ ပဗျာကာသိ သယံ တဒါ။

၆။ တာဟံ နတ္ဝာ ကရိသာမိ၊ ဆန္နံ သုတ္တာန နိဿယံ။
မဟာသမယသခ်ါနံ၊ သရံ သာဂုန ယာစနံ။

၁။ ယော နာထော၊ အကြင်ရှင်တော်မြတ်ဘုရားသည်။ သယဉ္ဇာပိ၊ ကိုယ်ဘော်ဝိုင်ကလည်း။ သုဝိသုဒ္ဓေါ၊ ကိလေသာအညစ်အကြေးမှ လွန်စွာကင်းဝေး စင်ကြယ်ဘော်မူသည်။ ဝိသုဒ္ဓပရိဝါရိတော၊ အထူးသဖြင့်သန့်ရှင်းစင်ကြယ်သော သာဝကာဝင်မင်းသား ငါးရာသော ရဟန္တာအရှင်မြတ်တို့သည် ခြံရံအပ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ (တပုဒ်ထည့်) ပရိသုဒ္ဓေါ၊ ထက်ဝန်းကျင် စင်ကြယ် သန့်ရှင်းသော။ ဩကာသေ၊ ကပိလဝတ်ပြည်၏အနီး မဟာဝုန်ဘောကြီး အဘွင်း၌။ ပရိသုဒ္ဓေါ၊ ထက်ဝန်းကျင် စင်ကြယ်သန့်ရှင်းသော။ ရဉ္ဇိဘာဂေ၊ နယုန်လပြည့် ညဉ့်ဦးယာမ်အဘို၌။ ဝိရောစယိ၊ တင့်တင့်တယ်တယ် စံပယ်ဘော်မူပြီ။

http://www.dhammadownload.com

၂။ တဒါ၊ ထိုအခါ၌။ မဟန္တံ ဒေဝသမိတိံ၊ သောင်းတိုက် စကြဝဋ္ဌာ နတ်ဗြဟ္မာတို့၏ ကြီးစွာသောအစည်းအဝေးကို။ ဒိသွာ၊မြင်တော်မူ၍။ ဒုဝေ ဘာဂေ၊ကျွတ်ထိုက်သူတဘို့ မကျွတ်ထိုက်သူတဘို့အားဖြင့် နှစ်ဘို့နှစ်စုတို့ကို။ အကာ၊ရွှေဘဏ်တော်အစွမ်းဖြင့် ခွဲခြမ်းတော်မူပြီ။ ပုန၊ နောက်ထပ်တဘန်။ တတ္ထ၊ထိုနှစ်ဘို့နှစ်စုတွင်။ ဘဗ္ဗေ၊ ကျွတ်ထိုက်သောနတ်ဗြဟ္မာတို့ကို။ ပရိဂ္ဂယှ၊ ဉာဏ်ဖြင့် ရွှေးနုတ် ထုတ်ယူပြီး၍။ ဆ ဘာဂေ၊ စရိုက်တရား အလျောက်အား ဖြင့် ခြောက်ပါးသော အဘို့ဘို့ကို။ ဝိဘဇီ၊ ခွဲခြမ်းဝေဘန်တော်မူပြန်ပြီ။

၃။ ဝိဘဇိတွာ၊ ခွဲခြမ်းဝေဘန်တော်မူပြီး၍။ နေသံ၊ ထိုခွဲဝေအပ်ပြီး အသီးသီးသော နတ်ဗြဟ္မာတို့၏။ စရိတသပ္ပါယံ ဒေသနံ၊ စရိုက်နှင့်လျော်စွာ ဟောရမည့်ဒေသနာကို။ ဥပဓာရယိ၊ စူးစမ်းဆင်ခြင်တော်မူပြီ။ ဥပဓာရ-ယိတွာ၊ စူးစမ်းဆင်ခြင်တော်မူပြီး၍။ ရာဂရတ္တာနံ၊ ရာဂစရိုက်ရှိသော နတ်ဗြဟ္မာတို့အား။ သမ္မာပရိဗ္ဗာဇနီယံ၊ သမ္မာပရိဗ္ဗာဇနီယ အမည်ထူးရှိသော မဟာသမယသုတ်ကို။ အဒေသယိ၊ ဟောတော်မူပြီ။

၄။ ဒေါသစာရီနံ၊ ဒေါသစရိုက်ပြောသော နတ်ဗြဟ္မာတို့အား။ ကလဟံ၊ ကလဟဝိဝါဒအမည်ထူးရှိသော မဟာသမယသုတ်ကို။ အဒေသယိ၊ ဟော တော်မူပြီ။ မူဋ္ဌာနံ၊ မောဟစရိုက်ပြောသောနတ်ဗြဟ္မာတို့အား။ မဟာ-ဗျူဟကံ၊ မဟာဗျူဟ အမည်ထူးရှိသော မဟာသမယသုတ်ကို။ အဒေသယိ၊ ဟောတော်မူပြီ။ ဝိတက္ကစာရီနံ၊ ဝိတက်သဘော ထူပြောများပြားသော နတ်ဗြဟ္မာတို့အား။စူဋ္ဌံ၊ စူဋ္ဌဗျူဟအမည်ထူးရှိသော မဟာသမယသုတ်ကို။ အဒေသယိ၊ ဟောတော်မူပြီ။ အထ၊ ထို့ပြင်။ သဒ္ဓါနံ၊ သဒ္ဓါစရိုက်ပြောသော နတ်ဗြဟ္မာတို့အား။ တုဝဋ္ဌကံ၊ တုဝဋ္ဌက အမည်ထူး ရှိသော မဟာသမယ သုတ်ကို။ အဒေသယိ၊ ဟောတော်မူပြီ။

၅။ ဗုဒ္ဓိမတံ၊ ပညာစရိုက်ပြောသော (များသော) နတ်ဗြဟ္မာတို့အား။ ပုရာဘေဒံ၊ပုရာဘေဒအမည်ထူးရသော မဟာသမယသုတ်ကို။အဇ္ဈာသယာ-နုရူပကံ၊ အလိုအဇ္ဈာသယအားလျော်စွာ။ အဒေသယိ၊ ဟောတော်မူပြီ။ နိမ္မိတေန ကတံ ပဉ္ဉံ၊ ရွှေကိုယ်တော်ပွါး နိမ္မိတ ဘုရားသည့် မေးလျှောက်

http://www.dhammadownload.com

အပ်သော အမေးပုစ္ဆာပြဿနာကို။ သယံ၊ ကိုယ်တော်ဝိုင်။ ပဗျာကာသိ၊ ဖြေဆိုတော်မူပြီ။

၆။ အဟံ၊ မဟာဝီသုတာရာမ ရတနသိဒ္ဓိဝိဟာရဝါသီ ငါမထေရ်သည်။ တံ နာထိ၊ ထိုမဟာသမယ ခြောက်သုတ်ကိုဟောတော်မူသည့် ရှင်တော်မြတ်ဘုရားကို။ နတ္ထဲ၊ ရှိခိုးပြီး၍။ သာဓုနံ ယာစနံ၊ မင်္ဂလာဦးအောင်မြင့် စသော သူတော်ကောင်းတို့၏ ဓယည္ဟတ်ပျော်ဝင်းတောင်းပန်ခြင်းကို။ သရုံ-သရဒန္တော၊ တအောက်မေ့မေ့ တဒစ့်စေ့သတိရုသည်ဖြစ်၍။ မဟာသမယသခ်ါနံ၊မဟာ-သမယအမည်ရှိကုန်သော။ ဆန္နံ သုတ္တာနံ၊ သုတ်ပေါင်း ခြောက်ဖြာ ဒေသနာတော်တို့၏။ နိဿယံ၊ ပါဠိမသင် မကျမ်းကျင်သူတို့၏ မှီရာ မြန်မာပြန်နိဿယညီးကို။ ကရိဿာမိ၊ စာဝါလပ်လျား ချိန်အကြား၌ အအားမနေ စီရင်ပေအံ့သတည်း။

ဟောမန့် ပဋိညာဉ်ပြီး၏။

၁။ အဟံ၊ အဓိဋ္ဌာန်ပါး ငါဘုရားသည်။ (ထည့်) ပဟူတပညံ၊ များသော အပြားအားဖြင့် ဖြစ်သော ပညာရှိတော်မူသော။ တိဏ္ဏံ၊ ကာမော၀၊ ဘ၀ေါ၀၊ ဒိဋ္ဌော၀၊ အဝိဇ္ဇော၀ တည်းဟူသော သံသရာ ရေအယဉ်ကို ကူးခေါ်လွန်မြောက်တော်မူပြီးသော။ ပါရင်္ဂတံ၊ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့တက်လှမ်းပေါက်ရောက်တော်မူပြီးသော။ပရိနိဗ္ဗုတံ၊ ငါလေသောတို့၏ အကြွင်းမဲ့ ငြိမ်းအေးခြင်းဖြင့် အကြွင်းမဲ့ ငြိမ်းအေးတော်မူပြီးသော။

အနုသန္ဓေ

၁။ သက္ကတိုင်း ကပိလ၀တ်ပြည်၏အနီး မဟာဝုန်တောကြီးအတွင်း၌ ရင်းဖျားမလွတ် ပင်လုံးကျတ်ပွင့်သော အင်ကြင်းပင်တို့၏ အလည်အကြား ဘုရားရှင်တို့အားသာ နေခြင်းငှါထိုက်သော မြတ်သောနေရာထက်၌ ထက်ဝယ် ဖွဲ့ခွေထိုင်နေတော်မူသော ဘုရားရှင်နှင့်တကွ သကျသာကိယ ဂေါတမနွယ်ဘွား မင်းသားချည်းသာဖြစ်၍ ကိလေသာဟူက မြူမျှ ဆံခြမ်း မသန်းမငြိသော အရိယာဂိုဏ်းဝင် အရှင်မြတ်ငါးရာတို့ကို အကြီးအမှူး ဥာဏ်စီးရွှေသွား ထားကြပြီးလျှင် တသောင်းသောစကြဝဠာ ကမ္ဘာတိုက်ရှိ ဇာတိတဒေတ်လုံးမှ စုရုံး

http://www.dhammadownload.com

ဌိတဘွံ၊ လောကဓံရှစ်ပါးကြောင့် လှုပ်ရှားခြင်းမရှိ ပကတိ တည်တံ့ ခိုင်မြဲသော စိတ်ရှိတော်မူသော။ မုနိံ၊ ပကတိအားကိုယ်ထင်ရှားသည့်ရှင်တော်ဘုရားကို။ ပုစ္ဆာမိ၊ မေးလျှောက်ပါအံ့။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ (ထည့်) ကာမေ၊ ဝတ္ထုအာရုံ ကာမဂုဏ်ဘို့ကို။ ပနုဇ္ဇ၊ ပယ်နုတ်စွန့်ပစ်၍။ ဃရာ၊ အိမ်မှ။ နိက္ခမ္မ၊ ရှောင်ထွက်၍။ ပရိဗ္ဗဇတိ၊ကျင့်အံ့။ သော ဘိက္ခု၊ ထို

လာရောက်ကြသော နတ်ဗြဟ္မာအစည်းအဝေးကြီးကား နယုန်လပြည့်နေ့ အရှေ့ဥဒည်တောင်ထက်မှ လဝန်းကြီးထွက်သောအချိန်၌ ဤစကြဝဋ္ဌာ ကမ္ဘာစောင်းရန်း ပတ်ပတ်လည် တောင်နခမ်းကို အပိုင်းအခြားပြုလျက် အောက်မြေပြင်မှစ၍ အထက်ပဌမစျာန်ဘုံတိုင်အောင် ကွက်လပ်မရှိ နတ်ဗြဟ္မာတို့ဖြင့် ပြည့်ကျပ်လျက် ရှိလေသည်။

ပဲ့ကြီးအလယ်၌ ရောင်ခြည်ခြောက်သွယ်ဖြင့် တင့်တယ်စွာ ထိုင်နေတော်မူသော ဘုရားရှင်သည်လည်း ကိုယ်တော်တိုင် မဟာသမ္မတ ဝံသနွယ်စဉ်ခတ္တိယသာကီဝင်ဖြစ်၍ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတော်မူလျက် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော တောအုပ်အတွင်း၌ စင်ကြင်သန့်ရှင်း အပြစ်ကင်းသော ရဟန်းအခြံအရံရှိသဖြင့် အစုံအညီ လာရောက်ပြီးသော နတ်ဗြဟ္မာအပေါင်းတို့ကို ဣန္ဒြိယပရောပရိယတ္တဉာဏ် အာသယာနုသယဉာဏ်ဟူသော ဗုဒ္ဓစက္ခုဖြင့်ကြည့်ရှုဆင်ခြင်တော်မူပြီးလျှင် အစည်းအဝေးရောက် နတ်ပရိသတ်ကြီးကို ကျွတ်ထိုတ်သူတစု မကျွတ်ထိုက်သူတစုအားဖြင့် နှစ်ဘို့နှစ်စုပြု၍ အနုအရှင့် ထောက်ချင့်ခဲ့ဝေတော်မူလေသည်။

ပုစ္ဆာဝသိကဒေသနာ

ကျွတ်ထိုက်သူအစုတွင်လည်း ရာဂများသောအစုကား ဤရွှေ့ဤမျှ၊ ဒေါသများသောအစုအား ဤရွှေ့ဤမျှ၊ မောဟများသောအစုကား ဤရွှေ့ဤမျှ၊ ဝိတက်များသောအစုကား ဤရွှေ့ဤမျှ၊ သဒ္ဓါများသောအစုကား ဤရွှေ့ဤမျှ၊ ဉာဏ်ပညာများသောအစုကား ဤရွှေ့ဤမျှရှိ၏ဟု စရိုက်၏အပြားအားဖြင့် ခြောက်စုပြုတော်မူပြန်လေသည်။ ထိုအစု ၆-စုအားလျော်စွာ သပ္ပါယဖြစ်သော တရားဒေသနာတော်ကို ဆင်ခြင်စဉ်းစား ပိုင်းခြားတော်မူပြီးနောက်၌—

(အတ္တဇ္ဈာသယ) ကိုယ်တော်၏အလိုဆန္ဒဖြင့် ဟောအပ်သည့်ဒေသနာ၊

(ပရဇ္ဈာသယ) သူတပါး၏ အလိုဆန္ဒဖြင့် ဟောအပ်သည့်ဒေသနာ၊

http://www.dhammadownload.com

ကာမဂုဏ်ကိုပယ်လျက် အိမ်မှထွက်၍ကျင့်သောရဟန်းသည်။ကထံ၊ အဘယ်သို့ (အဘယ်အခြင်းအရာအားဖြင့်)။ လောကာ၊ လောကကြီးအပေါ်၌။ သမ္မာ၊ ကောင်းမွန်စွာ(လောကကြီးနှင့်မငြိမကပ်မစပ်မယှက်အောင်)။ပရိဗ္ဗ-ဇေယျ၊ ကျင့်ရာပါအံ့နည်း။ ဣဝံ၊ ဤသို့။ နိမ္မိတောဝါ၊ ဂုဏ်တော်နှင့် မယှင်းဖန်ဆင်းအပ်သော ဘုရားရှင်သည်။ ပုစ္ဆိ၊ မေးတော်မူပြီ။ (ထည့်စပ်)။

(အတ္ထုပ္ပတ္တိက) ဖြစ်ပေါ်လာသော အကြောင်းကိုစဲ့၍ ဟောအပ်သည့် ဒေသနာ၊

(ပုစ္ဆာဝသိက) မေးတတ်သူ တစုံတယောက်၏ အမေးပုစ္ဆာအားဖြင့် ဟောအပ်သည့်ဒေသနာ၊

အားဖြင့် ဒေသနာလေးမျိုးရှိရာတွင် ပုစ္ဆာဝသိကဒေသနာဖြင့်သာလျှင် ထို နတ်ပြဟ္မာတို့ သစ္စာလေးပါးကို ပိုင်းခြား၍ သိလိမ့်မည်ဟူသော အကြောင်းကို မြင်တော်မူလေသည်။

နိမ္မိတရုပ်ပွါး ကိုယ်စားတဆူ အသွင်တူ

သို့မြင်တော်မူသဖြင့် နတ်ပြဟ္မာတို့၏ အလိုအဇ္ဈာသယကိုယူ၍ စရိုက်နှင့် လျော်အောင် ပြဿနာကိုမေးနိုင်မည့် ပုဂ္ဂိုလ်တဦးယောက်မျှ ဤလောက၌ မရှိသောကြောင့် ကိုယ်တော်တိုင်မေး၍ ကိုယ်တော်တိုင် ဖြေပြသော်လည်း နတ်ပြဟ္မာတို့အား ဓမ္မာဘိသမယ သစ္စပဋိဝေဓဉာဏ်ကို ရနိုင်မည်မဟုတ်လေရကား ကိုယ်တော်နှင့်အသွင်တူ တဆူသောဘုရားဟူသော နိမ္မိတဘုရားရှင်ကို ဖန်ဆင်းလျက် နိမ္မိတဘုရားရှင်ကမေး၍ ကိုယ်တော်တိုင်ဖြေပြရလျှင် ဓမ္မာဘိသမယ သစ္စာပဋိဝေဓဉာဏ်ကို အမှန်ရကြလိမ့်မည်ဟူသော အကြောင်းကို ကောင်းစွာသိတော်မူလေသည်။

ဤသို့သိတော်မူသဖြင့် နိမ္မိတရုပ်ပွါး ကိုယ်စားတော်တဆူ အသွင်တူဖန်ဆင်း တော်မူရာ အဘိညာဉ်၏အခြေခံ စတုတ္ထစျာန်သမာပတ်ကို ဝင်စားတော်မူပြီး၍ ထိုစျာန်မှထလျက် ငါဖန်ဆင်းအပ်သော နိမ္မိတဘုရားရှင်၏ သပိတ်သင်္ကန်းကိုင်ပုံ ကိုင်ဟန်သည်၎င်း ရှေးရှုတူရှုကြည့်ပုံ စောင်းငဲ့၍ကြည့်ရှုပုံ စသည်သည်၎င်း လက်ခြေတို့ကို ကွေးပုံဆန့်ပုံသည်၎င်း အလုံးစုံအမူအရာသည် ငါဘုရားနှင့် တူသည်သာ ဖြစ်စေသဘည်းဟု ကာမာဝစရဇော်ဖြင့် ပရိကမ်အစီအမံကို ပြုတော်မူပြီး၍ အရှေ့ယုဂန္ဓိုရ်တောင်အဝန်းမှ ပေါ်ထွက်လျက် လဗိမာန်

http://www.dhammadownload.com

၂။ ဘဂဝါ၊ ပုစ္ဆာ နက်လေး မေးတော်မူသော ရှင်တော်မြတ်ဘုရား။ ယဿ ဘိက္ခုနော၊ အမှတ်မထင် အကြင်ရဟန်းပုဂ္ဂိုလ်သည်။ မင်္ဂလာ စ၊ ဒိဋ္ဌမင်္ဂလာ သုတမင်္ဂလာ မုတမင်္ဂလာတို့ကိုလည်း။ (ဝါ) နှစ်သက်ဘွယ်အဆင်း ဟူသမျှကို တွေ့ဆုံကြုံကြိုက်လျှင် ကြီးပွါးကုံလုံ ပြည့်စုံကြောင်း ကောင်းသော မင်္ဂလာဟူ၍ ဆိုကြည်သက်ဝင် မှတ်ထင်မှု ဒိဋ္ဌမင်္ဂလာ, နှစ်သက်ဘွယ် အသံဟူသမျှကို တွေ့ဆုံ ကြုံကြိုက်လျှင် ကြီးပွါး ကုံလုံ ပြည့်စုံကြောင်း ကောင်းသော မင်္ဂလာဟူ၍ ယုံကြည်သက်ဝင် မှတ်ထင်မှု သုတမင်္ဂလာ, နှစ်သက်ဘွယ် အနံ့ ဟူသမျှ အရသာ ဟူသမျှ အတွေ့ အထိ ဟူသမျှသို့ဟို့ တွေ့ဆုံ ကြုံကြိုက်လျှင် ကြီးပွါးကုံလုံ ပြည့်စုံကြောင်း ကောင်းသော မင်္ဂလာဟူ၍ ယုံကြည်သက်ဝင် မှတ်ထင်မှု မုတမင်္ဂလာတို့ကိုလည်း။ သမ္မဟတာ၊ အတုင်းမှ ဖောက်ခဲ့ထွက်ပြုလာသကဲ့သို့ ကြွလာစေသတည်းဟု အဓိဋ္ဌာန်ပြုတော်မူ၏။

အဓိဋ္ဌာန်စိတ်ဖြင့် ဆောက်တည်ပြီးသည်နှင့်တပြိုင်နက် ပြိုးပြိုးပြက်ပြက် တဖိတ်ဖိတ်လက်သော ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် ပေါ်ထွက်လာသည်ကို မြင်ကြရသော နတ်ဗြဟ္မာတို့သည် တပြိုင်နက်ချင်း လှန်စွန့်စင်းပင်ထွက်လာသလော, သို့မဟုတ် ဝင်ပြီးသွားသော နေသည်ပင် ယခုတဖန် ပြန်ထွက်လာလေသလော, သို့မဟုတ် နတ်ဗိမာန်တခုပင် ဖြစ်လေသလော, တန်ခိုးကြီးသော နတ်သားတဦးပင် ဖြစ်လေသလော, မဟာဗြဟ္မာကြီးပင် ဖြစ်လေသလောဟု လောပေါင်းများစွာ ထင်မြင်ရာ တွေးတော၍ ပြောဆိုကြစဉ် အနီးသို့ရောက်လာရာအခါ စကြဝဠာတိုက်တပါးမှ ဘုရားရှင်တဆူ ကြွလာတော်မူသည်ဟု ကြံစည်စဉ်းစားလျက် တဆူသောဘုရားရှင်အား သော်မှ ထိုမျှလောက် များပြားသည့် နတ်ဗြဟ္မာအစည်းအဝေးကြီး ဖြစ်လာတုံဘိ၏၊ နှစ်ဆူသော ဘုရားရှင်တို့အား အဘယ်မျှလောက် ကြီးမားသည့်အစည်းအဝေးကြီး ဖြစ်ရာအံ့နည်းဟု ပုထုဇန်နတ်ဗြဟ္မာတို့အား တအံ့တသြ ပြောဆိုမပြီး ချီးကျူးလျက် ရှိကုန်၏။

ထိုအခိုက်တွင် နိမ္မိတဘုရားရှင်သည် ပကတိဘုရားရှင်ကို ရှိမခိုးမူ၍ တူရွေမှောက် ရောက်ရာအရပ်၌ ထပ်တူထပ်မျှ ပမာဏရှိအောင် ဖန်ဆင်းအပ်သော နေရာ၌ ထိုင်နေတော်မူလျက် ရာဂသဘော ထူပြောများပြားသော နတ်တို့နှင့် လျော်ကပ်သော ဤသမ္မာပရိဗ္ဗာဇနီယသုတ်ကို ဟောတော်မူနိုင်ရန် အကျိုးငှါ ပြဿနာကို မေးလျှောက်လိုသည်ဖြစ်၍ "ပုစ္ဆာမိ မုနိ· ပဟူတပညံ" အစချီသော ဤအမေးဂါထာကို မေးတော်မူသတည်း။

http://www.dhammadownload.com

အရိယာမဂ်ဉာဏ်သံလျက်ဖြင့်ပယ်ဖျက်ခုတ်ဖြတ်ကောင်းစွာသတ်အပ်ကုန်ပြီ။ ဥပ္ပါဘာစ၊ မိုဃ်းကြိုးကျခြင်း လောင်မီးကျခြင်း အစရှိသော နိမိတ်ကြီးတို့ဟို ဤသို့အကျိုးအပြစ်ရှိ၏ဟု ယုံကြည်သက်ဝင်မှတ်ထင်မှု မိစ္ဆာဘိနိဝေသတို့ဟိုလည်း။ [ဥပ္ပါတန္တိ အသနိပါတာဒီနံ မဟန္တာနံ ဥပ္ပတိတံ (ဗြဟ္မဇာလသုတ် အဋ္ဌကထာ)။ "မဟန္တာန"နှိ ဧတေန အပ္ပကံ နိမိတ္တမေဝ၊ မဟန္တံ ပန ဥပ္ပါဒေါဘိ နိမိတ္တုပ္ပါဒါနံ ဝိသေသံ ဒဿေတိ။ "ဥပ္ပဘိတ"နှိ ဥပ္ပါဘနံ၊ သုဘာသုဘဖလံ ပကာသေန္တော ဥပ္ပဇ္ဇတိ ဂစ္ဆတီတိ ဥပ္ပါဒေါ ဥပ္ပါဘောပိ၊ သုဘာသုဘသူစိကာ ဘူတဝိကတိ၊ (ဋင်းဋီကာသစ်)] (၀၊) မီးရှူးရောင်နှင့်ဘူသော အရောင်အလင်းတို့၏ ကောင်းကင်မှကျခြင်း ဥက္ကာပါဘ, မီးခိုးမီးလျှံတို့၏ ထိုထို အရပ်မျက်နှာတို့၌ များပြားစွာ ကျရောက်သည်၏ အစွမ်းအားဖြင့် အရပ်မျက်နှာတို့၌ လောင်မြိုက်သကဲ့သို့ ချောက်ချားခြင်း ဒိသာဍာဟ ဓူမကိတ်, မိုဃ်းရွာခြင်းကင်းလျက် အခြောက်တိုက် မိုဃ်းချုန်း

ပြန့်ပြော များပြား ကြီးမားသော ပညာရှင် ဖြစ်သည့် အားလျော်စွာ ဩဃလေးဖြာ သံသရာကို လွန်မြောက်၍ ထိုမှာဘက်ကမ်းသို့ ရောက်တော်မူလျက် ကိလေသာအပူဘေးမှ အကြွင်းမဲ့ ငြိမ်းအေးတော်မူပေသည့် ပကတိရှင်တော်ဘုရားကို မေးလျှောက်ပါရစေ၊ ဝတ္ထုကာမဟု ဆိုအပ်သည့် ကာမဂုဏ်တို့ကို ကိလေသာကာမဖြင့် မငြိမကပ် ဖြတ်ပယ်ပြီးလျှင် လူ့ဘောင်မှ ထွက်၍ ကျင့်သော ရဟန်းပုဂ္ဂိုလ်များသည် လောကကြီးနှင့် မငြိမကပ် မစပ်မယှက်အောင် ဘယ်ပုံကျင့်မှ ကောင်းကောင်းကျင့်သည် မည်ပါသနည်း၊ ဤသို့ နိမိတ်ဘုရားရှင်က မေးလျှောက်ပြီ။

ထိုသို့ မေးလျှောက်ရာအခါ ပကတိရှင်တော်ဘုရားသည် အရဟတ္တမဂ်ဉာဏ်သို့ မရောက်သေးဘဲလျက် လောကကြီးနှင့် မငြိမကပ် မစပ်မယှက်အောင် ကျင့်ဆောင်နိုင်သူကား ဤလောက၌ တဦးတယောက်မျှ မရှိနိုင်သောကြောင့် အရဟတ္တဖိုလ်ကို အထွဋ္ဌအဖူး ပြုသဖြင့်သာလျှင် ရဟန္တာပုဂ္ဂိုလ် အဖြစ်သို့ ရောက်ကြောင်း ကောင်းသော ပဋိပတ်ကို ဟောပြတော်မူလိုသည်ဖြစ်၍ ရှေးဦးစွာ စရိုက်အားလျော်စွာ ခြောက်ဘို့ခြောက်စု ပြုအပ်သော ကျွတ်ထိုက်သူ နတ်ဗြဟ္မာအပေါင်း၌ အစဉ်အဆက် လေ့ကျက် ယုံမှတ်ခဲ့သော အယူမှား အမြင်မှား အပြစ်ဒေါသအများတို့ကို ပယ်ရှားတော်မူခြင်းငှါ ယဿ မဂ်လာသမူဟဘာ—အစရှိသော တဆဲ့ငါးဖြာ အဖြေဂါထာတို့ကို ဟောတော်မူသတည်း။

http://www.dhammadownload.com

ခြင်း တော်လည်းခြင်း စသည်တို့ကို ဤသို့ အကျိုးအပြစ်ရှိ၏ ဟု ယုံကြည်သက်ဝင် မှတ်ထင်မှု (မိစ္ဆာဘိနိဝေသ) တို့ကိုလည်း။ သမူဟတာ၊ အရိယာမင်ဉာဏ်သံလျက်ဖြင့် ပယ်ဖျက်ခုတ်ဖြတ် ကောင်းစွာသတ်အပ်ကုန်ပြီ။ သုပိနာ စ၊ တိတ္ထုံအလို ထိုထိုအိမ်မက်တို့ကို ဤသို့ အကျိုးအပြစ်ရှိ၏ ဟု ယုံကြည်သက်ဝင် မှတ်ထင်မှု (မိစ္ဆာဘိနိဝေသ) တို့ကိုလည်း။ သမူဟတာ၊ အရိယာမင်ဉာဏ်သံလျက်ဖြင့် ပယ်ဖျက်ခုတ်ဖြတ် ကောင်းစွာသတ်အပ်ကုန်ပြီ။ လက္ခဏာ စ၊ ဒုတ် လှံဒဏ်၌ ကောင်း မကောင်းသောလက္ခဏာ, အဝတ် အထည်၌ ကောင်း မကောင်းစသော လက္ခဏာ, ပတ္တမြား၌ ကောင်း မကောင်းသော လက္ခဏာ, နွားမြင်းစသော သတ္တဝါတို့၌ ကောင်း မကောင်းသော လက္ခဏာ အစရှိသည်တို့ကို လက္ခဏဗေဒင်ကျမ်းအားလျော်စွာ ဤသို့သော အကျိုးအပြစ်ရှိ၏ဟု ယုံကြည်သက်ဝင် မှတ်ထင်စွဲလမ်းမှု (မိစ္ဆာဘိနိဝေသ) တို့ကိုလည်း။ သမူဟတာ၊ အရိယာမင်ဉာဏ်သံလျက်ဖြင့် ပယ်ဖျက်ခုတ်ဖြတ်သတ်အပ် ကုန်ပြီ။ ။သော ဘိက္ခု၊ မင်္ဂလာစသည် လောကီဗေဒင် အမြင်မှားတို့ကို ပယ်ရှားနိုင်သော ထိုရဟန်း ပုဂ္ဂိုလ်သည်။ မင်္ဂလဒေါသင်ပွဟီနော၊ မင်္ဂလာနှင့်စပ်သော အပြစ်တို့ကို စွန့်ပစ်ပယ်ရှားပြီးသော ပုဂ္ဂိုလ်မည်၏။ (ဝါ) မင်္ဂလာနှင့်တကွ ဥက္ကာကျခြင်းစသည်တို့ကို မှားမှားယွင်းယွင်းနှလုံးသွင်းခြင်းဟူသော အပြစ်တို့ကို စွန့်ပစ်ပယ်ရှားပြီးသော ပုဂ္ဂိုလ်မည်၏။ သော ဘိက္ခု၊

၂။ (က) နံနက်စောစော အိပ်ရာထခဏ၌ ပျံလွှားငှက် (မိုးစာငှက်)ကို မြင်ရလျှင် ကောင်းသော မင်္ဂလာဖြစ်၏၊ ဥသျှစ်ပင်ပျိုကိုငှင်း ကိုယ်ဝန်ဆောင်မိန်းမကိုငှင်း တင့်တယ်စွာ တန်ဆာဆင်ပြီးသည့် လုလင်ပျို သမီးကညာတို့ကိုငှင်း ရေပြည့်အိုးကိုငှင်း စိုစွတ်လတ်ဆတ်သောငါးကြင်းကိုငှင်း အာဇာနည်မြင်းကိုငှင်း အာဇာနည်မြင်းကသော ရထားကိုငှင်း နွားလားဥသဘကိုငှင်း နို့ညှစ်နွားမကိုငှင်း နွားကြောင်ကိုငှင်း ထိုမှတပါး နှစ်သက်ဘွယ် ရူပါရုံကိုငှင်း တွေ့မြင်ရလျှင် ကောင်းသော မင်္ဂလာဖြစ်၏ဟု ဒိဋ္ဌမင်္ဂလာကို ယုံကြည်ခြင်းမှလည်း ကင်းရှင်းသူဖြစ်စေ။

(ခ) နံနက်စောစော အိပ်ရာထခဏ၌ ကြီးပွါးနေ၏, တိုးတက်နေ၏, ပြည့်ပြည့်ဖြိုးဖြိုးရှိ၏, ဆိုက်ရောက်၏စသော အသံတို့ကို ကြားရလျှင် ကောင်းသော မင်္ဂလာဖြစ်၏ဟု သုတမင်္ဂလာကို ယုံကြည်ခြင်းမှလည်း ကင်းရှင်းသူဖြစ်စေ။

http://www.dhammadownload.com

ထိုမင်္ဂလာစသည်တို့ကို မယုံကြည်သော ရဟန်းပုဂ္ဂိုလ်သည်။ လောကေ၊ လောကကြီးအပေါ်၌။ သမ္မာ၊ ကောင်းစွာ (လောကကြီးနှင့်တကွ တဏှာ ဒိဋ္ဌိအစွမ်းဖြင့် မငြိမကပ် မစပ်ယှက်အောင်)။ ပရိဗ္ဗဇေယျ၊ ကျင့်သည်မည်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကဘိရှင်တော်ဘုရားက ဖြေဆိုပြီ။ (ထည့်) (ဤ၌ "ယဿ မင်္ဂလာ သမူဟတာသေ" ဟူ၍ ရှိသင့်၏)။

(ဂ) နံနက်စောစော အိပ်ရာထကာလ၌ ပဒုမ္မာကြာပန်းနှံ့ အစရှိသော ပန်းနှံ့ကို နံ့ရှုရလျှင်ငင်း နူးညံ့သော ဒန်ပူကို ခံစားရလျှင်ငင်း မြေကြီးစသည်ကို သုံးသပ်တွေ့ထိရလျှင်ငင်း ကောင်းသော မင်္ဂလာဖြစ်၏ဟု မုတမင်္ဂလာကို ယုံကြည်ခြင်းမှလည်း ကင်းရှင်းစေ၊ ဥပါတ်ပျံခြင်း တော်လည်းခြင်း ငလျင်လှုပ်ခြင်းစသော တိတ်နိမိတ်ကြီးငယ်တို့ကြောင့် ထိုထိုတိုင်းပြည် ပျက်ခြင်း ဒုဗ္ဘိက္ခ, သတ္ထန္တရ, ရောဂန္တရ ကပ်ဆိုက်ခြင်းစသော အကျိုးမဲ့တို့ ဖြစ်ကုန်၏ဟု မှတ်ထင်ယုံကြည်ခြင်း ဥပ္ပါတာဘိနိဝေသမှလည်း ကင်းရှင်းသူ ဖြစ်စေ။

(ဃ) ဤမည်သောအခါ၌ မြင်မက်သော အိပ်မက်သည် ဤမည်သော အကျိုးအပြစ်ကို ဖြစ်စေ၏၊ ပက်လက်အိပ်နေစဉ်ငင်း စောင်းလျက်အိပ်နေစဉ်ငင်း မြင်မက်သော အိပ်မက်သည် ဤမည်သော အကျိုးအပြစ်ကို ဖြစ်စေ၏။ နေဗိမာန်စသည်တို့ကို မြင်မက်ခြင်းသည် ဤသို့သော အကျိုးအပြစ်ကို ဖြစ်စေ၏ဟု မှတ်ထင်ယုံကြည်ခြင်း သုပိနာဘိနိဝေသမှလည်း ကင်းရှင်းသူ ဖြစ်စေ။

(င) ဤသို့သော အမှတ်လက္ခဏာရှိသော ပတ္တမြားလက်ဝတ်သည် ဤသို့သော အကျိုးအပြစ်ကို ဖြစ်စေ၏၊ ဤအဆစ်များသော ဒုက်သည် ဤအကျိုးအပြစ်ကို ဖြစ်စေ၏၊ ဤမည်သော အမှတ်လက္ခဏာရှိသော အဝတ်အထည်သည် ဤအကျိုးအပြစ်ကို ဖြစ်စေ၏စသည်ဖြင့် ယုံကြည်ခြင်း လက္ခဏာဘိနိဝေသမှလည်း ကင်းရှင်းသူ ဖြစ်စေ။

ဤသို့လျှင် အတိုချုပ်အားဖြင့် ကံကို ယုံကြည်ခြင်း ကမ္မဿကတာသမ္မာဒိဋ္ဌိကိုငင်း အကျိုးအပြစ် ဖြစ်ခြင်း၏ ရှေ့ပြေး ပုဗ္ဗနိမိတ်၏ အဖြစ်ကိုငင်း အသင့်အားဖြင့် နှလုံးမသွင်းဘဲ ငင်းမင်္ဂလာ စသည်တို့ကြောင့် အကျိုးအပြစ်များ ဖြစ်၏ဟု မှားမှားယွင်းယွင်း မှတ်ထင်ခြင်းတို့ကို အမြစ်ပြုတ် အကြွင်းမဲ့ ပယ်နိုင်သော ပုဂ္ဂိုလ်သည် ဤလောက ဒုက္ခကြီးကို လွန်မြောက်နိုင်၏ဟု ဆိုလို၏။

http://www.dhammadownload.com

၃။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ မာနုသေသု ကာမေသု စာပိ၊ လူတို့အာရုံ ငါးပါးသော ကာမဂုဏ်တို့၌ဌင်း။ ဒိဗ္ဗေသု ကာမေသု စာပိ၊ နတ်ဘို့အာရုံ ငါးပါးသောကာမဂုဏ်ဘို့၌ဌင်း။ ရာဂံ၊ တပ်မက်နှစ်သက်ခြင်း ဟူသော တဏှာကို။ [အနာဂါမိမဂ္ဂေန၊ အနာဂါမိမဂ်ဖြင့်။ အနုပ္ပတ္တိမေတံ၊ ဖြစ်ပေါ်လာခြင်း သဘောမရှိသည့် အဖြစ်သို့။ နေန္တော၊ ဆောင်လျက်။ (၃-ပုဒ်ထည့်)] ဝိနယေထ၊ ပယ်ဖျောက်ရာ၏။ [ရာဂံ၊ တပ်မက် နှစ်သက်ခြင်း တဏှာကို။ ဝိနေတ္တာ၊အနာဂါမိမဂ်ဖြင့် မဖြစ်နိုင်အောင် ပို့ဆောင်ပယ်ဖျောက်ပြီး၍ (ပယ်ဖျောက်ပြီးနောက်၌)။ (နှစ်ပုဒ်ထည့်)] ဓမ္မံ၊သစ္စာလေးပါးတရားကို။ သမေစ္စ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ကောင်းစွာသိခြင်းကြောင့်။ ဘဝံ၊ ကာမဘဝ ရူပဘဝ အရူပဘဝ အားဖြင့် သုံးပါးသော ဘဝကို။ အတိဂ္ဂမ္မ၊ ကျော်လွန်၍။ တိဋ္ဌေ၊ တည်ရာ၏။ (ထည့်) သေပိ ဘိက္ခု၊ (ပိကိုဆောင်) လူနတ်အာရုံ ကာမဂုဏ်ကို မဲ့မုံမမင် ပယ်ရှောင်ကြဉ်၍ လေးအင် သစ္စာ ကောင်းစွာသိသော ထိုရဟန်းသည်လည်း။ လောကေ၊ လောကကြီးအပေါ်၌။ သမ္မာ၊ ကောင်းမွန်စွာ (လောကကြီးနှင့် တဏှာအစွမ်းအားဖြင့် မငြိမကပ် မစပ်မတွယ်အောင်)။ ပရိဗ္ဗဇေယျ၊ ကျင့်သည်မည်ရာ၏။ ဣတိ၊ဤသို့။ ဝိဿဇ္ဇေသိ၊ ပကတိရှင်တော်ဘုရားက နှစ်ကြိမ်မြောက် ဖြေဆိုပြန်ပြီ။

၃။ လူနတ်လောက လူနတ်ဘဝ လူနတ်စည်းစိမ်ကို တောင့်တလိုချင်သော ကာမတဏှာကြောင့် လူနတ်လောက လူနတ်ဘဝကို မကျော်လွန်နိုင်ဘဲ လူနတ်လောကဌ် တပြောင်းပြန်ပြန် ကျင်လည်ကြရသည်၊ ထိုကာမတဏှာကို အနာဂါမိမဂ်ဖြင့် ပယ်နိုင်သူသည် လူနတ်လောက လူနတ်ဘဝကို ကျော်လွန်နိုင်သည်၊ ရူပလောက အရူပလောက ဘဝစည်းစိမ်ကို လိုချင်တောင့်တသော ဘဝတဏှာကြောင့် ထိုလောကဘဝကို မကျော်လွန်နိုင်ဘဲ ထိုလောကဘဝဌ် ကျင်လည်ကြရသည်၊ ထိုဘဝတဏှာကို အရဟတ္တမဂ်ဖြင့် ပယ်နိုင်သူသည် ရူပ, အရူပဘဝ နှစ်ပါးကို ကျော်လွန်နိုင်သည်။ ထို့ကြောင့် ဘဝသုံးပါးကို ကျော်လွန်နိုင်ခြင်းငှါ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာကို ပယ်စွန့်၍ သစ္စာလေးပါး ပိုင်းခြားထွင်းဖောက် အရဟတ္တမဂ်သို့ ရောက်အောင် ကျင့်သောသူသည် လောကကြီးနှင့် မငြိမကပ် မစပ်မယှက်ဘဲ သုံးပါးသော လောကကြီးကို လွန်မြောက်နိုင်ရာ၏ဟု ဆိုလို၏။

http://www.dhammadownload.com

၄။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ပေသုဏာတိကောဓံ၊ ချောပစ်ဂုံးတိုက်ခြင်း အလွန် အမျက်ထွက်ခြင်း (ရန်ငြိုးဖွဲ့ခြင်း)ကို။ ဝိပိဋ္ဌိကတွာန၊ အနာဂါမိမဂ်ဖြင့် အရေးမထား ရှောင်ရှားပယ်ရှိုင်း ကျောခိုင်းသည်ကို ပြု၍ (ကြဉ်ရှောင်၍)။ ကဒရိယံ၊ စက်ဆုပ်ဘွယ် သတ္တဝါဟူ၍ ပညာရှိတို့ အသိအမှတ်ပြုကြောင်းဖြစ်သော မပေးမလှူလို ဝန်တိုခြင်း (မစ္ဆရိယ)တရားကို။ ဇဟေယျ၊ သောတာပတ္တိမဂ်ဖြင့် ပယ်စွန့်ရာ၏။ ဇဟိတွာ၊ ပယ်စွန့်ပြီး၍ ။ ဝါ၊ ပယ်စွန့်ခြင်းကြောင့်။ (ထည့်) အနုရောဓဝိရောဓဝိပ္ပဟီနော၊ သင်္ခါရဝတ္ထုတို့၌ ချစ်မှုမုန်းမှု ပြုတတ်သော လောဘ, ဒေါသ အညစ်အကြေးကို အနာဂါမိမဂ် အရဟတ္တမဂ်ဖြင့် ပယ်စွန့်နိုင်သည်။ အဿ၊ ဖြစ်ရာ၏။ (ထည့်) သောပိ ဘိက္ခု၊ ချစ်ခြင်း မုန်းခြင်းတို့မှ ကင်းသော ထိုရဟန်းသည်လည်း။ လောကေ၊ သုံးပါးသော လောက၌။ သမ္မာ၊ ကောင်းစွာ (သုံးပါးသော လောကနှင့် မငြိမကပ် မစပ်မယှက်အောင်)။ ပရိဗ္ဗဇေယျ၊ ကျင့်သည်မည်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ သုံးကြိမ်မြောက် ဖြေဆိုပြီ။

၄။ ပိယ=သူတို့အချင်းချင်း ချစ်နေခြင်းမှ။ သုည=ကင်းဆိတ် ပျောက်ကွယ်အောင်။ ကရဏ=ပြုတတ်သော ဂုံးတိုက်မှုသည် ပေသုဏမည်၏။ (ဤ၌ "ပေသုဏာနိ ကောဓံ" ရှိလျှင်လည်း အသင့်ပါ) အတိ=ရန်ငြိုးမပြေနိုင်ဘဲ လွန်ကဲစွာ။ ကောဓ=အမျက်ထွက်ခြင်းဟူသော ရန်ငြိုးဖွဲ့မှုသည် အတိကောဓမည်၏။ ထိုဂုံးတိုက်မှုနှင့် ရန်ငြိုးဖွဲ့မှုဟု အရေးမပြု ဂရုမထား ကျောခိုင်းလျက်နေသော ရဟန်းသည်ငင်း။ ကု=စက်ဆုပ်ရွံမုန်းအပ်သော။ အရိယ=သတ္တဝါဟူသော ဝန်တိုစေးနဲသူသည် ကဒရိယ-မည်၏။ (ကဲ့ရဲ့လောက်အောင် အလွန် ဝန်တိုစေးနဲသူဟု ဆိုလို၏) ထိုဝန်တိုစေးနဲသူ၏ ဝန်တိုမှုကို ဤ၌ ကဒရိယပင်ခေါ်၏။ ထို့ကြောင့် ဝန်တိုစေးနဲမှုကို သောတာပတ္တိမဂ်ဖြင့် ပယ်စွန့်နိုင်သော ရဟန်းသည်ငင်း ဘာဝနာ အဆင့်ဆင့်အားဖြင့် အနာဂါမ် ရဟန္တာအဖြစ်သို့ ရောက်၍ "အနုရောဓ"ခေါ်သည့် ချစ်ခင်တွယ်တာမှုတဏှာကိုငင်း "ဝိရောဓ" ခေါ်သည့် အာရုံနှင့် မတွေ့ချင် ဆန့်ကျင်မှု ဒေါသကိုငင်း အကြွင်းမဲ့ ပယ်စွန့်နိုင်၏၊ ချစ်မှု မုန်းမှု ကင်း၏။

ထို့ကြောင့် အချုပ်အားဖြင့် ချစ်မှုမုန်းမှုရှိသူသည် လောကကြီးနှင့် ငြိတွယ်ရောယှက် ရစ်ပတ်လျက် နေသည် မည်၏။ အချစ် အမုန်း ကင်းမှသာလျှင် လောကကြီးမှ လွတ်မြောက်၏။ အချစ် အမုန်းကင်းကြောင်း အကျင့်ကား—

http://www.dhammadownload.com

၅။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ကိဉ္စိ၊ တစုံတခုသော ရုပ်,နာမ် ခန္ဓာကို။ (ထည့်) အနုပါဒါယ၊ တဏှာဒိဋ္ဌိ၏ အစွမ်းအားဖြင့် မစွဲလမ်းခြင်း ကြောင့်။ ကုဟိဉ္စိ၊ တစုံတခုသော ရုပ်, နာမ် ခန္ဓာဌ်။ ဝါ၊ တစုံတခုသော ဘုံဘဝဌ်။ အနိဿိတော၊ တရော့ရှစ်ပါးသော တဏှာဘည်းဟူသော မှီရာ မှီကြောင်း ခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတည်းဟူသောမှီရာမှီကြောင်းဖြင့် မကပ်မမှီသည်၏။ ဟုဘွာ-ဘာဝတော၊ ဖြစ်ခြင်းကြောင့်။ ပိယဉ္စ၊ ချစ်အပ်သော သတ္တဝါ သခ်ါရ ဟိုဌင်း။ အပိယဉ္စ၊ မချစ်အပ်သော သတ္တဝါသခ်ါရကိုဌင်း။ ဇဟေယျ၊ ဆန္ဒရာဂကို ပယ်ခြင်းအားဖြင့် ပယ်စွန့်နိုင်ရာ၏။ (ကြိယာထည့်) ဟိတ္ဝာ၊ ဆန္ဒရာဂကို ပယ်ခြင်းအားဖြင့် ပယ်စွန့်ခြင်းကြောင့်။ သံယောဇနိယေဟိ၊ ဆယ်ပါးသော သံယောဇဉ်တည်းဟူသော ဆဲဝင် ဝဲယှဉ်

(က) ဂုံးတိုက်မှု၊

(ခ) ရန်ငြိုး မပြေမှု၊

(ဂ) စေးနဲဝန်တိုမှု၊

ဤသုံးပါးကို ပယ်ရခြင်းပင် ဖြစ်၏၊ ဤသုံးပါးကို ပယ်နိုင်မှ ချစ်မှု မုန်းမှု ကင်း၏။ ဂင်းကင်းမှ လောကကြီးမှ ထွက်မြောက် ကျွတ်လွတ်နိုင်၏ဟု ဆိုလို ရင်း ဖြစ်၏။

(ဤဂါထာဌ် အချစ်အမုန်းကင်းကြောင်း အကျင့်ပဋိပဒါကို ပြ၏၊ ဆိုလတ္တံ့. လေးခုမြောက်ဂါထာဌ် အချစ် အမုန်း ကင်းကြောင်း အကျင့်ပဋိပဒါ တမျိုးနှင့် အချစ် အမုန်းကင်းခြင်း၏ အကျိုးကို ပြလတ္တံ့.)။

၅။ ဥပါဒါန်လေးပါးဖြင့် သို့မဟုတ် တဏှာဒိဋ္ဌိဖြင့် မြဲမြဲမြံမြံ ပြင်းထန်စွာ အာရုံကိုစွဲယူခြင်းမရှိလျှင်ဌင်း တရော့ရှစ်ပါးသော တဏှာ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့ဖြင့် ရုပ်, နာမ်ခန္ဓာတို့ဌ် ငါဟာ ငါဥစ္စာ ပုဂ္ဂိုလ် သတ္တဝါ ငါ, သူတပါး ယောကျာ်း မိန်းမ ဟူ၍ တပ်မက် ထင်မှားခြင်းအားဖြင့် မှီကပ် ရပ်တည်ခြင်း မရှိလျှင်ဌင်း ချစ်အပ် မုန်းအပ်သော သတ္တဝါ သခ်ါရတို့ကို ပယ်စွန့်နိုင်ရာ၏။

(ဤဌ် ချစ်တတ်သော ဆန္ဒရာဂနှင့် မုန်းတတ်သော ပဋိဃတို့ကို ပယ်စွန့်ခြင်း ကိုပင်လျှင် ချစ်အပ်မုန်းအပ်သော သတ္တဝါသခ်ါရတို့ကို ပယ်စွန့်သည်ဟု ဆို၏။)

http://www.dhammadownload.com

တဘ်သော တရားတို့၏ စီးပွါးရိပ်မြုံ လောကီအာရုံဖြစ်သော တေဘုမ္မက တရားဘို့မှ။ ဝိပ္ပမုတ္တော၊ မဂ္ဂ ဘာဝနာ ပရိညာ စခန်းပေါက်၍ လွှတ်မြောက်စင်ကြယ်သည်။ အဿ၊ ဖြစ်ရာ၏။ (ထည့်) သော ဘိက္ခု၊ တဏ္ဍာဖြင့် ချစ်အပ်သူလည်းမရှိ ဒေါသဖြင့် မုန်းအပ်သူလည်းမရှိသည်ဖြစ်၍ သံယောဇဉ်ဆယ်ပါး၏ စီးပွါးရိပ်မြုံ လောကီအာရုံမှကင်းလွှတ်သော ထိုရဟန်းသည်။ လောကေ၊ သုံးပါးသော လောက၌။ သမ္မာ၊ ကောင်းစွာ (လောကကြီးနှင့်မစပ်ဘဲ)။ ပရိဗ္ဗဇေယ္ယ၊ ကျင့်သည်မည်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ လေးကြိမ်မြောက် ဖြေဆိုပြီ။

၆။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။အာဒါနေသု၊ မြဲမြဲမြံမြံ ပြင်းထန်စွာ စွဲလမ်းအပ်သော လောကီခန္ဓာငါးပါးတို့၌။ ဆန္ဒရာဂံ၊ လိုချင်တောင့်တတ် တပ်စွမ်းစွဲငြိတဘ်သော တဏ္ဍာလောဘကို။ ဝိနေယ္ယ၊ အရဟတ္တမဂ်ဖြင့် ဖျောက်လွှင့်ပယ်ဖျက်ပြီး၍။ ဌိတော၊ တည်၏။ သော ဘိက္ခု၊ ထိုဖျောက်လွှင့်ပယ်ဖျက်ပြီးသော ဆန္ဒရာဂရှိသော ရဟန်းသည်။ ဥပဓီသု၊ ဒုက္ခ၏တည်ရာ ငါးပါးသော ခန္ဓာဘို့၌။ သာရံ၊ နိစ္စ,သုခ,အတ္တ,သုဘ ဟူသော အနှစ်ပမာ ခိုင်မာသော အဘို့သို့။ နဇတိ၊ မှောက်မှားသော အားဖြင့် မရောက် မသွား

ထိုဆန္ဒရာဂ ပဋိဃတို့ကို ပယ်နိုင်သူသာလျှင် သံယောဇဉ်ဆယ်ပါး၏ အစီးအပွါး အာရုံတရားများဖြစ်သော လောကီရုပ်, နာမ် ခန္ဓာတို့မှ ကွင်းလုံးကျွတ်ကင်းလွှတ်နိုင်ပေ၏။

ဤသို့ သံယောဇဉ်နှင့်တကွ သံယောဇဉ်တို့၏အာရုံမှ ကင်းလွှတ်သူသည် လောကကြီးနှင့် မငြိမကပ် မစပ်မယှက် ကျော်တက် လွှတ်မြောက်နိုင်သည်ဟု ဆိုလိုသည်။

၆။ ခန္ဓာ ငါးပါးတို့၌ လိုချင်တောင့်တမှု တပ်စွမ်းစွဲငြိမှုကို အရဟတ္တမဂ်ဖြင့် ပယ်ဖျောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ဥပဓိခေါ်သော ခန္ဓာငါးပါးတို့ကို နိစ္စသာရ, သုခသာရ, အတ္တသာရ, သုဘသာရ ရှိသော တရားတို့ဟူ၍ ရှုမြင်မှတ်ထင်ခြင်း အလျှင်းမရှိပြီ၊ ထို့ကြောင့် ခန္ဓာလောကကြီး၌ တဏ္ဍာဒိဋ္ဌိဖြင့် မမှီမကပ် မစပ်မတွယ်ဘဲ ခန္ဓာလောကကြီးကို အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဟူ၍ ကိုယ်တိုင် တပ်အပ်တွေ့မြင်ပြီးသည်မည်၏။ ထိုခီဏာသဝ ပုဂ္ဂိုလ်သည် လောကကြီးအပေါ်၌ ကောင်းကောင်း ကျင့်သည်မည်ရာ၏ဟု ဆိုလို၏။

http://www.dhammadownload.com

တတ်။ (အနှစ်သာရအားဖြင့် နိစ္စ,သုခ,အတ္တ, သုဘ ဟူ၍ ခန္ဓာငါးပါးကို မရှုမမြင် မမှတ်ထင်တော့ဘူးဟု ဆိုလိုသည်) တတော၊ ထိုသို့ မှောက်မှားသော အားဖြင့် မရောက် မသွားခြင်းကြောင့်။ (ထည့်) အနိဿိတော၊ ဥပါဒါန်တို့၏ အစိုးအပ်ငါးပါးသော ခန္ဓာတို့၌ တဏှာဒိဋ္ဌိ၏ အစွမ်းအားဖြင့် မမှီမကပ် မရပ်မတည်သည်။ အနုညနေယျော၊ ငါးပါးသောထိုခန္ဓာတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဟူ၍ တပါးတခြားသောသူသည် မသိစေအပ်သည် (ကိုယ်တိုင်ကိုယ်ကြပ် သိမြင်ပြီးသည်)။ အဿ၊ ဖြစ်ရာ၏။ သော ဘိက္ခု၊ ငါးပါးသော ခန္ဓာတို့၌ တဏှာဒိဋ္ဌိ၏ အစွမ်းအားဖြင့် မမှီမကပ် မစပ် မတွယ်ဘဲ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဟူ၍ ကိုယ်တိုင် သိမြင်ပြီးသော ထို ခီဏာသဝရဟန်းသည်။ လောကေ၊ လောကကြီး၌။ သမ္မာ၊ ကောင်းမွန်စွာ (ငါးခန္ဓာဘည်းဟူသော လောကနှင့် မငြိမကပ် မစပ်မယှက်အောင်)။ ပရိဗ္ဗဇေယျ၊ ကျင့်သည်မည်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ငါးကြိမ်မြောက် ဖြေဆို ပြန်ပြီ။

၇။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဝစသာ စ၊ ကောင်းသော နှုတ်အမှုအရာနှင့်ငင်း။ ဝါ၊ ဝစီသုစရိုက်ကံနှင့်ငင်း။ အထ၊ ထိုမှတပါး။ မနသာ စ၊ ကောင်းသော စိတ်အမှုအရာနှင့်ငင်း။ ဝါ၊ မနောသုစရိုက်ကံနှင့်ငင်း။ ကမ္မုနာ စ၊ ကောင်းသော ကိုယ်အမှုအရာနှင့်ငင်း။ ဝါ၊ ကာယသုစရိုက်ကံနှင့်ငင်း။ သဒ္ဓိ ံ၊ တ ံက္ခ။ (ထည့်) အဝိရုဒ္ဓေါ၊ သုံးပါးသော ဒုစရိုက်ကို ပယ်ပြီးသည် ဖြစ်၍ မဆန့်ကျင်တတ်သည်။ ဝါ၊ ဆန့်ကျင်ဘက် မပြုတတ်သည်။ ဟုတ္ထ၊

၇။ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် ဟူသော သုံးပါးသော ကံတို့နှင့် ဆန့်ကျင်ဘက် မပြုမူ၍ (ဆန့်ကျင်ဘက်မပြုဟူသည်ကား ဒုစရိုက်ကံတို့ကို ရှောင်ကြဉ်၍ သုစရိုက်အမှုတို့၌ မွေ့လျော်လျက် သုစရိုက်တို့ကိုသာ မပြတ်ပြုနေသည်ဟု ဆိုလို၏။) သစ္စာလေးပါးကို ပိုင်းခြား သိမြင်နိုင်အောင် စတုသစ္စဘာဝနာ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများစေလျက် အရိယာမဂ်လေးပါးသို့ ဆိုက်ဓောက်ပြီးလျှင် လောကခေါ်သော တရားသုံးပါးကို မတောင့်တဘဲ နာမ်ခန္ဓာ ရုပ်ခန္ဓာတို့ အကြွင်းမဲ့ ချုပ်ငြိမ်းရာ ခန္ဓပရိနိဗ္ဗာန်စံရရေးကိုသာ တောင့်တသော ရဟန်းသည် လောကခေါ်သော ဘဝသုံးပါးကို လွန်မြောက်လျက် လောကကြီးနှင့် မစပ်မယှက်မူ၍ လောကကြီးမှ ကျွတ်လွတ် ထွက်မြောက်လေတော့၏ ဟု ဆိုလို၏။

http://www.dhammadownload.com

ဖြစ်၍ ။ (ထည့်) ဓမ္မံ၊ သစ္စာလေးပါးတရားကို။ သမ္မာ၊ ကောင်းစွာ၊ ဝိဒိတွာ၊ လေးပါးသော မင်ဉာဏ်ဖြင့်သိ၍ ။ နိဗ္ဗာနပဒါဘိပတ္ထယာနော၊ အရိယာ ပုဂ္ဂိုလ်ဘို့သည် ဆိုက်ရောက်အပ်သည်၏ အဖြစ်ကြောင့် ပဒ အမည်ရှိသော အနုပါဒိသေသခန္ဓပရိနိဗ္ဗာန်ကို ရှေ့ရှုဘောင့်တသည်။ အဿ၊ ဖြစ်ရာ၏။ သော ဘိက္ခု၊ သုစရိုက်ကံဘို့နှင့် ဆန့်ကျင်ဘက် မပြုဘဲ သစ္စာလေးပါးကို သိပြီး၍ အနုပါဒိသေသနိဗ္ဗာန်ကို တောင့်တ မျှော်လင့်လျက် နေသော ထို ရဟန်းသည်။ လောကေ၊ သုံးပါးသောလောက၌။ သမ္မာ၊ ကောင်းမွန်စွာ (လောကသုံးပါးနှင့် မငြိမကပ် မစမ်မတွယ်အောင်) ။ ပရိဗ္ဗဇေယျ၊ ကျင့်သည် မည်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ခြောက်ကြိမ်မြောက် ဖြေဆိုပြီ။

၈။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဇနော၊ လူအပေါင်းသည်။ (ထည့်)မံ၊ ငါ့ကို။ ဝန္ဒတိ၊ ရိုသေမြတ်နိုး ရှိခိုးကန်တော့ကြ၏။ ဣတိ၊ ဤသို့ လူအပေါင်းဘို့၏ မိမိအား ရိုသေမြတ်နိုး ရှိခိုးပူဇော်ခြင်းကို။ မနသိကတွာ၊ စိတ်၌ သွင်းထား၍။ (ထည့်) နုန္ဒာမေယျ၊ နဥန္ဒာမေယျ၊ မာနရောက်၍ မမြောက်မကြွရာ (စိတ်ကြီးမဝင်ရာ) ။ အက္ကုဋ္ဌောပိ၊ အရိုသေတန်၍ ဆဲရေး အပ်ပြန်သော်လည်း (အဆဲခံရပြန်သော်လည်း) ။ နသန္ဓိယေထ၊ ရှေ့ဒေါသနှင့် နောက်ဒေါသကို မဆက်မစပ်ရာ (ရန်ငြိုးမဖွဲ့ရာ) ။

(ဤဒုတိယပါဒ၌ "သန္တိယေထ" ဟူ၍ ဒန္တဇပဌမက္ခရာ တနှင့်ရင်း၊ "သန္ဓိယေထ" ဟူ၍ ဒန္တဇ စတုတ္ထက္ခရာ ဓ နှင့်ရင်း "သန္တသေထ" ဟု တသ ဓာတ်နှင့်ရင်း "သန္ဆံယေထ"ဟု ဒန္တဇ ဒုတိယက္ခရာ ထ နှင့်ရင်း မူအမျိုးမျိုး ကွဲလျက်ရှိ၏၊ အဌကထာ၌"နဥပနယှေထ"ဟု နဟ ဓာတ်ဖြင့်ပြခြင်းကြောင့် သန္ဆ-ဓာတ် ဂန္ဆန အနက်ဟော စုရာဒိဂိုဏ်း သန္ဆယေထ ဟူသော ဒန္တဇ

၈။ လူအပေါင်းသည် ငါ့ကို ရိုသေမြတ်နိုး ရှိခိုးကြ၏ ဟူ၍ သက္ကာရသိ-လောကကိုမှီသော ပသံသာလောကဓံကြောင့် စိတ်ကြီးဝင်ကာ မမောက်မမာရာ (ဝမ်းမမြောက်ရာ)၊ အက္ကောသဝတ္ထုဟူသော ဆဲရေးကြောင်း ဆယ်မျိုးတို့ဖြင့် ဆဲရေးတိုင်းထွာ လာပြန်သော်လည်း နိန္ဒာလောကဓံကြောင့် ဘောက်ပြန်တုန် လှုပ်ခြင်းမရှိဘဲ အမျက်ထွက်ခါ ရန်ငြိုးမဖွဲ့ရာ၊ သူတပါးတို့ ပေးလှူအပ်သည့်

http://www.dhammadownload.com

ဒုတိယအက္ခရာနှင့် ရှိသော ပုဒ်လည်း သင့်သကဲ့သို့ ထင်၏။ (နှ သန္ဆယေထ အမျက်ပွါးတိုး ရန်ငြိုးမဖဲ့ ရာဟု၍ အနက်ပေး) အက္ကုဒ္ဓါ ဟု ဒန္တဇ တတိယ စဘုတ္ထသံယောဂ ပုဒ်သည်လည်း (အက္ကောသဝတ္ထူဟိ)ဟူသော အဋ္ဌကထာ အမြွက်နှင့်မလျော်၊ အခြို့အဋ္ဌကထာမူ၌ ရှိသော အနဘိသတ္တော ဟူသော သံဝဏ္ဏနာ တစိပ်နှင့်ကား လျော်၏၊ (အက္ကုဒ္ဓါ၊ အမျက်မထွက်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။) ဟု ရွေး နိဿယများ၌ ကြိယာထည့်၍ စပ်ကြ၏၊ သို့သော်လည်း ပါဠိတော်စာသွားကို နှိုင်းချိန်၍ "အက္ကုဒ္ဓေါပိ" ဟူသော မူဒ္ဓဇ ဒုတိယက္ခရာနှင့် ရှိသော ပုဒ်သာ သင့်ဒဲ့ထင်၏)။

[illegible] ပရဘောဇနံ၊ တပါးသောသူတို့သည် သဒ္ဓါဘရားဖြင့် ပေးလှူအပ်သော ဘောဇဉ်ကို (ဘောဇဉ်လျင် မှတ်ကြောင်း ရှိသော ပစ္စည်း လေးပါးကို)။ လဒ္ဓါ၊ ရ၍ (ရခြင်းကြောင့်)။ နှ မဇ္ဈေ၊ ငါကား လာဘ်များသူ ခကျော်ကြားသူ အခြံအရံများသူဟု မာန်စွယ်ပြူးပြူးမယစ်မူးရာ။ (ပဌမပါဒ၌ ဝိနွတိပါဋ်ပျက်ကို ဘွဲ့မြင်၍ "ပစ္စည်းလေးပါးကို ရသည်ဖြစ်၌" ဟု အနက် ယောဇနာသော ဒီပဲယင်း ဆရာဘော်ကား တတိယပါဒ၌ လဒ္ဓါ ပရဘောဇနံ ဟူသော ပါဋ်ကို မဆင်ခြင်မိခြင်းကြောင့် ပါဋ်ပျက်ကို အမှန်ယူ၍ သင့်အောင် ကြံမိလေသည်) သော ဘိက္ခု၊ လာဘ, အလာဘ စသည်ရှစ်ဘန် လောကဓံကြောင့် ဘောက်ပြန် တုန်လှုပ်ခြင်း မရှိသော ထိုရဟန်းသည်။ လောကေ၊ လောက၌။ သမ္မာ၊ ကောင်းမွန်စွာ (လောကနှင့် မငြိမကပ် မစပ်မယှက်အောင်)။ ပရိဗ္ဗဇေယျ၊ ကျင့်သည်မည်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ခုနစ်ကြိမ် မြောက် ဖြေဆိုပြီ။

ဘောဇဉ် စသော ပစ္စည်းလေးပါးကို လွယ်ကာခဏ ရပြန်သော်လည်း လာဘ လောကခံကြောင့် မတုန်လှုပ်မူ၍ တဏှာမာန၏ အစွမ်းအားဖြင့် မယစ်မူးရာ၊ လာဘ်မရခြင်း အလာဘ လောကခံ, ကျော်စောခြင်း ယသ လောကခံ, ကျော်စောမဲ့ခြင်း အယသလောကခံ, ချမ်းသာခြင်း သုခလောကခံ, ဆင်းရဲခြင်း ဒုက္ခလောကခံ တို့ကြောင့်လည်း ဘောက်ပြန်တုပ်လှုပ်ခြင်း မရှိရာ၊ (၎င်းတို့ကို လက္ခဏာဟာရ အားဖြင့်ယူ) ထိုသည့် လောကခံကြောင့် မတုန်လှုပ်သော ရဟန်းသည် လောကကြီးနှင့်မစပ်မူ၍ လောကမှ လွှန်မြောက်နိုင်၏ဟု ဆိုလို၏။

http://www.dhammadownload.com

၉။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ လောဘဠု၊ လောကကျင့်ဂိုးနှင့် မညီမညာ လွန်စွာအားကြီးသော ဝိသမလောဘနှင့် အဓမ္မရာဂကိုင်း။ ဘဝဠု၊ ကာမဘဝ, ရူပဘဝ, အရူပဘဝ ကိုင်း။ ဝါ၊ ကာမ, ရူပ, အရူပဘဝ တို့၌ တပ်မက်တပ်သော ဘဝတဏှာကိုင်း။ ငိပ္ပဟာယ၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်၍ ။ ဝါ၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်ခြင်းကြောင့်။ ဆေဒနဗန္ဓနာ စ၊ တပါးသော သတ္တဝါဘို့၏ လက်ခြေအစရှိသည်တို့ကို ဖြတ်ခြင်း, နှောင်အိမ် နှောင်ကြိုးတို့ဖြင့် တုပ်နှောင် ဖွဲ့.ချည်ခြင်းမှလည်း။ ဝိရတော၊ ကြဉ်ရှောင်သည်။ အာသ၊ ဖြစ်ရာ၏။

တနည်း။ ။ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ လောဘဠု၊ အလုံးစုံသော အာရုံဘို့ကို လိုချင်တတ်သော အလုံးစုံသော လောဘကိုင်း။ ဘဝဠု၊ ကာမ, ရူပ, အရူပဘဝတို့ကို ဖြစ်စေတတ်သော ကမ္မဘဝ (ကုသိုလ် အကုသိုလ် စေတနာ)ကိုင်း။ ဝိပ္ပဟာယ၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်၍ ။ ဝါ၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်ခြင်းကြောင့်။ ဆေဒနဗန္ဓနာ စ၊ မှလည်း။ ဝိရတော၊ ကြဉ်ရှောင်သည်။ အာသ၊ ဖြစ်ရာ၏။ သော ဘိက္ခု၊ ကံ-ကိလေသာတို့ကို အကြွင်းမဲ့ပယ်ပြီးဖြစ်၍ သတ္တဝါဘို့ကို သဒ်ဖြတ် နှောင်ဖွဲ့ခြင်း၊ ကင်းသော ထိုရဟန်းသည်။ တိဏ္ဏကထံကထော၊ သို့လော သို့လော တွေးတော ယုံမှားခြင်းကို လွန်မြောက်ပြီးသည်။ ဝိသလ္လော၊ စိတ်အတွင်းသို့ ဖောက်ဆွင်းစူးဝင်တတ်သော ရာဂ, ဒေါသ, မောဟ တည်းဟူသော ငြောင့်တံသင်းမှ ကင်းသည်။ အာသ၊ ဖြစ်ရာ၏။ (ထည့်) သော ဘိက္ခု၊ အကြောင်းအဆက်ဆက်အားဖြင့် ရာဂ, ဒေါသ, မောဟ ကင်းပြီးသော ထိုခီဏာသဝရဟန်းသည်။ လောကေ၊ လောကကြီးအပေါ်၌။ သမ္မာ၊ ကောင်းမွန်စွာ (လောကနှင့် မစပ်ခအာဂ်) ။ပရိပ္ပဇေယျ၊ ကျင့်သည်မည်ရာ၏။ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ မျှစ်ကြိမ်မြောက် ဖြေဆုံပြီ။

၉။ တပ်မက်ခြင်းငှါ မသင့်လျော်သော အရာ၌ တပ်မက်ခြင်းသည် အဓမ္မရာဂမည်၏၊ လိုချင်တပ်မက်ခြင်းငှါ သင့်လျော်သော အရာ၌သော်လည်း လောကရိုးရာနှင့် မညီမမျှ ပမာဏကို ကျော်လွန်၍ တပ်မက်ခြင်းသည် ဝိသမလောဘမည်၏၊ ယင်းသည့် အဓမ္မရာဂနှင့် ဝိသမ လောဘကိုဂုင်း ဘဝတို့၌

http://www.dhammadownload.com

၁၄။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အတ္တာနော၊ မိမိ၏။ သာရုပ္ပံ၊ ရဟန်းအဖြစ်အားလျော်ပတ်သော သမ္မာပဋိပတ် အကျင့်မြတ်ကို။ ဝိဒိတ္ဝာ၊ ကောင်းစွာကျင့်သည်၏ အစွမ်းအားဖြင့်သိ၍ ။ ယထာတထိယံ၊ မဘောက်မပြန် ဟုတ်မှန်သမျှသော။ ဝါ၊ မဘောက်မပြန် ဟုတ်မှန်သည်အားလျော်စွာ။ ဓမ္မံ၊ ခန္ဓာ, အာယတန အစရှိသော သင်္ခါရတရားကို။ ဝိဒိတ္ဝာပိ၊ ဝိပဿနာ ဉာဏ်ဖြင့် သိမြင်ပြီး၍ လည်း။

တနည်း။ ။ဓမ္မံ၊ သစ္စာလေးပါး အမှန်တရားကို။ ဝိဒိတ္ဝာပိ၊ လေးပါး သောမဂ်ဉာဏ်ဖြင့် မဘောက်မပြန်သိပြီး၍လည်း။ လောကေ၊ သတ္တလောက၌။ ကဋ္ဌိ၊ တစုံတယောက်သော သတ္တဝါကို။ နော စ ဟိ ံ သေယျ၊ မည်၏ဆဲလည်း မည်၏ဆဲရာ။ သော ဘိက္ခု၊ ရဟန်းကျင့်ဝတ် မဋ္ဌတ်စောဲ ဝိပဿနာ ဉာဏ်, မဂ်ဉာဏ်ဘို့ဖြင့် အမှန်တရားကို သိပြီး၍ သတ္တဝါလောကကို မဆဲင်းရဲ

တပ်မက်သော ဘဝတဏှာကိုဌင်း အရဟတ္တာမဂ်ဖြင့် ပယ်စွန့်ပြီးသူသည် တပါးသော သတ္တဝါတို့ကို သတ်ဖြတ်နှောင်ဖွဲ့ခြင်းဟူသော ဒုစရိုက်အကျင့်မှကင်းသည်ဖြစ်၍ မဂ်အဆင့်ဆင့်အားဖြင့် ယုံမှားခြင်း ဝိစိကိစ္ဆာ စသော ကိလေသာဆူးငြောင့် မနှောင့်မယှက်ဘဲ လောကကြီးမှ ထွက်မြောက်ကျတ်လွတ်နိုင်၏ဟု ဆိုလို၏။

၁၀။ ရဟန်းတို့အားလျော်သော သာရုပ္ပအကျင့်ဟူသည် ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ,ပစ္စယသန္နိဿိတသီလ ဟူသော သီလလေးပါးပင်တည်း၊ ၎င်းသာရုပ္ပဖြစ်သော သီလလေးပါး အကျင့်တရားကို (သိ၍) ဟူသော စကား၌လည်း သီလလေးပါး၌ မကျူးမပေါက်အောင် စောင့်ရှောက်ရပ်တည်ခြင်းကို သိသည်ဟု ဆိုသည်၊ စိတ်ဖြင့်သိရုံမျှ သိခြင်းကို ဆိုလိုသည်မဟုတ်၊ ဤသို့လျှင်သီလဝိသုဒ္ဓိကို ဖြစ်စေလျက် သီလဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိစသော ဝိသုဒ္ဓိခြောက်ပါးကို အဆင့်ဆင့်ပွါးကာ ဘာဝနာအထွဋ်သို့ ရောက်သဖြင့် မဂ်ပေါက်ဖိုလ်ဝင်ဖြစ်သည့် ထိုအသျှင်ရဟန်းသည် ဝိဟိ ံသ ဗျာပါဒဒေါသ ကိလေသာအစွမ်းဖြင့် လောကသားတို့နှင့် ထွေးယှက်ရောစပ် မကပ်ငြိတော့ဘူးဟု ဆိုလို၏။

(ယထာတထိယန္တိ ယထာတထံ ယထာဘူတံ-ဟု အဋ္ဌကထာဆရာ ဖွင့်ပြခြင်းကြောင့် ယထာတထမေဝ ယထာတထိယံ့-ဟု သုတ္တဏိကပစ္စည်းဖြင့်ပြီး၍

http://www.dhammadownload.com

စေသော ထိုရဟန်းသည်။ လောကေ၊ သတ္တဝါလောကဉ်။ သမ္မာ၊ ကောင်းမွန်စွာ (သတ္တဝါလောကနှင့် ဒေါသ၏ အစွမ်းအားဖြင့် မငြိမကပ်အောင်)။ ပရိဗ္ဗဇေယျ၊ ကျင့်သည်မည်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ကိုးကြိမ်မြောက် ဖြေဆိုဘော်မူပြီ။

၁၁။ ယဿ ဘိက္ခုနော၊ အကြင်ရဟန်းအား။ ကေစိ၊ အချို့ကုန်သော။ အနုသယာ စ၊ မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယတို့သည်လည်း။ (ဂေါဗလီဗဒ္ဓနည်းဖြင့် ဤအနုသယ သုံးပါးကိုယူ) နသန္တိ၊ မဂ်ဖြင့် ပယ်ပြီးဖြစ်၍ မရှိဘော့ကုန်။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ မူလာ စ၊ သမ္ပယုတ်တရားတို့၏ အခြေအမြစ်ဖြစ်သော လောဘ, ဒေါသ, မောဟ တို့ကိုလည်း။ (ကြွင်းအနုသယ လေးပါးကိုယူ) သမူဟတာ၊ ကောင်းစွာ ပယ်နုတ် အပ်ကုန်ပြီ။ (သေ-ကား နိပါတ်မျှသာ) သော ဘိက္ခု၊ မဂ်ဖြင့် ပယ်ခွင်း၍ အနုသယကင်းပြီးသော ထိုရဟန်းသည်။ နိရာသော၊ ခန္ဓာဒိလောကကို လိုချင်သော တဏှာမရှိသည်ဖြစ်၍ (မရှိခြင်းကြောင့်)။ အနာသိသာနော၊ ခန္ဓာဒိလောကကို မတောင့်တတော့သည်။ ဟောတိ၊ ဖြစ်၏။ (ထည့်) သော ဘိက္ခု၊ထိုခန္ဓာအစရှိသော လောကကို မတောင့်တသော ရဟန်းသည်။ လောကေ၊ ခန္ဓာအစရှိသော လောကဉ်။ သမ္မာ၊ ကောင်းမွန်စွာ (လောကကြီးနှင့် တဏှာအစွမ်းဖြင့် မကပ်မငြိအောင်)။ပရိဗ္ဗဇေယျ၊ ကျင့်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ဆယ်ကြိမ်မြောက် ဖြေဆိုပြီ။

က-ကို-ယ ပြုလျက် ယထာတထံ ပုဒ်နှင့် အနက်တူယူ၊ယံ-ကို အနိယမ သဗ္ဗနာမ်ဟု မမှတ်သင့်)။

၁၁။ ဒုတိယပါဒဖြင့် အကုသလမူလသုံးပါးကို ယူလတ္တံ့ဖြစ်၍ ကာမရာဂါနုသယ, ဘဝရာဂါနုသယ, ပဋိဃာနုသယ,အဝိဇ္ဇာနုသယ လေးပါးတို့ပါဝင်ရသော ကြောင့် ပဌမပါဒ၌ မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယသုံးပါးကိုသာ ယူရသည်၊ အနုသယခုနစ်ပါးကင်းပြီးသော ခီဏာသဝရဟန်းသည် ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာလောကစသည်ကို လိုချင်တောင့်တသော တဏှာကင်းပြီးဖြစ်၍ ခန္ဓာဒိလောကကို မတောင့်တတော့ဘဲ ယင်းလောကမှ ထွက်မြောက်လေတော့၏ ဟူသတည်း။

http://www.dhammadownload.com

၁၂။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အာသဝဓိဏော၊ ကုန်ပြီးသော အာသဝေါရှိသည်။ ပဟီနမာနော၊ ပယ်အပ်ပြီးသော ကိုးပါးသော မာနရှိသည်။ သဗ္ဗံ၊ အလုံးစုံသော။ ရာဂပထံ၊ ရာဂ၏သွားရာအာရုံ လမ်းဖုံဖုံဖြစ်သော တေဘူမကာ တရားအပေါင်းကို။ ဥပါတိဝတ္တော၊ ပိုင်းခြားရှိသိခြင်း ပယ်ခြင်းတို့၏ အစွမ်းအားဖြင့် လွန်မြောက်ပြီးသည်။ ဒန္ဓော၊ ဆုံးမအပ်သော ဣန္ဒြေရှိသည်ဖြစ်၍ အရိယာတို့၏ ယဉ်ကျေးခြင်းဖြင့် ယဉ်ကျေးပြီးသည်။ ပရိနိဗ္ဗုတော၊ ကိလေသာအပူဘေးမှ ငြိမ်းအေးပြီးသည်။ ဌိတတ္တော၊ မတုန်မလှုပ် တည့်တည့်မတ်မတ် ရပ်ဘည်သော စိတ်ရှိသည်။ အာဿ၊ ဖြစ်ရာ၏။ (ထဉ့်)သော ဘိက္ခု၊ ထိုခီဏာသဝရဟန်းသည်။ လောကေ၊ လောကကြီး၌။ သမ္မာ၊ ကောင်းမွန်စွာ (လောကကြီးနှင့် မငြိမကပ် မစပ်မဘွယ်အောင်)။ ပရိဗ္ဗဇေယျ၊ ကျင့်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ဆယ့်တကြိမ်မြောက် ဖြေဆိုပြီ။

၁၂။ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တည်းဟူသော အာသဝလေးစုံ ကုန်ပြီးသော ရဟန်းသည် အာသဝတို့၏ အာရုံဖြစ်သော တေဘူမက သာသဝဓမ္မတည်းဟူသော လောကနှင့်မငြိမကပ် မစပ်မတွယ်ပြီ။

မြတ်သူအား ဖြစ်သော သေယျမာန်, သဒိသမာန်, ဟီနမာန်သုံးပါး၊ တူသူအားဖြစ်သော သေယျမာန်, သဒိသမာန်, ဟီနမာန်သုံးပါး၊ ယုတ်သူအားဖြစ်သော သေယျမာန်, သဒိသမာန်, ဟီနမာန် သုံးပါးအားဖြင့် မာန်ကိုးပါးကို ပယ်စွန့်ပြီးသော ခီဏာသဝရဟန်းသည် မာန်၏စွဲမှီရာ သေယျ, ဟီန, သဒိသ ဖြစ်သော သတ္တလောကကြီးနှင့်လည်း မငြိမကပ် မစပ်မတွယ်ပြီ။

ရာဂ၏အာရုံဖြစ်၍ ရာဂ၏ သွားနေကျ လမ်းကြောင်းသဘွယ် ဖြစ်သော တေဘူမက တရားတို့ကို ပိုင်းခြား၍ သိခြင်း ပယ်ခြင်းအားဖြင့် လွန်မြောက်ပြီးသော ရဟန်းသည် ထိုတေဘူမက လောကကြီးနှင့် ရာဂသွေးဆောင် အောင်သွယ်မှုမှ ကင်းလေပြီ။

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် လုံးအောင်ပိတ်၍ အဘိဇ္ဈာ ဒေါမနဿ ဝင်ခွင့်မရအောင် စောင့်ထိန်းသော ဣန္ဒြေရှင်ဖြစ်၍ ယဉ်ကျေးပြီးသော ရဟန်းသည် ရူပ, သဒ္ဒ အစရှိသော အာရုံလောကကြီးနှင့် တပ်မက်မှု ပြစ်မှားမှု အစွမ်းအားဖြင့် မစပ်မသွယ် မငြိတွယ်တော့ပြီ။ ကိလေသာ တည်းဟူသော

http://www.dhammadownload.com

၁၃။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သဒ္ဓါ၊ ရတနာသုံးပါးဌ် မတုန်မလှုပ် သက်ဝင် ယုံကြည်တတ်သော (မင်္ဂ၏အစွမ်းအားဖြင့် လာသော) သဒ္ဓါတရားလည်းရှိ၏။ သုတဝါ၊ ကြားနာအပ်ပြီးသော အာဂမသုတ, အဓိဂမသုတလည်းရှိ၏။ နိယာမဒဿီ၊ သမ္မတ္တနိယာမခေါ်သောမင်္ဂကို မဂ္ဂပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ထင်ထင် မြင်လည်းမြင်တတ်၏။ ဝဂ္ဂဂတေသု၊ အချင်းချင်း မညီမညွတ် ကွဲလွဲကြောင်းဖြစ်သော ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူသို့ ရောက်ကုန်သော (မိစ္ဆာအယူရှိကုန်သော)။ သတ္တေသု၊ သတ္တဝါတို့၌။ ဝါ၊ သတ္တဝါတို့သို့။ (ထည့်) ဝဂ္ဂသာရီ၊ ဝဂ္ဂခေါ်သော မိစ္ဆာအယူ၏ အစွမ်းအားဖြင့် သွားရောက်ဆည်းကပ် တတ်သည်လည်း။ န၊ မဟုတ်။ဓီရော၊ မဘေဘက်မပြန် မှုန်သောအနက်ကို ယူလည်း ယူတတ် သိလည်း သိတတ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ လောဘံ၊ လောဘကိုဌင်း။ ပဋိဃံ၊ စိတ်ကို ထိပါးနှိပ်စက်တတ်သော။ ဒေါသံ၊ ဒေါသကိုဌင်း။ ဝိနေယျ၊ ပယ်ဖျောက်ရာ၏။ သော ဘိက္ခု၊ မင်္ဂဖြင့်လာသော သဒ္ဓါပညာရှိသော ထိုရဟန်းသည်။ လောကေ၊ သုံးပါးသောလောကဌ်။ သမ္မာ၊ ကောင်းမွန်စွာ(သုံးပါးသော လောကနှင့် မငြိမကပ် မစပ်မဘွယ်အောင်)။ ပရိဗ္ဗဇေယျ၊ ကျင့်သည်မည်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ဆယ့်နှစ်ကြိမ်မြောက် ဖြေဆိုပြီ။

မီးအပူဖြင့်လောင်မြိုက်ခြင်းကင်းလျက် အအေးကြီးအေးပြီးဖြစ်သဖြင့် သဉ္ဇပါဒိသေသ ကိလေသပရိနိဗ္ဗာန် ဝင်စံခိုလှုံပြီးသော ရဟန်းသည် ကိလေသာအာဂုံဟူသော လောင်စာလောကကြီးနှင့် အဝေးကြီး ဝေးလေပြီ။

ငြိမ်ဝပ်သောစိတ်ကို လှုပ်ရှားစေတတ်သော ဇောခေါ်သည့် တဏှာတည်းဟူသော လှုံ့ဆော်ရေးသမားကို မင်္ဂဒါးဖြင့် ခုတ်ဖြတ်၍ အသေသတ်ပြီးသော အရိယာပုဂ္ဂိုလ်သည် တုန်လှုပ်ခြင်းမရှိ ပကတိသဘောဖြင့် တဏှာ၏ အာဂုံကာမဂုဏ် လောကကြီးနှင့် အဆက်ပြတ်လေပြီဟု ဆိုလို၏။

၁၃။ (က) တရားအလုံးစုံကို အမှန်ပိုင်ပိုင် ကိုယ်တိုင် သိနိုင်ခြင်း စသော မြတ်စွာဘုရား၏ ဂုဏ်၌ရင်း လက်ရှိဖြစ်အောင်ကျင့်လျှင် ဝဋ်ဒုက္ခမှ မုချထုတ်ဆောင်နိုင်ခြင်း စသော တရားတော်၏ ဂုဏ်၌ရင်း ထိုတရားတော်ကို လက်ရှိဖြစ်အောင် ကောင်းစွာကျင့်သဖြင့် ဝဋ်ဒုက္ခမှ လွတ်မြောက်ခြင်းစသော သံဃာ

http://www.dhammadownload.com

တော်၏ကုဏ်ဍ်ဍင်း သူပြောလူပြောမဟုတ် ကိုယ်တိုင်လက်တွေ့သိ၍ ယုံကြည်မှုဟူသော အဓိဂမ သဒ္ဓါတရားနှင့်လည်း ပြည့်စုံပေသော—

(ခ) မြတ်စွာဘုရား၏ ကျင့်စဉ် တရားဒေသနာကို နာယူမှတ်သား သင်ကြားပြီး၍ ဟောတတ် ပြောတတ်ရုံဖြင့် ရောင့်ရဲမှုမပြုဘဲ နာယူ မှတ်သားအပ်သည့်အတိုင်း မချွတ်မယွင်း လိုက်နာကျင့်ဆောင်၍ ကြားနာမှုကိစ္စကို အထွဋ်တိုင်စေသဖြင့် အကြားအမြင်နှစ်ပါးနှင့် ပြည့်စုံ၍ အာဂမသုတ, အဓိဂမသုတတို့၏ ပိုင်ရှင်လည်း ဖြစ်ပေသော—

(ဂ) သမ္မတ္တ=မဘောက်မပြန် မှန်သောသဘောဖြစ်၍ နိယာမ=ဖြစ်ပြီးသည့်နောက် ဘယ်သောအခါမှ မိမိ၏သဘောကို မစွန့်ဘဲ မြဲသောသတ္တိရှိသောကြောင့် (သမ္မတ္တနိယာမ) ခေါ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူသော မဂ်တရားတို့ကို မိမိစိတ်သန္တာန်၌ ပစ္စဝေက္ခဏာဉာဏ်ဖြင့် တပ်အပ် ထင်ထင်တွေ့မြင်ပြီးသည်လည်း ဖြစ်ပေသော—

(ဃ) အချင်းချင်း မညီညွတ်ဘဲ သဘောကွဲလွဲစေတတ်သောကြောင့် ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ဝဂ္ဂဟုခေါ်၏၊ ၎င်းမိစ္ဆာဒိဋ္ဌိသို့ ရောက်၍ မိစ္ဆာအယူရှိကြသော အယူသီးသူ လူအပေါင်းတို့ကို (ဝဂ္ဂဂတ) ဟု ခေါ်၏။

သဿတဝါဒ ၄-ပါး။
ကေစ္စသဿတဝါဒ ၄-ပါး။
အန္တာနန္တဝါဒ ၄-ပါး။
အမရာဝိက္ခေပဝါဒ ၄-ပါး။
အဓိစ္စသမုပ္ပန္နဝါဒ ၂-ပါး။
၎င်းတဆယ့်ရှစ်ပါးကို ပုဗ္ဗန္တာနုဒိဋ္ဌိဟု ခေါ်၏။
ဥဒ္ဓမာဃာတနိက သညီဝါဒ ၁၆-ပါး။
ဥဒ္ဓမာဃာတနိက အသညီဝါဒ ၈-ပါး။
ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒ ၈-ပါး။
ဥစ္ဆေဒဝါဒ ၇-ပါး။
ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါး။

http://www.dhammadownload.com

၁၄။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သံသုဒ္ဓဇီနော၊ အညစ်အကြေးမှ လွန်စွာကင်းဝေးစင်ကြယ်ကြောင်းဖြစ်၍ သံသုဒ္ဓမည်သောအရဟတ္တမဂ်စိန်လက်နက်ဖြင့် ကိလေသာအဘွင်းရန်ကို တွန်းလှန်အောင်မြင် အောင်ပွဲလည်း ဆင်တော်မူနိုင်၏။ ဝိဝဋ္ဋဆဒေါ၊ ဖွင့်လှစ်ဖောက်ဖျက် အပ်ပြီးသောရာဂ,ဒေါသ,မောဟ တည်းဟူသော အမိုးအဖုံးလည်းရှိဘော်မူ၏။ (သုတ္တနိပါဘ် အဋ္ဌကထာအလို) ဝါ၊ (၁) ဆိုးရွဲ့သို့ တပ်စွမ်းစွဲငြိခြင်းသဘောရှိသောရာဂ၊ (၂) ဒေါသ (၃) မောဟ (၄) မာန (၅) ဒိဋ္ဌိ (၆)ဝိစိကိစ္ဆာစသော ကိလေသာ (၇) အဝတ်မပြေခြင်း သဘောရှိသော တဏှာဘည်းဟူသောခုနစ်ပါးသော အမိုးအကာကို ဖွင့်လှစ်ဖောက်ဖျက်နိုင်ပါပေ၏။

ဌင်းလေးဆယ့်လေး(၄၄)ပါးကို အပရန္တာနုဒိဋ္ဌိဟု ခေါ်၏၊ နှစ်ရပ်ပေါင်းမိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး ဖြစ်၏။ ထိုအယူ ခြောက်ဆယ့်နှစ်ပါးကို အသီးအသီး ကြိုက်နှစ်သက်သူ လူအစုအသင်းလည်း ခြောက်ဆယ့်နှစ်သင်း ဖြစ်၏။ ထိုခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာ အယူဝါဒတွင် တပါးပါးသော အယူဝါဒရှိသူသည် ထိုအသင်းခြောက်ဆယ့်နှစ်ပါးတွင် တပါးပါးသော အစုအသင်းသို့ သက်ရောက်ဆည်းကပ်သည် မည်၏။ ဤ ခီဏာသဝရဟန်းသည် ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဝါဒကို အကြွင်းမဲ့ ပယ်စွန့်ပြီးဖြစ်၍ အယူတူပြုသောအားဖြင့် မည်သည့် အစုအသင်းတခုခုဌသော်မှ မပါဝင်တော့ပြီ၊ ဤသို့လျှင် ခြောက်ဆယ့်နှစ်ပါးသော အစုအသင်း ဂိုဏ်းဂဏမှ အလွတ်ဖြစ်၍ အရိယာ လက္ခဏာဂိုဏ်းဝင်လည်း ဖြစ်ပေသော—

(ဂ) လောဘ, ဒေါသ, မောဟတို့ကို ပယ်စွန့်ပြီး၍ အရိယာမဂ်ပညာဖြင့် သစ္စာလေးချက် အနက်သဘောကို မဘောက်မပြန် အမှန်အားဖြင့် သိလည်း သိပေတတ်သော—

ဤသည့် ဆိုခဲ့ပြီးဂုဏ်နှင့်ပြည့်စုံသော ရဟန်းသည် မည်သည့် လောကကြီးနှင့်မျှ ရောနှောစပ်ယှက် ပေါင်းဘက်ခြင်းမရှိ၊ လောကကြီး၏ ထိုမှာဘက်ကမ်းဌ်တည်တော့၏ ဟူသတည်း။

၁၄။ အရဟတ္တမဂ်ဉာဏ်တည်းဟူသော စိန်လက်နက်ကို ကိလေသာတည်းဟူသော အညိုအစေး သံချေးတို့ လိမ်းကျံ ကပ်ငြိခြင်းမရှိဘဲ ပြောင်ပြောင်လက်လက် အရောင်ထွက်သောကြောင့် သံသုဒ္ဓဟု ခေါ်၏။ ဌင်းစိန်လက်နက်ကို စွဲကိုင်လျက် တထောင့်ငါးရာ ကိလေသာဗိုလ်ထုကို တိုက်ပွဲဆင်ထာဌ် အောင်ပွဲ

http://www.dhammadownload.com

ရသော ခီဏာသဝရဟန်းသည် သံသုဒ္ဓဇန မည်၏။ သတ္တဝါတို့၏ စိတ်အစဉ်ကို ဖုံးအုပ်မြေးယှက် ရစ်ပတ်လျက်တည်သဖြင့် ကုသိုလ်ဖြစ်ခွင့်မရအောင် ပိတ်ဆို့ကာဆီးတတ်သော ရာဂ ဒေါသ မောဟ (သို့မဟုတ်) ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ကိလေသာ တဏှာ (သို့မဟုတ်) ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ အဝိဇ္ဇာဒုစ္စရိတတို့ကို (ဆဒ) အမိုး အဖုံးဟု ခေါ်၏၊ ၎င်းအမိုး အဖုံး သုံးပါး ခုနစ်ပါးကို မဂ်ဉာဏ်ဖြင့် ထိုးလှန် ဖွင့်ဖောက်ပြီးသော ရဟန်းသည် ဝိဝဋ္ဋစ္ဆဒ မည်၏။

လောကီကုသိုလ် စေတနာ ၁၇ အကုသိုလ်စေတနာ ၁၂-သည် ကမ္မဝဋ္ဋ မည်၏၊ လောကီဝိပါက် ၃၂-သည် ဝိပါကဝဋ္ဋ မည်၏၊ ထိုသုံးပါးသောဝဋ္ဋမှ ကင်းပြီးသောရဟန်းသည် ဝိဝဋ္ဋ မည်၏။ ၇-ပါးသော အမိုးမှ ကင်းပြီးသော ရဟန်းသည် ဝိစ္ဆဒ မည်၏။ မဂ်ဉာဏ်ဖြင့် မိမိသိအပ်ပြီးသော သစ္စာလေးပါး တရားကို မိမိသိတိုင်းသော အခြင်းအရာမှ တပါးတခြားသော အနေဖြင့် ချွတ်ယွင်းပြောင်းလွှဲလာအောင် မည်သည့်တန်ခိုးရှင် လူ နတ် ဗြဟ္မာသော်မှ မတတ်နိုင်လောက်အောင် နိုင်နင်းစွာ လေ့လာပြီးသော ရဟန်းသည် သစ္စာလေးပါး၌ ဝသီဘော်ပေါက်၍ တမ်းခွန်ဆောက်နိုင်သော ရဟန်း မည်၏။

သံသရာ၏ ထိုမှာဘက်ကမ်း ဘေးဘျမ်းမရှိရာ နိဗ္ဗုတာစခန်း၌ အောင်ပန်းခူးယူသည့် ပါရဂူအရှင်လည်း ဖြစ်၏၊ တဏှာဆိုသည့် လုံ့ဆော်ရေး သမားကို လက်ခံမွေးမြူထားခဲ့လျှင် တဘုံမှ တဘုံ တအာရုံမှ တအာရုံသို့ တဆွေ့ဆွေ့ခုန်လျက် တုန်လှုပ်ချောက်ချား ပြေးသွား ကျင်လည်ရလေ၏။ သူ၏လုပ်ချက် သူ့စနက်ကြောင့် ငြိမ်သက်စွာ မနေရဘဲ တကမ္ဘာလုံး အုံးအုံးကြွက်ကြွက် ဆူပွက်လျက် ရှိလေ၏။ ဤသည့် ရဟန်းပုဂ္ဂိုလ်ကျော်ကား ထိုလုံ့ဆော်ရေးသမားကို အနားကပ်မခံ ပြင်းပြင်းထန်ထန် အရေးယူလျက် မျက်ခြေမပြတ် ဝိပဿနာဉာဏ် မဂ်ဉာဏ်တည်းဟူသော လက်နက်ဖြင့် အကြိမ်ကြိမ် အထပ်ထပ် ပစ်ခတ်ခြေမှုန်းပြီးသည်ဖြစ်၍ အုံးအုံးကြွက်ကြွက် ဆူပွက်သော လောကကြီးမှ လွတ်မြောက်သောကြောင့် အနေဇ ဟူသော ဘွဲ့တံဆိပ်ကို ခံယူရလေ၏။

ဆိုင်ရာဆိုင်ရာ အကြောင်းဝတ္ထုတို့ ပေါင်းစုဆုံဆည်းမှု ဖြစ်လာ ပေါ်လာတတ်သော သဘောစုသည် သင်္ခါရမည်၏။ ၎င်းတို့၏ အကြောင်းစု မဆုံဆည်းသဖြင့် ဖြစ်ခွင့်မရဘဲ ချုပ်ငြိမ်း ကွယ်ပျောက်ရာ အသင်္ခတဓာတ်သည် သင်္ခါရနိရောဓမည်၏။ ၎င်းအသင်္ခတဓာတ်ကို သစ္ဆိကိရိယာဘိသမယအားဖြင့် မျက်မှောက်ထင်ထင် မြင်တတ်သော မဂ်ဉာဏ်သည် သင်္ခါရနိရောဓဉာဏမည်၏၊ ၎င်းမဂ်ဉာဏ်ကို သောတာပတ္တိမဂ်ဉာဏ် တကြိမ်, သကဒါဂါမိမဂ်ဉာဏ် တကြိမ်,

http://www.dhammadownload.com

(ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိကိလေသ တဏ္ဍာသခ်ါတံ ဆဒနံ အာဝ ရဏံ ဝိဝဋံ ဝိဒ္ဓံသိတံ ဝိဝဋကံ ဧတေနာဘိ ဝိဝဋစ္ဆဒေါ ဟူသော မဟာပဒါန သုတ် အဋ္ဌကထာအလို)ဝါ၊ (၁) ရာဂ (၂) ဒေါသ (၃) မောဟ (၄) မာန (၅) ဒိဋ္ဌိ (၆) အဝိဇ္ဇာ (၇) ဒုစ္စရိတ တည်းဟူသော ခုနစ်ပါးသော အမိုးအကာကို ဖွင့်လှစ်ဖောက်ဖျက်နိုင်ပါပေ၏။ ဝါ၊ ကမ္မဝဋ် ဝိပါကဝဋ် ကိလေသာဝဋ်မှလည်းကင်း, ခုနစ်ပါးသော အမိုးအကာမှလည်း ကင်းတော်မူပါပေ၏။ (ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ အဝိဇ္ဇာ ဒုစ္စရိတ ဆဒနေဟိ သတ္တဟိ ပဋိစ္ဆန္နေ ကိလေသန္ဓကာရေ လောကေ တံ ဆဒနံ ဝိဝဋ္ဌေတွာ သမန္တ-တော သဉ္ဇာတာလောကော ဟုတွာ ဌိတော ဝါ ဝိဝဋ္ဌေစ္ဆဒေါ၊ အထဝါ ဝိဝဋ္ဌော စ ဝိစ္ဆဒ္ဒေါ စာဘိ ဝိဝဋ္ဌစ္ဆဒ္ဒေါ၊ ဝဋ္ဌရဟိတော ဆဒ္ဒနရဟိတော စာတိ ဝုတ္တံ ဟောဘိ-ဟူသော အမ္ဗဋ္ဌသုတ် အဋ္ဌကထာအလို ဤနောက်နည်းအလို ဝိဝဋ္ဌဟု သဒိသဒ္ဒေးဘော်နှင့် ရှိမှသင့်မည်။) ဓမ္မေသု၊ သစ္စာလေးပါးတရား တို့၌။ ဝသီ၊ နိုင်နင်းစွာလေ့လာပြီးသော အစွမ်းသတ္တိလည်းရှိပါပေ၏။ပါရဂူ၊ သဥပါဒိသေသ နိဗ္ဗာနဓာတ် တည်းဟူသော တဘက်ကမ်းသို့လည်း ဆိုက်ရောက်တော်မူပေ၏။ အနေဇော၊ သတ္တဝါတို့၏စိတ်ကိုတုန်လှုပ်စေတတ်သော ဇောခေါ်သောတဏ္ဍာမှလည်း ကင်းဝေးတော်မူပေ၏။ သခ်ါရနိရောဥောဏ-ကုသလော၊ သခ်ါရတို့၏ ချုပ်ရာ နိဗ္ဗာန်ကိုသိတတ်သော အရိယမဂ်ဉာဏ် အရာ၌ လေးကြိမ်တိုင်တိုင် ပွါးခဲ့ပြီးသည်ဖြစ်၍ လိမ္မာကျွမ်းကျင်လည်း လိမ္မာ ကျွမ်းကျင်လှပေ၏။ သော ဘိက္ခု၊ ထိုသည့်အလုံးစုံသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော ရဟန်းသည်။ လောကေ၊ လောကကြီး၌။ သမ္မာ၊ ကောင်းမွန်စွာ၊ ပရိဗ္ဗဇေယျ၊ ကျင့်ဆောင်နိုင်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ တဆယ့်သုံးကြိမ်မြောက်ဖြေဆိုပြီ။

အနာဂါမိမဂ်ခဏ၌ တကြိမ်, အရဟတ္တမဂ်ခဏ၌ တကြိမ် အားဖြင့် လေးကြိမ်တိုင်တိုင် လက်ကိုင်ပြုခဲ့ရသဖြင့် ၎င်းမဂ်ဉာဏ်အရာ၌ လိမ္မာကျွမ်းကျင်ပြီးသော အရိယာရဟန်းတော်သည် သခ်ါရနိရောဓ ဉာဏကုသလမည်၏။ ဤသို့လျှင် ဆိုခဲ့ပြီးသော ဘွဲ့မည်အထူး ဂုဏ်ကျေးဇူးရှိသော ရဟန်းသည် ဤလောကကြီး အပေါ်၌ မချော်မချွတ် ကျင့်ဝတ်ပြေလည်၍ လောကထောင်တွင်း နှောင် အကျဉ်းမှ ရှောင်ကွင်းထွက်မြောက်ရလေတော့၏ဟု ဆိုလို၏။

http://www.dhammadownload.com

၁၅။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အတိတေသု စ၊ ဖြစ်ပြီး၍ပျက်စီးသည့် အစုမ်းအားဖြင့် လွန်ခဲ့ကုန်ပြီးသော အတိတ်ခန္ဓာ ငါးပါးဝို့ဦး။ အနာဂတေသု စာပိ၊ ဖြစ်ခြင်းဆို မရောက်ကုန်သေးသော ပစ္စုပ္ပန်ခန္ဓာငါးပါး အနာဂတ်ခန္ဓာငါးပါးဝို့ဦး။ ကပ္ပါတီတော၊ ငါဘဲ ငါ့ဦးစွာဘဲဟု ကြံစည်တတ်သော တဏှာဒိဋ္ဌိဝို့ ကျော်လွန်နိုင်၏။ ကပ္ပါဝိတတ္တာ၊ ငါ ငါ့ဦးစွာဟူ၍ ကြံစည်တတ်သော တဏှာဒိဋ္ဌိဝို့ ကျော်လွန်ခြင်းကြောင့်။ (ထည့်) အဝိဘ်၊ အဝိဘ် အနာဂတ် ပစ္စုပ္ပန် သုံးတန်သော အဓွန့်ဝို့ ကျော်လွန်၍။ သုဒ္ဓိပညော၊ အလွန်စင်ကြယ်သော အရဟတ္တမဂ်ပညာလည်းရှိ၏။ သုဒ္ဓိပညတ္တာ၊ အလွန်စင်ကြယ်သော အရဟတ္တမဂ်ပညာရှိသည်၏ အဖြစ်ကြောင့်။ (ထည့်) သဗ္ဗာယတနေဟိ၊ အလုံးစုံတဆယ့်နှစ်ပါးသော အာယတနတရားဝို့မှ။ ဝိပ္ပမုဉ္စော၊ ကင်းရှင်းကျွတ်လွတ်တော်မူ၏။ သော ဘိက္ခု၊ ငါးခန္ဓာဝို့၌ တဏှာဒိဋ္ဌိဖြင့် ကြံစည်ခြင်းကင်းသည်ဖြစ်၍ ယုံမှားမဝင် စင်ကြယ်သန့်ရှင်းသော မဂ်ပညာရှိသည့်အဘွဲ့ တဆဲ့နှစ်ချက်သော အာယတနတို့မှ ကင်းရှင်းကျွတ်လွတ်သော ထိုရဟန်းသည်။ လောကေ၊ အာယတန လောကဋ္ဌ။ သမ္မာ၊ ကောင်းမွန်စွာ။ ပရိဗ္ဗဇေယျ၊ ကျင့်သည်မည်ရာ၏။ ဤသို့။ ဝိဿဇ္ဇေသိ၊ တဆယ့်ခုလေးကြိမ်မြောက် ဖြေဆိုပြီ။

၁၅။ တဏှာဒိဋ္ဌိတရားနှစ်ပါးသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာတို့၌ ငါဟူ၍ရင်း ငါ့ဦးစွာ ငါဟာဟူ၍ရင်း ကြံစည်တတ်သောကြောင့် (ကပ္ပ)မည်၏။ ထိုကပ္ပမည်သော တဏှာဒိဋ္ဌိနယ်ပယ်မှ မလွန်မြောက်နိုင်ဘဲ တဏှာဒိဋ္ဌိနယ်ပယ်တွင် ကျင်လည်ရသော ပုထုဇဉ်သတ္တဝါတို့သည် ခန္ဓာလောကကြီးကို ငါမဟုတ်ဘဲ ငါဟု မှတ်ထင်ခြင်း "ငါ့ဟာ မဟုတ်ဘဲ ငါ့ဟာဟု စွဲလမ်းခြင်းအားဖြင့် ခန္ဓာလောကကြီးနှင့် ငြိတွယ် ဆက်သွယ်လျက် ရှိသောကြောင့် ခန္ဓာလောကမှ လွတ်မြောက်ရာ သုခရိပ်မြုံ နိဗ္ဗာန်ဘုံ၌ ခိုလှုံနိုင်ခွင့် မရှိကုန်၊ ထိုဘဏှာဒိဋ္ဌိနယ်ပယ်ကို လွန်မြောက်ပြီးသော ဤရဟန်းသည်ကား ခန္ဓာလောကကြီးကို ငါ ငါ့ဟာ ဟု ကြံစည်ခြင်းကင်းသဖြင့် လောကကြီးမှ လွတ်မြောက်၍ ခန္ဓာနှင့်စပ်သော ဒုက္ခခပ်သိမ်း ကင်းငြိမ်းလေတော့၏။

ပဋ္ဌိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး၏ အစိတ်အင်္ဂါဆဲ့နှစ်ဖြာတွင် အဝိဇ္ဇာ သင်္ခါရဟူသော အစိတ်အင်္ဂါ နှစ်ပါးသည် အတိတ်အဓွန့်မည်၏။ ဝါ၊ အတိတ်ကာလ

http://www.dhammadownload.com

၁၆။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ပဒံ၊ ဉာဏ်ဖြင့် ရောက်အပ်သိအပ်သည်၏အဖြစ်ကြောင့် ပဒမည်သော တခုစီ တခုစီသော သစ္စာကိုး။ အညာယ၊ မဂ်သို့မရောက်မီ ရှေးအဘို့၌ ဤသည်ကား ဒုက္ခ ဤသည်ကား သမုဒယ ဤသည်ကား နိရောဓ ဤသည်ကား မဂ္ဂ ဟု သစ္စဝေတ္ထာပန ပညာဖြင့် တသန့်စီ တသန့်စီသိ၍။ ဓမ္မံ၊ အပေါင်းဖြစ်သော သစ္စာလေးပါးတရားကိုး။ သမေစ္စ၊ မဂ်ဉာဏ်ဖြင့် အာရမ္မဏပဋိဝေဓ ကိစ္စပဋိဝေဓ အားဖြင့် တပြိုင်နက်ချင်း ကောင်းစွာသိ၍။ အာသဝါနံ၊ အာသဝေါတရားဝို့ကို။ ပဟာနံ၊

မည်၏(ဓမ္မမှ လွတ်သော ကာလမည်သည် မရှိ)။ ဇာတိ, ဇရာ မရဏ ဟူသော အစိတ်အင်္ဂါနှစ်ပါးသည် အနာဂတ် အဓွန့် မည်၏။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ ဟူသော အစိတ်အင်္ဂါ ရှစ်ပါးသည် ပစ္စုပ္ပန်အဓွန့်မည်၏။ ထိုသို့ အဓွန့်သုံးပါးဖြင့် ပိုင်းခြားအပ်သော ပဋိစ္စသမုပ္ပါဒ် အင်္ဂါတဆဲ့နှစ်ရပ်၌ အကြောင်းဟုတ်လေသလော မဟုတ်လေသလော အကျိုးဟုတ်လေသလော မဟုတ်လေသလော ဟု ယုံမှား တွေးတောခြင်းမှကင်းသောသူကို အဓွန့်သုံးပါးကို ကျော်လွန်သည်ဟု ဆိုအပ်၏။

ထိုအဓွန့်သုံးပါးကို ကျော်လွန်ခြင်းကြောင့် အလွန်စင်ကြယ်သော အရဟတ္တမဂ်ပညာနှင့် ပြည့်စုံသော ရဟန်းသည် ဝိသုဒ္ဓိပည မည်၏။ ထိုဝိသုဒ္ဓိပညာနှင့် ပြည့်စုံခြင်းကြောင့် အာယတန တဆဲ့နှစ်ပါး တည်းဟူသော သံသရာနယ်ခွဲသမားတို့ကို နယ်ခွဲသမားဟု ပိုင်းပိုင်းခြားခြား သိ၍ နယ်ခွဲတို့နှင့် အဆက်အသွယ် တဏှာနယ်ကို ဖြတ်လျက် နယ်ခွဲစက်ရိပ်မှ ကင်းရှင်းအောင် ရုန်းထွက်နိုင်၏။ ထို့ကြောင့် အာယတန နယ်ခွဲလောကကြီးနှင့် မစပ်မသွယ် မငြိထွယ်တော့ဘူးဟု ဆိုလို၏။ (အာယတံ သံသာရဒုက္ခံ နယတိ ပဝတ္တတိတိ အာယတနံ ဟူသည်ကို မှီ၍ အာယတနကို နယ်ခွဲဟု ဆိုသည်)။

၁၆။ မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရော ပဒါ-ဟူသော ဓမ္မပဒ မဂ္ဂဝဂ်၌ လာသော ဒေသနာတော်နှင့်အညီ လေးပါးသော သစ္စာတို့တွင် တခုတခုသော သစ္စာသည် အဘို့အစု ဟူသော အနက်(ကောဋ္ဌာသတ္ထ)အားဖြင့်ဂုဏ်းသိအပ် ရောက်အပ်သော အနက်(ပဋိတမ္ဘတ္ထ)အားဖြင့်ဂုဏ်း ပဒမည်၏၊ ထိုပဒခေါ်သော သစ္စာလေးပါးဘင် ဤသည်ကား ဒုက္ခ, ဤသည်ကား သမုဒယ, ဤသည်ကား ဒုက္ခနိရောဓ, ဤသည်ကား ဒုက္ခနိရောဓဂါမိနိပဋိပဒါ(မဂ္ဂ)တည်း

http://www.dhammadownload.com

ပယ်ရာပယ်ကြောင်းဖြစ်သော နိဗ္ဗာန်ကို။ ဝိဝဋ်၊ ပွင့်ပွင့်လင်းလင်း ထင်ရှားစွာ။ ဒိသွာန၊ ရှစ်ပါးသော ပစ္စဝေက္ခဏာ ဉာဏ်ဖြင့်သိ၍။ သဗ္ဗုပဓိနံ၊ ခန္ဓုပဓိ ကာမုပဓိ ကိလေသုပဓိ အဘိသင်္ခါရုပဓိ အားဖြင့် လေးပါးအပြားရှိကုန်သော အလုံးစုံသော ဥပဓိဘို၏။ ပရိက္ခယာနော၊ ကုန်ခြင်းကြောင့်သာလျှင် (နနော သမံ အတ္ထိ ကဲ့သို့ အဝဓာရဏတ္ထ)။ နသဇ္ဇတိ၊ တစုံတခုသော အာရုံ၌ မငြိကပ်တတ်။ သော ဘိက္ခု၊ ထိုဥပဓိလေးပါး ကုန်ခန်းစေနိုင်သော ရဟန်းသည်။ လောကေ၊ ခန္ဓာစသောလောက၌။ သမ္မာ၊ ကောင်းမွန်စွာ။ ပရိဗ္ဗဇေယျ၊ ကျင့်သည်မည်ရာ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကတိ ရှင်တော်ဘုရားက တဆယ့်ငါးကြိမ်တိုင်အောင် ဖြေဆိုပြီ။

၁၇။ ဘဂဝါ၊ ပကဘိအား ကိုယ်ထင်ရှားသည့် ရှင်တော်မြတ်ဘုရား။ ယံ ဝစနံ၊ "ယဿ မင်္ဂလာ သမူဟတာ" အစရှိသော အကြင်စကားတော်

ဟူ၍ ဆရာ၏ အထံ၌ သင်ယူခြင်း (ဥဂ္ဂဟပဋိဝေဓ)ဉာဏ်, အနက်သဘောကို အထပ်ထပ်မေးမြန်းခြင်း(ပရိပုစ္ဆာပဋိဝေဓ)ဉာဏ် ကြားနာခြင်း(သဝနပဋိဝေဓ) ဉာဏ်, အာဂုံနှုတ်တက် ဆောင်ရွက်ခြင်း (ဓာရဏပဋိဝေဓ)ဉာဏ်, အနိစ္စ, ဒုက္ခ, အနတ္တ ဟု သုံးသပ်ခြင်း (သမ္မသနပဋိဝေဓ)ဉာဏ် တည်းဟူသော (သစ္စဝဝတ္ထာပန)ဉာဏ်ဖြင့် အသီးအသီး တသန့်စီတသန့်စီ သိအပ်၏၊ ထိုတွင် နိရောဓသစ္စာ မဂ္ဂသစ္စာနှစ်ပါးကို(သဝနပဋိဝေဓ)ဉာဏ်ဖြင့်သာ သိအပ်၏၊ ဒုက္ခသမုဒယနှစ်ပါးကိုမူကား(ဥဂ္ဂဟပဋိဝေဓ)စသော ငါးပါးလုံးဖြင့် သိအပ်၏၊ ထို(ဥဂ္ဂဟပဋိဝေဓ) စသော ဉာဏ်ငါးပါးကို—

အပရာနိပိ စတ္တာရိ ဉာဏာနိ ဒုက္ခေ ဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခနိရောဓေ ဉာဏံ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ။

ဟူ၍ ဒီဃနိကာယ် ပါထိယဝဂ် သင်္ဂီတိသုတ် အစရှိသည်၌ ဟောတော်မူ၏။

ဤနည်းဖြင့် သစ္စာလေးပါးကို သိပြီးနောက်၌ ဘာဝနာအဆင့်ဆင့်ရင့်သန်ပြီးလျှင် အရိယမင်္ဂဉာဏ်ဖြင့် ဒုက္ခ, သမုဒယ, မဂ္ဂသစ္စာတို့ကို (ကိစ္စပဋိဝေဓ) အားဖြင့် နိရောဓသစ္စာကို (အာရမ္မဏပဋိဝေဓ) အားဖြင့် တပြိုင်နက် တခဏချင်း ကောင်းကောင်းကြီး သိနိုင်၏။

ဤ၌ (ကိစ္စပဋိဝေဓ) ဟူသည်ကား (ဥဂ္ဂဟပဋိဝေဓ) ဉာဏ်စသော ငါးပါးသော ပုဗ္ဗဘာဂ သစ္စဝဝတ္ထာပနဉာဏ်တို့၏ အလုပ်ဖြစ်သော ဒုက္ခ၌ ပိုင်းခြား၍

http://www.dhammadownload.com

"သမ္မာ သော လောကေ ပရိပ္ပဇေယျ" ဟူသော အကြင်စကားတော်များကို။ တုံ့၊ ပကာဘိရှင်တော်ဘုရားသည်။ အဝစ၊တဆယ့်ငါးဖြာ ဂါထာအပေါင်းဖြင့် ငြိမ့်ညောင်းသာယာ ဖြေဆိုဟောပြတော်မူပါ၏။ (အနိယမဝါကျထည့်) စတဲ့ ဝစနံ၊ ဖြေဆိုဖွင့်ပြ ထိုဟောသမျှသော စကားတော်သည်။ အဒ္ဓါ ဟိ၊ စင်စစ်မုချ ကံသအားဖြင့်။ တထေဝ၊ ထိုဖြေဆိုဟောပြဘိုင်းသော အနက်သဘောရှိသည် ဖြစ်၍ မှန်ကန်လှပါသည်သာလျှင်။ ဟောတိ၊ဖြစ်ပါ၏။ကသ္မာ၊ အဘယ်အကြောင်းကြောင့်။ တဇထေဝ၊ ထိုဖြေဆိုဟောပြဘိုင်းသော အနက်သဘောရှိသည်ဖြစ်၍ မှန်ကန်လှသည်သာလျှင်။ ဟောတိ၊ ဖြစ်ပါသနည်း။ ယသ္မာ၊

သိခြင်းကိစ္စ သမုဒယဋ္ဌ ပယ်ခြင်းကိစ္စ မဂ္ဂဋ္ဌ ပွါးခြင်းကိစ္စတို့သည် ဤမဂ်ဖြစ်ရာ ခဏဋ္ဌသာ အပြီးအဆုံးသို့ ရောက်ခြင်းကြောင့် ၎င်းဖြစ်ဆဲမဂ်၏ အလုပ်ကိစ္စပင် ဆိုရ၏။ ၎င်းဖြစ်ဆဲမဂ်၏ အလုပ်ကိစ္စကို ပြီးစေခြင်းသည် (ကိစ္စပဋိဝေဓ) မည်၏။

ထိုသို့ သစ္စာလေးပါးကိုသိပြီးနောက်ဋ္ဌ(အာသဝက္ခယ)ဟုခေါ်သော နိဗ္ဗာန်ကို မဟာကုသိုလ် ဉာဏသမ္ပယုတ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်ရှစ်ပါးနှင့် ယှဉ်သော ပစ္စဝေက္ခဏာဉာဏ်ဖြင့် အပိတ်အဆီးမရှိ ထင်ထင်လင်းလင်းမြင်အောင် ရှုနိုင်၏။ ထိုသို့ မြင်ခြင်းကြောင့် ဥပမိ လေးပါးတို့ကို ကုန်စေနိုင်သော ရဟန်းသည် ခန္ဓဒိလောကဋ္ဌ မကပ်မငြိဘဲ ခန္ဓဒိလောကမှ ကျွတ်လွတ်ထွက်မြောက်လေ၏ဟု ဆိုလို၏။

ဤဋ္ဌ ခန္ဓာ ငါးပါး ကာမဂုဏ် ငါးပါး ကိလေသာဆယ်ပါး အဘိသင်္ခါရသုံးပါးတို့ကို ဒုက္ခအပေါင်း၏ တည်ရာဖြစ်ခြင်းကြောင့် ဥပမိဟု ခေါ်၏။

ဥပမိတရား ၄-ပါး

(၁) ခန္ဓုပမိ, ဒုက္ခ၏တည်ရာ ခန္ဓာငါးပါး၊

(၂) ကာမုပမိ, ဒုက္ခ၏တည်ရာ ကာမဂုဏ်ငါးပါး၊

(၃) ကိလေသုပမိ, ဒုက္ခ၏တည်ရာ ကိလေသာဆယ်ပါး၊

(၄) အဘိသင်္ခါရုပမိ, ဒုက္ခ၏တည်ရာ အဘိသင်္ခါရသုံးပါး၊

ဤသို့အားဖြင့် ဥပမိတရား လေးပါးတည်း။

http://www.dhammadownload.com

အကြင်အကြောင်းကြောင့်။ (ထည့်သည်ချည်း) ဧဝံဝိဟာရီ၊ ဤသို့ ဒိဋ္ဌ မင်္ဂလာစသည်တို့ကို ပယ်နုတ်ဖြုတ်ချခြင်း လူနတ်အာရုံ ကာမဂုဏ်တို့၌ ရာဂကို ကို ပယ်ဖျောက်ခြင်း အစရှိသော အကျင့်ဖြင့် နေလေ့ရှိသော။ ယော သော ဘိက္ခု၊ အကြင်တဆဲ့ငါး ဂါထာတို့ဖြင့် ပြအပ်သော ထိုရဟန်းသည်။ ဒန္တော၊ အရိယလောက၌ အယဉ်ကျေးဆုံးဖြစ်သော အကျင့်ဖြင့် ယဉ်ကျေးသော ဣန္ဒြေရှိ၏။ သဗ္ဗသံယောဇနယောဂဝိတိဝတ္တော၊ အလုံးစုံ ဆယ်ပါးသော သံယောဇဉ် လေးပါးသော ယောဂဘို့ကို လွန်မြောက်ပြီးဖြစ်ပေ၏။ သော ဘိက္ခု၊ ဣန္ဒြေ ယဉ်ကျေးမှုအရာ၌ အထွဋ္ဌတင်ပြီး၍ သံယောဇဉ်ဆယ်ပါး ယောဂလေးပါးဘို့ကို လွန်မြောက်ပြီးသော ထိုရဟန်းသည်။ လောကေ၊ အလုံးစုံသော လောကကြီး၌။ သမ္မာ၊ အကောင်းဆုံးဖြစ်သော အကျင့်အား ဖြင့်။ ပရိဗ္ဗဇေယ္ယ၊ ကျင့်စွမ်းနိုင်ရာပါပေ၏။ တသ္မာ၊ ထိုအကြောင်းကြောင့်။ ဧတံ ဝစနံ၊ ရှင်တော်ဘုရား ဟောကြားအပ်သမျှသော ထိုစကားတော်သည်။ အဒ္ဓါဟိ၊ စင်စစ်မုက္ခ္ပ ဧကံသအားဖြင့်။ တထေဝ၊ ထိုဖြေဆိုဟောပြဝိုင်း သော အနက်သဘောရှိသည်ဖြစ်၍ မှန်လှပါသည်သာလျှင်။ ဟောတိ၊ ဖြစ်ပါ ပေ၏။ ဣတိ၊ ဤသို့။ ဝါ၊ ဤအဆုံးဂါထာဖြင့်။ ထောမေသိ၊ နိမ္မိတ ဘုရားရှင် က ဂုဏ်အင်ပွါးလူး ချီးကြူးတော်မူပြီ။ ဣတိ၊ ဤကား သမ္မာပရိဗ္ဗာဇနီယ သုတ်အပြီးတည်း။ (အဓိပ္ပါယ် ပေါ်လွင်ပြီ)။

တေရသမံ၊ သုတ္တနိပါတ် စူဋ္ဌဝဂ်တွင် တဆယ့်သုံးသုတ်မြောက် ဖြစ်သော။ သမ္မာပရိဗ္ဗာဇနီယသုတ္တံ၊ သမ္မာပရိဗ္ဗာဇနီယ အမည်ထူးရှိသော မဟာသမယ သုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

http://www.dhammadownload.com

ပုရာဘေဒသုတ် နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဂေါဘမ၊ ဂေါဘမနွယ်ဘွား အို....အရှင်မြတ်ဘုရား။ ကထံဒဿီ၊ အဘယ်သို့သော ပညာနှင့် ပြည့်စုံသည်လည်း ဖြစ်သော။ ကထံသီလော၊ အဘယ်သို့သော သီလနှင့် ပြည့်စုံသည်လည်း ဖြစ်သော။ နရော၊ ယောကျ်ားကို။ ဥပသန္တောတိ၊ ကိလေသာအပူဘေးမှ ငြိမ်းအေးသော ယောကျ်ားဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုပညတ် သမုတ်အပ်ပါသနည်း။ ဥတ္တမံ၊ ကဲလွန် မွန်မြတ်လှပေသော။ တံ နရံ၊ ထိုယောကျ်ားကို (ဥတ္တမံ ဝရံ ဟု စာမူအချိုရှိ၏။ မဟာနိဒ္ဒေသ ပါဠိတော်နှင့်မညီ)။ မေ၊ နိမ္မိတကိုယ်စားငါဘုရားသည် (ငါဘုရားက)။ ပုစ္ဆိတော၊ မေးလျှောက်အပ်သော (အမေးခံရသော)။ တွံ၊ အသျှင်ဘုရားသည်။

၁။ တသောင်းသော စကြဝဋ္ဌာတို့မှ လာကုန်သော နတ်ဗြဟ္မာတို့၏ ပေါင်းစု စည်းဝေးရာဖြစ်၍ ကြီးစွာသော စကြဝဋ္ဌာ ကမ္ဘာ့ အစည်းအဝေး ကြီး၌ ဥက္ကဋ္ဌိးစီး ပွဲမှူးကြီး ဖြစ်တော်မူသော ဘုရားရှင်သည် ရာဂသဘော ထူပြောများပြားကုန်သော နတ်တို့အား လျော်ကန်သင့်မြတ်သော ဒေသနာတော်အားဖြင့် တရားဟောတော်မူခြင်းငှါ နိမ္မိတဘုရားရှင်ကမေး ကိုယ်တော်ကဖြေလျက် သမ္မာပရိဗ္ဗာဇနီယသုတ်ကို ဟောတော်မူသည့်နည်းတူ (ကိန္နု ခေါ ပုရာ သရီရဘေဒေါ ကတ္တဗ္ဗံ) မသေခင် ကြိုတင်၍ ဘာကို ပြုလုပ်သင့်သနည်း ဟူသောပြဿနာကို ဖြေရှင်းရန် ဆင်ခြင်စဉ်းစားကြသော အကြံသမား ဉာဏ်သမား ပညာဒရိုက်များသော နတ်ဗြဟ္မာတို့၏ စိတ်အကြံကို သိတော်မူရ၍ ထိုသည့်နတ်တို့ကို ချီးမြှောက်တော်မူခြင်းငှါ ကထံ ဒဿီ အစရှိသော ပုစ္ဆာဂါထာဖြင့် အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးပါးကို မေးစေတော်မူပြီးမှ (ဝီဘတဏ္ဏော) အစရှိသော (၁၃-ဂါထာတို့ဖြင့် သိက္ခာသုံးပါး အကျင့်တရား၏ အစွမ်းသတ္တိကြောင့် ပြီးသော ကိလေသာတို့၏ ငြိမ်းအေးခြင်း အကျိုးကို ဟောပြ ဖြေကြားတော်မူသတည်း။

ကထံဒဿီ-ဖြင့် အဓိပညာသိက္ခာကို မေး၏၊ ကထံသီလော-ဖြင့် အဓိသီလ သိက္ခာကို မေး၏၊ ဥပသန္တော-ဖြင့် အဓိစိတ္တသိက္ခာကို မေး၏။

http://www.dhammadownload.com

ပဗြူဟိ၊ အမျိုးအစား အပါးပါးဖြင့် ဖြေကြားတော် မူပါလော့။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ နိမ္မိတဘုရားရှင်က မေးလျှောက်ပြီ။

၂။ ဘဂဝါ၊ ပုစ္ဆာနက်လေး မေးတော်မူသော အရှင်မြတ်ဘုရား။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ (ထည့်) ဘေဒါ၊ ဤကိုယ်ခန္ဓာ ပျက်စီးရာအခါမှ။ ပုရာ၊ ရှေးအခါ၌ (မသေသေးမီ)။ ဝိတတဏှော၊ ကင်းပြီးသော ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ရှိသည်။ ဟုတ္ဒာ၊ ဖြစ်၍။ (ထည့်)ပုဗ္ဗံ၊ ရှေးရှေးသော အတိတ်ကာလ၌ဖြစ်သော။ အန္တံ၊ ခန္ဓာငါးပါးတည်းဟူသော အဘို့ကို။ အနိဿိတော၊ တဏှာဒိဋ္ဌိဖြင့် မမှီမကပ် မစပ်မငြိသည်။ ဝေမဇ္ဈေ၊ အလည်ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌လည်း။ အနုပသခေ်ယျော၊ တပ်မက်သသူ အမျက်ထွက်သူ စသည်ဖြင့် မခေါ်ဆိုထိုက်သည်။ ဟောတိ၊ ဖြစ်၏။ တဿ ပုဂ္ဂလဿ၊ အတိတ်ခန္ဓာ ပစ္စုပ္ပန်ခန္ဓာတို့၌ မမှီမကပ် မတယ်မက်သော ထိုရဟန္တာပုဂ္ဂိုလ်အား။ ပုရက္ခဘံ၊ အနာဂတ်ကာလ နောက်ဘဝ၌

၂။ လက်ရှိ အတ္တဘောကြီး မပြိုမပျက် အသက်ရှည်နေစဉ် အတွင်း၌ သိက္ခာသုံးပါး အကျင့်တရားကိုမှီ၍ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာမှ ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ငါသည် ရှေးအခါ၌ ဤသို့ သဘောရှိသော ရုပ် နာမ် ခန္ဓာများနှင့် ပြည့်စုံခဲ့ဘူးပြီဟု ဆင်ခြင်လျက် ထို ရခဲ့ဘူးသော ရုပ် နာမ် ခန္ဓာ၌ တယ်မက် နှစ်သက်ခြင်း ရာဂကို နောက်ထပ် မဖြစ်စေတော့ပြီ၊ ထို့ကြောင့် အတိတ် ခန္ဓာ အဘို့အစုကို မမှီမကပ် မစပ်မငြိသူဟု ဆိုအပ်၏။ ၎င်းပြင် ရှေးက ချစ်ဘွယ်သော သားမယားတို့နှင့် တက္ဒ ရယ်မော ပြောဆိုခဲ့ပုံ ပျော်ရွှင်စွာ နေခဲ့ရပုံတို့ကို အာရုံပြု၍ စားမြုံ့ပြန်ကာ သာယာကြည်နူးရွှင်မြူး နှစ်သက်ခြင်း ကင်းပြီး ဖြစ်သောကြောင့်လည်း အတိတ် အာရုံအဘို့ကို မှီကပ် စပ်သွယ်နေသူ မဟုတ်ပြီ၊ ယင်းပုဂ္ဂိုလ်ကို ပုဗ္ဗမန္တမနိဿိတောဟု ဟောတော်မူ၏။

ဖြစ်ဆဲ ပစ္စုပ္ပန် ရုပ်နာမ်အပေါ်၌ တပ်မက်ခြင်း တဏှာနှင့် ထင်မှားခြင်း ဒိဋ္ဌိတို့ကို ပယ်စွန့်ပြီး ဖြစ်သောကြောင့် တပ်မက်သူ (ရတ္တ) ပုဂ္ဂိုလ်ဟူ၍၎င်း, ဒေါသဖြင့် နှိပ်စက် ဖျက်ဆီးအပ်သူ(ဒုဋ္ဌ)ပုဂ္ဂိုလ်ဟူ၍၎င်း, မောဟဖြင့် တွေဝေသူ(မူဋ္ဌ)ပုဂ္ဂိုလ်ဟူ၍၎င်း ခေါ်ဆိုနိုင်ခွင့်မရှိ၊ ရတ္တ ဒုဋ္ဌ မူဋ္ဌ ပုဂ္ဂိုလ်တို့အတွင်းသို့ ထည့်သွင်းရေတွက်ခွင့်မရှိ၊ ဤဘဝ၌ အဘိသခ်ါရခေါ်သော ကံတို့ကို ပယ်စွန့်ပြီး ဖြစ်သောကြောင့် ဒေဝ ဂတိစသော ဂတိငါးပါးသို့ လားရောက်လတ္တံ့သူ ဟူ၍

http://www.dhammadownload.com

ရှေသွားပြုအပ်သော တဏှာဒိဋ္ဌိ တည်းဟူသော တမ်းခွန်မှန်ကင်း သင်းပင်း ခြွေရံသည်။ နတ္ထိ၊မရှိပြီ။ တံ ပုဂ္ဂလံ၊ ထိုရဟန္တာပုဂ္ဂိုလ်ကို။ ဥပသန္တော၊ ကိလေသာ အပူဘေးမှ အအေးကြီးအေးသော ပုဂ္ဂိုလ်ဟူ၍။ ဗြူမိ၊ဟောတော်မူ၏။ ဣဘိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကသိဘုရားရှင်က ဖြေဆိုတော်မူပြီ။ (၉- ခု မြောက်နောက်ဂါထာမှ "တံ ဗြူမိ ဥပသန္တောသိ"ကို ဤသို့ ရှေးရှေး ဂါထာသို့ ဆောင်၍ ဆောင်၍စပ်)။

၃။ ယော မုနိ၊ အကြင်ရဟန်းသည်။ အကျောဇနော၊ အမျက်ထွက်ခြင်း အလေ့မရှိသည်။ အသန္တာသီ၊ လိုရာမရခြင်းကြောင့် ပူပန်စိုးရိမ်ခြင်း အလေ့မရှိသည်။ အဝိကတ္ထီ၊သီလအစရှိသော ဂုဏ်ဖြင့် မိမိကိုယ်ကို ချီးကြူးဂုဏ်ဖော်

လည်း မဆိုအပ်၊ ဂတိငါးပါးဖြင့် ထည့်သွင်းရေတွက်ခြင်းငှါ မထိုက် လောက သားတို့၌ ထည့်သွင်းရေတွက်စရာ အကြောင်းမရှိ၊ ယင်းသည့် ပုဂ္ဂိုလ်ကို "ဝေ-မဇ္ဈေ နုပသခေ်ယျော"ဟု ဟောတော်မူ၏။

ငါသည် နောက်ဘဝ၌ ဤသည့် ရုပ်ခန္ဓာနှင့် ပြည့်စုံရလိုဏ် ဟု အနာဂတ် ရုပ်နာမ်ခန္ဓာ၌ တပ်မက်နှစ်သက်ခြင်း ရာဂကို ရှေသွားရှေပြေးအဖြစ် မစေလွှတ်ခြင်းကြောင့် တဏှာပုရေက္ခာရ ဒိဋ္ဌိပုရေက္ခာရ ခေါ်သော တမ်းခွန်"မှန်ကင်း" အအုပ်အချုပ် ခြွေရံသင်းပင်းမရှိပြီ၊ ဤစောင့်ထိန်းအပ်သော သီလ ဆောက်တည်အပ်သော အကျင့်ဖြင့် နတ်မင်း သိကြားမင်းသော်ငှင်း အညတရ နတ်သားသော်ငှင်း ဖြစ်ရလိုဏ် ဟု စိတ်ဖြင့် တောင်းတပန်ထွာခြင်း မရှိသည်ဖြစ်၍ အနာဂတ်နတ်ဘဝ စသည်၌ တပ်မက်နှစ်သက်ခြင်းရာဂကို ရှေ့သွား ရှေ့ပြေး အဖြစ်ဖြင့် မစေလွှတ်ခြင်းကြောင့် တဏှာပုရေက္ခာရ ဒိဋ္ဌိပုရေက္ခာရ ခေါ်သော တမ်းခွန်မှန်ကင်း အအုပ်အချုပ် ခြွေရံသင်းပင်းမရှိပြီ၊ ယင်းသည့် ပုဂ္ဂိုလ်ကို တဿ နတ္ထိ ပုရေက္ခတံဟု ဟောတော်မူ၏၊ ဤသို့လျှင် အတိတ် အနာဂတ် ပစ္စုပ္ပန် ခန္ဓာတို့၌ တသ်မက်နှစ်သက်ခြင်း ကင်းသော ဝီတရာဂ ပုဂ္ဂိုလ်ကို အပူခပ်သိမ်း ငြိမ်းသော(ဥပသန္တ) ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏ ဟူသတည်း။

၃။ "ငါ၏ အကျိုးမဲ့ကို ကျင့်ဘူးပြီ ကျင့်ဆဲ ကျင့်လတ္တံ့ "ဟူ၍ ငှင်း, "ငါ့ချစ်သူ၏ အကျိုးမဲ့ကို ကျင့်ဘူးပြီ ကျင့်ဆဲ ကျင့်လတ္တံ့"ဟူ၍ငှင်း, ငါမုန်းသူ၏ အကျိုးကို ကျင့်ဘူးပြီ ကျင့်ဆဲ ကျင့်လတ္တံ့" ဟူ၍ ငှင်း ဤ ကိုးပါးသော အကြောင်းဖြင့် ကိုးပါးသော အမျက်ဒေါသ ခလုတ်တိုက်မိခြင်း စသော အရာ မဟုတ်သည့် ကိစ္စ၌ အမျက်ထွက်ခြင်းနှင့်တကွ (၁၀) ပါးသော အမျက်ဒေါသကို အကြွင်းမဲ့ ပယ်ပြီးသူသည်(အကျောဓန)မည်၏။

http://www.dhammadownload.com

ခြင်း မရှိသည် (အသားမပါ အများတကာ၌ ကြွားဝါခြင်း မရှိသည်)။ အကုက္ကုစော၊ စက်ဆုပ်ဘွယ်အမှုကို ပြုတတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာ စိတ်မသက်သာ နှလုံးနာခြင်းမရှိသည်။ (ဝါ)စက်ဆုပ်ဘွယ်အမှုကို ပြုတတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ကိုယ်အမူအရာမရှိသည်။ မန္တဘာဏီ၊ ပညာဖြင့် ဆင်ခြင်၍ စကားကို ပြောဆိုတတ်သည် (မန္ဒဘာဏီ ဟု မူအချို

ကိုးကွယ်ဆည်းကပ်သူ အမျိုးဒါယကာမရှိခြင်း, အခြံအရံ ဂိုဏ်းဂဏမရှိခြင်း, မိမိပိုင်ကျောင်းမရှိခြင်း, လာဘ်မများခြင်း, ကျေးဇူးသတင်း ကျော်စောမှု မရှိခြင်း, အလုပ်အကျွေးမရှိခြင်း စသော ချို့တဲ့မှုတို့ကိုစွဲ၍ ပူပန်စိုးရိမ်ခြင်း မရှိသော ရဟန်းသည်(အသန္တာသီ)မည်၏။

"ငါကား အကျင့်သီလနှင့် ပြည့်စုံသူတည်း၊ အမျိုးဇာတ်အားဖြင့် မြင့်မြတ်သူတည်း၊ အဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာနှင့်ပြည့်စုံသူတည်း၊ ဥစ္စာအားဖြင့် ကြွယ်ဝသူတည်း၊ အသက်မွေးဝမ်းကြောင်း အတတ်ပညာရှိသူတည်း" ဟူ၍ ၎င်း, ငါကား မြင့်မြတ်ကြွယ်ဝသော အမျိုးမှ ထွက်၍ ရဟန်းပြုခဲ့သူတည်း၊နိုင်ငံကျော် ဓမ္မကထိကတည်း၊ တပည့်ရဟန်းများသော စာချဆရာတော်တည်း၊ သုတ္တန်ဆောင်ရဟန်းတည်း၊ ဝိနည်းဆောင် ရဟန်းတည်း၊ အဘိဓမ္မာဆောင် ရဟန်းတည်း၊ ဓုတင်ဆောင်ရဟန်းတည်း၊ စျာန်ရ ရဟန်းတည်း ဟူ၍၎င်း အများသိအောင် တစုံတခုသောနည်း ပရိယာယ်ဖြင့် ထုတ်ဖော် ချီးကြူးခြင်းကို မပြုသော(အပိုစ္ဆတာ) ဂုဏ်နှင့်ပြည့်သော လူရှင်ရဟန်းသည် (အဝိကတ္ထီ) မည်၏။

လက်လှုပ်လှုပ် ခြေလှုပ်လှုပ်ဖြင့် ဣရိယာပုထ်တိုင်း၌ ကာယိန္ဒေမရှိဘဲ စက်ဆုပ်ဘွယ် ကိုယ်အမူအရာရှိသော ရဟန်းသည် (ကုက္ကုစ္စ) ရဟန်းမည်၏။ ထိုမှပြောင်းပြန် ဖြစ်သောရဟန်းသည် (အကုက္ကုစ္စ) ရဟန်းမည်၏။ ထိုမှတပါး အပ်စပ်သည်၌ မအပ်စပ်ဟူ၍၎င်း မအပ်စပ်သည်၌ အပ်စပ်၏ ဟူ၍၎င်း အပြစ်မဲ့၌ အပြစ်ရှိဟူ၍၎င်း အပြစ်ရှိသည်၌ အပြစ်မဲ့ဟူ၍၎င်း အမှတ်သညာ ရှိသည်ဖြစ်၍ စက်ဆုပ်ဘွယ် စိတ်အမူအရာရှိသော ရဟန်းသည် (ကုက္ကုစ္စ) မည်၏။ ထိုမှပြောင်းပြန်ဖြစ်သော ရဟန်းသည် (အကုက္ကုစ္စ) မည်၏။ ပြုမိဘူးသော ဒုစ္စရိတ် မပြုလိုက်မိသော သုစရိတ်ကိုစွဲ၍ ငါကား ဒုစ္စရိတ်ကို ပြုမိလေစွ သုစရိတ်ကို မပြုလိုက်မိလေစွ ဟု နောင်တ တဖန်ပူပန်ခြင်း ဟူသော စက်ဆုတ်ဘွယ်စိတ်အမူအရာရှိသော ရဟန်းသည်(ကုက္ကုစ္စ) ရဟန်းမည်၏။ ထိုမှ ပြောင်းပြန်ဖြစ်သော ရဟန်းသည်(အကုက္ကုစ္စ) ရဟန်းမည်၏။

http://www.dhammadownload.com

ရှိ၏။ ပုဒ်ပျက်ပါ၌မှားသာ) ။အနုဒ္ဓတော၊ ဥဒ္ဓစ္စဖြင့် တုန်လှုပ်သော စိတ်မရှိသည်။ ဟောတိ၊ ဖြစ်၏။ သော မုနိ၊ ထိုရဟန်းသည်။ ဝေ၊ စင်စစ်။ ဝါစာ-ဝါစာယ၊ စကား၌။ ယတော၊ စောင့်စည်း ချုပ်တည်းတတ်သည်။ ဟောတိ၊ ဖြစ်၏။ (ထည့်)တံ မုနိံ၊ ထိုသို့သော အကျင့်ဂုဏ် ပြည့်စုံသော ရဟန်းကို။ ဥပသန္တောတိ၊ ကိလေသာအပူဘေးမှ အအေးကြီးအေးသော ရဟန်းဟူ၍။ ဗြူမိ၊ ဟောတော်မူ၏။ (၉-ခုမြောက်ဂါထာမှ ဆောင်၍စပ်)ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ နှစ်ကြိမ်မြောက်ဖြေဆိုတော်မူပြီ။

၄။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အနာဂတေ၊ မလာမရောက်သေးသော အနာဂတ်ခန္ဓာ၌။ နိရာသတ္တိ၊ ကပ်ငြိတတ်သော တဏှာမရှိသည်။ ဟောတိ၊ ဖြစ်၏။ အတီတံ၊ လွန်လေပြီးသော အတိတ်ခန္ဓာကို။ပဋိစ္စ၊

ပညာဖြင့် စူးစမ်းဆင်ခြင်၍ ပြောဟောသော ရဟန်းသည် များစွာသော စကားကိုပင် ပြောဟောပါသော်လည်း မကောင်းသောစကား အပြစ်ရှိသော စကားကို မဆိုမိခြင်းကြောင့် (မန္တဘာဏီ) မည်၏။

တခုတည်းသော သမထဝိပဿနာအာရုံ ပရိယတ္တိမွေအာရုံတို့၌ စိတ်ကို ငြိမ်သက်စွာ ချထား၍ မရဘဲ ကာမအာရုံစသော အာရုံအမျိုးမျိုးသို့ ပြောင်းရွှေ့ပြေးသွားသော စိတ်ရှိသော ရဟန်းသည် (ဥဒ္ဓတ) ရဟန်းမည်၏။ ထိုမှ ပြောင်းပြန် ဖြစ်သောရဟန်းသည်(အနုဒ္ဓတ)ရဟန်းမည်၏။

မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသာဝါစာ, သမ္ဖပ္ပလာပ တို့ကို ပယ်စွန့်၍ လေးပါးသော ဝစီသုစရိတ်တို့နှင့် ပြည့်စုံလျက် လေးပါးသောအပြစ်မှ ကင်းသောစကားကို ဆိုသောရဟန်းသည် (ဝါစာယတ) ရဟန်းမည်၏။ (၃၂) ပါးသော တိရစ္ဆာနကထာကို ပယ်စွန့်၍ အပိုစ္ဆကထာစသော (၁၀) ပါးသော ကထာဝတ္ထုတို့ကို ဟောပြောသော ရဟန်းသည်လည်း (ဝါစာယတ) ရဟန်းမည်၏။ ဤသို့ (၇) ပါးသော လက္ခဏာရှိသော ရဟန်းကို အပူခပ်သိမ်း ငြိမ်းသော (ဥပသန္တ) ရဟန်းဟူ၍ ဆိုအပ်၏ ဟူသတည်း။

၄။ (၁) အနာဂတ်ခန္ဓာ၌ ကပ်ငြိတတ်သော တဏှာလည်း မရှိသော၊

(၂) အတိတ်ခန္ဓာကိုစွဲ၍ ပူပန်စိုးရိမ်ခြင်းလည်း မရှိသော၊

(၃) ဖဿတို့၌ ကင်းဆိတ်ခြင်းကို ရှုခြင်းအလေ့လည်း ရှိသော၊

http://www.dhammadownload.com

စဲ့၍ (ထည့်) ။ နာနုသောစတိ၊ အဘန်တလဲလဲ မစိုးရိမ်မပူပန်တတ်။ ဖသောသူ၊ စက္ခုံသမ္ဖဿအစရှိသော ဖဿတို့၌။ ဝိဝေကဒဿီ၊ အတ္တာ, အတ္တနိယ, နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမမေမ္မ အဖြစ်မှ ကင်းဆိတ်ခြင်းကို ရှုခဲလ့ရှိသည်။ တနည်း—ဖသောသူ၊ အဝိတ်ဖြစ်သောဖဿတို့၌။ ဝိဝေကဒဿီ၊ အနာဂတ် ဖဿ ပစ္စုပ္ပန်ဖဿတို့မှ ကင်းဆိတ်ခြင်းကို ရှုလေ့ရှိသည်။ (အနာဂတ် ပစ္စုပ္ပန် ဖဿတို့၌လည်း ဤနည်းကို မှီး၍ ယောဇနာ)။ တနည်း—ဖသောသူ၊ လောကုတ္တရာဖြစ်သော ဖဿတို့၌။ ဝိဝေကဒဿီ၊ ရာဂ, ဒေါသ, မောဟ စသည်တို့မှ ကင်းဆိတ်ခြင်းကို ရှုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ (ထည့်) ဒိဋ္ဌိ

---

(၄) ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့တွင် တစုံတခုသော ဒိဋ္ဌိဖြင့် မဆောင်အပ် မမျှောအပ်သည်လည်းဖြစ်သော ရဟန်းကို ဥပသန္တ ရဟန်းဟု ငါဘုရားဟောတော်မူ၏။ (အကျဉ်းချုပ်အဓိပ္ပါယ်)။

ဤစကား၌—

(၁) အမှတ်ရှိအဓိပ္ပါယ်ကို ပထမအဖြေဂါထာဝယ် (တဿ နတ္ထိ ပုရက္ခတံ) ဟူသော စတုတ္ထပါဒ၌ ဆိုခဲ့ပြီးသည့်နည်းအတိုင်း မှတ်အပ်၏။

(၂) အတိတ်ခန္ဓာကိုစဲ့၍ ပူပန်စိုးရိမ်ခြင်း မရှိဟူသည်ကား ငါ၏ မျက်စိအကြည် ခေါ်သော စက္ခုပသာဒသည် ဤမည်သော အကြောင်းကြောင့် ပျက်စီးခဲ့လေပြီဟု ပျက်စီးပြီးသော စက္ခုပသာဒကို စဲ့လမ်း တမ်းတ၍ ပူပန်စိုးရိမ်ခြင်းမရှိ။ (သောတပသာဒစသည်၌လည်း နည်းတူဆို) ငါ၏ ရှေး၌ ဖြစ်ဘူးသော လာဘ်ရခြင်း အခြံအရံများခြင်း ကျော်စောခြင်း ချမ်းသာခြင်းတို့သည် ဤမည်သော အကြောင်းကြောင့် ပျက်စီးခဲ့ကုန်ပြီဟု ပျက်စီးလေပြီးသော လာဘ ယသ ပသံသာ သုခတို့၌ စဲ့လမ်းတမ်းတ၍ ပူပန်စိုးရိမ်မှုလည်း မရှိ၊ ထို့မှတပါး ငါ၏ အမိ အဘ ညီအစ်ကို အစ်မ နှမ သားရင်းဆွေမျိုးတို့သည် ပျက်စီးကြကုန်ပြီဟု ဉာတိဗျသနကိုစဲ့၍ ပူပန်မှုမရှိ စသည်ပင်တည်း။

(၃) ဖဿတို့၌ ကင်းဆိတ်ခြင်းကို ရှုခြင်းဟူသည်ကား စက္ခုသမ္ဖဿ အစရှိသော ဖဿအမျိုးမျိုး၌ ဤအတွေ့ကား [ငါပင်ဖြစ်သော အတွေ့တည်း (အတ္တာ) ငါ၏ ဥစ္စာဖြစ်သော အတွေ့တည်း (အတ္တနိယ) မြဲသောအတွေ့တည်း (နိစ္စ) ခိုင်ခံ့သော အတွေ့တည်း (ဓုဝ) အခါပေါ်သိမ်း ထင်ရှားရှိသော အတွေ့တည်း (သဿတ) ဘယ်အခါမှ မဘောက်ပြန်သော အတွေ့တည်း (အဝိပရိနာမဓမ္မ) ဟု ပုထုဇဉ်တို့အား ဖြစ်တတ်သော] အတ္တသညာ,

http://www.dhammadownload.com

သု စ၊(၆၂)ပါးသော မိစ္ဆာအယူတို့၌လည်း။ ၀၊ တို့တွင်လည်း။ ကာယစိ ဒိဋ္ဌိယာ၊ တစုံတခုသော မိစ္ဆာအယူသည်။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ နနိယျတိ၊ မဆောင်အပ်။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဥပသန္တောတိ၊ ကိလေသာ အပူဘေးတို့မှ အအေးကြီးအေးသော ပုဂ္ဂိုလ်ဟူ၍။ ဗြူမိ၊ ဟောတော်မူ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ သုံးကြိမ်မြောက်ဖြေဆိုတော်မူပြီ။

၅။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ပတိလီနော၊ ရာဂ ဒေါသ အစရှိသော အကုသိုလ်တရားတို့မှ တွန့်တိုဆုတ်နစ်သော စိတ်ရှိ၏။ အကုဟကော၊ အုံသြချီးဝှဲစေခြင်း ဟူသော အကြောင်း(၃)ပါးဖြင့် မိမိအား သူတပါးတို့ ချီးဝှဲအောင်မပြုတတ်။ အပိဟာလု၊ ငါးပါးအာရုံ ကာမဂုဏ်ကို ခုံခုံမင်မင် လိုချင်ဘောင့်တခြင်း အလေ့မရှိ။ အမစ္ဆရီ၊ နေရာကျောင်းစသည်၌ ဝန်တိုခြင်း

အတ္တနိယသဘော, နိစ္စသဘော, ဓုဝသဘော, သဿတသဘော, အဝိပရိဏာမ သဘောမှ ဆိတ်သုဉ်းသော (၎င်းသဘောမရှိသော) အနတ္တ,အနတ္တနိယ,အနိစ္စ, အဓုဝ, အသဿတ, ဝိပရိဏာမဓမ္မဖြစ်သော အတ္တေသာတည်းဟု ရှုမြင်ခြင်းပင်တည်း။ တနည်းအားဖြင့် ရှေး၌ဖြစ်ခဲ့ဘူးသော ဖဿအတ္တေသည် ဖြစ်ဆဲ, ဖြစ်လတ္တံ့ အတ္တေမှ ဆိတ်သုဉ်း၏ ဖြစ်ဆဲအတ္တေလည်း ဖြစ်ဘူးသောအတ္တေ ဖြစ်လတ္တံ့သောအတ္တေမှ ဆိတ်သုဉ်း၏၊ ဖြစ်လတ္တံ့သော အတ္တေလည်း ဖြစ်ဆဲ,ဖြစ်ပြီး အတ္တေမှ ဆိတ်သုဉ်း၏ဟု ရှုခြင်းပင်တည်း။

တနည်းအားဖြင့် လောကုတ္တရာဓမ္မ၌ ပါဝင်သော (ဖဿ) အတ္တေသည် လောဘ,ဒေါသ,မောဟ စသော ကိလေသာမှဆိတ်သုဉ်း၏ဟု ရှုခြင်းပင်တည်း။

(၄) တစုံတခုသော မိစ္ဆာဒိဋ္ဌိဖြင့်မဆောင်အပ် ဟူသည်ကား (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် နောင်တဖန် ဖြစ်ခွင့်မရှိအောင် မဂ်ဉာဏ်တည်းဟူသော မီးလျှံ သင့်၍ အကြွင်းမဲ့ကုန်ဆုံး ပျက်ပြုန်းပြီးဖြစ်လေရကား ဤသည့်ရဟန္တာပုဂ္ဂိုလ်ကို သံသရာဝဲသြဃသို့ ဆောင်ပို့မျှောချခြင်းငှါ မစွမ်းနိုင်ကုန်၊ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိ၏ အဆွဲအဆောင်မခံရပြီဟု ဆိုလို၏။

၅။ လောက၌ ပုထုဇန်ပုဂ္ဂိုလ်တို့သည် ရာဂနှင့်စပ်သော ပွဲသဘင်စသည်၌ ပျော်ရွှင်ကုန်၏။ ဒေါသနှင့်စပ်သော တိုက်ပွဲ ခိုက်ပွဲစသည်၌ မွေ့လျော်ကုန်၏။ ဤအရိယာရဟန်းသည်ကား ထိုရာဂ ဒေါသ စသည်တို့နှင့်စပ်သော ကိစ္စတို့၌ မွေ့လျော်ပျော်ပိုက်မှုမရှိ၊ နောက်သို့ပြန်ဆုတ် တုံ့နစ်သောစိတ်ရှိ၏။ ထိုရဟန်း ကို (ပတိလီန)ဟု ဟောတော်မူ၏။

http://www.dhammadownload.com

ဟူသော ငါးပါးသော မစ္ဆေရမှ ကင်း၏။ အပ္ပဂဗ္ဘော၊ ကိုယ်နှုတ်စိတ်တို့ဖြင့် တက်ကြွထောင်လွှားလျက် မာန်တက် ခက်ထန်သူလည်း မဟုတ်။ အဇေဂုစ္ဆော၊ သီလစသည်ဖြင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ပညာရှိတို့ စက်ဆုပ်ကဲရဲအပ်သော သဘောမရှိ။ ပေသုဏေယျေစ၊ ချောပစ်ဂုံးတိုက်ခြင်းအမှု၌

(ကုဟနဝတ္ထု)အံ့ဩချီးဝဲစေခြင်းဟူသော အကြောင်း(၃)ပါးဟူသော်ကား-

(၁) ပစ္စယပဋိသေဝန=ပစ္စည်း ၄-ပါးကို သုံးဆောင်မှီဝဲပုံ၊

(၂) ဣရိယာပထ=ဣရိယာပုထ်ကို ပြုပြင်၍ ထားပုံ၊

(၃) သာမန္တဇပ္ပန=အနီးအနား၌ ရစ်သီ၍ ပြောဟောပုံအားဖြင့် သုံးပါးတည်း။

ထိုတွင် ပစ္စယပဋိသေဝန ပစ္စည်းလေးပါးကို မှီဝဲပုံဟူသည်ကား ရဟန်းတပါးကို သင်္ကန်းစသော ပစ္စည်း ၄-ပါးဖြင့် ဒါယကာတို့က ဖိတ်မန်ပင့်လျှောက်ရာ၏။ ထိုအခါ အဖိတ်ခံရသော ရဟန်းသည် သင်္ကန်းစသည်ကို အလိုရှိသော်လည်း မိမိ၌ ထင်ရှားမရှိသော အပိုစ္ဆတာဂုဏ်ကို ရှိလေဟန်ပြုလို၍ ဤမျှလောက် အဘိုးတန်သော သင်္ကန်းဖြင့် ငါရဟန်းတို့အား အကျိုးမရှိပါ၊ သုသာန်အိမ်စျေးစသည်မှ ကောက်ယူဆက်စပ်၍ ချုပ်အပ်သော ဤငါ၏ပံ့သကူသင်္ကန်းဖြင့် ငါ့အား ပြည့်စုံလုံလောက်ပါပြီဟု ဒါယကာတို့လှူသော သင်္ကန်းကို အလှူမခံ ပယ်လိုက်၏။ ထိုနည်းတူ ဆွမ်း, ကျောင်း, ဆေးတို့ကိုလည်း ပယ်လိုက်၏။

ထိုအခါ ဒါယကာတို့စိတ်၌ ဤအသျှင်ကား တစုံတခုကိုမျှ မခံယူ အလွန်အလိုနည်း၏၊ ဤရဟန်းတော်မျိုးအား လှူရလျှင် အရိယာရဟန္တာအား လှူဒါန်းရသည်နှင့်တူ၏။ အလှူခံအောင် အဘယ်သို့ ပြုလုပ်ရပါအံ့နည်းဟုကြံ၍ အမျိုးမျိုးသော ဥပါယ်တို့ဖြင့် သင်္ကန်းစသော ပစ္စည်းလေးပါးကို ဆောင်ပို့လာကြကုန်၏။ ထိုအခါ ရဟန်းသည် ဤဒါယကာတို့ကား ငါ့အပေါ်၌ခိုင်မြဲသော သဒ္ဓါတရားရှိကုန်၏ဟု သိ၍ ဒါယကာတို့အား ကရုဏာထား၍ သနားချီးမြှောက်လိုသည်၏အဖြစ်ကို ထုတ်ဖော်ပြောကြား၍ အလှူခံလေတော့၏။

ထိုသို့သနားလေဟန် အလှူခံခြင်းဖြင့် မော်တော်ကားကြီးတို့ဖြင့် တိုက်ဆောက်ရလောက်အောင် ဆက်ကပ် လှူဒါန်းခြင်း၏ အကြောင်းဖြစ်သော အံ့ဘွယ်သူရဲ ထူးကဲအောင် အမူအရာကို ပြုခြင်းသည် ပစ္စယပဋိသေဝန ကုဟနဝတ္ထုမည်၏။ ဣရိယာပထ ဣရိယာပုထ်ထားပုံဟူသည်ကား ယုတ်မာသောအလို

http://www.dhammadownload.com

လည်း။ နော ယုတော၊ မယှဉ်တတ်။ တံ ဘိက္ခု၊ ထိုရဟန်းကို။ ဥပသင်္ကော်တိ၊ ကိလေသာ အပူဘေးမှ အအေးကြီးအေးသော ရဟန်းဟူ၍။ ပြုမိ၊ ဟော တော်မူ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ လေးကြိမ်မြောက် ဖြေဆိုတော်မူပြီ။

အကြံရှိသော ရဟန်းတဦးဦးသည် ပင်ကိုယ်သီလဂုဏ်ဖြင့် ပြီးသော အနေအထိုင် အမူအရာမဟုတ်ဘဲလျက် ဒါယကာတို့ အထင်ကြီး၍ အချီးအမွမ်းခံရအောင် ဒါယကာတို့၏မျက်မှောက်ရောက်သျှင် အရိယာပုဂ္ဂိုလ်ကြီးပမာ သွားပုံလာပုံကို ပြင်ဆင်ပြုပြင်၍ ထား၏၊ ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း,ဤရိယာပုထ်တို့ကိုလည်း ပြုပြင်၍ထား၏။ အများမြင်နိုင်လောက်သော နေရာ၌ ကမ္မဋ္ဌာန်းထိုင်၏၊ သမာဓိရှိလေဟန်ပြု၏။ ဤသို့ ဤရိယာပုထ်ဖြင့် အုံဘွယ်သရဲ ထူးကဲအောင် ပြုခြင်းသည် ဤရိယာပထသန္နိဿိတကုဟနာတ္ထု မည်၏။

သာမန္တဇပ္ပန အနိုးအနားဌ ရစ်သီ၍ ပြောဟောပုံဟူသည်ကား ယုတ်မာသော အလိုအကြံရှိသော ရဟန်းတဦးဦးသည် စျာန်မဂ်ဖိုလ်နှင့်စပ်၍ အချီးမွမ်းခံလိုသောကြောင့် ဒါယကာတို့ ချီးမွမ်းလောက်အောင် စျာန်မဂ်နှင့်နီးစပ်သော စကားကို ပြောဟော၏။

ပြောပုံကား ဤနှယ် ဤပုံ ညိုသောသက်နိုးကို ဝတ်ရုံနိုင်သော ရဟန်းကား သာမန်ရဟန်းမဟုတ်၊ မဟာသက္ခ စျာန်မဂ်အစုမ်းဖြင့် စိတ်တန်ခိုးကြီးသော ရဟန်းဖြစ်၏။ ဤနှယ် ဤပုံ သပိတ်စသည်ကိုဆောင်သော ရဟန်းမျိုးကား မဟာသက္ခ မြတ်သောတန်ခိုးရှိ၏။ ဤနှယ် တောကျောင်းမျိုးဌနေသော ရဟန်းသာ ရဟန်းကိစ္စပြီး၍ ကြီးသောတန်ခိုးရှိ၏ဟု ဆရာသမားများ ပြောဟောကြ၏ဟူ၍ မိမိကို စျာန်မဂ်ရသူတို့၏အနိုးဌ ရစ်ခါရစ်ခါ ချီးမွမ်းလာအောင် ပြောဟောခြင်းဖြင့် အုံဘွယ်သူရဲ ထူးကဲအောင် ပြုခြင်းသည် သာမန္တဇပ္ပနကုဟနဝတ္ထု မည်၏။ ဤသို့ဆိုအပ်ပြီးသော အုံဩ ချီးခွံ့စခြင်းဟူသော ပစ္စည်းရခြင်း၏ အကြောင်း (၃)ပါးကို မပြုမလုပ် ရှောင်ကြဉ်သော ရဟန်းကို အကုဟကဟု ဟောတော်မူ၏။ ငါးပါးအာရုံ ကာမဂုဏ်ကိုငင်း, အမျိုးဒါယကာကိုငင်း, အခြံအရံတပည့် ပရိသတ်ဂိုဏ်းဂဏကိုငင်း, ဆွမ်းစသော ပစ္စည်း ၄-ပါးကိုငင်း, ထိုထို ဘုံဘဝကိုငင်း, အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာကိုငင်း မတတ်မက် မတောင့်တ မခင်တွယ်သော ရဟန်းသည် အပိဟာလု မည်၏။

(၁) နေဘုကျောင်းဌ ဝန်တိုခြင်း= အာဝါသမစ္ဆရိယ

(၂) အမျိုးဒါယကာဌ ဝန်တိုခြင်း= ကုလမစ္ဆရိယ

http://www.dhammadownload.com

၆။ ယာ ဘိက္ခု၊ အကြင်ရဟန်းသည်။ သာတိယေသူ၊ လူနတ်အမျှား လိုလားတောင့်တအပ်သော ငါးပါးသော ကာမဂုဏ်ဝတ္ထုကြောင့်။ အနဿာဝီစ၊ မျက်စိ, နား,နှာ,လျှာ,ကိုယ် စိတ် ပိတ်အပ်သောဒွါရဝတ္ထုမှ တသွင်သွင် ယိုစီးသော တဏှာဘည်းဟူသော အရိ အရဲ့ အခဲ့ အစေးလည်းမရှိ။ အတိမာနေ၊ လွန်ကဲစွာ လွှင့်ဆောက်၍ မြင့်မောက်တက်ကြွသော မာန်မာနတည်းဟူသော တမ်းခွန်မှန်ကင်း၌။ နော စ ယုတော၊ ယှဉ်လည်း မယှဉ်တတ်။ သဏ္ဌော စ၊ နှုးညံ့ပျော့ခပျင်းသော သဘောလည်းရှိ၏။ ပဋိဘာနဝါစ၊

---

(၃) လာဘ်၌ ဝန်တိုခြင်း= လာဘမစ္ဆရိယ
(၄) အဆင်းဂုဏ်၌ ဝန်ဟိုခြင်း= ဝဏ္ဏမစ္ဆရိယ
(၅) ပရိယတ်တရား၌ ဝန်တိုခြင်း= ဓမ္မမစ္ဆရိယ

ဟူသော ငါးပါးသော မစ္ဆရိယ ဝန်တိုခြင်းမှ ကင်းသော ရဟန်းသည် အမစ္ဆရီ မည်၏။

ကိုယ် နှုတ် စိတ်အားဖြင့် မာန်တက် ခက်ထန်မှုကင်းသော ရဟန်းသည် (အပဂဗ္ဘ)မည်၏ (အဓိပ္ပါယ်အကျယ်ကို တုဋ္ဌကသုတ် ၁၆-ခုမြောက် ဂါထာ၌ ဆိုလတ္တံ့) ဒုဿီလရဟန်းသည် ပညာရှိတို့ စက်ဆုပ် ကဲ့ရဲ့အပ်သောကြောင့် (ဇေဂုစ္ဆ)ရဟန်းမည်၏။

သီလဝန္တရဟန်းသည် ပညာရှိတို့ မစက်ဆုပ်အပ် မကဲ့ရဲ့အပ်သောကြောင့် (အဇေဂုစ္ဆ)ရဟန်း မည်၏။

တနည်း။ ။ဗာလပုထုဇဉ် ရဟန်းသည် (ဇေဂုစ္ဆ) မည်၏။ ကလျာဏ ပုထုဇဉ်မှစ၍ အရိယာပုဂ္ဂိုလ် (၈)ယောက်သည် (အဇေဂုစ္ဆ)မည်၏။

(၁) မိမိအား ချစ်စေလိုခြင်း၊ (၂) ချစ်နေသူ နှစ်ဦးတို့ အချင်းချင်း ကဲ့စေလိုခြင်းဟူသော အကြောင်းနှစ်ပါးဖြင့် ကုံးတိုက်ခြင်းမှ ကင်းသော ရဟန်း သည် (ပေသုဏေယျနောယုတ) ရဟန်းမည်၏။

ထိုသို့ ဆိုအပ်ပြီးသော (ပတိလီန)စသည် အမည်ရသော ရဟန်းသည် အပူ ခပ်သိမ်း ငြိမ်းသော ရဟန်းမည်၏ ဟူသတည်း။

၆။ နှုစ်သက်ဘွယ် ရူပါရုံ ကာမဂုဏ် တည်းဟူသော အကြောင်းကြောင့် သတိတည်းဟူသော တံခါးရွက်ဖြင့် မပိတ်မဆို့ဘဲ မောင်းလင်း ဖွင့်ထားသော မျက်စိပေါက် (စက္ခုဒ္ဒါရ)မှ ရူပတဏှာတည်းဟူသော အရိအရဲ့ အခဲ့အစေး တို့သည် တသွင်သွင် ယိုထွက်ကုန်၏။ နှုစ်သက်ဘွယ် သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ

http://www.dhammadownload.com

ပရိယဘွိ ပဋိဘာန် ပရိပုစ္ဆာ ပဋိဘာန် အဓိဂမ ပဋိဘာန် ဟူသော (၃)ပါး သော ဉာဏ်လည်းရှိ၏။ နစ သဒ္ဓေါ၊ အနိစ္စ အစရှိသည်ဝှိ၌ ကိုယ်ဝိုင် မျက်မှောက် ဉာဏ်ဖြင့်ရောက်သည်ဖြစ်၍ သူတပါးတို့ကို အားထား ယုံကြည်မှု လည်းမရှိ။ နစ ဝိရဇ္ဇဘိ၊ ကင်းပြီးသော တသ်မက်ခြင်း ရှိသည်ဖြစ်၍ ယခု တသ်မက်ခြင်း ကင်းဆဲလည်းမဟုတ်။ တံ ဘိက္ခုံ၊ ထိုရဟန်းကို။ ဥပသန္တောဘိ၊ ပူပန်ခပ်သိမ်း အေးငြိမ်းပြီးသော ရဟန်းဟူ၍။ ဗြူမိ၊ ဟောတော်မူ၏။ ဣဘိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ငါးကြိမ်မြောက် ဖြေဆိုတော်မူပြီ။

ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်ဟူသော အကြောင်းကြောင့် သတိတည်းဟူသော တံခါး ရွက်ဖြင့် မပိတ်မဆို့ဘဲ ဟင်းလင်းဖွင့်ထားသော နားပေါက် (သောတဒ္ဒါရ) နှာခေါင်းပေါက် (ဃာနဒ္ဒါရ) ပါးစပ်ပေါက် (ဇိဝှါဒ္ဒါရ) ကိုယ်အပေါက် (ကာယဒ္ဒါရ) တို့မှ သဒ္ဒတဏှာ,ဂန္ဓတဏှာ,ရသတဏှာ,ဖောဋ္ဌဗ္ဗတဏှာတည်းဟူ သော အရိအရွဲ အချဲအစေးတို့သည် တသွင်သွင် ယိုထွက်ကုန်၏။ ဤခီဏာသဝ ရဟန်းကား သတိတည်းဟူသော တံခါးရွက်ဖြင့် မျက်စိပေါက်စသော ခြောက် ဒ္ဒါရကို အစဉ်အမြဲ ပိတ်ဆို့ပြီးဖြစ်ရုံမျှမက မဂ်ဉာဏ်တည်းဟူသော မီးရှိန်သင့်၍ တဏှာဟူသော အရိ အရွဲ အချဲ အစေးတို့လည်း ခန်းခြောက် ပျောက်ကွယ် ကုန်ပြီ ဖြစ်ရကား အရိအရွဲတို့ ယိုစိမ့်စီးထွက်ခြင်း မရှိသောကြောင့် (သာတိ-ယေသု အနဿာဝီ)ဟု ဟောတော်မူ၏။

ဇာတ်ကိုငှင်း, အနွယ်ကိုငှင်း, အမျိုးကောင်းသားအဖြစ်ကိုငှင်း, အဆင်း သဏ္ဌာန်ကိုငှင်း, စည်းစိမ်ဥစ္စာကိုငှင်း, အတတ်ပညာကိုငှင်း, တစုံတခုသော အကြောင်းကိုငှင်း အမှီပြု၍ ထောင်လွှားတက်ကြွသော တမ်းခွန်မှန်ကင်းနှင့် တူသော မာန်မာနကို အကြွင်းမဲ့ ပယ်ပြီးဖြစ်၍ မာန်မူခြင်းကင်းသော ရဟန်းကို အတိမာနေ စ နောယုတော ဟု ဟောတော်မူ၏။ နူးညံ့သိမ်မွေ့သော ကာယကံ ဝစီကံ မနောကံတို့နှင့်ငှင်း, နူးညံ့သိမ်မွေ့သော ဗောဓိပက္ခိယတရားတို့နှင့်ငှင်း ပြည့်စုံသောကြောင့် (သဏှ) နူးညံ့သော သဘောရှိသော ရဟန်းမည်၏။

ပိဋကသုံးပုံကို သင်ယူပြီးသော ရဟန်း၏ သင်ယူခြင်း ပရိယတ်ကို မှီ၍ ဖြစ်သော ဉာဏ်သည် ပရိကတ္တိပဋိဘာန်မည်၏။ ပိဋကပါဋ္ဌိ၏ အနက်အဋ္ဌကထာ ကို အဖန်တလဲလဲ မေးမြန်းပြီးသော (သင်ပြီးသော) ရဟန်း၏ အဖန်တလဲလဲ မေးမြန်းမှုကို မှီ၍ ဖြစ်သောဉာဏ်သည် ပရိပုစ္ဆာပဋိဘာန်မည်၏။ သတိပဋ္ဌာန် လေးပါးစသော ဗောဓိပက္ခိယတရား (၃၇)ပါး, အရိယမဂ် (၄)ပါး, သာမည

http://www.dhammadownload.com

၇။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ လာဘကာမျာ၊ ဆွမ်းသက်နှံကျောင်း ဆေး လေးပါးသော ပစ္စည်းလာဘ်ကို အလိုရှိသည်၏ အဖြစ်ကြောင့်။ နစသိက္ခာဘိ၊ ပိဋကတ်ကျမ်းဂန်ကို သင်အံ လေ့ကျက်သည်လည်း မဟုတ်။ ဝါ၊ တဆယ့်သုံးပါးသော ဓုတင်အင်္ဂကျင့်ကို ကျင့်သည်လည်း မဟုတ်။ အလာဘော၊ လေးပါးသော ပစ္စည်းလာဘ်ကို မရခြင်းကြောင့်။ နစ ကုပ္ပတိ၊ အမျက်လည်းမထွက်။ တဏှာယ၊ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ ဟူသော အကြောင်းကြောင့်။ အဝိ-

---

ဖိုလ်(၄)ပါး, ပဋိသမ္ဘိဒါ(၄)ပါး, အဘိညာဉ် (၆)ပါးတို့ကို ရပြီးသော ရဟန္တာပုဂ္ဂိုလ်၏ အတ္ထပဋိသမ္ဘိဒါဉာဏ်, ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် အဓိဂမပဋိဘာန်မည်၏၊ ထိုပဋိဘာန် (၃)ပါးနှင့် ပြည့်စုံသော ရဟန်းသည် (ပဋိဘာနဝါ) မည်၏။ သခ်ါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ ကိုယ်တိုင်သိပြီးသော ရဟန်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး အဘိညေယျတရား, သစ္ဆိကာတဗ္ဗတရားတို့ကို ကိုယ်တိုင်သိပြီးသော ရဟန်းကား ၎င်းတရားတို့ကို သိရေး၌ တပါးသော သူကို ယုံကြည်အားထားရခြင်း မရှိ။ ထို့ကြောင့် နသဒ္ဓေါဟု ဟောတော်မူ၏။ (သဒ္ဓေါ၊ တရားသိရေး၌ သူတပါးကို ယုံကြည်အားထားသူသည်။ န၊ မဟုတ်။ အသဒ္ဓေါ၊ တရားသိရေး၌ သူတပါးကို ယုံကြည်အားထားသူမဟုတ်ဟု ဆိုလို၏)။

ဗာလပုထုဇဉ်ပုဂ္ဂိုလ်သည် ထိုထိုအာရုံ ဘုံဘဝတို့၌ တပ်မက် နှစ်သက်နေဆဲဖြစ်၏။ ကလျာဏပုထုဇဉ်နှင့်တကွ သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့သည် ထိုထိုအာရုံ ဘုံဘဝတို့၌ တပ်မက်နှစ်သက်ခြင်းမှ ကင်းဆဲဖြစ်ကုန်၏။ ရဟန္တာပုဂ္ဂိုလ်သည် တပ်မက်နှစ်သက်ခြင်းမှ ကင်းပြီးဖြစ်၏။ ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်ကို (နဝိရဇ္ဇတိ) တပ်မက်ခြင်းမှ ကင်းဆဲ မဟုတ်ဟု ဟောတော်မူ၏။ (ကင်းပြီးဆိုလို၏)။

၇။ လောကဌ္ဌအခ္ခါသော ရဟန်းသည် ပစ္စည်းလာဘ်ကို ရလိုခြင်းကြောင့် ပရိယတ်ကျမ်းဂန် သင်အံ့လေ့ကျက်၏။ ဤရဟန်းကား ထိုသို့ မဟုတ် မိမိကို ယဉ်ကျေးအောင် ဆုံးမနိုင်ရန် အကျိုးငှါငင်း မိမိ၌ ကိလေသာတရားဆိုးကို နှိမ်ချိုးငြိမ်းသတ်နိုင်ရန် အကျိုးငှါငင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်ကျွတ်လွတ်နိုင်ရန် အကျိုးငှါငင်း သာသနာတော် အဓွန့်ရှည်စွာ တည်နိုင်ရန် အကျိုးငှါငင်း သုတ္တန် ဝိနည်း အဘိဓမ္မာ သုံးဖြာသော ပိဋကတ်တို့ကို လေ့လာ သင်မှတ် ဆောင်ရွက်တတ်၏။ အခ္ခါသော ရဟန်းသည် ပစ္စည်းလာဘ်ကို ရလိုခြင်းကြောင့် ပိဏ္ဍပါတ်စသော ဓုတင်အင်္ဂကျင့်ကို ကျင့်တတ်၏။ ဤရဟန်း

http://www.dhammadownload.com

ရူဒွေါ စ၊ ဆန့်ကျင်ဘက် အမျက်ဒေါသလည်း မရှိ။ ရသေသု၊ အချိုအချဉ် စသော ဘောဇန်အရသာသို့၌၊ နစ အနုဂိဇ္ဈတိ၊ မက်မောခင်တွယ်ခြင်းလည်း မရှိ။ ၂ တံ ဘိက္ခုံ၊ ထိုသို့သဘောရှိသောရဟန်းကို။ ဥပသန္တောသိ၊ ကိလေသာ

ကား ထိုသို့မဟုတ် အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ကိလေသာကို ခေါင်းပါး စေလိုခြင်း ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေကကို အလိုရှိခြင်း ဤ ဓုတင် အကျင့်ဖြင့် ဝဋ္ဌမှ လွှတ်မြောက်လိုခြင်းတို့ကို ရည်မှန်းတောင့်တလျက် ဓုတင် အကျင့်ကို ကျင့်သူဖြစ်၏။

လောက၌ အချိုသောရဟန်းသည် လာဘ်မရခြင်း အခြံအရံမရခြင်း အချီး အမွမ်းမခံရခြင်း ချမ်းသာစွာမနေရခြင်း စသော အကြောင်းကြောင့် အမျက် ထွက်တတ် စိတ်ပျက်တတ် ဖောက်ဖောက်ပြန်ပြန် ပြောဆို ပြုလုပ်တတ်၏။ ဤရဟန်းကား ထိုကဲ့သို့မဟုတ် လာဘ်မရခြင်း စသော လောကဓံ အကြောင်း တို့ကို သည်းခံနိုင်၏၊ စိတ်ပျက်ခြင်း အမျက်ထွက်ခြင်း မရှိ ပကတိ အမူအရာမှ ဖောက်ပြန်တုန်လှုပ်ခြင်းမရှိသော ရဟန်းပေတည်း။

လောက၌ ရူပ, သဒ္ဒ စသော အာရုံတို့၌ ခုံမင်တတ်သော တဏှာကို အရင်းခံ လျက် တဦးနှင့်တဦး တအိမ်နှင့်တအိမ် တရွာနှင့်တရွာ တတိုင်းပြည်နှင့်တတိုင်း ပြည် မညီမညွတ် ဆန့်ကျင်ဘက်ပြုလျက် လုယက်တိုက်ခိုက် သတ်ဖြတ်မှုတို့သည် မျက်မြင် အထင်အရှားပင် ဖြစ်ကုန်၏။ ဤရဟန်းကား ထိုသည့်တဏှာ အရင်းခံ သည့် ဆန့်ကျင်မှုမရှိ အမျက်ဒေါသမရှိ ဒေါသအပူမှ ငြိမ်းအေး၏။

ဤလောက၌ အရသာကို မက်မောသောသူတို့သည် အချဉ်ကိုရလျှင် မချဉ် သော အရသာကို ရှာကုန်၏၊ အချိုကိုရလျှင် မချိုသောအရသာကို ရှာပြန် ကုန်၏၊ အခါးကိုရလျှင် မခါးသည်ကို ရှာကုန်၏၊ အစပ်ကိုရလျှင် မစပ်သည်ကို ရှာကုန်၏၊ အငန်ကိုရလျှင် မငန်သည်ကိုရှာကုန်၏၊ အဖန်ကိုရလျှင် မဖန်သည်ကို ရှာကုန်၏၊ အအေးကိုရလျှင် အပူကိုရှာကုန်၏၊ အပူကိုရလျှင် အအေးကို ရှာကုန်၏၊ ထိုထို ရလာသမျှဖြင့် မရောင့်ရဲနိုင်ကုန်။ ဤရဟန်းကား ရသ တဏှာကို ပယ်ပြီးဖြစ်၍ ရလာသမျှဖြင့် ရောင့်ရဲနိုင်၏ ကောင်းနိုးရာရာ မရှာပြီ။ အသားနုတက်ရုံ အကျိုးငှါ အနာလိမ်းဆီကို သုံးစွဲသကဲ့သို့ လိုရာခရီးသို့ ပေါက် ရောက်ရုံသာ လှည်းဝင်ရိုး၌ ဆီကို သုံးစွဲသကဲ့သို့ ခရီးခဲကို လွန်မြောက်ရုံသာ သားငယ်၏ အသားကို သုံးဆောင်သကဲ့သို့ ဤစတုသမုဋ္ဌာနိက ရူပကာယ၏

http://www.dhammadownload.com

အပ္ပဲခန်း၍ အေးချမ်းသော ရဟန်းဟူ၍။ ဗြူမိ၊ ဟောတော်မူ၏။ ဤတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ခြောက်ကြိမ်မြောက် ဖြေဆိုတော်မူပြီ။

၈။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဥပေက္ခကော၊ခြောက်ပါး အာရုံကြုံပါသော်သည်း ဝမ်းနည်းဘင်းကွာ ဝမ်းသာမပြု လျစ်လျူ။ ရှုတတ်၏။ သဒါ၊ အခါခပ်သိမ်း။ သဘော၊ ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၌ မြဲသော သတိ ရှိ၏။ လောကေ၊ လူအပေါင်း၌။ သမံ၊ အနှယ်မျိုးဇာတ် အတတ်ပညာ ဂုဏ်သိက္ခာအားဖြင့် တူသည်ကို။ ကတ္တာ၊ ပြု၍။ (ထည့်) နာ မညတော၊ မအောက်မေ့ မမှာ်ထင်တာ်။ နာ ဝိသေသီ၊ အနှယ်မျိုးဇာတ် အတာ်ပညာ

တည်တံ့ ခိုင်ခံ့ရုံသာ အာဟာရကို သုံးဆောင်၏ ထိုရဟန်းသည် အပ္ပဲခပ်သိမ်း ငြိမ်းလေပြီဟု ဆိုလို၏။

၈။ ရှုပါရုံ အဆင်းကို မြင်ရာ၌ နှစ်သက်မှု စိတ်ပျက်မှုသို့ မရောက်စေဘဲ သတိသမ္ပဇဉ်ဖြင့် ပဲ့ပြင်၍ ချိန်ခွင်လျှာသဖွယ်အလည်ဗဟိုဌ်ရပ်တည်၍ လျစ်လျူ ရှုခြင်း ဟူသော ဥပေက္ခာ အင်္ဂါတပါး, သဒ္ဒါရုံ အသံကို ကြားရာ၌ ၎င်းနည်းတူ အင်္ဂါတပါး, ဂန္ဓာရုံ အနံ့ကို နံရာ၌ ၎င်းနည်းတူ အင်္ဂါတပါး, ရသာရုံ အရသာကို လျက်ရာ၌ ၎င်းနည်းတူ အင်္ဂါတပါး, ဖောဋ္ဌဗ္ဗာရုံ အတွေ့ကိုထိရာ၌ ၎င်းနည်းတူ အင်္ဂါတပါး, ဓမ္မာရုံ သဘောကို သိရာ၌ ၎င်းနည်းတူ အင်္ဂါတပါး ဤသို့ အင်္ဂါ ခြောက်ပါးရှိသော ဥပေက္ခာ (ဆဋ္ဌင်္ဂုပေက္ခာ) နှင့် ပြည့်စုံသော ရဟန္တာ ပုဂ္ဂိုလ်သည် ဥပေက္ခက မည်၏။ ကာယာနုပဿနာ သတိပဋ္ဌာန်ကိုဌင်း, ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကိုဌင်း, စိတ္တာနုပဿနာ သတိပဋ္ဌာန်ကိုဌင်း, ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကိုဌင်း ဤသတိပဋ္ဌာန် ဘာဝနာ (၄) ပါးကို အခါခပ်သိမ်း ပွါးစေသော ရဟန္တာပုဂ္ဂိုလ်သည် သဒါသတ မည်၏။ ထိုရဟန္တာ ပုဂ္ဂိုလ်သည်—

(၁) ဤသူကား ငါနှင့် ဘယ်သို့ ထူးသနည်း၊ အတူတူချင်းပင်ဖြစ်၏ဟု အောက်မေ့မှတ်ထင်ခြင်း ဟူသော သဒိသမာန်။

(၂) ငါကား ဤသူတို့ထက်မြတ်၏၊ ဤသူတို့ကား ငါနှင့် အဘယ်သို့ တန်သနည်း ရာသနည်း ဟု အောက်မေ့မှတ်ထင်ခြင်းဟူသော သေယျမာန်။

(၃) ငါကား ဤသူတို့လောက် အထက်တန်းရောက်သူမဟုတ် အောက်တန်းစား၊ ငါ့အား သူတို့ကဲ့သို့ အရေးပြုစရာ ဘယ်မှာ ရှိအံ့နည်း ဟု အောက်မေ့မှတ်ထင်ခြင်းဟူသော ဟီနမာန်။

http://www.dhammadownload.com

ဂုဏ်သိက္ခာအားဖြင့် ထူးကဲလွန်မြတ်၏ ဟူ၍ မမှတ်ထင်တတ်။ နနီစေယျော၊ အနွယ်မျိုးဇာတ် အတတ်ပညာ ဂုဏ်သိက္ခာအားဖြင့် ယုတ်နိမ့်၏ ဟူ၍လည်း မမှတ်ထင်ဘတ်။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဥဿဒါ၊ ပွါးများ ထူထပ် ဖြစ်သာဘတ်သော ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ကိလေသာကမ္မ အားဖြင့် ခုနစ်ပါးသော တရားဘို့သည်။ နော သန္တိ၊ မရှိကုန်။ တံ ဘိက္ခုံ၊ ထိုရဟန်းကို။ ဥပသန္တောဘိ၊ ပူပန်ခပ်သိမ်း ငြိမ်းပြီးသော ရဟန်းဟူ၍။ ဗြူမိ၊ ဟောတော်မူ၏။ ဣဘိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ခုနစ်ကြိမ်မြောက် ဖြေဆို တော်မူပြီ။

၉။ ယဿ အရဟတော၊ အကြင် ရဟန္တာပုဂ္ဂိုလ်အား။ ဝါ၊ ၏။ယသ္မာ၊ အကြင့်ကြောင့်။ မေ့ပံ၊ သင်္ခါရတရားကို။ ဥတ္ဘာ၊ အနိစ္စ ဒုက္ခ အနတ္တဟု သိမြင် ခြင်းကြောင့်။ နိဿယနာ၊ စက္ခုအစရှိသည်တို့၌ တပ်မက်ခြင်း မှားမှား ယွင်းယွင်း သုံးသပ်ခြင်းအားဖြင့် ငြိကပ် စပ်မှီကြောင်း ဖြစ်ကုန်သော တဏှာနိဿယ ဒိဋ္ဌိနိဿယ တို့သည်။ နတ္ထိ၊ မရှိကုန်။ တသ္မာ၊ ထို့ကြောင့်။ အနိဿိတော၊ စက္ခုအစရှိသည်တို့ကို တပ်မက်ခြင်း မှားမှားယွင်းယွင်း သုံးသပ်ခြင်းအားဖြင့် မငြိမကပ် မစပ်မမှီသည်။ ဟောတိ၊ ဖြစ်၏။ (ထည့်)

ဤ မာန် (၃) ပါးကို ပယ်စွန့်ပြီး ဖြစ်၏။ ထို့ပြင် ထူထပ်ပြည့်ကြပ်အောင် ပွါးတတ်သော ရာဂုဿဒ, ဒေါသုဿဒ, မောဟုဿဒ, မာနုဿဒ, ဒိဋ္ဌုဿဒ, ကိလေသုဿဒ, ကမ္မုဿဒ ဤ (၇)ပါးကိုလည်း ပယ်စွန့်ပြီးဖြစ်၏၊ ထို့ကြောင့် ပူပန်ခပ်သိမ်း ငြိမ်း၏ ဟု ဟောတော်မူ၏။

၉-၁၀-၁၁။ အကြင်ပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ မသိဘဲ နိစ္စ သုခ အတ္တ ဟူ၍ ထင်မှတ်၏၊ ထိုပုဂ္ဂိုလ်အား တဏှာ ဒိဋ္ဌိ တည်းဟူသော အမှီအစွဲ ပယောဂတို့သည် ရှိနေကုန်၏။ ဤ ရဟန္တာ ပုဂ္ဂိုလ် သည်ကား သင်္ခါရတို့ကို နိစ္စ သုခ အတ္တ ဟု မှတ်ထင်ခြင်းမရှိဘဲ အနိစ္စ ဒုက္ခ အနတ္တ ဟု သိပြီးဖြစ်ခြင်းကြောင့် တဏှာ ဒိဋ္ဌိ တည်းဟူသော အမှီအစွဲ ပယောဂ တို့မှ ကင်း၏၊ ထို့ကြောင့် စက္ခု အစရှိသော အဇ္ဈတ္တိကာယတန (၆)ပါး ရူပ သဒ္ဒ အစရှိသော ဗာဟိရာယတန (၆)ပါးတို့ကိုငှင်း, အမျိုး ဒါယကာ ဂိုဏ်းဂဏ နေရာဗိမာန် လာဘ်အကျော်အစော စသည်ကိုငှင်း, ဖောက်ပြန်စွာသိခြင်း

http://www.dhammadownload.com

ယဿ အရဟာတော၊ အကြင်ရဟန္တာပုဂ္ဂိုလ်အား။ ဘဝါယ ဝါ၊ ဘဝဒိဋ္ဌိအကျိုးငှါငင်း။ ဝါ၊ သဿတဒိဋ္ဌိအကျိုးငှါငင်း။ ဝါ၊ ထိုထိုဘုံဘဝ၌ အဖန်ဖန်ဖြစ်ခြင်းငှါငင်း။ ဝိဘဝါယ ဝါ၊ ဝိဘဝဒိဋ္ဌိအကျိုးငှါငင်း။ ဝါ၊ ဥစ္ဆေဒဒိဋ္ဌိအကျိုးငှါငင်း။ ဝါ၊ ထိုထိုဘုံဘဝ၌ အဖန်ဖန်မဖြစ်ခြင်းငှါငင်း။ တဏှာ၊ တပ်မက်သော တဏှာသည်။ နု ဝိဇ္ဇတိ၊ မရှိ။

၁၀။ ကာမေသု၊ ဝတ္ထုကာမ ကိလေသာကာမဘို့၌။ အနုပေက္ခီနံ၊ ငဲ့ကွက်ခြင်းမရှိသော။ တံ အရဟန္တံ၊ ထိုရဟန္တာပုဂ္ဂိုလ်ကို။ ဥပသန္တောတိ၊ ငြိမ်းသော အပူဘေးမှ ငြိမ်းအေးသော ပုဂ္ဂိုလ်ဟူ၍။ ဗြူမိ၊ ဟောတော်မူ၏။ တဿ အရဟတော၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ ဂန္ဓော၊ အဘိဇ္ဈာစသော လေးပါးသော အဖဲ့အထုံးဘို့သည်။ နု ဝိဇ္ဇတိ၊ မရှိကုန်။ သော အရဟာ၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ဝိသဋ္ဌိကံ၊ ထိုထိုဘုံဘဝဘို့၌ ပို့နှံ့ ကျယ်ဝန်းသော တဏှာနယ်ပယ်ကို။ အတရိ၊ လွန်မြောက်ပြီ။

မှတ်ခြင်း ထင်မှားခြင်းအားဖြင့် မှီကပ်ငြိတွယ်ခြင်း မရှိပြီ၊ စင်စစ်အားဖြင့် ထိုခန္ဓာ အာယတန စသည်တို့မှ ကျွတ်လွတ်ထွက်မြောက်ပြီး ဖြစ်၏။ ဘဝဒိဋ္ဌိ ခေါ်သော သဿတဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ ခေါ်သော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်၍ ထိုထိုဘုံဘဝ၌ ဖြစ်ခြင်း ထိုထိုဘုံဘဝ၌ ပြတ်စဲခြင်းကို တောင့်တစွဲလန်းခြင်းလည်း မရှိ။ ထို့ကြောင့် ကာမဂုဏ်တို့၌ရှင်း, ကိလေသာတဏှာတို့၌ရှင်း ငဲ့ကွက်ခြင်းကင်းသည့် ထိုရဟန္တာပုဂ္ဂိုလ်ကို ဥပသန္တ အပူငြိမ်းသော ပုဂ္ဂိုလ်ဟု ငါဘုရား ဟောတော်မူ၏။ ထို့ပြင် အဖဲ့အထုံးကင်းသော ပုဂ္ဂိုလ် တဏှာနယ်ကို ကျော်လွန်သော ပုဂ္ဂိုလ်ဟူ၍လည်း ငါဘုရား ဟောတော်မူ၏။

အဖဲ့အထုံးဟူသည်ကား—

(၁) မိမိ၏ မှားသော အယူဝါဒကို အလွန်တပ်မက် စွဲလန်းခြင်း ရာဂသည် နာမကာယနှင့် ရူပကာယကို (သို့မဟုတ်) ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို ဖဲ့ထုံးသီကုံးတတ်သောကြောင့် အဘိဇ္ဈာကာယဂန္ထ အဖဲ့အထုံးတခု မည်၏။

(၂) တပါးသောသူတို့၏ အယူဝါဒ၌ မနှစ်သက်ခြင်း အမျက်ထွက်ခြင်း ဒေါသသည် ထိုနည်းတူ (ဗျာပါဒကာယဂန္ထ) အဖဲ့အထုံးတခု မည်၏။

http://www.dhammadownload.com

၁၁။ တဿ အရဟတော၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ ပုဘ္ဘာ ဝါ၊ သားသီးတို့သည်ရင်း။ ဝါ၊ သားသီးတို့၌ သိမ်းပိုက်တတ်သော တဏှာသို့သည်ရင်း။ ပသဝေါ ဝါ၊ ဆင်, မြင်း, ကျွဲ, နွား အစရှိသော သတ္တဝါသို့သည်ရင်း။ ဝါ၊ ဆင်,မြင်း,ကျွဲ,နွား အစရှိသော သတ္တဝါသို့၌ ငါ့ဟာ ငါ့ဥစ္စာဟု သိမ်းပိုက်တတ်သော တဏှာသို့သည်ရင်း။ ခေတ္တံ စ၊ လယ်သည်ရင်း။ ဝါ၊ လယ်၌ ငါ့ဟာ ငါ့ဥစ္စာဟု သိမ်းပိုက်တတ်သော တဏှာသည်ရင်း။ ဝတ္တု စ၊ အိမ်ရာ ခြံရာ စသော တည်ရာ မြေသည်ရင်း။ ဝါ၊ အိမ်ရာ ခြံရာ စသော တည်ရာ မြေကွက်၌ သိမ်းပိုက်တတ်သော တဏှာသည်ရင်း။ နဝိဇ္ဇတိ၊ မရှိ။ တသ္မိံ အရဟန္တသ္မိံ၊ ထိုရဟန္တာပုဂ္ဂိုလ်၌။ အတ္တာ ဝါပိ၊ အတ္တဒိဋ္ဌိကိုရင်း။ နိရတ္တာ ဝါ၊ ဥစ္ဆေဒဒိဋ္ဌိကိုရင်း။ နဥပလဗ္ဘတိ၊ မရအပ်။ ဣသိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ဖြေဆိုတော်မူပြီ။ [ဤဂါထာ၌ (အတ္ထံ ဝါ ပိ နိရတ္ထံ ဝါ)ဟု မူအချို ရှိ၏၊ မသင့်၊ (အတ္တာဘိ အတ္တာနုဒိဋ္ဌိ၊ နိရတ္တာဘိ ဥစ္ဆေဒဒိဋ္ဌိ)ဟု မဟာနိဒ္ဒေသ ရှိတိုင်းပင် ရှိသင့်၏။]

---

(၃) မိမိ၏ အလေ့အကျင့်များကို မှားသောအားဖြင့် သုံးသပ်ခြင်း ဒိဋ္ဌိသည် ထိုနည်းတူ သီလဗ္ဗတပရာမာသကာယဂန္ထ အဖွဲ့အထုံး တခုမည်၏။

(၄) မိမိသည် မြဲမြံစွာ ငါ့ဟာသာမှန်၏ ဟု ယူအပ်သော အယူဝါဒ ဒိဋ္ဌိသည် ထိုနည်းတူ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ အဖွဲ့အထုံး တခုမည်၏။ ဤသို့ လေးပါးရှိ၏။

ထို့ပြင် သား, သမီး, ကျွဲ, နွား, ဆင်, မြင်း, လယ်, ယာ, မိုး, မြေ, ရွှေ, ငွေ စည်းစိမ်တို့ကို သိမ်းပိုက်ခြင်းကင်းသူ ဟူ၍လည်း ငါဘုရားဟောတော်မူ၏။

ထို့ပြင် ငါ, ငါ့ဥစ္စာ ဟု အတ္တသို့ အစဉ်လိုက်လျက် သိမ်းပိုက်ယူငင်၍ အစဉ်ဆုပ်ကိုင်အပ်သော အရာ, အတ္တသို့ အစဉ်မလိုက်ဘဲ စွန့်ပယ် ဖြေလွှတ်အပ်သော အရာတို့ကို ကျော်လွန်သူဖြစ်၍ ကြီးပွါးတိုးတက်မှု ဆုတ်ယုတ်မှု ဟူသော နှစ်ပါးသော အစွန်းမှ လွတ်ကင်းသူ ဟူ၍လည်း ငါဘုရား ဟောတော်မူ၏။ (ကြီးပွါးတိုးတက်နေသူသည် ဆုတ်ယုတ်လျှောကျခြင်းသို့ ရှေးရှု မျက်နှာမူလျက် ရှိ၏၊ ဆုတ်ယုတ်လျှောကျသူသည်လည်း ကြီးပွါးတိုးတက်မှုသို့ ရှေးရှု မျက်နှာမူလျက် ရှိ၏)။

http://www.dhammadownload.com

၁၂။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန်ဖြစ်ကုန်သော နတ်လူတို့သည်ငင်း။ အထော၊ ထိုမှတပါး အထူးအားဖြင့်။ သမဏဗြာဟ္မဏာ၊ ပရိဗိုဇ် ရဟန်း ပုဏ္ဏားတို့ သည်ငင်း။ နံ အရဟန္တံ၊ ထိုရဟန္တာပုဂ္ဂိုလ်ကို။ ယေန ဝဇ္ဇေန၊ အကြောင်းရဲ့ရှိစပ်စဲ့ ကြောင်းဖြစ်သော ရာဂအစရှိသော အပြစ်အနာဖြင့်။ ဝဇ္ဇံ၊ ကဲ့ရဲ့ စပ်စဲ့ကုန်ရာ၏။ တံ ဝဇ္ဇံ၊ ထိုကဲ့ရဲ့စပ်စဲ့ကြောင်းဖြစ်သော ရာဂ အစရှိသော အပြစ်အနာသည်။တဿ အရဟတော၊ထိုရဟန္တာပုဂ္ဂိုလ်၏။အပုရက္ခဘံ၊တမ်းခွန်,မှန်ကင်း အလား ရှေဆောင်ထား၍ ပြုအပ်သော သဘောမဟုတ်ခဲ့။ တသ္မာ၊ ထို့ကြောင့်။ သော အရဟာ၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ဝါဒေသု၊ ကဲ့ရဲ့စပ်စဲ့ခြင်း တို့ကြောင့်။ နေဇတိ-န ဧဇတိ၊ မတုန်လှုပ်။

၁၂။ ပြဆိုခဲ့ပြီးသော ဥပသန္တ စင်စစ် ငြိမ်းချမ်းရေးကို ရရှိပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ပုဆုဇန် သမဏဗြာဟ္မဏတို့သည် ကဲ့ရဲ့စပ်စဲ့ကုန်ရာ၏။ (ပုထု=များသော။ ဇန=ဆရာ)ဟူသော အတ္ထဝိကပ်အရ ရှုပ်နာမ်ဓမ္မ သဘာဝတို့၌ ကျွန်ုပိုင်ပိုင် သိစွမ်းနိုင်သော ဉာဏ်မရှိသဖြင့် ထိုဆရာ ဟောပြချက်ကိုလည်း ကောင်းနိုးနိုး ဤဆရာ ပြောဟောချက်ကိုလည်း ကောင်းနိုးနိုး မှတ်ထင်သဖြင့် အမျိုးမျိုးသော ဆရာတို့သို့ ကူးကာ ပြောင်းကာ ချာချာလည်နေသော နတ်လူအပေါင်းကို ပုထုဇန်ခေါ်သည်၊ ဘုရားရှင်၏ အဆုံးအမ ဩဝါဒမှ ပြင်ပသို့ ထွက်၍ ငြိမ်းချမ်းရေးရှာသော ပရိဗိုဇ်ရဟန်းကို ဤအရာ၌ သမဏခေါ်သည်၊ (ဗြဟ္မံ မန္တံ အဏတိ) ဟူသော ဝိကပ်အရ ဗေဒင်သမား ပုဏ္ဏားတို့ကို ဗြာဟ္မဏခေါ်သည်။

အဘယ်သို့ ကဲ့ရဲ့ စပ်စဲ့ကုန်ရာသနည်း၊ ဤပုဂ္ဂိုလ်ကား ရာဂဖြင့် တပ်မက်နေသူ ဖြစ်၏၊ ဒေါသဖြင့် ပျက်စီးနေသူ ဖြစ်၏၊ မောဟဖြင့် တွေဝေနေသူ ဖြစ်၏၊ မာနဖြင့် ထောင်လွှားနေသူ ဖြစ်၏၊ ဒိဋ္ဌိဖြင့် မှားယွင်း ဘောက်ပြန်ဥာဏ်သုံးသပ်နေသူ ဖြစ်၏၊ ဥဒ္ဓစ္စဖြင့် ပျံ့လွင့်နေသူ ဖြစ်၏၊ ဝိစိကိစ္ဆာဖြင့် မဆုံးဖြတ်နိုင်သူ ဖြစ်၏၊ အနုသယဖြင့် ခိုင်မာသော အားရှိသူ ဖြစ်၏-ဟူ၍ စပ်စဲ့ကုန်ရာ၏။ ထိုဥပ်စဲ့ချက်များသည် တဏှာပုရေက္ခာရ ဒိဋ္ဌိပုရေက္ခာရ ဟူသော ပုထုဇန်အလံကို စိုက်ထောင်သူ မဟုတ်သော ဤရဟန္တာပုဂ္ဂိုလ်၏ အပေါ်သို့ မရောက်နိုင်ပြီ။ ထို့ကြောင့် ပရူပဝါဒ ဟူသော ကဲ့ရဲ့ဥပ်စဲ့ခြင်း ဘေးရန်တို့ကြောင့် မတုန်လှုပ်တော့ပြီ ဟု ဆိုလို၏။

http://www.dhammadownload.com

၁၃။ သော အရဟာ၊ ထိုရဟန္တာ ပဂ္ဂိုလ်သည်။ (ထည့်) ဝိတဂေဓော၊ ရူပ သဒ္ဒ စသည်အာရုံ ကာမဂုဏ်ဘို့၌ မက်မောသောတဏှာမှလည်း ကင်း၏။ အမစ္ဆရီ၊ ကုလ လာဘ အာဝါသနှင့် ဝဏ္ဏ မြော ငါးဖြာသော အဘို့ဝို့၌ လျှို့ဝှက်ဝန်တို မနာလိုခြင်းလည်း မရှိ။ မုနိ၊ ပစ္စုပ်သံသာ နှစ်ဖြာသော သောဘို ကို မဘောက်မပြန် အမှန်သိသည်ဖြစ်၍။ ဥဿဿု၊ မိမိထက် ကဲလွန် မွန်မြတ်သော ပဂ္ဂိုလ်ဘို့၌။ အတ္တာနံ၊ မိမိကို။အန္တော ကတ္ဝာ၊ အတွင်း ဝင်အောင်ပြု၍။ (၂-ပုဒ်ထည့်) နော ဝဒတော၊ ငါနှင့် ထိုသူ အတူတူဟု မာန်မူသောအား မပြောကြားတော်။ သမေသု၊ မိမိနှင့်မူ ဂုဏ်ရည်တူသော ပဂ္ဂိုလ်တို့၌။ အတ္တာနံ၊ မိမိကို။ အန္တော ကတ္ဝာ၊ အတွင်းဝင်အောင်ပြု၍။ နော ဝဒတော၊ ငါနှင့်ထိုသူ အဘူဘူဟု မာန်မူသောအား မပြောကြားတော်။ ဩမေသု၊ မိမိအောက်က နိမ့် ကျသော ပဂ္ဂိုလ်ဘို့၌။ အတ္တာနံ၊ မိမိကို။ အန္တော ကတ္ဝာ၊ အဘွင်းဝင်အောင်ပြု၍။ နော ဝဒတော၊ ငါနှင့်ထိုသူ အတူတူဟု မာန်မူသောအား မပြောကြားတော်။ အကပ်ပိယော၊ တဏှာဒိဋ္ဌိဖြင့် ဘောက်ဘောက်ပြန်ပြန် စီမံခြင်း မရှိသည်ဖြစ်၍ (မရှိသည့်အတွက်)။ ကပ်ပံ၊ ဘောက်ဘောက်ပြန်ပြန် စီမံကြောင်း ဖြစ်သော တဏှာဒိဋ္ဌိနှစ်ပါးသို့။ နေဝံ-နု ဧဝံ၊ မချဉ်းမကပ် ကင်းကွာတတ်၏။

၁၃။ အဘယ်ကြောင့် ထိုစွပ်စွဲချက်များ မရောက်သနည်း စွပ်စွဲ ကဲရဲမှု ကြောင့် မတုန်လှုပ်သနည်း။ ဧမေးအံ့၊ ကာမဂုဏ်တို့၌ ခုံမင်နှစ်သက် တပ် မက်မှုတဏှာကိုဎင်း ဝန်တိုမှု မစ္ဆရိယ ငါးပါးကိုဎင်း အရိယမဂ်ဉာဏ်တည်း ဟူသော မီးဖြင့် နောင်တဖန် ဖြစ်ခွင့်မရှိအောင် ဖုတ်မြိုက် လောင်ကျွမ်းစေပြီး လည်း ဖြစ်၏။ ဤဘဝ၌ ဖြစ်သော ရုပ်နာမ်လောကနှင့် နောက်နောက်ဘဝ၌ ဖြစ်သော ရုပ်နာမ်လောကတို့ကို ပိုင်းခြား၍ သိပြီးဖြစ်ရကား သေဃျမာန် သဒိသမာန် ဟီနမာန်တို့ကိုလည်း အကြွင်းအကျန်မရှိ အမြစ်ပြုတ်အောင် ပယ် နုတ်ပြီးလည်း ဖြစ်၏။ ထိုထိုဘုံဘဝတို့၌ လူကောင် နတ်ကောင် စသည် ဖြစ် အောင် ကြံဆောင်ပြုပြင် စီရင်တတ်သော (တဏှာကပ္ပ ဒိဋ္ဌိကပ္ပ) တည်းဟူ သော လက်သမားတို့ကိုလည်း အငုတ်မကျန် တူနှန်းလှန် ဖြိုခွင်းပြီးဖြစ်၍ ထိုလက် သမားတို့၏ ပြုပြင်စီရံမှုကိုလည်း မခံရတော့ပြီ။ ထို့ကြောင့် ထိုစွပ်စွဲချက်များ မရောက်ဟု ဆိုလို၏။

http://www.dhammadownload.com

၁၄။ ယဿ နရုတ္တမဿ၊ အကြင် ယောကျ်ားမြတ်အား။ လောကေ၊ လောက၌။ သကံ၊ မိမိဥစ္စာသည်။ ဝါ၊ မိမိဥစ္စာဟု သိမ်းပိုက်တတ်သော တဏ္ဟာသည်။ နတ္ထိ၊ မရှိ။ အသတာ စ၊ ကိုယ်ပိုင်ဥစ္စာမရှိခြင်းကြောင့်လည်း။ နသောစတိ၊ မစိုးရိမ်။ ဓမ္မေသု စ၊တေဘူမက သင်္ခါရတရားတို့၌လည်း။ အဂတိံ၊ မရောက်သင့် မရောက်ထိုက်သောအရာသို့။ နဂစ္ဆတိ၊ ဆန္ဒ, ဒေါသ, မောဟ, ဘယ စသည်ကို၏ အစွမ်းအားဖြင့် မရောက်တတ်။ သသော နရုတ္တမော၊ ထိုယောကျ်ားမြတ်ကို။ ဝေ၊ စင်စစ် မုက္ချ ဧကံသအားဖြင့်။ သန္တောဘိ၊ ပူပန်ခပ်သိမ်း ငြိမ်းသော သူဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ အပြီးသတ် ကံပတ်ဖုံးသကဲ့သို့၊ အကျဉ်းချုံး၍ ဖြေဆိုတော်မူပြီ။ ဣတိ၊ ဤတွင် ပုရာဘေဒသုတ် ပြီး၏။

၁၄။ အတိုချုပ်သောအားဖြင့် ဖြေဆိုရလျှင် အကြင်ပုဂ္ဂိုလ်အား ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ခန္ဓာအစဉ်တို့၌ ဤခန္ဓာကား ငါ့ခန္ဓာ ထိုခန္ဓာကား သူတပါးခန္ဓာဟု ခွဲခြားလျက် တဏ္ဟာ၏ သတ္တိဖြင့် သိမ်းပိုက်ခြင်း ဝမ်းတွင်းသို့ မျိုချလိုက်သကဲ့သို့ ပိုင်ပိုင်ဆုံးဖြတ်ခြင်း သဘောမရှိ၊ ကိုယ်ပိုင် ဥစ္စာဟု သိမ်းပိုက်ခွင့် မရခြင်းကို စွဲ၍ဌင်း သို့မဟုတ် တစုံတခုသော အကြောင်း ကြောင့်ဌင်း ခန္ဓာတို့ ပျက်စီးခြင်းကို စွဲ၍ဌင်း အဆွေအမျိုး အမှီသဟဲ၏ ပျက်စီး ခြင်း အနာရောဂါ နှိပ်စက်ခြင်းကို စွဲ၍ဌင်း ပူပန်စိုးရိမ်ခြင်းမရှိ။ ကာမ, ရူပ, အရူပ ဟူသော ဘုံသုံးပါး သင်္ခါရတရားတို့၌ ဆန္ဒာဂတိ၏ အစွမ်းအားဖြင့် တပ်မက်သာယာသူ(ရတ္တ)အဖြစ်သို့လည်း မရောက်၊ ဒေါသာဂတိဖြင့် အမျက် ထွက် စိတ်ဆိုးသူ (ဒုဋ္ဌ) အဖြစ်သို့လည်း မရောက်၊ မောဟာဂတိဖြင့် တွေဝေသူ (မူဋ္ဌ)အဖြစ်သို့လည်း မရောက်၊ ဘယာဂတိဖြင့် ကြောက်လန့်သူ(ဘီရူ)အဖြစ်သို့ လည်း မရောက်၊ မာနာဂတိဖြင့် ရစ်ဖွဲ့သူ (ဝိနိဗန္ဓ) အဖြစ်သို့လည်း မရောက်၊ ဒိဋ္ဌာဂတိဖြင့် မှားမှားယွင်းယွင်း သုံးသပ်ထင်မြင်သူ (ပရာမဋ္ဌ) အဖြစ်သို့လည်း မရောက်၊ ဥဒ္ဓစ္စာဂတိဖြင့် ပျံ့လွင့်သူ(ဝိက္ခိတ္တ)အဖြစ်သို့လည်း မရောက်၊ ဝိစိကိစ္ဆာ ဂတိဖြင့် မဆုံးဖြတ်နိုင်သူ (အနိဋ္ဌာဂတ) အဖြစ်သို့လည်း မရောက်၊ အနုသယာ-ဂတိဖြင့် လွန်ကျူးမှုသို့ ရောက်အောင် အားအစွမ်းသတ္တိရှိသူ(ထာမဂတ)အဖြစ် သို့လည်း မရောက်၊ ထိုသို့ပြဆိုအပ်ခဲ့ပြီးသော အကျဉ်းချုပ် အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို အပူခပ်သိမ်း ငြိမ်းအေးသူဟူ၍ ဆိုအပ်၏။

ဒသမံ၊ ဆယ်သုတ်မြောက်ဖြစ်သော။ ပုရာဘေဒသုတ္တံ၊ ပုရာဘေဒ မဟာ သမယသုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။ ။ပုရာဘေဒသုတ် အဓိပ္ပါယ် ပြီး၏။

http://www.dhammadownload.com

ကလဟဝိဝါဒသုတ် နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဂေါဘမ၊ ဂေါဘမန္ဒယ်ဘွား အသျှင်မြတ်ဘုရား။ (ထည့်) ကလ-ဟာ စ၊ သဘ္ဘိစ္ဆမ်းအင် နှိုင်းယှဉ်ရေဘွက်ကြောင်းဖြစ်သော ကိုယ်လက်ထိပါး-

---

၁။ မဟာသမယသုတ်ကို ဟောတော်မူရာ နတ်ငြဟ္မာပဲ့ကြီးသို့ အစည်း အဝေးတက်ရောက်ကြသော နတ်အချို့တို့သည် ဒေါသစရိုက်ရှိကြသည် အား လျော်စွာ—

၁။ ကိုယ်ထိလက်ရောက် ခိုက်ရန်ဖြစ်ခြင်း
၂။ ရွေ့အဘို့၌ ငြင်းခုံခြင်း
၃။ ငိုကြွေးခြင်း
၄။ တအုံနွေးနွေး ပူဆွေးစိုးရိမ်ခြင်း
၅။ ငန်တို လျှို့ဝှက်ခြင်း
၆။ မာန်မူခြင်း
၇။ အလွန်အကဲမာန်မူခြင်း
၈။ ချောပစ် ဂုံးတိုက်ခြင်း

ဟူသော ဤတရားဘုံး ရှစ်ပါးတို့သည် အဘယ် အကြောင်း တရားကြောင့် လောက၌ ဖြစ်ပေါ်နေသနည်းဟု ကြံစည် စိတ်ကူးကြကုန်၏။ ထိုစိတ်ကူးချက်ကို အာသယာနုသယဉာဏ်ရှင်ဖြစ်တော်မူသော ဘုရားရှင်သည် ခိုးထုပ်ခိုးထည် နှင့်တကွ သူခိုးကိုမိသကဲ့သို့ အတိအကျသိတော်မူရ၍ ထိုစိတ်ကူးချက်ဆူးငြောင့်သည် ထိုနတ်တို့၏ ရအုံ့ဆဲဆဲဖြစ်သော မဂ်ဖိုလ်ကို အန္တရာယ်ပြုလျက်ရှိသောကြောင့် ထိုသည့် အန္တရာယ်ကို နုတ်ပယ်တော်မူခြင်းငှါ အောက်၌ ဆိုခဲ့ပြီးသော နည်းအတိုင်း အသင့်တူပြု၍ ဘန်ဆင်းအပ်သော နိမ္မိတဘုရားငှင်ကို "ကုတော-ပဟူတာ ကလဟာ ဝိဝါဒါ"စသော ဂါထာဖြင့် မေးတော်မူစေပြီး၍ "ပိယပဟူတာ ကလဟာ ဝိဝါဒါ"အစချီသော ဂါထာတို့ဖြင့် ကိုယ်တော်တိုင် ဖြေပြတော်မူခြင်းငှါ ဤကလဟဝိဝါဒသုတ်ကို ဟောတော်မူသတည်း။

(၁) ခိုက်ရန်ဖြစ်ခြင်း, (၂) ငြင်းခုံခြင်း, (၃) ငိုကြွေးခြင်း, (၄) တအုံနွေးနွေး ပူဆွေးစိုးရိမ်ခြင်း, (၅) ဝန်တိုခြင်း, (၆) မာန်မူခြင်း, (၇)

http://www.dhammadownload.com

ခိုက်ရန်ပွါးခြင်းတို့သည်၎င်း။ ဝိဝါဒါ စ၊ ခိုက်ရန် မဖြစ်ခင် ဆန့်ကျင်ဘက်ကို ပြောဆိုခြင်းခုံခြင်းတို့သည်၎င်း။ သဟ မစ္ဆရာ၊ ကုလ, လာဘ,အာဝါသနှင့် ဝဏ္ဏ, ဓမ္မာ ငါးဖြာသော အချက်ဝို့၌ မဆက်ဆံစေလို ဝန်တိုလျှိုဝှက်ခြင်းနှင့် တကွ ဖြစ်ကုန်သော။ ပရိဒေဝသောကာ စ၊ ငိုကြွေးမြည်တမ်းခြင်း, စိုးရိမ် ပူဆွေးခြင်းဘို့သည်၎င်း။ သဟ ပေသုဏ္ဏာ၊ သူ့ကုိစွန့်ပစ် ကုိယ့်ကုိချစ် အောင် ချောပစ်ဂုံးဘိုက်ခြင်းနှင့်တကွ ဖြစ်ကုန်သော။ မာနာတိမာနာ စ၊ မာန်မူခြင်း အလွန်မာန်မူခြင်း တို့သည်၎င်း။ ကုတောပဟူတာ၊ အဘယ် တရားလျှင် အစအမှန်ဖြစ်ရာ အကြောင်းရှိပါကုန်သနည်း (အဘယ် တရား ကြောင့် ဖြစ်ပေါ်လာပါကုန်သနည်း။) တေ ဓမ္မာ၊ ထိုခိုက်ရန်ပွါးခြင်း စသော ရှစ်ပါးသော ကိလေသာ တရားဆိုးဘို့သည်။ ကုတောပဟူတာ၊ အဘယ်တရားလျှင် အစအမှန်ဖြစ်ရာ အကြောင်း ရှိပါကုန်သနည်း။ တံ၊ ပကတိအား ကိုယ်ထင်ရှားသော အသျှင်မြတ်ဘုရားကို။ ဣဃ၌၊ တိုက်တွန်း တောင်းပန်ပါ၏။ တံ၊ အသျှင်မြတ်ဘုရားသည်။ တံ အတ္ထံ၊ ထိုမေးလျှောက် အပ်သော အနက်ကို။ (တံ-ကို နှစ်ချက်စပ်) ဗြူဟိ၊ ဟောပြတော်မူပါလော့။ ဣတိ၊ ဤသို့။ ပုစ္ဆိ ၊ နိမ္မိဘာကိုယ်စား နှင်တော်ဘုရားက မေးတော်မူပြီ။

၂။ ဘဂဝါ၊ ပုစ္ဆာနက်လေး မေးတော်မူသော အသျှင်မြတ်ဘုရား။ ကလဟာ စ၊ သင်္ဘောစုန်းအင် နှိုင်းယှဉ်ရောဘွက်ကြောင်း ဖြစ်သော ကိုယ်လက် ထိပါး ခိုက်ရန်ပွါးခြင်းဘို့သည်၎င်း။ ဝိဝါဒါ စ၊ ခိုက်ရန် မဖြစ်ခင် ဆန့်ကျင် ဘက်ကို ပြောဆိုခြင်းခုံခြင်းဝို့သည်၎င်း။ သဟမစ္ဆရာ၊ ကုလ,လာဘ,အာဝါ-သနှင့် ဝဏ္ဏ,ဓမ္မာ ငါးဖြာသော အချက်ဝို့၌ မဆက်ဆံစေလို ဝန်တို လျှိုဝှက်

အလွန်အကဲ မာန်မူခြင်း, (ဂ) ဂုံးတိုက်ခြင်း ဤ ဂ-ပါးသော ကိလေသာ တရားတို့သည် ဤလောက၌ အဘယ့်ကြောင့် ဖြစ်ပေါ်လာပါကုန်သနည်းဟု နိမ္မိတဘုရားသျှင်က မေး၏။

၂။ လောက၌ ချစ်ခင်မှုသည် (၁) သက်ရှိ သဝိညာဏက သတ္တဝါကို ချစ်ခင်မှု (၂) သက်မဲ့ အဝိညာဏက သခါရဝတ္ထုဟူသော အသုံးအဆောင် ကို ချစ်ခင်မှုဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးသော ချစ်ခင်မှုဖြင့် မိမိ ချစ်အပ် နှစ်သက်အပ်သော သတ္တဝါသခါရတို့ သူတပါးလက်သို့ ရောက်မည်စိုး၍၎င်း သူတပါးလက်သို့ ရောက်ဆဲဖြစ်၍၎င်း ရောက်သွားပြီးဖြစ်၍၎င်း တစုံတခု

http://www.dhammadownload.com

ခြင်းနှင့်တကွ ဖြစ်ကုန်သော။ ပရိဒေဝသောကာ စ၊ ငိုကြွေး မြည်တမ်းခြင်း စိုးရိမ်ပူဆွေးခြင်းဘို့သည်ငှင်း။ သဟပေသုဏာ၊ သူ့ကိုစွန့်ပစ် ကိုယ့်ကိုချစ်အောင် ချောပစ်ဂုံးဘိုက်ခြင်းနှင့်တကွဖြစ်ကုန်သော။ မာနာဘိမာနာ စ၊မာန်မူခြင်း အလွန်မာန်မူခြင်းဘို့သည်ငှင်း။ ပိယပ္ပဟူတာ၊ ချစ်အပ်သောသတ္တဝါ ချစ်အပ်သောသင်္ခါရလျှင် အစအမွန်ဖြစ်ရာအကြောင်းရှိကုန်၏။ကလဟာ စ၊ သတ္တိစွမ်းအင် နှိုင်းယှဉ်ရေတွက်ကြောင်းဖြစ်သော ကိုယ်လက်ထိပါး ခိုက်ရန်ပွါးခြင်းဘို့သည်ငှင်း။ ဝိဝါဒါ စ၊ ခိုက်ရန်မဖြစ်ခင် ဆန့်ကျင်ဘက်ကို ပြောဆိုငြင်းခုံခြင်းဘို့သည်ငှင်း။ ပရိဒေဝသောကာ စ၊ ငိုကြွေးမြည်တမ်းခြင်း စိုးရိမ်ပူဆွေးခြင်းဘို့သည်ငှင်း။ မာနာဘိမာနာ စ၊ မာန်မူခြင်း အလွန်မာန်မူခြင်းတို့သည်ငှင်း။ သဟ၊ အတူတကွ(ဖြစ်ကုန်သော)။ပေသုဏာ စ၊ သူ့ကိုစွန့်ပစ် ကိုယ့်ကိုချစ်အောင် ချောပစ်ဂုံးဘိုက်ခြင်းဘို့သည်ငှင်း။ မစ္ဆရယုတ္တာ၊ မဆက်ဆန်စေလို ဝန်တိုခြင်း ဟူသော အကြောင်းနှင့်လည်း ယှဉ်ကုန်၏။ ဝိဝါဒဇာ-တေသု၊ အငြင်းအခုံဖြစ်ကုန်သည်ရှိသော်။ ဝါ၊ ဖြစ်သောငြင်းခုံမှုတို့ကြောင့်။

သောအကြောင်းကြောင့် ပျက်စီးမည်ထင်၍ငှင်း ပျက်စီးဆဲဖြစ်၍ငှင်း ပျက်စီးပြီးဖြစ်၍ငှင်း ထိုအရေးတို့ကို အကြောင်းပြု၍ (ကလဟ)ခေါ်သော ကိုယ်ထိလက်လွန် ရိုက်နှက် ထိုးသတ်ခြင်း တဦးနှင့်တဦး တအိမ်နှင့်တအိမ် တရွာနှင့်တရွာ တပြည်နှင့်တပြည် တိုက်ခိုက်ခြင်းတို့လည်း ဖြစ်ပေါ်လာကုန်၏။

ဝိဝါဒ – အယူအဆကွဲလွဲ ဆဲဆို ငြင်းခုံကြကုန်၏။

ပရိဒေဝ – ထုတ်ဖော် တ,သ, နှမြောလှသဖြင့် ငိုကြွေးကြကုန်၏။

သောက – တအုံတနွေးနွေး စိတ်မအေးဘဲ ပူဆွေး စိုးရိမ်ကြကုန်၏။

မစ္ဆေရ – စောင့်ရှောက် ဖုံးဝှက်ခြင်း သိမ်းပိုက်ဆုပ်ကိုင်ခြင်း ငါ့ဟာ ငါ့ဥစ္စာ ငါ့တကာ ငါ့ကျောင်းစသည်ဖြင့် ကြွေးကြော် ဖော်ပြခြင်းတို့ဖြင့် သူတပါးနှင့် မပတ်မသက် မဆက်ဆံအောင် ဝန်တိုခြင်း ပြုကြကုန်၏။

ပေသုည – မိမိဘက်သို့ ပါလာရန်ငှင်း သူတို့အချင်းချင်း ကွဲရန်ငှင်း ဂုံးတိုက်ကြကုန်၏။

မာန – ဤမျှလောက် ချစ်ဘွယ် နှစ်သက်ဘွယ်ကောင်းသော အရာဝတ္ထုကို ငါတို့ ရနိုင်ကြသည် ရလွယ်ကြသည်ဟု ချစ်ဘွယ် ဝတ္ထုကို မှီ၍ မာန်မူကြကုန်၏။

http://www.dhammadownload.com

ပေသုဏာနိ စ၊ သူ့ကိုစွန့်ပစ် ကိုယ့်ကိုချစ်အောင် ချောပစ်ဂုံးတိုက်ခြင်းတို့သည်လည်း။ ဇာယန္တိ၊ ဖြစ်လာတတ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကတိအား ကိုယ်ထင်ရှားသည့် ရှင်တော်ဘုရားက ဖြေဆိုတော်မူပြီ။

၃။ ဂေါဘမ၊ ဂေါဘမနွယ်ဘွား အသျှင်မြတ်ဘုရား။ (ထည့်) လောက-သ္မိံ၊ လောက၌။ ပိယာ၊ ချစ်အပ်သော သတ္တဝါ ချစ်အပ်သော သင်္ခါရတို့သည်။ ဝါ၊ ချစ်အပ်သော သတ္တဝါ သင်္ခါရဘို့၌ ချစ်ခြင်းဘို့သည်။ (ဤ၌ အာရုံကို ဆိုသဖြင့် အာရမ္မဏိကကိုလည်းယူသင့်၏) (သုကား နိပါတ်မျှသာ)။ ကုဘောနိဒါနာ၊ အဘယ်တရားလျှင် အကြောင်းရှိပါကုန်သနည်း (အဘယ်တရားက ချစ်စရာအဖြစ်ဖြင့် အပ်နှင်းပေးပို့လိုက်ပါကုန်သနည်း)။ စ၊ ထို့ပြင်။ လောကေ၊ လောက၌။ ယေ သတ္တာ၊ အကြင်သတ္တဝါဘို့သည်။ လောဘာ၊ ထိုချစ်ဘွယ်ဝတ္ထုဉ် တပ်မက်နှစ်သက်သောလောဘကြောင့်။ ဝိစရန္တိ၊ ထိုထို ဤဤ

အတိမာန – ဤ ချစ်ဘွယ် နှစ်သက်ဘွယ် ဝတ္ထုမျိုးကို ငါတို့သာ ရနိုင်၏၊ တပါးသော လူနုံလူညှံတို့ကား ရနိုင်ဘို့ကိုမဆိုထားဘိ၊ တွေ့ဘူးမြင်ဘူးရုံမျှ မရှိကြကုန်ဟု သူတပါးတို့အပေါ်၌ ကျော်လွှားလွန်တက်၍ မာန်မူကြကုန်၏။

ထိုမှတပါး ဤကလဟ ဝိဝါဒစသော ကိလေသာ ရှစ်ပါးတွင် မစ္ဆေရဝန်တိုမှုမှတပါးသော အခြား ကိလေသာ ၇-ပါးသည် မစ္ဆေရဟူသောဝန်တိုမှုကြောင့်လည်း ဖြစ်ကုန်၏၊ ထိုမှတပါး အထူးအားဖြင့် ဂုံးတိုက်မှုသည် ငြင်းခုံမှုဟူသော ဝိဝါဒကြောင့်လည်း ဖြစ်တတ်၏။ အချုပ်အားဖြင့် ဂုံးတိုက်မှုသည် ချစ်ဘွယ်ဝတ္ထုကြောင့်ရင်း ဝန်တိုမှုကြောင့်ရင်း ငြင်းခုံမှုကြောင့်ရင်း ဤ ၃-ပါးသောအကြောင်းကြောင့် ဖြစ်တတ်၏၊ ခိုက်ရန်ဖြစ်မှု ငြင်းခုံမှု ငိုကြွေးမှု စိုးရိမ်မှု မာန်မူမှု အလွန်မာန်မူမှု ဤခြောက်ပါးသည် ချစ်ဘွယ်ဝတ္ထုကြောင့်ရင်း ဝန်တိုမှုကြောင့်ရင်း ဤနှစ်ပါးသော အကြောင်းကြောင့် ဖြစ်တတ်၏၊ ဝန်တိုမှုသည် ချစ်ဘွယ်ဝတ္ထုဟူသော တပါးသော အကြောင်းကြောင့်သာ ဖြစ်တတ်၏ ဟူသတည်း။

၃။ ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်း စသော ရှစ်ပါးသော ကိလေသာတရားတို့၏ အရင်းခံ အကြောင်းဖြစ်သော ချစ်ဘွယ် (ချစ်ခြင်း) နှစ်သက်ဘွယ် (နှစ်သက်ခြင်း)အရာတို့၌လည်း အကြောင်းရင်းရှိသင့်၏၊ ၎င်းတို့၏အကြောင်းရင်းကား အဘယ်ပါနည်း။ လောကသားတို့သည် ထိုသည့် ချစ်ဘွယ် နှစ်သက်

http://www.dhammadownload.com

လှည့်လည်ခံစားကြကုန်၏။ တေသံ သတ္တာနံ၊ ထိုလှည့်လည်ခံစားသူတို့၏။ လောဘော အပိ၊ လောဘသည်လည်း။ ကုတောနိဒါနော၊ အဘယ်တရားလျှင် အကြောင်းရှိပါသနည်း။ (၃-ပုဒ်ထည့်) ယေ အတ္ထာ၊ အကြင်အကျိုးကျေးဇူး ဂုဏ်အထူးဘို့သည်။ နရဿ၊ လူ၏။ သမ္ပရာယာယ၊ ကောင်းစွာရှေးရှုရောက်ရာဘို့သည်။ ဝါ၊ မှီခိုအားထား ကိုယ်းစားရာဝို့သည်။ (ဝိဘတ္တိဝိပလ္လာသ,ဝစနဝိပလ္လာသ)ဟောန္တိ၊ ဖြစ်ကုန်၏။တေသု အတ္ထေသု၊ ထိုအကျိုးကျေးဇူး ဂုဏ်အထူးဘို့၌။ အာသာ စ၊ တောင့်တမြော်လင့်ခြင်းသည်ဂင်း။ နိဋ္ဌာ စ၊ တောင့်တမြော်လင့်သည့်အတိုင်း ပြီးခြင်း ပြည့်စုံခြင်းသည်ဂင်း။ ကုတောနိဒါနာ၊ အဘယ်တရားလျှင် အကြောင်းရင်းရှိပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ နိမ္မိတကိုယ်စား ရှင်တော်ဘုရားက မေးတော်မူပြန်ပြီ။

၄။ ဘဂဝါ၊ ပုစ္ဆာနက်လေး မေးတော်မူသော အသျှင်ဘုရား။(ထည့်) လောကေ၊ လောက၌။ ပိယာနိ၊ ချစ်အပ်သောသတ္တဝါ ချစ်အပ်သောသန်ါရဟူသောအာရုံဘို့သည်။ ဝါ၊ ချစ်အပ်သောသတ္တဝါ သန်ါရဝို့၌ ချစ်ခြင်းတို့သည်။ ဆန္ဒနိဒါနာနိ၊ ကာမဂုဏ်ဘို့၌ တောင့်တနှစ်သက်ကာ တပ်မက်ခြင်း

ဘွယ် အာရုံကို ခုံခုံမင်မင် အလွန်လိုချင်ကြကုန်သည်ဖြစ်၍ မနားမနေ ရှာဖွေလှည့်လည်လျက် ရှိပါကုန်၏။ ထိုလောကသားတို့၏ လိုချင်မှု လောဘတရား၌လည်း အကြောင်းရှိသင့်၏၊ အကြောင်းရင်းကား အဘယ်ပါနည်း။ လောကသားတို့၏ မှီခိုအားထား ကိုးစားရာဖြစ်သော လာဘ်ရမှု အခြံအရံများမှု အချီးမွမ်းခံရမှု ချမ်းသာမှုတို့သည် ရှိကုန်၏၊ ၎င်းတို့ကို တောင့်တမြော်လင့်ခြင်း အလိုအာသာတဏှာနှင့် ၎င်းတဏှာ၏တောင့်တမှု ပြီးဆုံးခြင်းဟူသော တောင့်တတိုင်း လက်ရှိရမှုတို့၌လည်း အကြောင်းရှိသင့်သေး၏၊ အကြောင်းကား အဘယ်ပါနည်းဟု မေးတော်မူ၏။

(အတိုချုပ်) (၁) ချစ်ဘွယ်အာရုံ (ကာမဂုဏ်)၌ ချစ်ခြင်းနှင့် ချစ်သည့်အတိုင်း လှည့်လည်ခံစားမှု (၂) တောင့်တခြင်းတဏှာနှင့် တောင့်တတိုင်း ပြည့်စုံမှု၏ အကြောင်းကိုဂင်း မေးတော်မူ၏။

၄။ (၁) ချစ်ဘွယ်အာရုံ(ကာမဂုဏ်)၌ ချစ်ခြင်းနှင့် ချစ်သည့်အတိုင်း လှည့်လည်ခံစားမှု၊ (၂) ကြိုတင်တောင့်တခြင်းတဏှာနှင့် တောင့်တတိုင်း ပြည့်စုံမှု ဤတရားများကို စီမံဖန်တည်းသည့် အကြောင်းရင်း လက်သည်ကား

http://www.dhammadownload.com

ဟူသော ကာမစ္ဆန္ဒလျှင် အရင်းခံအကြောင်း ရှိပါကုန်၏။ စ၊ ထိုမှတပါး။ လောကေ၊ လောက၌။ ယေ သတ္တာ၊ အကြင်သတ္တဝါဟိုသည်။ လောဘာ၊ ထိုချစ်ဘွယ်အာရုံတို့၌ တပ်မက် နှစ်သက်သော လောဘကြောင့်။ ဝိစရန္တိ၊ ထိုထိုဤဤ လှည့်လည်ခံစားကြကုန်၏။ တေသံ သတ္တာနံ၊ ထိုခံစားသူ သတ္တ

အခြားမဟုတ် ဆန္ဒခေါ်သော တဏှာလောဘပင်ဖြစ်၏။ ထိုဆန္ဒခေါ်သော တဏှာလောဘသည်ကား ငါးပါးအရေအတွက်ရှိ၏။ (၁) ပရိယေသနဆန္ဒ=ကာမဂုဏ်ကို ရှာဖွေရေး၌ တင်းမတိမ်မှု၊ (၂) ပဋိလာဘဆန္ဒ=ကာမဂုဏ်ကို ရခြင်း၌ တင်းမတိမ်မှု၊ (၃) ပရိဘောဂဆန္ဒ=ကာမဂုဏ်ကို သုံးဆောင်ခံစားခြင်း၌ တင်းမတိမ်မှု၊ (၄) သန္နိဓိဆန္ဒ=ကာမဂုဏ်ကို သိုမှီးသိမ်းဆည်းခြင်း၌ တင်းမတိမ်မှု၊ (၅) ဝိဿဇ္ဇနဆန္ဒ=ပစ္စုပ္ပန်အကျိုးကိုမြော်၍ ကာမဂုဏ်ကိုစွန့်ကြဲခြင်း၌ တင်းမတိမ်မှု၊ ဤသို့ငါးပါးရှိ၏။

ဤ၌ ကာမဂုဏ်ဟူသောစကားကို သိရန်လိုလှ၏။ ကာမ+ဂုဏ=နှစ်ပုဒ်စပ်ပါဋ္ဌိမှ သက်ဆင်းလာသော မြန်မာစကားဖြစ်၏။ လောကသားတို့၏ လောဘဖြင့် လိုချင်အပ်သမျှ အရာဝတ္ထုသည် ကာမမည်၏၊ သတ္တဝါကို ဖမ်းဆီးဖွဲ့တုပ်ချုပ်ထားရာ နှောင်ကြိုးနှောင်အိမ်သည် ဂုဏမည်၏။ နှောင်ကြိုးနှောင်အိမ်ကဲ့သို့ ဖြတ်မရအောင် ရုံးမထွက်နိုင်အောင် လိုချင်မှုဖြင့် စွဲလန်းအပ်သော အရာဝတ္ထုအပေါင်းသည် ကာမဂုဏမည်၏။ ပရမတ်တရားကိုယ်အားဖြင့် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါးသည် ကာမဂုဏမည်၏။ အထီးအမ နှစ်ဦးစုံတို့၏အမှုဖြစ်သော မေထုန်မှုနှင့်စပ်သည့် အရာသာ ကာမဂုဏ်ဟု မမှတ်ရ၊ မှတ်ထင်တတ်၏။ ထိုငါးပါးအာရုံ ကာမဂုဏ်ကို ရှာမှီးခြင်း ရခြင်း သုံးဆောင်ခြင်း သိုမှီးခြင်း ပေးကမ်းခြင်းတို့၌ တင်းမတိမ်နိုင် တမြော်မြော်တောင့်တနေသော ဒုဗ္ဗလအားနည်းသော ရာဂသည် အကြောင်းရင်း ဖြစ်၏ဟု ဆိုလိုသည်။

ထင်ရှားစေဦးအံ့။ ချစ်အပ်သော သတ္တဝါ သင်္ခါရဟူသော အာရုံ၏ အကြောင်းရင်းဖြစ်ပုံကား ဆုံးဖြတ်မှု၌ တည်၏။ ဆုံးဖြတ်မှုသည်လည်း—

၁။ ဉာဏ်ဖြင့်ဆုံးဖြတ်မှု=ဉာဏဝိနိစ္ဆယ။
၂။ တဏှာဖြင့်ဆုံးဖြတ်မှု=တဏှာဝိနိစ္ဆယ။
၃။ ဒိဋ္ဌိဖြင့်ဆုံးဖြတ်မှု=ဒိဋ္ဌိဝိနိစ္ဆယ။
၄။ ဝိတက်ဖြင့်ဆုံးဖြတ်မှု=ဝိတက္ကဝိနိစ္ဆယ။
ဟူ၍ လေးပါးရှိ၏။

http://www.dhammadownload.com

ဝါဘိ၏။ လောဘော အပိ၊ လောဘသည်လည်း။ ဆန္ဒနိဒါနော၊ ကာမဂုဏ် တို့၌ တောင့်တနှစ်သက် တပ်မက်ခြင်းဟူသော ကာမစ္ဆန္ဒလျှင် အရင်းခံ အကြောင်းရှိပါ၏။ ယေ အဘ္ဘာ၊ အကြင်အကျိုးကျေးဇူး ဂုဏ်အထူးတို့သည်။

ထိုလေးပါးတွင် ဤအရာ၌ တဏှာဖြင့်ဆုံးဖြတ်မှု တဏှာဝိနိစ္ဆယကိုသာ ယူသင့်၏၊ သက်ရှိသက်မဲ့ဝတ္ထုတို့ကို ဤဝတ္ထုကား ချစ်ဘွယ် နှစ်သက်ဘွယ် ကောင်း၏၊ ဤဝတ္ထုကား ချစ်ဘွယ် နှစ်သက်ဘွယ် မကောင်းဟု တဏှာက ဆုံးဖြတ်၏၊ ပိုင်းခြားကန့်သတ်၏။

ထို့ကြောင့် ကောင်းမကောင်းကို ဆုံးဖြတ်တတ်သော တဏှာခေါ်သော ဆန္ဒသည် ချစ်ဘွယ် နှစ်သက်ဘွယ် အာရုံ၏အကြောင်းရင်းဟု ဆိုရ၏၊ တဏှာ ဆန္ဒက ချစ်စရာအဖြစ်ဖြင့် အပ်နှင်းပေးပို့သည်ဟူ၍ ဆိုလို၏။ လောကသားတို့ သည်လည်း မိမိတို့၏ တဏှာတရားသူကြီးထံမှ အဆုံးအဖြတ်ကို နာခံကြကုန်၍ ဤကား ချစ်ဘွယ် နှစ်သက်ဘွယ်ကောင်းသော အာရုံတည်းဟု ယတိပြတ် အား‌ဖြင့် အသိအမှတ်ပြုကြကုန်၏။ တဏှာတည်းဟူသော တရားသူကြီးသည် လည်း ဖောက်ဖောက်ပြန်ပြန် အမှတ်မမှန်မှု သညာဝိပလ္လာသ ဖောက်ဖောက် ပြန်ပြန် အသိမမှန်မှု စိတ္တဝိပလ္လာသ ဖောက်ဖောက်ပြန်ပြန် အမြင်မမှန်မှု ဒိဋ္ဌိ ဝိပလ္လာသဟူသော ဓမ္မသတ်ဖြတ်ထုံး လှတ်ရုံးဧရင်ချက်တို့ကို အမှီတဲ့ကဲ့ သဟဲပြု၍ ဆုံးဖြတ်ရသောကြောင့် အမျိုးမျိုးသော အမှတ်အထင် အမြင်အသိရှိကြသော သတ္တဝါတို့အား‌လျော်စွာ တဏှာဆုံးဖြတ်ချက်လည်း အချင်းချင်းသဘောမတူ မူအမျိုးမျိုးကွဲလျက် ရှိရလေ၏။

ထို့ကြောင့် မဟုတ်လော အာရုံဝတ္ထု တခုတည်းပင်လျှင် အချို့သူအား နှစ်သက်ဘွယ် ကွဉ္ဇဖြစ်၏၊ အချို့သူအား ရွံမုန်းဘွယ် အနိဋ္ဌဖြစ်နေလေ၏။ ဥပမာ ခွေးသား တီကောင် ပက်ကျိစသည်တို့ကို အချို့ရွံရှာစက်ဆုပ်၍ အချို့ နှစ်သက်ခုံမင် သကဲ့သို့တည်း။ ဤကား တဏှာဆန္ဒသည် ချစ်ဘွယ် နှစ်သက်ဘွယ် အာရုံ၏ အကြောင်းရင်းဖြစ်ပုံတည်း။ ချစ်ဘွယ်အာရုံကို ချစ်ခြင်း၊ ငင်းအာရုံ ကို လှည့်လည်ခံစားခြင်း၊ ငင်းအာရုံကို တောင့်တမြော်လင့်ခြင်း (၃)ပါးတို့ သည်လည်း ပရမတ်တရားကိုယ်အား‌ဖြင့် တဏှာပင်ဖြစ်၏၊ ထိုတဏှာ၏ အကြောင်းရင်းကို ဖြေဆိုရာ၌ ဆန္ဒခေါ်သော တဏှာကိုပင် ညွှန်းပြ၏။ ထို့ ကြောင့် တဏှာသည် တဏှာ၏အကြောင်းဖြစ်၏ဟု ဆိုလို၏။ အဘယ်သို့ ဖြစ်သနည်းဟူမူ တဏှာသည် (၁) ရှာမှီးခြင်းအား‌ဖြင့် တပ်မက်သော ဧသန တဏှာ (၂) ရှာမှီးပြီးဝတ္ထု၌ တပ်မက်သော ဧသိတတဏှာဟူ၍ အကျဉ်းချုပ်

http://www.dhammadownload.com

နရသ၊ လူ၏။ သမ္ပရာယာယ၊ကောင်းစွာရှေးရှု ရောက်ရာဘို့သည်။ ဝါ၊ မှီခို အားထား ကိုယ်းစားရာဘို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု အတ္ထေသု၊ ထိုအကျိုးကျေးဇူး ၎ဏ်အထူးသို့၌။ အာသာ စ၊ မြော်လင့် တောင့်တခြင်း

နှစ်ပါးရှိ၏။ ထိုတွင် သေနတဏှာသည် သေိဘ တဏှာ၏ အကြောင်း ဖြစ်၏။ သေိတတဏှာသည်လည်း—

၁။ နောက်ဆပ်ရမှု၌ တပ်မက်သော ပဋိလာဘတဏှာ၊

၂။ သုံးဆောင်ခံစားမှု၌ တပ်မက်သော ပရိဘောဂတဏှာ၊

၃။ သိုမှီးသိမ်းထားမှု၌ တပ်မက်သော သန္နိဓိတဏှာ၊

၄။ ပေးကမ်းစွန့်ကြဲမှု၌ တပ်မက်သော ဝိဿဇ္ဇနတဏှာ၊

ဟူ၍ လေးပါး လေးလွှာ ဖြာထွက်လာ၏။

၁။ အာရုံဝတ္ထုကို ရှာမှီး၍ ရလာပြန်သော်လည်း အားရတင်းတိမ်မှု မရှိ ရပြီးရင်း ရချင်ရင်း အတောမသတ် အထပ်ထပ် ရလိုမှုကို ပဋိလာဘတဏှာ ခေါ်၏။

၂။ အာရုံကို သုံးဆောင်ခံစားမှု၌လည်း သောက်လေ သောက်လေ ငတ်မပြေဟူသကဲ့သို့ အားရတင်းတိမ်မှု မရှိဘဲ မန္ဓာတု စကြာမင်းကြီး၏ တဏှာ လောဘကဲ့သို့ အဆုံးမသတ် အငတ်မပြေနိုင်သော လောဘတဏှာကို ပရိ-ဘောဂ တဏှာဟု ဆို၏။

၃။ ရပြီးသော အာရုံတို့ကို အလိုနှင့်အမျှ သုံးဆောင် ခံစားရသော်လည်း ထိုမျှနှင့် အားမရသေး အနာဂတ်ဘေးကို မြော်တွေးကြောင့်ကြ၍ မတောင့်တ ရအောင် သိုဝှက်သိမ်းဆည်းရာ၌လည်း အားရသည်မရှိ ပြည့်သည်ထက် ပြည့် အောင် ထပ်၍ထပ်၍ ဖြည့်လိုသော တဏှာကို သန္နိဓိတဏှာဟု ခေါ်၏။

၄။ စွန့်ကြဲပေးကမ်းရာ၌လည်း ပစ္စုပ္ပန်အကျိုးကို မြော်ကိုး တောင့်တ၍ ဤသို့ ပေးကမ်းချီးမြောက်ထားရလျှင် ငါ့အား စောင့်ရှောက်လိမ့်မည် ငါ့အလို သို့ လိုက်လိမ့်မည်။ အရေးရှိက ဝိုင်းဝန်းကူညီလိမ့်မည် စသည်ဖြင့် ကိုယ်ကျိုး အတွက် ရမက်မပြေဘဲ ခွဲဝေဖြန့်ဖြူးခြင်းတဏှာကို ဝိဿဇ္ဇနတဏှာဟု ခေါ်သည်။

ဤသို့လျှင် တဏှာအမျိုးအစား အပါးပါးရှိရာတွင် ဆန္ဒခေါ်သော တဏှာ ဟူသမျှသည် ဒုဗ္ဗလ အားနည်းသော တဏှာ သို့မဟုတ် ပုဗ္ဗုပ္ပတ္တိက အာရုံတမျိုး မျိုး၌ အစစွာဖြစ်သော တဏှာမည်၏။

ရာဂခေါ်သောတဏှာသည် ဗလဝ အားကြီးသောတဏှာ၊သို့မဟုတ် အပရာ ပရုပ္ပတ္တိက နောက်ထပ်အဆင့်ဆင့် ဆက်၍ ဆက်၍ ဖြစ်သော တဏှာမည်၏။

http://www.dhammadownload.com

သည်၎င်း။ နိဋ္ဌာ၊ တောင့်တမှု၏ ပြီးဆုံးခြင်း ပြည့်စုံခြင်းသည်၎င်း။ ဣတော နိဒါနာ၊ ကာမဂုဏ်ဘို့၌ တောင့်တနှစ်သက် တပ်မက်ခြင်း ဟူသော ဤ ကာမစွဆန္ဒပင်လျှင် အရင်းခံအကြောင်းရှိ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကဝိ ရှင်တော်ဘုရားက ဖြေဆိုတော်မူပြီ။

၅။ ဂေါတမ၊ဂေါတမန္တယ်ဘွားအသျှင်မြတ်ဘုရား။(ထည့်)လောကသို့၊ လောကဋ္ဌ။ ဆန္ဒော၊ ဘောင့်တဘာဘ်သော တဏှာဆန္ဒသည်။ ကုတောနိဒါနောနုခေါ၊ အဘယ်တရားလျှင် အရင်းခံအကြောင်းရင်း ရှိပါသနည်း။ ဝိနိစ္ဆယာပိ၊ ဆုံဖြာဘ်ဘာ်သော တဏှာတရားသူကြီး, ဒိဋ္ဌိတရားသူကြီး ဝိုသည်လည်း။ ကုတောပဟူတာ၊ အဘယ်တရားဟူသော အစအမှန်ဖြစ်ရာ ရှိပါကုန်သနည်း။ ကောဓော စ၊ အမျက်ထွက်တာ်သော ဒေါသသည်၎င်း။ မောသဝဇ္ဇဉ္စ၊ ချဘ်ယှင်း ဘောက်ပြန် မမှန်သောဝတ္ထုကို အမှန်ဖြစ်အောင် လိမ်လည်ပြောဆိုခြင်းဟူသော ဝိသံဝါဒန - စေတနာသည်၎င်း။ ကထံကထာ

ထို့ကြောင့် ရှေးရှေးဦဖြစ်သော တဏှာနှင့် အားနည်းသော တဏှာသည် နောက်နောက်ဖြစ်သော တဏှာနှင့် အားကြီးသော တဏှာ၏ အကြောင်းပင်ဖြစ်၏။

မိမိ၏ သညာ,စိတ္တ,ဒိဋ္ဌိ,ဝိပလ္လာသတို့ အားလျော်စွာ မိမိ၏ ရှေးရှေးသော တဏှာက နှစ်သက်ဘွယ်ဟု ဆုံးဖြတ်ပေးလိုက်သော အာရုံကို နောက်နောက်သော တဏှာသည် ရှာဖွေ၏။ ရှာ၍ရပြန်လျှင် ရမှုကို နောက်နောက်သော တဏှာဖြင့် ကျေနပ်နှစ်သက်နေ၏။ နောက်နောက်သော တဏှာဖြင့် သုံးဆောင်ခံစား၏၊ သိုမှီးသိမ်းဆည်း၏၊ မြှောလင့်ချက်ဖြင့် ခဲ့ဝေပေးကမ်း၏၊ ဤကား တဏှာသည် တဏှာ၏ အကြောင်းဖြစ်ပုံတည်း။ တောင့်တ မြှောလင့်ခြင်း၏ ပြီးဆုံးမှုဟူသည်ကား အာရုံကို လက်ရှိရမှု ခံစားရမှု သိုမှီးရမှု ပေးကမ်းရမှုပင်ဖြစ်၏။

ဤင်းတို့အား တဏှာဆန္ဒက ကျေးဇူးပြုပုံကို ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သိအပ်၏။

၅။ တောင့်တတတ်သော တဏှာဆန္ဒ၊ ဆုံးဖြတ်တတ်သော တဏှာဝိနိစ္ဆယ၊ ဆုံးဖြတ်တတ်သော ဒိဋ္ဌိဝိနိစ္ဆယ၊ အမျက်ထွက်တတ်သော ဒေါသ၊ လိမ်လည် လှည့်စားတတ်သော မုသာဝါဒ၊ ယုံမှားခြင်းဟူသော ဝိစိ-

http://www.dhammadownload.com

စ၊ ဘယ်သို့နည်း ဘယ်ပုံနည်း ဤသို့လောဆိုသို့လောဟူတွေးတောယုံမှားခြင်း ဝိစိ.ကိစ္ဆာသည်၎င်း။ ကုဘောပဟူတာ၊ အဘယ်တရားလျှင် အစအမှန် ဖြစ်လာရာအကြောင်းရှိပါသနည်း။ ယေ ဓမ္မာ၊ အကြင်ဒေါသ ဝိသံဝါဒန စေတနာ ဝိစိ.ကိစ္ဆာသို့နှင့်တကွ ဖြစ်ရာချုပ်ရာ အတူပါသော သမ္မယုတ်တရား တို့ကို။ ဝါ၊ အကြင် တဏှာ, ဒိဋ္ဌိ, ဒေါသ, ဝိသံဝါဒနစေတနာ ဝိစိကိစ္ဆာဝို့မှ တပါးကုန်သော ကိလေသာတရားတို့ကို။ သမဏေန၊ ကိလေသာ အပူဘေးမှ ငြိမ်းဓေစတော် မူဘာဘ်သော မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ် ကုန်ပြီ။ တေ မေ့မာ စာပိ၊ ထိုဒေါသ ဝိသံဝါဒနစေတနာ ဝိစိကိစ္ဆာသို့နှင့်တကွ ဖြစ်ရာချုပ်ရာ အတူပါသော သမ္မယုတ်တရားသို့သည်လည်း။ ဝါ၊ တဏှာ,ဒိဋ္ဌိ, ဒေါသ, ဝိသံဝါဒန စေတနာ ဝိစိ.ကိစ္ဆာဘို့မှ တပါးကုန်သော ကိလေသာ တရားဘို့သည်လည်း။ ကုဘောပဟူတာ၊ အဘယ်တရားလျှင် အစအမှန် ဖြစ်ခဲ့ရာ အကြောင်းရှိပါ.ကုန်သနည်း။ ဣဘိ၊ ဤသို့။ ပုစ္ဆိ၊ နိမ့်တရုပ်ပွါး နှင်တော်ဘုရားက မေးတော်မူပြန်ပြီ။

၆။ ဘဂဝါပုစ္ဆာနက်လေးမေးတော်မူသောအသျှင်မြတ်ဘုရား။(ထည့်) လောကေ၊ လောကဋ္ဌိ။ ယံ ဓမ္မံ၊ အကြင်သုခဝေဒနာ ဒုက္ခဝေဒနာ ထိုဝေဒနာ တို့၏ ဣဋ္ဌ အာရုံ အနိဋ္ဌ အာရုံ.ကို။ ညာတန္တိ၊ မိမိ.ကို သာယာ နှစ်သက်

ကိစ္ဆာ၊ ဒေါသ, မုသာဝါဒ, ဝိစိကိစ္ဆာဘို့နှင့် သမ္မယုတ်ဖြစ်သော အကု-သိုလ်တရားစု၊ (သို့မဟုတ်) တဏှာ,ဒိဋ္ဌိ,ဒေါသ,မုသာဝါဒ,ဝိစိကိစ္ဆာတို့ မှ တပါးသော ကိလေသာဘရားစု၊ ဤတရားတို့သည် အဘယ်ကြောင့် ဖြစ်ပါကုန်သနည်း၊ ဤတရားတို့ ဖြစ်ခြင်း၏ အကြောင်းကား အဘယ် ပါနည်းဟု မေးတော်မူ၏။

၆-၇။ တဏှာဆန္ဒသည် လောကဋ္ဌ သာယာနှစ်သက်အပ်သော အရာနှင့် မသာယာ မနှစ်သက်အပ်သော အရာကို အမှီပြု၍ (အကြောင်းပြု၍) ဖြစ် တတ်၏။

ထိုတွင် သာယာနှစ်သက်အပ်သော အရာဟူသည်ကား—

(၁) ကိုယ်ချမ်းသာခြင်း သုခ၊
(၂) စိတ်ချမ်းသာခြင်း သောမနဿ၊
(၃) အလိုရှိအပ်သော ဣဋ္ဌာရုံ၊

http://www.dhammadownload.com

စေဘဘ်သော တရားဟူ၍ဌင်း။ အသာတန္တိ၊ မိမိကို မသာယာ မနှစ်သက်စေဘဘ်သော တရားဟူ၍ဌင်း။ အာဟု၊ ဆိုကြကုန်ပြီ။ တံ ဓမ္မံ၊ ထိုသာယာ နှစ်သက်စေဘဘ် မသာယာ မနှစ်သက်စေတတ်ဟု ဆိုအပ်သော သုခ, ဒုက္ခဝေဒနာ,ဣဋ္ဌအာရုံ,အနိဋ္ဌအာရုံကို။ ဥပနိဿာယ၊ မှီရာတခု ငြမ်းကြီးပြု၍။ ဆန္ဒော၊ ဘောင့်တဘဘ်သော တဏှာဆန္ဒသည်။ ပဟောတိ၊ အရင်းမူလ အစအမွန်ပြု၍ ဖြစ်ပေါ်လာ၏။ လောကေ၊ လောက၌။ ဇန္တု၊ သဘ္ဘဝါသည်။ ရူပေသု၊ မဟာဘုတ်ရုပ် ဥပါဒါရုပ်ဟူ၌။ ဘဝဥ၊ ဖြစ်ခြင်းကိုဌင်း။ ဝိဘဝဥ၊ ပျက်ခြင်းကိုဌင်း။ ဒိတ္ဌာ၊ မြင်ရ၍။ ဝိနိစ္ဆယံ၊ တဏှာဒိဋ္ဌိဖြင့် ဆုံးဖြတ်ခြင်းကို။ ကုဗ္ဗတိ၊ ပြု၏။

၇။ ကောဓော စ၊ အမျက်ထွက်ခြင်း ဒေါသသည်ဌင်း။ မောသဝဇ္ဇဥ၊ ချတ်ယွင်းဘောက်ပြန် မမှန်သောဝတ္ထုကို အမှန်ပြု၍ ပြောဆို လိမ်လည်ခြင်း ဝိသံဝါဒနစေဘနာသည်ဌင်း။ ကထံကထာ စ၊ ဘယ်သို့နည်း ဘယ်ပုံနည်း

---

(၄) ထိုဣဋ္ဌာရုံကို အလိုရှိခြင်း အနုနယအားဖြင့် လေးပါးရှိ၏၊ ထိုလေးပါးကို မှီ၍ (အကြောင်းပြု၍) တောင့်တခြင်း တဏှာဆန္ဒ ဖြစ်၏။

မသာယာ မနှစ်သက်အပ်သော အရာဟူသည်ကား—

(၁) ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊
(၂) စိတ်ဆင်းရဲခြင်း ဒေါမနဿ၊
(၃) အလိုမရှိအပ်သော အနိဋ္ဌာရုံ၊
(၄) ထိုအနိဋ္ဌာရုံကို အလိုမရှိခြင်း မတွေ့လိုခြင်း ပဋိဃအားဖြင့် လေးပါး ရှိ၏။

ထိုလေးပါးတို့နှင့် တွေ့ဆုံ ကြုံကြိုက်နေလျှင် ထိုလေးပါးတို့မှ လွတ်ကင်းရေးကို တောင့်တခြင်းဟူသော တဏှာဆန္ဒ ဖြစ်တတ်၏။ တဏှာဝိနိစ္ဆယနှင့် ဒိဋ္ဌိ-ဝိနိစ္ဆယ နှစ်ပါးသည် မဟာဘုတ် ရုပ်တရား ဥပါဒါ ရုပ်တရားတို့၏ ဖြစ်ပေါ်လာခြင်းနှင့် ပျက်စီးခြင်းတို့ကို အမှီပြု၍ (အကြောင်းပြု၍) ဖြစ်ပေါ်လာတတ်၏။ (ဤ၌ ဉာဏဝိနိစ္ဆယနှင့် ဝိတက္ကဝိနိစ္ဆယ နှစ်ပါးကို မယူအပ်။)

အဘယ်သို့ ရုပ်ဘို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မှီ၍ တဏှာဝိနိစ္ဆယ ဖြစ်သနည်း။ ဤလောက၌ လူတဦးတယောက်အား ရှေးက မရဘူးသော စည်းစိမ် ဥစ္စာ ရဘနာကိုလည်း မရနိုင်၊ ရပြီးသော စည်းစိမ် ဥစ္စာ ရတနာတို့လည်း ကုန်ဆုံး

http://www.dhammadownload.com

ဤသို့လော ထိုသို့လောဟုတွေးတောယုံမှားခြင်း ဝိစိကိစ္ဆာသည်ငှင်း။ဧတေပိ ဓမ္မာ၊ ဤဒေါသ ဝိသံဝါဒနစေတနာ ဝိစိကိစ္ဆာတရားတို့သည်လည်း။ ဒွယံ ဒွယသို့ ၊ နှစ်ပါးသော သာဘ အသာတ ခေါ်သော သုခ ဒုက္ခ ဣဋ္ဌ အနိဋ္ဌ အကြောင်းအပေါင်းသည်။ သန္တေ ဧဝ၊ ထင်ရှားရှိသော်သာလျှင်။ ဟောန္တိ၊

ပျက်စီးခြင်းသို့ ရောက်ရာ၏။ ထိုလူသည် အဘယ်ကြောင့် ငါ့အား မရဘူးသေးသော စည်းစိမ်ဥစ္စာ ရတနာတို့ကို မရသနည်း၊ ရပြီးသော စည်းစိမ်ဥစ္စာ ရတနာတို့သည်လည်း ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ကုန်သနည်း ဟု ကြံစည်ရာ၏။

ထိုအခါ (၁) သေသောက်ကြူးခြင်း။
(၂) အချိန်မဲ့၌ အလည်အပတ်များခြင်း၊
(၃) ပွဲလမ်းသဘင် ပျော်ရွှင်မှုများခြင်း၊
(၄) အလောင်းအစား ကစားမှုများခြင်း၊
(၅) မသူတော်တို့နှင့် ပေါင်းသင်းခြင်း၊
(၆) အလုပ်အကိုင် ပျင်းရိခြင်း၊

ဟူသော စည်းစိမ်ပျက်ကြောင်း (၆) ပါးကို တွေ့မြင်ရာ၏။ ထိုအခါ စည်းစိမ်ဥစ္စာ တိုးပွါးခြင်း အသစ်အသစ် ဖြစ်လာခြင်းကို တောင့်တ နှစ်သက်သော တဏှာသည် ထိုစည်းစိမ်ပျက်ကြောင်း မကောင်းမှု (၆) ပါးမှ ရှောင်ကြဉ်ရန် ဆုံးဖြတ်ပေးလိုက်၏။ လယ်ထွန်ခြင်း ကုန်သွယ်ခြင်း စသော ဥစ္စာရကြောင်း အလုပ်တို့ကို လုပ်စေရန် ဆုံးဖြတ်ပေးလိုက်၏။ ဤသို့လျှင် ရုပ်ခေါ်သော စည်းစိမ်ဥစ္စာတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မှီ၍ တဏှာဝိနိစ္ဆယ ဖြစ်၏။ အဘယ်သို့ ရုပ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မှီ၍ ဒိဋ္ဌိဝိနိစ္ဆယ ဖြစ်သနည်း။

စက္ခုပသာဒခေါ်သော မျက်စိ အကြည်ဓာတ် ဖြစ်လာလတ်သော် ငါ၏ အတ္တ ဖြစ်သော မျက်စိသည် ဖြစ်ပေါ်လာ၏ ဟု ဒိဋ္ဌိက ဆုံးဖြတ်၏။

သောတ ဃာန ဇိဝှါ ကာယ ခေါ်သော နားအကြည် နှာခေါင်းအကြည် လျှာအကြည် ကိုယ်အကြည်တို့ ဖြစ်လာလတ်သော် ငါ၏ အတ္တဖြစ်သော နား, နှာခေါင်း, လျှာ, ကိုယ်တို့သည် ဖြစ်ပေါ်လာကုန်၏ ဟု ဒိဋ္ဌိက ဆုံးဖြတ်၏။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ ခေါ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ ဖြစ်ရာ၌လည်း ငါ၏အတ္တဖြစ်သော အာရုံတို့ ဖြစ်ကုန်၏ ဟု ဒိဋ္ဌိက ဆုံးဖြတ်၏၊ ၎င်းရုပ်တို့ ပျက်ရာ၌လည်း ဒိဋ္ဌိက ငါ၏မျက်စိ ငါ၏အဆင်း စသည်တို့သည် ပျက်ကုန်၏ ဟု ဆုံးဖြတ်ပြန်၏။ ဤသို့လျှင် ရုပ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မှီ၍ ဒိဋ္ဌိဝိနိစ္ဆယ ဖြစ်၏။

http://www.dhammadownload.com

ဖြစ်ပေါ်လာကုန်၏။ (ကြိယာထည့်) ကထံကထီ၊ ဖြေဆို အပ်ပြီးသော ပြဿနာတို့၌ ဘယ်သို့နည်း ဘယ်ပုံနည်း ဤသို့လော ထိုသို့လောဟု တွေးတောယုံမှားခြင်း (ဝိစိကိစ္ဆာ) ရှိသော ပုဂ္ဂိုလ်သည်။ ဉာဏပထာယ၊ ဉာဏ်ဉာဏ်၏အာရုံအကြောင်း, ဉာဏ်နှင့်တကွဖြစ်သော သမ္ပယုတ်တရား အကျိုးငှါ။ သိက္ခေ၊ သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာ အားဖြင့် (၃) ပါး

၁။ အမျက်ထွက်ခြင်း ဒေါသ၊

၂။ မမှန်သည်ကို အမှန်ပြု၍ လိမ်လည်ပြောဆိုခြင်း စေတနာ၊

၃။ ယုံမှားခြင်း ဝိစိကိစ္ဆာ၊

ဤတရား (၃)ပါးတို့သည် (က) သာတ ခေါ်သော ကိုယ်စိတ်ချမ်းသာမှု သုခ ဣဋ္ဌာရုံ၊ (ခ) အသာတ ခေါ်သော ကိုယ်စိတ်ဆင်းရဲမှု ဒုက္ခ အနိဋ္ဌာရုံ ဤအကြောင်းတရားတို့ကြောင့် ဖြစ်၏။ ဖြစ်ပုံကား မိမိလက်ရှိဖြစ်သော ကိုယ်ချမ်းသာမှု သုခဝေဒနာနှင့် ဣဋ္ဌအာရုံတို့ ပျောက်ကွယ် ပျက်စီးအံ့သည်မှ ကြောက်ရွံ့၍ဝင်း, ပျောက်ကွယ် ပျက်စီးခိုက်ဖြစ်၍ဝင်း, ပျောက်ကွယ်ပျက်စီးပြီး ဖြစ်၍ဝင်း ထိုအရေးတို့ကို အကြောင်းပြု၍ အမျက်ထွက်မှု ဒေါသ ဖြစ်လာတတ်၏။

ကိုယ်စိတ်ဆင်းရဲမှု ဒုက္ခဝေဒနာကြောင့် အမျက်ထွက်မှုဖြစ်ခြင်းကား ထင်ရှား၏။

အနိဋ္ဌအာရုံ ဖြစ်သော မိမိ၏ အကျိုးမဲ့ကိုပြုပြီး ပြုဆဲ ပြုလတ္တံ့ ဖြစ်သော ရန်သူ မိမိအား စိတ်မချမ်းသာမှုကို ပေးတတ်သော အာရုံတို့ကို မြင်ရာ ကြားရာ စိတ်ကူးမိရာတို့၌ အမျက်ဒေါသ ဖြစ်မှုလည်း ထင်ရှား၏။ ဤကား သာတ အသာတကြောင့် ဒေါသဖြစ်ပုံတည်း။

ကိုယ်, စိတ် ချမ်းသာရေးနှင့် ဣဋ္ဌာရုံကို အကြောင်းပြု၍ မမှန်မုသား ပြောကြားတတ်၏။

ကိုယ်စိတ် ဆင်းရဲမှုနှင့် အနိဋ္ဌအာရုံမှ ကြောက်ရွံ့၍ မမှန်မုသား ပြောကြားတတ်၏။ ဤသို့ မုသာဝါဒဖြစ်ပုံ အကျယ်ချဲ၍ သိအပ်၏။ ငါသည် ကိုယ်စိတ်ချမ်းသာရေးနှင့် ဣဋ္ဌအာရုံကို ယခုနေ့ ယခုနှစ် ယခုဘဝ ရနိုင်ဦးမည်လော မရဘဲ ရှိတော့မည်လော ဟု တွေးတောယုံမှားမှု ဖြစ်တတ်၏။ ငါသည် ယခု တွေ့ကြုံဆဲဖြစ်သော ကိုယ်စိတ်ဆင်းရဲမှုနှင့် အနိဋ္ဌအာရုံမှ ဘယ်အခါ လွတ်မြောက်နိုင်ပါအံ့နည်း မလွတ်နိုင်ဘဲ ရှိလေတော့မည်လော ဟု တွေးတောယုံမှားမှု ဖြစ်တတ်၏။ (ဥပမာ) မျက်စိရောဂါ ရှိသူသည် ငါသည် မျက်စိရောဂါမှ ဘယ်

http://www.dhammadownload.com

သောသိက္ခာတို့ကို အားထုတ်ကျင့်ဆောင်ရာ၏။ ကသ္မာ၊ အဘယ်အကြောင်းကြောင့်။ သိက္ခာ. သိက္ခာ(၃)ပါးသို့ကို အားထုတ် ကျင့်ဆောင်ရာသနည်း။ (ထည့် ၂ ပုဒ်) ယသ္မာ၊ အကြင်အကြောင့်ကြောင့်။ (ထည့်ဦး) သမဏေန၊ ကိလေသာအပူဘေးကို ငြိမ်းအေးစေတော်မူတတ်သော ရှင်တော်မြတ်ဘုရား သည်။ ဥတ္တာ၊ ပိုင်ပိုင်နိုင်နိုင် ကိုယ်တော်ဝိုင် သိတော်မူပြီး၍။ ဓမ္မာ၊ သစ္စာ

အခါ လွတ်မြောက်ပါမည်နည်း အသက်ကိုယ်ပါ အနာကိုယ်ရောက်ဖြစ်တော့မည်းလာဟု တွေးတောယုံမှားမှု ဖြစ်တတ်၏ နားရောဂါစသည်ခဲ့၍ သိလေ၊ ဤကား သာတ အသာတကြောင့် ဝိစိကိစ္ဆာ ဖြစ်ပုံတည်း။

ဤ ဝိစိကိစ္ဆာသည် မောဟနှင့် မကွေ မကွာဖြစ်၍ မောဟ သည်လည်း သံသရာဝဋ်ဒုက္ခ၏ အမြစ်အရင်းကြီးဖြစ်၏။ မောဟ အငုတ်မပြုတ်သမျှ ဒုက္ခအစဉ် အမျှင်တန်းလျက်ရှိ၏။ ထို့ကြောင့် မောဟ ဝိစိကိစ္ဆာ တည်းဟူသော ဒုက္ခမျိုးစေ့ကို ခြောက်သွေ့ပျက်ပြုန်းစေနိုင်သော လက်နက်ကောင်းကို ရှာသင့်၏။ လက်နက်ကောင်းဟူသည်လည်း ဉာဏ်ပညာနှင့် ဉာဏ်ပညာ၏ အာရုံကို ရမှုမှုတပါး အခြားလက်နက်မရှိပြီ၊ ထိုဉာဏ်ပညာနှင့် ဉာဏ်ပညာ၏ အာရုံကို ရနိုင်ရန် လုပ်ငန်းသည်လည်း သိက္ခာ (၃) ပါးကို ကျင့်ဆောင်ခြင်းမှတပါး အခြားလုပ်ငန်းမရှိပြီ။

ထို့ကြောင့် ယုံမှားမှုဝိစိကိစ္ဆာမကင်းသေးသော ပုထုဇဉ်ပုဂ္ဂိုလ်သည် အမြင်မှန် ဉာဏ်ကို ရခြင်းငှါ အဓိသီလ သိက္ခာကို ဖြည့်ကျင့်ခြင်းဖြင့် သီလ ဝိသုဒ္ဓိဟူသော ပဌမစခန်း ထွက်လမ်းသို့ဝင်ရာ၏။ အဓိစိတ္တသိက္ခာကို ဖြည့်ကျင့်ခြင်းဖြင့် စိတ္တဝိသုဒ္ဓိ ဟူသော ဒုတိယစခန်း ထွက်လမ်းသို့ ကူးရာ၏။ အဓိပညာသိက္ခာကို ဖြည့်ကျင့်ခြင်းဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ စသော အထက်စခန်း ထွက်လမ်း ငါးရပ်သို့ အဆင့်ဆင့် ကူးတက်ရာ၏၊ ထိုသို့ ကူးတက်နိုင်လျှင် ဝိစိကိစ္ဆာပျောက်၍ အမြင်မှန်ရောက်ပြီးလျှင် နိဗ္ဗာန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ရာ၏။

အဘယ်ကြောင့် သိက္ခာ(၃)ပါးကို ကျင့်ဆောင်ခြင်းဖြင့် အမြင်မှန်ပေါက်နိုင်ရာသနည်း မေးအံ့၊သိက္ခာ(၃) ပါး ကျင့်စဉ်တရားတို့ကို ဟောတော်မူသော ရှင်တော်ဘုရားသည် ဤကား အကြောင်း ဤကား အကျိုး ဤကား ဒုက္ခ ဤကား သုခ ဤကား မဂ် ဤကား သမုဒယ စသည်ဖြင့် ကျနပိုင်ပိုင် ကိုယ်တော်ကိုင် သိပြီးမှ ဝေနေယျတို့အား ဟောပြတော်မူ၏၊ ဟောပြတော်မူအပ်

http://www.dhammadownload.com

လေးပါးတရားဘို့ကို။ ပဝုတ္တာ၊ ဝေနေယျတို့အား ဟောတော် မူအပ်ကုန်ပြီ။ တသ္မာ၊ ထိုသို့ကိုယ်တော်တိုင် ဉာဏ်ဖြင့်သိ၍ သစ္စာ (၄) ပါး တရားတို့ကို ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ သိက္ခေ၊ သိက္ခာ (၃)ပါးကို ကျင့်ဆောင်ရာ၏။ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကတိရှင်တော်ဘုရားက ဖြေကြားတော်မူပြီ။

၈။ ဂေါတမ၊ ဂေါတမနွယ်ဘွား အသျှင်မြတ်ဘုရား။ (ထည့်) သာတဉ္ဇ၊ သာယာအပ်သော သုခ ဝေဒနာ သောမနဿ ဝေဒနာသည်လည်းကောင်း။ အသာဘဉ္ဇ၊ မသာယာအပ်သော ဒုက္ခဝေဒနာ ဒေါမနဿဝေဒနာသည်လည်းကောင်း။ ကုတောနိဒါနာ၊ အဘယ်တရားလျှင် အရင်းခံအကြောင်းရှိပါကုန်သနည်း။ ကိသ္မိံ၊ အဘယ်တရားသည်။ အသန္တေ၊ ထင်ရှားမရှိလတ်သော်။ ဧတေ(ဓမ္မာ)၊ ဤဝေဒနာတရားဘို့သည်။ နဘဝန္တိ၊ မဖြစ်ပါကုန်သနည်း။ (ဟိအနက်မရှိ)ပိဘဝဉ္ဇာပိ၊ ဝေဒနာဘို့၏ ပျက်ခြင်းလျှင် အကြောင်းရှိသော ဝိဘဝဒိဋ္ဌိလည်းတပါး။ ဘဝဉ္ဇာပိ၊ ဝေဒနာဘို့၏ ဖြစ်ခြင်းလျှင်အကြောင်းရှိသော ဘဝဒိဋ္ဌိလည်းတပါး။ ဣတိ၊ ဤသို့အားဖြင့် နှစ်ပါးသော။ ယမေတမတ္ထံ-ယံ ဧတံ အတ္ထံ၊ အကြင်သဘောတရားသည်။ (လိင်ဝိပလ္လာသ) အတ္ထိ၊ ရှိ၏။ တံ ဧတံ အတ္ထံ၊ ထိုသဘောတရားသည်။ ယတောနိဒါနံ၊ အကြင်တရားဟူသော အရင်းခံ အကြောင်းရှိ၏။ ဧတံ နိဒါနံ အပိ၊ထိုဘဝဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ

သည့် ဒေသနာတော်၌ ကိုယ်ပိုင်ဉာဏ်ဖြင့် မသိဘဲ ယော်ယမ်းမှန်းဆ၍ ဟောပြချက် စိုးစဉ်းမျှမပါမရှိ၊ ဟောသည့်အတိုင်း တိတိကျကျမှန်ကန်လှသောကြောင့် အသိဉာဏ်မရနိုင်သောသူသည် ဒေသနာတော်အပြစ်မဟုတ် မိမိ၏သုံးပါးသော သိက္ခာ၌ လေ့လာကျင့်ဆောင်မှု မရှိခဲ့ခြင်း အပြစ်ပင်ဖြစ်၏။ ထို့ကြောင့် အမြင်မှန်ကိုရခြင်းငှါ ဧဟိပဿိက ဓမ္မဂုဏ်ကို ယုံကြည်သောအားဖြင့် သိက္ခာသုံးပါးကို ကြိုးစားအားထုတ်ရာ၏။ထိုသို့ကြိုးစားအားထုတ်ခြင်းဖြင့် အမြင်မှန်ဉာဏ်ကိုရရာ၏။ ဉာဏ်ကိုရခြင်းဖြင့် မောဟဝိစိကိစ္ဆာ သံသရာဝဋ္ဌမြစ်မှ ကျွတ်လွှတ်ထွက်မြောက်ရာ၏ ဟူသတည်း။

၈။ သုခ စသော ဝေဒနာတို့သည် အဘယ် အကြောင်းကြောင့် ဖြစ်ပါကုန်သနည်း။ အဘယ် အကြောင်း တရားများ မဖြစ်မပေါ်လာမှ ထိုဝေဒနာတို့ မဖြစ်မပေါ်ဘဲ ရှိပါကုန်သနည်း။ ထိုဝေဒနာတို့၏ မဖြစ်ခြင်း ဖြစ်ခြင်းကို မှီ၍

http://www.dhammadownload.com

တို့၏ အကြောင်းဖြစ်သော တရားကိုလည်း။ မေ၊ အကျွန်ုပ်အား။ ပဗြူဟိ၊ ကွဲကွဲပြားပြား အပါးပါးဖြင့် ဖြေကြားတော်မူပါဦးလော့။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ နိမ္မိတကိုယ်ပွါး ရှင်တော်ဘုရားက မေးတော်မူပြီ။

၉။ ဘဂဝါ၊ ပုစ္ဆာနက်လေး မေးတော်မူသော အသျှင်မြတ်ဘုရား။ (ထည့်)သာတဉ္ဇ၊ သာယာအပ်သော သုခဝေဒနာ သောမနဿဝေဒနာသည် ၎င်း။ အသာတဉ္ဇ၊မသာယာအပ်သော ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာသည် ၎င်း။ ဖဿနိဒါနံ၊ဖဿလျှင် အရင်းခံ အကြောင်းရှိ၏။ ဖဿေ၊ ဖဿဟူသော အကြောင်းတရားသည်။အသန္တေ၊ မရှိလတ်သော်။ ဧတေ မ္မော၊ ဤဝေဒနာ တရားဟိုသည်။န ဘဝန္တိ ဟိ-န ဘဝန္တိ ဧဝ၊ မဖြစ်ကုန်တော့သည်သာ။ဝိဘ-ဝဉ္ဇာပိ၊ဝေဒနာတို့၏ ပျက်ခြင်းလျှင်အကြောင်းရှိသော ဝိဘဝဒိဋ္ဌိလည်းတပါး။ ဘဝဉ္ဇာပိ၊ ဝေဒနာတို့၏ ဖြစ်ခြင်းလျှင် အကြောင်းရှိသော ဘဝဒိဋ္ဌိလည်း တပါး။ ဣတိ၊ ဤသို့အားဖြင့် နှစ်ပါးသော။ ယမေတမတ္တံ၊ အကြင်သဘော

ဖြစ်သော ဝိဘဝခေါ်သော ဥစ္ဆေဒဒိဋ္ဌိ ဘဝခေါ်သော သဿတဒိဋ္ဌိ နှစ်ပါးသည် လည်း အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း အကြောင်း တရားကို ဟောတော်မူပါဟု တောင်းပန်လျှောက်ထား၏။

၉။ သုခ ဝေဒနာ၏ အစီးအပွါးဖြစ်၍ သုခဝေဒနာ အားလျော်သော ဖဿသည်(သုခဝေဒနီယ) ဖဿမည်၏။ ထိုဖဿ ဖြစ်ရာအခါ၌ သုခ ဝေဒနာ သည် ဖြစ်ပေါ်လာ၏။ ထိုဖဿချုပ်ငြိမ်း ကွယ်ပျောက်ရာအခါ၌ သုခ ဝေဒနာ လည်း ချုပ်ငြိမ်းကွယ်ပျောက်လေ၏။ ဒုက္ခဝေဒနာ၏ အစီးအပွါးဖြစ်၍ ဒုက္ခ ဝေဒနာ အားလျော်သော် ဖဿသည် (ဒုက္ခဝေဒနီယ) ဖဿမည်၏။ ထိုဖဿ ဖြစ်ရာအခါ၌ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာ၏။ ထိုဖဿ ချုပ်ငြိမ်းကွယ်ပျောက်ရာ အခါ၌ ဒုက္ခဝေဒနာလည်း ချုပ်ငြိမ်းကွယ်ပျောက်လေ၏။ ဥပေက္ခာဝေဒနာ၏ အစီးအပွါးဖြစ်၍ ဥပေက္ခာဝေဒနာအား လျော်သော ဖဿသည် (အဒုက္ခမ သုခဝေဒနီယ) ဖဿ မည်၏။ ထိုဖဿ ဖြစ်ရာအခါ၌ ဥပေက္ခာ ဝေဒနာလည်း ဖြစ်၏။ ထိုဖဿ ချုပ်ငြိမ်းကွယ်ပျောက်ရာအခါ၌ ဥပေက္ခာဝေဒနာလည်း ချုပ် ငြိမ်းကွယ်ပျောက်လေ၏။

သရုပ်တရားကိုယ်အားဖြင့် စက္ခုသမ္ဖဿ စက္ခုဝတ္ထုလျှင် မှီရာရှိ၍ စက္ခု ဝိညာဏနှင့်တကွဖြစ်သော ဥပေက္ခာ ဝေဒနာအား သဟဇာတ အကြောင်း, အညမညအကြောင်း, နိဿယအကြောင်း, ဝိပါကအကြောင်း, အာဟာရ

http://www.dhammadownload.com

တရားသည်။ အတ္တိ၊ရှိ၏။ တံ ဧတံ အတ္တံ၊ ထိုသဘောတရားသည်။ ဣတောနိ-ဒါနံ၊ ဤဖဿဟူသော အရင်းခံအကြောင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧတံ-အပိ၊ ဝိဘဝဒိဋ္ဌိ ဘဝဒိဋ္ဌိဝို့၏ အရင်းခံအကြောင်းဖြစ်သော ဤဖဿ တရားဂိုလည်း။ တေ၊ အသျှင်ဘုရားအား။ ပဗြူမိ၊ ကွဲကွဲပြားပြား မယုံမှား အောင် ဖြေကြားလိုက်ပါ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကတိ ရှင်တော် ဘုရားက ဖြေကြားတော် မူပြီ။

၁၀။ ဂေါတမ၊ ဂေါတမနွယ်ဘွား အသျှင် မြတ်ဘုရား။ (ထည့်) လောကသို့၊ လောကဌ်။ ဖဿော၊ ဖဿသည်။ ကုတောနိဒါနော၊ အဘယ် တရားသျှင် အရင်းခံအကြောင်းရှိသည်။ ဟောဘိ နု၊ဖြစ်ပါ သနည်း။ပဋိဂ္ဂဟာ စာပိ၊ ဝတ္ထုအာရုံ ကာမဂုဏ်သို့ဂို တဏှာဒိဋ္ဌိဖြင့် သိမ်းပိုက် ခြင်းသို့သည်

အကြောင်း, သမ္မယုတ္တအကြောင်း, အတ္ထိအကြောင်း, အဝိဂတအကြောင်း ဟူသော ရှစ်ပါးသော အကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြု၏။ သမ္မဒ္ဓိစ္ဆုန်း, သန္တီရဏ, တဒါရုံ အဖြစ်ဖြင့် ဖြစ်သော ကာမဝိပါက် ဝေဒနာတို့အား၎င်း စက္ခုသမ္ဖဿက, ဥပနိဿယ အကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြု၏။ သောတ သမ္ဖဿ စသည်တို့၏ ကျေးဇူးပြုပုံကိုလည်း နည်းတူ သိရာ၏။ မနောဒ္ဓါရဋ္ဌိ တဒါရုံ ကာမဝိပါက် ပဋိသန္ဓေဘဝင်, စုတိနှင့် သမ္မယုတ်ဖြစ်သော ဖဿသည် ယဉ်ဘက်ဝိပါက်ဝေဒနာအား ဆိုအပ်ခဲ့ပြီးသော အကြောင်းရှစ်ပါးဖြင့် ကျေးဇူး ပြု၏။ မနောဒ္ဓါဆုဝင္ဆေနစိတ်နှင့် သမ္မယုတ်ဖြစ်သော ဖဿသည် ထိုတဒါရုံ စသည်တို့နှင့် သမ္မယုတ်ဖြစ်သော ဝေဒနာတို့အား ဥပနိဿယ အကြောင်း အဖြစ်ဖြင့် ကျေးဇူးပြု၏။ ဤသို့ ဖဿပစ္စယာ ဝေဒနာ ဟူသော ပဋိစ္စသမုပ္ပါဒ် အရ ဖဿက ဝေဒနာအား အကြောင်းပြုပုံကိုလည်း သိရာ၏။ ထိုဝေဒနာတို့၏ ပျက်ခြင်းကို မှီ၍ဖြစ်သော ဝိဘဝခေါ်သော ဥစ္ဆေဒဒိဋ္ဌိ ထိုဝေဒနာတို့၏ ဖြစ်ခြင်း ကို မှီ၍ ဖြစ်သော ဘဝခေါ်သော သဿတဒိဋ္ဌိတို့သည်လည်း ထိုဖဿလျှင် အကြောင်းရင်း ရှိကုန်၏၊ ဖဿကြောင့် ဖြစ်လာကုန်၏ ဟူသတည်း။

၁၀။(၁) ဖဿသည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။

(၂) ကာမဂုဏ်တို့ကို သိမ်းပိုက်ကြောင်းဖြစ်သော တဏှာဒိဋ္ဌိသည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။

(၃) ငါ့ဟာ ငါ့ဥစ္စာဟု ကိုယ်ပိုင်ပြုလုပ်ကြောင်းဖြစ်သော တဏှာဒိဋ္ဌိသည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။

http://www.dhammadownload.com

လည်း။ ကုတောပဟူတာ၊ အဘယ်အကြောင်း တရားဟူသော အစအမှန် ဖြစ်ရာရှိပါ.ကုန်သနည်း။ ကိသို့၊ အဘယ်ကြောင်းတရားသည်။ အသန္တေ၊ ထင်ရှားမရှိသတ်သော်။ မမတ္တံ၊ တဏှာဒိဋ္ဌဖြင့် မြတ်နိုးသည်၏ အဖြစ်သည်။ နအတ္ထိ၊ မရှိတော့ပါသနည်း။ ကိသို့၊ အဘယ်အကြောင်းတရားသည်။ ဝိဘူတေ၊ မဖြစ်သည်ရှိသော်။ ဝါ၊ ပျောက်.ကွယ်ကျော်လွန်သည်ရှိသော်။ ဖဿာ၊ ဖဿတို့သည်။ နဖုသန္တိ၊ အာရုံကိုမတွေ့မထိတော့ပါကုန်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ နိမိတ်ကိုယ်ပွါး.ဌင်တော်ဘုရားက မေးတော်မူပြီ။

၁၁။ ဘဂဝါ၊ ပုစ္ဆာနက်လေး မေးတော်မူသော အသျှင်မြတ်ဘုရား။ (ထည့်)ဖဿော၊ ဖဿသည်။ နာမဉ္စ၊နာမ်တရားဂိုဏ်း။ ရူပဉ္စ၊ရုပ်တရားကို ဏ်း။ ပဋိစ္စ၊စဲ့၍ ။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ (ထည့်)ပရိဂ္ဂဟာနိ၊ဝတ္ထု အာရုံကာမဂုဏ် တို့ကို သိမ်းပိုက်ကြောင်း တဏှာဒိဋ္ဌဝို့သည်။ ဤစ္ဆာနိဒါနာနိ၊ အလိုမပြည့်

---

(၄) အဘယ်တရားများ ပျောက်ကွယ်ပျက်စီးမှ ဖဿတို့ ပျောက်ကွယ် ပျက်စီးပါသနည်း ဟူ၍ မေးတော်မူ၏။

၁၁။ (၁) အဖြေ။ ။စက္ခုပသာဒ, ရူပါရုံ တည်းဟူသော ရုပ်တရား၊ စက္ခုဝိညာဏ်, ဖဿမှတပါး သမ္ပယုတ်တရား တည်းဟူသော နာမ်တရား၊ ဤရုပ်နာမ် နှစ်ပါးတို့ကြောင့် စက္ခုသမ္ဖဿ ဖြစ်လာ၏။ သောတပသာဒ, သဒ္ဒါရုံ ဟူသော ရုပ်ဘရား၊ သောတဝိညာဏ်, ဖဿမှတပါး သမ္ပယုတ်တရား ဟူသော နာမ်ဘရား၊ ဤရုပ်နာမ်နှစ်ပါးကြောင့် သောတသမ္ဖဿ ဖြစ်၏။ဃာန-ပသာဒ, ဂန္ဓာရုံ ဟူသော ရုပ်တရား၊ ဃာနဝိညာဏ်, ဖဿမှ တပါးသော သမ္ပယုတ်တရား ဟူသော နာမ်တရား၊ ဤရုပ်နာမ် နှစ်ပါးကြောင့် ဃာန-သမ္ဖဿ ဖြစ်၏။ ဇိဝှါပသာဒ, ရသာရုံ ဟူသော ရုပ်တရား၊ ဇိဝှါဝိညာဏ်, ဖဿမှတပါး သမ္ပယုတ်တရား ဟူသော နာမ်တရား၊ ဤရုပ်နာမ်နှစ်ပါးကြောင့် ဇိဝှါသမ္ဖဿ ဖြစ်၏။ ကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံ ဟူသော ရုပ်တရား၊ ကာယ-ဝိညာဏ်, ဖဿမှတပါး သမ္ပယုတ်တရား ဟူသော နာမ်တရား၊ ဤရုပ်နာမ် နှစ်ပါးကြောင့် ကာယသမ္ဖဿ ဖြစ်၏။ ဘဝင်စိတ်, (သို့မဟုတ်) အာဝဇ္ဇန်းနှင့် တကွဖြစ်သော ဘဝင်စိတ်၊ တဘူမက စိတ်စေတသိက် ဟူသော ဓမ္မာရုံ၊ အာဝဇ္ဇန်းနှင့်တကွဖြစ်သော မနောဒွါရိကဇော, (သို့မဟုတ်) သက်သက်သော မနောဒွါရိကဇော၊ ဤသုံးပါးသော နာမ်တရား, ရုပ်ဓမ္မာရုံ တည်းဟူသော ရုပ်တရား၊ ဤရုပ်နာမ်နှစ်ပါးကြောင့် မနောသမ္ဖဿ ဖြစ်၏။

http://www.dhammadownload.com

အလိုရှိသောတဏှာသျှင် အရင်းခံအကြောင်းရှိကုန်၏။ ဤစွာယ၊အလိုမပြည့်အလိုရှိနေသောဘဏှာသည်။ အသန္တာ၊ ထင်ရှားမရှိလတ်သော်။ မမတ္တံ၊ ငါဟာ ငါဉစ္စာဟုသိုယ်ပိုင်ပြုတတ်သော တဏှာဒိဋ္ဌိသည်။နှ ဤတို့၊ ထင်ရှားမရှိပြီ။ ရူပေ၊ ရုပ်တရားသည်။ ဝိဘူတေ၊ မဖြစ်သည်ရှိသော်။ဝါ၊ ပျောက်ကွယ်ကျော်လွန်သည်ဖို့သော်၊ ဖဿာ၊ စက္ခုသမ္ဖဿာ၊ သောတသမ္ဖဿာ၊ ဃာန

---

(၂) အဖြေ။ ။ပရိဂ္ဂဟခေါ်သော သိမ်းပိုက်ခြင်းသည် တဏှာဖြင့် သိမ်းပိုက်ခြင်း ဒိဋ္ဌိဖြင့် သိမ်းပိုက်ခြင်းဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးသော သိမ်းပိုက်ခြင်းသည် မပြည့်မဝနိုင် အမြဲလိုလျက် လိုလျက်သာရှိသော ရှေးရှေး တဏှာကြောင့် ဖြစ်၏။

(၃) အဖြေ။ ။မမတ္တာခေါ်သော ငါဟာ ငါဉစ္စာဟု ကိုယ်ပိုင်ပြုလုပ်ခြင်းသည်လည်း တဏှာဖြင့် ကိုယ်ပိုင်ပြုလုပ်ခြင်း ဒိဋ္ဌိဖြင့် ကိုယ်ပိုင်ပြုလုပ်ခြင်း ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးသော ကိုယ်ပိုင်ပြုလုပ်ခြင်းသည်လည်း မည်မျှပင် ကိုယ်ပိုင်ပြုလုပ်ရစေကာမူ ပြည့်ဝ လုံလောက်သည် မရှိ အစဉ်အမြဲ လိုလျက် လိုလျက်သာရှိသော ရှေးရှေးတဏှာကြောင့် ဖြစ်၏။

(၄) အဖြေ။ ။ရုပ်ဘရားတို့ ကျော်လွန် ပျောက်ကွယ်သည် ရှိသော် ဖဿတို့လည်း ကျော်လွန်ပျောက်ကွယ်ကုန်၏။ ရုပ်ဘရားတို့ ကျော်လွန်ပျောက်ကွယ်သည်ဟူသော စကားဌ ကျော်လွန် ပျောက်ကွယ်ခြင်းသည် လေးပါးအပြား ရှိ၏။

လေးပါးဟူသည်ကား—

၁။ ဤကား ဘူတရုပ်(မဟာဘုတ်)ရုပ်ဘည်း၊ဤကား ဥပါဒါန်ရုပ်တည်းဟု ထင်ရှားအောင်ပြု၍ သိမြင်မှု ဟူသော ဉာတ ဝိဘူတ တပါး။

၂။ ဤမဟာဘုတ် ဥပါဒါရုပ်တို့သည် အနိစ္စလက္ခဏာ ရှိကုန်၏၊ ဒုက္ခလက္ခဏာ ရှိကုန်၏၊ ရောဂလက္ခဏာ ရှိကုန်၏၊ ဂဏ္ဍလက္ခဏာ ရှိကုန်၏၊ သလ္လလက္ခဏာရှိကုန်၏ စသောအားဖြင့် လေးဆယ့်သုံးပါးသော ရုပ်ဘို့၏ လက္ခဏာတို့ကို ဝိပဿနာဉာဏ်ဖြင့် စူးစမ်းဆင်ခြင် ရှုမြင်မှု ဟူသော တိရဏဝိဘူတ တပါး။

၃။ ဤသို့ စူးစမ်းဆင်ခြင် ရှုမြင်ပြီးနောက် ထိုလက္ခဏာတို့ကြောင့် သာယာဘွယ် မရှိသော ရုပ်ဘရားအပေါ် ၌ ဆန္ဒရာဂကို ပယ်စွန့်မှု ဟူသော ပဟာန ဝိဘူတ တပါး။

http://www.dhammadownload.com

သမ္မဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿတို့သည်။ နဖုသန္တိ၊ အာရုံကို မတွေ့ မဆိကြကုန် (ပျက်စီးပျောက်ကွယ်ကုန်၏)။ ဣဘိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကတိ ရှင်တော်ဘုရားက ဖြေဆိုတော်မူပြီ။

၁၂။ ဂေါဘမ၊ ဂေါဘမနွယ်ဘွား သျှင်တော်မြတ်ဘုရား။ (ထည့်) ကထံ၊ အဘယ်သို့။ (အဘယ်ပုံ အဘယ်အခြင်းအရာအားဖြင့်) သမေတဿ၊ ကောင်းစွာကျင့်သောပုဂ္ဂိုလ်၏။ ရူပံ၊ ရုပ်တရားသည်။ ဝိဘောဘိ၊ ကင်းချုပ်ကွယ်ပျောက် လွန်မြောက်ပါသနည်း။ ကထံ၊ အဘယ်သို့။ သမေတဿ၊ ကောင်းစွာကျင့်သော ပုဂ္ဂိုလ်၏။ သုခံ စာပိ၊ သုခဝေဒနာ၏ အကြောင်းဖြစ်သော ဣဋ္ဌရုပ်သည်ရင်း။ ဒုက္ခဥာပိ၊ ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော အနိဋ္ဌရုပ်သည်ရင်း။ ဝိဘောဘိ၊ ကင်းချုပ် ကွယ်ပျောက် လွန်မြောက်ပါသနည်း။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ဝိဘောဘိ၊ ကင်းချုပ်ကွယ်ပျောက်လွန်မြောက်ပါ၏။ ဧတံ၊ ဤကင်းချုပ်ကွယ်ပျောက် လွန်မြောက်ပုံအခြင်းအရာကို။ မေ၊ အကျွန်ုပ်အား။ ပဗြူဟိ၊ ကွဲကွဲပြားပြား မယုံမှားအောင် ဟောကြားတော်မူပါလော့။ တံ၊ ထိုကင်းချုပ်ကွယ်ပျောက်ပုံ အခြင်းအရာကို။ ဇာနိဿာမ၊ သိရကုန်လိမ့်လတ္တံ့၊ ဣဘိ၊ ဤသို့။ မေ၊အကျွန်ုပ်၏။

၄။ လေးပါးသော အရူပသမာပတ်တို့ကို ရပြီး၍ ကသိုဏ်းရုပ်ဟူသည့် အာရုံကို ကျော်လွန်မှု ဟူသော သမတိက္ကမဝိဘူတ တပါး။

ဤသို့အားဖြင့် လေးပါးတည်း၊ ဤသို့လျှင် ဝိပဿနာမဂ်၏ အစွမ်းအားဖြင့်ရင်း အရူပသမာပတ်၏ အစွမ်းအားဖြင့်ရင်း ဖြစ်သော လေးပါးသော ကျော်လွန်ခြင်းဖြင့် ရုပ်တရားတို့ကို ကျော်လွန်နိုင်လျှင် ရုပ်ကို အကြောင်းပြု၍ ဖြစ်သော စက္ခုသမ္ဖဿ သောတသမ္ဖဿ ဃာနသမ္ဖဿ ဇိဝှါသမ္ဖဿ ကာယသမ္ဖဿတို့ကိုလည်း ကျော်လွန်နိုင်တော့သည်သာ ဟူသတည်း။

၁၂။ အို.... ဂေါတမနွယ်ဝင် အသျှင်မြတ်ဘုရား ရုပ်ကို အကြောင်းပြု၍ ဖဿဖြစ်ပုံကို ဟောပြ၍ သိရပါပြီ၊ ထိုအကြောင်းဖြစ်သည့် ရုပ်တရားကို ဖြစ်ပွါးခြင်း မရှိစေရအောင် ဘယ်ပုံ ကျင့်ရပါသနည်း။ (ဘယ်ပုံ ကျင့်သော ပုဂ္ဂိုလ်အား ရုပ်တရားများ မဖြစ်ပွါးသနည်း) ဘယ်ပုံ ကျင့်သော ပုဂ္ဂိုလ်အား သုခခေါ်သော ဣဋ္ဌရုပ်, ဒုက္ခခေါ်သော အနိဋ္ဌရုပ်ဘို့သည် ဖြစ်ပွါးခြင်း မရှိပါကုန်သနည်း၊ ရုပ်တရားတို့ ဖြစ်ပွါးခြင်း မရှိအောင် ကျင့်ရပုံ အခြင်းအရာကို သိလိုလှပါကုန်၏၊ သိပါရစေ၊ ယခု ဖြေပြတော်မူပါလော့ ဟု မေးတော်မူ၏။

http://www.dhammadownload.com

မနော၊ စိတ်အကြံသည်။ အဟု၊ဖြစ်ပါပြီ။ ဣတိ၊ ဤသို့။ပုစ္ဆိ၊နိမိတကိုယ်ပွါး ရှင်တော်ဘုရားက မေးတော်မူပြီ။

၁၃။ ဘဂဝါ၊ ပုစ္ဆာနက်လေး မေးတော်မူသော အသျှင်မြတ်ဘုရား။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။(ထည့်)န သညသညီ၊ပြကတော့ဖြစ်နေကျ ရိုးရိုးသညာဖြင့် သညာရှိသူလည်းမဟုတ်။ န ဝိသညသညီ၊ ဘောက်ပြန်သောသညာဖြင့် သညာ၌ သူလည်းမဟုတ်(စိတ်မနှံ့သူ ရူးသူလည်းမဟုတ်)။ နောပိ အသညီ၊ လုံးဝသညာမရှိသူလည်းမဟုတ် (နိရောဓသမာပတ် ဝင်စားသူလည်းမဟုတ်၊ အသညသတ်ဘုံသား ဖြဟ္မာလည်းမဟုတ်)။န ဝိဘူတသညီ၊ စက္ခုပသာဒ ရူပါရုံ အစရှိသော ဝတ္ထုအာရုံဘို့၏ ထိခိုက်ကြုံကြိုက်ခြင်းကြောင့်ဖြစ်သော ပဋိဃသညာဏ်နှင့် တက္က ယှဉ်သော သညာ, ကသိုဏ်း ရုပ်၌ အာရုံပြုသည်၏ အစွမ်းအားဖြင့် ဖြစ်သော သညာ, အထူးထူးသော သဘောရှိသောသညာ, ဤသညာဝဋ်ဂို လွန်မြောက်ပြီးသော အရူပစျာန်ရ ပုဂ္ဂိုလ်လည်းမဟုတ်။ တဿ ပုဂ္ဂလဿ၊ ထိုဆိုအပ်ပြီးသော ပုဂ္ဂိုလ်၌မှတပါးတခြားသော ရူပါဝစရ စတုတ္ထစျာန်ဂို ရပြီးသော ပုဂ္ဂိုလ်သည်။ (နိယာမထည့်)ဝေါ၊ ဤသို့။ သမေဘာဿ၊ အာကာသာနဉ္စာယတန သမာပတ်ဂို ရခြင်းငှါ ကောင်းစွာကျင့်သည်ရှိသော်။တနည်း။သမေတဿ၊အာကာသာနဉ္စာယတန

၁၃။ သမဆယောဂီပုဂ္ဂိုလ်သည် ကသိုဏ်းရုပ်လျှင် အာရုံရှိသော ရူပါဝစရစျာန်တို့ကို ရပြီးဖြစ်ရာ၏။ ထိုအခါ ရူပါဝစရစျာန်ရပြီးပုဂ္ဂိုလ်သည် ဤလောက၌ ကရဇရုပ်ကိုအမှီပြု၍ ခိုက်ရန်ငြင်းခုံမှု, ထိုးခုတ်သတ်ဖြတ်မှုတို့သည် ဖြစ်ကုန်၏၊ ကရဇရုပ်မရှိလျှင် ထိုအပြစ်တို့ မဖြစ်ကုန်ဟူ၍ ရုပ်၌ အပြစ်ကို မြင်သဖြင့် ရှေးဦးစွာ ရုပ်တရား၌ ငြီးငွေ့ စိတ်ပျက် စက်ဆုပ် ရွံမုန်းရာ၏။ ထို့နောက် ရူပါဝစရ စတုတ္ထစျာန်ကို ဝင်စားပြီး၍ စျာန်မှ ထရာအခါ ဤစျာန်သည် ငါ ငြီးငွေ့ စက်ဆုပ်အပ်သော ရုပ်ကို အာရုံပြုလေသည်။ သုခသောမနဿဟူသော ရန်သူသည်လည်း ငါဝင်စားသောစျာန်နှင့် နီးကပ်လှသည်ဟု ရူပါဝစရ စတုတ္ထစျာန်၌ အပြစ်ကို မြင်ပြန်၏။

ထို့နောက် မိမိဝင်စားအပ်သောစျာန်ထက် ငြိမ်သက်သော သဘောရှိသော ရုပ်ကိုလည်း အာရုံမပြုသော အရူပစျာန်ကို ရခြင်းငှါ အလိုရှိရာ၏။ ထိုတွင် ရှေးဦးစွာသော အာကာသာနဉ္စာယတနစျာန်ကို ရခြင်းငှါ မိမိစျာန်၏ အာရုံပဋိဘာဂနိမိတ်ကို အာရုံမပြုသည်၏ အစွမ်းဖြင့် ပယ်ခွါ စွန့်ပစ်ရာ၏၊ ထိုသို့

http://www.dhammadownload.com

သမာပတ်ကို ရခြင်းငှါ ကောင်းစွာကျင့်သော။ တဿ ပုဂ္ဂလဿ၊ ထိုဆိုအပ်ပြီးသော ပုဂ္ဂိုလ်၌မှ တပါးသော ရူပါဝစရ စတုတ္ထစျာန်ကို ရပြီးသော ပုဂ္ဂိုလ်၏။ ရူပံ၊ ကသိုဏ်းရုပ်သည်။ ဝါ၊ရူပစျာန်သည်။ ဝိဘောတိ၊ ကင်းချုပ်ကုယ်ပျောက်၏။ ဟိ၊ ထို့ကြောင့် ကျင့်ပါသော်လည်း။ တဿ ပုဂ္ဂလဿ၊ ထို ရူပါဝစရစတုတ္ထစျာန်ကိုရ၍ အာကာသာနဉ္စာယတနစျာန်ကိုရခြင်းငှါကောင်းစွာ ကျင့်သော ပုဂ္ဂိုလ်အား။ သညာနိဒါနာ၊သညာလျှင် အရင်းခံအကြောင်းရှိကုန်သော။ ပပဉ္စသင်္ခါ၊ သံသရာတခွင်၌ ခန္ဓာဒုစဉ်ကို ခွဲထွင်တတ်သော

ပယ်ခွါ စွန့်ပစ်ခြင်းအားဖြင့် ရအပ်သော အာကာသကသိုဏ်းကို စီးဖြန်း ပွါးများစေရာ၏ [အာကာသကသိုဏ်း ဟူရာ၌ ပထဝီအစရှိသော ကသိုဏ်းအာရုံပဋိဘာဂနိမိတ် ကိုးပါးတို့တွင် တပါးပါးသော ကသိုဏ်း နိမိတ်ကို ရနေခိုက် ထို ကသိုဏ်း နိမိတ်ကို နှလုံးမသွင်း မဆင်ခြင်ဘဲ ထိုနိမိတ် နှံရာ အရပ်ကို "အာကာသော, အာကာသော (ကောင်းကင် ကောင်းကင်)"ဟု နှလုံးသွင်းသောအားဖြင့် စွန့်လွှတ် ပယ်ခွါသည်ရှိသော် ထို စွန့်လွှတ်ပယ်ခွါအပ်သော ကသိုဏ်းနိမိတ် ပုံနှံ့ရာ၌ ဟင်းလင်းအပြင် ကောင်းကင်ပညတ်သည် ဘာဝနာစိတ်၏ အာရုံအဖြစ်သို့ ရောက်လာရာ၏၊ ထိုသို့ ရောက်လာသော ကောင်းကင်ပညတ်သည် အာကာသ ကသိုဏ်း မည်၏။]

ထိုသို့ စီးဖြန်းပွါးများစေသော ပုဂ္ဂိုလ်သည် အရူပသမာပတ်ကို ရနိုင်ခြင်း၏ အကြောင်းဖြစ်သော အကျင့်ပဋိပတ်၌ ပြည့်စုံစွာတည်နေသော ပုဂ္ဂိုလ် မည်၏။ ထိုပုဂ္ဂိုလ်သည် အချင်း ခပ်သိမ်း ဘာဝနာမှု မရှိသည့် ပုဂ္ဂိုလ် သာမန်တည်းဟူသော သညာသည် ပုဂ္ဂိုလ်လည်း မဟုတ်၊ စိတ်မနှံ့သူ ရူးသွပ်သူတည်းဟူသော ဝိသညသည် ပုဂ္ဂိုလ်လည်း မဟုတ်၊ နိရောဓသမာပတ် ဝင်စား၍ သညာချုပ်သူနှင့် အခါခပ်သိမ်း သညာမရှိသော အသညသတ်ဘုံသား ဗြဟ္မာဟူသော အသည် ပုဂ္ဂိုလ်လည်း မဟုတ်၊ ကသိုဏ်းရုပ်ကို အာရုံပြုသော ရူပသညာ ပဉ္စဝတ္ထု ပဉ္စာရုံတို့၏ ထိခိုက် ကြုံကြိုက်ခြင်းကြောင့်ဖြစ်သော ပဉ္စဝိညာဏသည် အမျိုးမျိုးသော သဘောရှိသော နာနတ္တသညာတို့ကို လွှန်မြောက်ပြီး၍ အရူပစျာန် သမာပတ်ကို ရသော ဝိဘူတသည် ပုဂ္ဂိုလ်လည်း မဟုတ်၊ စင်စစ်ကား အရူပသမာပတ်ရကြောင်း အကျင့်ကို ကျင့်ဆောင်သော အရူပမဂ္ဂသမင်္ဂီပုဂ္ဂိုလ်သာ ဖြစ်၏။

ထိုပုဂ္ဂိုလ်အား ကသိုဏ်းရုပ်(သို့မဟုတ်)ကသိုဏ်းရုပ်ကို အာရုံပြုသော ရူပစျာန်တို့သည် ကင်းချုပ်ကုယ်ပျောက်ကုန်၏။ သို့သော်လည်း ၎င်းပုဂ္ဂိုလ်သည်

http://www.dhammadownload.com

တဏှာ, မာန, ဒိဋ္ဌိအစုဘို့သည်။ အပွဟီနာ၊ မပယ်အပ်ကုန်သေးသည်။ (ထည့်) ဟောန္ကိ၊ ဖြစ်ကုန်၏။ ဣဘိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကတိ ရှင်တော်ဘုရားက ဖြေကြားတော်မူပြီ။ (ဤသို့ ပြည့်စုံစွာ ဆောင်၍စပ်)။

၁၄။ ဂေါဘမ၊ ဂေါတမနွယ်ဘွား အသျှင်မြတ်ဘုရား။ မယံ၊ ငါတို့သည်။ (နှစ်ပုဒ်ထည့်) ယံ တံ ပဉ္ဉံ၊ အကြင်သိခြင်းငှါအလိုရှိအပ်သော အနက်ကို။ အပုစ္ဆိမှာ၊ မေးလျှောက်ပါကုန်ပြီ။ နောအကျွန်ုပ်တို့အား။ ဝါ၊ ငါတို့၏။ တံပဉ္ဉံ၊ ထိုသိလိုသဖြင့် မေးအပ်သောအနက်ကို။ တွံ၊ အသျှင်မြတ်ဘုရားသည်။ (ထည့်) အကိတ္တယိ၊ ဖြေဆိုတော်မူပါပေပြီ။ မယံ၊ ငါတို့သည်။ တံ၊ အသျှင်မြတ်ဘုရားကို။ အညံ၊ တပါးတခြားသော အမေးပုစ္ဆာပြဿနာကိုလည်း။ ပုစ္ဆာမ၊ မေးလျှောက်ပါကုန်ဦးအံ့ (မေးလျှောက်ပါရစေ)။ ဣဿ၊ တောင်းပန်ပါ၏။ တွံ၊ အသျှင်မြတ်ဘုရားသည်။ တံ ပဉ္ဉံ၊ ထိုအမေးပုစ္ဆာပြဿနာကိုလည်း။ ဗြူဟိ၊ ဖြေဆိုတော်မူပါဦးလော့။

ဣဓ၊ ဤလောက၌။ ဧကေ၊ အချို့ကုန်သော။ ပဏ္ဍိတာ၊ ပညာရှိဟု မိမိကိုယ်ကို ပြောဆိုဝန်ခံကြကုန်သော ပုဂ္ဂိုလ်တို့သည်။ (သေ-ကား နိပါတ်မျှသာ) ဧတ္တာဝတာ၊ ဤအရူပစျာန်သမာပတ်တိုင်ရုံမျှဖြင့်။ ယက္ခဿ၊ သတ္တဝါ၏။ အဂ္ဂံ၊ အမြတ်ဆုံးဖြစ်သော။ သုဒ္ဓိံ၊ သံသရာဝဋ္ဌမှ ကင်းလွတ် စင်ကြယ်ခြင်းကို။ ဝဒန္တိနု၊ ပြောဟောပညတ်ကြပါကုန်သလော။ ဥဒါဟု၊ သို့မဟုတ်။ ဧတ္တော၊ ဤအရူပစျာန်သမာပတ်မှ။ အညမ္ပိ၊ တပါးတခြားသော တရားကိုလည်း။ ယက္ခဿ၊ သတ္တဝါ၏။ အဂ္ဂံ၊ အမြတ်ဆုံးဖြစ်သော။ သုဒ္ဓိံ၊ သံသရာ

သံသရာတခွင်၌ ခန္ဓာအစဉ်ကို ချဲထွင်တတ်သော (သံသရာ၌ ကြာမြင့်စွာ နေစေတတ်သော) တဏှာ, မာန, ဒိဋ္ဌိဟု ဆိုအပ်သော ပပဉ္စတရားတို့ကို မပယ်မစွန့်နိုင်သေးသည်ဖြစ်၍ ဝဋ္ဌဒုက္ခမှ ကျွတ်လွတ် ထွက်မြောက်သော ပုဂ္ဂိုလ်ဟု မဆိုရသေး ဟူသတည်း။

၁၄။ အသျှင်မြတ်ဘုရားသည် အကျွန်ုပ်တို့ မေးအပ်တိုင်း မေးအပ်တိုင်းသော အမေးပုစ္ဆာ ပြဿနာတို့ကို ဖြေဆိုတော်မူပါပေပြီ၊ ထို့ပြင် ပြဿနာတရပ်ကို မေးလျှောက်ပါရစေဦး၊ ဖြေဆိုရန် တောင်းပန်ပါသည်။

အမေး။ ။ဤလောကမှာ ပညာရှိ အခေါ်ခံနေကြသော ပုဂ္ဂိုလ်အချို့တို့သည် အရူပါဝစရသမာပတ်ကို လောကုတ္တရာနိဗ္ဗာန်ဟု သမုတ်ကြပါသလော၊

http://www.dhammadownload.com

ဝဋ်မှ ကင်းလွတ်စင်ကြယ်ရာဟူ၍။ ဝဒန္တိ နှု၊ ပြောဟောပညတ် ကြပါကုန်သ
လော။ ဣတိ၊ ဤသို့။ ပုဿိ၊ နိမ္မိတရုပ်ပွါး ရှင်တော်ဘုရားကမေးတော်မူပြီ။

၁၅။ ဘဂဝါ၊ ပုဿာနက်လေး မေးတော်မူသော အသျှင်မြတ်ဘုရား။
ဣဓ၊ ဤလောကဌ်။ ဧကော၊ အခွါကုန်သော။ပဏ္ဍိတာ၊ပညာရှိဟု မိမိကိုယ်ကို
ပြောဆိုဝန်ခံကြကုန်သော သဿတဝါဒီ ပုဂ္ဂိုလ်တို့သည်။(သေ-ကားနိပါတ်
မျှသာ)တွေ့ဝဝတာ၊ ဤအရူပသမာပတ်တိုင်ရုံမျှဖြင့်။ ယကွဿ၊ သတ္တဝါ၏။
အဂ္ဂံ၊ အမြတ်ဆုံးဖြစ်သော။ သုဒ္ဓိံ ပိ၊ သံသရာဝဋ်မှ ကျွတ်လွတ်စင်ကြယ်ခြင်း
ကိုလည်း၊ ဝါ၊ သံသရာဝဋ်မှ ကျွတ်လွတ်စင်ကြယ်သည့် ထာဝရ စံဘုံတော်
ဟူ၍လည်း။ ဝဒန္တိ ဟိ ဝဒန္တိ ဧဝ၊ ဟောပြောပညတ်ကြကုန်သည်သာ။ ပန၊
ထိုမှတပါးတခြား။ တေသံ၊ ထိုပုဂ္ဂိုလ်တို့တွင်။ ဧကော၊ အခွါကုန်သော။
ဥစ္ဆေဒဝါဒီ ပုဂ္ဂိုလ်တို့သည်။အနုပါဒိသေသေ၊စိုးစင်းမျှ ခန္ဓာအကြွင်းမရှိအဆုံး
သတ် ဘဝဇာတ်၏ ပြတ်စဲချုပ်ငြိမ်းခြင်းဥ်။ ကုသလာဝဒါနာ၊ လိမ္မာ ကျွမ်း
ကျင်သူဟု ဝန်ခံပြောဆိုကြကုန်သည်။ သမာနာ၊ ဖြစ်ပါကုန်လျက်။ သမယံ၊
မှားသောဥစ္ဆေဒအယူကို။ ဝဒန္တိ၊ ဟောပြောပညတ်ကြကုန်၏။ ဣတိ၊ဤသို့။
ဝိဿဇ္ဇေသိ၊ ပကတိရှင်တော်ဘုရားက ဖြေကြားတော်မူပြီ။

သို့မဟုတ် အရူပါဝစရသမာပတ်မှ တပါးသော အရာကို လောကုတ္တရာနိဗ္ဗာန်ဟု
သမုတ်ကြပါသလောဟု မေးတော်မူ၏။

၁၅။ ဤလောကဌ် ကေစ္စသဿတဝါဒီ ခေါ်သော အယူမှားကို ကြိုက်
နှစ်သက်ကြသော ပုဂ္ဂိုလ်အခွါ ရှိ၏။ ထိုပုဂ္ဂိုလ်တို့သည် မိမိကို မိမိ ပညာရှိ
ပုဂ္ဂိုလ်ဟု ထင်မှတ်လျက် ဤသို့ ဟောပြောကြကုန်၏။ ဟောပြောပုံကား ဤ
လောကဌ် သတ္တဝါတို့၏ (ထာဝရ) အမြဲ ချမ်းသာစွာ စံနေရာဖြစ်သော
ကောင်းကင်ဘုံသည် ရှိ၏။ ထိုကောင်းကင်ဘုံသို့ ရောက်နိုင်သော အကျင့်ကား
ကောင်းကင်ပညတ်ကို အာရုံပြုသော အာကာသာနဉ္စာယတနဈာန်, ၎င်းဈာန်
မှဆက်၍ အထက်ထက် ဝိညာဏဉ္စာယတနဈာန်, အာကိဉ္စညာယတနဈာန်,
နေဝသညာ နာသညာယတနဈာန် ဤလေးပါးပင် ဖြစ်၏။ ၎င်းဈာန်လေးပါး
ကိုရသူသည် ထိုထာဝရ အမြဲ ချမ်းသာစွာ စံနေရာ ကောင်းကင်ဘုံသို့ ရောက်
လျက် ဘယ်အခါမှ စုတေပျက်စီးခြင်း မရှိ အခါခပ်သိမ်း တည်နေရလေ၏။
ဤသို့ဟောပြော ပညတ်ကြကုန်၏။ ထို့ပြင် ဥစ္ဆေဒဝါဒီ ခေါ်သော အယူမှားကို
ကြိုက်နှစ်သက်ကြသော ပုဂ္ဂိုလ်အခွါလည်း ရှိ၏၊ ထိုပုဂ္ဂိုလ်တို့သည်လည်း မိမိ

http://www.dhammadownload.com

၁၆။ ဝိမံသီ၊ စူးစမ်းဆင်ခြင် အမှန်မြင်တတ်သော ဉာဏ်ရှိတော်မူသော။ သော မုနိ၊ ထိုမြတ်စွာဘုရားသည်။ ဧတေ ဒိဋ္ဌဂတိကေ၊ ဤသို့သဿတဉစ္ဆေဒ ဟူသော မိစ္ဆာအယူရှိကြကုန်သောပုဂ္ဂိုလ်မျိုးတို့ကို။ ဣမေပုဂ္ဂလာ၊ဤပုဂ္ဂိုလ် တို့သည်။ ဥပနိဿိတာ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကို မှီကုန်၏။ ဣတိ၊ ဤသို့။ ဥ တ္ဘာ စ၊ သိဒတော်မူပြီး၍ငင်း(သိဒတော်မူခြင်းကြောင့်ငင်း)။ နိဿာဃေ၊ မှီရာ ဖြစ်ကုန်သော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကို။ဥ တ္ဘာ စ၊ဤအယူတို့သည်ဤသို့ သဘောရှိကုန်၏ ဤသို့အပြားရှိကုန်၏-ဟု သိတော်မူပြီး၍ငင်း။ သန်ဒါရော၊ တောဘူမကသန်ဒါရတရားတို့ကို။ (ထည့်) ဥ တ္ဘာ စ၊ အနိစ္စတာ အစရှိသော လက္ခဏာအားဖြင့်သိတော်မူပြီး၍ငင်း။ ဝိမုတ္တော၊ ဆန့်ကျင်ဘက် ကိလေသာ တို့မှ ကင်းလွတ်တော်မူပြီးသည်။ ဟုတ္ဘာ၊ ဖြစ်၍။ (ထည့်) ဝိဝါဒံ၊ တစုံ တယောက်သောသူနှင့်တကွ ငြင်းခုံခြင်းသို့။ န ဧတိ၊ ရောက်တော်မမူ။ဓီရော၊ မဘောက်မပြန် မှန်သောသဘောကို ပညာဖြင့်ယူတတ် ဆုံးဖြတ်တတ်သည် ဖြစ်၍။ ဘဝါ ဘဝါယ၊ ကာမ ရူပ အရူပဟူသော ဘဝကြီးငယ် အသွယ်သွယ် အကျိုးငှါ။ န သမေတိ၊ တဏှာဒိဋ္ဌိဖြင့် စုံလမ်းတော်မမူ။ ။တနည်း။ ဘဝါ

ကို မိမိ ဉာဏ်ရှိသူ ကျမ်းကျင် လိမ်မာသူဟု ထင်မှတ်လျက် ဤသို့ ဟောပြော ကြကုန်၏။ ဟောပြောဟန်ကား ဤလောက၌ လောကသားတို့၏ ဘဝကြီး ငယ် အသွယ်သွယ်၌ ကျင်လည်ပြေးသွားရခြင်းမှ ကင်းရှင်း လွတ်မြောက်ရာ ဘဝဇာတ်၏ အပြီးသတ် လက်စသိမ်း ချုပ်ငြိမ်းပြတ်စဲရာ နိဋ္ဌာခေါ်သော ဘဝအဆုံးသို့ရောက်၍ မိမိလက်ရှိ ရုပ်နာမ်နှစ်ထွေ ဇီဝိန်ကြွသည်မှ နောက်၌ တစုံတခုသောဘုံဘဝသို့ မရောက်ရဘဲ ပြတ်စဲချုပ်ငြိမ်း ဘဝဇာတ်သိမ်းရလေ တော့၏။ ဤသို့ ဟောပြောပညတ်ကုန်၏ ဟူသတည်း။

၁၆။ ငါဘုရားတို့ကား မဆင်ခြင် မစူးစမ်း ယော်ယမ်း မှန်းဆ၍ ဟောကြ ပြောကြသော ဒိဋ္ဌိဂတိက တိတ္ထိယတို့ကဲ့သို့မဟုတ် သမ္မညုတဉာဏ်ဖြင့် အတိအကျ သဘာဝတို့ကို သိမြင်တော်မူသည့်အလျောက် စူးစမ်းဆင်ခြင်တော်မူ၍ ထိုသည့် သဿတ ဥစ္ဆေဒအယူရှိသူ ပုဂ္ဂိုလ်အမျိုးအစားတို့ကိုလည်း ခွဲခြားဝေဘန်၍ သိတော်မူကြကုန်၏။ ထိုပုဂ္ဂိုလ်တို့၏ မှီရာအယူဝါဒ အစားစားကိုလည်း ပိုင်းခြား ဝေဘန်၍ သိတော်မူကြကုန်၏။ ထိုမှတပါး သန်ဒါရတရားတို့ကိုလည်း အနိစ္စ ဒုက္ခ အနတ္တဟု သိတော်မူကြကုန်၏။ ပဋိစ္စသမုပ္ပါဒ်တရား သစ္စာလေးပါးတရား တို့ကိုလည်း ပိုင်းပိုင်းခြားခြား သိတော်မူကုန်၏။ ထိုသို့ သိမြင်တော်မူခြင်း

http://www.dhammadownload.com

ဘဝါယ၊ဘဝခေါ်သော သဿတဒိဋ္ဌိ အဘဝခေါ်သော ဥစ္ဆေဒဒိဋ္ဌိအကျိုးငှါ။ နှ သမေတိ၊ ထိုသဿတအယူ ဥစ္ဆေဒအယူရှိသော ပဂ္ဂိုလ်တို့နှင့် ပေါင်းဆုံညီညွတ်တော်မမူ။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ အရဟတ္တဖိုလ်ကို အထွဋ်ရတပ်သဖြင့် အပြီးသတ်နိဂုံးချုပ်၍ ဖြေဆိုတော်မူပြီ။ ဣတိ၊ ဤကား ကလဟဝိဝါဒသုတ်အပြီးတည်း။

ဧကာဒသမံ၊ သုတ္တနိပါတ် အဋ္ဌကဝဂ်တွင် တဆယ့်တသုတ်မြောက်ဖြစ်သော။ ကလဟဝိဝါဒသုတ္တံ၊ ကလဟဝိဝါဒအမည်ထူးရှိသော မဟာသမယသုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

ကြောင့် ရာဂ ဒေါသအစရှိသော ကိလေသာ အနှောင်အဖွဲ့မှ ကင်းလုံးကျွတ်လွတ်တော်မူကုန်သည်ဖြစ်၍ ဤလောက၌ တစုံတယောက်သော သူနှင့်တကွ ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်း ရှိတော်မမူကုန်၊ သစ္စာလေးပါး အမှန်တရားတို့ကို ဉာဏ်ပညာဖြင့် ဤကား ဒုက္ခ, ဤကား သမုဒယ, ဤကား နိရောဓ, ဤကား မဂ္ဂဟူ၍ ယူတတ် သိတတ် ဆုံးဖြတ်တတ်ကုန်သည်ဖြစ်၍ ထိုထို ဘဝကြီးငယ် အသွယ်သွယ်တို့ကိုလည်း စွဲလမ်းတောင့်တခြင်း ရှိတော်မမူကုန်၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကို အမြင်မှန် အယူမှန်ဟူ၍ လက်ခံသောအားဖြင့် ထိုအယူရှိသူလူတို့၏ အစု အသင်း အဖွဲ့အစည်းသို့လည်း အယူတူပြု၍ ဝင်ရောက်ပေါင်းဆုံခြင်းလည်း ရှိတော်မမူကုန် ဟူသတည်း။

ကလဟဝိဝါဒသုတ် နိဿယ အဓိပ္ပါယ် ပြီး၏။

http://www.dhammadownload.com

ဧဠဇဂ္ဂေါဟသုတ်နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဧကေတမ၊ ဧကေတမန္တယ်ဘွဲး အသျှင်ဘုရား။ (ထည့်) သကံသက်-ဒိဋ္ဌိပရိဗ္ဗသာနာ၊ မိမိဥစ္စာ မိမိဥစ္စာဖြစ်သော အယူဝါဒတည်းဟူသော နေအိမ်၌ နေကြကုန်သော ပုဂ္ဂိုလ်တို့သည် (အယူဝါဒ အသီးသီးရှိသူတို့သည်)။ ဝိဂယှ၊ မိမိအယူကို မြဲမြဲမြံမြံ တယူသန်အားဖြင့် ယူကြကုန်၍။ ကုသလာ၊ ဤအယူဝါဒ အရာ၌ ငါသာလျှင် လိမ္မာကျွမ်းကျင်၏ဟူ၍ ဝန်ခံကြကုန်လျက်။

ကပိလဝတ်ပြည်၏အနီး မဟာဝုန်တောကြီး၌ မဟာသမယသုတ်ကို ဟောတော်မူရာနေ့၌ စကြဝဠာ ကမ္ဘာတိုက်ပေါင်း တသောင်းမျှရှိသော ဇာတိခေတ် တခေတ်လုံး စုရုံးစည်းဝေးသည့် နတ်ပြဟ္မာပဲ့ကြီးသို့ တက်ရောက်လာကြသော နတ်ပြဟ္မာတို့တွင် **ဝိတက်စရိုက်ရှိကုန်သော** နတ်အချို့တို့သည်—

> “ဤလောက၌ အယူအဆ ဝါဒ အသီးသီးရှိကြသော သတ္တဝါတို့သည် စိတ်ကောင်း သဘောကောင်း ရှိကြကုန်သည်ချည်း ဖြစ်သလော၊ မိမိအယူဝါဒ၌သာ အမှားအမှန်မဝေဘန်ဘဲ လိပ်ခဲတင်းလင်း တယူသန်အဖြစ်ဖြင့် ရပ်တည်ကြကုန်သလော၊ သို့မဟုတ် တပါးတခြားသော အယူဝါဒကိုလည်း စဉ်းစားနှိုင်းချိန်၍ လက်ခံကြကုန်သေးသလော”။

ဟု ကြံစည်စဉ်းစားကြကုန်၏။ ထိုနတ်တို့၏ အကြံအစည်ကို သိတော်မူသော ဘုရားရှင်သည် ထိုသည့်နတ်တို့၏ စရိုက်အားလျော်စွာ ဖြစ်ပေါ်လာသည့် ပြဿနာကို ဖြေရှင်းတော်မူခြင်းငှါ နိမ့်မိတရုပ်ပွါးဘုရားက “သကံသက် ဒိဋ္ဌိပရိဗ္ဗသာနာ”စသော ဂါထာတို့ကို မေးစေတော်မူပြီး၍ “ပရဿ စေ”အစချီသော ဂါထာတို့ဖြင့် ဤစုဠဇဂ္ဂေါဟသုတ်ကို ဟောတော်မူသတည်း။

၁-၂။ အို....ဧကေတမန္တယ်ဘွဲး အရှင်ဘုရား။ မေးလျှောက်ပါရစေ (၆၂) ပါး အယူမှားတို့တွင် မိမိကြိုက်နှစ်သက်ရာ ကြိုက်နှစ်သက်ရာအယူ တပါးပါးကို ခိုင်ခိုင်မာမာယူကြပြီး၍ မိမိနှစ်ခြိုက်သောအယူကို နေရာအိမ်သဘွယ်ပြုလျက် မှီတင်းနေထိုင်ကြကုန်သော အယူသည်းသူ လူတို့သည် အသီးအသီး ကိုယ်စီ ကိုယ်စီ တပါးသောသူတို့ကို ဝေဘန်ပြောဆိုကြကုန်၏။ ပြောဆိုပုံမှာ ငါတို့၏

http://www.dhammadownload.com

နာနာ၊ အသီးအသီး တနည်းစီ တနည်းစီ။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ ကထံ၊ အဘယ်သို့။ နာနာ၊ အသီးအသီး တနည်းစီ တနည်းစီ။ ဝဒန္တိ၊ ပြောဆို ကြကုန်သနည်း။ (အမေးထည့်) ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဧဝံ ဣမံ ဓမ္မံ၊ ဤငါ၏အယူ ငါ၏အကျင့်ကို။ ဇာနာတိ၊ ကဲ့ကဲ့ပြားပြား သိနိုင် ငြားအံ့။ သ သော ပုဂ္ဂလော၊ထိုသိနိုင်သောပုဂ္ဂိုလ်သည်။ ဓမ္မံ၊ ဟုတ်မှန်သော သဘောကို။ ဝေဒိ၊ အကြွင်းမဲ့သိသည်မည်၏။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ် သည်။ ဣဒံ ဓမ္မဇာတံ၊ ဤငါ၏အယူ ငါ၏အကျင့်ကို။ ပဋိက္ကောသံ၊ တားမြစ် ကန့်ကွက်တတ်သည်။ ဟောတိ၊ ဖြစ်အံ့။ သော ပုဂ္ဂလော၊ ထိုတားမြစ် ကန့် ကွက်သောပုဂ္ဂိုလ်သည်။ အကောဝလီ၊ လူတန်းမစေ့ မပြည့်လူ ဂုဏ် လူနှုံ့ လူအ တယောက် ဖြစ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။

၂။ ဧဝံ၊ ဤအထက်နည်းတူ။ ဝိဂ္ဂယှ၊ မိမိအယူကို မြဲမြဲမြံမြံ တယူသန် အားဖြင့် ယူကြကုန်၍။ ဝိဝါဒယန္တိပိ၊ ငြင်းလည်းငြင်းခုံကြကုန်၏။ ပရော၊ ငါဘို့မှတပါး အခြားသောအယူရှိသူ လူအပေါင်းသည်။ ဗာလော၊ ရှုံ့ရှုံ့ ရှိုက်ရှုံ့ နှစ်ပါးစုံဖြင့် လူ့ဘုံအလည် အသက်ရှူ၍ လူမည်ကာမျှ လူအ,လူဖျင်း တစုသာတည်း။ အက္ကုသလော၊ အလိမ္မာကင်းမဲ့၍ ကဲ့ရဲ့ထိုက်သော လူတစု သာတည်း။ ဣတိ စ၊ ဤသို့လည်း။ အာဟု၊ မင့်မကွက် နှိပ်စက်ပြောဆိုကြ ကုန်၏။ ဣမေသံ၊ ဤသို့ပြောဆိုသူ ငြင်းခုံသူ အယူသည်းသူတို့၏။ ကတမော ဝါဒေါ၊ အဘယ်အယူဝါဒသည်။ သစ္စောနု၊ မှန်ကန်သော အယူဝါဒ ဖြစ်ပါ သနည်း။ ဣဟ၊ ဤလောက၌။ သဗ္ဗေဝ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသာလျှင်

အယူဝါဒကို ကျနစ္စာသိမှသာလျှင် အမြင်မှန် အသိမှန် ဉာဏ်ရှိသူဖြစ်၏၊ ငါတို့၏ အယူဝါဒကို တားမြစ်ကန့်ကွက် ဖျက်ဆီးသူမျှားသည် (မနှစ်ခြိုက်နိုင်သော သူမျှားသည်)လူရာမဝင် လူစဉ်မမှီသော လူနှုံလူအ, လူ့အန္ဓမျှားဖြစ်ကြ၏ဟု ဝေဘန်ပြောဆိုကြကုန်၏၊ ထို့ပြင် အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ပြိုင်ဆိုင် ကြကုန်၏၊ သူတို့မှတပါး တခြားသောအယူဝါဒရှိသူ လူမှန်သမျှကို ထုတ်သက် ဝင်သက်မျှဖြင့် အသက်ရှင်သော သူငယ်နှပ်စား သဘောထားကြကုန်၏၊ အမြင်မှန် ဉာဏ်မဲ့သူ လူ့အန္ဓဟူ၍ နှိပ်စက်ပြောဆိုကြကုန်၏၊ ဤသည့်ပုဂ္ဂိုလ်တို့၏ အယူအဆဝါဒမျှားသည် မှန်သောဝါဒမျှား ဖြစ်ကုန်ပါသလော၊ ဤသည့် ပုဂ္ဂိုလ် အလုံးစုံတို့သည် အပြစ်အနာကင်း၍ အကြောင်းနှင့်တကွ အသင့်ယုတ္တိ

http://www.dhammadownload.com

ဖြစ်ကုန်သော။ ဣမေ၊ ဤသို့ပြောဆိုသူ ငြင်းခုံသူ အယူသည်းသူတို့သည်။ ကုသလာဝဒါနာ၊ အပြစ်အနာ ကင်းမဲ့စွာပြောဆိုသော ပဂ္ဂိုလ်တို့ မည်ပါကုန်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ နိမ္မိတရှင်တော်ဘုရားက မေးတော်မူပြီ။

၃။ ဘဂဝါ၊ ပုစ္ဆာနက်လေး မေးတော်မူသော အသျှင်ဘုရား။ ပဂ္ဂလော၊ ပဂ္ဂိုလ်တဦးတယောက်သည်။ (နှစ်ပုဒ်ထည့်) ပရဿာ၊ မိမိမှတပါး တခြား သောပဂ္ဂိုလ်၏။ ဓမ္မံ၊ အယူအကျင့်ကို။ အနနုဇာနံ အနနုဇာနန္တော၊ ခွင့်မပြုသည်၏အဖြစ်ကြောင့်။ ဗာလော၊ မိုက်သည်။ မဒဂါ၊ တောဋ္ဌကျက်စား တောသားသမင်နှင့်တူသည်။ (ဤဋ္ဌ ဗာလောမဧကော ဟူ၍လည်း မူအခွါရှိ၏။ ဗာလော သြမကော ဟု ပုဒ်ခဲ့၍ သြမကော ယုတ်ညံ့သည် ဟု အနက်ဆိုရာ၏။ သို့သော်လည်း မဟာနိဒ္ဒေသ ပါဠိဋ္ဌ ဗာလသဒ္ဒါကို သြမကော ဟု ဘွင့်ရှိုးရှိ၏။ ဤဂါထာဋ္ဌလည်း ပရော ဗာလော ဟောတိ ဟီနော နိဟီနော သြမကော လာမကော စသည်ဖြင့် ဗာလကိုဘွင့်၏။ ဂါထာရှိ သြမကကို ဘွင့်သည်မဟုတ်၊ ဤမဟာနိဒ္ဒေသ ပါဠိတော် အရိပ်အရောင်အားဖြင့် ဂါထာဋ္ဌ "ဗာလော ပရော ဟောသိ၊ နိဟီနပညော" ဟု ရှိသင့်သည် ထင်၏။ စာမူတို့ဋ္ဌ မရှိ။ ပရော၊ တပါးတခြားသော။ ပဂ္ဂလော၊ ပဂ္ဂိုလ်သည် ဟု အစစွာကောက်၍ အနက်ဆိုရာ၏) ။ နိဟီနပညော၊ ယုတ်လျော့သော ပညာရှိ

ရှိသော စကားကို ပြောဆိုသူမျှား ဟုတ်ပါကုန်၏လော၊ ပညာရှိဟု ဝန်ခံကြသည့်အတိုင်း အကယ်ပင် ပညာရှိသူမျှား ဟုတ်ပါကုန်၏လောဟု မေးလျှောက်၏။

၃။ သူတပါး၏ အယူဝါဒ, အယူဝါဒနှင့်စပ်သော အကျင့်ဟူသမျှကို ခွင့်မပြုနိုင်သူ မှန်သမျှ မည်သူမဆို လူ့ဗာလချည်း, လူ့တိရစ္ဆာန်ချည်း, ပညာမဲ့လူ့အနွှမ်ချည်း ဖြစ်ရမည်ဆိုလျှင် အယူအဆ ဝါဒအသီးသီးရှိသူ အားလုံးတို့သည် လူ့ဗာလချည်း, ပညာမဲ့ လူ့အနွှမ်ချည်းတို့သာ ဖြစ်ကုန်တော့ရာ၏။ အဘယ့်ကြောင့်နည်း၊ အယူအဆ ဝါဒလက်ကိုင်ရှိသူအားလုံးတို့သည် အသီးအသီး ကိုယ့်ဘာသာ ကိုယ့်အယူဝါဒကို မိမိတို့၏ အစဉ်အမြဲ မှဝဲကိန်းအောင်းရာ နေအိမ်သဘွယ်ပြုကြ၍ အခိုင်အမြဲ လက်စွဲပြုထားကြကုန်၏။

(ဥပမာ လူတယောက်သည် နေအိမ်မှထွက်၍ နေ့အခါ ဆိုင်ရာ ဆိုင်ရာ အလုပ်ကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ကာ အချိန်ကုန်စေပြီးနောက် မည်မျှပင်

http://www.dhammadownload.com

သည် (ပညာမရှိသည်)။ စေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော ပဂ္ဂိုလ်တို့သည်။ ဗာလာ၊ မိုက်ကုန်သည်။ သုနိဟီနပညာ၊ လွန်စွာယုတ်လျော့သော ပညာရှိကုန်သည် (လွန်စွာပညာမဲ့ကုန်သည်)။ ဘဝေယျ၊၊ ဖြစ်ကုန်ရာ၏။ (ကြိယာထည့်)ကသ္မာ၊ အဘယ့်ကြောင့်။ သဗ္ဗေဝ၊အလုံးစုံသာလျှင်ဖြစ်ကုန်သော ပဂ္ဂိုလ်တို့သည်။ ဗာလာ၊ မိုက်ကုန်သည်။ သုနိဟီနပညာ၊ လွန်စွာ ပညာမဲ့ကုန်သည်။ ဘဝေယျ၊၊ ဖြစ်ကုန်ရာသနည်း။ (အမေးပုစ္ဆာထည့်)ယသ္မာ၊ အကြင်အကြောင်းကြောင့်။ (အနိယမဟိတ်ထည့်)သဗ္ဗေဝ၊အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဣမေ ပဂ္ဂလာ၊ ဤအယူအသီးသီးရှိကြသော ပဂ္ဂိုလ်တို့သည်။ ဒိဋ္ဌိ-ပရိဗ္ဗသာနာ၊ မိမိအယူဝါဒတည်းဟူသော နေအိမ်၌ အစဉ်အားဖြင့် မှီတင်းနေထိုင်ကြကုန်၏။ တသ္မာ၊ ထိုအကြောင်းကြောင့်။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော ပဂ္ဂိုလ်တို့သည်။ ဗာလာ၊ မိုက်ကုန်သည်။ သုနိဟီနပညာ၊ လွန်စွာယုတ်လျော့သော ပညာရှိကုန်သည်။ ဘဝေယျ၊၊ ဖြစ်ကုန်ရာ၏။

၄။ သန္ဒိဋ္ဌိယာ၊ မိမိ၏အယူဝါဒဖြင့်။ နဒေဝဒါတာ ဧဝေ၊ မစင်ကြယ်ကုန်သည်သာလျှင်။ (ဧဝ ကို ဤဒိဋ္ဌိယှဉ် ဝေဝဒါ တသဒ္ဒါ ဩဒါတ ပရိယာယ် ဝိအဝပုဗ္ဗ ဒါ အဝ ခဏ္ဍနတ္ထေ) သမာနာ၊ ဖြစ်ပါကုန်လျက်။ (ထည့်) သံသုဒ္ဓ-ပညာ၊ လွန်စွာစင်ကြယ်သော ပညာရှိမည်ကုန်သည်ဌင်း။ ကုသလာ၊ လိမ္မာကျွမ်းကျင်ပညာရှင်တို့ မည်ကုန်သည်ဌင်း။ မုတမာ၊ လူနက်သောအသည်းဏ

နေချင့်စဘွယ် တင့်တယ်သာယာသည် ဖြစ်နေစေကာမူ မိမိနေအိမ်သို့သာ ပြန်လာမြဲဖြစ်သကဲ့သို့ အယူသည်းသူတယောက်သည် သူတပါးတို့၏ အယူအဆဝါဒနှင့်စပ်သော အကြောင်းအရာတို့ကို မြင်ရ ကြားရ တွေ့ဆုံရ၍ အားရနှစ်သက်ဘွယ် အကြောင်းအရာတို့ကို သိရပါသော်လည်း သူတပါးတို့၏ အယူဝါဒအနေဖြင့်သာ ဆင်ခြင်စဉ်းစားလျက် မိမိစွဲမြဲသော အယူဝါဒသို့သာ ပြန်၍ထိုင်နေတတ်၏၊ ထို့ကြောင့် သူတပါးအယူဝါဒကို ခွင့်မပြုတိုင်း လူ့ဗာလဖြစ်ရလျှင် အားလုံး လူ့ဗာလချည်း ဖြစ်ရာ၏ ဟူသတည်း)။

၄။ ကိလေသာ အညစ်အကြေးတို့ဖြင့် ရောထွေးငြိတွယ် မစင်ကြယ်သူဖြစ်စေကာမူ မိမိအယူအဆ ဘာသာဝါဒအလျောက် ကိုယ့်နည်းနှင့်ကိုယ် စင်ကြယ်သည့် ပညာရှိသူမည်၏ ဟူ၍ဌင်း လိမ္မာကျွမ်းကျင်သည့် ပညာရှင်

http://www.dhammadownload.com

ရှိသော သူတို့မည်ကုန်သည်ၚင်း။ စေ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ (ဤကား "သန္ဒိဋ္ဌယာ စေဝ နု ဝေဝဒါတာ"ဟု ရှိသော မူအရ အနက် ယောဇနာပုံတည်း။ "သန္ဒိဋ္ဌယာ စေ ပန ဝေဝဒါတာ"ဟု မူအချို့ရှိကြောင်း ကို အဋ္ဌကထာ၌ပြ၏၊ ထိုမူအရ အနက်ဆိုလိုလျှင် (ပန၊ ထိုမှတပါးတခြား။ သန္ဒိဋ္ဌယာ၊ မိမိ၏အယူဝါဒဖြင့်။ ဝေဝဒါတာ၊ စင်ကြယ်သူမည်ကုန်သည်ၚင်း။ သံသုဒ္ဓပညာ၊ လွန်စွာစင်ကြယ်သော ပညာရှိမည်ကုန်သည်ၚင်း။ ကုသလာ၊ လိမ္မာကျွမ်းကျင် ပညာရှင်တို့မည်ကုန်သည်ၚင်း။ မုတိမာ၊ လွန်ကဲသောအသိ ဉာဏ်ရှိသောသူတို့မည်ကုန်သည်ၚင်း။ စေ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန် ငြားအံ့ဟု အနက်ဆိုရာ၏) တေသံ၊ ထိုအယူအဆ ဝါဒအသီးသီးရှိသူတို့တွင်။ ကောစိ၊ တဦးတယောက်သော သူသည်သော်မှ။ ပရိဟီနပညော၊ယုတ်သော နည်းသော ပညာရှိသူမည်သည်။ န သိယာ၊ မဖြစ်နိုင်တော့ရာ (အားလုံး လွန်သော မြတ်သော ပညာရှိသူ ချည်းသာ ဖြစ်ရာ၏)။ ကသ္မာ၊ အဘယ် အကြောင်းကြောင့်။ န သိယာ၊ မဖြစ်နိုင်တော့ရာသနည်း။ (ဟု မေးအံ့) ဟိ ယသ္မာ၊ အကြင် အကြောင်းကြောင့်။ တေသမ်ပိ၊ ထိုအယူအဆ ဝါဒ အသီးသီး ရှိသူတို့သည်လည်း။ ဒိဋ္ဌိ၊ မိမိ မိမိတို့၏ အယူတို့ကို။ ကထာ၊ သူတပါးနှင့် မခြားမကွာ နည်းတူစွာ။ သမတ္တာ၊ ကောင်းစွာယူအပ်ကုန်ပြီ။ ဝါ၊ ပြည့်စုံစွာ ယူအပ်ကုန်ပြီ။ တသ္မာ၊ ထို့ကြောင့်။ န သိယာ၊ မဖြစ်နိုင်တော့ရာ။ (ဤသို့ ဖြေ)။

၅။ ယံ ဒိဋ္ဌိဂတံ၊ အကြင်အယူဝါဒကို။ ပဋိစ္စ၊ စွဲ၍။ (ထည့်)မိထု၊ နှစ်ဦးစုံ နှစ်ဦးစုံ ငြင်းခုံကြသူလူဝို့သည်။ အညမညံ၊ အချင်းချင်း (တယောက်က

မည်၏ဟူ၍ၚင်း လွန်သော အသိဉာဏ်ရှိသူ မည်၏ဟူ၍ၚင်း ဆိုရမည် ဖြစ်ပါ လျှင် ဘယ်သူတဦးတယောက်ကိုမျှ ယုတ်သော နည်းသော ပညာရှိသူဟူ၍ ဆိုဘွယ်ရာ ရှိတော့အံ့နည်း၊ အလုံးစုံသော လွန်သော မြတ်သော ပညာရှိသူတို့ ချည်းဟူ၍ ဆိုသင့်ရာတော့၏၊ အကြောင်းမူကား အယူဝါဒ လက်ကိုင်ရှိသူ အသီးသီးတို့သည် ဆိုင်ရာဆိုင်ရာ ကိုယ့်ဘာသာ ကိုယ့်ဝါဒကို သူများနည်းတူ ပြည့်ပြည့်စုံစုံဖြစ်အောင် ကောင်းစွာယူကြပြီးဖြစ်ခြင်းကြောင့်တည်းဟူသတည်း။

၅။ ဘာသာဝါဒ အယူအဆကဲ့သို့ အချင်းချင်း ငြင်းခုံကြရာ၌ မိမိအယူနှင့် မတူသမျှကို လူ့ဗဟုလချည်းဟူ၍ ပြောဆိုခြင်း၏ အကြောင်း မကောင်းသော

http://www.dhammadownload.com

တယောက်ကို)။ဗာလော၊ပညာဉာဏ်မဲ့ လူမိုက်မဲတို့ဟူ၍။(ဣတိကျော)အာဟု၊ ဆိုကုန်ပြီ။ တေ ဒိဋ္ဌဂတံ၊ ဤသို့သဘောရှိသော အယူဝါဒမျိုးကို။ အဟံ၊ ငါဘုရားသည်။ တထိယန္တိ၊ မှန်သောအယူဝါဒဟူ၍။ (တထံ ဟူ၍ မူကဲ့ ပါဠိရှိပုံကို အဋ္ဌကထာဠီပြ၏ ပရိယာယ်ပင်ဖြစ်၏)န စ ဗြူမိ-နု ဧဝ ဗြူမိ၊ ဟောတော်မမူသည်သာ။ ကသ္မာ၊ အဘယ်ကြောင့်။ နု ဗြူမိ၊ ဟောတော် မမူသနည်း။(မေးအံ့)ယသ္မာ၊ အကြင်အကြောင်းကြောင့်။ (ထည့်) သင်္ကသကံ၊ မိမိဥစ္စာ မိမိဥစ္စာဖြစ်သော။ ဒိဋ္ဌံ၊ အယူကို။ သစ္စံ၊ အမှန်ချည်းကို။ အကံသု၊ ပြုကြကုန်၏။ တသ္မာ၊ ထိုသို့မိမိအယူကိုအမှန်ချည်းပြုသည်၏အဖြစ် ကြောင့်။ နု စ ဗြူမိ-နု ဧဝ ဗြူမိ၊ ဟောတော်မမူသည်သာ။(ဟု-ဖြေ)တသ္မာ ဟိ-တသ္မာ ဧဝ၊ ထိုသို့မိမိအယူကို အမှန်ချည်းပြုကုန်သည်၏အဖြစ်ကြောင့် ပင်လျှင်။ ပရံ၊တပါးသောသူကို။ ဗာလောတိ၊ ပညာဉာဏ်မဲ့ လူမိုက်မဲဟူ၍။ ဒဟန္တိ၊ ထားတတ်ကြကုန်၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကတိ ရှင်တော် ဘုရားက ဖြေဆိုတော်မူပြီ။

၆။ ဂေါတမ၊ ဂေါတမနွယ်ဘွား အာသျှင်မြတ်ဘုရား။ ယံ ဒိဋ္ဌဂတံ၊ အကြင်အယူဝါဒ.ကို။ နော၊ အချို့သောသူတို့သည်။ သစ္စန္တိ၊ မှန်ကန်၏ဟူ၍ ၎င်း။ တထိယန္တိ၊ မချုတ်ယှင်း မဘောက်ပြန်ဟူ၍၎င်း။ အာဟု၊ ဆိုကြကုန်ပြီ။ တံ ဧဝ ဒိဋ္ဌဂတံ၊ မှန်ကန်၏ မချုတ်ယှင်း မဘောက်ပြန်ဟူ၍ ဆိုအပ်သော

ကျင့်ထုံးရှိသော အယူဝါဒများကို မှန်ကန်သော အယူဝါဒများဟူ၍ ငါဘုရား ဟောတော်မမူခဲ့၊ အကြောင်းကား ဆိုင်ရာဆိုင်ရာ ကိုယ့်ဘာသာ ကိုယ့်အယူ ဝါဒကိုသာ မှန်ကန်၏၊ သူတပါး၏ အယူဝါဒဟူသမျှကား အမှားချည်းဟူ၍ ပြုတတ်သော ဣဒံ သစ္စာဘိနိဝေသကာယဂန္ထခေါ်သော ဒိဋ္ဌိသစ္စာလက္ခဏာသို့ သက်ရောက်ခြင်းကြောင့်တည်း။ ထိုသို့ ဒိဋ္ဌိသစ္စာလက္ခဏာကြောင့်ပင်လျှင် အယူမတူသူ တပါးသော ပုဂ္ဂိုလ်မှန်သမျှကို လူ.ဗာလ လူ.အန္ဓဟူ၍ ထင်မြင် မှတ်မှား ယူထားကြကုန်၏ ဟူသတည်း။

၆။ အချို့က မှန်သည်ဟု ဆိုအပ်သည့်အယူကိုပင်လျှင် အချို့က မှား၏ဟု ဆိုကြပါကုန်၏၊ ငြင်းခုံကြပါကုန်၏၊ ကိလေသာအပူဘေးမှ ငြိမ်းကြောင်း ဖြစ်သော အယူဝါဒသည် တသဘောတည်း အတူတူ ဖြစ်သင့်ပါသည်၊ ထိုသို့ ဖြစ်သင့်ပါလျက် အဘယ်ကြောင့် ကိလေသာအပူဘေးမှ ငြိမ်းသွေအခေါ်ခဲ

http://www.dhammadownload.com

ထိုအယူဝါဒကိုပင်လျှင်။ (ဧဝကို ဤဥ်ယှဉ်) အညေ၊ တပါးသော သူတို့သည်။ တုစ္ဆန္တိ၊ အချည်းနှီးသော အယူဝါဒဟူ၍၎င်း။ မုသာတိ၊ မှားသော အယူဝါဒဟူ၍၎င်း။ အာဟု၊ ဆိုပါကုန်ပြီ။ ဧဝမိ၊ ဤသို့လည်း။ ဝိဂ္ဂယှ၊ မိမိအယူကိုသာ မြဲမြဲမြံမြံ တယူသန်အားဖြင့် ယူကြကုန်၍။ ဝိဝါဒယန္တိ၊ ငြင်းခုံကြပါကုန်၏။ သမဏာ၊ ငြိမ်းဧပြီးသော မကောင်းမှုရှိသူဟူ၍ သမုတ်အပ်သော ပုဂ္ဂိုလ်တို့သည်။ ကသ္မာ၊ အဘယ့်ကြောင့်။ ဧကံ၊ တခုတည်း တမျိုးတည်းသော အယူဝါဒကို။ နဝဒန္တိ၊ မပြောဆိုကြကုန်ပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ နိမ္မိတကိုယ်ပွါး ရှင်တော်ဘုရားက မေးတော်မူပြီ။

၇။ ဘဂဝါ၊ သိစေလိုရေးကြောင့် မေးတော်မူသောအသျှင်မြတ်ဘုရား။ ယသ္မိံ သစ္စေ၊ အကြင်နိဗ္ဗာန်တည်းဟူသောအမှန်တရားကြောင့်။ ဝါ၊ နိဗ္ဗာန်ရောက်ရန် အကျင့်မှန်တည်းဟူသော မဂ္ဂင် ရှစ်ပါးကြောင့်။ ပဇာနံ-ပဇာနန္တီ၊ အထူးအားဖြင့်သိမြင်တတ်သော။ ပဇာ၊ အရိယာပုဂ္ဂိုလ်သည်။ နောဝိဝဒေ၊ မငြင်းခုံရာပါ။ တံ သစ္စံ၊ ထိုငြင်းခုံစရာ အကြောင်းမဟုတ်သည့် နိဗ္ဗာန်တည်းဟူသော အမှန်တရားသည်။ ဝါ၊ ထိုငြင်းခုံစရာအကြောင်းမဟုတ်သည့် မဂ္ဂင်ရှစ်ပါး အမှန်တရားသည်။ ဧကံ ဟိ-ဧကံ ဧဝ၊ သဘောမပြား တပါးတည်းသာလျှင်တည်း။ ဒုတိယံ၊ နှစ်ခုမြောက်ဖြစ်သောပြိုင်ဘက်အမှန်တရားသည်။ နဟိ အတ္ထိ၊ မရှိရသည်သာ။ အထ၊ ထိုသို့တပါးတည်းဖြစ်ရာပါလျက်။

သော ပုဂ္ဂိုလ်တို့သည် တသဘောတည်း တမျိုးတည်းသော အယူဝါဒကို မဆိုဘဲ အကွဲကွဲ အပြားပြား တခြားစီ ဆိုနေကြပါကုန်သနည်းဟု မေးလျှောက်၏။

၇။ လောက၏ အဆုံးဖြစ်သော အမှန်တရားသည် တခုတည်းသာ ရှိရမည်ဖြစ်၏၊ ပြိုင်ဘက်အဖြစ်ဖြင့် နှစ်ခုမြောက် တပါးတခြားသော လောကဆုံးတရားဟူ၍ မရှိရ၊ ယင်းသည့် လောကဆုံးတရားသည် ဗုဒ္ဓဝါဒအရ နိဗ္ဗာန်သာဖြစ်၏၊ ထိုနိဗ္ဗာန်ကို ပရမတ္ထသစ္စာ မဘောက်ပြန်သည့် အမှန်တရားဟု သမုတ်အပ်၏။ လောကဆုံးသို့ရောက်ကြောင်း အကျင့်မှန်သည်လည်း တမျိုးတည်းသာဖြစ်လျက် မဂ္ဂင်ရှစ်ပါးဟူသော မဂ္ဂသစ္စာအမည်ရသည့် အလည်လမ်းကြောင်း အကျင့်ကောင်းပင် ဖြစ်၏။ ထိုသည့် ပရမတ္ထသစ္စာနိဗ္ဗာန်နှင့် မဂ္ဂသစ္စာအကျင့်မှန်ကို မျက်မှောက်ပြုသည့် အစွမ်းအားဖြင့်၎င်း ပွါးများစေသည်၏ အစွမ်း

http://www.dhammadownload.com

(ထည့်) တေ သမဏာ၊ ထိုသမဏအမည် ဘွဲ့ပုံချီသော ပုဂ္ဂိုလ်တို့သည်။ သယံ၊ မိမိ မိမိ၏။ သစ္စာနိ၊ ဘဝဇာတ်သိမ်းငြိမ်းကြောင်းအမှန်တရားတို့ကို။ နာနာ၊ အကွဲကွဲအပြားပြား တခြားစီ တခြားစီ။ ထုနန္တိ၊ အပြစ်မမြင် အမှန်းတင် ချီးကြူးကြကုန်၏။ တသ္မာ၊ ထိုသို့ မိမိတို့၏ အမှန်တရား အစားစားကို အပြစ်မမြင် အမှန်းတင် ချီးကြူးကြကုန်သည် အဖြစ်ကြောင့်။ သမဏာ၊ သမဏ အမည် ဘွဲ့ပုံချီသော ပုဂ္ဂိုလ်တို့သည်။ ဧကံ၊ တမျိုးတစား တပါးသောအယူဝါဒကို။ နဝဒန္တိ၊ မပြောဆို မပညတ်နိုင်ကြကုန်။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကတိရှင်တော်ဘုရားက ဖြေဆိုတော်မူပြီ။

၈။ ဂေါတမ၊ ဂေါတမနွယ်ဝင် အသျှင်မြတ်ဘုရား။ ပဝါဒိယာ၊ အထူးထူးအပြားပြား များသောအယူ၌ ယှဉ်ကုန်သော။ (သေ-ကား၊ နိပါတ်မျှသာ) ကုသလာဝဒါနာ၊ လိမ္မာကျွမ်းကျင် ဉာဏ်ကြီးရှင်ဟူ၍ မိမိကို မိမိဂုဏ်တင်ပြောဆိုကြကုန်သော ပုဂ္ဂိုလ်တို့သည်။ ကသ္မာ၊ အဘယ်အကြောင်းကြောင့်။ နာနာ၊ အထူးထူး အပြားပြားများကုန်သော။ သစ္စာနိ၊ လောကဆုံးအမှန်တရားတို့ကို။ဝဒန္တိ နု၊ဟောပြောကြပါကုန်သနည်း။ဗဟူနိ၊များကုန်သော။ နာနာ၊ အထူးထူး အထွေထွေ ဖြစ်ကုန်သော။ သစ္စာနိ၊ လောကဆုံးအမှန်တရားတို့ကို။ သုတာနိ၊ အဆက်ဆက်သော ဆရာတို့အထံမှ အဆင့်ဆင့်

အားဖြင့်၎င်း သိပြီးသော အရိယာပုဂ္ဂိုလ်များအား ငြင်းခုံဘွယ်ရာ တစုံတရာသော အကြောင်းမရှိချေ၊ ထိုသို့ဖြစ်ပါလျက် အယူမှား အမြင်မှားရှိသူတို့သည် တခုတည်းသော လောကဆုံး အမှန်တရားကို မသိမမြင်ခြင်းကြောင့် ရော်ရမ်းမှန်းဆကာ ဤသည့်တရားလည်း လောကဆုံး အမှန်ဖြစ်၏၊ ဤသည့်တရားလည်း လောကဆုံး အမှန်ဖြစ်၏ဟု အကွဲကွဲအပြားပြား များသော လောကဆုံး အမှန်တရားကို အမှန်းတင် ချီးကြူးကာ ဆရာတဆူ တံခွန်ထူလျက် ရှိကြကုန်၏၊ ထို့ကြောင့် တခုတည်းသော အယူဝါဒကို တိတိကျကျ ယူဆဆုံးဖြတ်နိုင်ခြင်း မရှိကြကုန် ဟူသတည်း။

၈။ လောကဆုံး အမှန်တရားသည် တခုတည်းသာ ရှိရမည် ဖြစ်ပါလျှင် ပညာရှိဟု မိမိကိုယ်ကို ပြောဆိုဝန်ခံကြသော အယူသည်းသူ လူတို့သည် များစွာသော လောကဆုံး အမှန်တရားတို့ကို အဘယ့်ကြောင့် ဟောကြ ပြောကြပါကုန်သနည်း။ ဆရာအဆက်ဆက်တို့ထံမှ နာခံမှတ်သား သင်ကြားခဲ့ရ၍

http://www.dhammadownload.com

အားဖြင့် ကြားနာ မှတ်သားအပ်ဘူးပါကုန်သလော။ ဝ၊ ကြားနာမှတ်သား အပ်ဘူးကုန်သည်ဖြစ်၍ ဖေဖော်ပြောကြပါကုန်သလော။ ဥဒါဟု၊ သို့မဟုတ်။ တော၊ ထိုအယူသည်းသူတို့သည်။တက္ကံ၊ သူ့နည်းမခံ ကိုယ့်အကြံဖြင့် ကြံစည် ခြင်းမျှသို့။ အနုသရန္တိ၊ အစဉ်ကပ်ကာ လိုက်ပါပြေးသွားကြပါကုန်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ နိမိ့တ ရှင်တော်ဘုရားက မေးတော်မူပြီ။

၉။ ဘဂဝါ၊ သိစေလိုရေးကြောင့် မေးတော်မူသော အသျှင်ဘုရား။ သညာယ၊ အမှတ်မှား အထင်မှားဖြင့်။ ဂဟိတာနိ၊ယူအပ်ကုန်သော။ (ထည့်) နိစ္စာနိ၊ မြဲ၏ အခါခပ်သိမ်း တည်၏ဟူ၍ ဖြစ်သော အယူတို့ကို။ အညတြ၊ ကြဉ်ထား၍။ ဗဟူနိ၊ များကုန်သော။ နာနာ၊ အထူးထူးအထွေထွေ ဖြစ်ကုန်သော။ သစ္စာနိ၊ လောကဆုံးအမှန်ဟူ၍ သမုတ်အပ်သော တရားတို့သည်။ လောကေ၊ လောက၌။ နဟေဝ အတ္ထိ၊ မရှိကုန်သည်သာ။ ဒိဋ္ဌိသု၊ ထိုထိုအယူ

ဟောပြောကြပါကုန်သလော၊သို့မဟုတ် ဆရာ့အထံ နည်းမခံဘဲ စိတ်ကူးမိတိုင်း ကြံစည်တွေးဆမိသည့်အတိုင်း ထင်ရာမြင်ရာ ဟောပြောကြပါကုန်သလော ဟု မေးလျှောက်၏။

၉။ အထင်မှား အမှတ်မှားအားဖြင့် ယူအပ်သည့် နိစ္စဂါဟခေါ်သော ထာဝရ ဘုရား, ထာဝရ ပုဂ္ဂိုလ်, ထာဝရ ဘုံ, ထာဝရ ခန္ဓာ ရှိ၏ဟူ၍ ဖြစ်သော သဿတ အယူဝါဒ (၅၅) ပါးသည် လောကဋ္ဌရှိ၏၊ ထို အယူဝါဒကြောင့် လောကဆုံး တရားတွေ့ အမျိုးမျိုး အစားစား များစွာ ပေါ် ပေါက်လာလေ၏၊ ထို နိစ္စဂါဟကြောင့် အယူသည်းသူတို့သည် များစွာသော လောကဆုံး အမှန်ဟူ၍ သမုတ်အပ်သော တရားတို့ကို ဟောပြောကြကုန်၏၊ စင်စစ်အားဖြင့် လောကဆုံးတရားကား နိဗ္ဗာန်တမျိုးတည်းသာ ရှိ၏၊ သို့မဟုတ် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင် ရှစ်ပါးဟူသည့် တမျိုးတည်းသော လောကပြီးဆုံးကြောင်းသာ ရှိ၏။

ၚင်းပြင် အခြို့သော အယူသည်းသူတို့သည် ထာဝရ ဘုရား, ထာဝရ ပုဂ္ဂိုလ်, ထာဝရ ဘုံ, ထာဝရ ခန္ဓာ ဟူ၍ မရှိသင့်၊ စင်စစ်အားဖြင့် သတ္တဝါဟူသည် သေသည်မှ နောက်၌ ပြတ်စဲ ပျောက်ကွယ်လေ၏၊ မည်သည့် ဘုံဘဝသို့မျှ ရောက်ရတော့သည်မဟုတ် ဟု ကြံစည်ခြင်းကိုပြုလျက် (၇) ပါးသော ဥစ္ဆေဒ အယူတို့ကို ဖြစ်စေကုန်၏၊ ထို့ကြောင့်လည်း လောကဆုံးတရားတွေ့ အမျိုးမျိုး အစားစား များလျက်ရှိလေ၏၊ များသောလောကဆုံး တရားတို့ကို ဟောပြောကုန်၏၊

http://www.dhammadownload.com

တို့၌။ တက္ကဥ၊ စိတ်ကူးခြင်း ကြံစည်တွေးဆခြင်းကိုလည်း။ ပကပ္ပယိတ္ဒာ၊ ကြိမ်ဖန်များစွာ အလေ့အလာပြုပြီး၍။ ဒိဋ္ဌိဂတာနိ၊ ထိုထိုအယူအဆ ဝါဒ များစွာတို့ကို။ ဇနေတ္ဒာ၊ ဖြစ်စေကြကုန်၍။ (၂-ပုဒ်ထည့်) သစ္စံ၊ ငါ့စကား သာမှန်၏။ မုသာ၊သူ၏စကား အလွန်မှား၏။ ဣတိ၊ ဤသို့။ ဒွယဓမ္မံ၊ အမှန် အမှား နှစ်ပါးကွဲသောသဘောကို။ အာဟု၊ ဆိုကြကုန်ပြီ။

၁၀။ ဒိဋ္ဌေ ဝါ၊ မြတ်သောမင်္ဂလာဟူ၍ သမုတ်အပ်သော ရူပါရုံကိုဌင်း။ ဝါ၊ မြတ်သောမင်္ဂလာဟူ၍ သမုတ်အပ်သော ရူပါရုံကို မြင်ရလျှင် ကိလေ သာမှ စင်ကြယ်သော မင်ဉာဏ်ဖြစ်၏ဟူသော အယူကိုဌင်း။ သုတေ ဝါ၊

ထိုဥစ္ဆေဒ အယူရှိသူတို့သည် ငါတို့၏ ဥစ္ဆေဒဝါဒသာ မှန်ကန်၏၊ တပါးသော သူတို့၏ သဿတ ဥစ္ဆေဒ ဝါဒများကား မှားကုန်၏ ဟု ငြင်းခုံပြောဆိုကြကုန်၏၊ သဿတ အယူရှိသော ပုဂ္ဂိုလ်တို့သည်လည်း ထိုနည်းတူ ငြင်းခုံကြကုန်၏။

[ဤ၌ သဿတဝါဒ (၅၅) ပါး၊ ဥစ္ဆေဒ ဝါဒ (၇) ပါးတို့၏ သရုပ်နှင့်တကွ အဓိပ္ပါယ်အကျယ်ကို ဖော်ပြသင့်၏။ ဖော်ပြပြန်ပါလျှင်လည်း ဗြဟ္မဇာလသုတ် တသုတ်လုံးမျှ ပြရမည်ဖြစ်ရကား မိမိ၏ သက်ရာ တက်ရာ မဟုတ်သော ဆိပ်ကမ်း၌ သက်မိမှား တက်မိမှားသော ယောကျ်ားကဲ့သို့ အရာမဟုတ်သည်၌ လုံ့လ မပြုရာသောကြောင့် လျစ်လျူရှုပါပြီ။] အမှန်ဟူ၍ သမုတ်အပ်သော လောကဆုံး တရားတို့ လောက၌ အမျိုးမျိုး အဖုံဖုံ ပေါ်လာခြင်း၏ အကြောင်းကို ဟောပြ တော်မူပြီးနောက် ယခုအခါ၌ အမျိုးမျိုးသော လောကဆုံးတရားတို့ မရှိပါဘဲ လျက် စိတ်ကူးကြံစည်ခြင်း၏ နောက်သို့ အစဉ်လိုက်လျက် စိတ်ကူးမိတိုင်း ဟောပြောကြကုန်သော အယူသည်းသူတို့၏ ဆက်၍ဆက်၍ မှားယွင်းတတ် သော အကျင့်ကို ပြတော်မူခြင်းငှါ ဒိဋ္ဌေ သုတေ အစရှိသော အဖြေဂါထာတို့ကို ဆက်လက်ဟောပြတော်မူသည်။

၁၀။ သမ္မာပရိဗ္ဗာဇနီယသုတ်၌ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း မင်္ဂလာ ရှိသော အဆင်းကိုဌင်း, အသံကိုဌင်း, အနံ့ အရသာ အတွေ့အထိတို့ကိုဌင်း မြင်ရ ကြားရ တွေ့ရလျှင် လာဘ်ရ၏၊ ဘုန်းတန်ခိုးကြီး၏၊ ကိလေသာမှ စင်ကြယ် သော မင်ဉာဏ်ကိုရ၏ဟု ထင်မှတ်တတ်ကုန်၏၊ နွား, ခွေး စသော တိရစ္ဆာန် တို့၏ အလေ့အကျင့်ကဲ့သို့ ကိလေသာ ခေါင်းပါးအောင် လေ့လာခြင်း ကျင့် ဆောင်ခြင်းပြုလျှင် ကိလေသာမှ စင်ကြယ်သော မင်ဉာဏ်ကိုရ၏ဟု မှတ်ထင် တတ်ကုန်၏။

http://www.dhammadownload.com

မြင်သောမင်္ဂလာဟူ၍ သမုတ်အပ်သော သဒ္ဒါရုံကိုဆိုင်း။ ဝါ၊ မြတ်သော မင်္ဂလာဟူ၍ သမုတ်အပ်သော သဒ္ဒါရုံကိုကြားရလျှင် ကိလေသာမှ စင်ကြယ်သော မင်္ဂဉာဏ်ဖြစ်၏ဟူသောအယူကိုဆိုင်း။ သိလဝတော ဝါ၊ နွားနှင့်ခွေးစသော တိရစ္ဆာန်တို့၏ အလေ့အကျင့်ကိုဆိုင်း။ ဝါ၊ နွား, ခွေးစသော တိရစ္ဆာန်တို့၏ အလေ့အကျင့်ကဲ့သို့လျှင် ကိလေသာမှ စင်ကြယ်သော မင်္ဂဉာဏ် ဖြစ်၏ ဟူသော အယူကိုဆိုင်း။ မုတေ ဝါ၊ မြင်သော မင်္ဂလာဟူ၍ သမုတ်အပ်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံကိုဆိုင်း။ ဝါ၊ မြတ်သော မင်္ဂလာ ဟူ၍ သမုတ်အပ်သော ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံကို နှမ်းရှုံ့ရလျှင် လျက်ရလျှင်

ထို့ကြောင့် ဘုရားရှင်လက်ထက်တော်၌ စန္ဒဒဘ အမည်ရှိသော ထူးဆန်းသော ပုဏ္ဏားကြီးတယောက် ပေါ်ပေါက်ခဲ့ဘူးရာ ထိုပုဏ္ဏားကြီး၏ ရင်ဘတ်အလည်၌ လဝန်းကဲ့သို့ ဝန်းဝိုင်းသော သဏ္ဌာန်ရှိသော ရောင်ချည်အလင်းသည် တဖိတ်ဖိတ် တလက်လက် ဖြာထွက်လျက်ရှိ၏၊ ထိုပုဏ္ဏားကြီးကို တွေ့မြင်ရလျှင် လာဘ်ပေါများ၏၊ စည်းစိမ် အခြံအရံ ပေါများ၏၊ ဘုန်းတန်ခိုး အာနုဘော်ကြီး၏၊ စိတ်ချမ်းသာ၏၊ ကိလေသာမှ စင်ကြယ်သော မင်္ဂဉာဏ်ကိုရ၏ ဟုထင်မှတ်ယုံကြည်သော လူတို့သည် စန္ဒဒဘ ပုဏ္ဏားကို တကြိမ်တခါ ကြည့်ရှုရရုံမျှ အကျိုးငှါ အသပြာတသိန်း ပေးကြရ၏။

မင်္ဂလာရှိသောအသံကို ကြားရခြင်း စသည်တို့၌ ကိလေသာ စင်ကြယ်၏ ဟူသော အယူသည်လည်း ထိုနည်းတူ ထွန်းကားလျက်ရှိ၏၊ ဘုရားရှင် လက်ထက်တော်၌ပင် ကောရဝတို်ယ ပရိဗိုဇ်သည် ကိလေသာ ခေါင်းပါးစေရန် ခွေးကဲ့သို့ လေးဘက်ထောက်၍ သွား၏၊ လေးဘက်ထောက်၍ စား၏၊ ဖိုခနောက် (၃)ခု တို့၏ အလည် ပြာပုံတွင်း၌ ခွေးကဲ့သို့ ခွေ၍အိပ်၏၊ ခွေးကဲ့သို့ ခြေတဘက် မြှောက်၍ ကျင်ငယ်စွန့်၏၊ ကျင်ကြီးကိုစား၏၊ အတ္တဘောကို ညှဉ်းဆဲမှု ကိလေသာ ခေါင်းပါးမည်ဟု ယုံကြည်၏၊ ယခုလက်ထက်တိုင်အောင် အဝတ်မဝတ် ကိုယ်ချည်းတုံးလုံးကျင့်သော အစေလက ပရိဗိုဇ်တို့ကို အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်အနီး၌ တွေ့မြင်ရသေး၏။

ထိုသို့ မှတ်ထင်ယုံကြည်၍ ဒိဋ္ဌ, သုတ, မုတ, သီလဗ္ဗတ အကျင့်တို့ကို လက်တွေ့ကျင့်သုံးရာအခါ ကိလေသာ စင်ကြယ်ခြင်း အကျိုးကို မတွေ့ရပါသော်လည်း ပုရာဘေဒသုတ်၌ ဆိုအပ်ခဲ့ပြီးသော ဝိနိစ္ဆယ လေးမျိုးတွင် ဒိဋ္ဌဝိနိစ္ဆယခေါ်သော အယူမှား အမြင်မှား၏ ဆုံးဖြတ်ချက်ကို လက်ခံပြီးဖြစ်သည့်

http://www.dhammadownload.com

တွေ့ထိရလျှင် ကိလေသာမှစင်ကြယ်သော မဂ်ဉာဏ်ဖြစ်၏ ဟူသော အယူ ကိုငှင်း။ ဧတေ စ၊ ဤအယူတို့ကိုသာလျှင်။ နိဿာယ၊ မှီ၍။ ဝိမာနဒဿီ၊ မစင်ကြယ်သည် အဖြစ် တည်းဟူသော ကဲ့ရဲ့ဘွယ် အခြင်းအရာကို တွေ့မြင်ရ သည်။ သမာနောပိ၊ ဖြစ်ပါသော်လည်း။ (ထည့်) ဝိနိစ္ဆယေ၊ ယခင်က စင်ကြယ်၏ဟု ဆုံးဖြတ်ခဲ့သော ဒိဋ္ဌိ၏ ဆုံးဖြတ်ချက်၌။ ဌတ္ဝာ၊ မြဲမြံစွာ ရပ် တည်၍။ ပဟံသမာနော၊ အထူးအားဖြင့် ရှင်မြူးနှစ်သက် အားတက်သည် ဖြစ်၍။ ပရော၊ အယူဝါဒအားဖြင့် ငါတို့နှင့် ဆန့်ကျင်သော ပုဂ္ဂိုလ်သည်။ ဗာလော၊ မိုက်မဲသူတည်း။ အကုသလော၊ မလိမ္မာသူတည်း။ ဣတိစ၊ ဤ သို့လည်း။ ပရံ၊ မိမိနှင့်ဆန့်ကျင်သော အယူရှိသူကို။ အာဟ၊ ကဲ့ရဲ့ပြောဆို လေပြီ။

၁၁။ ဧဝံသန္တေ၊ ဤသို့အယူဝါဒ မတူမျှသူကို မိုက်မဲတွေဝေသူ မလိမ္မာ သူ ဟူ၍ ကဲ့ရဲ့ပြောဆိုသည်ရှိသော်။ (ထည့်) ယေနေဝ၊ အကြင်အကြောင်း ဖြင့်သာလျှင်။ ပရံ၊ အယူမတူသည့် တပါးသောသူကို။ ဗာလောတိ၊ မိုက်မဲ တွေဝေသောသူဟူ၍။ ဒဟာတိ၊ ထားတတ်၏။ ဝါ၊ မှတ်ထင်တတ်၏။ တေန ဧဝ၊ (ဧဝ-လိုက်) ထိုအကြောင်းဖြင့်သာလျှင်။ အာတုမာနံ၊ မိမိကို။ကုသလော တိ စ၊ အပြစ်မဲ့သူ လိမ္မာသူ ဉာဏ်ရှိသူဟူ၍လည်း။ အာဟ၊ ပြောဆိုတတ်၏။ သော၊ထိုပြောဆိုသူသည်။သယံ ဧဝ၊ (ဧဝ-လိုက်) ကိုယ်တိုင်ပင်လျှင်။အတ္တနာ၊ (အတ္တာနံ) မိမိကို။ ကုသလာဝဒါနော၊ အပြစ်မဲ့သူ လိမ္မာသူ ဉာဏ်ရှိသူ ဟူ၍ ဝန်ခံပြောဆိုသည်။ ဟုတ္ဝာ၊ ဖြစ်၍။ အညံ၊ မိမိတို့၏ အယူမှ တပါးသော အယူ ထိုအယူရှိသူကို။ ဝိမာနေတိ၊ ကဲ့ရဲ့၏။ တဒေဝ၊ ထိုတပါးသောအယူနှင့်

အတိုင်း ထိုဆုံးဖြတ်ချက်၌ ခိုင်မြဲစွာ ရပ်တည်ပြီးလျှင် စိတ်ကြည်လင် ရှင်ပြခြင်း အထူးကိုရလျက် စိတ်မပျက်ဘဲ ဆက်လက်ကျင့်သုံးနိုင်လေ၏၊ မိမိနှင့် အယူ မတူသူတို့ကို လူမိုက် လူမလိမ္မာဟူ၍ အထင်သေး အမြင်သေးအားဖြင့် ရှုတ်ချ ကဲ့ရဲ့ကုန်၏၊ ယခုကာလ နိုင်ငံရေးဝါဒ မတူသူတို့ကို ဖောက်ပြန်ရေးသမား ဟု ကင်ပွန်းတပ်လိုက်ကြသကဲ့သို့တည်း။

၁၁။ အယူဝါဒ မတူမျှသည့် တပါးသောသူကို မိုက်မဲတွေဝေသူ ဟု ဆိုလျှင် မိမိကို လိမ္မာသူဟူ၍ ဆိုရာရောက်၏၊ ထိုသို့ဆိုရာ၌ သူတပါးကို ကဲ့ရဲ့ခြင်း၏ အကြောင်းနှင့် မိမိကို ချီးမြှောက်ခြင်း၏ အကြောင်းသည် တမျိုးတည်း

http://www.dhammadownload.com

အယူရှိသူကိုပင်လျှင်။ ပါဝ၊ ဤကား မှားသောအယူ, ဤသူကား မှားသော အယူရှိသူတည်း ဟု ပြစ်ပယ်ပြောဆို၏။ [ဤ ဂါထာ စတုတ္ထပါဒကား (၁၁) လုံးဘွဲ့ တဥ္ဆုဘ ဆန်း ဣန္ဒဝဇီရာ ဂါထာဖြစ်၍ "တဒေဝ ပါဝါတိ တဒေဝ ဝစနံ တံ ဝါ ဒိဋ္ဌိ တံ ဝါ ပဂ္ဂလံ"ဟု ဘွင့်လျက်ရှိ၏။ မဟာနိဒ္ဒေသ ပါဠိဘော်၌ကား "တဒေဝ ပါဝဒါတိ တဒေဝ တံ ဒိဋ္ဌိဂဝံ ပါဝဒတိ" ဟု ရှိ၏။ တဒေဝ ပါဝါဘိ တဒေဝ တံ ဒိဋ္ဌိဂဘံ ပါဝဒဘိ ဟု ရှိသင့်မည် ထင်၏။ ပဌမ ပါဒ ဒုတိယပါဒ တို့အတူ (၁၁) လုံးဟူ၍ပင် ထင်၏။ ပါဝ-ကား ပဝဒ ဆိုလိုလျက် ပါဝစနံကဲ့သို့ ဥပသာရ ပဒ်၌ ဒီဃရောက်၍ "ပဋိပံ ဝဒေဟိ ဘဒ္ဒန္တေ ကဲ့သို့ (ဒ) အက္ခရာကျေလျက် ပရောက္ခာ အဝိဘတ်ဖြင့် ပြီးသောပုဒ်တည်း။ တနည်းကား။ ။ပပုဗ္ဗ-ဥ-သဒ္ဒါ၊ အရ ဥ ကို ဩ ဩကို အဝပြု၍ ပြီးသော ပုဒ်တည်း ဟု သဒ္ဒနီတိ ဓာတုမာလာ ဒီကာရန္တ ဓာတ်အရာ၌ ဆို၏။]

၁၂။ သော ပဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ အတိသာရဒိဋ္ဌိယာ၊ အကြောင်းမှန်ကို ကျော်လွန်ပြီး သွားကြောင်းဖြစ်၍ ဖူးယောင်ပုပ်ပွသော အလောင်းကောင်နှင့်တူသော အယူဆိုးဖြင့်။ သမ္ဘတ္တော၊ မယုဟ်မလျော့ပြည့်ဝလုံလောက်သည်။ ဟုတ္တာ၊ ဖြစ်၍။ မာဓနန၊ မိမိ၏အယူဆိုးကိုစွဲမှီ၍ဖြစ်သော မာနဖြင့်။မတ္တော၊ရစ်မူးသည်။ပရိပုဏ္ဏမာနီ၊မယုတ်မလျော့ ပြည့်ဝလုံလောက်သော မာနရှိသည်။ဟောတိ၊ဖြစ်၏။ (ကြိယာထည့်) သယမေဝ၊မိမိကိုယ်တိုင်ပင်လျှင်။ သဒ္ဓံ၊မိမိကိုယ်ကို။ မနသာ၊စိတ်ဖြင့်။အဘိသိတ္တော၊ပညာရှိတံဆိပ်

သာဖြစ်၏၊ ထိုအကြောင်းကား တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက်သာဖြစ်၏၊ ထိုဒိဋ္ဌိဟူသော တရားဆိုးကို အမှီပြု၍ တပါးသူတို့အပေါ်၌ ကျော်လွန် မှတ်ထင်ခြင်း မာန, အတိမာနနှင့် ကဲ့ရဲ့ရွဲတ်ချကြောင်း ဒေါသတို့လည်း ဆက်လက်ဖြစ်ပွါးကုန်၏ ဟူသတည်း။

၁၃။ အယူဝါဒအားဖြင့် သူတပါးနှင့် အပြိုင်အဆိုင် အနိုင်ရအောင် အငြင်းပွါးလျက် ရှိသည်ဖြစ်၍ သူတပါးကို ဗာလ အကုသလ မိုက်မဲတွေဝေသူ မလိမ္မာသူဟူ၍ဂုဏ်း မိမိကို ပဏ္ဍိတ ကုသလ ဉာဏ်ရှိသူ လိမ္မာသူ အပြစ်မဲ့သူဟူ၍ဂုဏ်း မှတ်ထင်ပြောဆိုနေသော ပုဂ္ဂိုလ်တယောက်သည် မိမိအယူကို သူတပါး၏ အယူထက် သာလွန်အောင် ကြံဆောင်ပြုပြင် ဆင်ယင်မှမ်းမံရလေ၏။ ထိုသို့ မှမ်းမံ

http://www.dhammadownload.com

ဖြင့် ဘိသိက်သဘင် ပဲ့ကြီးရင်သည်။ ဟောဘဲ၊ ဖြစ်၏။ (ကြီယာထည့်) ကသ္မာ၊ အဘယ်အကြောင်းခကြာင့်။ မာနေန၊ မာနဖြင့်။ မတ္တော၊ ရစ်မူးသည်။ ပရိပုဏ္ဏမာနီ၊ မယုတ်မလျော့ ပြည့်ဝသော မာနရှိသည်။ ဟောတိ၊ ဖြစ်သနည်း။သဃမေဝ၊မိမိ.ကိုယ်ဘိုင်ပင်လျှင်။ သာမံ၊မိမိကိုယ်ကို။ မနသာ၊ စိတ်ဖြင့်။ အဘိသိတ္တော၊ပညာရှိဘံဆိပ် ပဏ္ဍိတ်ဘွဲ့ထူးဖြင့်ချီးကြူးမြောက်တင် ဘိသိက်ပွဲဆင်သလို့။ဟောဘိ၊ဖြစ်သနည်း။ (မေးအံ့) ဟိ ယသ္မာ၊ အကြောင်းကြောင့်။ တဿ ပုဂ္ဂလဿ၊ ထိုအယူသည်းရင့်သူသည်။သာ ဒိဋ္ဌိ၊ ထိုမိမိအယူကို။ တထာ၊ထိုမာန်မူလောက်အောင် ဘိသိက်သဘင် ပဲ့ကြီးဆင်လောက်အောင်သော အချင်းအရာအားဖြင့်။သမတ္တော၊ ကောင်းစွာယူအပ်သုံးသပ်အပ်ပြီ။တသ္မာ၊ထိုအကြောင်းကြောင့်။မာနေန၊ မာနဖြင့်။ မတ္တော၊ မူးရစ်သည်။ပရိပုဏ္ဏမာနီ၊ မယုတ်မလျော့ ပြည့်ဝသောမာန်ရှိသည်။ဟောတိ၊ ဖြစ်၏။ သမယော၊ မိမိကိုယ်တိုင်ပင်လျှင်။ သာမံ၊ မိမိကိုယ်ကို။ မနသာ၊

ဆင်ယင်ခြင်းဖြင့်(ပြင်လွန်းတော့ ဖင်ချွန်းသည်)ဟူသော စကားကဲ့သို့ မိမိ၏ မူလ ရှိရင်းအယူဝါဒသည် မူလအကြောင်း မူလလက္ခဏာ မူလတည်ရာ အခြေတို့ကို ကျော်လွန်၍ ဖူးယောင်ပုပ်ပွသော အလောင်းကောင်ပမာ လွန်စွာစက်ဆုပ်ဘွယ်ရှိသည် အဖြစ်သို့ ရောက်လေတော့၏။ ထိုအယူကို အတိသာရဒိဋ္ဌိဟု ခေါ်၏။ သို့သော်လည်း မွမ်းမံပြင်ဆင်သူသည် ထိုပြင်ဆင်ပြီး အယူကို အားရနှစ်သက် ကျေနပ်လျက် ရှိလေ၏။ သူ့အဘို့၌ မယုတ်မလျော့ တင်းပြည့်ကျပ်ပြည့် လောက်လောက်လုံလုံ အတော်စုံသည်ဟု ထင်၏။

ထိုအခါ အယူစွဲမာနဖြင့် မာန်မူလျက် ရှိ၏၊ အလွန်မာန်မူလျက် ရှိ၏၊ အလွန်အလွန် မာန်မူလျက် ရှိ၏၊ မိမိစိတ်ထဲ၌ မိမိကိုယ်ကို ပညာရှိ တံဆိပ်ဖြင့် ခပ်နုပ်ချီးကြူးလောက်သော ပုဂ္ဂိုလ်အနေဖြင့် အထင်ကြီးလျက် ရှိ၏၊ ကိုယ်တယောက်ထည်းထည်း ဘိသိက်ရေစင် သွန်းဖြန်းလျက် ရှိ၏။

အဘယ်ကြောင့်နည်းဟု မေးအံ့၊ ထိုအယူသည်းရင့်သူသည် မိမိအယူကို အလွန်မာန်မူလောက်အောင် အလွန်အလွန် မာန်မူလောက်အောင် အယူဝါဒတည်းဟူသော တိုင်း, ခရိုင်, နိုင်ငံ၌ ပြိုင်ဘက်မပြူ တံခွန်ထူနိုင်သည့် ဝါဒီပဏ္ဍိတ်ဘွဲ့တံဆိပ်ဖြင့် ဘိသိက်သဘင် ချီးကြူးပွဲဆင်ရလောက်အောင် ကြံဆောင်ပြုပြင်

http://www.dhammadownload.com

စိတ်ဖြင့်။ အဘိသိတ္တော၊ ပညာရှိတံဆိပ် ပဏ္ဍိတ်ဘွဲ့ထူးဖြင့် ချီးကြူးမြောက်တင်ဘိသိက်ပွဲဆင်သည်။ ဟောတိ၊ ဖြစ်၏။ (ဖြေရာ၏)။

၁၃။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဝိနိစ္ဆယေ၊ စင်ကြယ်၏ ဟုဆုံးဖြတ်ခဲ့သော ဒိဋ္ဌိ၏ ဆုံးဖြတ်ချက်၌။ ဌတ္ဒာ၊ မြဲမြံစွာ ရပ်တည်၍။ ပဟံသမာနော၊ အထူးအားဖြင့် ရှင်မြူးနှစ်သက် အားတက်သည်။ ဟုတ္ဒာ၊ ဖြစ်၍။ ပရော၊ အယူဝါဒအားဖြင့် ငါသို့နှင့် ဆန့်ကျင်သောပုဂ္ဂိုလ်သည်။ "ဗာလော၊ မိုက်မဲတွေဝေသူတည်း။ အကုသလော၊ မလိမ္မာသူတည်း"။ ဣဘိ၊ ဤသို့။ အာဟ၊ ဆိုပြီ။ (အနိယမ ပရသဒ္ဒနိဒ္ဒေသ ထည့်) ပရဿ၊ တပါးသော။ တဿ ပုဂ္ဂလဿ၊ ထိုမိုက်မဲသူ မလိမ္မာသူဟု ပြောဆိုကဲ့ရဲ့သော ပုဂ္ဂိုလ်၏။ (နိယမ ပရနိဒ္ဒေသ ထည့်) ဝစသာ၊ ကဲ့ရဲ့ပြောဆိုအပ်သော စကားကြောင့်။ ပရော၊

စီရင်အပ်ပြီးသည့်အတိုင်း သူတပါးတို့ ကြားမဝင်သာအောင် ကောင်းသာယူထားပြီး သုံးသပ်ဆင်ခြင်ပြီး ဖြစ်ခြင်းကြောင့် ဟူသတည်း။

၁၃။ တဏှာဝိနိစ္ဆယ ဒိဋ္ဌိဝိနိစ္ဆယ ဉာဏဝိနိစ္ဆယ တက္ကဝိနိစ္ဆယဟူ၍ လေးပါးရှိသည်အနက် ဒိဋ္ဌိဝိနိစ္ဆယ၌ မြဲမြံစွာ ရပ်တည်နေသော အကြင်ပုဂ္ဂိုလ်တယောက်သည် မိမိနှင့် အယူမတူသူကို လူမိုက် လူမလိမ္မာဟူ၍ ကဲ့ရဲ့ပြောဆိုရာ ထိုကဲ့ရဲ့သူ၏ စကားမျှဖြင့် အကဲ့ရဲ့ခံရသူသည် ကဲ့ရဲ့သည့်အတိုင်း လူမိုက် လူမလိမ္မာဖြစ်ရတမ်းဆိုလျှင် ထိုကဲ့ရဲ့သူသည်လည်း အကဲ့ရဲ့ခံရသူနှင့် အတူတက္ဒ လူမိုက် လူမလိမ္မာပင် ဖြစ်ရာ၏။ အဘယ်ကြောင့်နည်း အကဲ့ရဲ့ခံရသူကလည်း ကဲ့ရဲ့သူကို လူမိုက် လူမလိမ္မာဟူ၍ပင် အတုံ့ပြန်ကာ ကဲ့ရဲ့ရာသောကြောင့်တည်း၊ ထိုသို့မဟုတ် သူတပါး၏ စကားနှင့် မပတ်သက်ဘဲ ကိုယ့်အလို ကိုယ့်အယူဝါဒအားဖြင့် ပညာရှိဖြစ်ကြစတမ်း ဆိုပြန်လျှင်လည်း အယူဝါဒလက်ကိုင်ရှိသူ မှန်သမျှသည် တစုံတယောက်မျှ ပညာမဲ့ မိုက်မဲသူဟူ၍ မရှိရာ၊ အလုံးစုံ ပညာရှင်ချည်းသာ ဖြစ်လေရာ၏ ဟူသတည်း။

မိမိအလိုဖြင့် ပညာရှိ ဖြစ်နိုင်ရိုးမှန်လျှင် ရသေ့ ရဟန်း ပရိဗိုဇ်လောက၌ မိုက်မဲသူတစုံတယောက်မျှ မရှိနိုင်ခြင်း၏ အကြောင်းကို အကျယ်ဟောပြခြင်းငှါ အညံ ဣတော ယာဘိဝဒန္တိ ဓမ္မံ အစ,ကံ တတ္ထ ဗာလောတိ ပရံ ဒဟေယျ အဆုံးရှိသော နှစ်ဂါထာခွဲကို ဟောတော်မူ၏။

http://www.dhammadownload.com

အပြောအဆိုခံရသည့် တပါးသော ပုဂ္ဂိုလ်သည်။ (ပကတိ ကတ္တားထည့်) နိဟီနော၊ ယုတ်ညှံသည်(မိုက်မဲသည် မလိမ္မာသည်)။စေ ဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ဧဝံ သတိ၊ဤသို့သူတပါးစကားကြောင့် ယုတ်ညှံသူ မိုက်မဲသူ မလိမ္မာသူ ဖြစ်ရသည်ရှိသော်။(လက္ခဏအရုစိ ထည့်)တုမော၊ထိုကဲ့ရဲ့ပြောဆိုသူသည်လည်း။ သဟ၊ အပြောအဆိုခံရသူနှင့် အတူတကွ။ (ဆန်းကြောင့် ဒီဃ) နိဟီနပညော၊ ယုတ်သောပညာရှိသည် (ပညာနည်းသည် ပညာမဲ့သည်)။ဟောတိ၊ ဖြစ်လေတော့၏။ အထ၊ထိုသို့မဟုတ်၊သယံ၊မိမိအလိုလို။ ဝါ၊ မိမိအလိုအားဖြင့်။ဝေဒဂူ၊အသိဉာဏ် ပေါက်ရောက်သူမည်သည်။ ဧရော၊ ပညာရှိသူမည်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့သူတပါး၏စကားနှင့် မသက်ဆိုင် မိမိအလိုအားဖြင့်သာ ပညာရှိသူ ဖြစ်နိုင်သည်ရှိသော်။ (လက္ခဏ အရုစိထည့်) သမဏေသု၊ ကိလေသာ အပူဘေးမှ ငြိမ်းအေးသူဟူ၍သမုတ်အပ်သော ပုဂ္ဂိုလ်ဘို့တွင်။ ကောစိဗာလော၊ မိုက်မဲတွေဝေသည့် တစုံတယောက်သော ပုဂ္ဂိုလ်သည်။ နု အတ္ထိ၊ ရှိနိုင်တော့မည် မဟုတ်။

၁၄။ ယေ သမဏာ၊ ကိလေသာအပူဘေးမှ ငြိမ်းအေးသူဟူ၍ သမုတ်အပ်သော အကြင်ရသေ့ရဟန်း ပရိဗိုဇ်ဘို့သည်။ ဣတော၊ ဤငါတို့၏အယူဝါဒမှ။ အညံ၊ တပါးတခြားသော။ မွေံ၊ အယူဝါဒကို။ အဘိဝဒန္တိ၊ အမြတ်တနိုးအားဖြင့် ပြောဟောကြကုန်၏။တေ သမဏာ၊ ထိုပြောဟောသူ ရသေ့ရဟန်း ပရိဗိုဇ်ဘို့သည်။ သုဒ္ဓိံ၊ ကိလေသာမှ စင်ကြယ်သော အရဟတ္တမဂ်ကို။ အပရဒ္ဓါ၊ ပစ်ပယ်ဖျက်ဆီးတတ်ကုန်သည် (ချွတ်ချော် လျှောကျကုန်သည်)။အကေဝလီ၊ ပြည့်စုံလုံလောက်သော အရဟတ္တမဂ် မရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ရှာကြကုန်၏။ ဧဝံပိ၊ ဤသို့လည်း။ ပုထုသော၊ များသော အားဖြင့်။ဝါ၊ များစွာကုန်သော။ တိတ္ထျာ၊ တိတ္ထိယဘို့သည်။ ဝါ၊ လောက ဆုံးတဖက်ကမ်းသို့ ကူးသွားရာ ရေဆိပ်နှင့်တူသော အယူဝါဒ ရှိကုန်သော ပရိဗိုဇ်ဘို့သည်။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ ကသ္မာ၊ အဘယ်အကြောင်းကြောင့်။ ဝဒန္တိ၊ပြောဆိုကြကုန်သနည်း။(အမေးထည့်)ဟိ ယသ္မာ၊ အကြင်အကြောင်းကြောင့်။တေ တိတ္ထျာ၊ထိုတိတ္ထိယတို့သည်။သန္ဒိဋ္ဌိရာဂေန၊ မိမိ၏အယူဝါဒ၌ တပ်မက် နှစ်သက်သောရာဂဖြင့်။ အဘိရတ္တာ၊ လွန်စွာတပ်မက်

http://www.dhammadownload.com

နှစ်သက်ကုန်၏။ တသွာ၊ ထိုသို့ မိမိ၏အယူဝါဒ၌ လွန်စွာဘပ်မက် နှစ်သက်ကုန်သည်၏အဖြစ်ကြောင့်။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။

၁၅။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အဘိရတ္တာ၊ မိမိအယူဝါဒ၌ လွန်စွာ တပ်မက်ကုန်သော။ (ထည့်) ပုထုသော၊ များစွာကုန်သော။ တိဘ္ဆျာ၊ တိဘ္ဆိယတို့သည်။ ဝါ၊ လောကဆုံးတဖက်ကမ်းသို့ ကူးသွားရာ ရေဆိပ်နှင့် တူသောအယူရှိကုန်သော ပရိဗိုဇ်တို့သည်။ ဣတိ၊ ဤ "ဣဒမေဝသစ္စံ-မောဃမညံ" အစရှိသောစကားဖြင့်။ ဣဓေဝ၊ ဤသဿတစသော အယူ၌သာလျှင်။ သုဒ္ဓိံ ၊ဟောသူဆရာ ဟောအပ်သည့်တရား နာယူသူ တပည့်သာဝက အယူအဆ အကျင့်လမ်းကြောင်းအားဖြင့် စင်ကြယ်ခြင်းကို။ ဝါဒယန္တိ၊ ပြောဟောကြကုန်၏။ အညေသု၊ တပါးကုန်သော။ ဓမ္မေသု၊ဟောသူဆရာ၏ ဟောအပ်သည့်တရား နာယူသူတပည့်သာဝက၏ အယူအဆ အကျင့်လမ်းကြောင်းတို့၌။ ဝိသုဒ္ဓိံ၊ စင်ကြယ်ခြင်းကို။ နအာဟု၊ မဆိုမပြော မဟောနိုင်ကြကုန်။ ဧဝံပိ၊ ဤသို့သော အခြင်းအရာအားဖြင့်လည်း။ တဘ္ဆ တသ္မိံ သကာယနေ၊ ထိုမိမိ မိမိ၏ တည်ရာ မှီရာဖြစ်သော ဟောအပ်သောတရား အယူအဆ အကျင့်လမ်းကြောင်း၌။ နိဝိဋ္ဌာ၊ သက်ဝင်ကပ်ငြိ၍ တည်နေကုန်သည်။ ဒဋ္ဌဝဒါနာ၊ မြဲမြံခိုင်ခံ့ တည်တံ့သော ဝါဒရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၆။ (က) ဘေသု တိဘ္ဆျေသု၊ ထိုမြဲမြံခိုင်ခံ့ တည်တံ့သော ဝါဒရှိကုန်သော တိဘ္ဆိတို့ဘွင်။ယော တိဘ္ဆျော၊ အကြင်တိဘ္ဆိသည်။သကာယနေဝါပိ၊ မိမိ၏ တည်ရာ မှီရာဖြစ်သော ဟောအပ်သောတရား အယူအဆ အကျင့်

၁၄။ သမ၊ ငြိမ်းအေးသော။ အဏ၊ ကိလေသာ။ သမဏ၊ ငြိမ်းအေးသော (ကင်းသော) ကိလေသာရှိသူသည် သမဏမည်၏၊ ထိုသမဏဟူသောအမည်ကို ရသေ့ပရိဗိုဇ် တိတ္ထိယတို့ကလည်း ခံယူကြကုန်၏၊ တိတ္ထိယဟူသောအမည်ကား အယူမှားရှိသူတို့၏ အမည်သာတည်း၊ ထိုတိတ္ထိယတို့သည် ဤသို့ပြောဟောကြကုန်၏၊ ပြောဟောပုံကား ငါတို့၏ အယူဝါဒကျင့်စဉ်မှ တပါးသော အယူဝါဒကျင့်စဉ်ရှိသူ သမဏဟူသမျှသည် စင်ကြယ်သော အရဟတ္တမဂ်ဂုဏ်မှ လျှောကျဆုံးရှုံးရလေ၏၊ အရဟတ္တမဂ်ခေါ်သော သုဒ္ဓိဓမ္မမရှိကြသဖြင့် မြတ်သောပုဂ္ဂိုလ်မဟုတ် ယုတ်နိမ့်အောက်ကျသော ပုဂ္ဂိုလ်တစုသာတည်းဟု ပြောဟောကြကုန်၏။

http://www.dhammadownload.com

လမ်းကြောင်းဌ်လည်း။ ဒဋ္ဌဝဒါနော၊ "ဣဒမေဝသစ္စံ"ဟု မြဲမြံခိုင်ခံ့ တည်တံ့သော ဝါဒရှိသည်။ ဟောတိ၊ဖြစ်၏။ ဧတ္ထ၊ ဤမိမိကြိုက်ရာ မိမိကြိုက်ရာ အယူဌ်။ တံ၊ ထိုမြဲမြံခိုင်ခံ့ တည်တံ့သောဝါဒရှိသော။ (နိယမ ထည့်) ပရံ၊ တပါးတခြားသော။ကံ ပုဂ္ဂလံ၊အဘယ်ပုဂ္ဂိုလ်ကို။ ဗာလောတိ၊မိုက်မဲတွေဝေသူဟူ၍။ ဒဟေယျ၊ ထားရာတော့အံ့နည်း။ နဒဟေယျေဝ၊ မထားရာတော့သည်သာ။

အဘယ်အကြောင်းကြောင့် ဤသို့ဟောပြောသနည်းဟု မေးအံ့၊ ထိုတိတ္ထိယတို့သည် မိမိ၏ အယူဝါဒ၌ တပ်မက်စွဲလမ်းသောရာဂဖြင့် လွန်စွာ တပ်မက်စွဲလမ်းနေမှုကြောင့်ဟု ဖြေရာ၏၊ မှန်လှ၏၊ ထိုသို့ မိမိအယူဝါဒ၌ စွဲလမ်းချက်ပြင်းပြသော တိတ္ထိယတို့သည် မိမိတို့အယူဝါဒကို ပြုလုပ်စီမံသူ ခေါင်းဆောင်ဆရာ ထိုဆရာပြောဟောချက်၊ ထိုပြောဟောချက်ကို လိုက်နာကျင့်ဆောင်သူ တပည့်သာဝက ဂိုဏ်းဂဏ မိမိတို့၏ အယူဝါဒ မိမိတို့ကျင့်စဉ် မိမိတို့ယူဆသည့် မင်ကိုသာ (သုဒ္ဓိဓမ္မ) စင်ကြယ်လွတ်မြောက်ရေးတရားဟူ၍ ဆိုကြ၏။ တပါးတခြားသော ဂိုဏ်းဂဏဆရာ ပြောဟောချက် လိုက်နာသူဂိုဏ်းဂဏ အယူဝါဒကျင့်စဉ် မင်တို့ကို အသုဒ္ဓိဓမ္မ မစင်ကြယ်သော လွတ်မြောက်ရေးမဟုတ်သော တရားဟူ၍ ပြောဆိုကြကုန်၏။

ဣဒမေဝသစ္စံ မောဃမညန္တိ ဝဒန္တိ။ ။ဣဒမေဝ၊ ဤငါတို့ အယူဝါဒသာလျှင်။ သစ္စံ၊ မှန်၏။ အညံ၊ သူတပါးအယူဝါဒသည်။ မောဃံ၊ အချည် နှီးသာတည်း။ ဣတိဝဒန္တိ၊ ဤသို့ဆိုကုန်၏။

ဤသို့ပြောဆိုခြင်းအားဖြင့် မိမိ၏ အယူဝါဒဆိုင်ရာ၌ စူးစိုက် သက်ဝင်ကြလျက် မြဲမြံခိုင်ခံ့သော ဝါဒစွဲရှိသူအဖြစ်သို့ ရောက်ကြကုန်၏။

သဿတ အယူရှိသူတို့ကလည်း ငါ့အယူသာမှန်၏ သူ့အယူမှား၏၊ ငါသာပညာရှိ၏ သူတို့ပညာမဲ့ကုန်၏ ဟု ဆိုကြ၏၊ ဥစ္ဆေဒအယူ ရှိသူတို့ကလည်း ငါ့အယူသာမှန်၏ သူတို့အယူ မှား၏ ငါသာပညာရှိ၏ သူတို့ပညာမဲ့ကုန်၏ဟု ဆိုကြ၏၊နတ္ထိကအယူ အဟေတုကအယူ အကြိယအယူရှိသူတို့ကလည်း ထို့နည်းတူ မိမိတို့သာမှန်၏ သူတပါးတို့မှား၏ ဆိုကြကုန်၏၊ ထိုသို့ဆိုကြလျှင် ကိုယ့်အယူ ကိုယ့်အလိုအားဖြင့် အားလုံးပညာရှိချည်းဖြစ်ကြ၍ အဘယ်သူ့ကို လူမိုက်လူမလိမ္မာဟူ၍ ဆိုစရာရှိပါကုန်အံ့နည်း သူတို့အလိုအားဖြင့် အားလုံးပညာရှိသူ အကျင့်မှန်သူချည်းသာဖြစ်ရာ၏ ဟူသတည်း။

http://www.dhammadownload.com

၁၆။ (ခ) ဧဝံ သန္တေ စ၊ ဤသို့ အားလုံးပညာရှိချည်း အကျင့်မှန်သူ ချည်းသာ ဖြစ်ပြန်လျှင်လည်း။ (ထည့်)ပရုံ၊ တပါးသောသူကို။ ဗာလံမိုက် မဲဘွေဝေသူဟူ၍ဋ္ဌင်း။ အသုဒ္ဓိဓမ္မံ၊ မစင်ကြယ်သော အကျင့်ရှိသူ ဟူ၍ဋ္ဌင်း။ ဝဒန္တော၊ ကဲ့ရဲ့ပြောဆိုသော။ သော ပဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ သယမေဝ၊ မိမိကိုယ်တိုင်သာလျှင်။ မေဓံ၊ ငြင်းခုံခြင်းသို့။ အာဝဟေယျ၊ မိမိကို ဆောင်ပို့ရာ၏။

၁၇။ (က) သ-သော ပဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဝိနိစ္ဆယော၊ ဒိဋ္ဌိ၏ဆုံးဖြတ်ချက်၌။ ဌဘ္ဘ၊မြဲမြံစွာရပ်တည်၍ဋ္ဌင်း။ သယံ၊ မိမိ၏ကိုယ်းဆရာစသည်ကို။ ပမာယ၊ နှိုင်းချိန်ဆုံးဖြတ်၍ဋ္ဌင်း။ ဥဒ္ဒံ၊လွန်ကဲစွာ။ ။တနည်း။ အတ္တနော ဝါဒံ၊ မိမိအယူဝါဒကို။(ထည့်)ဥဒ္ဒံ၊သူတပါး၏ အယူဝါဒ၏ အထက်၌။ ထပေတ္ဘ၊ ထား၍။ ။တနည်း။ ဥဒ္ဒံ၊ မိမိဝါဒထက် လွန်ကဲသော တပါးသောဝါဒနှင့်။ သဒ္ဓိံ၊တကွ။ လောကသ္မိံ၊ လောက၌။ ဝိဝါဒံ၊ ငြင်းခုံခြင်းသို့။ ဧတိ၊ ရောက်၏။

၁၆။ ၁၇ (က) သူဘို့အယူအလိုအားဖြင့် အားလုံးပညာရှိသူ အကျင့်မှန်သူ ချည်းသာဖြစ်ပါလျှင် တပါးသောသူကို မိုက်မဲသူ အကျင့်မှားသူ အကျင့်မစင်ကြယ်သူဟု ကဲ့ရဲ့ပြောဆိုသူသည် မိမိကိုယ်တိုင် မိမိချည်းသာ တယောက်ထည်း ထည်း ငြင်းခုံခြင်းသို့ ရောက်ရာ၏။ ထိုမျှမကသေး ဒိဋ္ဌိ၏ ဆုံးဖြတ်ချက်၌ ခိုင်ခိုင်မတ်မတ် ရပ်တည်၍ဋ္ဌင်း, မိမိ၏ ကိုးကားဆရာ ဟောပြသူဆရာကို သဗ္ဗညူအလုံးစုံသိသူဟူ၍ဋ္ဌင်း, မိမိ၏ လွတ်မြောက်ရေး ဟောစဉ်တရားကို သွာက္ခာဘကောင်းစွာ ဟောအပ်သော တရားဟူ၍ဋ္ဌင်း, မိမိ၏ ကျင့်ဘော်ကျင့်ဘက် ကိုးကားဏာကို သုပ္ပဋိပန္နာ အကျင့် ကောင်းသော ကိုးကားဏာဟူ၍ဋ္ဌင်း, မိမိ၏အယူဝါဒကို ဘဒ္ဒိကာ ကောင်းသော အယူဝါဒဟူ၍ဋ္ဌင်း, မိမိ၏အကျင့်ကို သုပညတ္တ ကောင်းစွာ စိစစ်၍ ထားအပ်သော အကျင့်မှန်ဟူ၍ဋ္ဌင်း မိမိ၏မဂ်ဘာသားကို နိယျာနိက ဝဋ်ဆင်းရဲမှ ထွက်နိုင်သော မဂ်ဟူ၍ဋ္ဌင်း နှိုင်းချိန်ဆုံးဖြတ်၍ လွန်ကဲစွာ ငြင်းခုံခြင်းသို့ ရောက်လေတော့၏။ သို့မဟုတ် မိမိဝါဒကို သူတပါးဝါဒထက် လွန်ကဲအောင် ထား၍ငြင်းခုံ၏။ သို့မဟုတ် မိမိဝါဒထက်သာလွန်သော တပါးသောဝါဒနှင့် ပြိုင်ဆိုင်ငြင်းခုံ၏ဟူသတည်း။

http://www.dhammadownload.com

၁၇။ (ခ) ဇန္တု၊ သဘ္တဝါသည်။ ဝိနိစ္ဆယေသု၊ ဒိဋ္ဌိ၏ဆုံးဖြတ်ချက်တို့၌။ ဝါ၊ မှားသောအားဖြင့် ဆုံးဖြတ်တတ်သော ခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့၌။အာဒီနဝံ၊အပြစ်ကို။ ဒိသွာ၊မြင်၍။ (၃-ပုဒ်ထည့်) သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ဝိနိစ္ဆယာနိ၊ ဒိဋ္ဌိ၏ဆုံးဖြတ်ချက်တို့ကို။ ဝါ၊ မှားသောအားဖြင့် ဆုံးဖြတ်တတ်သော ခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို။ဟိတွာန၊ပစ္စယ်နှ့ပြီး၍။ ဝါ၊ပယ်စွန့်ပြီးသည်ရှိသော်။ လောကေ၊ လောက၌။ မေဓေံ၊ ငြင်းခုံခြင်းကို။ နကုဗ္ဗတိ၊ပြုတော့သည်မဟုတ်။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ပကတိရှင်တော်ဘုရားက ဆက်လက်ဖြေဆိုတော်မူပြီ။ ဣတိ၊ ဤကား-စူဋ္ဌဗျူဟသုတ်အပြီးတည်း။

---

၁၇ (ခ) ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် မှားသောအကြောင်းအရာတို့ကို ဆုံးဖြတ်တတ်သောကြောင့် ဝိနိစ္ဆယတို့မည်ကုန်၏။ ထိုဒိဋ္ဌိတို့၌ ဆိုခဲ့ပြီးသောအပြစ်တို့ကို တွေ့မြင်ရသဖြင့် အလုံးစုံအကြွင်းမဲ့ (ဒဲ၂) ပါးသော မိစ္ဆာအယူကို ပယ်စွန့်နိုင်လျှင် ဤလောက၌ ငြင်းခုံခြင်း ကင်းလေတော့၏၊ မိစ္ဆာအယူကို မစွန့်ပယ်သေးသမျှ ငြင်းခုံလျက်ရှိ၏ ဟူသတည်း။

ဒွါဒသမံ၊ သုတ္တနိပါတ် အဋ္ဌကဝဂ်တွင် တဆယ့်နှစ်သုတ်မြောက်ဖြစ်သော။ စူဋ္ဌဗျူဟသုတ္တံ၊ စူဋ္ဌဗျူဟ အမည်ထူးရှိသော မဟာသမယသုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

စူဋ္ဌဗျူဟသုတ် နိဿယနှင့် အဓိပ္ပါယ်ပြီး၏။

http://www.dhammadownload.com

မဟာဗျူဟသုတ်နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဂေါတမ၊ ဂေါတမန္တယ်ဘွား အသျှင်ဘုရား။ ယေကေစိ၊ ကြွင်းမဲ့ညဿုံ အလုံးစုံကုန်သော။ ဤမေ ဒိဋ္ဌပရိဗ္ဗသာနာ၊ ဤမှားသော အယူဝါဒတည်းဟူသော နေအိမ်ဋ္ဌမှိတင်းနေထိုင်လေ့ရှိကုန်သော တိတ္ထိယတို့သည်။ဤဒမေဝ၊ ဤငါဘို့၏ အယူစကားသည်သာလျှင်။ သစ္စံ၊ မှန်ကန်၏။ ဤတိ စ၊ ဤ ဃိုလည်း။ ဝိဝါဒယန္တိ၊ငြင်းခုံပြောဆိုကြကုန်၏။ သဗ္ဗေဝ၊အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ ဒိဋ္ဌိပရိဗ္ဗသာနာ၊ ထိုအယူမှားတည်းဟူသော နေဒိုမ်ဋ္ဌိမှိတင်းနေထိုင်လေ့ရှိကုန်သော တိတ္ထိယတို့သည်။ နိန္ဒုံ၊ပညာရှိတို့၏ ကဲ့ရဲ့ခြင်း

စကြဝဠာ ကမ္ဘာတိုက်ပေါင်း ခေတ်တသောင်းမှ သောင်းသောင်း ဖျဖျ လာဆောက်ကြသည့် ဇာတိခတ်သုံး ပဲ့တင်ကြိုးလျက် စုရုံးစည်းဝေးရာ မဟာဝုန်တောကြီးအတွင်း ကြီးစွာသော နတ်ပြဟ္မာအစည်းအဝေးဌာန် မောဟစရိုက် အမှိုက်ဆူပြော သဘောမရှင်း ဉာဏ်မလင်းကြသော အချို့သော နတ်ပြဟ္မာတို့သည်—

သဿတအစရှိသော မိစ္ဆာအယူရှိသူ အပေါင်းတို့သည် ပညာရှိတို့ အထံမှ ရှုတ်ချက်ခံရခြင်းကိုသာ အမြဲခံနေကြရကုန်သလော၊ သို့မဟုတ် တရံတခါ ချီးမွမ်းမှုကိုလည်း ရကြသေးသလော၊ အလုံးစုံ ကဲ့ရဲ့ဘွယ်ချည်း ဖြစ်သလော၊ သို့မဟုတ် ချီးမွမ်းဘွယ်မျှားလည်း စိုးစဉ်းရှိသေးသလော်ဟူ၍ ကြံစည်စိတ်ကူးကြကုန်၏၊ ထိုအကြံကို အမှန်သိတော်မူသော မြတ်စွာဘုရားသည် ထိုနတ်တို့၏ သံသယဝိစိကိစ္ဆာတည်းဟူသော ဆူးငြောင့်ခလုတ်ကို ရှေးဦးစွာ နှုတ်ပယ်တော်မူခြင်းငှါ နိမ္မိတဘုရားရှင်ကို မေးတော်မူစေ၍ ကိုယ်တော်တိုင် ဖြေပြသည်၏ အစွမ်းအားဖြင့် ဤမဟာဗျူဟသုတ်ကို ဟောတော်မူသတည်း။

၁။ သဿတအယူရှိသူတို့ကလည်း သဿတအယူသာ မှန်၏ တပါးသော အယူဝါဒကား မှားဟု ဆိုကြ၏ ငြင်းခုံကြ၏၊ ဥစ္ဆေဒအယူရှိသူ နတ္ထိကအယူရှိသူ စသည်တို့ကလည်း ထိုနည်းတူ မိမိတို့၏ အယူသာ မှန်၏ တပါးသော

http://www.dhammadownload.com

ကိုသော။ အနွှာနယန္တိ၊ အဖန်တလဲလဲ ဆောင်ကြရကုန်သလော။ အထော၊ ထိုဃိုမဟုတ်။ တတ္ထ၊ ထိုမိမိတို့၏အယူဠ်။ ပသံသမို၊ ပညာရှိတို့၏ ချီးမွမ်းခြင်းကိုလည်း။ လဘန္တိ၊ တရံတခါ ရကြပါကုန်သေးသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ နိမိတ ဘုရားက မေးတော်မူပြီ။

၂။ ဘဂဝါ၊ သိစေလိုရေးကြောင့် မေးတော်မူသော အသျှင်ဘုရား။ တေ၊ ထိုဘိတ္ထိယတို့သည်။ ပသံသမို၊ တရံတခါ ပညာရှိတို့၏ ချီးမွမ်းခြင်းကိုလည်း။ လဘန္တိ၊ ရပါ.ကုန်သေး၏။ ဧတံ၊ ဤရအပ်သော ချီးမွမ်းမှုသည်။ အပွံ ဟိ- အပွံ ဧဝ၊ နည်းလှပါသည်သာ။ ဧတံ၊ဤအနည်းငယ်သော ချီးမွမ်းစရာသည် သော်လည်း။ သမာယ၊ရာဂအစရှိသော ကိလေသာတို့၏ငြိမ်းခအားခြင်းငှါ။ န အလံ၊ စွမ်းနိုင်သောအရာမဟုတ်သေး။ ကော ပန ဝါဒေါနွှေ၊ ကဲ့ရဲ့ဘွယ်ရာဠ် အဘယ်မှာ ကိလေသာငြိမ်းရန် စွမ်းနိုင်ချိမ့်မည်နည်း။ (ထည့်) အဟံ၊ ငါဘုရားသည်။ ဝိဝါဒဿ၊ ငြင်းခုံပြောဆိုခြင်း၏။ ဒုဝေ၊ နှစ်ပါးကုန်သော။ ဖလာနိ၊ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း နိုင်ခြင်း ရှုံးခြင်း စသော အကျိုးသဘောတို့ကို။ ဇ္ဈမိ၊ ဟောတော်မူ၏။ ဇတမို၊ ဤကဲ့ရဲ့ခြင်းလည်း မကောင်း ချီးမွမ်းခြင်းလည်း ကိလေသာ ငြိမ်းကြောင်းမဟုတ် စသော အပြစ်ကိုလည်း။ ဒိဿ၊ မြင်အောင်ကြည့်ရှု၍ ။ အဝိဝါဒ-ဘူမိ ၊ မငြင်းခုံ

အယူကား မှား၏ဟု ငြင်းခုံပြောဆိုကြပါ၏၊ ထိုသို့ပြောဆိုကြရာ ငြင်းခုံကြရာ၌ အယူဝါဒရှိသူ အားလုံးတို့သည် ပညာရှိတို့၏ အကဲ့ရဲ့ကိုသာ အချင်းခပ်သိမ်းခံနေကြရပါကုန်သလော၊ သို့မဟုတ် တရံတခါ ချီးမွမ်းမှုကိုလည်း ခံရပါသေးသလောဟု မေးတော်မူ၏။

၂။ တယူသန်အားဖြင့် ငြင်းခုံပြောဆိုကြသော ထိုတိတ္ထိယတို့သည် တရံတခါ ချီးမွမ်းမှုကိုလည်း ရကြပါ၏၊ ရသော်လည်း ထိုချီးမွမ်းမှုကား အနည်းငယ်မျှသာဖြစ်၏။ ကဲ့ရဲ့မှု ရှုတ်ချမှုတို့သည် သာလွန်မျှားပြားကုန်၏။

ထိုသည့် အနည်းငယ် ချီးမွမ်းမှုသည်လည်း ရာဂငြိမ်းရန် မစွမ်းနိုင် ဒေါသငြိမ်းရန် မစွမ်းနိုင် မောဟငြိမ်းရန် မစွမ်းနိုင်၊ ကောဓ ဥပနာဟအစရှိသော ငြင်းခုံခြင်း၏ အကြောင်း မကောင်းသော တရားဆိုးတို့ကို ငြိမ်းဖျောက်ရန် မစွမ်းနိုင်၊ အလုံးစုံသော ကိလေသာ ဒုစရိုက် အကုသိုလ် အဘိသင်္ခါရတရားတို့ကို ငြိမ်းဖျောက်ခြင်းငှါ မစွမ်းနိုင်။

http://www.dhammadownload.com

ရခြင်း၏ ဖြစ်ရာဖြစ်သော။ ခေမံ၊ ဘေးရန်ကင်းကွာ ချမ်းသာရာဖြစ်သော နိဗ္ဗာန်ကို။ အဘိပဿံ-အဘိပဿန္တော၊ ဘေးရန်ကင်းကွာ ချမ်းသာရာအစစ်ပါတကား ဟု ရှေးရှုထင်ထင် မြင်အောင် ကြည့်လျက်။ နဝိဝါဒယေထ၊ ငါ့အယူသာ မှန်၏ဟု တယူသန် မငြင်းခုံရာ။

၃။ ဧဝံ၊ ဤသို့။ အဝိဝဒမာနော မငြင်းခုံသော။ (ထည့်) ဝိဒ္ဓါ၊ ပညာရှိသည်။ (နဥပေဘိ-၌စပ်) ယာကာစိ၊ အလုံးစုံကုန်သော။ ပုထုဇ္ဇာ၊ ပုထုဇန်တို့သည် ဖြစ်စေအပ်ကုန်သော။ ဝါ၊ များစွာသော တိတ္ထိတို့သည် ဖြစ်စေအပ်ကုန်သော။ ဣမာ သမ္မုတိယော၊ဤသမုတ်ပညတ်ခြင်းမျှဖြင့် ပြီးကုန်သော(၆၂)ပါးသော အယူဝါဒတို့သည်။ သန္တိ၊ရှိကုန်၏။သဗ္ဗာဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ဧတာ သမ္မုတိယော၊ဤအယူဝါဒတို့သို့။နဥပေတိ၊ တဏှာဒိဋ္ဌိဖြင့် ချဉ်းကပ်သုံးသပ်တော့သည် မဟုတ်။ အနူပယော၊ မှားသော အယူဝါဒယို့ တဏှာဒိဋ္ဌိတို့ဖြင့် မချဉ်းကပ်မသုံးသပ်သော။ သော ဝိဒ္ဓါ၊ ထိုပညာရှိသည်။ ဒိဋ္ဌေ၊ အဆင်းကိုမြင်ရုံဖြင့် ကိလေသာ စင်ကြယ်ခြင်း၌ဂုင်း။

အယူဝါဒကိုမှီ၍ ငြင်းခုံခြင်းဟူသော အကြောင်းကြောင့် နိုင်ခြင်း ရှုံးခြင်း အကျိုးနှစ်ပါးကိုသာ ရ၏၊ လာဘ်ရခြင်း မရခြင်း အကျိုးနှစ်ပါးကိုသာ ရ၏။ အခြံအရံနဲခြင်း အခြံအရံများခြင်း အကျိုးနှစ်ပါးကိုသာ ရ၏၊ ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း အကျိုးနှစ်ပါးကိုသာ ရ၏။ ချမ်းသာခြင်း ဆင်းရဲခြင်း ဝမ်းသာခြင်း ဝမ်းနဲခြင်းစသော နှစ်ပါးစီသော အကျိုးကိုသာ ရ၏ဟု ငါဘုရား ဟောလို၏။

ထို့ကြောင့် ငြင်းခုံခြင်း၏ အပြစ်ကို ရှုမြင်ပြီး၍ ငြင်းခုံရခြင်း မရှိရာဖြစ်သော နိဗ္ဗာန်ကို ဘေးရန်ကင်းကွာ ချမ်းသာရာစင်စစ်ဟူ၍ မျက်မှောက်ထင်ထင် မြင်အောင်ကြည့်လျက် ငြင်းခုံခြင်းမှ ကင်းအောင် ရှောင်ရှားရာ၏ ဟူသတည်း။

၃။ အယူဝါဒကို စွဲမှီ၍ ငြင်းခုံမှု မပြုသော ငါဘုရား၏ အဆုံးအမခံ ဉာဏ်ပညာရှိသူ ပုထုဇန်, သို့မဟုတ် အယူမှားသူ လူအမျိုးမျိုးတို့ ကြံစည်ပြုလုပ်သမုတ်ပညတ်၍ ထားသည့် (၆၂)ပါးသော အယူမှားတို့သို့ တဏှာဒိဋ္ဌိ၏ အစွမ်းအားဖြင့် ချဉ်းကပ်သုံးသပ်တော့သည် မဟုတ်၊ ထို့ကြောင့် မင်္ဂလာဟု သမုတ်အပ်သော အဆင်းရူပါရုံကို မြင်ရရုံဖြင့် ကိလေသာ စင်ကြယ်၏ဟူသော အယူဝါဒကို မကြိုက်မနှစ်သက်နိုင်ပြီ၊ မင်္ဂလာဟု သမုတ်အပ်သော အသံ သဒ္ဒါရုံကို ကြားရုံဖြင့်ဂုင်း, အနုံဂန္ဓာရုံကို နမ်းရှုရုံဖြင့်ဂုင်း, အရသာ ရသာရုံကို သုံး

http://www.dhammadownload.com

သုတေ၊အသံကိုကြားရုံဖြင့် ကိလေသာစင်ကြယ်ခြင်း၌ငှင်း။ မုတေ၊ အနှံ့ကို နမ်းရုံ အရသာကိုခံစားရုံ အတွေ့ကိုတွေ့ထိရုံဖြင့် ကိလေသာစင်ကြယ်ခြင်း၌ ငှင်း။ (ထည့်) ခန္တိ၊ ကြိုက်ခြင်းနှစ်သက်ခြင်းကို။ အကုဗ္ဗမာနော၊ မပြုတော့သည်ဖြစ်၍ ။ ကိံ ဥပယံ၊ အဘယ်မည်သော ခန္ဓာ အဘယ်မည်သော လားရာဂတိ အဘယ်မည်သော ပဋိသန္ဓေ အဘယ်မည်သော ဘဝသံသရာ ကျင်လည်ရာ ဝဋ်တရားသို့။ ဧယျ၊ တဏှာဒိဋ္ဌိဖြင့် ကပ်ငြိရာတော့အံ့နည်း။

၄။ ဣတော၊ ဤဘုရားသျှင်၏ အဆုံးအမ ဩဝါဒခံ ဉာဏ်ရှိသူတို့မှ။ ဗာဟိရာ၊ အပြင်အပ တိတ္ထိယတို့၏ ဩဝါဒခံ ဉာဏ်မဲ့သူတို့သည် (ထည့်) သီလုဘ္ဘမာ၊ သီလဟူသောအလေ့သာလျှင် အမွန်အမြတ်ရှိကုန်သည်ဖြစ်၍ ။

စားရုံဖြင့်ငှင်း အတွေ့ဖောင်္ဌဗ္ဗာရုံကို တွေ့ထိရုံဖြင့်ငှင်း ကိလေသာ စင်ကြယ်၏ ဟူသော အယူဝါဒကို မကြိုက်မနှစ်သက်နိုင်ပြီ၊ ထိုသို့ မကြိုက်မနှစ်သက်နိုင်ပါ လျှင် အဘယ်မှာ ခန္ဓာဝါးပါးကို တဏှာဒိဋ္ဌိဖြင့် စွဲလမ်းကပ်ငြိရာတော့အံ့နည်း၊ လားရာဂတိ ထိုဂတိသို့ ကပ်ရောက်ခြင်း ထိုထိုဘုံဘဝ သံသရာဝဋ်တို့၌ တဏှာ ဒိဋ္ဌိဖြင့် အဘယ်မှာ ကပ်ငြိရာတော့အံ့နည်း၊ မကပ်ငြိတော့သည်သာ၊ ဤကား အယူဝါဒကို စွဲမှီ၍ မငြင်းခုံခြင်း၏ အကျိုးကျေးဇူးတည်း။

၄။ စည်းမျဉ်းကျင့်စဉ်ကို မလွန်ကြူးခြင်းဟူသော အလေ့သဘောသည် သီလမည်၏။

စည်းမျဉ်းအတိုင်း ဆောက်တည်ကျင့်သုံးခြင်းသည် ဝတမည်၏။ ထိုသီလ ဝတနှစ်ပါးသည် သာသနိက သီလဝတ, ဗာဟိရက သီလဝတဟူ၍ လမ်းမှန်မမှန် ကို စွဲ၍ နှစ်ပါးရှိ၏၊ ထိုတွင် သာသနိက သီလဝတသည်လည်း သီလ-လည်းမည်၊ ဝတ-လည်း မည်သော အလေ့အကျင့်တမျိုး၊ သီလအမည် မရဘဲ ဝတ-အမည် သာ ရသော အကျင့်တမျိုးဟူ၍ နှစ်မျိုး ခွဲရပြန်၏။

ထိုနှစ်မျိုးတွင် ၅-ပါးသီလ ၁၀-ပါးသီလ ရှစ်ပါးသီလ ပါတိမောက္ခသံဝရ သီလသည် မလွန်ကြူးအောင် စောင့်ထိန်းရသောကြောင့် သီလလည်း မည်၏၊ သီလ-ဝတ နှစ်ပါးစုံ အမည်ရ၏ဟု ဆိုလို၏။

အာရညကင်အစရှိသော ဓုတင်အကျင့်သည်ငှင်း, အရိုး အရေ အကြော သာ ကြွင်းကျန်ပစေ အသားအသွေး ခန်းခြောက်ပစေ ယောက်ျားကောင်းတို့ လုံ့လဖြင့် ရအပ်ရထိုက်သည့် တရားထူးကို မရမခြင်း လုံ့လမလျှော့တော့အံ့

http://www.dhammadownload.com

သည်မေန၊ ကိုယ်နှုတ်တို့ကို စောင့်စည်းထိန်းသိမ်းခြင်းမျှဖြင့်။ သုဒ္ဓိ၊ ကိလေသာ သံသရာမှ စင်ကြယ်လွတ်မြောက်ခြင်းကို။ အာဟု၊ ဆိုကြကုန်ပြီ။ မယံ၊ ငါဟိုသည်။ ဣဓေဝ၊ ဤအယူဝါဒဉ်သာလျှင်။ ဌတွာ၊ တည်ကြကုန်၍။ သိဂ္ဂေမ၊ ကျင့်ကြကုန်အံ့။ ဣတိ၊ ဤသို့ကြံစည်ကြကုန်၍။ ဝတံ၊ နွား, ခွေးမြင်းစသော တိရစ္ဆာန်တို့၏ အကျင့်ကို။ သမာဒါယ၊ မြဲမြဲမြံမြံ ခံယူဆောက်

ဟူ၍ ဝီရိယကို ဆောက်တည်ခြင်းမျိုးသည်ငှင်း, တဏှာတည်းဟူသော ဆူးငြောင့်ကို မထုတ်မနုတ်နိုင်သေးသမျှ ကာလပတ်လုံး အစာမစားအံ့ ရေမသောက်အံ့ အပြင်မထွက်အံ့ မျက်စိဖွင့်၍မကြည့်အံ့ ကိုယ်ကို မလဲမလျောင်းအံ့ ဟူ၍ ဝီရိယကို ဆောက်တည်ခြင်းမျိုးသည်ငှင်း ဆောက်တည်ကျင့်သုံးရုံသာ ဆောက်တည်ကျင့်သုံးအပ်သောကြောင့် ဝတသာမည်၏၊ မကြူးလွန်အပ်သော သီလ ဟူသော အမည်ကို မရ။

ဗာဟီရက သီလ ဟူသည် မိမိတို့ ထင်ရာမြင်ရာ စည်းမျဉ်းထား၍ မလွန်ကြူးဘဲ ထိန်းသိမ်းစောင့်စည်းသော အလေ့ပင်တည်း။ ပုံစံကား အချိုပရိဗိုဇ်သည် အဝတ်မဝတ်ခြင်းကို သီလ ဟု သမုတ်၏၊ ရေအေးမသောက်ခြင်းကို သီလ ဟု သမုတ်၏၊ ငါးကိုမစားခြင်း အသားကို မစားခြင်း သေအရက် မသောက်ခြင်း ကိုယ်ဝန်ဆောင် မိန်းမအထံမှ ဆွမ်းမခံခြင်း စသော ထိုထိုထင်မြင်ရာတို့ကို သီလ ဟု သမုတ်၏၊ နွား, ခွေး စသည်တို့၏ သွားနည်း လာနည်း စားနည်း စသော အမူအရာကိုလည်း သီလ ဟု သမုတ်၏။ (ဤကား သီလပုံစံတည်း) ဗာဟီရက ဝတ ဟူသည်ကား ထိုသည့် ထင်ရာမြင်ရာ ရော်ရမ်းမှန်းဆ၍ ရဟန်းတို့ မကြူးလွန် စကောင်းသည့် သီလ ဟူ၍ သမုတ်အပ်သော အကျင့်ကို ဆောက်တည်ကျင့်သုံးခြင်းပင်ဖြစ်၏၊ ထို ဗာဟီရက သီလ ဝတများကို မဇျှိမပဋိပတ် အလတ်လမ်းကြောင်းမှ တိမ်းစောင်း ချတ်ယွင်းသဖြင့် ဝဋ္ဌဆင်းရဲမှ ထုတ်ဆောင်နိုင်သည့် အကျင့်သီလ မဟုတ်ရကား ကိုယ်စိတ်ဆင်းရဲကြောင်း အတ္တကိလမထာနုယောဂ ဟူ၍သာ ဆိုအပ်၏။

အခါတပါး၌ ဘုရားရှင်သည် ကောလိယဇနပုဒ် ဟလိဒ္ဒဝသန နိဂုံးဝယ် သီတင်းသုံးတော်မူရာအခါ ဂေါဝတိက နွားတို့၏ အကျင့်ကို အတုယူ၍ ကျင့်သော ကောလိယမင်းသား ပုဏ္ဏ အမည်ရှိသော ပရိဗိုဇ်တယောက်နှင့် ကုက္ကုရဝတိက ခွေးတို့၏အကျင့်ကို အတုယူ၍ကျင့်သော သေနိယ အမည်ရှိသော အစေလက ပရိဗိုဇ်တို့သည် ဘုရားအထံသို့ ချဉ်းကပ် ရောက်လာကြကုန်၏၊ ကောလိယမင်းသား ပုဏ္ဏ ပရိဗိုဇ်သည် နွားနှင့်တူအောင် ဦးခေါင်း၌ ဦးချို

http://www.dhammadownload.com

တည်ကြကုန်၍။ ဥပဋ္ဌိတာ၊ စွဲလမ်းငြိကပ် ရပ်တည်ကြကုန်၏။ (သေကား အာဂုမ်) အထ၊ ထိုသို့စွဲလမ်းငြိကပ် ရပ်တည်ရာအခါဌ်။ ဘဝူပနိတာ၊ ထိုထို ဘုံဘဝသို့ တဏှာသည် ဆောင်ပို့အပ်ကုန်သည် (ဘဝဌ်မက်မောကုန်သည်)။ သမာနာ၊ ဖြစ်ပါကုန်လျက်။ (ထည့်) အသ၊ ထိုဂေါသီလ ဂေါတ စသည် ကိုကျင့်သော ပုဂ္ဂိုလ်၏။ သုဒ္ဓိံ၊ ဘဝသံသရာမှ ကင်းလွတ် စင်ကြယ်ခြင်းကို။

နှစ်ချောင်း အငှါးတပ်ထား၏၊ မီးညှောင့်ရိုးအစွန်၌ နွားမြီးတခုကိုရှာ၍ အငှါးတပ်ထား၏၊ နွားအုပ်တွင်းသို့ဝင်၍ နွားတို့နှင့်အတူတကွ မြက်တို့ကိုစား၏၊ နွားကဲ့သို့ အဝတ်မပါ ဗလာကိုယ်ထည်းကျင့်၏။

သေနိယ ပရိဗိုဇ်သည်လည်း ခွေးတို့၏ အမူအရာ အလုံးစုံကို အတုယူ၍ ကျင့်၏၊ မြေ၌ သွန်ချအပ်သော ဘောဇဉ်ကိုသာ စား၏၊ တပါးတခြားသော ခွေးကိုမြင်လျှင် သွားဖြည်း၍ပြ၏၊ ပေါင်တဘက်ကိုမြှောက်၍ ကျင်ငယ်စွန့်၏၊ လေးဘက်ထောက်၍ သွား၏၊ ဘုရားအထံသို့ ချဉ်းကပ်ရာအခါ ခွေးကဲ့သို့ လက်နှစ်ဘက်ဖြင့် မြေကြီးကို ယက်ထုတ်၍ ဦးခေါင်းကိုခါလျက် ခွေးအူသံကဲ့သို့ အူ၍ လက်ခြေတို့ကို ခွေလျက်ငပ်၏၊ ထိုသူနှစ်ယောက်တို့သည် ငယ်သူငယ်ချင်းများ ဖြစ်ကြ၍ အကျင့်မတူသော်လည်း တပေါင်းတည်း ဘုရားအထံသို့လာ၍ ၎င်းတို့ကျင့်သော နွားအကျင့် ခွေးအကျင့်တို့၏ အကျိုးကို မေးလျှောက်ကြရာ ဘုရားရှင်က မဖြေလိုသဖြင့် မမေးမလျှောက်ရန် တားမြစ်သော်လည်း အကြိမ်ကြိမ် မေးလျှောက်ခြင်းကြောင့် သင်တို့၏ အကျင့်များသည် နောက်ဆုံးဌ်ဒဏ်ဘုံသို့သော်၎င်း, တိရစ္ဆာန်ဘုံသို့သော်၎င်း ရောက်ရခြင်း၏ အကြောင်းသာ ဖြစ်သည်၊ နွားအကျင့် ကျင့်သူသည် နောက်ဘဝ၌ နွားဖြစ်ရတတ်သည်၊ ခွေးအကျင့် ကျင့်သူလည်း နောက်ဘဝ၌ ခွေးဖြစ်ရတတ်သည်ဟု ဟောပြတော်မူရာ နှစ်ဦးလုံးပင် ချုံးချုံးချ၍ ငိုကြွေးကြလေသည်။

ထိုအခါ ဘုရားရှင်က ခွေးအကျင့် နွားအကျင့် ကျင့်သူတို့၏ အကျိုးကို မမေးမလျှောက်ရန် အကြိမ်ကြိမ်တားမြစ်ပါသော်လည်း တားမြစ်၍မရ ယခုမှ အဘယ်ကြောင့် ငိုကြွေးကြသနည်းဟု မေးရာ အရှင်မြတ် ဟောပြဖြေဆိုချက်ကို စဲ၍ ငိုကြွေးကြသည် မဟုတ်ပါ၊ အကျွန်ုပ်တို့၏ အချည်းနှီး ကုန်ဆုံးခဲ့သော အခါနကာလတွေကို စဉ်းစားဆင်ခြင်၍ ငိုကြွေးကြပါသည်ဟု လျှောက်ကြ၏၊ ထို့နောက် အကျွန်ုပ်တို့အား ထိုအကျင့်များ စွန့်လွှတ်နိုင်လောက်အောင် တရား ဟောတော်မူပါဟု တောင်းပန်ကြကုန်၏။

http://www.dhammadownload.com

ဝဒန္တိ၊အကြိုက်နှင့်အပြောတသဘောစီဖြစ်အောင် ပြောဆိုကြကုန်၏။အပိစ၊ ထို သို့အကြိုက်နှင့်အခပြော တသဘောစီဖြင်ပါကုန်လျက်။ (ထည့် ၂ပုဒ်) ကုသလဝဒါနာ၊ မိမိ.ကိုယ်ကို လိမ္မာကျမ်းကျင် ပညာရှင်ဟူ၍ ဝန်ခံပြောဆို ကြကုန်သေး၏။

၅။ ဧတသု၊ ထိုသီလအကျင့်ကို လွတ်မြောက်ရေး၌ ဦးစားပေးကြသော ဗာဟိရက တိဋ္ဌိယဝို့ဘွင်။ ကောစိ၊ တဦးတယောက်သော တိတ္ထိယသည်။

ထိုအခါ ဘုရားသျှင်သည် ပရိဗိုဇ်ကိုအား လျောက်ပတ်သော ကံလေးပါး ကို ခွဲခြားဝေဘန်ရာ ကမ္မစတုက္ကဒေသနာကို ဟောပြတော်မူ၏၊ ထိုအခါ ကော လိယမင်းသား ပုဏ္ဏာပရိဗိုဇ်သည် သရဏဂုမ်ဆောက်တည်၍ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဗုဒ္ဓသာသနာဝင် သီတင်းသည် ဒါယကာအဖြစ်သို့ ကူးပြောင်းလာလေ၏၊ သေနိယပရိဗိုဇ်သည် ဘုရားအထံ၌ ရဟန်းပြု၍ အရ ဟတ္တဖိုလ်သို့ရောက်လေ၏၊ ဤသို့ သီလ ဝတနှင့် စပ်ရာ ဥဒါဟရဏ် ထုံးပုံတို့ သည် မျှားစွာရှိကုန်၏။

ထိုတွင် ဤဒွိလိုရင်းကား သီလဟူသော အလေ့အကျင့်ကို လွတ်မြောက် စင်ကြယ်ရေး၌ အမြတ်ဆုံးအကျင့်ဟု ယူဆသူတို့တွင် သာသနာနှလောမိက သီလပင်ဖြစ်စေ သမာဓိ ပညာ အထက်ဘာဝနာတို့နှင့် မရောမယှက် သီလသက် သက်ဖြင့် သံသရာမှစင်ကြယ် လွတ်မြောက်ရေးကို ပြောဆိုသူတို့သည်၎င်း၊ ဗာဟိ ရကသီလဖြင့် စင်ကြယ်လွတ်မြောက်ရေးကို ပြောဆိုသူတို့သည်၎င်း အကြောင်း မှန်ကို ပြောဆိုသူတို့ မဟုတ်ကုန်။

နှားခွေးစသည်တို့၏ အကျင့်ကို ပြည့်စုံစွာ ဆောက်တည်၍ ကျင့်ပါလျှင် သံသရာလွတ်မြောက်ရေး ကိလေသာစင်ကြယ်ရေး ဖြစ်သည်ဟု ဆိုလျက် ကိုယ် တိုင် ကျင့်နေသူတို့သည်လည်း အတွင်းအဇ္ဈတ္တ၌ ဘဝသံသရာကို တပ်မက် နှစ်သက်သော ရာဂစိတ်မကင်းဘဲလျက် မိမိတို့၏ စိတ်အလိုကို သိုဝှက်လျက် အပြင်ပ၌ နှုတ်ဖြင့်သာ သံသရာလွတ်မြောက်ရေး စင်ကြယ်ရေးဟူ၍ ဟစ် အော်ကြလျက် စိတ်ကြိုက်တမျိုး နှုတ်ပြောတမျိုးစီ မညီဘဲရှိကြကုန်၏၊ ထိုသို့ ဖြစ်ပါကုန်လျက် ဗာဟိရက တိတ္ထိယတို့သည် မိမိကိုယ် မိမိ ပညာရှိ လူလိမ္မာ အဖြစ်ဖြင့် ကြွေးကြော်ဝန်ခံလျက် ရှိကြကုန်သေး၏ ဟူသတည်း။

၅။ သီလဖြင့်သာ သံသရာဝဋ်မှ ကျွတ်လွတ်၏ဟူသော အယူရှိသူ သီလ သုဒ္ဓိက တိတ္ထိယ တဦးတယောက်သည်၎င်း၊ ဆောက်တည်အပ်သော အကျင့်ဖြင့် သံသရာဝဋ်မှ ကျွတ်လွတ်နိုင်၏ ဟူသော အယူရှိသူ ဝတသုဒ္ဓိကတိတ္ထိယ တဦး

http://www.dhammadownload.com

သီလဝဘတော၊ မိမိတို့ မကြူးလွန်မိအောင် စောင့်ထိန်းအပ်သော သီလ အကျင့်မှ။ စုဒတော၊ မကျင့်သိုခြင်း မကျင့်နိုင်ခြင်းကြောင့် လျှောကျသည်။ သစေဒဟာဝဿိ၊ အကယ်၍ဖြစ်အံ့။ ဧဝံ၊ ဤသို့ကျင့်မြဲသီလ ဝတမှလျှောကျသည်ရှိသော်။ ကမ္မံ၊ သီလဝတ-ဟူသော ပရိဗိုဇ်ရဟန်းဝတ်ကို ပြုရမည့်အမှုကို။ ဝိရာဓယိဘွာ၊ ချဉ်းယှင်းစေမိ၍။ ပဝေဓတိ၊ပူပန်တုန်လှုပ်၏။စ၊ပူပန်တုန်လှုပ်ရုံသာမကသေး။ ဃရမှာ၊မိမိအိမ်မှ၊ ပဝဿံပဝဿန္တော၊ ခဲ့ခဲ့၍ အဖော်ကုန်သည်သို့နှင့် တကွ လိုက်ပါသွားသော ယောကျ်ားသည်။ သတ္ထာ၊ အဖော်ကုန်သည် အပေါင်းမှ။ ဟီနော၊ အမှတ်တမဲ့ တောကြီးမျက်မဲ၌ တယောက်ထည်း ကျန်ရစ်ပြန်သည်ရှိသော်။ သတ္ထံ၊ အဖော်ကုန်သည် အပေါင်း၏ နောက်သို့။ အနုဗန္ဓဝိ ဣဉ ဝါ၊ အစဉ်တစိုက်လိုက်ရသကဲ့သို့ဌင်း။ သကံ ဃရံ၊ ကိုယ့်အိမ်သို့။ပစ္စာဂစ္ဆတိ ဣဝ ဝါ၊(သို့မဟုတ်)ပြန်လာရသကဲ့သို့ဌင်း။တထာ၊ ထို့အဘူ။ (ပြဋ္ဌံစုံအောင်စပ်သည်)။ သုဒ္ဓိ ံ၊ မိမိ၏ သံသရာ ကိလေသာမှ

တယောက်သည်ဌင်း၊ မိမိစောင့်ထိန်းအပ် ဆောက်တည်အပ်သော သီလအကျင့်မှ မကျင့်နိုင်၍ဖြစ်စေ မကျင့်လို၍ဖြစ်စေ လျှောကျ ပျက်စီးရာအခါ၊ သည် သို့နှင့် တကွ လိုက်ပါသွားသော ယောကျ်ားသည်။ သတ္ထာ၊ အဖော်ကုန်သည် အပေါင်းမှ။ ဟီနော၊ အမှတ်တမဲ့ တောကြီးမျက်မဲ၌ တယောက်ထည်း ကျန်ရစ်ခဲ့လေရာ၏၊ ထိုကျန်ရစ်သူယောကျ်ားသည် အိမ်သို့ ပြန်ရန်နှင့် အဖော်နောက်သို့လိုက်ရန် နှစ်လမ်းရှိရာ တလမ်းလမ်းသို့ အမှန်လိုက်ရာ၏၊ ထိုနည်းတူစွာ တစုံတခုသောအကြောင်းကြောင့် လွတ်မြောက်ရေး လမ်းစဉ် သီလဝတမှ ချွတ်ချော်၍ အကျင့်လက်လွတ်ဖြစ်သူသည် တပါးတခြားသော

http://www.dhammadownload.com

စင်ကြယ် လွတ်မြောက်ကြောင်းဖြစ်သော သီလ ဝတ ကို။ ပဇပွတိစ၊ ဆိုမည်ယောင်ရမ်း တမ်းဘသည်း တမ်းတလေ၏။ ပတ္ထယတိ စ၊ တောင့်တ ပန်ထွာ ရှာလည်းရှာလေ၏။

၆။ အရိယသာဝကာ၊အရိယာဂိုဏ်းသား ငါဘုရား၏ တပည့်သာဝက သည်။ (ထည့်) သဗ္ဗံ၊ အလုံးစုံသော။ သီလဗွတံ ဝါပိ၊ စောင့်ထိန်းအပ်သော သီလ ဆောက်တည်အပ်သော အကျင့်ဂိုဏ်း။ သာဝဇ္ဇာနဝဇ္ဇံ၊အပြစ်ရှိသော အကုသိုလ်ကံ အပြစ်မရှိသော ကုသိုလ်ကံဟု ဆိုအပ်သော။ ကမ္မဥ္စ၊ ကမ္မဝဋ္ဋ ကိုဌင်း။ ပဟာယ၊ ပယ်စွန့်၍။ ဧတံ၊ ဤကာမဂုဏ်ငါးပါး အစရှိသည်ကို။

သီလ ဝတသို့သော်လည်း ရောက်ရာ၏၊ သို့မဟုတ် မူလ နေအိမ်နှင့် တူသော လက်ရှိ ဖြစ်ဘူးသည့် သီလဝတ သို့သော်လည်း ပြန်လည် ဆည်းကပ်ရာ၏ ဟူ သတည်း။

၆။ မြတ်စွာဘုရားသည် အရိယမည်၏၊ မြတ်စွာဘုရား၏ ဩဝါဒ အနု သာသနီကို နာယူကျင့်သုံးသော လူရှင်ရဟန်းသည် အရိယသာဝကမည်၏၊ ထိုအရိယသာဝကသည် သီလဖြင့်သာလျှင် သံသရာမှ လွတ်မြောက်စင်ကြယ်မှု ဖြစ်၏၊ ဂေါတ စသော အကျင့်ဖြင့် လွတ်မြောက်စင်ကြယ်မှု ဖြစ်၏ ဟူသော ပူပန်တုန်လှုပ်ရခြင်း၏ အကြောင်းဖြစ်သောအယူဝါဒကို ပယ်စွန့်ပြီးဖြစ်၍ မဇ္ဈိမ ပဋိပတ် အကျင့်မြတ်လမ်းမှန်ကို ကျင့်၏၊ ထိုသို့ကျင့်သဖြင့် အရဟတ္တမဂ်ကိုရ၍ သာဝဇ္ဇကံခေါ်သော ကုသိုလ်ကံ၊ အနဝဇ္ဇကံခေါ်သော လောကီ ကုသိုလ်တို့ကို ပယ်စွန့်ပြီးဖြစ်လေ၏။

ကာမဂုဏ်ငါးပါးကို သံသရာဝဋ်မှ ကင်းလွတ်စင်ကြယ်ကြောင်းဟု သမုတ်၍ရင်း ကာမဂုဏ်တို့ကို မတောင့်တ၊ အကုသိုလ်တရားတို့ကို သံသရာဝဋ်မှ ကင်းလွတ်စင်ကြယ်ကြောင်း မဟုတ်ဟု သမုတ်၍ရင်း အကုသိုလ်တို့မှ ကင်းရှင်းရေးကို မတောင့်တ၊ ထိုအရိယာသာဝကသည်အရဟတ္တဖိုလ်ကျရောက်ပြီးဖြစ်၍အရဟတ္တဖိုလ်သို့ မိမိရရောက်ရေးကို တောင့်တမှုမရှိ၊ တောင့်တမှုအလုံးစုံကို ကျော်လွန်ပြီးဖြစ်၏၊ ဆုတ်ယုတ်ခြင်း ကြီးပွါးခြင်းကို ကျော်လွန်ပြီးဖြစ်၏၊ အဆုံးတိုင်အောင် ကျင့်သုံးပြီးသော မဂ်အကျင့်ရှိ၏၊ သုဒ္ဓိ အသုဒ္ဓိဟု သမုတ် အပ်သော အလုံးစုံသော အကုသိုလ်အစ မဂ္ဂင်္ဂယာမ အလည် အရဟတ္တဖိုလ် အဆုံးရှိသော တောင့်တဘွယ်တို့မှ ကင်းရှင်းလွတ်မြောက်ပြီးဖြစ်၏၊ သန္တီ မနုဂ္ဂ ဟာယဟူသော စကားရပ်၌ သန္တီသည် (၁) အစ္စန္တသန္တီ၊ (၂) တဒင်္ဂသန္တီ၊

http://www.dhammadownload.com

သုဒ္ဓိန္တိ သံသရာဝဋ္ဌမှ ကင်းလွတ် စင်ကြယ်ကြောင်းဟူ၍၎င်း။ ဧတံ ဤ အကုသိုလ်အစရှိသည်ကို။အသုဒ္ဓိန္တိ၊သံသရာဝဋ္ဌမှကင်းလွတ်စင်ကြယ်ကြောင်း မဟုတ်ဟူ၍၎င်း။ အပတ္ထယာနော၊ မတောင့်တဘဲ။ ဝိရတော၊သုဒ္ဓိ အသုဒ္ဓိ ခေါ်သော ကာမဂုဏ် အကုသိုလ်စသည်တို့မှ ရှောင်ကြဉ်လျက်။ သန္တိံ၊ ဒုက္ခ ခပ်သိမ်း ငြိမ်းကြောင်းဟူ၍ တိတ္ထိယတို့ ယူဆသည့် (၆၂) ပါးသော အယူမှား ကို။ အနုဂ္ဂဟာယ၊ မယူတော့မူ၍။ စရေ၊ ကျင့်ရာ၏။

၇။ တပေါဇိဂုစ္ဆဝါဒါ ဝါ၊ လုံ့လ ဝီရိယဖြင့် မကောင်းမှုကို စက်ဆုပ် ကဲ့ရဲခြင်း လွန်မြောက်နိုင်ခြင်းကို ဟောပြောတတ်ကုန်သော တိတ္ထိယတို့သည် လည်း။ ဇိဂုစ္ဆိတံ၊ မကောင်းမှုကို စက်ဆုပ်ကဲ့ရဲခြင်း လွန်မြောက်ခြင်းငှါဖြစ် တတ်သော။ တပံ၊ လုံ့လဝီရိယဖြင့် ပြီးသော အဝတ်မဝတ်ခြင်း အစရှိသော အကျင့်ကို။ (တပူပနိဿာယ-ရှိသင့်၏၊ တပံ ဥပနိဿာယ-ဟု ပုဒ်ခွဲ) ဥပနိဿာ-ယ၊ လွန်ကဲစွာ အမှီသဟဲပြုကုန်၍။ ဘဝါဘဝေသု၊ ငယ်သောဘဝ, ကြီးသော ဘဝတို့၌။ အဝီတတဏှာ၊ မကင်းသော တပ်မက်ခြင်း တဏှာရှိကြ

---

(၃) သမ္မုတိသန္တိဟူ၍ သုံးပါးရှိသည်။

ထိုသုံးပါးတွင် နိဗ္ဗာန်သည် ဝဋ္ဌဒုက္ခ ကိလေသဒုက္ခမှ စစ်စစ် အချင်းခပ်သိမ်း ငြိမ်းအေးရာဖြစ်၍ အစွန္တသန္တိမည်၏။

ရူပစျာန် အရူပစျာန်တို့သည် အခိုက်အတန့်အားဖြင့် နီဝရဏတို့မှ ငြိမ်း အေးရာဖြစ်၍ တဒင်္ဂသန္တိမည်၏။

(၆၂)ပါးသော မိစ္ဆာအယူဝါဒ များသည် စင်စစ် အချင်းခပ်သိမ်း အားဖြင့် ၎င်း၊ အခိုက်အတန့်အားဖြင့်၎င်း၊ ဝဋ္ဌဆင်းရဲမှ၎င်း၊ နီဝရဏမှ၎င်း၊ငြိမ်းအေးရာ မဟုတ်၊ စိတ်ကူးကြံစည်ခြင်းဖြင့် ငြိမ်းအေးရာဟူ၍ သမုတ်ခြင်းမျှ ဖြစ်သော ကြောင့် သမ္မုတိသန္တိမည်၏၊ အရိယသာဝကသည် ထိုသမ္မုတိသန္တိ ခေါ်သော အယူမှားတို့ကိုလည်း စွန့်ပယ်ပြီးဖြစ်၏ ဟူသတည်း။

၇။ အတ္တဘောကို ပင်ပန်းအောင် ကျင့်ရသော လုံ့လအကျင့်ဖြင့်သာ မကောင်းမှုအကုသိုလ်ကို စက်ဆုပ်ကဲ့ရဲနိုင်သည် စွန့်ပယ်နိုင်သည်ဟူ၍ အယူရှိသူ တို့သည် တပေါဇိဂုစ္ဆဝါဒတို့မည်ကုန်၏၊ ဤပုဂ္ဂိုလ်တို့သည် မကောင်းမှုကို ကဲ့ရဲ စွန့်ပယ်ခြင်းငှါ ကျင့်အပ်သော လုံ့လအကျင့်ကို အမှီပြု၍ ဘဝသံသရာမှ လွတ်မြောက်စင်ကြယ်ရေးကို နှုတ်ဖြင့် အလွန်ချီးမွမ်း ကြသော်လည်း ကြီးကြီး ငယ်ငယ် အသွယ်သွယ်သော သံသရာဘဝတို့ကို တဏှာဖြင့် တပ်မက်နှစ်သက်

http://www.dhammadownload.com

ပါကုန်လျက်။ သုဒ္ဓိ၊ ဘဝကြီးငယ်တို့မှ လွတ်မြောက် စင်ကြယ်ခြင်းကို။ အနုတ္ထုနန္တိ၊ အဖန်တလဲလဲ ချီးပွဲကြကုန်၏။ (လှမ်းစပ်) အထဝါပိ၊ ထိုမှတပါး လည်း။ဒိဋ္ဌသုဒ္ဓိကာ စ၊ မင်္ဂလာဟူ၍ သမုတ်အပ်သောရူပါရုံဖြင့် ဘဝသံသရာမှ စင်ကြယ် လွတ်မြောက်ခြင်းကို ဟောပြောတတ်သော ပုဂ္ဂိုလ်တို့သည်လည်း။ (ထည့်) ဒိဋ္ဌံ၊ ရူပါရုံကိုမြင်ရခြင်းကို။ ဥပနိဿာယ၊ လွန်လွန်ကဲကဲ အမှီသဟဲ ပြု၍။ ဘဝါဘဝေသု၊ ငယ်သောဘဝ, ကြီးသောဘဝတို့၌။ အဝိတတက္ကာ၊ မကင်းသော တပ်မက်ခြင်း တက္ကာရှိပါကုန်လျက်။ သုဒ္ဓိ၊ ဘဝကြီးငယ်တို့မှ။ လွတ်မြောက် စင်ကြယ်ခြင်းကို။ အနုတ္ထုနန္တိ၊ အဖန်တလဲလဲ ချီးပွဲကြကုန်၏။ သုတသုဒ္ဓိကာ စ၊ မင်္ဂလာဟူ၍ သမုတ်အပ်သော သဒ္ဒါရုံဖြင့် ဘဝသံသရာမှ စင်ကြယ်လွတ်မြောက်ခြင်းကို ဟောပြောတတ်သော ပုဂ္ဂိုလ်တို့သည်လည်း။ (ထည့်) သုတံ၊ သဒ္ဒါရုံကို ကြားရခြင်းကို။ ဥပနိဿာယ၊ အလွန်အကဲ အမှီသဟဲပြု၍။ ဘဝါဘဝေသု၊ ငယ်သောဘဝ, ကြီးသောဘဝတို့၌။ အဝိတတက္ကာ၊ မကင်းသော တပ်မက်ခြင်းတက္ကာရှိပါကုန်လျက်။ သုဒ္ဓိ၊ ဘဝကြီးငယ်တို့မှ လွတ်မြောက်စင်ကြယ်ခြင်းကို။ အနုတ္ထုနန္တိ၊ အဖန်တလဲလဲ ချီးပွဲကြကုန်၏။ မုတသုဒ္ဓိကာ ဝါ၊ မင်္ဂလာဟူ၍ သမုတ်အပ်သော ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဖြင့် ဘဝသံသရာမှ စင်ကြယ်လွတ်မြောက်ခြင်းကို ဟောပြောတတ်သော ပုဂ္ဂိုလ်ဘို့သည်လည်း။ မုတံ၊ ဂန္ဓာရုံကို နမ်းရှုရခြင်း,ရသာရုံကိုသာယာခံစားရခြင်း, ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိရခြင်းကို။ ဥပနိဿာယ၊ အလွန်အကဲ အမှီသဟဲပြု၍။ ဘဝါဘဝေသု၊ ငယ်သောဘဝ,ကြီးသောဘဝတို့၌။ အဝိတတက္ကာ၊ မကင်းသော တပ်မက်ခြင်း တက္ကာရှိပါကုန်လျက်။ သုဒ္ဓိ၊ ဘဝကြီးငယ်မှ လွတ်မြောက်စင်ကြယ်ခြင်းကို။ အနုတ္ထုနန္တိ၊ အဖန်တလဲလဲ ချီးပွဲကြကုန်၏။ အကြိယဒိဋ္ဌိကာ စ၊ ပြုအပ်သော ဂေါင်းမှု မကောင်းမှု၏ ဂေါင်းကျိုး မကောင်းကျိုးမရှိဟူ၍ဖြစ်သော အယူရှိကုန်သော သဿတဝါဒီ ပုဂ္ဂိုလ်တို့

လျက်ပင် ရှိကုန်၏။ ထိုနည်းတူ အမြင်ဖြင့် စင်ကြယ်၏ဟု အယူ ရှိသူ, အကြောင်းဖြင့် စင်ကြယ်၏ဟု အယူရှိသူ, နမ်းရှုခြင်း သာယာခံစားခြင်း တွေ့ထိခြင်းဖြင့် စင်ကြယ်၏ဟု အယူရှိသူတို့လည်း မြင်မှုကြားမှု စသည်ကိုအမှီပြု၍ ဘဝသံသရာမှ စင်ကြယ်လွတ်မြောက်ရေးကို ချီးကျူးကုန်သော်လည်း ဘဝသံသရာကို တက္ကာဖြင့် တပ်မက်နှစ်သက်လျက်ပင် ရှိကြကုန်၏၊ ပြုအပ်သော

http://www.dhammadownload.com

သည်လည်း။ (ထည့်) ဥဒ္ဓံ၊ သေသည်မှ နောက်ကာလ၌ ဘဝသံသရာရှိ၏ဟူ သောအယူကို။ သရာ၊ သိကြကုန်သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ ဘဝါဘဝေသု၊ ငယ်သောဘဝ, ကြီးသောဘဝတို့၌။ အဝိတတဏှာ၊ မကင်းသောတပ်မက် ခြင်းတဏှာ ရှိပါကုန်လျက်။ သုဒ္ဓိံ၊ ဘဝကြီးငယ်မှ လွတ်မြောက်စင်ကြယ် ခြင်းကို။ အနုတ္ထုန္တိ၊ အဖန်တလဲလဲ ချီးပွဲကြကုန်၏။

၇။ ယော ဒိဋ္ဌိဂတိကော၊ အကြင်မှားသော အယူရှိသော ပုဂ္ဂိုလ်သည်။ အတ္တာနံ၊ မိမိကို။ သုဒ္ဓိပတ္တမေဝ၊ ဘဝသံသရာမှ စင်ကြယ်လွတ်ခြင်းမြောက်ပြီးဟူ၍ သာလျှင်။ မညေယျ၊ အောက်မေ့မှတ်ထင်ရာ၏။ အဝိတတဏှတ္တာ၊ မကင်း သောဘဝ၌ တပ်မက်ခြင်း တဏှာရှိသည်၏ အဖြစ်ကြောင့်။ (ထည့်သည် ချည်း) ပတ္ထယမာနဿ၊ ဘဝကြီးငယ်တို့၌ တဏှာဖြင့် တောင့်တလိုချင်လျက် ရှိသော။ တဿ ဒိဋ္ဌိဂတိကဿ၊ ထိုအယူမှားရှိသော ပုဂ္ဂိုလ်အား။ ဇပ္ပိ-တာနိ၊ ဆိုမည်ယောင်ယမ်း တမ်းတခြင်း တဏှာတို့သည်။ ပုနပ္ပုနံ၊ ထပ်ပြန် တလဲလဲ။ ဟောန္တိ ဟိ၊ ဖြစ်လာကုန်သည်သာ။ (ထည့်။ တဏှာဟိ အာသေ-ဝိတာ တဏှံ ဝဍ္ဎယန္တော၀) ပကပ်ိတေသု၊ တဏှာဒိဋ္ဌိတို့ဖြင့် ကြံစည်အပ်သော

ကောင်းမှု မကောင်းမှုဟူ၍မရှိ၊ သေလွန်ပြီးနောက်၌ လွတ်မြောက် စင်ကြယ် တော့၏။ အမြဲထာဝရ ဘုံစံ ဖြစ်တော့၏ ဟူ၍ အယူရှိသော အကြိယဝါဒီ ပုဂ္ဂိုလ်တို့သည်လည်း မိမိဝါဒအလျောက် ဘဝလွတ်မြောက်ရေးကို ချီးကျူး ကြသော်လည်း စင်စစ်လွတ်မြောက်လိုသော စိတ်မရှိ၊ ဘဝ ကြီး, ငယ်ကိုသာ သာယာနှစ်သက်တပ်မက်လျက်ပင် ရှိကြကုန်၏ ဟူသတည်း။

၇။ မိမိတို့၏အကျင့်ကိုမှီ၍ ဘဝသံသရာမှ လွတ်မြောက်စင်ကြယ် နေပြီဟူ၍ မိမိကိုယ်ကို မှတ်ထင်နေသော တိတ္ထိယအား တပ်မက်နှစ်သက်ခြင်း တဏှာ ကင်းကြောင်း အကျင့်မှန် မရှိရကား ဘဝကြီးငယ်တို့၌ ထိုထိုအာရုံ ကာမဂုဏ် ကို ခုံမင်နှစ်သက် တပ်မက်တောင့်တသည်ဖြစ်၍ နောက်ထပ် အဖန်တလဲလဲ တပ်မက်မှု တောင့်တမှုတို့သည်လည်း ဆက်ကာ ဆက်ကာ မပြတ်မစဲ ဖြစ်လာကုန်၏၊ ထို့မှတပါး မိမိတပ်မက် နှစ်သက်အပ်သော အာရုံတို့ ကြောင့်လည်း စိုးရိမ်ကုန်၏ ပူပန်တုန်လှုပ်ကုန်၏ လက်ရှိဝတ္ထုအာရုံတို့ ပျောက် ပျက်ပြီးသည်ကိုစွဲ၍လည်း ပူပန်တုန်လှုပ်၏၊ ပျောက်ပျက်ဆဲနှင့် ကြုံ၍လည်း ပူပန်တုန်လှုပ်၏၊ ပျောက်ပျက်လိမ့်မည့်အရေးကို မြော်၍လည်း ပူပန်တုန်လှုပ် ၏၊ ငါဘုရား၏ အဆုံးအမ သြဝါဒကို လိုက်နာကျင့်ကြံ၍ တဏှာကုန်ခန်း

http://www.dhammadownload.com

အာရုံတို့ကြောင့်။ ပဝေဓိတံ ဝါပိ၊ စိုးရိမ်ပူပန် ဖောက်ပြန် တုန်လှုပ်ခြင်းသည်လည်း။ ဟောတိ ဟိ၊ ဖြစ်လာသည်သာ။ ဣဓ၊ ဤလောက၌။ ယဿ ခီဏာသဝဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်အား။ ဝိတတဏှတ္တာ၊ ဘဝကြီးငယ်တို့၌ ကင်းသောတပ်မက်ခြင်း တဏှာရှိသည်၏အဖြစ်ကြောင့်။ (ထည့်)စုတူပပါတော၊ စုတေသေလွန်ခြင်း ပဋိသန္ဓေနေရခြင်းသည်။ နတ္ထိ၊ မရှိ။ သ-သော ခီဏာသဝေါ၊ ထိုရဟန္တာ ပုဂ္ဂိုလ်သည်။ ကေန၊ အဘယ်ရာဂ အစရှိသော အကြောင်းကြောင့်။ ဝေမေယ္ယ၊ စိုးရိမ်ပူပန် ဖောက်ပြန်တုန်လှုပ်ရာတော့အံ့နည်း။ ကုဟိံ ဝါ၊ အဘယ်မည်သော တောင့်တအပ်သော ဘဝကြီးငယ်၌လည်း။ ဝါ၊ အဘယ်မည်သော အကြောင်းကြောင့်လည်း။ ဇပ္ပေ၊ ဆိုမည်ယောင်ယမ်းတမ်းတရာအံ့နည်း။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ခုနစ်ပါးသောဂါထာတို့ဖြင့် ဖြေဆိုတော်မူပြီ။

၉။ ဂေါတမ၊ ဂေါတမနှယ်ဘွား အသျှင်မြတ်ဘုရား။(ထည့်) ယံ မေံ၊ အကြင်အယူဝါဒကို။ ပရုမန္တိ၊ မြတ်သောအယူဝါဒဟူ၍။ ဧကော၊ အခြို့သော

သော ရဟန္တာပုဂ္ဂိုလ်သည်ကား ဘဝတို့၌ တောင့်တမှုလည်းမရှိ စုတိပဋိသန္ဓေအားဖြင့် အဖန်ဖန်ကျင်လည်ရခြင်းလည်းမရှိ။

ထိုရဟန္တာပုဂ္ဂိုလ်သည် အဘယ်ရာဂဖြင့် ရတ္တာပုဂ္ဂိုလ်အဖြစ်၌တည်၍ ပူပန်တုန်လှုပ်ရာအံ့နည်း၊ အဘယ်ဒေါသဖြင့် ဒုဋ္ဌပုဂ္ဂိုလ်အဖြစ်၌တည်၍ ပူပန်တုန်လှုပ်ရာအံ့နည်း၊ အဘယ်မောဟဖြင့် မူဠှပုဂ္ဂိုလ်အဖြစ်၌တည်၍ ပူပန်တုန်လှုပ်ရာအံ့နည်း၊ အဘယ်သို့သော မာန ဒိဋ္ဌိ ဥဒ္ဓစ္စ ဝိစိကိစ္ဆာ အနုသယတို့ဖြင့် ဝိနိဗန္ဓပုဂ္ဂိုလ် ပရာမဋ္ဌပုဂ္ဂိုလ် ဝိက္ခိတ္တပုဂ္ဂိုလ် အနိဋ္ဌာဂတပုဂ္ဂိုလ် ထာမဂတပုဂ္ဂိုလ်အဖြစ်၌တည်၍ ပူပန်တုန်လှုပ်စရာရှိပါအံ့နည်း၊ ဒေဝမနုဿစသော ဂတိတို့တွင် အဘယ်မည်သောဂတိဖြင့် ငရဲဘုံ၌ခံရသူ,ကိရစ္ဆာန်ဘုံသို့ရောက်ရသူ,ပြိတ္တာဘုံသို့ရောက်ရသူ, လူ့ဘုံသို့ရောက်ရသူ, နတ်ပြည် ဗြဟ္မာပြည်သို့ ရောက်ရသူအဖြစ်၌တည်၍ ပူပန်တုန်လှုပ်စရာ ရှိပါအံ့နည်း၊ အဘယ်ရာဂအစရှိသော အကြောင်းကြောင့် အဘယ်ဝတ္ထုအာရုံ ဘုံဘဝကို တောင့်တမြော်မှန်း တမ်းတရာတော့အံ့နည်း ဟူသတည်း။

၉။ အယူဝါဒတခုခုကို အခြို့ကမှား၏ အခြို့ကမှန်၏ဟု ငြင်းခုံပြောဆိုကြရာ အဘယ်ပုဂ္ဂိုလ်၏စကားကို အမှန်ဟူ၍ သိရပါမည်နည်း၊ မှားသည် မှန်သည်ဟု

http://www.dhammadownload.com

ပုဂ္ဂိုလ်တို့သည်။ အာဟု၊ ဆိုပါကုန်ပြီ။ တမေဝ ဓမ္မံ၊ မြတ်၏ဟု ဆိုအပ်သည့် ထိုအယူဝါဒကိုပင်လျှင်။အညေ ပန၊ တပါးတခြားသောပုဂ္ဂိုလ်တို့သည်ကား။ ဟီနန္တိ၊ယုတ်ညံ့သော အယူဝါဒဟူ၍။ အာဟု၊ဆိုကြပြန်ကုန်၏။ ဣမေသံ၊ ဤပုဂ္ဂိုလ်တို့၏။ ကတမော ဝါဒေါ၊ အဘယ်စကားသည်။ သစ္စော နု၊ မှန်သောစကား ဖြစ်ပါသနည်း။ ဣဟ၊ ဤလောက၌။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဣမေ၊ ဤပုဂ္ဂိုလ်တို့သည်။ ကုသလာဝဒါနာ၊ လိမ်မာကျွမ်းကျင် ပညာရှင်ဟူ၍ ဝန်ခံပြောဆိုနိုင်သူချည်း ဖြစ်ပါကုန်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ နိမ္မိတဘုရားရှင်က မေးတော်မူပြီ။

၁၀။ ဘဂဝါ၊ သိစေလိုရေးဖြင့် မေးတော်မူသော အသျှင်မြတ်ဘုရား။ ယေ ပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ (၂-ပုဒ် ထည့်) သကံ ဟိ၊ မိမိဥစ္စာသာလျှင်ဖြစ်သော။ ဓမ္မံ၊ အယူဝါဒကို။ ပရိပုဏ္ဏံ၊ ပြည့်စုံ လုံလောက်သော အယူဝါဒဟူ၍။ အာဟု၊ ဆိုကြကုန်ပြီ။ အညဿ၊ တပါးတခြားသောပုဂ္ဂိုလ်၏။ ဓမ္မံ ပန၊ အယူဝါဒကိုမူကား။ ဟီနံ၊ ယုတ်ညံ့သော အယူဝါဒဟူ၍။အာဟု၊ ဆိုကုန်ပြီ။ တေ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဧဝမိဝံ၊ ဤသို့ ပြောဆိုခြင်းဖြင့်လည်း။ ဝိဂ္ဂယှ၊ မိမိအယူကို မြဲမြဲမြံမြံ တယူသန်အားဖြင့် ယူကြကုန်၍။ဝိဝါဒယန္တိ၊ ငြင်းခုံကြကုန်၏။သကံ သကံ၊ မိမိဥစ္စာ မိမိဥစ္စာဖြစ်သော။ သမ္မုတိံ၊ ဝဋ်သံသရာ ငြိမ်းအေးရာဟူ၍ သမုတ်အပ်သော အယူဝါဒကို။ သစ္စံ။ မဖောက်မပြန် မှန်သောအယူဝါဒဟူ၍။ အာဟု၊ ဆိုကြကုန်ပြီ။

ဆိုသူအားလုံးတို့သည် ပညာရှိသူဟူ၍ ဝန်ခံနိုင်လောက်သော အရည်အချင်းရှိသူများ ဟုတ်ပါကုန်၏လော ဟု မေးတော်မူ၏။

၁၀။ မိမိအယူဝါဒသာ ပြည့်စုံသော အယူဝါဒဖြစ်၏၊ သူတပါး၏ အယူဝါဒကား မပြည့်မစုံ ယုတ်သော အယူဝါဒဖြစ်၏ဟူ၍ ပြောဆိုသူတို့သည် ဤသို့ပြောဆိုခြင်းဖြင့်ပင်လျှင် တယူသန်အားဖြင့် ငြင်းခုံသူများဖြစ်ကုန်၏၊ မိမိ မိမိ၏ အယူဝါဒသာမှန်၏ဟူ၍ ဆိုကုန်လျက် ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထဓေါ်သော အပါယ်လားကြောင်း မကောင်းသောတရားကို ပွါးစီးကြကုန်၏ ဟူသတည်း။

http://www.dhammadownload.com

၁၁။ ပရဿ၊ တပါးတခြားသောပုဂ္ဂိုလ်၏။ဝမ္ဘယိတေန၊ရှုတ်ချကဲ့ရဲ့ခြင်းဟူသော အကြောင်းကြောင့်။ ဟီနော၊ ယုတ်နိမ့် အောက်ကျသော ဝါဒသည်။ စေ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့သူတပါး၏ ကဲ့ရဲ့ခြင်းကြောင့်ယုတ်နိမ့် အောက်ကျသော အယူဝါဒ ဖြစ်ရသည်ရှိသော်။ (လက္ခဏ အရူစိထည့်)။ဓမ္မေသု၊အယူဝါဒတို့တွင်။ ကောစိ၊ တစုံတခုသော အယူဝါဒသည်။ ဝိသေသီ၊ ထူးမြတ်သည်၏ အဖြစ်ရှိသော အယူဝါဒမည်သည်။န အဿ၊မရှိရာ။ကသ္မာ၊အဘယ်အကြောင်းကြောင့်။န အဿ၊မရှိရာ သနည်း။ ဟိ ယသ္မာ၊ အကြင်အကြောင်းကြောင့်။ ပုထူ၊ များစွာသော အယူဝါဒ အသီးသီးရှိသူတို့သည်။ အညဿ၊ တပါးသောသူ၏။ ဓမ္မံ၊ အယူဝါဒကို။ နိဟီနတော၊ ယုတ်နိမ့်အောက်ကျသောအားဖြင့်။ဝဒန္တိ၊ကဲ့ရဲ့ပြောဆိုမြဲ ဖြစ်ကုန်၏။ သမှိ၊ မိမိအယူဝါဒ၌။ဒဋ္ဌံဝဒါနာ၊မြဲမြံခိုင်ခံ့ တည်တံ့သော အယူဝါဒဟူ၍ ချီးမြှောက်ပြောဆိုလေ့ရှိကုန်၏။တသ္မာ၊ထိုအကြောင်းကြောင့်။ န အဿ၊ မရှိရာ။

၁၂။ ဒိဋ္ဌိဂတိကာ၊ မှားသော အယူရှိသော တိတ္ထိယတို့သည်။ (ထည့်)။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ သကာယနာနိ၊ မိမိတို့၏ လည်းလျောင်းရာ အယူဝါဒတို့ကို။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။ တထာ၊ ထိုချီးမွမ်းတိုင်း အခြင်းအရာအားဖြင့်။ နေသံ ဒိဋ္ဌိဂတိကာနံ၊ ထိုမှားသော အယူရှိသော တိတ္ထိယတို့၏။ သဒ္ဓမ္မပူဇာပိ၊ မိမိ၏အယူဝါဒ အယူဝါဒနှင့် စပ်သောဂိုဏ်းဆရာ စသည်တို့ကို ပူဇော်ခြင်းသည်လည်း။ တထေဝ၊မချတ်မယွင်း မှန်ကန်သော ပူဇော်ခြင်းမည်သည်သာလျှင်။စေ သိယာ၊အကယ်၍ ဖြစ်ငြား

၁၁။ အယူဝါဒတမျိုးမျိုးသည် သူတပါး၏ ရှုတ်ချကဲ့ရဲ့ကာမျှဖြင့် ယုတ်ညံ့သောဝါဒ ဖြစ်ရမည်ဆိုလျှင် လောက၌ ဘယ်အယူဝါဒမှ မြတ်သောအယူဝါဒ မဖြစ်နိုင်တော့ရာ၊ အဘယ်ကြောင့်နည်းမေးအံ့၊ အယူရှိသူ လူအသီးသီးတို့၏ သူတပါးအယူကို ကဲ့ရဲ့၍ မိမိအယူကို ချီးမြှောက်မြဲဖြစ်ခြင်းကြောင့် ဟူသတည်း။

၁၂။ မိမိတို့၏ အယူဝါဒကို မိမိတို့ချီးမွမ်းတိုင်းသော အခြင်းအရာအားဖြင့် ကိုယ့်အယူဝါဒ၌ အလေးအမြတ်ပြုခြင်း ပူဇော်ခြင်းအမှုများသည် အကယ်၍ မချတ်မယွင်း မှန်ကန်သော အမှုမည်သည်ဟု ဆိုရလျှင် အပူဇော်ခံအယူဝါဒ

http://www.dhammadownload.com

အံ။ ဧဝံ သတိ၊ ဤသို့ ကိုယ့်အယူပါဒကို ပူဇော်ခြင်းသည် မချုတ်မယွင်း မှန်ကန်သော ပူဇော်မှုမည်သည်ဋ္ဌိသော်။ (ထည့်)။ သဗ္ဗေဝ၊အလုံးစုံသောလျှင် ဖြစ်ကုန်သော။ ဝါဒါ၊ ပြောဆိုကြောင်း အယူဝါဒတို့သည်။ တထိယာ၊ မချုတ်မယွင်း မှန်သော အယူဝါဒတို့ မည်ကုန်သည်။ ဘဝေယျုံ၊ဖြစ်ကုန်ရာ၏။ ကသ္မာ၊ အဘယ်အကြောင်းကြောင့်။ တထိယာ၊ မချုတ်မယွင်းမှန်ကြောင်း အယူဝါဒတို့မည်ကုန်သည်။ ဘဝေယျုံ၊ဖြစ်ကုန်ရာသနည်း။ ဟိ ယသ္မာ၊အကြောင်းကြောင့်။ နေသံ ဒိဋ္ဌိဂတိကာနံ၊ ထိုမှားသောအယူရှိသူ တိတ္ထိယတို့၏။ သုဒ္ဓိ၊ ဝဋ္ဋဒုက္ခမှ စင်ကြယ်လွတ်မြောက်မှုသည်။ပစ္စတ္တမေဝ၊အသီးအသီး မိမိမိမိဋ္ဌသာလျှင်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ထို့ကြောင့်။ တထိယာ၊မချုတ်မယွင်း မှန်သော အယူဝါဒတို့ မည်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။

၁၃။ ဗြာဟ္မဏာသ၊အပပြုအပ် ပယ်ထုတ်အပ်ပြီးသော သက္ကာယဒိဋ္ဌိအစသော(၇)ပါးသော အကုသိုလ်ရှိသော ရဟန္တာပုဂ္ဂိုလ်အား။ ပရနေယျံ၊ သခ်ၤါရတရားတို့၏ အနိစ္စတာ အစရှိသော အခြင်းအရာကို ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်မသိရဘဲ တပါးသောသူတို့က သိစေအပ်သည်၏ အဖြစ်သည်။ ဝါ၊ တပါးသောသူတို့အထံမှ ဂျိုးရမ်းဆောင်ယူအပ်သော ဉာဏ်သည်။ နှ အတ္ထိ၊ မရှိ။ ဓမ္မေသု၊ အပါယိက ဝဋ္ဋဒုက္ခတို့၌ မကျမရောက်အောင် ဆောင်တတ်၏

ဟူသမျှသည်လည်း မချုတ်မယွင်း မှန်ကန်သော အယူဝါဒမျှားသာ ဖြစ်ရာ၏၊ အကြောင်းမူကား အယူရှိသူ တိတ္ထိယတို့၏ အယူတိုင်း အယူတိုင်း၌ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်စင်ကြယ်မှု အသီးသီး ရှိခြင်းကြောင့်တည်း။

၁၃။ သတ္တန္နံ ဓမ္မာနံ ဗာဟိတတ္တာ ဗြာဟ္မဏော ဟူသော မဟာနိဒ္ဒေသ ပါဠိတော်အရ (၁) သက္ကာယဒိဋ္ဌိ၊ (၂) ဝိစိကိစ္ဆာ၊ (၃) သီလဗ္ဗတပရာမာသ၊ (၄) ရာဂ၊ (၅) ဒေါသ၊ (၆) မောဟ၊ (၇) မာန ဟူသော (၇) ပါးသော အကုသိုလ်တရားတို့ကို အပပြုပြီး ပယ်ရှားပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်သည် ဗြာဟ္မဏမည်၏။

ထိုဗြာဟ္မဏသည် သခ်ၤါရတရားတို့၏ အနိစ္စအဖြစ်, ဒုက္ခအဖြစ်, အနတ္တအဖြစ် ဖြစ်ခြင်းသဘော ပျက်စီးခြင်းသဘောတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိနိုင်၏၊သူတပါးဟောပြချက်ကို ယုံကြည်ကာမျှဖြင့် သခ်ၤါရတို့၏ အနိစ္စအဖြစ်စသည်ကို လက်ခံနေသူမဟုတ်။

http://www.dhammadownload.com

ဟူ၍ သမုတ်အပ်သော (၆၂)ပါးသော အယူမှားတို့တွင်။နိစ္ဆေယျ၊ စူးစမ်းဆင်ခြင် သက်ဝင်ဆုံးဖြတ်၍။သမုဂ္ဂဟိတံ၊ဤဝါဒကား မှန်၏ဟူ၍ ချီးမြှောက်၍ ယူအပ်သော အယူဝါဒသည်လည်း။ နအတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ သော ဗြာဟ္မဏော၊ ထို ရဟန္တာပုဂ္ဂိုလ်သည်။ ဝိဝါဒါနိ၊ အယူမှားကို စွဲ၍ ဖြစ်သော၊ ငြင်းခုံခြင်းတို့ကို။ ဥပါတိဝတ္တော၊ကျော်နင်းခုန်လွှားလွန်၍သွားနိုင်လေ၏။ အညံ ဓမ္မံ၊ မြတ်စွာဘုရား၏ (၃၇)ပါးသော ဗောဓိပက္ခိယတရားမှ တပါးသော တရားကို။ သေဋ္ဌတော၊ဝဋ္ဌမှလွတ်ကြောင်း ကောင်းမြတ်သော တရားအဖြစ်ဖြင့်။ နဟိ ပဿတိ၊ မရှုမမြင် မမှတ်ထင်တော့သည်သာ။

၁၄။ ဧကေ၊ ဆိုခဲ့ပြီးသော ဗြာဟ္မဏမှ တပါးတခြားကုန်သော။ တိတ္ထိယာ၊ ဆိပ်ကမ်းအလား မှားသော အယူရှိကုန်သော အဘိညာဏ်ရသည့် ရသေ့ ပရိဗိုဇ်တို့သည်ကား။(ထည့်)။ဇာနာမိ၊ပရစိတ္တဝိဇာနနဉာဏ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ငါကိုယ်တိုင်သိ၏။ ပဿာမိ၊ မံသစက္ခုဒိဗ္ဗစက္ခုဖြင့် ငါကိုယ်တိုင်မြင်၏။ဧတံ၊ ဤ"သဿတော လောကော"စသော အယူသည်။

ထိုမှတပါး (၆၂) ပါးသော အယူမှားတို့တွင် တပါးပါးသော အယူဝါဒကိုလည်း ဉာဏ်ဖြင့်သက်ဝင်ဆင်ခြင်ဆုံးဖြတ်၍ ဤဝါဒသည် မှန်၏ဟု ဘယ်အခါမှ ယူတော့မည်မဟုတ်၊ သက္ကာယဒိဋ္ဌိ သီလဗ္ဗတပရာမာသာ အတ္တဝါဒုပါဒါန် ဣဒံသစ္စာဘိနိဝေသ စသော အယူမှား အမြင်မှား တရားဆိုးတို့ကို မဂ်ဉာဏ်တည်းဟူသော မီးဖြင့် ဖုတ်မြိုက်လောင်ကျွမ်းစေပြီးဖြစ်၏။

ထို့ကြောင့် အယူဝါဒကို မှီ၍ ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ပွါးခြင်းတို့ကို ကျော်နင်းလွတ်မြောက်ပြီးဖြစ်၏၊ မြတ်စွာဘုရား၏ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့ကိုသာ ဝဋ္ဌမှထွက်မြောက်ကြောင်း ကောင်းမြတ်သောအကျင့်တရားဟု ကိုယ်တွေ့မျက်မြင်ဖြစ်၍ ထိုမှတပါးသော ဝဋ္ဌမှ ထွက်မြောက်ကြောင်း အကျင့်ကောင်းတရားတို့ကို မရှာတော့ပြီ ဟူသတည်း။

၁၄။ လောကီအဘိညာဉ်ရသော ရသေ့ပရိဗိုဇ်တို့သည် ပရစိတ္တဝိဇာနနအဘိညာဉ်ဖြင့် သူတပါးစိတ်ကိုလည်း သိကုန်၏၊ ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ကမ္ဘာလေးဆယ်တိုင်အောင် ရှေးရှေးဘဝဖြစ်စဉ်ကိုလည်း သိကုန်၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် လူဘုံ,နတ်ဘုံ,ငရဲဘုံတို့ကိုလည်း မြင်နိုင်ကုန်၏၊ ထိုသိမြင်မှုကိုစွဲ၍ ဘဝသံသရာမှ လွတ်မြောက်စင်ကြယ်ရေးကို မှားမှားယွင်းယွင်း ဆုံးဖြတ်လျက် အမြင်မှား အယူမှားအားဖြင့် မြဲသောအတ္တရှိ၏၊ အတ္တသည် မမြဲ၊ အတ္တသည်

http://www.dhammadownload.com

တထေဝ၊ ငါသိမြင်သည့်အတိုင်း မဘောက်မပြန် မှန်သည်သာ။ ဣတိ ဝဒန္တာပိ စ၊ ဤသိ ပြောဆိုကြပါကုန်သော်လည်း။ (ထည့်) ။သုဒ္ဓိံ၊ ဘဝသံသရာမှ လွတ်မြောက် စင်ကြယ်ခြင်းကို။ဒိဋ္ဌိယာ၊ အယူမှား အမြင်မှားအားဖြင့်။ ပစ္စေန္တိ၊ သက်ဝင် ယုံကြည်ကြကုန်၏။ (မှန်ကန်သော သုဒ္ဓိမ္မေကို မယုံကြည်နိုင်ကြကုန်)။ကသ္မာ၊အဘယ်အကြောင်းကြောင့်။ဒိဋ္ဌိယာ၊အမြင်မှားအယူမှားဖြင့်။ ပစ္စေန္တိ၊ သက်ဝင်ယုံကြည်ကြကုန်၏။ ဣတိ ဝိညာယတိ၊ ဤသို့ သိအပ်ပါသနည်း။ (မေး) ။ဟိ ယသ္မာ၊အကြင်အကြောင်းကြောင့်။ တေသု တိတ္ထိယေသု၊ ထိုဆိပ်ကမ်းအလား အယူမှားရှိသော အဘိညာဏ်ရ ပုဂ္ဂိုလ်တို့တွင်။ ဧကော၊ တယောက်ယောက်သည်။ ယထာဘူတံ၊ မဘောက်မပြန် မှန်သော သဘောကို။ (ထည့် ၃ ပုဒ်) ။စေ အဒ္ဒက္ခိ၊ပရစိတ္တဝိဇာနနဉာဏ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် အကယ်၍ပင် မြင်စေဦး။တုမဿ၊ထိုမြင်သော ပုဂ္ဂိုလ်သည်။တေန၊ထိုမြင်ခြင်းဖြင့်။ကိံ၊ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း,သမုဒယကို ပယ်ခြင်း,မဂ်ကိုပွါးစေခြင်း,ဖိုလ်ကို မျက်မှောက်ပြုခြင်းတို့တွင် အဘယ်မည်သောအမှုကို။ ကတံ၊ပြုအပ်သနည်း။ နု ကတံ၊ တစုံတခုသောအမှုကိုမျှ မပြုအပ်၊ (ထည့် ၂ ပုဒ်) ။တေ တိတ္ထိယာ၊ထိုဆိပ်ကမ်းအလား အယူမှားရှိသော ပုဂ္ဂိုလ်တို့သည်။ (ထည့်ဦး) ။အတိသိတ္ဌာ၊အရိယာမဂ်ကိုကျော်လွန်ကြကုန်၍။ အညေန၊ အရိယာမဂ်မှတပါးသော လမ်းလွဲလမ်းမှားဖြင့် သာလျှင်။ သုဒ္ဓိံ၊ ဘဝသံသရာမှ လွတ်မြောက်စင်ကြယ်ခြင်းကို။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ ။ တနည်း။ ။ဗုဒ္ဓါဒယော၊ ဘုရား အစရှိသော ပုဂ္ဂိုလ်မြတ်တို့သည်။ အတိသိတ္ဌာ၊တိတ္ထိယတို့၏ မစင်ကြယ် မဖြောင့်တန်းသော လမ်းမှား လမ်းလွဲကို

မြဲသည်လည်း မဟုတ် မမြဲသည်လည်း မဟုတ် စသည်ဖြင့် သက်ဝင်ယုံကြည်ကုန်၏။ အဘိညာဉ်ဉာဏ်ရှင်ဖြစ်ပါကုန်လျက် အဘယ့်ကြောင့် မှားမှားယွင်းယွင်းဆုံးဖြတ်လျက် မမှန်သောဘဝ လွတ်မြောက်ရေးကို ယုံကြည်ပါကုန်သနည်း မေးအံ့၊ ထိုရသေ့ပရိဗိုဇ်တို့၏ လောကီအဘိညာဉ်ဉာဏ်ဖြင့် သိမြင်မှုသည် ဘဝလွတ်မြောက်ရေး အခြေခံဖြစ်သော ဒုက္ခကိုပိုင်းခြားမှု ဒုက္ခ၏ အကြောင်း သမုဒယကို ပယ်စွန့်မှု ဘဝလွတ်လမ်းမှန် အကျင့်ဖြစ်သော မဂ်ကိုပွါးစေမှု ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုမှုဟူသော ကိစ္စတို့တွင် မည်သည့်ကိစ္စကိုမျှ မပြီးစေတတ်၊ ပြီးစေနိုင်ရန် အသိဉာဏ်မရှိ။ ထိုပြင် လမ်းမှန် မဂ္ဂင်တရားကို

http://www.dhammadownload.com

ကျော်လွှန်တော်မူကြကုန်၍။ အညောန၊ တိတ္ထိယတို့၏ လမ်းလွဲလမ်းမှားမှ တပါးသော သတိပဋ္ဌာန် အစရှိသော လမ်းမှန် အကျင့်တရား ဖြင့်သာလျှင်။ သူ၌ ံ၊ ဘဝသံသရာမှ လွှတ်မြောက်စင်ကြယ်ခြင်းကို။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဒိဋ္ဌယာ၊ အယူမှား အမြင်မှားဖြင့်။ ပစ္စေန္တိ၊ သက်ဝင် ယုံကြည်ကြကုန်၏။ ။ဣတိ ဝိညာယတိ၊ ဤသို့ သိအပ်၏။ (ဤသို့ဖြေ)

၁၅။ နရော၊ အဘိညာဉ်ဉာဏ်ဖြင့် မဘောက်မပြန် မှန်သောသဘောကို သိမြင်သောတိတ္ထိယသည်။ ပဿံ·ပဿန္တော၊ပရစိတ္တဝိဇာနနဉာဏ် ပုဗ္ဗေနိဝါ-သာနုဿတိဉာဏ် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် တွေ့မြင်သည်ရှိ၏သော်။ နာမရူပံ၊ နာမ်တရား, ရုပ်တရားကို။ ဒက္ခတိ၊ (နိစ္စ)မြဲသောနာမ်ရုပ် ,(သုခ)ချမ်းသာသော နာမ်ရုပ်, (အတ္တ)ခန္ဓာအဲမ်ကို အစိုးရသည့် စီမံခန့်ခွဲသည့် သုံးဆောင်ခံစား သည့် မိမိအလိုသို့လိုက်စေနိုင်သည့် နာမ်ရုပ်အဖြစ်ဖြင့် ရှုပေလိမ့်လတ္တံ့။ ဒိဿနာ၊ ရှုမြင်ပြီး၍။ တာနိမေဝ၊ ထို့ရှုမြင်အပ်သော နာမ်ရုပ်တို့ကိုပင်လျှင်။ (မ အာဂုံ) ဉဿတိ ဝါ၊ နိစ္စ သုခ အတ္တအဖြစ်ဖြင့် သိလည်း သိလာ ထင်လာ လိမ့်လတ္တံ့။ သော နရော၊ ထိုတိတ္ထိယသည်။ (ထည့်)ဗဟုံ ဝါ၊ များစွာသော နာမ်ရုပ်ကိုသော်၎င်း။ အပ္ပကံ ဝါ၊ နည်းသော အတိုင်းအရှည်ရှိသောနာမ်ရုပ် ကိုသော်၎င်း။ ကာမံ ပဿတု၊ အကယ်၍ပင် ရှုမြင်ပလေစေ။ ဟိ၊ ထိုသို့ပင်

ကျော်လွှန်၍ ကျောက်ခဲသလဲကို ဆီကြိတ်မှုံးသော ယောကျ်ားကဲ့သို့ မှုံးသော အကျင့် လမ်းစဉ်ဖြင့် ဘဝလွှတ်မြောက်ရေးကို ပြောဟောကုန်၏၊ ထိုရဟန္တ ပရိဗိုဇ်တို့၏ မှုံးယှင်းသော လွှတ်မြောက်ရေးလမ်းစဉ်ကို ကျော်လွှန်၍ သတိ ပဋ္ဌာန်စသော လမ်းမှန်အကျင့်ဖြင့်သာ ဘုရားသျှင်တို့သည် ဘဝ လွှတ်မြောက် ရေးကို ဟောတော်မူကုန်၏ ဟူသတည်း။

၁၅။ အဘိညာဉ်ရသော ရဿေပရိဗိုဇ်သည် အဘိညာဉ်ဉာဏ်ဖြင့် ရုပ်နာမ် တို့ကို ရှုသော်လည်း နိစ္စ, သုခ, အတ္တ အဖြစ်ဖြင့်သာ ရှုပေလိမ့်မည်၊ အနိစ္စ, ဒုက္ခ, အနတ္တ အဖြစ်ဖြင့်ရှုခြင်း ရုပ်နာမ်တို့၏ ဖြစ်ခြင်းသဘော ချုပ်ခြင်းသဘော ကိုရှုခြင်း မရှုမမြင်နိုင်လတ္တံ့၊ ရုပ်နာမ်တို့ကို ရှုမြင်ပြီးသည်မှ နောက်၌ ထိုရုပ်နာမ် တို့ကိုပင်လျှင် နိစ္စ, သုခ, အတ္တ အဖြစ်ဖြင့် သိလာထင်လာပေလိမ့်မည်၊ အနိစ္စ စသည်၏ အဖြစ်ဖြင့် သိလာထင်လာလိမ့်မည်မဟုတ်၊ ထို့ကြောင့် ရုပ်နာမ် ဓမ္မတို့ကို အဘိညာဉ်ဉာဏ်စွမ်းဖြင့် ရှုနိုင်စေကာမူ ထိုသည့် နိစ္စ, သုခ, အတ္တ

http://www.dhammadownload.com

ရှုမြင် ပါသော်လည်း။ ကုသလာ၊ ခန္ဓာစသည်တို့၌ လိမ္မာတော်မူကုန်သော ဘုရား သျှင်တို့သည်။ တေန ဒဿနေန၊ ထိုအဘိညာဉ်ဖြင့် ရူပနာမ်ကို နိစ္စ သုခ အတ္တ အဖြစ်ဖြင့် ရှုမြင်ရခြင်းဖြင့်။ သုဒ္ဓိ ၊ဘဝသံသရာမှ စင်ကြယ် လွတ်မြောက်ခြင်းကို။ န ဝဒန္တိ၊ ဟောတော်မမူကုန်။

၁၆။ ဟိ၊ ထို့သို့ နိစ္စ သုခ အတ္တ ဟူ၍ ရှုမြင်မှုဖြင့် ဘဝသံသရာမှ လွတ် မြောက် စင်ကြယ်မှု မရှိပါသော်လည်း။ နိဝိဿဝါဒီ၊ အဘိညာဉ်ဖြင့် သိမြင် မှုကိစ္စ၍ငါ့အယူသာမှန်၏ဟု သက်ဝင်ဆုံးဖြတ် ရပ်တည်၍ပြောဆို့လေ့ရှိသော ရသေ့ပရိဗိုဇ်သည်။ သုဗ္ဘနာယော၊ လွယ်လင့်တကူ ဆုံးမပဲ့ပြင် သွန်သင်အပ်သည် (ဆုံးမပဲ့ပြင်ခြင်းငှါ လွယ်သည်)။ န ဟောတိ၊ မဖြစ်။ (သုဗ္ဘနယော ဆိုလိုလျက် ဆန်းတွက်ငဲ့၍ ဒီဃရောက်၏။) ပကပ္ပိတံ ဒိဋ္ဌပုရေက္ခာရာနော၊ မိမိသည် ပြုပြင်စီရင်အပ်သော အယူဝါဒကို တံခွန်မှန်ကင်းအလား ရှေ့သွား ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ (ဒိဋ္ဌိဋ္ဌ ဆန်းကြောင့် နိဂ္ဂဟိတ်ကြသည်။) ယံ၊အကြင်အယူအကျင့်ကို။ နိဿိတော၊ မှီ၏။တတ္ထ၊ထိုမိမိ၏အယူအကျင့်၌။ သုဘံဝဒါနော၊ တင့်တယ်သည်၏အဖြစ်ကို ပြောဆို့လေ့ရှိသည်။ သုဒ္ဓိဝဒေါ၊ ဘဝသံသရာမှ လွတ်မြောက် စင်ကြယ်သည်၏အဖြစ်ကို ပြောဆိုတတ်သည်။

ဟူ၍ ရှုမြင်မှုသည် ဝိပဿနာဉာဏ်ကိစ္စမဟုတ် ဝိပဿနာဉာဏ်ကိစ္စ မဟုတ်သော ရှုမြင်မှုဖြင့် ဘဝသံသရာမှ လွတ်မြောက်စင်ကြယ်ခြင်းကို ဘုရားရှင်တို့သည် ဟောတော်မမူကြကုန် ဟူသတည်း။

၁၆။ အယူဝါဒ မှားယွင်းနေသူတို့ကို မှန်ရာသို့ ရောက်အောင် ပဲ့ပြင် ရာတွင် မိရိုးဘလာ သမားရိုးအစဉ်အလာဖြစ်သော ဗလာအဖြူထည် သက် သက်၌ ပဲ့ပြင်ခြင်းငှါ လွယ်ကူသည်နှင့်အမျှ မိရိုးဘလာ သမားရိုးအစဉ် ရှိယုံမျှ မက စျာန်အဘိညာဉ်ကို ရ၍ ဝိသေသဂုဏ်ထူးဖြင့် အမြင်ကြူးသူတို့ကို အယူမှန် ရောက်အောင် ပဲ့ပြင်ရန် အလွန်ခဲခက်၏၊ မိမိကြံဆ၍ ပြုပြင်စီရင်အပ်သော အယူ ဝါဒကို တံခွန်စိုက်လျက် ပြိုင်ဘက်မမြင်အောင် မှတ်ထင်နေတတ်၏။ ။မိမိ၏ မှိရာ အယူအကျင့်၌သာ ဟိတ်ဥဒါဟရဏ် ကြောင်းကျိုးစုံ၍ ခိုင်လုံတင့်တယ် သော သဘောလက္ခဏာတို့ကို ယုတ္တိယုတ္တာ ရှေနောက်ညီညွတ်အောင် ဖွဲ့ရှာ ဟောပြတတ်၏၊ မိမိ၏ အယူအကျင့်၌သာ ဘဝသံသရာမှ လွတ်မြောက်ခြင်း ဂုဏ်ကို ဟောပြတတ်၏၊ သို့မဟုတ် မိမိကိုသာ စင်ကြယ်သန့်ရှင်း အပြစ်

http://www.dhammadownload.com

၀၆၊ မိမိကို စင်ကြယ်သော အယူဝါဒရှိသူဟူ၍ အောက်မေ့ မှတ်ထင်တတ်သည်။ ဟောတိ၊ ဖြစ်၏။ (ထည့်)သော၊ ထိုအဘိညာဉ်ရသည့် ရသေ့ပရိဗိုဇ်သည်။ တတ္ထ၊ ထိုမိမိသည့် မှိအပ်သော အယူဝါဒ၌။ တထံ၊ မဘောက်မပြုန်မှန်သည်၏အဖြစ်.ကိုသာ။ အဒ္ဒသာ၊ ရှုမြင်တတ်၏။

၁၇။ ဗြာဟ္မဏော၊ အပပြိုအပ် ပယ်ထုတ်အပ်ပြီးသော သက္ကာယဒိဋ္ဌိအစရှိသော (၇)ပါးသော အကုသိုလ်ရှိသော ရဟန္တာပုဂ္ဂိုလ်သည်။ သင်္ဂါသင်္ဂါယ၊ သင်္ဂါရတရားတို့ကို အနိစ္စတာ အစရှိသည်တို့၏ အစွမ်းအားဖြင့် စူးစမ်းဆင်ခြင် ဉာဏ်၌ထင်၍။ (ထင်ခြင်းကြောင့်)။ ကပ္ပံ၊ ရူပ်နာမ်ဧန္ဓာကို ငါ ငါ့ဟာဟူ၍ တဏှာဒိဋ္ဌိဖြင့် ကြံစည်စိတ်ကူးခြင်းသို့။ န ဥပေတိ၊ ကပ်ရောက်တော့သည်မဟုတ်။ န ဒိဋ္ဌိသာရီ၊ (၆၂)ပါးသောအယူများ အမြင်များ၏ နောက်သို့ တကောက်ကောက် လိုက်သွားလေ့ ရှိတော့သည်မဟုတ်။ ၀၊ သက်၀င်ယုံကြည်အပ်သော မိစ္ဆာအယူတည်းဟူသော အနှစ်သာရ ရှိတော့သည်လည်းမဟုတ်။နပိ ဉာဏဗန္ဓု၊ သမာပတ္တိဉာဏ် အဘိညာဉ်ဉာဏ်ဖြင့် ဖဲ့ဝိုအပ် စပ်အပ်သော တဏှာဒိဋ္ဌိတည်းဟူသော အဆွေအမျိုးရှိတော့သည်လည်းမဟုတ်။ စ၊ စင်စစ်ကေန် အမှန်ဧသဂ်ကား။ သော ဗြာဟ္မဏော၊ထိုအပပြိုအပ်

ကင်းသော အယူရှိသူဟု မာန်တံခွန်တလူလူ စိုက်ထူတတ်၏။ မိမိအယူဝါဒ၌ မှန်ကန်သော အခြင်းအရာ လက္ခဏာတို့ကိုသာ ရှုကြည့်ဆင်ခြင်၏၊ မှားယွင်းသည့် အခြင်းအရာ လက္ခဏာများကို ရှုကြည့်ဆင်ခြင်ခြင်းငှါ အလိုမရှိတတ်ဟူသတည်း။

၁၇။ ဗြာဟ္မဏ ခေါ်သော ရဟန္တာပုဂ္ဂိုလ်သည် သင်္ဂါရတို့၏ မမြဲသော သဘော အစရှိသည်ကို မျက်မှောက်ထင်ထင် မြင်ပြီးဖြစ်ရကား သင်္ဂါရတရားတို့ကို တဏှာကပ်ဖြင့် တပ်မက်နှစ်သက်သောအားဖြင့် ကြံစည်စိတ်ကူးမှုမရှိပြီ၊ ဒိဋ္ဌိကပ်ဖြင့် ငါ သူတပါး ယောကျ်ားမိန်းမစသည်ဖြင့် ကြံစည်စိတ်ကူးမှု မရှိပြီ၊ သက္ကာယဒိဋ္ဌိ၏ ဆွဲဆောင်ရာသို့ မလိုက်မပါတော့ပြီ၊ ဒိဋ္ဌိဖြင့် ဘောက်ပြန်စွာ တွေ့မြင်အပ်သည့်အာရုံကို ပုလဲပတ်တမြားစသော ရတနာအနှစ်ကဲ့သို့ ဦးထိပ်ရွက်ချီလှည့်လည်ဆောင်ယူတော့သည်မဟုတ်၊ အဘိညာဉ်ဉာဏ်ဖြင့် သိမြင်မှုကို စဲ၍ မဟာဗြဟ္မာသည် ထာ၀ရတည်၏၊ သတ္တ၀ါဟူသည် အကြောင်းကင်းလျက်ဖြစ်၏ စသည်ဖြင့် ထင်မြင်တတ်သော တဏှာဒိဋ္ဌိတို့ကို ဆွေရင်းမျိုးချာ ပမာအလား;

http://www.dhammadownload.com

ပယ်ထုတ်အပ်ပြီးသော သက္ကာယဒိဋ္ဌိစသော (၇)ပါးသော အကုသိုလ်ရှိသော ရဟန္တာပုဂ္ဂိုလ်သည်။ ဥတ္ဌာ၊ သခ်ါရတို့၏ အနိစ္စတာစသော အခြင်းအရာကို သိခြင်းကြောင့်။ ပုထုဇ္ဇာ၊ ပုထုဇန်ပုဂ္ဂိုလ်တို့၌သာ ဖြစ်တတ်ကုန်သော။ ဝါ၊ များစွာသော တိတ္ထိယတို့သည် ဖြစ်စေအပ်ကုန်သော။ သမ္မုတိယော၊ ဘဝသံသရာမှ စင်ကြယ်လွတ်မြောက်ကြောင်းဟူ၍ သမုတ်အပ်သော (၆၂)ပါးသော အယူမှားတို့ကို။ ဥပေက္ခတိ၊ အရေးမယူ လျစ်လျူရှု၏။အညေ၊ အရိယ ဗြာဟ္မဏမှ တပါးတခြားသော တိတ္ထိယတို့သည်။ သမ္မုတိယော၊ (၆၂)ပါးသော အယူမှားတို့ကို။ ဥဂ္ဂဟဏ္ဏန္တိ၊ တဏ္ဍာဒိဋ္ဌိ၏အစွမ်းအားဖြင့် သုံးသပ်ကိုင်စွဲ ချီးဝှဲပြောဆိုကြကုန်၏။

၁၈။ ဣဓ လောကေ၊ ဤလောက၌။ မုနိ၊ ငါဘုရား၏တပည့်သားကျော် ရဟန်းတော်သည်။ဂန္ထာနိ၊အဘိဇ္ဈာ ဗျာပါဒ သီလဗ္ဗတပရာမာသ ဣဒံသစ္စာဘိနိဝေသ တည်းဟူသော အထုံးအဖွဲ့တို့ကို။ ဝိဿဇ္ဇ၊ မဂ်ဉာဏ်တည်းဟူသော လက်ဖြင့် ဖြုတ်ဖြေစွန့်ပယ်၍။ ဝိဝါဒဇာတေသု၊ အယူဝါဒကို စွဲ၍ဖြစ်သော

ခိုင်မြဲစွာ ဖွဲ့ထားတော့သည်မဟုတ်၊ စင်စစ်အားဖြင့် သခ်ါရတို့ကို ဉာတပရိညာဉ်, တီရဏပရိညာဉ်, ပဟာနပရိညာဉ်ဖြင့် ပိုင်းခြားသိမြင်ပြီးဖြစ်၍ သမ္မုတိပညတ်မျှဖြစ်သော အယူဝါဒတို့ကို အရေးမယူ လျစ်လျူရှုလေတော့၏၊ အရိယ ဗြာဟ္မဏတို့မှ တပါးတခြားသော ပုထုဇ္ဇန လူ့အန္ဓတို့သည်သာ ထိုသည့် အယူဝါဒတို့ကို အခိုင်အမြဲ လက်စွဲပြုလျက် ချီးမြှောက် ပြောဆိုကြကုန်၏ ဟူသတည်း။

၁၈။ ငါဘုရား၏ တပည့်သာဝကဖြစ်သော အရိယာရဟန်းသည် (၁) မိမိ အယူဝါဒ၌ ပြင်းစွာ တပ်မက်ခြင်း လောဘ ဟူသော အဖွဲ့ အထုံး၊ (၂) သူတပါး၏ အယူဝါဒ၌ မနှစ်သက်ခြင်း အမျက်ထွက်ခြင်း ဒေါသဟူသော အဖွဲ့ အထုံး၊ (၃) မိမိ သီလအကျင့်ကို ဤသီလအကျင့်ဖြင့် ဘဝသံသရာမှ စင်ကြယ် လွတ်ကင်း၏၊ ထာဝရ နတ်, ဗြဟ္မာ အဖြစ်သို့ ရောက်နိုင်၏ ဟူ၍ မှားသောအားဖြင့် သုံးသပ်ခြင်း ဒိဋ္ဌိ-ဟူသော အဖွဲ့အထုံး၊ (၄) ငါ့အယူသာ မှန်၏ သူတပါးအယူကား မှား၏ ဟူ၍ မိမိအယူ၌ သက်ဝင်ဆုံးဖြတ် ရပ်တည်ခြင်း ဒိဋ္ဌိပင် ဖြစ်သော အဖွဲ့အထုံး။ ဤအဖွဲ့အထုံးလေးပါးကို မဂ်ဉာဏ်တည်းဟူသော လက်ဖြင့် အထုံးအဖွဲ့မရှိအောင် ဖြုတ်ဖြေရှင်းလင်း၍ ဖြောင့်စင်းညီညာသော စိတ်အစဉ်ရှိပြီး ဖြစ်၏။

http://www.dhammadownload.com

ငြင်းခုံခြင်း ရှိကုန်သော လူတို့၌။ ဝါ၊ လူတို့သို့။ နှ ဝဂ္ဂသာရီ၊ မည်မည္ဟတ် ကဲ့ပြားကြောင်းဖြစ်၍ (ဝဂ္ဂ) ခေါ်သော မိစ္ဆာအယူ၏ အစုမ်းအားဖြင့် သွားရောက် ဆည်းကပ်ခြင်းအလေ့မရှိသည်။ ဟောတိ၊ ဖြစ်၏။ (ထည့်) သော မုနိ၊ ထိုရဟန်းသည်။ သန္တော၊ငြိမ်းပြီးသော ရာဂဒေါသ စသော (၁၁)ပါးသော မီးရှိသည်။ ဟုတ္ဝာ၊ဖြစ်၍ ။ (ထည့်)။ အသန္တော်သူ၊ မငြိမ်း ဧသေးသော ရာဂ ဒေါသစသော(၁၁)ပါးသော မီးရှိကုန်သော ပုဂ္ဂိုလ်တို့၌။ ဥပေက္ခကော၊ ရုန်ဘက်မပြု လျစ်လျူရှုသည်။ အနုဂ္ဂဟော၊ မိမိ၏အပူငြိမ်း ကြောင်းအကျင့်ကို တဏှာဒိဋ္ဌဖြင့် သုံးသပ်ကိုင်စွဲ ချီးပုံပြောဆိုခြင်းမရှိသည်။ ဟောတိ၊ဖြစ်၏။ အညော၊ ငါဘုရား၏ တပည့်သားကျော် ရဟန်းတော်တို့မှ တပါးကုန်သော တိတ္ထိယတို့သည်။ ဥဂ္ဂဟဏ္ဍန်၊ မိမိတို့၏ အယူအကျင့်ကို တဏှာဒိဋ္ဌဖြင့် သုံးသပ်ကိုင်စွဲ ချီးပုံမြောက်စား ကြကုန်၏။

၁၉။ မုနိ၊ ငါဘုရား၏ တပည့်သားကျော် ရဟန်းတော်သည်။(ထည့်)။ ပုဗ္ဗဉသဝေ၊ ရှေးအတိတ်ခန္ဓာတို့ကို စွဲ၍ဖြစ်သော ကိလေသာအာသဝေါတရား

ထိုမှတပါး အယူဝါဒ (၆၂)ပါးပြားခြင်းကြောင့် ငါ့အယူသာမှန်၏ သင့် အယူဝါဒမှား၏ ဟု အချင်းချင်း ငြင်းခုံကြသော လူအစုအသင်းသည်လည်း (၆၂) စု (၆၂) သင်းပင်ဖြစ်၏၊ ဤအရိယာရဟန်းသည် အယူဝါဒနှင့်စပ်သော အထုံးအဖွဲကင်းပြီးဖြစ်သောကြောင့် ထိုသည့် (၆၂) ပါးသော အစုအသင်း၌ မပါဝင်ဘဲ ယင်းအစုအသင်းမှ ကင်းလွတ်သော ပုဂ္ဂိုလ်ဖြစ်၍ ငြင်းခုံနေသူ ခိုက်ရန်ပြုနေသူ မဟုတ်တော့ပြီ။ ။ထိုမှတပါး မိမိကိုယ်တိုင်က ကိလေသာ အပူဘေးမှ ငြိမ်းအေးပြီးဖြစ်၍ အပူဘေးမှ မအေးသူတို့ကို ကဲ့ရဲ့သမှု ရန်ဘက် မပြုဘဲ လျစ်လျူရှုနိုင်၏။ မိမိ၏ အပူငြိမ်းကြောင်း အကျင့်ကိုလည်း တဏှာဒိဋ္ဌ ဖြင့် သုံးသပ်စွဲကိုင်ခြင်းလည်း မရှိ၊ ထိုသည့် အရိယာသာဝကမှ တပါးသော တိတ္ထိယတို့ကမူကား မိမိတို့ကိုယ်တိုင် ကိလေသာအပူ မငြိမ်းနိုင်သော်လည်း မိမိတို့၏ အယူအကျင့်ကို အပူငြိမ်းကြောင်း ဟု ထင်မှားလျက် တဏှာဒိဋ္ဌဖြင့် သုံးသပ်ကိုင်စွဲ ချီးပုံမြောက်စား၍ သူတပါးတို့၏ အယူအကျင့်ကို လျစ်လျူမရှု ကဲ့ရဲ့မှုကိုသာ ပြုကြကုန်၏ ဟူသတည်း။

၁၉။ အရိယာဖြစ်သော ရဟန်းသည် လွန်ခဲ့ပြီးသော အတိတ် ခန္ဓာတို့ကို စွဲ၍ (အာရုံပြု၍) တပ်မက်မှု စွဲလမ်းမှု တွေဝေမှု ဟူသော ကိလေသာ အာသဝေါ

http://www.dhammadownload.com

တို့ကို။ ဟိတ္ဝ၊ ပယ်စွန့်ပြီး၍။ နဝေ၊ အသစ်ဖြစ်ဆဲ ခန္ဓာတို့ကို စွဲ၍ ဖြစ်သော ကိလေသာအာသဝေါတို့ကို။ အကုဗ္ဗံ၊ မပြုမလုပ်သည်။ နာ ဆန္ဒဂူ၊ ချစ်ခြင်း တဏှာကြောင့် မလားမရောက်ထိုက်သော အရာသို့ မလားမရောက်သည်။ နောပိ နိဝိဿဝါဒိ၊ မိမိဝါဒ၌ သက်ဝင်ဆုံးဖြတ်ရပ်တည်၍ အတ္တလောကသည် မြဲ၏ မမြဲ, မြဲသည်လည်းမဟုတ် မမြဲသည်လည်းမဟုတ် စသည်ဖြင့် ပြောဆို ခြင်း အလေ့လည်း မရှိသည်။ ဟောဘိ၊ ဖြစ်၏။ (ထည့်) ဓိရော၊လောကုတ္တရာ ပညာရှိသော။ သ-သော မုနိ၊ ထိုရဟန်းသည်။ ဒိဋ္ဌဂတိ၊(၆၂)ပါးသော အယူမှားတို့မှ။ ဝိပ္ပမုတ္တော၊ ကင်းလွတ်ပြီးလည်းဖြစ်၏။ လောကေ၊ ခန္ဓာ

ကိုလည်း ပယ်စွန့်ပြီးဖြစ်၏၊ ဖြစ်ရှိဆဲ ပစ္စုပ္ပန် ခန္ဓာကိုစွဲ၍ တပ်မက်မှု စွဲလမ်းမှု တွေဝေမှုဟူသော ကိလေသာ အာသဝေါတို့ကိုလည်း အသစ်အသစ်ဖြစ်အောင် ပြုလုပ်တော့သည်မဟုတ်၊ အကျမ်းတဝင် ချစ်ခင်သူတို့အပေါ်၌ တဏှာဆန္ဒဖြင့် အဂတိလိုက်စား၍ မတရား ပြုတော့သည်လည်းမဟုတ်။ ။ဆန့်ကျင်ဘက် ရန်သူတို့အပေါ်၌ ရန်ငြိုးဒေါသဖြင့် အဂတိလိုက်စား၍ မတရားပြုတော့သည် လည်းမဟုတ်၊ ချစ်သူ မုန်းသူ မယူမမှတ်ဘဲ မသိတတ်မှု မောဟဖြင့် အဂတိ လိုက်စား၍ မတရားပြုသည်လည်းမဟုတ်၊ တန်ခိုးကြီးသူ အာဏာရှိသူတို့အပေါ်၌ တွေးကြံကြောက်လန့်မှု ဘယာစိတ္တုပ္ပါဒ်ဖြင့် အဂတိလိုက်စား၍ မတရားလည်း မပြုတတ်၊ မာန, ဒိဋ္ဌိ, ဥဒ္ဓစ္စ, ဝိစိကိစ္ဆာ, အနုသယ, ကိလေသာတို့၏ အလိုအား ဖြင့် အဂတိလိုက်စား၍ မတရားလည်းမပြုတတ်၊ အတ္တ-ခေါ်သော သဘောသည် မြဲ၏၊ မမြဲ၊ မြဲသည်လည်းမဟုတ်၊ မမြဲသည်လည်းမဟုတ် စသည်ဖြင့် ဆုံးဖြတ်၍ ဤအယူသာမှန်၏ အခြားအယူတပါးကား အလကား အချည်းနှီးတည်းဟု သက်ဝင်ဆုံးဖြတ် သုံးသပ်ရပ်တည်မှုလည်းမရှိ။

ထိုသည့်အရိယာရဟန်းသည် လောကုတ္တရာမဂ်ပညာနှင့် ပြည့်စုံပြီးဖြစ်၍ (၆၂)ပါးသော အယူမှား အမြင်မှားတို့မှ ကင်းလုံးကျတ် လွတ်ပြီးလည်းဖြစ်၏၊ တဏှာတည်းဟူသော ကောရဲအစေး, ဒိဋ္ဌိတည်းဟူသော ကောရဲအစေးတို့ ခန်းခြောက် ပျောက်ကွယ်ပြီးဖြစ်၍ မည်သည့်ခန္ဓာ, အာယတန, ဓာတ်ဟူသော လောကအပါယ်အစရှိသော ဘုံလောကအပေါ်၌ ငြိတွယ်စေးကပ် လိမ်းကျံတတ် တော့သည်မဟုတ်၊ ဗာလပုထုဇဉ်တို့သည် ငါသည်မကောင်းမှုကို ပြုမိလေခြင်း,

http://www.dhammadownload.com

အစရှိသော လောကဋ္ဌ။ နလိမ္မတိ၊ တဏှာဒိဋ္ဌိဖြင့် လိမ်းကျံကပ်ငြိသည်လည်း မဟုတ်။ အနတ္တဂရဟီ၊ မိမိကိုကဲ့ရဲ့ရခြင်းလည်း မရှိ။

၂၀။ ဘဂဝါ၊ သိစေလိုရေးဖြင့် မေးတော်မူသော အသျှင်မြတ်ဘုရား။ သ-သော မုနိ၊ထိုအရဟတ္တဖိုလ်သို့ရောက်ပြီးသောရဟန်းသည်။ဒိဋ္ဌံ ဝါ၊မင်္ဂလာဟု သမုတ်အပ်သော အဆင်းရှုပါရုံကို မြင်ရခြင်းဖြင့် အကျိုးမဲ့မှ စင်ကြယ်လွတ်ကင်း၏ဟူသော အယူဝါဒလည်းတပါး။ သုတံ ဝါ၊ မင်္ဂလာဟု သမုတ်အပ်သော အသံသဒ္ဒါရုံကို ကြားရခြင်းဖြင့် အကျိုးမဲ့မှ စင်ကြယ်လွတ်ကင်း၏ဟူသော အယူဝါဒလည်းတပါး။ မုတံ ဝါ၊ မင်္ဂလာဟု သမုတ်အပ်သော အနံ့ဂန္ဓာရုံကို နှမ်းရှူရခြင်း, အရသာ ရသာရုံကို သာယာခံစားရခြင်း, အတွေ့ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိရခြင်းဖြင့် အကျိုးမဲ့အပေါင်းမှ စင်ကြယ်လွတ်ကင်း၏ဟူသော အယူဝါဒလည်းတပါး။ ဣတိ၊ ဤသို့ အပြားရှိသော။(ထည့်)။ ယံ ကိဉ္စိ မေဇာဘံ၊ ကြွင်းမဲ့ညဿုံအလုံးစုံသော အကြင်အယူဝါဒသည်။ အတ္ထိ၊ ရှိ၏။ တေသု သဗ္ဗမေမ္ပသူ၊ ထိုအလုံးစုံသော အယူဝါဒတို့ကြောင့်။ ဝိသေနိ-

---

ကောင်းမှုကို မပြုမိလေခြင်းဟူ၍ မိမိကို မိမိကဲ့ရဲ့စက်ဆုပ် ရွံတ်ချပူပန်ကုန်သကဲ့သို့ မိမိကို မိမိကဲ့ရဲ့ စက်ဆုပ် ရွံတ်ချပူပန်မှုလည်း မရှိပြီ ဟူသတည်း။

၂၀။ မောဟစရိုက် အမိုက်ထူပြော သဘောမလင်း ဉာဏ်မရှင်းသော နတ်ဗြဟ္မာအချို့တို့ကို သဘောမှန်သိစေလိုသော အရေးဖြင့် မေးတော်မူသော အသျှင်နိမ္မိတမြတ်စွာဘုရား အမေးပုစ္ဆာနှင့်စပ်၍ ဖြေဆိုအပ်သမျှကို စပ်ကာ စပ်ကာ ဖြေဆိုလာခဲ့ရာ ယခုအခါ၌ နိဂုံးကမ္မတ်အဆုံးသတ်အား ဖြင့် ဖြေဆိုရပါလျှင် ညွှန်ပြအပ်ခဲ့ပြီးသော ခီဏာသဝ အရိယာရဟန်းသည် ဒိဋ္ဌဝိသုဒ္ဓိ, သုတဝိသုဒ္ဓိ, မုတဝိသုဒ္ဓိစသော (၆၂)ပါးသော အယူဝါဒတည်းဟူသော စစ်မြေတလင်း၌ စစ်ခင်းစရာ ကိလေသာရန်သူဟူ၍ မြူမျှမရှိ အကြွင်းမဲ့ငြိမ်းအေးပြီးဖြစ်သဖြင့် အောင်ပွဲသဘင် ဆင်ယင်လျက်ရှိပါပြီ။

ခန္ဓာအစဉ်တည်းဟူသော ဝန်ထုပ်ဝန်ပိုး ကိလေသာတည်းဟူသော ဝန်ထုပ်ဝန်ပိုး နှစ်ခုကို ချပိုးထမ်းရွက်လျက် ဘဝသံသရာတည်းဟူသော ခရီးခဲ၌ ဆင်းရဲပင်ပန်းစွာ ပြေးသွားကျင်လည်ရခြင်းမှလည်း ကင်းရှင်းလွတ်မြောက်ပြီး ဖြစ်ပါပြီ၊ ရာဂ, ဒေါသ, မောဟ, အစရှိသော ကိလေသာအကျဉ်းထောင် နှောင်အိမ်အတွင်းမှလည်း ကွင်းလုံးကျတ် ကင်းလွတ်ပြီး ဖြစ်ပါပြီ၊ ဝိပဿနာဉာဏ်, မဂ်

http://www.dhammadownload.com

ဘူတော၊ ကိလေသာဘးည်းဟူသော မာရ်မင်းစစ်သည်မှ ကင်းသည်အဖြစ်သို့ ရောက်သည်။ ဟောဘိ၊ ဖြစ်၏။ သ သော မုနိ၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ပန္နဘာရော၊ အောက်သို့လှတ်ချအပ်ပြီးသော ကိလေသာခန္ဓာ တည်းဟူသော ဝန်ထုပ်ဝန်ပိုးရှိသည်။ ဝိပ္ပမုတ္တော၊ ကိလေသာခန္ဓာဘည်းဟူသောအနှောင်အဖဲ့မှ လွှတ်မြောက်ပြီးသည်။ နကပ်ပိယော၊ ဘောက်ဘောက်ပြန်ပြန် မမှန်သောအားဖြင့် ကြံစည်တတ်သော တဏှာဒိဋ္ဌိမရှိသည်။ နူပရတော၊ ပုထုဇန်သေကွဘို့ကဲ့သို့ ရှောင်ကြဉ်ဘွယ်တို့မှ ရှောင်ကြဉ်ရခြင်း မရှိတော့သည်။ နုပတ္ထိယော၊ တစုံတခုသော အာရုံ ဘုံဘဝကို တောင့်တတတ်သော တဏှာမရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေသိ၊ ပကတိ ရှင်တော်ဘုရားက အရဟတ္တဖိုလ်ကို အထင်ရှားတပ်လျက် အဆုံးသတ် ဖြေဆို တော်မူပြီ။ ဣတိ၊ ဤဘွင် မဟာဗျူဟာသုတ် အပြီးတည်း။

တေရသမံ၊ သုတ္တန်ပါတ် အဋ္ဌကဝဂ်တွင် တဆယ့်သုံးသုတ်မြောက်ဖြစ်သော။ မဟာဗျူဟာသုတ္တံ၊ မဟာဗျူဟာသုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

ဉာဏ်တို့ဖြင့် အသိမှန် အမြင်မှန်သို့ ရောက်ပြီးဖြစ်၍ ဘောက်ဘောက်ပြန်ပြန် တွေးကြံစိတ်ကူးတတ်သော တဏှာကပ္ပ, ဒိဋ္ဌိကပ္ပ တည်းဟူသော လောင်းရိပ်စက်ကွင်း မိုင်းတိုက်အတွင်းမှလည်း ရှောင်ကွင်းဘဲထွက်ပြီး ဖြစ်ပါပြီ။

ပုထုဇန်သေကွဖြစ်သော အောက်တန်းစား ပုဂ္ဂိုလ်တို့သည် မရအပ်သေးသော တရားထူးကို ရခြင်းငှါ မျက်မှောက် မပြုအပ်သေးသော တရားထူးကို မျက်မှောက်ပြုခြင်းငှါ ကိလေသာတည်းဟူသော အနာရောဂါ ပျောက်ကင်းစေခြင်းငှါ မသင့်လျော်သော အစားအစာ အညှော်အကင်း တည်းဟူသော ဒုစရိုက်ဒုရာဇဝတ်တို့မှ ပုန်းရှောင်ရသကဲ့သို့ ပုန်းရှောင်ရခြင်းမရှိတော့ပြီ၊ ကိလေသာအနာရောဂါမှ ကင်းရှင်းပြီးဖြစ်၍ ဒုစရိုက် ဒုရာဇဝတည်းဟူသော အညှော်အကင်းတို့ကို ရှောင်ကွင်း ပုန်းကွယ်ပြီးဖြစ်ပါ၏၊ လူ့ခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ့ခန္ဓာတို့၌ တပ်မက်နှစ်သက်ခြင်းကို ပြုတတ်သော အဖော်အလှော် အမျှော်သမားမရှိသည်ဖြစ်၍ မည်သည့်အာရုံ ဘုံဘဝကိုမျှ တောင့်တမျှော်လင့်ခြင်း မရှိတော့ပြီဟူသတည်း။

မဟာဗျူဟာသုတ်နိဿယနှင့် အဓိပ္ပါယ်ပြီး၏။

http://www.dhammadownload.com

တုဝဋ္ဋကသုတ်နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ မဟေသီ၊ သီလက္ခန္ဓ စသည်ကျေးဇူး မွန်မြတ်သော ဂုဏ်အထူးကို ဆည်းပူးရှာမှီးတော်မူတတ်ပါပေသော အိုမြတ်စွာဘုရား။ အာဒိစ္စဗန္ဓု၊ နေမင်းနှင့်အနွယ်တူ နေမင်းဟူသော အဆွေရှိတော်မူသော အိုမြတ်စွာဘုရား။ တံ၊အသျှင်မြတ်ဘုရားကို။ဝိဝေကံ စ၊ ကာယဝိဝေက,စိတ္တဝိဝေက,ဥပဓိဝိဝေက ဟု ဆိုအပ်သော အပေါင်းအဘော် ကိလေသာမှ ကင်းဆိတ်ခြင်းကိုဋင်း။ သန္တိပဒဉ္စ၊ အရိယာပုဂ္ဂိုလ်တို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ဖြင့် သိအပ်သော နိဗ္ဗာန်ကိုဋင်း။ ဝါ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော

မဟာသမယသုတ်ကို ဟောတော်မူရာ နတ်ဗြဟ္မာပွဲကြီးသို့ တက်ရောက်လာကြသော နတ်ဗြဟ္မာအပေါင်းတို့တွင် သြကပွန သဒ္ဓါစရိုက်လွန်ကဲသော နတ်ဗြဟ္မာအချို့တို့သည်။

> မြတ်စွာဘုရားသည် အရဟတ္တဖိုလ်သို့ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးတို့ကို ရှေ့နှုတ်တော်မဆန့်အောင် ကျယ်ပြန့်စွာ ဟောတော်မူပါပေ၏။ ထိုသည့်အရဟတ္တဖိုလ်သို့ ရောက်အောင် ဘယ်ပုံကျင့်ရသနည်း၊ အရဟတ္တဖိုလ်သို့ ရောက်ကြောင်းအကျင့်ကား အဘယ်နည်း။

ဟု ကြံစည်စဉ်းစားကြကုန်၏၊ ထိုနတ်တို့၏အကြံအစည်ကို သိတော်မူရ၍ အရဟတ္တဖိုလ်သို့ရောက်ခြင်း၏ အကြောင်းဖြစ်သော အကျင့်ပဋိပတ်ကို ဟောပြတော်မူခြင်းငှါ ရှေးရှေးသုတ်တို့၌ ဆိုခဲ့ပြီးသော နည်းအတိုင်း နိမ္မိတဘုရားက "ပုစ္ဆာမိ တံ-အာဒိစ္စဗန္ဓု" အစရှိသော ပုစ္ဆာဂါထာဖြင့် မေးတော်မူရာ "မူလံ ပဟဉ္စသခ်ါယ"အစချိသော ဂါထာတို့ဖြင့် သဒ္ဓါစရိုက်အားလျော်စွာ ပေါ်လာသောပြဿနာကို ဖြေရှင်းသည်၏ အစွမ်းအားဖြင့် ဤတုဝဋ္ဋကသုတ်ကို ဟောတော်မူသတည်း။

၁။ ဝိဝေက ၃-ပါး, နိဗ္ဗာန်, နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို မေးလျှောက်ပါရစေ၊ ကလျာဏပုထုဇန် သို့မဟုတ် သေက္ခ (ကျင့်ဆဲ) ရဟန်းတော်သည် ထိုဝိဝေက ၃-ပါး, နိဗ္ဗာန်, နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို အဘယ်သို့ကျင့်၍

http://www.dhammadownload.com

အကျင့်ကိုဂုဏ်း။ ပုဏ္ဏာမိ၊ မေးလျှောက်ပါအံ့။ ဘိက္ခု၊ ရဟန်းသည်။ ကထံ၊ အဘယ်သို့ အဘယ်ပုံ အဘယ် အခြင်းအရာအားဖြင့်။ ဝိဝေကံ စ၊ ကာယ ဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေကဟု ဆိုအပ်သော အပေါင်းအဘော် ကိလေသာမှ ကင်းဆိတ်ခြင်းကိုဂုဏ်း။ သန္တိပဒံ စ၊ အရိယာပုဂ္ဂိုလ်တို့သည်မင်္ဂဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိအပ်သော နိဗ္ဗာန်ကိုဂုဏ်း။ ဝါ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကိုဂုဏ်း။ ဒိသွာ၊ တွေ့မြင်ရ၍။ လောကသ္မိံ၊ ပရမ်းပတာ ပျက်စီးတတ်သော ခန္ဓာငါးပါး၌။ ကိဉ္စိ၊ စိုးစဉ်းအနည်းငယ်သော ခန္ဓာဘရားကို။ အနုပါဒိယာနော၊ တဏှာဒိဋ္ဌိတို့ဖြင့် ပြင်းပြင်းထန်ထန်မြဲမြံစွာ မစွဲလမ်းတော့ဘဲ။ နိဗ္ဗာတိ၊ ကိလေသာ အပူဘေးမှ ငြိမ်းအေးရပါသနည်း။ ဣတိ၊ ဤသို့။ ပုဏ္ဏိ၊ နိမ္မိတ ရှင်တော်ဘုရားက မေးတော်မူပြီ။

၂။ ဘဂဝါ၊ ပကတိရှင်တော်ဘုရားသည်။ ဣတိ၊ ဤသို့ဖြေဆိုတော်မူပြီ။ ဘဂဝါ၊ သိစေလိုရေးဖြင့် မေးတော်မူသော အသျှင်ဘုရား။ ဘိက္ခု၊ ရဟန်းသည်။ (ထည့်) ပပဉ္စသဒ်္ဓါယ၊ သံသရာတွင်ဥ၌ ခန္ဓာအစဉ်ကို ခဲ့ဖြတ်တတ်သည်၏ အဖြစ်ကြောင့် ပပဉ္စခေါ်သော တဏှာဒိဋ္ဌိအစု၏။ မူလံ စ၊ အဝိဇ္ဇာ

ခန္ဓာလောကတွင် မည်သည့်ခန္ဓာကိုမျှ မစွဲလမ်းတော့ဘဲ မိမိသန္တာန်၌ ကိလေသာငြိမ်းမှုကို ရပါသနည်း။

၂။ ပပဉ္စေန္တိ သဘ္ဘသန္တာနံ ဝိတ္ထာရေန္တိ စိရံ သဗ္ဗပေန္တိတိ ပပဉ္စာဟူသော ဝစနတ္ထအရ မိမိကိန်းဝပ်ရာ သတ္တဝါတို့၏ ခန္ဓာအစဉ်ကို ခဲ့ဖြတ်တတ် ရှည်လျားမြင့်ကြာစွာ ထားတတ်သော တဏှာ, မာန, ဒိဋ္ဌိ သုံးပါးကို ပပဉ္စခေါ်၏၊ ဤ၌ မာနကို သီးခြားဆိုလတ္တံ့ ဖြစ်ခြင်းကြောင့် တဏှာ, ဒိဋ္ဌိနှစ်ပါးကိုသာ ပပဉ္စဟူယူအပ်၏၊ ထိုပပဉ္စခေါ်သော တဏှာ ဒိဋ္ဌိနှစ်ပါး ဖြစ်ပုံလာခြင်း၏ အကြောင်းရင်းဖြစ်သော တရားများကား—

(၁) အမှန်ကိုမသိမှု=အဝိဇ္ဇာ၊

(၂) လမ်းမှန်မဟုတ်သောစဉ်းစားကြံစည်မှု=အယောနိသောမနသိကာရ၊

(၃) ရုပ်နာမ်ခန္ဓာကို ငါပင်ဖြစ်၏ဟု ထင်မှု=အသ္မိမာန၊

(၄) ဒုစရိုက်ပြုရန်မရှက်မှု=အဟိရိက၊

(၅) ဒုစရိုက်ပြုရန်မကြောက်မှု=အနောတ္တပ္ပ၊

(၆) စိတ်မငြိမ်သက်လေလွင့်မှု=ဥဒ္ဓစ္စအားဖြင့် ဤ (၆) ပါးတည်း။

http://www.dhammadownload.com

အစရှိသော အကြောင်းကိုဂုဏ်း။ အသို့တိ စ၊ ငါတကားဟု ထောင်လွှားတာ်သော မာန်မာနကိုဂုဏ်း။ သဗ္ဗံ၊ အလုံးစုံ (အကြွင်းမရှိအောင်)။ မန္တာ-မန္တာယ၊ အရဟာတ္တမဂ် ဉာဏ်လက်နက်ဖြင့်။ ဥပရူဒ္ဓေ၊ ချုပ်ငြိမ်းစေရာ၏။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ ဝါ၊ မိမိစိတ်၌။ ယာကာစိ တဏှာ စ၊ အကြင်တပ်မက်သော တဏှာအလုံးစုံတို့သည်လည်း။ ဥပ္ပဇ္ဇေယ္ယုံ၊ ဖြစ်ကုန်ရာ၏။ (ထည့်) တာသဉ္စ တဏှာနုံ၊ ထိုဘဏှာဘို့၏လည်း။ဝိနယာ-ဝိနယာယ၊ ကင်းပျောက်ခြင်းငှါ။ သဒါ၊ နေ့ရော ညဉ့်ပါ အခါခပ်သိမ်း။ သတော၊ ကမ္မဋ္ဌာန်းနှင့် ယှဉ်သော သတိရှိသည်ဖြစ်၍။ သိက္ခေ၊ ဘိက္ခာ (၃)ပါးကိုကျင့်ရာ၏။

၃။ ဘိက္ခု၊ ရဟန်းသည်။ (ထည့်) အဇ္ဈတ္တံ၊ မိမိသန္တာန်၌ ဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ဓမ္မံ၊ ဂုဏ်ကျေးဇူးကို။ အဘိဇာနာ၊ အထူးအားဖြင့် သိရာ၏။ အထ ဝါ၊ ထို့မှတပါး။ ဗဟိဒ္ဓါပိ၊ အပဋ္ဌလည်း (သူတပါးသန္တာန်၌လည်း)။ ယံကိဉ္စိ ဓမ္မံ၊ အလုံးစုံသော ဂုဏ်ကျေးဇူးကို။ ဇာနာ၊ သိရာ၏၊ တေန၊

ထိုတွင် (၃) အမှတ်ရှိ အသို့မာနကို သီးခြားဆိုလတ္တံ့ ဖြစ်၍ ၎င်းမှ ကြွင်းသောတရားငါးပါးကို ဤအရာ၌ ပပဉ္စမူလဟု မှတ်အပ်၏၊ ဤသို့လျှင် ပပဉ္စမူလ တရားငါးပါးနှင့်တကွ ရုပ်နာမ်ကို ငါပင်ဖြစ်၏ဟု ထင်မှု အသို့မာန တပါးအားဖြင့် (၆) ပါးသော အကုသိုလ်တရားတို့ကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ငြိမ်းစေရာ၏။

မိမိ၏ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာကိုလည်း အရဟတ္တမဂ်ဖြင့် ပယ်ဖျောက်ချုပ်ငြိမ်းစေရာ၏၊ ထိုသို့ တဏှာနှင့်တကွ ပပဉ္စမူလတရားတို့ကို ပယ်ခြင်းချုပ်စေခြင်းငှါ အရဟတ္တမဂ်ဉာဏ် တည်းဟူသော လက်နက်ကောင်းကို ရှာရာ၏၊ ထိုလက်နက်ကောင်းကိုရခြင်းငှါ သတိမြဲမြံဖြင့် သိက္ခာ (၃)ပါးကို ကျင့်ရာ၏ ဟူသတည်း။ ပဌမ အဖြာဂါထာဖြင့် သိက္ခာသုံးပါးကို ကျင့်ခြင်းနှင့်စပ်သော ဒေသနာကို ဟောပြပြီး၍ တဖန် မာနကိုပယ်ခြင်းဖြင့် ဒေသနာအစဉ်ကို ပြခြင်းငှါ ယံကိဉ္စိ စသော ဂါထာကို ဟောတော်မူ၏။

၃။ သာသနာ့ဝန်ထမ်း ရဟန်းပုဂ္ဂိုလ်သည် မိမိ၏ အမျိုးအားဖြင့် မြတ်သည်၏အဖြစ် ဟူသော ဂုဏ်ကိုဂုဏ်း လာဘ်မျှားသည်၏ အဖြစ်ဟူသောဂုဏ် သုတ္တန်ဆောင်, ဝိနည်းဆောင်, အဘိဓမ္မာဆောင်, ဓုတင်ဆောင်၏ အဖြစ် တည်းဟူသောဂုဏ် စျာန်အဘိညာဏ်ရသည်၏ အဖြစ်တည်းဟူသော ဂုဏ်ကိုဂုဏ်း

http://www.dhammadownload.com

ထိုမိမိ၏ဂုဏ် သူတပါး၏ဂုဏ်အလုံးစုံဖြင့်။ ထာမံ၊ မာန်မာန တည်းဟူသော အားအစ္ဆမ်းကို။ နကုဗ္ဗေထ၊ မပြုရာ။ ကသ္မာ၊ အဘယ့်ကြောင့်။ နကုဗ္ဗေထ၊ မပြုရာသနည်း။ (ထည့်·မေး)ဟိ ယသ္မာ၊ အကြင်အကြောင်းကြောင့်။သာ၊ ထိုမာန်မာနကိုပြုခြင်းကို။ သတံ၊ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ နိဗ္ဗုတိ၊ ကိလေသာအပူဘေးမှ ငြိမ်းအေးကြောင်းဟူ၍။ နဝုတ္တာ၊ ဟောတော်မမူအပ်။ တသ္မာ၊ ထိုအကြောင်းကြောင့်။ ထာမံ၊ မာန်မာန တည်းဟူသောအားအစ္ဆမ်းကို။ နကုဗ္ဗေထ၊ မပြုရာ။(မာန်မာနဖြင့် မိမိဂုဏ် ဆရာသမားဂုဏ်ကိုအားမကိုးရာ)။

၄။ ဘိက္ခု၊ ရဟန်းသည်။ (ထည့်) တေန၊ ထိုအမျိုးမြတ်သည်၏အဖြစ် အစရှိသော မိမိဂုဏ် ဆရာ့ဂုဏ်ဖြင့်။ အဟံ၊ ငါသည်။ သေယ္ယော၊ သူတပါးထက် မြတ်၏။ ဣတိပိ ဝါ၊ ဤသို့လည်းကောင်း။အဟံ၊ ငါသည်။နိဟီစေယ္ယော၊ သူတပါးအောက် ယုတ်နိမ့်၏။ ဣတိပိ ဝါ၊ ဤသို့လည်းကောင်း။ အထ၊ ထိုမှတပါး။ အဟံ၊ ငါသည်။ သရိက္ခော၊ သူမျှားနှင့်တူ၏။ ဣတိပိ ဝါ၊ ဤသို့လည်းကောင်း။ နမညေယ္ယ၊ မအောက်မေ့မမှတ်ထင်ရာ။ ဧတေန၊ ထိုအမျိုး

ဥပဇ္ဈာယ်ဆရာ နိဿယည်းဆရာ ဟူသော တပါးသော ပုဂ္ဂိုလ်တို့၏ ဆိုအပ်ခဲ့ပြီးသောဂုဏ်မျိုးကိုဎင်း သိထားပြီးရှိရာ၏၊ ထိုသည့် မိမိဂုဏ် ဆရာသမားဂုဏ်ဖြင့် မာန မကြီးရာ၊ အကြောင်းမူကား ထိုမာနကြီးမှုကို ကိလေသာငြိမ်းကြောင်းဟု ဘုရားသျှင်တို့ မဟောကုန်ဟူသတည်း။

မာန်မာနကိုမပြုရပုံ အစီအရင်ကို ပြတော်မူခြင်းငှါ “သေယ္ယောနတေန” အစရှိသော ဤဂါထာကို ဟောတော်မူပြန်၏။

၄။ ငါသည် ဤသို့သော အမျိုးဇာတ်နှင့် ပြည့်စုံသူတည်း၊ ဤပုဂ္ဂိုလ်တို့ထက် အမျိုးဇာတ်အားဖြင့် ငါကမြတ်၏၊ ဤပုဂ္ဂိုလ်တို့နှင့် အမျိုးဇာတ်အားဖြင့် တန်းတူဖြစ်၏၊ ဤပုဂ္ဂိုလ်တို့နှင့် နှိုင်းစာလျှင် အမျိုးဇာတ်အားဖြင့် ငါကနိမ့်ကျ၏ ဟူ၍ အမျိုးဇာတ်ကို အမှီပြု၍ မိမိကို အထက်တန်း၌ ထားသော အတိမာန်, အလတ်တန်း၌ထားသော သဒိသမာန်, အောက်တန်း၌ထားသော အဝမာန်, ဤမာန် (၃) ပါးကို မပြုရာ၊ ဤနည်းတူ လာဘ်ပေါခြင်း, သူတပါးတို့လေးစားခြင်း, စသောဂုဏ် ပရိယတ်ကျမ်းဂန် တတ်မြောက်ခြင်း ပဋိပတ်အကျင့်ကောင်းခြင်း စသောဂုဏ်တို့ကို အစဲပြု၍ မိမိကို အထက်တန်း အောက်တန်း အလတ်တန်း၌ထားသော အတိမာန် အဝမာန် သဒိသ

http://www.dhammadownload.com

မြတ်သည်၏အဖြစ် အစရှိသော မိမိဂုဏ် ဆရာ့ဂုဏ်နှင့်။ ဖုဋ္ဌော၊ ပြည့်စုံသည် ဖြစ်၍။ အာတုမာနံ၊ မိမိကိုယ်ကို။ အနေကရူပေဟိ၊ တပါးမက များသော သဘောရှိသော ဂုဏ်တို့ဖြင့်။ ဝိကပ္ပယံ-ဝိကပ္ပယန္တော၊ အထူးထူး အထွေထွေ ပြုပြင်စီရင်လျက်။ ဝါ၊ အထူးထူးအထွေထွေ စိတ်ကူးယဉ်လျက်။ နတိဋ္ဌေ၊ မတည်ရာ။

၅။ ဘိက္ခု၊ အရဟတ္တဖိုလ်သို့ ရောက်လိုသောရဟန်းသည်။ အဇ္ဈတ္တမေဝ၊ မိမိသန္တာန်၌သာလျှင်။ ဝါ၊ မိမိ၏ သတိပဋ္ဌာန်စသော အာရုံ ကမ္မဋ္ဌာန်း၌ သာလျှင်။ဥပသမေ၊ ရာဂအစရှိသောကိလေသာတို့ကို ငြိမ်းပျောက်စေရာ၏။ အညတော၊ မိမိ၏အဇ္ဈတ္တကမ္မဋ္ဌာန်းမှ တပါးသော အတ္တကိလမထ စသော အကျင့်မှားမှ။ သန္တိ၊ ကိလေသာတို့၏ငြိမ်းအေးခြင်းကို။ နဇသေယျ၊ မရှာမှီးရာ။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ ဝါ၊ မိမိ၏သတိပဋ္ဌာန်စသော အာရုံကမ္မဋ္ဌာန်း၌။ ဥပသန္တဿ၊ ကိလေသာအပူဘေးမှ ငြိမ်းအေးပြီးသောရဟန်းအား။ အတ္တာ၊ အတ္တကို စွဲမှီ၍ဖြစ်သော သဿတ အယူဝါဒသည်။ ဝါ၊ မြဲမြံစွာ ဆုပ်ကိုင် ယူထားအပ်သော ခန္ဓာစသည်သည်။ နတ္ထိ၊ မရှိ။ နိရတ္တာဝါ၊ အတ္တ၏ ကုန်ဆုံး

မာန်တို့ကိုလည်း မပြုရာ၊ ထိုအမျိုးမြတ်မှု လာဘ်ပေါမှုစသော ဂုဏ်နှင့် ပြည့်စုံသည်အလျောက် ငါကား ဤသို့ဂုဏ်နှင့် ပြည့်စုံသူတည်းဟု သာယာမက်မောလျက် မိမိကိုယ်ကို အမျိုးမျိုးအထင်ကြီးခါ စိတ်ကူးယဉ်လျက် မနေရာဟူသတည်း။

၅။ အရဟတ္တဖိုလ်သို့ ရောက်လိုလျှင် ရောက်လိုသူ၏ စိတ်အစဉ်၌ ကိန်းဝင်လျက်ရှိသည့် ရာဂ, ဒေါသ အစရှိသော ကိလေသာအားလုံး ငြိမ်းပျောက်ရေးကို ကြိုးပမ်းအားထုတ်ရာ၏၊ သူတပါးစိတ်အစဉ်၌ ကိန်းဝင်သည့် ကိလေသာငြိမ်းရေးကို အားမထုတ်ရာ၊ သို့မဟုတ် ကိလေသာငြိမ်းအောင် ပယ်သတ်ရာဝယ် သတိပဋ္ဌာန်စသော အဇ္ဈတ္တကမ္မဋ္ဌာန်း၌သာ ဘာဝနာကို ဖြစ်စေလျက် ငြိမ်းသတ်ရာ၏၊ သတိပဋ္ဌာန်စသော ကမ္မဋ္ဌာန်းမှ တပါးသော ဒိဋ္ဌသုဒ္ဓိ,သုတသုဒ္ဓိ,မုတသုဒ္ဓိ,သီလသုဒ္ဓိ,ဝတသုဒ္ဓိစသော အကျင့်မှားတို့ကို ကျင့်ခြင်းဖြင့် ကိလေသာငြိမ်းမှုကို မရှာမှီးရာ၊ အဇ္ဈတ္တကမ္မဋ္ဌာန်း၌ ဘာဝနာကို ဖြစ်စေလျက် အဇ္ဈတ္တသန္တာန်၌ ကိလေသာငြိမ်းမှုကို ရပြီးသော ရဟန်းအား အတ္တဒိဋ္ဌိခေါ်သော သဿတဒိဋ္ဌိ, နိရတ္တဒိဋ္ဌိခေါ်သော ဥစ္ဆေဒဒိဋ္ဌိတို့လည်း ကွယ်ပျောက်ကင်းရှင်းပြီးဖြစ်၏၊ မည်သည့် ခန္ဓာအာယတနကိုမျှ တဏှာဒိဋ္ဌိဖြင့် စွဲလမ်းဘမ်းဆုပ်၍

http://www.dhammadownload.com

ခြင်းကိုစွဲ၍ ဖြစ်သော ဥစ္ဆေဒအယူဝါဒသည်ကား။ ဝါ၊ မဆုပ်မကိုင် မစွဲလမ်းအပ် စွန့်လွှတ်အပ်သော ခန္ဓာစသည်သည်ကား။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိပါတော့အံ့နည်း။

၆။ သမုဒ္ဒဿ၊မဟာသမုဒ္ဒရာ၏။မဇ္ဈေ၊ အလည်၌။ ဦမိ၊ လှိုင်းတံပိုးသည်။ နော ဇာယတိ ယထာ၊ မဖြစ်သကဲ့သို့။ တနည်း။ မဇ္ဈေ၊ မြင့်မိုရ်တောင်၏ ထက်ဝန်းကျင် တောင်စဉ်ခုနစ်ထပ်တို့၏အလည်၌။ ဌိတဿ၊ တည်သော။ (ထည့်) သမုဒ္ဒဿ၊ သီဒါသမုဒ္ဒရာ၏။ ဦမိ၊ လှိုင်းတံပိုးသည်။ နော ဇာယတိ ယထာ၊ မဖြစ်သကဲ့သို့။ သမုဒ္ဒေါ၊ မဟာသမုဒ္ဒရာရေ, သီဒါသမုဒ္ဒရာ ရေသည်။

လက်မလွှတ်နိုင်ဘဲ ကပ်ငြိတွယ်တာခြင်းမရှိ၊ ထိုစွဲလမ်းတွယ်တာမှု မရှိခြင်းကြောင့်ပင်လျှင် မည်သည့်ခန္ဓာကို စွန့်လွှတ်ရန်လိုသေးသည်, မည်သည့်အာယတနကို စွန့်လွှတ်ရန် လိုသေးသည်ဟု စွန့်လွှတ်ဘွယ်လည်း တစုံတရာမျှ မရှိဟူသတည်း။

၆။ မဟာသမုဒ္ဒရာကြီးသည် အစောက်အနက်အားဖြင့် ယူဇနာပေါင်းရှစ်သောင်းလေးထောင် ရေထု ရှိ၏၊ ထိုရှစ်သောင်းလေးထောင်တွင် အောက်ပိုင်းယူဇနာ လေးသောင်းပမာဏရှိသော ရေထုသည် ငါးလိပ်အစရှိသော ရေနေသတ္တဝါတို့ကြောင့် မငြိမ်မသက် တုန်လှုပ်ချောက်ချားလျက် ရှိ၏။

အထက်ပိုင်း ယူဇနာလေးသောင်းပမာဏရှိသော ရေထုသည်လည်း လေတို့၏ ထိုးဝှေ့တိုက်ခတ်ခြင်းကြောင့် လှိုင်းတံပိုးတို့ဖြင့် တုန်လှုပ်ချောက်ချားလျက် ရှိ၏။

အလည်ပိုင်း ယူဇနာလေးထောင်မျှ ပမာဏရှိသော ရေထုသည်ကား တစုံတခုသော အကြောင်းကြောင့် တုန်လှုပ်ခြင်း မရှိ၊ ငြိမ်သက်စွာ အမြဲတည်နေ၏၊ လှိုင်းတံပိုးလည်း မရှိ၊ ထိုအလည်ပိုင်း ရေနှင့်တူစွာ ဇောခေါ်သော တဏှာမှ ကင်းပြီးသော ရဟန်းသည် လာဘ်ရခြင်း မရခြင်း အခြံအရံရခြင်း မရခြင်း ကဲ့ရဲခြင်း ချီးမွမ်းခြင်း ချမ်းသာခြင်း ဆင်းရဲခြင်းဟူသော လောကဓံတရားတို့ကြောင့် ဘောက်ပြန်တုန်လှုပ်ခြင်းမရှိ၊ မည်သည့် လောကဓံနှင့် ကြုံစေကာမူ ပကတိပင်ကိုယ်သဘောအတိုင်း တည့်တည့်မတ်မတ် ရပ်တည်လျက် ရှိ၏။

တနည်းအားဖြင့် မြင့်မိုရ်တောင်ကို ဝန်းရံရစ်ပတ်လျက် တည်သော တောင်စဉ် ခုနစ်ထပ်ရှိ၏၊ ထိုတောင်စဉ်တို့၏ အကြားအကြား၌ရှိသော သီဒါ သမုဒ္ဒရာ ရေတို့သည် မတုန်မလှုပ် ငြိမ်သက်စွာ တည်ကုန်သကဲ့သို့ ထိုနည်းတူ ဇော—

http://www.dhammadownload.com

(ထည့်)ဌိတော၊ မတုန်မလှုပ် တည်တံ့ခြိမ်သက်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤနည်းအတူ။ အနေဇော၊ လှုပ်ရှားတတ်သော တဏှာမရှိသော။ ဘိက္ခု၊ အဇ္ဈတ္တကမ္မဋ္ဌာန်းဖြင့် ငြိမ်းချမ်းရေးရပြီးသော ရဟန်းသည်။ ဌိတော၊ လောကဓံတရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိ တည့်တည့် မတ်မတ် ရပ်တည်နိုင်သည်။ အာသာ၊ ဖြစ်၏။ ကုဟိဉ္စိ၊ တစုံတခုသော အဇ္ဈတ္တအာရုံ ဗဟိဒ္ဓအာရုံဠ်။ ဥဿဒံ၊ ကျူးတော ကိုင်းတောပမာ လွန်စွာ ပွါးများတတ်သော ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ကိလေသာ ကံတရားအပေါင်းကို။ န ကရေယျ၊ မပြုလေတော့ရာ။

၇။ ဝိဝဋ္ဋစက္ခု၊ အပိတ်အဆည်းကင်း၍ ဟင်းလင်းပွင့်သော မံသ, ဒိဗ္ဗ, သမန္တနှင့် ဗုဒ္ဓ,ပညာ ငါးဖြာသော မျက်စိရှိတော်မူသော အိုး-အရှင်မြတ်ဘုရား။ တုဝံ၊ အသျှင်မြတ်ဘုရားသည်။ (ထည့်) ပရိဿယဝိနယံ၊ အဇ္ဈတ္တဘေးရန်ဗဟိဒ္ဓဘေးရန်၏ကင်းပျောက်ကြောင်းဖြစ်သော။ သက္ခိဓမ္မံ၊ ကိုယ်တိုင်

တဏှာကင်းသော ရဟန်းသည် လောကဓံတို့ကြောင့် တုန်လှုပ်ခြင်း မရှိဟူ၍လည်း သိရာ၏၊ ကျူးတော ကိုင်းတောတို့သည် လွန်စွာ တိုးတက်ပွါးများခြင်း သဘောရှိကုန်သကဲ့သို့ ထိုနည်းတူစွာ ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ၎င်းတို့မှ ကြွင်းသော ကိလေသာ, အဘိသင်္ခါရခေါ်သော ကံစေတနာ, ဤတရားခုနစ်ပါး သည်လည်း လွန်စွာတိုးတက် ပွါးများခြင်းသဘောရှိသောကြောင့် ဥဿဒ ပွါးတတ်သော တရားစုမည်၏၊ ၎င်းပွါးတတ်သော ဥဿဒတရားစုံကိုလည်း မပွါးနိုင်အောင် အဋ္ဌင် အရင်း အမြစ် သေးမွှားမကျန် သုတ်သင်ရှင်းလင်းပြီး ဖြစ်၏ ဟူသတည်း။

ယခုအခါ အရဟတ္တဖိုလ်တည်းဟူသော အထွဋ်အဖူးဖြင့် တန်ဆာဆင်၍ ဟောအပ်ပြီးသော ဒေသနာအစဉ်ကို ကောင်းချီးနှုမော် သာဓုခေါ်လျက် ထို အရဟတ္တဖိုလ်ဟူသော အထွဋ်အောင်ပန်းကို တက်လှမ်းဆွတ်ခူးနိုင်ရန် အရင်းခံ မူလ အစပကတူး လက်ဦးကျင့်စဉ်ကို မေးလျှောက်လိုသော နိမ္မိတ-ရှင်ပင် ဘုရားသည် အကိတ္တယီ-ဝိဝဋ္ဋစက္ခု အစရှိသော ပုစ္ဆာဂါထာကို တဖန်ဆိုတော် မူပြန်သတည်း။

၇။ ပွင့်လင်းသော မျက်စိရှိတော်မူသည့် အသျှင်မြတ်ဘုရားသည် ဘေး ရန်ခပ်သိမ်း ကင်းငြိမ်းရာဖြစ်၍ မျက်မှောက်ပြုထိုက်သော နိဗ္ဗာန်တရားကို ဟောပြတော်မူသဖြင့် သိရပါပြီ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်နှင့် ၎င်း-

http://www.dhammadownload.com

ဆိုက်ရောက် မျက်မှောက်ပြုအပ်သော အမြိုက်နိဗ္ဗာန်တရားကို။ အကိတ္တယိ၊ မြွက်ဟထုတ်ဘော် ဟောတော်မူပါပေပြီ။ ဘဒ္ဒန္တေ၊ အို အသျှင်မြတ်ဘုရား။ တနည်း။ ။တေ၊ အသျှင်မြတ်ဘုရား၏။ ဓမ္မဒေသနာ၊ တရားဒေသနာတော် သည်။ (ထည့်) ဘဒ္ဒံ၊ စင်ကြယ်ကောင်းမြတ် မှဲ့ဝဲအပ်သော ဒေသနာတော် ပါတည်း။ တနည်း။ ။တေ၊ အသျှင်မြတ်ဘုရား၏။ ဘဒ္ဒံ၊ စင်ကြယ်ကောင်း မြော် မှဲ့ဝဲအပ်သော။ ပဋိပဒံ၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အကျင့်

အကျင့်တွင် ပါဝင်သည့် သီလသမာဓိတရားများ ကိုလည်း ဟောပြတော်မူပါဦး ဟု တောင်းပန်လျှောက်ထားသည်။

ပဋ်လင်းသောမျက်စိဆိုသည်မှာ –

(၁) မံသစက္ခု၊ ခန္ဓာကိုယ်တွင်ပါဝင်သော ပကတိမျက်လုံးတော်၊

(၂) ဒိဗ္ဗစက္ခု၊ နတ်မျက်စိနှင့်တူသော အဘိညာဉ်ဉာဏ်မျက်စိ၊

(၃) ပညာစက္ခု၊ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ပဋိသမ္ဘိဒါဉာဏ် ဝေသာရဇ္ဇဉာဏ် ဒသဗလဉာဏ် ဟူသောမျက်စိ၊

(၄) ဗုဒ္ဓစက္ခု၊ ကြွန်ိုယပရောပရိယတ္တိဉာဏ် အာသယာနုသယဉာဏ် ဟူသော မျက်စိ၊

(၅) သမန္တစက္ခု၊ သဗ္ဗညုတဉာဏ် ဟူသောမျက်စိ ဟူ၍ ငါးပါးရှိ၏၊ ထို ဘုရားသျှင်၏ စက္ခုငါးပါးသည် တစုံတခုသော အပိတ်အဆီး မရှိ အလိုရှိရာခဏ၌ အမြဲပဋ်လင်းလျက် နေခြင်းကြောင့် ဘုရားသျှင်ကို (ဝိဝဋ္ဋစက္ခု) ပဋ်လင်းသော မျက်စိရှိတော်မူ၏ ဟု ချီးကျူးခေါ်ဆို၏။

အမြဲက်မျပြုရလျှင် ဘုရားသျှင်၏ ပကတိမျက်လုံးတော်သည် ကိုယ်တော်မြတ်၏ ပတ်လည်ဝန်းကျင်အရပ်၌ တယူဇနာ (၆) တိုင်နှင့်–တာ (၄၀၀) တိုင်အောင် နေ့ညဉ့်မရွေး မြင်တော်မူနိုင်၏၊ တောအုပ်အတွင်း လက္ခဏ်နေ့ မိုဃ်းသားတိမ်တိုက်တို့ ဖုံးအုပ်လျက်ရှိသည့် ညဉ့်သန်းခေါင်ကြီး၌ပင် ပကတိ မျက်စိဖြင့် ပတ်ဝန်းကျင်တယူဇနာအတွင်း မြင်လိုရာကို မြင်နိုင်သည်၊ တောင် နံရံ သစ်ပင်တို့လည်း ခြားဆီးကွယ်ထားခြင်းငှါ မစွမ်းနိုင်၊ ပကတိမျက်စိပင် လျှင် ဤမျလောက် အပိတ်အဆီးကင်း၍ ဟင်းလင်းပွင့်လျက် ရှိတုံသေး၏၊ ဉာဏ်မျက်စိတို့၏ ဟင်းလင်းပွင့်ရာ၌ ဆိုဘွယ်ပင်မရှိပြီ၊ (၎င်းတို့၏ ဟင်းလင်း ပွင့်ပုံအကျယ်ကို ဤ၌လျစ်လျူရှုခဲ့သည်၊ မံသစက္ခုကို လွှတ်၍ ဓမ္မစက္ခုကို ထည့်

http://www.dhammadownload.com

ကိ။ ဝဒေဟိ၊ ဟောပြတော်မူပါဦးလော့။ ပါတိမောက္ခံ ဝါပိ၊ စောင့်ထိန်းသူ သီလဝန္တပုဂ္ဂိုလ်ကို သံသရာဝဋ်မှ လွတ်စေတတ်သော သီလအကျင့်ကိုဎင်း။ အထ၊ ထိုမှတပါး။ သမာဓိ ဝါပိ၊ စိတ်ကို အညီအညာ ကောင်းစွာ အာရုံ၌ထားတတ်သော သမာဓိကိုဎင်း။ ဝဒေဟိ၊ ဟောပြတော်မူပါဦးလော့။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ နှိမ့်တရှင်တော်ဘုရားက မေးလျှောက်ပြန်ပြီ။

ဂ။ ဘိက္ခု၊ ရဟန်းသည်။ စက္ခု။ဟိ၊မျက်စိတို့ဖြင့်။လောလော၊လျှပ်ပေါ်လော်လီသည်။ နေဝ အာဿ၊ မဖြစ်ရာသည်သာ။ သောတံ စ၊ နားကိုလည်း။ ဂါမကထာယ၊ ရွာသူလူဘို့၏ စကားမှ။ အာဝရယေ၊ ပိတ်ဆို့ရာ၏။ ရသေ စ၊ ချိုချဉ်စပ်ငန် ခါးအဖန်ဟု အတန်တန်သော အရသာခြောက်ပါး၌လည်း။

သင်းလျက် ဉာဏ-စက္ခုငါးပါးကို ဗုဒ္ဓဝင်အဋ္ဌကထာ သဠာယတနဝဂ် သံယုတ်အဋ္ဌကထာ စသည်တို့၌ ခွဲပုံတမျှိုး လာသေး၏။ (ဤဂါထာကား–မတြာ ၃၀-စီ ဂီတိဂါထာမျှိုးတည်း၊ ထို့ကြောင့် တတိယပါဒ၌ ပဋိပဒံ ဟု ဆိုလိုလျက် ဒ-အက္ခရာ ချ၍ ပဋိပံဟု ပုဒ် ပြီး၏၊ သဒ္ဒနီတိ ဓာတုမာလာ ဒကာရန္တ ဓာတ်အရာ၌ ဤဂါထာလာ တတိယပါဒ ကို ဥပမာ သာဓက ဆောင်၍ ဒကာရလောပေ-ပါဝ ဣတိပိ ရူပံ ဘဝတိ ပဋိပံ ဝဒေဟိ ဘဒ္ဒန္တေတိ ဧတ္ထ ပဋိပန္နိ ပဒံဝိယ–ဟု မိန့်ဆို၏။)

စက္ခုစသော ဣန္ဒြေကို စောင့်စည်းမှုသည် သီလအလုံးစုံကို စောင့်ထိန်းရာရောက်ခြင်းကြောင့်ဎင်း၊ ဤဣန္ဒြိယသံဝရ သီလအကျင့်ကို အစစ္စာထား၍ ဟောအပ်သော ဒေသနာအစဉ်သည် ထိုသဒ္ဓါစရိုက်များသော နတ်တို့နှင့် သင့်လျော်ခြင်းကြောင့်ဎင်း၊ ဣန္ဒြိယသံဝရသီလမှ အစပြု၍ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ပြတော်မူခြင်းငှါ–"စက္ခု။ဟိ နေဝ လောလဿ" စသော ဂါထာကို ဟောတော်မူ၏။

ဂ။ ဆင်းရဲမှုကို တဏှာလောဘက ပြု၏၊ တဏှာလောဘ ကင်းပျောက်မှ အစစ်အမှန် ချမ်းသာကိုရ၏၊ အစစ်အမှန် ချမ်းသာကို လိုချင်သဖြင့် တဏှာလောဘ ပျောက်ကင်းပျက်စီးအောင် ကျင့်သူသည် (သမဏ-ဘိက္ခု) ရဟန်းမည်၏၊ ထိုသို့မဟုတ်က အသင့်ဆောင် အတုအပသာမည်၏၊ ထို့ကြောင့် ချမ်းသာစစ်ကို ရလိုသောရဟန်းသည် မျက်စိလော်လီမှုကို စောင့်ထိန်းရာ၏၊ (သြကို့တ္တ-စက္ခု) ထန်းပိုးတပြန်မျှကို ကြည့်၍သွားရန် သိက္ခာပုဒ်ကို ရှိသေရာ၏။

http://www.dhammadownload.com

နာနုဂိဇ္ဇျေယျ၊ တဏ္ဟာအကြိုက် အလိုလိုက်သောအားဖြင့် မမက်မောရာ။ လောကသ္မိံ၊ လောက၌။ ကိဉ္စိစ၊ တစုံတခုသော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်ကိုလည်း။ နမမာယေထ၊ ငါ့ဟာ ငါ့ဥစ္စာ ငါချည်းသာဟူ၍ တဏ္ဟာ ဒိဋ္ဌိဖြင့် မမြတ်နိုးရာ။

၉။ ဘိက္ခု၊ ချမ်းသာစစ်ကို ရလိုသော ရဟန်းသည်။ ယဒါ၊ အကြင် အခါ၌။ ဖဿေန၊ အနာရောဂါ တည်းဟူသော ဆင်းရဲသော အတွေ့သည်။ ဖုဋ္ဌော၊ တွေ့ထိနှိပ်စက်အပ်သည်။ အဿ၊ ဖြစ်ရာ၏။ တဒါ၊ ထိုအခါ၌။ ပရိ-

---

မမြင်အပ်ဘူးသေးသော အထူးအဆန်းတို့ကို မြင်ခြင်းငှါ ထိုထိုရွာ, နိဂုံး ဇနပုဒ်, တောအုပ်, တောင်တန်း, ပန်းဥယျာဉ်စသည်တို့သို့ ဘုရားဖူးရိုးမယ်ဖွဲ့၍ လှည့်လည်သွားလာခြင်းကို မပြုရာ၊ မရှောင်မကွင်းနိုင်၍ ရွာတွင်းမြို့တွင်းသို့ သွားရောက်ရာတွင် ဆင်,မြင်း,ရထား, ခြေသည်,စစ်တပ်, မိန်းမ,ယောကျ်ား, ကလေး, သူငယ်, စျေးဆိုင် စသည်တို့ကို လှည့်လည်ကြည့်ရှုလျက် မသွားရာ။

မျက်စိရှေမှောက် အမှတ်တမဲ့ ရောက်သော အဆင်းအာရုံကိုသော်လည်း ဆန္ဒ,ရာဂဖြစ်မည့် အခြင်းအရာ အဘိဇ္ဈာ,ဒေါမနဿ ဖြစ်မည့် အခြင်းအရာ အားဖြင့် ဆင်ခြင်စဉ်းစားမှု မပြုရာ၊ ဤသို့ မျက်စိလော်လီမှုကို စောင့်ထိန်းရာ၏။

နား၏လော်လီမှုကိုလည်း နည်းတူစောင့်ထိန်းရာ၏၊ မင်းကိစ္စနှင့် စပ်သော စကား, တိုင်းရေးပြည်ရေးနှင့် စပ်သောစကား, ခိုးမှုတိုက်မှုနှင့် စပ်သောစကား, အမတ်ရွေးပွဲနှင့် စပ်သောစကား စသော တိရစ္ဆာနကထာတို့ကို ကိုယ်တိုင် ပြောမှုကိုမဆိုထားဘိ နားဖြင့်မကြားရအောင် ရှောင်ကြဉ်ရာ၏၊ (သောတိန္ဒြေ ကိုပိတ်ဆို့ ရာ၏ဟုဆိုလို၏)။

စားမှု,သောက်မှု၌လည်း ရသမျှဖြင့် တင်းမတိမ်နိုင် အငန်ရလျှင် မငန်သည် ကိုမြော်လင့်ခြင်း အချိုရလျှင် မချိုသည်ကို မြော်လင့်ခြင်းစသော တောင့်တ, မက်မောမှုကို မပြုရာ၊ (ဇိဝှိန္ဒြေကိုပိတ်ဆို့ ရာ၏ဟု ဆိုလို၏)။ ။ရုပ်နာမ်ခန္ဓာ တို့၌ ဤရုပ်သည် ငါပင်ဖြစ်၏၊ ဤရုပ်သည် ငါ၏ရုပ်တည်းဟု ရူပတဏ္ဟာ သဒ္ဒ တဏ္ဟာ ရသတဏ္ဟာလျှင် အရင်းခံရှိသော နောက်နောက်သော တဏ္ဟာဒိဋ္ဌိဖြင့် စွဲလမ်းမြတ်နိုးမှုကိုလည်းမပြုရာ၊ (စက္ခု-သောတ-ဇိဝှါတို့ကိုပိတ်ဆို့ ရာ၏)။

၉။ မျက်စိရောဂါ, နားရောဂါ အစရှိသော တစုံတခုသော အနာရောဂါ နှိပ်စက်ရာအခါ၌ သည်းမခံနိုင်ဘဲ စိတ်ပင်ပန်းခြင်း မပြုရာ၊ ကိုယ်၌ အတွေ့ ဆင်းရဲမှုကြောင့် ငိုကြွေးမြည်တမ်းခြင်း အဆုံးရှိသော တုန်လှုပ် ချောက်ချား

http://www.dhammadownload.com

ဒေဝံ၊ ငိုကြွေးမြည်တမ်းခြင်းကို။ နကရေယျ၊ မပြုရာ။ ကုဟိဋ္ဌိ၊ တစုံတခုသော အကြောင်းကြောင့်။ ဘဝဋ္ဌ၊ ကာမဘဝစသော ဘဝကိုလည်း။ နာဘိဇပေယျ၊ ရှေးရှုပြု၍ မတောင့်တရာ။ ဘေရဝေသု စ၊ ခြသေ့်, သစ်, ကျား အစရှိသော ဘေးရန်တို့ကြောင့်လည်း။ နသမ္ပဝေဓေယျ၊ လွန်စွာ မတုန်လှုပ်ရာ။

၁၀။ ဘိက္ခု၊ တောနေရဟန်းသည်။ အန္တာနမ္ပိ၊ ဆွမ်းတို့ကိုငင်း။ အထော၊ ထိုမှတပါး။ ပါနာနမ္ပိ၊ အဖျော်တို့ကိုငင်း။ ခါဒနီယာနံ အပိ၊ ခဲဘွယ်တို့ကိုငင်း။ အထော၊ ထိုမှတပါး။ ဝတ္ထာနံ အပိ၊ အဝတ်သက်နှင်းတို့ကိုငင်း။ လဒ္ဓါ၊ တရားသဖြင့် ရပြီး၍။ သန္ဒိဓိံ၊ သိုမှီးသိမ်းဆည်းခြင်းကို။ နကယိရာ၊ မပြုရာ။ တာနိ၊ ထိုဆွမ်းအစရှိသည်တို့ကို။ အလဘမာနော စ၊ မရပြန်သော်လည်း။ နပရိတသေယျ၊ မပူပန် မထိတ်လန့်ရာ။

၁၁။ ဘိက္ခု၊ ရဟန်းသည်။ စျာယီ၊ ကသိုဏ်းအစရှိသော အာရုံကို ရှုလေ့ရှိသည်။ အဿ၊ ဖြစ်ရာ၏။ ပါဒလောလော၊ ခြေဖြင့် လျှပ်ပေါ် လော်လီသည်။

မှုကို မပြုရာဆိုလို၏၊ ကိုယ်ခန္ဓာ၌ အတွေ့ ချမ်းသာမှုကို ရလို၍ ကာမဘဝစသော ထိုထိုသုဂတိဘဝကို မတောင့်တရာ (ကာယိန္ဒြေကို ပိတ်ဆို့ရာ၏ ဟုဆိုလို၏)၊ ဣန္ဒြေတို့ကို စောင့်စည်းပိတ်ဆို့သဖြင့် တောကျောင်းနေ ရဟန်းသည် ကိုယ်ခန္ဓာ အတွေ့ ဆင်းရဲမှု၏ အကြောင်းဖြစ်သော ခြသေ့်, သစ်, ကျားစသော ဘေးရန် ဃာနိန္ဒြေ မနိန္ဒြေတို့နှင့်စပ်သော မခံသောဘေးရန် အန္တရာယ်တို့နှင့် ကြုံကြိုက်သော်လည်း အလွန်အမင်း ပြင်းထန်စွာ တုန်လှုပ်မှုကို မပြုရာ၊ ကာယိန္ဒြေ ဃာနိန္ဒြေ မနိန္ဒြေတို့ကို ပိတ်ဆို့ရာ၏၊ ဤနှစ်ဂါထာဖြင့် ဣန္ဒြိယသံဝရသီလကို ပြ၏။

၁၀။ တောရကျောင်းနေစဉ် တရံတခါ၌ များသော ဆွမ်းတို့ကို ရတတ်၏၊ ပိုလျံ ကြွင်းကျန်နေသော ဆွမ်းတို့ကို ထမင်းခြောက်လှမ်း၍ သိုမှီးသိမ်းဆည်းခြင်း မပြုရာ၊ အဖျော်, ခဲဘွယ်, အဝတ်အထည်တို့ကိုလည်း ထိုနည်းတူ ပိုလျှံနေလျှင် သိုမှီး သိမ်းဆည်းခြင်းကို မပြုရာပေ။

ပေးကမ်းစွန့်ကြဲရာ၏၊ တရံတခါ လုံလောက်အောင် မရဘဲလည်း ရှိတတ်၏၊ မရခြင်းကြောင့် ပူပန်ဆင်းရဲမှု မပြုရာ၊ နောက်တနေ့နေ့ ရရာ၏၊ အစဉ်သဖြင့် မရသော တောရကျောင်း၌ မနေရာ ဟူသတည်း။ ဤဂါထာဖြင့် ပစ္စယသန္ဒိဿိတသီလကို ပြ၏။

၁၁။ ရဟန်းဟူသည် စျာန်၌ မွေ့လျော်ရာ၏၊ လောကီစျာန် လောကုတ္တရာ စျာန်တို့ကို ရအောင် အားထုတ်ရာ၏၊ စကားပြောမှု၌ မွေ့လျော်ခြင်း, လက်မှု

http://www.dhammadownload.com

နာ အာဿာ၊ မဖြစ်ရာ။ ကုက္ကုစ္စာ၊ စက်ဆုပ်အပ်သော ကိုယ်အမှုအရာ စိတ်အမှုအရာမှာ။ ဝိရမေ၊ ရှောင်ကြဉ်ရာ၏။ နပုမဇ္ဇေယျ၊ သမထဝိပဿနာတို့၌ မမွေ့မလျော့ရာ။ အဓ၊ ထို့မှတပါး။ အပ္ပသဒ္ဒေသု၊ တိတ်ဆိတ်သော အသံရှိကုန်သော။ အာသနေသု၊ ထိုင်နေရာ ညောင်စောင်း အင်းပျဉ့်အစရှိသော အရပ်တို့၌ဌင်း။ သယနေသု၊ အိပ်ရာကျောင်းတို့၌ဌင်း။ ဝိဟာရေယျ၊ နေရာ၏။

၁၂။ ဘိက္ခု၊ ရဟန်းသည်။ နိဒ္ဒံ၊ အိပ်ခြင်းကို။ နာ ဗဟုလီကရေယျ၊ များစွာမပြုရာ။ ဇာဂရိယံ၊ ဘာဝနာနှင့်ယှဉ်လျက် နိုးကြားသည့် အဖြစ်သို့။ ဘဇေယျ၊ ဆည်းကပ်ရာ၏။ အာဘာဗီ၊ ကိလေသာတို့ကို လွန်စွာပြုစေတတ်

စသော အမှုလုပ်ငန်း၌ မွေ့လျော်ခြင်းတို့မှ ကင်းရှင်းရာ၏၊ သပွါယ ဖြစ်သော နေရာ၌ မြဲမြဲနေရာ၏၊ ဟိုရွာကောင်းနိုးနိုး ဟိုကျောင်းကောင်းနိုးနိုးဖြင့် ပြောင်းခါ ပြောင်းခါ လှည့်လည်သွားလာ၍ မနေရာ၊ ခြေထောက်၌ ဇေ့ပါသူ ခြေရှည်သူဟု ဆိုရလောက်အောင် ခရီးများသောသူကို "ပါဒလောလ" ဟု ခေါ်၏၊ ထိုသူကဲ့သို့ မဖြစ်ရာဟု ဆိုလို၏။ ။နေမိ ထိုင်မိရာ အရပ်၌ လက်လှုပ်လှုပ် ခြေလှုပ်လှုပ်ပြု၍ မျောက်ကဲ့သို့ လက်ခြေ မငြိမ်မသက် ကွန်ပျော်လောက်သော လက်အမှုအရာ ခြေအမှုအရာကို စက်ဆုပ်ရှုံ့ရှာအပ်သောကြောင့် ကုက္ကုစ္စ ခေါ်၏၊ ထိုစက်ဆုပ်ဘွယ် ကိုယ်အမှုအရာမှလည်း ရှောင်ရာ၏၊ ပြုကောင်းသည်၌ မပြုကောင်းဟု ထင်မှတ်မှု, မပြုကောင်းသည်၌ ပြုကောင်း၏ဟု ထင်မှတ်မှု, အပြစ်မရှိသည်၌ အပြစ်ရှိ၏ဟု ထင်မှတ်မှု, အပြစ်ရှိသည်၌ အပြစ်မရှိဟု ထင်မှတ်မှုများသည်လည်း စက်ဆုပ်ဘွယ် စိတ်အမှုအရာပင် ဖြစ်၏၊ ကောင်းမှုကုသိုလ်ကို မပြုမိလေခြင်း, မကောင်းမှုကို ပြုမိလေခြင်းဟု နောင်တတဖန် ပူပန်မှုသည်လည်း စိတ်၏ စက်ဆုပ်ဘွယ် အမှုအရာပင် ဖြစ်၏၊ ထိုစိတ်အမှုအရာတို့မှ ရှောင်ကြဉ်ရာ၏၊ သမာဓိရှိရမည် ဆိုလို၏၊ လူသံ တိတ်ဆိတ်သော အိပ်ရာ နေရာ ကျောင်းတို့၌ မွေ့လျော်ရာ၏၊ လူရှင် ပေါများထူထပ်သော နေရာ အရပ်သည် မင်္ဂိုလ်ကို ရယူနိုင်သော အရပ်မဟုတ်ဟု ဆိုလို၏။ (သမာဓိဖြစ်နိုင်လောက်သော နေရာ၌ နေရာ၏။)

၁၃။ အရဟာတ္တဖိုလ်သို့ ရောက်လိုသော ယောဂီရဟန်းသည် နေ့ည၌ တရက်လုံးကို (၆)ပုံ ပုံ၍ တပုံစာ (၄)နာရီမျှ အိပ်သင့်၏၊ ထို (၄)နာရီထက်ပိုလွန်၍ အိပ်လျှင် အအိပ်များသူဟု ဆိုရာ၏၊ တနေ့လုံး စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် အကုသိုလ်တရားတို့ မဝင်အောင် ပိတ်ဆီးလျက် စိတ်ကိုသုတ်သင်ရာ၏၊ ညဉ့်၌ ပဌမယာမ် ပစ္ဆိမယာမ်ပတ်လုံး ထိုနည်းတူ သုတ်သင်ရာ၏။ ။မဇ္ဈိမယာမ်၌

http://www.dhammadownload.com

သော လုံ့လရှိသည်။ အသ၊ ဖြစ်ရာ၏။ တန္ဒိ ံ၊ ပျင်းရိခြင်းကိုငင်း။ မာယံ၊ လှည့်ပတ်ခြင်း အပြစ်ကိုဖုံးလွှမ်းလျှိဝှက်ခြင်းကိုငင်း။ ဟသံ၊ တဟားဟား တသောသော ရယ်မောခြင်းကိုငင်း။ ဒိဋ္ဌိ၊ ကိုယ်ဖြင့် မြူးထူးပျော်ပါးကစား ခြင်း, နှုတ်ဖြင့် မြူးထူး ပျော်ပါးကစားခြင်းကိုငင်း။ သဝိဘူသံ၊ တန်းဆာ ဆင်ခြင်းနှင့်တကွ။ မေထုနံ၊ မေထုန်မှိဝဲခြင်းကိုငင်း။ ငိပွဇဟော၊ ပယ်စွန့် ရာ၏။

၁၃။ ဘိက္ခု၊ ရဟန်းသည်။ အာထဗ္ဗဏ်ပိ၊ အာထဗ္ဗဏဇေဒင်ကျမ်း ထို ကျမ်း၌လာသော အစီအရင်ကိုငင်း။ သုပိနံပိ၊ အိပ်မက်တိတ္ထိုကျမ်း ထိုကျမ်း ၌ လာသော အစီအကိုရှင်ငင်း။ လက္ခဏ်ပိ၊ မဏိသျှတ္တရ စသော လက္ခဏာ ကျမ်း ထိုကျမ်း၌လာသော အစီအရင်ကိုငင်း။အတော၊ ထိုမှတပါး။ နက္ခတ်ပိ၊ နက္ခတ်ကိုဆိုရာ အာကာသသျှတ္တရ ဇောတိသတ္ထကျမ်း ထိုကျမ်း၌ လာသော

ကား လက်ျာနံပါးဖြင့် စောင်းလျက် လက်ခြေတို့ကို ကောင်းစွာ ထားပြီးလျှင် သတိ, သမ္ပဇဉ်ရှိလျက် ထအံ့ဟူသော အမှတ်သညာနှင့်တကွ အိပ်ရာ၏၊ ဤသို့ မစ္ဆိမယာမ်မှတပါး အချိန်ရှိသရွေ့ ကိလေသာတို့မှ ပိတ်ဆို့လျက် စိတ်သုတ်သင် သော ရဟန်းသည် နိုးကြားခြင်းနှင့်ယှဉ်သော (ဇာဂရိယာနုယုတ္တ) ရဟန်း မည်၏၊ ထို ရဟန်းတို့ကဲ့သို့ ကျင့်ရာ၏။

အသွေး အသား ခန်းခြောက်၍ အရိုးအရေမျှ ကြွင်းကျန်သော်လည်း မလျှော့သော လုံ့လရှိသူသည် အာတာပီ မည်၏၊ ထို လုံ့လမျိုးရှိသူသာ အရဟတ္တာဖိုလ်နှင့် ထိုက်တန်၏၊ အရဟတ္တာဖိုလ်ကို ရလိုသူသည် ထို လုံ့လမျိုး ရှိရာ၏။

အပျင်းကြီးခြင်း မာယာများခြင်း ရယ်မြူးပျော်ပါးလိုခြင်း မေထုန်မှိဝဲခြင်း သပိတ် သင်္ကန်း စသည်ကို တန်းဆာဆင်ခြင်းမှ ကင်းရှင်းစေရာ၏ ဟူသတည်း။

၁၃။ အထဗ္ဗ ရသေ့ စီရင်အပ်သော ဗေဒင်ကျမ်းကို အာထဗ္ဗဏကျမ်း ခေါ်သည်၊ ထိုကျမ်း၌ သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်ကြောင်း မကောင်းသော အစီအရင်တို့ကို ပြဆိုထားသည်ဟု ဆို၏၊ ထို အစီအရင်ကိုပြုသော သူတို့သည် ဆားမပါသော ဘောဇဉ်ကို စား၍ နေဇာမြက်အခင်းရှိသော မြေပေါ်၌ အိပ်၍ မန္တန်စုပ်လျက် (၇)ရက်စေ့သောနေ့၌ ကောင်းစွာ စီရင်အပ်သော မြေပေါ်၌ ခုနစ်လှမ်း လှမ်းပြီးလျှင် လက်ကို ဝင့်၍ ဝင့်၍ မန္တန်စုပ်သည်ရှိသော် မိမိတို့လိုသော အစီအရင် ပြီးစီးသော ဟူ၏၊ ရန်သူစစ်သည်တို့ ပိတ်ဆီးဝိုင်းထား

http://www.dhammadownload.com

အစီအရင်ကိုငုင်း။ နော ဝိဒဟော၊ မစီရင် မသင်ကြားရာ။ မာမကော၊ငါဘုရား ကို မြတ်နိုးကြည်ညို ရှိသေသော ရဟန်းသည်။ ဝိရူဒ္ဓ၊ အထူးထူးသော သားငှက်တို့၏ မြည်တွန်သံကိုပြုရာ (မိဂဝါက္ကာ)ကျမ်း ထိုကျမ်းဌီလာသော အစီအရင်ကိုငုင်း။ (ရဟတော သဒ္ဒါယတောတိ ရူတော ရူဒေါတိပိ တကာရဿ ဒကာရံ ကတ္တာ ပိဝိမံ ရူဒံ အာဒိသန္တိ ဧတ္တာတိ ဝိရူဒံ) ဂဗ္ဘကရဏံ၊ နှစ်ပါးသော အကြောင်းကြောင့် ကိုယ်ဝန်ပျက်သောမိန်းမကို ကိုယ်ဝန်တည်အောင် ပြုခြင်းကိုငုင်း။ တိကိစ္ဆံ၊ ဆေးကုခြင်းကိုငုင်း။ နှ သေဝေယျ၊ မမှီဝဲရာ။

ရာအခါ၌ ဖြစ်စေ, ရင်ဆိုင်တိုက်ခိုက်ရာ အခါ၌ ဖြစ်စေ, ၎င်းအာထဗ္ဗဏ အစီအရင်ဖြင့် တဘက်စစ်သည်တို့၌ ကိုယ်တုန်လှုပ်ခြင်း ကိုက်ခဲခြင်း ကျင်နာခြင်း ဖျားနာခြင်း ကိုယ်ရောင်ခြင်း သွေးအန်ခြင်း စသည်တို့ကို ဖြစ်စေနိုင်သော ဟု၏။

ယခုကာလ အင်းမြုပ်၍ ပုဏ္ဏကတိုက်ခြင်းမျိုးကို ဆိုလိုဟန်တူ၏၊ ရဟန်းဟူသည် ထိုအာထဗ္ဗဏ ဗေဒင်ကျမ်းကို မသင်ကြားရ၊ ထိုကျမ်း အစီအရင်ကို ပြုလုပ်မပေးရ၊ ထိုနည်းတူ အိပ်မက်တိတ္ထုံကျမ်း လက္ခဏဗေဒင်ကျမ်း ဇောတိသတ္ထစသော နက္ခတ်ကျမ်းတို့ကိုလည်း မသင်ကြားရ၊ ဗေဒင်မဟောရ၊ အခါပေးဆရာ မလုပ်ရ၊ "ကျီးညိုသံသာ မြည်သောခါ သေချာမှတ်ကွဲ့ ဟောမည်တဲ့" စသည်ဖြင့် ဆိုသော ဝါယသ ဝိဇ္ဇာကျမ်း သားကောင်တို့၏ မြည်သံတွန်သံကို နိမိတ်ဘတ်၍ ဟောပြောရာ မိဂဝါက္ကာကျမ်း(မိဂစက္ကဟု မူအချို့ရှိ၏) ကိုလည်း သင်ကြားခြင်း ဟောပြောခြင်း မပြုရ။

ပိုးကိုက်၍ဖြစ်စေ, လေနှိပ်စက်၍ ဖြစ်စေ, ဤနှစ်ပါးသော အကြောင်းကြောင့် ကိုယ်ဝန်မတည်နိုင်သော မိန်းမများအား ပိုးလေတို့ကို ကုစားခြင်း အားဖြင့် ကိုယ်ဝန်တည်အောင်ဆေးမပေးရ၊ ကံကြောင့် ကိုယ်ဝန်မတည်ရာ၌ ဘုရားသော်မှ မကုစားနိုင်ခြင်းကြောင့် ဤ၌မယူအပ်၊ မျက်စိနာ တိမ်သလာကို ကုစားခြင်း(သလာကိယ တိကိစ္ဆာ) စူးဝင်သောငြောင့်ကို ထုတ်အောင် ကုစားခြင်း (သလ္လကတ္တိယ တိကိစ္ဆာ) အရင်းခံဖြစ်သောမူလအနာ နောက်ဆက်ဖြစ်သော အနုဗန္ဓအနာတို့တွင် ကိုယ်နှင့်တူသော မူလအနာကို ကုစားခြင်း (ကာယတိကိစ္ဆာ)ဘုတ်ထုတ်ခြင်း ဘုတ်သွင်းခြင်းစသော စုန်းပယောဂကိုကုစားခြင်း (ဘူတိယ တိကိစ္ဆာ) သူငယ်ကြီးပျိုးအောင် မွေးမြူမှုကို ပြီးစေတတ်သော ဆေးပေးမှု(ကောမာရ ဘစ္စ တိကိစ္ဆာ) ဤဆေးကုခြင်း ငါးမျိုးကိုလည်း မပြုအပ်၊ အခြားမည်သည့်ဆေးကုမှုကိုမျှ မပြုအပ် ဟူသတည်း။

http://www.dhammadownload.com

၁၄။ ဘိက္ခု၊ ရဟန်းသည်။ နိန္ဒာယ၊ တပါးသောသူတို့၏ ကဲ့ရဲ့ခြင်းကြောင့်။ နပ္ပဝေဓေယျ၊ မတုန်လှုပ်ရာ။ပသံသိတော၊ တပါးသောသူတို့သည် ချီးကျူးမြောက်စားအပ်သည်။ ဟုတ္တ၊ ဖြစ်၍။ (ထည့်)န ဥန္နမေယျ၊ မာန် ထောင်လွှားခြင်း မမောက်မကြွားရာ။ မစ္ဆရိယေန၊ မိမိဥစ္စာကိုဝန်တိုခြင်းနှင့်။ သဟ၊ တကွ(တပေါင်းတည်း)။ လောဘံ စ၊ လိုချင် တပ်မက်ခြင်းကိုငင်း။ ကောဓံ စ၊ အမျက်ထွက်ခြင်းကိုငင်း။ ပေသုဏိယံ စ၊ ဂုံးတိုက်ခြင်းကိုငင်း။ ပနုဒေယျ၊ ပယ်ဖျောက်ရာ၏။

၁၅။ ဘိက္ခု၊ ရဟန်းသည်။ ကယဝိက္ကယေ၊ သီတင်းသုံးဘော်တို့နှင့် သင်္ဃန်းသပိတ် ပရိက္ခရာတို့ကိုလဲလှယ်ခြင်းအမှု၌။န တိဋ္ဌေယျ၊ အမြတ်အစွန်း

၁၄။ ရဟန်းဟူသည် အမျိုးဇာတ်ကို အကြောင်းပြု၍ သူတပါးတို့ ကဲ့ရဲ့ခြင်းကြောင့် တုန်လှုပ်မှုမရှိရာ၊ ထိုနည်းတူ ကိုယ်အဆင်းကို အကြောင်းပြု၍ ငင်း အသုံးအဆောင်ပရိက္ခရာကို အကြောင်းပြု၍ငင်း ပရိယတ်အတတ်ပညာကို အကြောင်းပြု၍ငင်း အသက်မွေးမှုကို အကြောင်းပြု၍ငင်း တပါးသောသူတို့ ကဲ့ရဲ့သော်လည်း ဘောက်ပြန်တုန်လှုပ်မှု မရှိရာ၊ ပဋိပတ်ကိုစွဲ၍ ကဲ့ရဲ့ခြင်းမျိုးကို မူကား လွတ်အောင်ရှောင်ရှားရာ၏၊ ဆိုခဲ့ပြီးသော အမျိုးဇာတ်စသည်ကို အကြောင်းပြု၍ ချီးမွမ်းပြန်သော်လည်း ဘဝင်မြောက်၍ မော်မောက်ကြွားလွှားခြင်းကို မပြုရာ၊ ပဋိပတ်အကျင့်ဂုဏ်ကို စွဲ၍သော်လည်း မော်မောက်ကြွားလွှားခြင်း မာန်မာနကို မပြုရာ၊ ပစ္စည်းပရိက္ခရာ အရာရာတို့၌ လိုချင်မှု လောဘမကြီးရာ၊ အမျိုးဒါယကာ၌ ဝန်တိုခြင်း, နေရာကျောင်း၌ ဝန်တိုခြင်း, လာဘ်ရမှု၌ ဝန်တိုခြင်း, အဆင်းဂုဏ်သတင်း၌ ဝန်တိုခြင်း, ပရိယတ်၌ ဝန်တိုခြင်း အလျှင်းမရှိရာ၊ အမျက်ထွက်ခြင်း, ဂုံးတိုက်ခြင်း အမှုတို့ကိုလည်း ကင်းအောင်ရှောင်ရှားရာ၏။

၁၅။ ရဟန်းတို့အား စျေးဝယ်ခြင်း စျေးရောင်းခြင်းအမှုကို ကယဝိက္ကယ သိက္ခာပုဒ်ဖြင့် ဝိနည်း၌ တားမြစ်ပြီးဖြစ်၍ငင်း ရောင်းမှုဝယ်မှုကို ဤ၌ ဟော တော်မူလိုရင်းမဟုတ်၊ စင်စစ်ကား သပိတ်သင်္ဃန်းအစရှိသော ပရိက္ခရာတို့ကို ရဟန်း ကျား မ သာမဏေ ကျား မ သိက္ခမာန်ဟူသော သီတင်းသုံးဘော်တို့နှင့်တကွ လှည့်ပတ်ဖြားယောင်း၍ ဖြစ်စေ၊ အမြတ်ရလို၍ ဖြစ်စေ၊ လဲလှယ်ခြင်းအမှုကို မပြုရာဟု ဤသုတ်၌ တားမြစ်တော်မူသည်၊ မိမိအား တပါးသူတို့ စွပ်စွဲနိုင်လောက်အောင် ကိလေသာ (၃) မျိုးကို မပြုမိအောင် ရှောင်ကြဉ်ရာ၏၊ ကိလေသာ (၃) မျိုးကား—

http://www.dhammadownload.com

ကိ မြော်လင့်၍ ရပ်တည်အားထုတ်၍မနေရာ။ကုဟိဋ္ဌိ၊တစုံတခုသောအမှု၌။ ဥပဝါဒံ၊မိမိအား တပါးသောသူတို့က စွပ်စွဲကြောင်းဖြစ်သော ရုန့်ရင်းသော

၁။ (သြဋ္ဌာရိက) ကြမ်းတမ်းရုန့်ရင်းသော ကမ္မပထကိလေသာ (ဒုစရိုက် (၃) ပါးကို ဆိုလို၏)။

၂။ (မဇ္ဈိမ) အလတ်စား ဝဋ္ဌမူလက ကိလေသာ (ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိသဝိတက်ကို ဆိုလို၏)။

၃။ (သုခုမ) သိမ်မွေ့သော ဝဋ္ဌမူလကကိလေသာ (ဉာတိဝိတက် ဇနပဒဝိတက်, အမရဝိတက်, ပရာနုဒ္ဒယတာပဋိသညုတ္တဝိတက်, လာဘာဒိပဋိသညုတ္တဝိတက်,အနဝညတ္တိ ပဋိသညုတ္တဝိတက်အဘိုးဖြင့် ဝိတက် (၆)ပါးကို ဆိုလို၏)။

ထိုတွင် သြဋ္ဌာရိက မဇ္ဈိမ ကိလေသာတို့ကား ထင်ရှား၏၊သုခုမ ကိလေသာ အရ ဉာတိဝိတက်ဟူသည်ကား အဆွေအမျိုးတို့၏ တိုးတက်ကြီးပွါးရေးနှင့် စပ်၍ သာယာလျက် ကြံစည်မှုပင်တည်း၊ဇနပဒဝိတက် ဟူသည်ကား ဤမြန်မာ ပြည်သည် သာယာဝပြော၏၊ ကောက်စပါးပေါ၏၊ အဘိုးတန် ရတနာများ ထွက်ရာတိုင်းပြည်ဖြစ်၏စသည်ဖြင့် တိုင်းပြည်မြို့ရွာနှင့်စပ်၍ သာယာဝမ်းမြောက်လျက် ကြံစည်မှုမျိုးပင်တည်း။

အမရဝိတက်ဟူသည်ကား ဆောင့်ကြောင့်ထိုင်ခြင်းအကျင့် ဆူး၌အိပ်ခြင်း အကျင့်စသည်တို့သည် ဒုက္ခကို ကုန်ဆုံးစေနိုင်၏။ တမလွန်ဘဝ၌ ဧကန္တသုခကို ရစေ၏၊ သေခြင်းကင်းစေ၏ဟု ယုံကြည်လျက် ထိုအကျင့်ကို ကျင့်သော ပုဂ္ဂိုလ် (တိတ္ထိယ)၏ အကျင့်နှင့်စပ်သော အကြံသည် မသေရန်ကြံသောကြောင့် အမရဝိတက်မည်၏၊ (အမရာဝိက္ခေပ ဒိဋ္ဌိနှင့်စပ်သော အကြံကိုလည်း အမရဝိတက်ဟု မဟာနိဒ္ဒေသ အဋ္ဌကထာ၌ ပြဆိုသေး၏)။

ပရာနုဒ္ဒယတာ ပဋိသညုတ္တ ဝိတက်ဟူသည်ကား မေတ္တာကရုဏာနှင့် အသွင်တူသည်ဖြစ်၍ မေတ္တာယောင် ကရုဏာယောင် ဆောင်လျက်(ဂေဟသိတပေမ) ခေါ်သော ကာမဂုဏ်ကို မှီသည့် မြတ်နိုးမှုနှင့် စပ်သွယ်၍ ကြံစည်မှုပင်တည်း၊ ကျောင်းဒါယကာ ဆွမ်းဒါယကာ ဖြစ်သော မိမိဒါယကာတို့အား နှစ်သက်ဝမ်းမြောက်ဘွယ်ကိစ္စနှင့်ကြုံလျှင်ဘုန်းကြီးလုပ်သူကနှစ်ဆတက်နှစ်သက်ဝမ်းမြောက်၏၊ ပူပန်စိုးရိမ်ဘွယ်နှင့် ကြုံပြန်လျှင်လည်း ဘုန်းကြီးကနှစ်ဆတက်၍ ပူပန်စိုးရိမ်၏၊ ဒါယကာတို့ ချမ်းသာသုခ ရရာ၌ငှင်း ဆင်းရဲဒုက္ခရရာ၌ငှင်း ဘုန်းကြီးက ပိုမိုလွန်ကဲ၍ ချမ်းသာဆင်းရဲဖြစ်၏၊ဒါယကာတို့၏ ပြုဘွယ်ကိစ္စ လုပ်ငန်းဆိုင်ရာ

http://www.dhammadownload.com

ကိလေသာ,အလည်အလတ်ဖြစ်သော ကိလေသာ,သိမ်မွေ့သော ကိလေသာကို။နှ ကရေယျ၊ မပြုရာ။ဂါမေ စ၊ ရွာ၌လည်း။ နာဘိသင်္ခေယျ၊ လူတို့နှင့် တို့၌ ဘုန်းကြီးပါဝင်လျက်ရှိ၏၊ထိုသို့ ပါဝင်ရာ၌ အပ်စပ် မအပ်စပ်မှုကို မစဉ်းစား တော့ဘဲ ပညတ်တော်ကို ကျူးကျော်တတ်၏၊သလွေခ အကျင့်သည် ဘုန်းကြီးနှင့် ဝေးကွာလျက်နေ၏၊ ဤအမှုများကား မေတ္တာ ကရုဏာ မုဒိတာ အယောင် ဆောင်သော တဏှာပေမ၏ အမှုမျိုးသာတည်း၊ ကာမဂုဏ်ကိုမှီသော တဏှာနှင့် စပ်သွယ်သည့် ကြံစည်မှုဟု ဆိုလို၏။

လာဘာဒိပဋိသညုတ္တဝိတက် ဟူသည်ကား ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါးကို ရချင်မှု တပည့်ဒါယကာတို့က မိမိအား ပေးလှူရာ၌ မွန်မွန်မြတ်မြတ်ပြု၍ ပေးလှူစေချင်မှု ကျော်စောသတင်း တံဆိပ်ရ ဆရာတော် ဖြစ်ချင်မှုတို့ကို အာရုံပြုလျက် တွေးကြံစိတ်ကူးနေခြင်းပင်တည်း။

အနဝညတ္တိပဋိသံယုတ္တဝိတက်ဟူသည်ကား ဤသည့် နေပုံ ထိုင်ပုံ, ဤသည့် သွားပုံ လာပုံ, ဤသည့် စားပုံ သောက်ပုံ, ဤသည့် ဝတ်ပုံ ရုံပုံ, ဤသည့် ပြောပုံ ဆိုပုံများကို ပြုလုပ်ပြင်ဆင်၍ ထားရလျှင် ငါ့အား ဒါယကာတို့က အထင်ကြီးလိမ့်မည်၊ အောက်တန်းစား အညံ့စား ဘုန်းကြီးအနေဖြင့် မမှတ်ထင်ကုန်လိမ့်လတ္တံ့ ဟူ၍ မိမိအား အထင်အမြင်ကြီးခြင်းကို တောင့်တလျက် ဂေဟသိတပေမနှင့် တကွ ကြံစည်စိတ်ကူးမှုပင်တည်း။

ဤစိတ်ကူးမှု (၆) ပါးကို ဝဋ္ဋမူလက သုခုမကိလေသာ ခေါ်၏၊ ဤသို့လျှင် ကမ္မပထမြောက်သော ဒုစရိုက်ကိလေသာနှင့် ဝိတက်မျိုးစုံဟူသော ကိလေသာတို့သည် တပါးသူတို့၏ ကဲ့ရဲ့စဉ်စေ့ကြောင်း ဖြစ်ကုန်၏။ သူတပါး၏ စိတ်အကြံကို သိသော တန်ခိုးရှင် သမဏဗြာဟ္မဏတို့သည် လောက၌ ရှိကုန်၏။ ထိုသမဏဗြာဟ္မဏတို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းမှ လွတ်အောင် ကိလေသာ (၃) မျိုးကို မဖြစ်စေဘဲ ရှောင်ကြဉ်ရာ၏ဟု ဆိုလို၏။

ရွာ၌ မကပ်ငြိရာ ဟူသည်ကား ရဟန်းသည် ရွာနေသူလူတို့နှင့် ဝမ်းသာစရာရှိလျှင် အတူတကွ ဝမ်းသာ၍ ဝမ်းနဲစရာရှိလျှင်လည်း အတူတကွ ဝမ်းနဲ၍ ချမ်းသာမှု ဆင်းရဲမှုတို့၌လည်း အတူတကွ ချမ်းသာဆင်းရဲကို အမျှခံယူ၍ နှီးနှောရောယှက် ပေါင်းဘက်နေထိုင်ခြင်းကို မပြုရာဟု ဆိုလို၏။ ထိုမှတပါး ရွာတွင်းသို့ ဆွမ်းခံဝင်သော ရဟန်းသည် မစောင့်စည်း မပိတ်ဆို့သော ဣန္ဒြေရှိသည်ဖြစ်၍ မြင်အပ်တိုင်း, ကြားအပ်တိုင်း, တွေ့ရောက်အပ်တိုင်းသော အာရုံ

http://www.dhammadownload.com

ရောနှောသည်၏ အစုမ်းအားဖြင့် မကပ်ငြိရာ။ လာဘကမျှ၊ လာဘ်ကို အလိုရှိခြင်းကြောင့်။ ဇနံ၊ လူကို။ နှ လပယေယျ၊ မြောက်ကာ နှိမ့်ကာ မပြောကြားရာ။

တို့၌ အဘိဇ္ဈာ ဒေါမနဿ ဖြစ်လျှင် ရှာ၌ကပ်ငြိသည်မည်၏။ ထိုသို့မဟုတ် ဤနွေ့တို့ကို စောင့်ထိန်းသဖြင့် အာရုံတိုင်း၌ အဘိဇ္ဈာ ဒေါမနဿ မဖြစ်လျှင် ရှာ၌ မကပ်ငြိသည် မည်၏။

လာဘ်ကို အလိုရှိ၍ ဒါယကာတို့ကို မြောက်ကာ နှိမ့်ကာ မပြောကြားရာ ဟူသည်ကား လာဘ်ကို လိုချင်သော ရဟန်းသည် မိမိကို နှိမ့်ချ ဒါယကာကို မြောက်၍ဂုဏ်း၊ မိမိကို မြှင့်မြောက် ဒါယကာကို နှိမ့်ချ၍ဂုဏ်း၊ ဤနှစ်ပါးသော အကြောင်းတို့ဖြင့် လူတို့ကို ပြောဟောတတ်၏။

ပုံကား——ဘုန်းကြီးမှာ သည်အိမ်က တကာကြီး တကာမကြီးတို့ကို မှီ၍ ပစ္စည်းလေးပါး မပါးရှားဘဲ ချမ်းသာစွာ နေရပေသည်။ တပါးတခြားသော သူတို့သည်လည်း ဤသည့်တကာကြီး တကာမကြီးများ မျက်နှာကြောင့် လှူမှု ဒါန်းမှုတို့၌ ဘုန်းကြီးကို မမေ့ကြကုန်၊ ဘုန်းကြီးမှာ အမိအဘ ဆရာသမား များက ပေးလိုက်သော အမည်ရင်းပင်လျှင် ပျောက်ကွယ်လုမတတ် ဖြစ်နေပါပြီ၊ ဤသည့် တကာကြီး တကာမကြီးတို့ကို စဲ၍ ဦးဖို့ ဘုန်းကြီး ဦးမဲ ဘုန်းကြီးဟူ ယခုအခါ ခေါ်ဝေါ်ကြပါတော့သည်၊ ဤသို့စသည်ဖြင့် မိမိကိုနှိမ့်ချ ဒါယကာကို မြောက်၍ ပြောဟော၏။

ဘုန်းကြီးသည် ဤတကာကြီး တကာမကြီးများ အပေါ်၌ ကရုဏာအား ကြီး၍ စောင့်ရှောက်ခဲ့ရသည်၊ သူတို့သည် ဘုန်းကြီးကိုအမှီပြု၍ သရဏကုံယူခြင်း သီလဆောက်တည်ခြင်းဖြင့် သုဂတိသွားလမ်း ဖြောင့်တန်းလျက် ရှိကြသည်၊ ဘုန်းကြီးက ဘာသာရေး ဆိုင်ရာတို့ကို လိမ္မာကျွမ်းကျင်အောင် အစဉ်မပြတ် ဟောပြ သင်ကြား၍ နားလည်စေခဲ့ရသည်၊ သူတို့၏ အမှုကိစ္စ နဝကမ္မများသည် ဘုန်းကြီးက ကူညီ ညွှန်ကြားသဖြင့် အစစ ပြီးဆုံး အောင်မြင်သည် ချည်းသာ ဖြစ်၏။ သို့ဖြစ်ပါလျက် ယခုတော့ ဘုန်းကြီးကို မေ့နေကြဟန်တူသည်၊ တပါး တခြားသော နောက်ပေါ် ရှေ့ကြောပင် ဘုန်းကြီးတပါးကိုသာ သူတို့ ကိုးကွယ် နေတော့သည်၊ ဤသို့ စသည်ဖြင့် မိမိကိုမြောက် ဒါယကာကို နှိမ့်ချ၍ ပြော ဟောတတ်၏။

ဤသည့် ပြောပုံ ဟောပုံနည်းဖြင့် လာဘ်ရအောင် ဟောပြောမှုကို မပြုရာ ဟူသတည်း။

http://www.dhammadownload.com

၁၆။ ဘိက္ခု၊ ရဟန်းသည်။ ကတ္ထိတာ စ၊ မိမိ၏ ဂုဏ်ကျေးဇူးကို မိမိ ကိုယ်တိုင် ချီးကျူးတတ်သည်လည်း။ န သိယာ၊ မဖြစ်ရာ။ ပယုတ္တံ၊ ပစ္စည်း လေးပါးနှင့် စပ်ယှဉ်သော။ ဝါ၊ ပစ္စည်းလေးပါးအကျိုးငှါ အားထုတ်အပ် သော။ ဝါစံ စ၊ စကားကိုလည်း။န ဘာသေယျ၊မပြောမဆိုရာ။ ပါဂဗ္ဘိယံ စ၊

၁၆။ ငါကား သီလနှင့် ပြည့်စုံသူတည်း၊ ဓုတင်အကျင့်ကို ဆောက်တည် ကျင့်သုံးသူတည်း၊ ကောင်းသော အမျိုးဇာတ် ရှိသူတည်း၊ အဆင်း အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသူတည်း၊ ပေါများသော ပရိက္ခရာ ဘဏ္ဍာရှိသူတည်း၊ အသက်မွေးဝမ်းကြောင်း ကောင်းသော အတတ်ပညာရှိသူတည်း၊ မြင့်မြတ် ကြွယ်ဝသော အမျိုးမှ ထွက်၍ ရဟန်းပြုသူတည်း၊ ပရိယတ်ကျမ်းဂန် တတ် မြောက်သူတည်း၊ စျာန် အဘိညာဉ်ရသူတည်းဟု မိမိကိုယ်ကို မိမိချီးကျူးခြင်း ဂုဏ်ဖော်ခြင်း ကြွားဝါခြင်းကိုမပြုရာ၊ အဆွေမတော်သူ မပင့်ဖိတ်သူတို့ အထံ၌ ပစ္စည်းလေးပါးကို နှုတ်မြွက်၍ မတောင်းရာ၊ လှူချင်လာအောင် သွယ်ဝိုက်၍ လည်းမပြောရာ၊ ပစ္စည်းလာဘ်ကိုငဲ့၍ တရားမဟောရာ၊ ကိုယ်၌ ထင်ရှားသော မာန်တက်ခက်ထန်မှု နှုတ်၌ ထင်ရှားသော မာန်တက် ခက်ထန်မှု စိတ်၌ထင်ရှား သော မာန်တက်ခက်ထန်မှုကို မပြုရာ။

ကိုယ်၌ ထင်ရှားသော မာန်တက်ခက်ထန်မှုဟူသည်ကား သံဃာအလည် ဂိုဏ်းဂဏအလည်သို့ ရောက်သောအခါ ထေရ်ကြီးတို့ကို တိုးဝှေထိခိုက်၍ တည် နေခြင်း ရှေးရှုတူရွှအရပ်၌ မြင့်ရာအရပ်၌ ရပ်ခြင်း ထိုင်ခြင်း ဦးခေါင်းခြုံလျက် နေခြင်း စသော မရိုမသေပြုမှုများပင်တည်း။

နှုတ်၌ ထင်ရှားသောမာန်တက်ခက်ထန်မှု ဟူသည်ကား သံဃအလည် ဂိုဏ်း အလည် စသည်တို့၌ ရောက်ရာအခါ မထေရ်ကြီးတို့ကို မပန်ကြားဘဲ တရား ဟောခြင်း,မည်သူမှ မတိုက်တွန်းဘဲ တရားဟောခြင်း, လူတတ်လုပ်၍ ပြဿနာ ဖြေဆိုခြင်း, ပါတိမောက်ပြခြင်း,ရပ်လျက်ၜင်း လက်မောင်း လက်ရုံးတန်းလျက် ၜင်း စကားပြောခြင်း ရွာတွင်းသို့ ဝင်ရာအခါ အိုဒါယိကာမ ဘာများစားစရာ ရှိသလဲ ယာဂု ခဲဘူယ် စသည်ရှိသလော ငါတို့ဘာစားရမလဲ ဘာများ ပေးလှူကြ မလဲ စသည်ဖြင့် နှုတ်ကို အနှိပ်အကွပ်မရှိဘဲ ဖွဲ့လာကြသော စကားကို ပြော ဆိုခြင်းများပင်တည်း။

စိတ်၌ဖြစ်သော မာန်တက်ခက်ထန်မှု ဟူသည်ကား အမျိုးမြတ်သူမဟုတ်ဘဲ လျက် မိမိကိုယ်ကို အမျိုးမြတ်သူ ရဟန်းတို့နှင့် တန်းတူပြု၍ ထင်မှတ်ခြင်း သုတ္တန်ဆောင်မဟုတ်ဘဲလျက် သုတ္တန်ဆောင်ရဟန်းတို့နှင့် တန်းတူပြု၍ ထင်မှတ်

http://www.dhammadownload.com

ကိုယ် နှုတ် စိတ်အားဖြင့် မာန်တက်ခက်ထန်သည်၏ အဖြစ်ကိုလည်း။ နသိက္ခေယျ၊ မကျင့်ရာ။ ဝိဂ္ဂါဟိကံ၊ ဆန့်ကျင်ဘက်အဘို့ကို ယူခြင်းရှိသော။ ကထံ စ၊ စကားကိုလည်း။ န ကထယေယျ၊ မပြောမဆိုရာ။

၁၇။ ဘိက္ခု၊ ရဟန်းသည်။ သမ္မာဇာနော၊ ကောင်းစွာအပြားအားဖြင့် သိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ မောသဝဇ္ဇေ၊ ချွတ်ယွင်းဘောက်ပြန် မမှန်သော

ခြင်း, အဘိဓမ္မာဆောင် ဝိနည်းဆောင် မဟုတ်ဘဲလျက် အာဘိဓမ္မာဆောင် ဝိနည်းဆောင် ရဟန်းတို့နှင့် တန်းတူပြု၍ ထင်မှတ်ခြင်း, ဓုတင်ဆောင် ပဋိပတ် ရဟန်းမဟုတ်ဘဲလျက် ဓုတင်ဆောင် ပဋိပတ်ဘဲ့ရ ရဟန်းတို့နှင့် တန်းတူထား၍ ထင်မှတ်ခြင်း, ဈာန်အဘိညာဉ်ရသူမဟုတ်ဘဲလျက် ဈာန်အဘိညာဉ်ရသူ ရဟန်းတို့နှင့်တန်းတူပြု၍ ထင်မှတ်ခြင်း စသည်များပင်တည်း။ ဤဆိုအပ်ပြီးသော (ကာယပါဂဇ္ဈယ ဝါစာပါဂဇ္ဈယ စိတ္တပါဂဇ္ဈယ) ကိုယ်၌ ဖြစ်သော မာန်တက်ခက်ထန်မှု နှုတ်၌ဖြစ်သော မာန်တက်ခက်ထန်မှု စိတ်၌ဖြစ်သော မာန်တက်ခက်ထန်မှုတို့ကိုလည်း မပြုမကျင့်ရာ။ ငြင်းခုံခြင်းကိုလည်းမပြုရာ၊အဘယ်ကြောင့် ငြင်းခုံမှုကို မပြုရာသနည်း၊ ငြင်းခုံမှုပြုသူသည် များစွာသောစကားကို ပြောဆို ရတတ်၏။

စကားများစွာပြောဆိုရလျှင် (ဥဒ္ဓစ္စ) စိတ်ပျံ့လွင့်ခြင်း ဖြစ်တတ်၏။ စိတ်ပျံ့လွင့်သူအား (အသံဝရ)ကိုယ်နှုတ်စိတ်တို့ကို စောင့်စည်းမှုမှ ကင်းလွတ် တတ်၏၊ ကိုယ်နှုတ်စိတ်တို့ကို မစောင့်စည်းသူ၏ စိတ်သည် ဘာဝနာ သမာဓိမှ ဝေးကွာတတ်၏၊ သမာဓိမရှိသူ၏ ဝိပဿနာ ပညာသည်လည်း အကျိုးပြီးအောင် မဆောင်နိုင်ရာ၊ ဝိပဿနာဉာဏ်စွမ်း မထက်မြက်လျှင် မဂ်ပညာ ဖိုလ်ပညာ ဟူသော လောကုတ္တရာကျေးဇူးမှ ယုတ်ရာ၏၊ ထို့ကြောင့် မဂ်ဖိုလ် ရနိုင်သော ဥပနိဿယ အကြောင်းကောင်းရှိစေကာမူ ငြင်းခုံမှုဟူသော ပယောဂဝိပတ္တိကြောင့် မဂ်ဖိုလ် လက်လွတ်ဖြစ်တတ်သည်ကို သတိပြုရာ၏ ဟူသတည်း။

၁၇။ ရဟန်းသည် ရယ်ရွှင်မြူးထူးလိုသော သဘောဖြင့်သော်လည်း မမှန်မသားစကားမဆိုရာ၊(အတ္တနော အဝိဇ္ဇမာနဂုဏပကာသနလက္ခဏံ သာဒ္ဒေယျံ) ဟူသည့် မဟာနိဒ္ဒေသ အဋ္ဌကထာနှင့်အညီ မိမိ၌ ထင်ရှားမရှိသည့်ဂုဏ်ကို ရှိလေဟန် မပြုရာ၊ သီလမရှိဘဲလျက် သီလဝန္တပုဂ္ဂိုလ်ကြီး ထင်အောင် ဖြောဆိုပြုလုပ်မှု မရှိရာ၊ ဈာန်မရဘဲလျက် ဈာန်သမာဓိ မိမိမှာရှိလေဟန်, မဂ်ဖိုလ်မရှိဘဲလျက် မဂ်ဖိုလ်ရှိလေဟန်, အပြောအဆို အပြုအမူများကို မပြုလုပ်ရာ။

http://www.dhammadownload.com

စကားတို့ကို။ နနိယေထ၊ မဆောင်ရာ။ သမ္မဇာနော၊ ကောင်းစွာ အပြား အားဖြင့် သိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ (ထည့်) သဋ္ဌာနိ၊ မရိုးမဖြောင့် ကောက်ကျစ်စဉ်းလဲသူတို့၏ အမှုလုပ်ငန်းတို့ကို။ နကယိရာ၊ မပြုရာ။ အထ၊ ထိုမှတပါး။ ဇီဝိတေန၊ အသက်မွေးခြင်းဖြင့်၎င်း။ ပညာယ၊ ဉာဏ်ပညာဖြင့်၎င်း။သီလဇ္ဇတေန၊ သီလအကျင့်ဖြင့်၎င်း။ အညံ၊ တပါးတခြားသောသူကို။ န အတိမညေ၊ မထေမဲ့မြင် မပြုရာ။

၁၈။ ဘိက္ခု၊ ရဟန်းသည်။ ပရေဟိ၊ တပါးသောသူတို့သည်။(ထည့်-၂-ပုဒ်)ရုသိတော၊ ကဲ့ရဲ့စပ်စဲ့ ညှဉ်းဆဲနှိပ်စက်အပ်သည်ဖြစ်၍။သမဏာနံ ၀၊ ပရိဗိုဇ်ရဟန်းတို့၏၎င်း။ပုထုဇနာနံ ၀၊များစွာသော ရှင်လူနတ်တို့၏၎င်း။ ဗဟုံ ၀ါစံ၊ များစွာသော ကဲ့ရဲ့စပ်စဲ့ကြောင်းဖြစ်သည့် မနှစ်သက်ဘွယ်စကား ကို။ သုတ္ဝာ၊ ကြားရ၍။ ဖရုသေန၊ တပါးသောသူကို ပူပန်စေတတ်သည့် ရုန့်ရင်းကြမ်းကြုတ်သောစကားဖြင့်။န ပဋိဝဒွာ၊ အတုံ့ပြန်ကာ မပြောဆိုရာ။ ကသ္မာ၊အဘယ်အကြောင်းကြောင့်။န ပဋိဝဒွာ၊အတုံ့ပြန်ကာ မပြောမဆိုရာ သနည်း။(မေး)ဟိ ယသ္မာ၊အကြင်အကြောင်းကြောင့်။သန္တော၊ကိလေသာ ခပ်သိမ်း ငြိမ်းအေးပြီးသောသူတော်ကောင်းတို့သည်။ ပဋိသေနိ ံ၊ အတုံ့ ဘက်ပြန် ရန်ငြိုးဖွဲ့ခြင်းကို။ န ကရောန္တိ၊ မပြုကြကုန်။ တသ္မာ၊ ထိုသို့

မိမိက ခေါင်းပါးကြမ်းတမ်းသော အသက်မွေးမှုဖြင့် ခြိုးခြံစွာ ကျင့်နေလျှင် မွန်မြတ်သော အသက်မွေးမှုရှိသူကို မထေမဲ့မြင်မပြုရာ၊ (သက်သတ်လွတ် စား သူတို့က သက်သတ်မလွတ်သူတို့ကို အယုတ်တမာ မမှတ်ထင်ရာ) မိမိက ခြိုးခြံမှုမရှိ မွန်မြတ်သော အသက်မွေးမှုကို ပြုသူဖြစ်ပါလျှင် ခြိုးခြံစွာကျင့်သူတို့ကို ရှေးပဉ်း ရှေးကံမပါ၍ ထိုညံ့ဖျင်းသော အစာများကို စားရသည်ဟု မထေမဲ့မြင်မပြုရာ၊ မိမိက ပညာရှိသူဖြစ်လျှင် ပညာမဲ့သူကို မကဲ့ရဲ့ရာ၊ ထိုနည်းတူ မိမိက သီလ အကျင့်ရှိသူဖြစ်လျှင် သီလအကျင့်မရှိသူကို မကဲ့ရဲ့ရာ မထေမဲ့မြင်မပြုရာ ဟူသတည်း။

၁၈။ ရဟန်းဟူသည် တပါးသောသူတို့၏ ကဲ့ရဲ့စပ်စဲ့ ဆဲရေးခြင်းကို တခါခါ၌ ခံရတတ်၏၊ ထိုအခါ ဆဲရေးသူကို အတုံ့ပြန်၍ မဆဲရာ၊ စပ်စဲ့ကဲ့ရဲ့သူကို အတုံ့ ပြန်၍ မစပ်စဲ့ မကဲ့ရဲ့ရာ၊ ရန်ဘက်ပြုသူကို အတုံ့ပြန်၍ ရန်ဘက်မမူရာ၊ ရုန့်ရင်း ကြမ်းကြုတ်သောစကားဖြင့် မချေပဘဲ သိမ်မွေ့နူးညံ့သော စကားဖြင့် ချေပ

http://www.dhammadownload.com

သူတော်ကောင်းတို့ အမှုမဟုတ်သည်၏ အဖြစ်ကြောင့်။ နပဋိဝဇ္ဇာ၊ အတုံ့ပြန်ကာ မပြောမဆိုရာ။ (ဖြေ) (ဤဂါထာ၌ ဒူသိတော-ဟု ဒန္တဇတတိယအက္ခရာနှင့် မူအချိုရှိ၏။ မဟာနိဒ္ဒေသပါဋ္ဌိ၌ ရောသေယျံ့ ဝိရောသေယျံ့ စသည်ဖြင့်ဘွင့်ဆိုခြင်းကြောင့် ရှသ-ဓာတ်၊ ဟိံသတ္ထ တ-ပစ္စည်းဖြင့် ပြီးသောပုဒ်ဟု မှတ်ထင်၏။)

၁၉။ ဘိက္ခု၊ ရဟန်းသည်။ ဧတံ ဓမ္မံ၊ ဤသို့ဟောတော်မူအပ်ပြီးသော ရှောင်ကြဉ်အပ်သောတရား ကျင့်အပ်သောတရားကို။ အညာယ စ၊ သိပြီး၍ဂင်း။ ဝိစိနံ ဝိစိနန္တော စ၊ သဒ်ါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဟူ၍ စူးစမ်းဆင်ခြင်လျက်ဂင်း။ သဒါ၊ အခါခပ်သိမ်း။ သတော၊ ကာယ စိတ္တ ဝေဒနာ ဓမ္မတို့၌ မြဲသော သတိရှိသည်။ဟုတ္ဝာ စ၊ ဖြစ်၍ဂင်း။ သိက္ခေ၊ သီလသိက္ခာ အစစ္ဝာကျင့်၍ သမာဓိသိက္ခာ ပညာသိက္ခာတို့ကို ဆက်ကာ ဆက်ကာ ကျင့်လေရာ၏။ ဂေါတမဿ၊ ဂေါတမ နွယ်ဘွား ရှင်တော်မြတ်ဘုရား၏။ သာသနေ၊ အဆုံးအမ ဩဝါဒထည်း၌။ နိဗ္ဗုတိံ၊ ကိလေသာခန္ဓာတို့၏ ငြိမ်းအေးကြောင်းဖြစ်သော နိဗ္ဗာန် တရားတော်ကို။ သန္တီတိ၊ ငြိမ်းချမ်းသက်သာ စင်စစ်ချမ်းသာသော ပရမသုခဟူ၍။ ဥတ္ဝာ၊

သင့်သောအရာ၌ ချေပရာ၏၊ ထိုအတုံ့ပြန်၍ ဆဲမှု, စွပ်စွဲမှု, ရန်ပြုမှုတို့သည် ကိလေသာငြိမ်းအောင် ကျင့်သူတို့၏ အမှုအရာမဟုတ် ဟူသတည်း။

၁၉။ အရဟတ္တဖိုလ်သို့ရောက်ရန် ရည်မှန်းသော ရဟန်းသည် ဟောပြအပ်ပြီးသော ရှောင်သင့် ရှောင်ထိုက်သော အကုသိုလ်တရား, ဆောင်သင့် ဆောင်ထိုက်သော ကုသိုလ်တရားတို့ကို အလုံးစုံသိပြီးနောက်၌ တေဘူမက သဒ်ါရတရားတို့ကို အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာသို့ တင်လျက် ဝိပဿနာဘာဝနာတို့ကို ဖြစ်ပွါးစေရာ၏၊ အခါခပ်သိမ်း သတ္တိမြဲမြဲဖြင့် (သတိပဋ္ဌာန်အကျင့်ကို ကျင့်သဖြင့်) သီလ, သမာဓိ, ပညာ ဟူသော သိက္ခာ (၃)ပါးကို ပွါးစေ၏၊ မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒထည်းတွင် အမွန်မြတ်ဆုံးဖြစ်သော နိဗ္ဗာန်တည်းဟူသော သန္တိသုခကို မြော်မှန်းလျက် ကိုယ်တိုင်မျက်မှောက်ဉာဏ်ဖြင့် ရောက်နိုင်အောင် အပွမာဒတရားကို လုံ့လကြီးစွာဖြင့် ပွါးစေရာ၏ ဟူသတည်း။

http://www.dhammadownload.com

သိ၍။ နပ္ပမဇ္ဇေ၊ သမထ ဝိပဿနာ ဘာဝနာအကျင့်တို့၌ မမေ့မလျော့ မပေါ့မဆရာ။

၂၀။ ဘဂဝါ၊ သိစေလိုရေးဖြင့် မေးတော်မူသော အသျှင်မြတ်ဘုရား။ ဟိ ယသ္မာ၊ အကြင်အကြောင်းကြောင့်။ သော ဘိက္ခု၊ ထိုသမထဝိပဿနာ ဘာဝနာအကျင့်၌ မမေ့မလျော့ မပေါ့ဆသော ရဟန်းသည်။ အဘိဘူ၊ ရူပသဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့ကို လွှမ်းမိုးနှိပ်နင်းနိုင်သည်။ အနဘိဘူ-တော၊ ရူပ သဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့သည် မလွှမ်းမိုး မနှိပ်စက်အပ်သည်။ ဟုတ္ဘာ၊ ဖြစ်၍။ (ထည့်) အနီတိဟံ၊ ဤတိခေါ်သော မျက်မှောက် အန္တရာယ် တမလွန်အန္တရာယ်ကို အကြိမ်ကြိမ် ပယ်သတ်တတ်သော။ (ဤတိယော ဟနတီတိ ဤတိဟံ၊အနု ဤတိဟံ အနီတိဟံ)ဝါ၊ ဤတိခေါ်သော အကျိုးမဲ့တို့နှင့်တကွဖြစ်တတ်သော တဏှာ စသော ကိလေသာမရှိသော။ (ဤတီဟိ အနတ္တေဟိ သဒ္ဓိံ ဟနန္တိ ဂစ္ဆန္တိ ပဝတ္တန္တီတိ ဤတိဟာ၊ တဏှာဒိ-ဥပက္ကိလေသာ နတ္ထိ ဧတ္ထ ဤတိဟာတိ အနီတိဟံ) ဝါ၊ ဤသို့ဆိုကြသတဲ့။

အဘယ်အကြောင်းကြောင့် လုံ့လကြီးစွာဖြင့် အပွမာဒတရားကို ပွါးစေရာ သနည်းဟု မေးဘွယ်ရှိ၍ ပွါးစေရခြင်း၏အကြောင်းကို ပြတော်မူခြင်းငှါ (အဘိဘူဟိသော) စသောဂါထာကို နောက်ဆုံးပိတ် မိန့်ဆိုတော်မူသတည်း။

၂၀။ သဒ္ဓါတရား အလွန်များကုန်သော နတ်ဗြဟ္မာတို့ကို အရဟတ္တဖိုလ် ရကြောင်း အကျင့်မှန်ကို သိစေလိုသည့်အရေးဖြင့် မေးတော်မူပေသော နိမ္မိတရုပ်ပွါး အို ရှင်တော်မြတ်ဘုရား၊ နောက်ဆုံး နိဂုံးအနေဖြင့် ဖြေဆိုပါတော့မည်၊ လုံ့လကြီးစွာဖြင့် သမထဝိပဿနာတို့၌ မမေ့မလျော့ မပေါ့သော ရဟန်းသည် ရူပါရုံစသော ကာမဂုဏ်တို့နှင့် တွေ့ဆုံရာအခါ တပ်မက်မှုကို ပယ်ခြင်းအားဖြင့် ထို ကာမဂုဏ်တို့ကို မိမိက လွှမ်းမိုးနှိပ်နင်းခြင်းငှါ စွမ်းနိုင်ပါပြီ၊ ကာမဂုဏ်တို့၏ လွှမ်းမိုးနှိပ်စက်ခြင်းကို မခံရပါပြီ၊ ကာမဂုဏ် နှိပ်စက်ခြင်းမှ လွတ်ကင်းသည် ဖြစ်၍ ဘာဝနာအဆင့်ဆင့်အားဖြင့် ကိုယ်တွေ့မျက်မှောက် ရောက်အပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်နိုင်ပါ၏၊ ပစ္စုပ္ပန်ဘဝ တမလွန်ဘဝ၌ ဒုက္ခကိုဖြစ်စေတတ်သော ကိလေသာ အန္တရာယ်တို့ကို အကြိမ်ကြိမ် ထပ်၍ ထပ်၍ သတ်တတ်သော သတ်ကြောင်းဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန် သို့မဟုတ် သံသရာဝဋ္ဌဒုက္ခတည်းဟူသော အကျိုးမဲ့နှင့်တကွ ဖြစ်တတ် (အကျိုးမဲ့ကို တပါတည်းပါအောင် ဆောင်လာတတ်) သော တဏှာစသော ကိလေသာ

http://www.dhammadownload.com

ဟုတ်မှန်ပါအံ့လောဟုဖြစ်တတ်သော ဝိစိကိစ္ဆာမရှိ ကိုယ်တိုင်သိဖြစ်သော။ ("ဣတိ အာဟာ"တိ ဓမ္မေသု အနေကံသဂ္ဂါဟဘာဝတော ဝိစိကိစ္ဆာ ဣတိကွံ နာမ နတ္ထိ ဧတ္ထ ဣတိဟန္တိ အနီတိဟံ၊ ဒီဃံ ကတ္ဒာ အပရပတ္တိယန္တိ အတ္ထော) ဝါ၊ ဆရာစဉ်ဆက် ဆောင်ရွက် မှတ်သားအပ်သော နည်းဥပဒေ ဟူသောယုံကြည်ကြောင်းမရှိသော။ (ဣတိဟ သဒ္ဒေါ ပါရမ္ပရိယောပဒေသေ နိပါတော၊နတ္ထိ ဣတိဟံ ပါရမ္ပရိယောပဒေသော သဒ္ဓေယျဟေတု ဧတ္ထာတိ အနီတိဟံ)သက္ခိဓမ္မံ၊ကိုယ်တိုင်မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရား ကို။ အဒ္ဒသိ၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ကိုယ်တိုင် တွေ့မြင်နိုင်၏။ တသ္မာ ဟိ၊ ထိုအကြောင်းကြောင့်သာလျှင်။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ သာသနေ၊အဆုံးအမသြဝါဒအပေါင်း၌။အပ္ပမတ္တော၊မမေ့မလျော့မပေါ့မဆ ဘဲ။ သဒါ၊ အခါခပ်သိမ်း။ နမဿံ၊သမ္မာပဋိပတ်ကို ကျင့်သည်၏အဖြစ်ဖြင့် ရှိခိုးပူဇော်လျက်။အနုသိက္ခေယျ၊သီလသိက္ခာ အစစ္ဒာကျင့်၍ သမာဓိပညာ နောက်သိက္ခာတို့ကို အစဉ်မပျက် ဆက်ကာဆက်ကာ ကျင့်ဆောင်ရာ၏။

တရားဆိုးတို့ မရှိရာ မဖြစ်ရာဖြစ်သော မဂ်,ဖိုလ်,နိဗ္ဗာန် သို့မဟုတ် မဂ် ဖိုလ် နိဗ္ဗာန် ဆိုသည်ကား ဤသို့ ဤပုံတဲ့ဟု တဆင့်ကြားသောအားဖြင့်ရင်း, ဆရာ စဉ်ဆက် ဆောင်ရွက်မှတ်သားအပ်သော နည်းဥပဒေသအားဖြင့်ရင်း, စာတွေ့ ပေတွေ့အားဖြင့်ရင်း, ကြံစည်စိတ်ကူးချက်အားဖြင့်ရင်း, အသင့်ယုတ္တိနှင့်တကွ မှန်းဆခြင်းအားဖြင့်ရင်း, အကြောင်းတုကို ရှာကြံခြင်းအားဖြင့်ရင်း, ရှုတိုင်း ကြံတိုင်း ခန့်ညားသော အထင်အမြင်အားဖြင့်ရင်း, ယုံကြည်အားရ၍ နေအပ် သည်မဟုတ်သော ကိုယ်တွေ့ ဉာဏ်တွေ့ဖြစ်သော မဂ်,ဖိုလ်,နိဗ္ဗာန်ကို ယုံမှားမှု ကင်းစင်လျက် ကိုယ်တိုင်ပင်လျှင် သက်ဝင်ဆုံးဖြတ် အတတ်မြင်နိုင်၏၊ ထို အကြောင်းကြောင့် ဘုရားရှင်၏ အဆုံးအမ သြဝါဒဖြစ်သော သမထအမှု ဝိပဿနာအမှုတို့၌ မမေ့မလျော့ဘဲ ဓမ္မာနုဓမ္မပဋိပတ်ကို ကျင့်လျက် ဓမ္မပူဇာ အားဖြင့် ဘုရားရှင်ကို ပူဇော်ရာ၏။

သိက္ခာ (၃)ပါး ကျင့်စဉ်တရားတို့ကို ဝိသုဒ္ဓိအစဉ်အားဖြင့် သီလကို အစ, သမာဓိကို အလည်, ပညာကို အဆုံးထား၍ ကျင့်ကြံကြိုးကုတ် အားထုတ်မှီဝဲ ရာ၏ ဟူသတည်း။

http://www.dhammadownload.com

ကွတိ၊ ကျိသို့။ ဝိဿဇ္ဇေသိ၊ အရဟာဝုံ့ပိုလ် အထွဋ်တပ်လျက် အပြီးသတ် ဧဖြဆိုတော်မူပြီ။ ကွတိ၊ ကျိတုင် တုဝဋ္ဋကသုတ် အပြီးတည်း။

စုဒ္ဒသမံ၊ သုတ္တာနိပါတ် အဋ္ဌကဝဂ်တုင် တဆဲ့လေးသုတ်မြောက်ဖြစ်သော။ တုဝဋ္ဋကသုတ်တံ၊ တုဝဋ္ဋက အမည်ထူးရှိသော မဟာသမယသုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

တုဝဋ္ဋကသုတ်နိဿယနှင့် အဓိပ္ပါယ် ပြီး၏။

မဟာသမယသုတ်များ ပါဠိတော် နိဿယနှင့်
အဓိပ္ပါယ်ဖွင့်ကျမ်း ပြီး၏။

http://www.dhammadownload.com

မဟာသမယသုတ်များ

မှတ်သားဖွယ်ရာအကွရာစဉ်

အကွရာစဉ်	စာမျက်နှာ
[အ]	
အံ့သြချီးပှဲစေခြင်းအကြောင်း ၃-ပါး	၁၂၅-၆
အကုက္ကုစ္စရဟန်းအကြောင်း	၁၂၁
အချစ်အမုန်းကင်းကြောင်း အကျင့် ၃ ပါး	၉၉
အချင်းချင်းမညီညွတ်စေသောတရား	၁၀၉
အဇေဂုစ္ဆရဟန်းအကြောင်း	၁၂၇
အဏ္ဍဇ (ဥမှပေါက်သော) နဂါးမျိုးနှင့်ဂဋ္ဌန်မျိုး	၆၆
အတ္တဒဏ္ဍသုတ်ဟောခြင်းအကျိုး	၃၃၊၃၅
အထဗ္ဗဏဗေဒင်ကျမ်းအကြောင်း	၂၂၂
အဓမ္မရာဂအဓိပ္ပါယ်	၁၀၄
အဓိဂမအပိစ္ဆတာဂုဏ်အကြောင်း	၈၇
အဓိဂမသဒ္ဓါအကြောင်း	၁၀၈
အဓိဂမသုတအကြောင်း	၁၀၉
အဓိစိတ္တသိက္ခာဖြည့်ကျင့်ခြင်း အကျိုး	၁၅၁
အဓိပညာသိက္ခာဖြည့်ကျင့်ခြင်း အကျိုး	၁၅၁
အဓိသီလသိက္ခာဖြည့်ကျင့်ခြင်း အကျိုး	၁၅၁
အဓွန့် ၃-ပါးကိုကျော်လွန်သူ	၁၁၄
အဓွန့် ၃-ပါးခွဲပြပုံ	၁၁၃
အနီတိဟ-ပုဒ်အဆုံးအဖြတ်	၂၃၂
အနုဒ္ဓတရဟန်းအကြောင်း	၁၂၂
အပရန္တာနုဒိဋ္ဌိ ၄၄-ပါး (သရုပ်)	၁၀၉
အပိဟာလုရဟန်းအကြောင်း	၁၂၆
အပူခပ်သိမ်းငြိမ်းသောပုဂ္ဂိုလ်	၁၂၀

အကွရာစဉ်	စာမျက်နှာ
[အ]	
အဖွဲ့အထုံး ၄-ပါး	၁၃၃၊၂၀၅
အဗ္ဘဝလာဟကနတ်အကြောင်း	၇၂
အမျက်ဒေါသ ၁၀-ပါး	၁၂၀
အမိုးအဖုံး (ဆဒ) ခေါ်သော တရား ၇-ပါး	၁၁၁
အယူဝါဒလက်ကိုင်ရှိသူတိုင်း ပညာရှိဖြစ်သလော	၁၆၇
အရိယသာဝက-ပုဒ် အဓိပ္ပါယ်	၁၉၂
အဝိကတ္ထီမည်သောသူအကြောင်း	၁၂၁
အသန္တာသီမည်သောသူအကြောင်း	၁၂၁
အသပြာတသိန်းပေး၍ ကြည့်ရသောပုဏ္ဏား	၁၇၄
[အာ-ဣ-ဤ]	
အာကာသကသိုဏ်းအကြောင်း	၁၅၉
အာဂမသုတအကြောင်း	၁၀၉
အာပေါနတ်အကြောင်း	၇၀
အာရုံဝတ္ထုတခုတည်းပင်လျှင် ဣဋ္ဌ-အနိဋ္ဌဖြစ်ပုံ	၁၄၄
အာသဝ ၄-ပါးသရုပ်	၁၀၇
ဣဒ္ဓိမန္တသောတာပန်	၃၇
ဤစကြဝဋ္ဌာဌ်နတ်ဗြဟ္ဟာတို့ဖြင့် ပြည့်ကျပ်နေပုံ	၄၀
[ဥ]	
ဥသြဋ္ဌက်မင်းစံနေပုံ	၃၇
ဥစ္ဆေဒဒိဋ္ဌိနှင့်ဝိဘဝဒိဋ္ဌိတူပုံ	၁၅၃
ဥဏ္ဍဝလာဟကနတ်အကြောင်း	၇၂
ဥဒ္ဓတရဟန်းအကြောင်း	၁၂၂

http://www.dhammadownload.com

အကွဲရာစဉ်		စာမျက်နှာ
	[ဥ-ဩ]	
ဥပခိ ၄-ပါးနှင့်အဓိပ္ပါယ်		၁၁၆
ဥပ္ပါဒနှင့်ဥပ္ပါတပုဒ်ဝိဂ္ဂိဟ်		၉၄
ဥပေက္ခာအင်္ဂါ ၆-ပါး		၁၃၁
ဥစ္ဆေဒဝါဒီတို့၏အယူအဆ		၁၆၁
ဥဿဒတရား ၇-မျိုး		၁၃၂
ဩပပါတိက(ကိုယ်ထင်ရှား ဖြစ်သော)နဂါးမျိုးနှင့်ဂဠုန်မျိုး		၆၆
	[က]	
ကပ္ပမည်သောတရား ၂-ပါး		၁၁၃
ကမ္မလဿတရနဂါးမျိုး		၆၈
ကရဏာနတ်အကြောင်း		၇၀
ကာမဂုဏ်ပုဒ်အဓိပ္ပါယ်နှင့်သရုပ်		၁၄၃
ကိလေသာ ၃-မျိုး		၂၂၅
ကုက္ကုစ္စရဟန်းအကြောင်း		၁၂၁
ကုဏ္ဍာလဇာတ်ကိုဟောတော်မူခြင်း		၃၇
ကုဝေရနတ်မင်းကြီးအစိုးရသော နတ်များ		၆၁
ကုဟနဝတ္ထု ၃-ပါး		၁၂၅
ကောရဝတို့ယပရိဗိုဇ်အကြောင်း		၁၇၄
ကိုယ်၌ထင်ရှားသောမာန်ခက်ထန်မှု		၂၂၈
ကိုယ်ပိုင်ပြုလုပ်ခြင်း ၂-မျိုး		၁၅၆
	[ခ-ဂ-င]	
ချီးမှမ်းပူဇော်ကြတိုင်း မှန်သော ဝါဒမဖြစ်ပုံ		၁၉၈
ချစ်ခင်မှု ၂-မျိုး		၁၃၉
ခွေးအကျင့် ကျင့်သူအကြောင်း		၁၇၄,၁၈၈
ဂဠုန်မချိနိုင်သောနဂါး ၇-မျိုး		၆၇
ဂဠုန် ၄-မျိုး		၆၆
ငြင်းခုံခြင်း၏အပြစ်များ		၁၈၆
ငြင်းခုံခြင်းဖြစ်ပုံနှင့်ကင်းပုံ		၁၈၂-၃
ငြိမ်ဝပ်သောစိတ်ကို လှုပ်ရှားစေသောတရား		၁၀၈

အကွဲရာစဉ်		စာမျက်နှာ
	[စ-ဆ-ဇ]	
စကားများစွာပြောဆိုခြင်း အပြစ်အဆက်ဆက်		၂၂၉
စန္ဒဘမည်သောပုဏ္ဏားအကြောင်း		၁၇၄
စရိုက် ၆-ပါးနှင့် မဟာသမယ ၆-သုတ် တွဲစပ်ပြခြင်း		၈၈
စည်းစိမ်ဥစ္စာပျက်စီးခြင်း အကြောင်း ၆-ပါး		၁၄၉
စိတ်၌ဖြစ်သောမာန်ခက်ထန်မှု		၂၂၈
ဆန္ဒခေါ်သောတဏှာလောဘ ၅ မျိုး		၁၄၃
ဆဋ္ဌဂုံပေက္ခာအကြောင်း		၁၃၁
ဆုံးဖြတ်မှု ၄-မျိုး		၁၄၃
ဇလာဗုဇ(သားအိမ်မှပေါက်သော) နဂါးမျိုးနှင့်ဂဠုန်မျိုး		၆၆
ဇုတိမန္တောပုဒ်အဆုံးအဖြတ်		၅၆
ဇေဂုစ္ဆရဟန်းအကြောင်း		၁၂၇
	[ဈ-ည-တ]	
ဈာန်အဘိညာဉ်ရသူ မှားလျှင် အပြင်ခက်ပုံ		၂၀၃
ညီညွတ်ခြင်းအကျိုးငှါဟောသော ဇာတ် ၂-ခု		၃၃
တဏှာဆန္ဒ၏အကြောင်းများ		၁၄၇
တဏှာဒိဋ္ဌိနှစ်ပါးဖြစ်ပွါးခြင်း အကြောင်း ၆-ပါး		၂၁၁
တဏှာ ၂-မျိုး		၁၄၄
တဏှာ ၄-မျိုးနှင့်အဓိပ္ပါယ်		၁၄၅
တဏှာသည် တဏှာ၏အကြောင်း ဖြစ်ပုံ		၁၄၆
တရားဆိုး ဂ-မျိုး		၁၃၉
တရားဒေသနာ ၄-မျိုး		၉၁
တေဇောနတ်အကြောင်း		၇၀
တင်းတိမ်ရောင့်ရဲခြင်းအကျိုး		၄၉

http://www.dhammadownload.com

အကွရာစဉ်	စာမျက်နှာ
[ထ-ဒ-ဓ]	
ထာဝရအယူဝါဒ	၁၇၂
ထူထပ်ပြည့်ကျပ်ပွါးလာတတ်သော တရား ၇-မျိုး	၁၃၂
ထွန်တုံးစွန်းကဲ့သို့ကောက်ကွေးခြင်း	၄၆
ဒါယကာကိုမြှောက်ပုံနှင့်နှိမ့်ပုံ	၂၂၇
ဒိဋ္ဌမင်္ဂလာကိုယုံကြည်ပုံအမျိုးမျိုး	၉၅
ဒေါသစရိုက်များသူတို့အား လျော်သောသုတ်	၁၃၈
ဓတရဋ္ဌနဂါးမျိုး	၆၈
ဓတရဋ္ဌနတ်မင်းကြီးအစိုးရသော နတ်များ	၅၉
[န]	
နဂါး ၄-မျိုး	၆၆
နား၏လော်လည်မှုကိုစောင့်ထိန်းပုံ	၂၁၉
နွားအကျင့်ကျင့်သူအကြောင်း	၁၈၈
နွား၏ကျင်ငယ်လမ်းကြောင်းကဲ့သို့ ကောက်ကွေးခြင်း	၄၆
နိဗ္ဗာန်ကိုမြင်နိုင်ပုံ	၁၁၆
နိမ္မိတရုပ်ပွားဘုရားရှင်အကြောင်း	၉၂
နတ်ချစ်သော (မဟာသမယ) သုတ်	၈၅
နတ်ဗြဟ္မာတို့၏အမည်အနွယ်ကို ထုတ်၍ဟောရခြင်းအကြောင်း	၅၂
နတ်သမီးလက်တချောင်း အရောင်လင်းပုံ	၈၇
နယ်ခဲ့လောကကြီးအကြောင်း	၁၁၄
နှုတ်၌ထင်ရှားသောမာန်ခက်ထန်မှု	၂၂၈
[ပ]	
ပညာစရိုက်များသူတို့အား လျော်သောသုတ်	၁၁၈
ပတိလီနရဟန်းအကြောင်း	၁၂၄
ပဌမသံဂါယနာတင်ပုံ	၃၁
ပထဝိဋ္ဌက (မြေအောင်း) နဂါးမျိုး	၆၈

အကွရာစဉ်	စာမျက်နှာ
[ပ-ဖ]	
ပထဝီဥန္ဒြိယဇာတ်ဟောခြင်း အကြောင်း	၃၃-၃၅
ပထဝီနတ်အကြောင်း	၇၀
ပပဉ္စပုဒ်ဝိဂြိုဟ်	၂၁၁
ပဗ္ဗတဋ္ဌက (တောင်အောင်း) နဂါးမျိုး	၆၈
ပရိယတ်ကျမ်းဂန်သင်နည်းအမျိုးမျိုး	၁၂၉
ပါဒလောလ (ခြေတောက်ဗွေပါသူ) အကြောင်း	၂၂၁
ပါဝါတိ-ပုဒ်အဆုံးအဖြတ်	၁၇၆
ပုဏ္ဏနှင့်သေနိယတို့ဝတ္ထု	၁၈၈
ပုထုဇန်-ဟူသောဝေါဟာရ၏အနက်	၁၃၅
ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈-ပါး (သရုပ်)	၁၀၉
ပုဗ္ဗမန္တမနိဿိတပုဂ္ဂိုလ်ဟုခေါ်ရပုံ	၁၁၉
ပုရက္ခတွာ-ပုဒ်အဆုံးအဖြတ်	၇၁
ဖန္ဒနဇာတ်ဟောခြင်းအကြောင်း	၃၃-၃၄
ဖဿက ဥပေက္ခာအား ကျေးဇူးပြုပုံ ၈-ပစ္စည်း	၁၅၃
ဖဿတို့၌ကင်းဆိတ်ခြင်းကိုရှုနည်း	၁၂၃-၄
[ဗ-မ]	
ဗာလော မဂေါ-ပုဒ်အဆုံးအဖြတ်	၁၆၆
မိမိအယူမှတပါးသောအယူရှိသူများ လူမိုက်ဖြစ်သလော	၁၆၅
ဗာဟိရကသီလအကြောင်း	၁၈၈
ဗြဟ္မလောက-ပုဒ်အဆုံးအဖြတ်	၇၉
ဗြာဟ္မဏတို့ပယ်သောတရား ၇-ပါး	၁၉၉
ဗြာဟ္မဏဟူသောဝေါဟာရအနက်	၁၃၅
ဗြဟ္မာကြီး ၄-ယောက်ရွတ်ဆိုသော ဂါထာများ၏အဓိပ္ပါယ်	၄၄-၉
မငြင်းခုံခြင်း၏အကျိုးများ	၁၈၇
မန္တဘာဏီမည်သောရဟန်း အကြောင်း	၁၂၂

http://www.dhammadownload.com

အကွရာစဉ်	စာမျက်နှာ
[မ]	
မသာယာမနှစ်သက်အပ်သော အရာ ၄-မျိုး	၁၄၈
မသေမီကြိုတင်၍ဘာကိုလုပ်သင့် သနည်း	၁၈၁
မဟာသမယသုတ်ဟောရခြင်း အကြောင်း	၈၄
မဟာသမုဒ္ဒရာဥပမာ	၂၁၅
မိစ္ဆာဒိဋ္ဌိ ၆၂-ပါးသရုပ်	၁၀၉
မုဥ္ဇိတ္တ-ပုဒ်အဆုံးအဖြတ်	၈၂
မုတမင်္ဂလာယုံကြည်ပုံအမျိုးမျိုး	၉၆
မေတ္တာနတ်အကြောင်း	၇၀
မောဟစရိုက်များသူတို့အား လျော်သောသုတ်	၁၈၄
မင်းသားငါးရာ ဧဟိဘိက္ခုရဟန်း ဖြစ်ခြင်း	၃၅
မင်းမျိုးတို့လယ်ယာလုပ်ကြခြင်း	၃၂
မာန်ကိုးပါးသရုပ်	၁၀၇
မာန်သုံးပါးဖြစ်ပုံ	၁၃၁
မာရ်နတ်၏ခြိမ်းချောက်မှုမှ အကာအကွယ်ရသူများ	၈၁
မျက်စိ ၅-မျိုး	၂၁၇
မျက်စိလော်လည်မှုမှ စောင့်ထိန်းပုံ	၂၁၈
မြတ်စွာဘုရား ပကတိမျက်စိ တော်၏မြင်နိုင်စွမ်း	၂၁၇
မြို့တံခါးကျည်မင်းတုပ်ဥပမာ	၄၉
[ယ-ရ]	
ယထာယိဒံ-ပုဒ်အဆုံးအဖြတ်	၁၀၅
ယောဂီရဟန်းအိပ်ရန် အချိန် သတ်မှတ်ချက်	၂၂၁
ရဟန္တာပုဂ္ဂိုလ်သည် အယူဝါဒကို လျစ်လျူရှုပုံ	၂၀၄
ရဟန္တာပုဂ္ဂိုလ်ကို ဗြာဟ္မဏခေါ်ရပုံ	၁၁၉

အကွရာစဉ်	စာမျက်နှာ
[ရ]	
ရဟန်းတို့အား လျော်သော 'သာရုပ္ပ' အကျင့်အကြောင်း	၁၀၅
ရာဂစရိုက်များသူတို့အား လျော်သောသုတ်	၉၃
ရေလု၍ (သာကီဝင်မင်းမျိုးတို့) ရန်ဖြစ်ကြပုံ	၃၂
ရန်ပွဲစဲစေခြင်းငှါဟောသော ဇာတ် ၃-ခု	၃၃
ရုက္ခဓမ္မဇာတ်ဟောခြင်းအကြောင်း	၃၃၊၃၅
ရုပ်တရားတို့ကျော်လွန်ပျောက်ကွယ် ခြင်း ၄-မျိုး	၁၅၆
ရုပ်တရားကို ဖြစ်ပွါးခြင်းမရှိအောင် ကျင့်ပုံ	၁၅၇-၉
ရုပ်တို့၏ ဖြစ်,ပျက်မှုကိုမှီ၍ တဏှာ ဝိနိစ္ဆယဖြစ်ပုံ	၁၄၈
ရုပ်နာမ်ကို အဘိညာဉ်ဖြင့်ရှုသော် လည်း ဝိပဿနာမဖြစ်ပုံ	၂၀၂
ရွာဌ်မကပ်ငြိရာ-ပုဒ်အဓိပ္ပါယ်	၂၂၆
ရှုတ်ချက့်ရဲ့ ခံရကာမျှဖြင့် ယုတ်ညံ့ သော ဝါဒ မဖြစ်ပုံ	၁၉၈
[လ]	
လဋ္ဌုကိက ဇာတ်ဟောခြင်း အကြောင်း	၃၃၊၃၅
လရေးသဏ္ဌာန်ကဲ့သို့ကောက် ကွေးခြင်း	၄၆
လောက၏အဆုံးအမှန်တရား	၁၇၀
လောကဓံ ၈-ပါးအကြောင်း	၁၀၂-၃
လောကီအဘိညာဉ်ရသူတို့ လွဲမှားတတ်ပုံ	၂၀၀
လောကီ ရုပ် နာမ် ခန္ဓာတို့မှ လွတ်နိုင်သူ	၁၀၀

http://www.dhammadownload.com

အကွာရာစဉ်	စာမျက်နှာ
[သ]	
သစ္စဝဝတ္ထာပနဉာဏ်များအကြောင်း	၁၁၄
သတ္တပဏ္ဏိလိုဏ်ဂူတော်	၃၁
သတ္တဝါတွေဝင်္ဆမှလွတ်မြောက်မည်ကို စိုးရိမ်သူ	ဂ၁
သတ္တသိဒန္တရဝါသီ(သီဒါ ၇-တန်နေ) နဂါးမျိုး	၆ဂ
သန္တီ (ငြိမ်းအေးခြင်း) ၃-မျိုး	၁၉၂
သန္ဓိယေထ-ပုဒ်အဆုံးအဖြတ်	၁၀၂
သတိပဋ္ဌာန်ဘာဝနာ ၄-ပါး	၁၃၁
သဒ္ဓါစရိုက်များသူအား လျော်သောသုတ်	၂၁၀
သမဏ-ပုဒ်အနက်	၁၃၅
သဿတဒိဋ္ဌိနှင့်ဘဝဒိဋ္ဌိတူပုံ	၁၅၃
သဿတဝါဒီပုဂ္ဂိုလ်တို့၏အယူအဆ	၁၆၁
သဟသီလောကဓာတ်တခု၏ပမာဏ	၃၉
သာကီဝင်မင်းမျိုးချင်းဆဲရေးကြပုံ	၃၃
သာယာနှစ်သက်အပ်သော အရာ ၄-မျိုး	၁၄၇
သိက္ခာ ၃-ပါးနှင့် ဝိသုဒ္ဓိ ၇-ပါး တဲ့စပ်ပုံ	၁၅၁
သီတဝလာဟကနတ်အကြောင်း	၇၂
သီတင်းသုံးဖော် ၅-ဦး	၂၂၄
သီဒါသမုဒ္ဒရာဥပမာ	၂၁၅
သီလနှင့်ဝတခဲ့ပြချက်	၁၀၇
သုတမင်္ဂလာယုံကြည်ပုံအမျိုးမျိုး	၉၅
သုဒ္ဓါဝါသဗြဟ္မာကြီး ၄-ယောက် အကြောင်း	၄၁
သိမ်းပိုက်ခြင်း ၂-မျိုး	၁၅၆
သုံးပါးသောစိတ်ကောက်ကွေးခြင်း	၆၄

အကွာရာစဉ်	စာမျက်နှာ
[လ-ဝ]	
လောကီနှင့် လောကုတ္တရာ သရဏာဂုမ် အကျိုးများ	၄၉
ဝဂ္ဂဂတ-ဟုခေါ်အပ်သူများ	၁၀၉
ဝဋ္ဋကဇာတ်ဟောခြင်းအကြောင်း	၃၃၊၃၅
ဝတနှင့်သီလခဲ့ပြချက်	၁၀၇
ဝလာဟကနတ် ၅-မျိုး	၇၂
ဝဿဝလာဟကနတ်အကြောင်း	၇၂
ဝါစာယတရဟန်းအကြောင်း	၇၂
ဝါတဝလာဟကနတ်အကြောင်း	၇၂
ဝါယောနတ်အကြောင်း	၇၀
ဝိစိကိစ္ဆာနှင့်မောဟပျက်ပြုန်းစေရန် လက်နက်ကောင်း	၁၅၁
ဝိတက်(စိတ်ကူး) ၆-မျိုး	၂၂၅
ဝိတက်စရိုက်များသူအား လျော်သောသုတ်	၁၆၄
ဝိမာနဋ္ဌက(ဗိမာန်နေ)နဂါးမျိုး	၆ဂ
ဝိရူပက္ခနတ်မင်းကြီးအစိုးရသော နတ်များ	၆၁
ဝိရူဠ္ဟကနတ်မင်းကြီးအစိုးရသော နတ်များ	၆၀
ဝိဝဋ္ဋ-ပုဒ်အဆုံးအဖြတ်	၁၁၂
ဝိဝေက ၃-ပါး သရုပ်	၂၁၀
ဝိသမလောဘအဓိပ္ပါယ်	၁၀၄
ဝိသုဒ္ဓိ ၇-ပါးနှင့် သိက္ခာ ၃-ပါးပုံတဲ့	၁၅၁
ဝိမံသိပုဂ္ဂိုလ်(မြတ်စွာဘုရား)၏ အယူအဆများ	၁၆၂
ဝေဝဒါတ-ပုဒ်အဆုံးအဖြတ်	၁၆၇
ဝန်တိုခြင်း ၅-ပါး	၁၂၆
[သ]	
သံသေဒဇ(အညှိကိုစဲ့၍ဖြစ်သော) နဂါးမျိုးနှင့်ဂဠုန်မျိုး	၆၆
သစ္စာတို့၏ ပဒ မည်ခြင်းအကြောင်း	၁၁၄